ဤသို့ မေးဖွယ်ရှိသောကြောင့် ထိုအမေးကို ဖြေကြားလိုသော အဋ္ဌကထာဆရာသည် (ခ) ဝါကျမိန့်။

အဓိပ္ပာယ်ကား (ခ) ဝါကျဖြင့် ထိုအသက်သည်ရှိလတ်သော် နာမ်တရား တို့သည် ဖြစ်ကြရကုန်၏။ အသက်မရှိခဲ့သော် နာမ်တရားတို့သည် မဖြစ်ကြရကုန် ဟု ထိုဒဋ္ဌိယစကားကို ပြီးစေ မြဲစေတတ်သော ယုတ္တိဒဋ္ဌိကရဏ, သဘာဝဒဋ္ဌိ-ကရဏ စကားရပ်ကိုလည်း ပြဆို၏-ဟူလို။

စောဒနာတက်ရာ၌ ဝိရောဓိဒေါသတင်၍တက်ပါ။

အဓိပ္ပာယ်ကား - ထို အသက်ရှိလသော် ။ပ။ မဖြစ်ကြရကုန် - ဟု (ခ) ဝါကျဖြင့် ထိုဒဋ္ဌိယစကားကို ပြီးစေ, မြဲစေတတ်သော ယုတ္တိဒဋ္ဌိကရဏ သဘာဝ ဒဋ္ဌိကရဏ စကားရပ်ကိုလည်း ပြဆိုသောကြောင့် ဝိရောဓိ ဒေါသ ဆရာ့အပေါ် ၌ မရောက်ဟူလို။

(တစ်နည်း) ဝါကျကျမ်းတက်သော် - ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် ဒဋ္ဌိယကို ပြဆို တော်မူ၏။ ...... သော် ထိုဒဋ္ဌိယ၏ ယုတ္တိဒဋ္ဌိကရဏ = သဘာဝ ဒဋ္ဌိကရဏကိုလည်း ပြဆိုသင့်သည်မဟုတ်ပါလော ..... စသည်ဖြင့် ရှေ့အာဂမ ဒဋ္ဌိကရဏ ဝါကျ၌ ပြဆိုခဲ့သော ဝါကျကျမ်းတက်ကျမ်းတက်တွင် "အာဂမဒဋ္ဌိ ကရဏနေရာ" ၌ ယုတ္တိ ဒဋ္ဌိကရဏပြောင်း လွှဲဆိုရုံသာထူးသည်။

(ယုတ္တိ - သဘာဝဒဋ္ဌိကရဏ ဝါကျတွေ့တိုင်း ဤနည်းမှီကျမ်းတက်ပါ။)

## ဝါကျာရမ္ဘ - ဥပန္ယာသ ဝါကျများသို့ ကျမ်းတက်ရာ၌ -

အနက်အဓိပ္ပာယ် ကြွင်းကျန်သေးသည် မဟုတ်ပါလော-ဟု အာဘော် ထား၍ တက်ပါ။ ဒေါသတင်ရာ၌ အဗျာပိတဒေါသတင်။

## လဒ္ဓဂုဏဝါကျသို့ ကျမ်းတက်ရာ၌-

ဤသို့ဆိုသဖြင့် ဆရာအား တစိုးတစိ အကျိုးမရှိသည် မဟုတ်ပါလော - ဟု အာဘောဂထားတက်။ နိရတ္ထကဒေါသတင်။

http://www.dhammadownload.com



## ဖလဝါကျသို့ကျမ်းတက်ရာ၌

တစ်စုံတစ်ခုသော အကျိုးဖြစ်သင့်သည် မဟုတ်ပါလော–ဟု အာဘော်ထားတက်။ ကာရဏ–ဖလ ဆန့်ကျင်သော ဝိရောဓိဒေါသတင်၊ တစ်နည်း,အဗျာပိတဒေါသတင်။

## ကာရဏဝါကျသို့ကျမ်းတက်ရာ၌ –

အကြောင်းကင်းလျက် မဖြစ်စကောင်းသည် မဟုတ်ပါလော–ဟု အာဘော်ထားတက်၊ ဝိရောဓိဒေါသ, အဗျာပိတ ဒေါသတင်။

## ဝိတ္ထာရဝါကျသို့ ကျမ်းတက်ရာ၌

ထိုအကျဉ်းသခေ်ပ၏ အကျယ်ဝိတ္ထာရကို မသိအပ်သည် မဟုတ်ပါလော၊ ဝါ, ထိုအကျဉ်းသခေ်ပ စကားရပ်၏ အကျယ်ဝိတ္ထာရ စကားရပ်ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ ဝါ, အကျယ်ဝိတ္ထာရ စကားရပ်သည်လည်း ရှိသင့်သည် မဟုတ်ပါလော၊ ဝါ, အကျယ်ဝိတ္ထာရ စကားရပ်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော ဟု အာဘော်ထားတက်၊ အဗျာပိတ ဒေါသ, တစ်နည်းသခေ်ပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသတင်။

## တပ္ပါကဋ္ဌိကရဏဝါကျသို့ ကျမ်းတက်ရာ၌ –

ထိုစကားရပ်၏ အနက်အဓိပ္ပာယ်သည် ဥပမာ, ဥဒါဟရဏ်စသည်နှင့် ကင်း၍ မပေါ်လွင်မထင်ရှားသည် မဟုတ်ပါလောဟု အာဘော်ထားတက်၊ အပရိပုဏ္ဏဒေါသ, အဗျာပိတ ဒေါသတင်။ တစ်နည်း, အပါကဋ္ဌ–တပ္ပါကဋ္ဌိကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသထင်။

## ဝိသေသဝါကျသို့ ကျမ်းတက်ရာ၌ –

ဤ၌ ဝိသေသ[illegible] ဖြစ်၍ တစ်ခုခုသော အနက်၌သာ ဝိသေသအားဖြင့် ဖြစ်သင့်သည်မဟုတ်[illegible] ဝါ, ထူးခြားသော အနက်အဓိပ္ပာယ်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလောဟု အာဘော်ထားတတ်။

http://www.dhammadownload.com



အဗျာပိတဒေါသ၊ တစ်နည်း, အတိဗျာပိတ ဒေါသ, ဝိရောဓိဒေါသတင်။

ဌပနာထားရာ, အဓိပ္ပာယ်ပြန်ရာတို့၌လည်း ထိုထိုဝါကျများ၏ ဖြစ်သင့်သောအနက် အဓိပ္ပာယ်တို့ကို ဖော်ဆို၍ ဌပနာထား အဓိပ္ပာယ်ပြန်ပါ။

ပုဒ်တစ်ပုဒ်၏ အနက်အဖွင့် အတ္ထဝဏ္ဏနာမှ တစ်ပါး
ပုဒ်တစ်ပုဒ်၏ အနက်အဖွင့် အတ္ထဝဏ္ဏနာ ပြဆိုရာ၌ -
ဝါ,ပုဒ်တစ်ပုဒ်၏ သံဝဏ္ဏနာမှတစ်ပါး ပုဒ်တစ်ပုဒ်၏ သံဝဏ္ဏနာကိုပြဆိုရာ၌-

## ပုဒ်တစ်ပါးအဖွင့် ကျမ်းတက်
## ပုစ္ဆာကျမ်းတက်

( က ) ရူပုပ္ပတ္တိယာ မဂ္ဂံ ဘာဝေတီတိ ရူပံ ဝုစ္စတိ ရူပဘဝေါ။

( ခ ) ဥပပတ္တိတိ နိဗ္ဗတ္တိ ဇာတိ သဥ္ဇာတိ။ ( ဌ - ၂၀၇)

( ၁ ) အရှင်အဋ္ဌကထာဆရာ (အာ)

( ၂ ) အဋ္ဌကထာ ဆရာသည် (ကတ္တား)

( ၃ ) ရူပံ ဝုစ္စတိ ရူပဘဝေါ ဟူသော (က) ဝါကျဖြင့် ရူပံပုဒ်၏ အတ္ထဝဏ္ဏနာကို ပြဆိုတော်မူ၏။
ဝါ, (က) ဝါကျဖြင့် ရူပုပ္ပတ္တိယာ မဂ္ဂံ ဘာဝေတိ ဟူသော ပါဠ်၌ ရူပဘဝကို ရူပ, ဟူ၍ ဆိုအပ်သောဟု ပြဆိုတော်မူ၏။ (ဌ)

( ၄ ) ထိုသို့ ပြဆိုသည်ရှိသော် (ဏ)

( ၅ ) ဥပပတ္တိပုဒ်၏ အတ္ထ ဝဏ္ဏနာကိုလည်း ပြဆိုသင့်သည်မဟုတ်ပါလော၊ ဝါ, ဥပပတ္တိပုဒ်၏ ဖြစ်သင့်သော အနက်အဓိပ္ပာယ်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ ဝါ-ဥပပတ္တိပုဒ်၏ အတ္ထဝဏ္ဏနာကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ (ဘော)

( ၆ ) ထိုသို့ ပြဆိုသင့်လေသောကြောင့် ဝါ, ထိုသို့ ရောက်ရာလေသောကြောင့် (ဘော - ဟေ)

http://www.dhammadownload.com



( ၇ ) ရူပံပုဒ်၏ အတ္တဝဏ္ဏနာကိုသာ မပြဆိုသင့်၊ ဝါ, ရူပူပပဝတ္တိယာ မဂ္ဂ ဘာဝေတိဟူသော ပါဌ်၌ ရူပဘာဝကို ရူပဟူ၍ ဆိုအပ်သော ဟုသာ မပြဆိုသင့်။ ( ၄ - ၈၁ )

( ၈ ) ဥပပတ္တိ ဟူသောပုဒ်၏ အတ္ထဝဏ္ဏနာကိုလည်း ပြဆိုသင့်သေး၏။ ဝါ, ဥပပတ္တိဟူသော ပုဒ်၏ ဖြစ်သင့်သောအနက် အဓိပ္ပာယ်ကို လည်း ပြဆိုသင့်သေး၏၊ ( နွ )

( ၉ ) ဥပပတ္တိပုဒ်၏ အတ္ထဝဏ္ဏနာကား အဘယ်ပါနည်း။ ဥပပတ္တိပုဒ်၏ ဖြစ်သင့်သော အနက်အဓိပ္ပာယ်ကို အသို့မှတ်ရပါအံ့နည်း။ (ပုစ္ဆာ)

ဤသို့ မေးဖွယ်ရှိသောကြောင့် ( ၁ ) ဝါကျမိန့်။

အဓိပ္ပာယ်ကား - (၁) ဝါကျဖြင့် ဥပပတ္တိပုဒ်၏ အတ္တဝဏ္ဏနာကိုလည်း ပြဆို၏ဟူလို၊ ဝါ (၁) ဝါကျဖြင့် ဥပပတ္တိဟူသည် ဖြစ်ခြင်းပင်တည်းဟု ဥပပတ္တိပုဒ်၏ ဖြစ်သင့်သော အနက်အဓိပ္ပာယ်ကိုလည်း ပြဆို၏ဟူလို။

စောဒနာတက်ရာ၌ - ရူပံဟူသောပုဒ်၏ အတ္ထဝဏ္ဏနာကိုသာ ပြဆို၍ ဥပပတ္တိဟူသော ပုဒ်၏ အတ္တဝဏ္ဏနာကို မပြဆိုချေသော် ဆရာအား အလုံးစုံ မပျံ့နှံ့ခြင်းဟူသော အဗျာပိတဒေါသ, မပြည့်စုံခြင်းဟူသော အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏ဟု (ဒေါသာရောပန စောဒနာ)ဆိုပါ။

အဓိပ္ပာယ်ကား - ရူပံပုဒ်၏ အတ္တဝဏ္ဏနာကိုသာ ပြဆိုသည်မဟုတ်။ (၁) ဝါကျဖြင့် ဥပပတ္တိပုဒ်၏ အတ္တဝဏ္ဏနာကိုလည်း ပြဆိုသောကြောင့် ဝါ-ဥပပတ္တိဟူ သည် ဖြစ်ခြင်းပင်တည်းဟု ဥပပတ္တိပုဒ်၏ ဖြစ်သင့်သော အနက်အဓိပ္ပာယ်ကို လည်း ပြဆိုသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသမရောက်ဟူလို။

ပုဒ်တစ်မျိုးအဖွင့်မှ ပုဒ်တစ်မျိုးအဖွင့် ပြသည့်နေရာတိုင်း၌ ဤနည်းမှီ၍ ကျမ်းတက်ပါ။

http://www.dhammadownload.com



## အတ္ထုဒ္ဓါရဝါကျမှ အတ္ထုဒ္ဓေသ ဝါကျသို့ ပုစ္ဆာကျမ်းတက်

( က ) ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိဟေတု ဂုဏနိဿတ္တနိဇ္ဇီဝတာဒိသု ဒိဿတိ။ ပ။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတီတိအာဒိသု နိဿတ္တ နိဇ္ဇီဝတာယံ။

( ၁ ) သွာယမိဓာပိ နိဿတ္တ နိဇ္ဇီဝတာယမေဝ ဝတ္တတိ။ (၄၁-ဂ၁)

၁။ အရှင်အဋ္ဌကထာဆရာ

၂။ အဋ္ဌကထာဆရာသည်

၃။ ဓမ္မသဒ္ဒေါ ပနာယံ စသော (က) ဝါကျဖြင့် ဓမ္မသဒ္ဒါ၏ ဟောနိုင်သမျှသော ပရိယတ္တိစသော အနက်တို့ကို ဖွင့်ပြတော်မူ၏။

၄။ ဤသို့ ဖွင့်ဆိုသည်ရှိသော် -

၅။ ကုသလာ ဓမ္မာ ဟူသောပုဒ်၌ ဓမ္မသဒ္ဒါသည် ပရိယတ္တိဟေတုဂုဏ အနက်တို့ကိုလည်း ဟော၏ဟု မှတ်ကောင်းသည်မဟုတ်ပါလော။

၆။ ထိုသို့ မှတ်ကောင်းလေသောကြောင့် -

၇။ ဓမ္မသဒ္ဒေါ ပနာယံ - စသော (က) ဝါကျဖြင့် ဓမ္မသဒ္ဒါ၏ ဟောနိုင်သမျှသော ပရိယတ္တိစသော အနက်တို့ကိုသာ မပြဆိုသင့်။

၈။ ဤကုသလာ ဓမ္မာ-ဟူသော ပုဒ်၌ ဓမ္မသဒ္ဒါ၏ ဟောသင့်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။

၉။ ဤကုသလာဓမ္မာ-ဟူသောပုဒ်၌ ဓမ္မသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း။

ဤသို့ မေးဖွယ်ရှိသောကြောင့် သွာယမိဓာပိစသော (၁) ဝါကျကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား - ကုသလာဓမ္မာ၌ ဓမ္မသဒ္ဒါသည်၊ နိဿတ္တနိဇ္ဇီဝတာ အနက်၌သာ ဖြစ်၏ဟူလို။ ဝါ - ကုသလာဓမ္မာ၌ ဓမ္မသဒ္ဒါသည် နိဿတ္တနိဇ္ဇီဝတာ အနက်ကိုသာ ဟော၏-ဟူလို။

ဝါ-သဒ္ဒါယ မိဝ-စသော (ခ) ဝါကျဖြင့် ကုသလာ ဓမ္မာ-၌ ဓမ္မသဒ္ဒါ၏ နိဿတ္တ-နိဇ္ဇီဝတာအနက်ကိုသာ ဟောသည်၏ အဖြစ်ကို ပြဆို၏ဟူလို။

## စောဒနာတက်ရာ၌ - အတိဗျာပိတ ဒေါသတင်

အဓိပ္ပာယ်ကား (ခ) ဝါကျဖြင့် ကုသလာဓမ္မာ၌ ဓမ္မသဒ္ဒါသည် နိဿတ္တ နိဇ္ဇီဝတာ အနက်ကိုသာ ဟော၏-ဟု ပြဆိုသောကြောင့် သင်စောဒက တင်သော စကား အလွန်ပျံ့နှံ့သော, ဝါ-အနက် အဓိပ္ပာယ် အလွန်ပျံ့နှံ့သော အတိဗျာပိတ ဒေါသဆရာ့အပေါ်၌ မရောက်ဟူလို။

အတ္ထုဒ္ဒါရ, အတ္ထုဒ္ဒေသ ဝါကျတွေ့တိုင်း ဤနည်းမှီကျမ်းတက်။
တစ်နည်း - တဝိကပ်, အကြောင်းတစ်မျိုး, ဝိဂ္ဂဟတစ်မျိုး စသည်ဖွင့်ဆိုရာ၌ -

## ပုစ္ဆာကျမ်းတက်

( က ) ဝစနတ္ထော ပနေတ္ထ ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိစလ-
ယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ။

( ခ ) ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိ ကုသာ၊ တေ အကုသလ
သင်္ခါတေ ကုသေ လုနန္တိဆိန္ဒန္တီတိ ကုသလာ။ (ဠ-ဂ၁)

၁။ အရှင် အဋ္ဌကထာဆရာ -

၂။ အဋ္ဌကထာဆရာသည် -

၃။ (က) ဝါကျဖြင့် စက်ဆုပ်အပ်သော အကုသိုလ်တို့ကို ဖျက်ဆီးတတ်သောကြောင့် ကုသိုလ်မည်သော - ဟု ဆိုတော်မူ၏။
ဝါ, ကုသလသဒ္ဒါ၏ ဖြစ်သင့်သော ဝိဂ္ဂဟကို ပြဆိုတော်မူ၏။
ဝါ, သလယန္တီတိ သလာ, ကုစ္ဆိတေ+သလာ = ကုသလာ - ဟု ဝိဂ္ဂဟ ပြုရမည်ကို ပြဆိုတော်မူ၏။

http://www.dhammadownload.com



၄။ ဤသို့ ဆိုချေသော် -

၅။ ကုသိုလ်မည်ခြင်း၏ အကြောင်းတစ်ပါးကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ ဝါ, ကုသလသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော ဝိဂ္ဂဟ ကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။

၆။ ထိုသို့ ပြဆိုသင့်သေးသောကြောင့်။

၇။ (က) ဝါကျဖြင့် စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် ကုသိုလ်မည်၏ ဟူ၍သာမဆိုသင့်၊ ဝါ-ကုသလသဒ္ဒါ၏ ရှေးဦးစွာ ဖြစ်သင့်သော ဝိဂ္ဂဟတစ်မျိုးကိုသာ မပြဆိုသင့်။

၈။ တစ်ပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ဝါ, ကုသလသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော ဝိဂ္ဂဟတစ်မျိုးကိုလည်း ပြဆိုသင့်သေး၏။

၉။ တစ်ပါးသော ဖြစ်သင့်သော ကုသိုလ်မည်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဝါ - တစ်ပါးသော ဖြစ်သင့်သော ကုသလသဒ္ဒါ၏ ဝိဂ္ဂဟကား အဘယ်ပါနည်း။

ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျမိန့်။

အဓိပ္ပာယ်ကား - (ခ) ဝါကျဖြင့် အကုသိုလ်တရားတို့ကို ဖြတ်တတ်သောကြောင့် ကုသိုလ်မည်၏ ဟု ကုသိုလ်မည်ခြင်း၏ အကြောင်းတစ်ပါးကိုလည်း ပြဆို၏ ဟူလို။ ဝါ၊ ကုသလသဒ္ဒါ၏ တစ်ပါးသောဖြစ်သင့်သော ဝိဂ္ဂဟတစ်မျိုးကိုလည်း ပြဆို၏-ဟူလို။ ဝါ၊ သယန္တိတိသာ၊ ကုစ္ဆိတေန+သာ ကုသာ၊ လုနန္တိတိလာ၊ ကုသေ+လာ = ကုသလာဟု ဝိဂ္ဂဟပြုရမည်ကိုလည်း ပြဆို၏-ဟူလို။

## စောဒနာတက်ရာ၌ အဗျာပိတဒေါသတင်

အဓိပ္ပာယ်ကား (ခ) ဝါကျဖြင့် စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ဖြတ်တတ်သောကြောင့် ကုသိုလ်မည်၏ဟု ကုသိုလ်မည်ခြင်း၏ အကြောင်းတစ်ပါးကိုလည်းပြဆိုသောကြောင့်။ ပ။ ဟူလို။

http://www.dhammadownload.com



ဝါ (၁) ဝါကျဖြင့် ကုသလသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော ဝိဂ္ဂဟကို လည်း ပြဆိုသောကြောင့်။ ပ။ ဟူလို။ ဝါ (၁) ဝါကျဖြင့် သယန္တိတိသာ၊ ကုစ္ဆိတေန+သာ = ကုသာ၊ လုနန္တိတိလာ၊ ကုသေ+လာ = ကုသလာဟု ဝိဂ္ဂဟ ပြုရမည်ကို ပြဆိုသောကြောင့်။ ပ။ ဟူလို။

သံကိလေသေဝါ နိယုတ္တာ သံကိလေသိကာ စသောတစ်နည်း တစ်ဝိကပ်, အကြောင်းတစ်မျိုး, ဝိဂ္ဂဟတစ်မျိုး ပြဆိုသည့်နေရာတိုင်း ဤနည်းမှီ ကျမ်းတက်။

[မှတ်ချက် ။ ။ ဤဌပနာပဥ္စက ကျမ်းတက်ဟူသော စကားကို ဌပနာဘောဂ ပဥ္စကတက် (သို့မဟုတ်) ဌပနာအာဘောဂါဒိပဥ္စကတက်ဟုလည်း ခေါ်ဝေါ် သေး၏။]

[အမှာ ။ ။ ကိစ္စာပိဝါကျများ၌ ဌပနာ ပဥ္စက ကျမ်းတက်ပုံ , သံဝဏ္ဏေတဗ္ဗ ပုဒ်မှ သံဝဏ္ဏနာပုဒ်သို့ ဌပနာပဥ္စက ကျမ်းတက်ပုံတို့ကို ကျမ်းရိုးငါးချက် ကျမ်းတက်ခန်း စာမျက်နှာ (၅၂-၅၆)၌ရှု။]

## ကျမ်းရိုး ၅ - ချက်
## အနုလောမပါပနာဒိသရုပ်

[ဆောင်] ဌ, အနုပါ၊ ပဋိပါ၊ နု, ဋိရောပနာ။

၁။ ဌပနာ
၂။ အနုလောမ ပါပနာ
၃။ ပဋိလောမ ပါပနာ
၄။ အနုလောမ ရောပနာ
၅။ ပဋိလောမ ရောပနာ

### အဓိပ္ပာယ်

[ဆောင်] ၏-ဌပနာ၊ နုပါ-နက်ရောက်၊ မရောက်သင့်မူ ပဋိဟူ၏၊ ဆိုသင့်ဆိုက၊ နုရောပြ၏။ မသင့်ပြမူ။ ပဋိဟူသည်။ ငါးဆူ ပဉ္စက ကျမ်းရိုး တည်း။

http://www.dhammadownload.com



ကျမ်းရိုး ၅ချက် (အနုလောမပါပနာဒိ) ကျမ်းတက်အားလုံးနှင့် သက်ဆိုင်သော (ယင်းကျမ်းတက်အားလုံးအတွက် အသုံးပြုရန်ဖြစ်သော) လိုရင်းအဓိက အကျဉ်းချုပ်ကျမ်းတက်

## စကားရပ်အချက်အလက်များ

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)

၂။ အရှင်အဋ္ဌကထာဆရာသည် (ကတ္တား)

၃။ .... ဝါကျဖြင့် ပြဆိုတော်မူ၏။ (ဌပနာ)

၄။ ဤသို့သာ ပြဆိုသည်ရှိသော် (ဒေါသာပေက္ခလက္ခဏာ)

၅။ ..... သာလျှင်ရှိ၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။

(တစ်နည်း) .... မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။

(တစ်နည်း) .... သာလျှင်ရှိ၍ .... မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။

(တစ်နည်း) ....မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။

(တစ်နည်း) .... ကင်း၍ ဖြစ်ကောင်း၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု- ပါ)

[ဆောင်] သာလျှင် ရှိ-မရှိ၊ သာလျှင် ရှိ-မရှိ၊ မပြ-ကင်းဟု၊ ဤငါးခု၊ မှတ်ရူ ကျမ်းတက် နု-ပါ ထားနည်းတည်း။

၆။ စင်စစ်သော်ကား .... အနက်သည် မရောက်သင့်၊ (ပဋိ - ပါ)

၇။ ထိုသို့ မရောက်သင့်လေသောကြောင့် (ရောပနာပါဒကဟိတ်)

၈။ .... ပြဆိုသင့်သေး၏။ (နု-ရော)

၉။ .... မပြဆိုဘဲ မနေသင့် (ပဋိ - ရော)။

၁၀။ မနေသင့်ဘဲ နေချေသော် ဆရာအား....ဒေါသသင့်ရောက်ရာ၏။ (ဒေါ - စော)။

၁၁။ .... အဘယ်ပါနည်း။ (ပုစ္ဆာ)။

၁၂။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် .... ဝါကျကိုမိန့် (အဒုပ်နိဂုံး)

http://www.dhammadownload.com



၁၃။ အဓိပ္ပာယ်ကား .... ဝါကျဖြင့် ပြဆိုသောကြောင့် သင်စောဒကတင်သော .... ဒေါသ ဆရာအား မရောက်ဟူလို။

(အဓိပ္ပာယ်ပြန်)ဤကားစောဒနာ ကျမ်းတက်အတွက်တည်း။

ပုစ္ဆာကျမ်းတက်ရာ၌ - (ဒေါသာရောပန စောဒနာ) အချက်ချန်ထားပါ။ မထည့်ရ။

ဤသို့ မေးဖွယ်ရှိသောကြောင့် .... ဝါကျကိုအမိန့် (အအုပ်နိဂုံး)။

အဓိပ္ပာယ်ကား .... ဝါကျဖြင့် ပြဆို၏ဟူလို (အဓိပ္ပာယ်ပြန်)။

[ကျန်သော အာလုပ်မှ စ၍ (ဒေါ - စော) မပါ (ပုစ္ဆာ) အထိ ၁၀-ချက် စောဒနာတက်ကနှင့် လုံးဝတူ၏။ ပုစ္ဆာကျမ်းတက်ရာ၌ (ဒေါ-စော) အချက်မပါဘဲ စောဒနာကျမ်းတက်သည် (အအုပ်နိဂုံး) နှင့် (အဓိပ္ပာယ်ပြန်) ဤနှစ်ချက်သာထူး၏။]

## ဥပနာပဋ္ဌကနှင့် ကျမ်းရိုး ၅-ချက် ကျမ်းတက်များ၌ အချက်အလက်တူ, မတူညီနိုင်းချက်

* [ဆောင်] ၁။ အာ-ကတ်-ဥ-လက်၊ ဤလေးချက်နှင့်၊ စော - ပု-ဓိပ္ပာယ်၊ ခုနစ်သွယ်၊ မှတ်ဖွယ်ကျမ်းတက် နှစ်မျိုးတူသည်သာ။

၂။ အန္ွယ နှင့်၊ နု - ရောတို့မှာ၊ ဤနှစ်ဖြာ၊ မှန်စွာတူသည်သာ။

၃။ နာမည်မျှသာ၊ ထူးသည်သာ၊ မှတ်ပါမြဲသေချာ။

(အာလုပ်) (ကတ္တား) (ဥပနာ) (ဒေါသာပေက္ခလက္ခဏာ) ဟူသောရှေ့ပိုင်း (၄)ချက်နှင့် (ဒေါသာရောပနစောဒနာ)(ပုစ္ဆာ) (အဓိပ္ပာယ်ပြန်)ဟူသော နောက်ပိုင်း ၃-ချက် စုစုပေါင်း (၇)ချက်တို့သည် ကျမ်းတက် ၂-မျိုးလုံး၌ တူညီကြ၏။ ထို့ပြင် ဥပနာပဋ္ဌကကျမ်းတက်မှ (အန္ွယ) အချက်နှင့် ကျမ်းရိုး ၅-ချက်ကျမ်းတက်မှ (နု-ရော)အချက်တို့လည်း စကားသုံးပုံ လုံးဝတူ၏။ **နာမည်မျှသာ** ကွဲပြား၏။ စုစုပေါင်း ၈-ချက်တူသည်၊ ထို့ပြင် ဥပနာပဋ္ဌက ကျမ်းတက်မှ (အာဘောဂ) နှင့်ကျမ်းရိုး ၅-ချက်မှ (နု-ပါ) အချက်တို့လည်း အနည်းငယ် ပြင်ရုံမျှသာထူး၏။ ဥပမာ .... မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော (အာဘောဂ)။ .... မပြဆိုဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)

**ခြုံငုံချုပ်၍ကြည့်သော်** - ကျမ်းရိုး ၅-ချက် ကျမ်းတက်သည် ဥပနာပဋ္ဌက ကျမ်းတက်ထက် (ပဋိ-ပါ) (ဟိတ်) (ပဋိ-ရော) ဤသုံးချက်မျှသာ လုံးဝထူး၏။ ကျန်အချက်များရှေ့၌ ရှင်းပြခဲ့သည့် အတိုင်း သဘောအားဖြင့်

http://www.dhammadownload.com



တူညီကြသည်။ ကျမ်းရိုး ၅-ချက် ကျမ်းတက်၌ (နု-ပါ) နှင့် (နု-ရော) ဤနှစ်ချက်သိဖို့ ပြုလုပ်တတ်ဖို့အရေးကြီး၏။ (နု-ပါ)နှင့် (ပဋိ-ပါ) ကိုနှိုင်းယှဉ်ကြည့်လျှင် (ပဋိ-ပါ) သည် (နု-ပါ)၏နောက်ဆုံးစကားကို အနည်းငယ် ပြင်ထားသည်။ (နု-ပါ)အဆုံး၌ ရောက်ခဲ့ရာ၏ ဟူသောစကားကို မရောက်သင့် သည်ဟု ပြင်ဆင် လိုက်လျှင် (ပဋိ-ပါ)ဖြစ်သွားသည်။ (နု-ရော) နှင့် (ပဋိ-ရော) ကို နှိုင်းယှဉ်ကြည့် လျှင် (နု-ရော) အဆုံး၌ ပြဆိုသင့်သေး၏ဟူသော စကားကို မပြဆိုဘဲ မနေသင့် ဟု ပြင်ဆိုလိုက်လျှင် (ပဋိ-ရော) ဖြစ်သွားသည်။

**(နု-ပါ)အချက်၌ ၅-နည်းထားရာတွင်-** ပထမနည်းမှာ ရှေ့ဝါကျ (အဓိပ္ပယ်) ကိုသာကြည့်၍ထား၏။ ဒုတိယနည်းမှာ နောက်ဝါကျ (အဓိပ္ပာယ်)ကိုသာ ကြည့်၍ ထား၏။ တတိယနည်းမှာရှေ့နောက် (၂)ဝါကျ (အဓိပ္ပာယ်)တို့ကို ကြည့်၍ထား သည်။ စတုတ္ထနှင့် ပဉ္စမနည်းတို့မှာ နောက်ဝါကျ (အဓိပ္ပာယ်)ကိုသာ ကြည့်၍ ထားခြင်းပင် ဖြစ်သော်လည်း ဒုတိယနည်းနှင့် စကားအသုံးအနှုန်း ကွာခြားသည်။ ထို့ကြောင့် ဒုတိယနှင့် စတုတ္ထ ပဉ္စမနည်းတို့မှာ နောက်ဝါကျ အဓိပ္ပာယ်ကိုသာ ကြည့်ထားခြင်းပင် ဖြစ်၍ စကားအသုံးနှုန်းမျှသာ ကွဲပြားသည်ဟုမှတ်ပါ။ (နု-ပါ) ထားနည်း ၅-ချက်လုံး ၄ပနာပဉ္စကကျမ်းတက်က (အာဘောဂ) ထားနည်းနှင့် သဘောအားဖြင့် ဆက်စပ်သက်ဆိုင်သည်။ စကား အသုံးအနှုန်း အနည်းအကျဉ်း ပြင်ရုံသာထူးသည်။ ဥပမာ.... သာလျှင်ရှိ၏ဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ .... မရှိဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ .... သာလျှင်ရှိ၍ ....မရှိဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော။ ....မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ ....မကင်းကောင်းသည် မဟုတ်ပါလောဟု (နု-ပါ) စကားရပ်များ အသီးသီးအစဉ်အတိုင်းအနည်းအကျဉ်း ပြင်ဆင်လိုက်လျှင် (အာဘောဂ) ဖြစ်သွားသည်။

[ဆောင်] ရှေ့ကြည့် - နောက်ကြည့်၊ ရှေ့နောက်ကြည့်၊ မှတ်သိကျမ်းတက်
(အာဘော်) (နု-ပါ) တည်း။

http://www.dhammadownload.com



## ကျမ်းရိုး–၅ချက် (အနုလောမပါပနာဒိ)
## ကျမ်းထက်ပုံ

( က ) ဝေမှာတိ ဟေတု၊

( ၁ ) ဝုတ္တဋ္ဌေတံ "ဟေတုမှိညာဏံ မေ့ပဋိသမ္ဘိဒါ"တိ။ (၄ – ၂၃)

၁။ အရှင်အဋ္ဌကထာဆရာ (အာလုပ်)

၂။ အဋ္ဌကထာဆရာသည် (ကတ္တား)

၃။ ဝေမှာတိ ဟေတု ဟူသော (က) ဝါကျဖြင့် မေ့သဒ္ဒါသည် အကြောင်းကိုဟော၏ဟု ခိုင်မြဲစေအပ်သော ဒဠှီယစကားရပ်ကို ပြတော်မူ၏။ (ဌပနာ)

၄။ ဤသို့ ဒဠှီယစကားရပ်ကိုသာ ပြဆိုသည်ရှိသော် (ဒေါသာပေက္ခလက္ခဏာ)

၅။ ခိုင်မြဲစေအပ်သော ဒဠှီယစကားရပ်သာရှိ၍ မေ့သဒ္ဒါကို အကြောင်းဟောဟု ဖွင့်ဆိုရာ၌ ခိုင်မြဲစေတတ်သော သာဓကအာဂမဒဠှီကရဏစကားရပ်မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ ခိုင်မြဲစေတတ်သော သာဓက အာဂမဒဠှီကရဏစကားရပ်ကို မပြဆိုဟူသော အနက်အစိပ္ပာယ်ရောက်ခဲ့ရာ၏။ (အနုလောမပါပနာ)

၆။ **စင်စစ်သော်ကား** ခိုင်မြဲစေအပ်သော ဒဠှီယစကားရပ်သာရှိ၍ မေ့သဒ္ဒါကို အကြောင်းဟောဖွင့်ဆိုရာ၌ ခိုင်မြဲစေတတ်သော သာဓက အာဂမ–ဒဠှီ ကရဏမရှိဟူသော အနက်သည် မရောက်သင့်။ ဝါ၊ ခိုင်မြဲစေတတ်သော သာဓကအာဂမဒဠှီကရဏစကားရပ်ကို မပြဆိုဟူသောအနက်အစိပ္ပာယ်သည် မရောက်သင့်။ (ပဋိလောမ ပါပနာ)

၇။ ထိုသို့ မရောက်သင့်လေသောကြောင့် (ဟိတ်)

၈။ မေ့သဒ္ဒါကို အကြောင်းဟောဖွင့်ဆိုရာ၌ ခိုင်မြဲစေတတ်သော သာဓကအာဂမ ဒဠှီကရဏ စကားရပ်ကိုလည်း ပြဆိုသင့်သေး၏။

(အနုလောမ ရောပနာ)

http://www.dhammadownload.com



၉။ ဓမ္မသဒ္ဒါကို အကြောင်းဟော ဖွင့်ဆိုရာ၌ ခိုင်မြဲစေတတ်သော သာဓက အာဂမဒဠှီကရဏ စကားရပ်ကို မပြဆိုဘဲ မနေသင့်။ ဝါ၊ ခိုင်မြဲစေအပ်သော ဒဠှီယစကားရပ်မျှကိုသာ မပြဆိုသင့်။ (ပဋိလောမ ရောပနာ)

၁၀။ မနေသင့်ဘဲ နေချေသော်။ ဝါ၊ ပြဆိုသင့်လျက် မပြဆိုချေသော်၊ ဆရာ့အပေါ်၌ ဒဠှီယ-ဒဠှီကရဏဆန့်ကျင်သော ဝိရောဓိဒေါသ၊ ဝါကျ မပြည့်စုံခြင်းဟူသော အပရိပုဏ္ဏဒေါသ၊ ဝါကျမနှံ့စပ်ခြင်းဟူသော အဗျာပိတဒေါသ သင့်ရောက်ရာ၏။ (ဒေါသာရောပန စောဒနာ)

၁၁။ ဓမ္မသဒ္ဒါကို အကြောင်းဟောဖွင့်ဆိုရာ၌ ခိုင်မြဲစေတတ်သော သာဓက အာဂမဒဠှီကရဏစကားရပ်ကား အဘယ်ပါနည်း။ (ပုစ္ဆာ)

၁၂။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ထိုစောဒနာကို သောနေ့ာလိုသော အဋ္ဌကထာဆရာသည် ဝုတ္တဥ္စေတံစသော(ခ)ဝါကျကိုမိန့်။ (အဒုပ်နိဂုံး)

၁၃။ အဓိပ္ပာယ်ကားခိုင်မြဲစေအပ်သော ဒဠှီယစကားရပ်၏ ခိုင်မြဲစေတတ် သောသာဓကေအာဂမဒဠှီကရဏ စကားရပ်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော ဝိရောဓိဒေါသ ဆရာ့အပေါ်၌ မရောက်ဟူလို။ (အဓိပ္ပာယ်ပြန်) ဤကျမ်းတက်ကား အဓိပ္ပာယ်သဘာဝနှင့် ဝါကျကျမ်း တက်ရောနှော၍ တက်ထားခြင်းဖြစ်သဖြင့် အရှည်အကျယ်ကျမ်းတက် သည်၊ (တစ်နည်း) ဝါကျကျမ်းတက် သက်သက်အတိုအကျဉ်း လိုရင်း ကျမ်းတက်သော်-

ဆရာ၊ ဆရာသည် (က) ဝါကျဖြင့် ဒဠှီယကို ပြဆိုတော်မူ၏။ ဤသို့သာ ပြဆိုချေသော်-ဒဠှီယမျှသာရှိ၏ ဟူသောအနက်သည်ရောက်ခဲ့ရာ၏။ စင်စစ်သော်ကား ဒဠှီယမျှသာရှိ၏ဟူသော အနက်သည် မရောက်သင့်။ ထိုသို့ မရောက်သင့် သောကြောင့် ထိုဒဠှီယ၏ အာဂမကရဏ ကိုလည်း ပြဆိုသင့်သေး၏။

http://www.dhammadownload.com



အာဂမဒဠှိကရဏကို မပြဆိုဘဲမနေသင့်၊ မနေသင့်ဘဲ နေချေသော် သရာအား ဒဠှိယ–ဒဠှိကရဏ သန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ထိုဒဠှိယ၏ အာဂမဒဠှိကရဏကား အဘယ်ပါနည်း ဤသို့ စောဒနာဖွယ် ရှိသောကြောင့် (၁) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား (၁) ဝါကျဖြင့် ထိုဒဠှိယ၏ အာဂမဒဠှိကရဏကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော ဝိရောဓိဒေါသ သရာအား မရောက် ဟူလို။ (ဤကား – စောဒနာကျမ်းတက်တည်း။)

ပုစ္ဆာကျမ်းတက်ရာ၌ – ဒေါသာရောပန အချက်ချန်ပါ။ အဓိပ္ပာယ် ပြန်ရာ၌ (၁) ဝါကျဖြင့် ရှေးခိုင်မြဲစေအပ်သော ဒဠှိယစကားရပ်၏ ခိုင်မြဲစေတတ်သော ဒဠှိကရဏစကားကိုလည်း ပြဆို၏ဟူလိုဟု အဓိပ္ပာယ်ပြန်ပါ။

[အမှာ ။ ။ မေးခွန်းပုစ္ဆာများ၌ စောဒနာတက်,ပုစ္ဆာတက်ဟု အထူးမဆိုဘဲ ကျမ်းရိုးငါးချက်၊ အနုလောမပါပနာဒိ ကျမ်းတက်ပါဟုဆိုလျှင် စောဒနာကျမ်း တက်ပါ။ (အာဂမဒဠှိကရဏ ဝါကျတွေ့တိုင်း ဤနည်းမှီကျမ်းတက်ပါ]

### ယုတ္တိဒဠှိကရဏဝါကျသို့ကျမ်းတက်ရာ၌ –

ခိုင်မြဲစေအပ်သော ဒဠှိယမျှသာရှိ၍ ယုံကြည်ဖွယ်ရာ အသင့်ယုတ္တိဒဠှိ ကရဏ စကားရပ် မရှိဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နု – ပါ)။ ပ။ ယုံ ကြည်ဖွယ်ရာ အသင့်ယုတ္တိ ဒဠှိကရဏစကားရပ်ကိုလည်း ပြဆိုသင့်သေး၏။ (နု– ရော) ဤအချက်တို့ကိုဆို၍ ကျမ်းတက်ပါ။

### ဝါကျရမ္ဘဥပနျာသဝါကျကျမ်းတက်ရာ၌ –

ဖွင့်ဆိုသင့်သော အနက်အဓိပ္ပာယ် အကြွင်းမရှိ ပြည့်စုံပြီဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု–ပါ)။ ပ။

ကြွင်းကျန်သော အနက်အဓိပ္ပာယ်ကိုလည်း ဆက်လက် ပြဆိုသင့်သေး ၏။ (နု – ရော)

http://www.dhammadownload.com



လဒ္ဓဂုဏဝါကျသို့ ကျမ်းတက်ရာ၌ -

ထိုစကားရပ်ကို ဆိုခြင်းဖြင့် အကျိုးတစ်စုံတစ်ခုမျှ မရှိဟူသော အနက်သည်ရောက်ခဲ့ရာ၏။ (နု-ပါ)။ ပ။

ထိုစကားရပ်ကို ဆိုရခြင်းဖြင့် ရအပ်သော အကျိုးလဒ္ဓဂုဏ်ကိုလည်း ပြဆိုသင့်သေး၏ (နု - ရော)

ဖလဝါကျသို့ ကျမ်းတက်ရာ၌

အကြောင်း သာလျှင်ရှိ၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ)။ ပ။ အကျိုးကိုလည်း ပြဆိုသင့်သေး၏ (နု - ရော)။

ကာရဏဝါကျသို့ ကျမ်းတက်ရာ၌ -

အကြောင်းကင်းလျက် ဖြစ်၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ)။ ပ။ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ (နု - ရော)

ဝိတ္ထာရဝါကျသို့ ကျမ်းတက်ရာ၌

ထိုစကားရပ်၏ အနက်အဓိပ္ပာယ်ကို အကျဉ်းအားဖြင့်သာ သိသင့်သိထိုက်၏။ အကျယ်အားဖြင့် မသိသင့်မသိထိုက်ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ, အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အနက်အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)။ ပ။

အကျယ်ဖြစ်သော အနက်အဓိပ္ပာယ်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)

တပ္ပာ ကဋ္ဌိကရဏဝါကျ သို့ ကျမ်းတက်ရာ၌ -

ဥပမာ, ဥဒါဟရုဏ်တော်မှ ကင်းလျက်ဖြစ်၏-ဟူသောအနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ)။ ပ။ ဥပမာ ဥဒါဟရုဏ်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)

ဝိသေသဝါကျသို့ကျမ်းတက်ရာ၌ -

ထိုသာမညစကားရပ်၏ ဝိသေသတ္ထ, မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)။ ပ။ ဝိသေသတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)

ဤအချက်တို့ကို အသီးသီးဆို၍ ကျမ်းတက်ပါ။ ကျန်အချက်များသိသာပြီဖြစ်၍ မရေးလိုက်ပါ။

ဒေါသတင်ပုံမှာလည်း ဥပနာပဋ္ဌက ကျမ်းတက်နှင့်တူ၏။

http://www.dhammadownload.com



ပုဒ်တစ်ပုဒ်၏အနက်အဖွင့် အတ္တဝဏ္ဏနာမှတစ်ပါး ပုဒ်တစ်ပုဒ်၏ အနက်အဖွင့် အတ္တဝဏ္ဏနာကို ပြဆိုရာ၌၊ ဝါ, ပုဒ်တစ်ပုဒ်၏ သံဝဏ္ဏနာမှ တစ်ပါး, ပုဒ်တစ်ပုဒ်၏, သံဝဏ္ဏနာကို ပြဆိုရာ၌ –

ပုဒ်တစ်ပါးအဖွင့်ကျမ်းတက်

( က ) ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတီတိ ရူပံ ဝုစ္စတိ ရူပဘဝေါ၊

( ခ ) ဥပပတီတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ။ (ဋ္ဌ–၂၀၇)

အရှင်အဋ္ဌကထာဆရာ –

ဆရာသည် –

( က ) ဝါကျဖြင့် ရူပံ ပုဒ်၏ အတ္တဝဏ္ဏနာကို ပြဆိုတော်မူ၏။ ဤသို့ရူပံပုဒ်၏ အတ္တဝဏ္ဏနာကိုသာ ပြဆိုသည်ရှိသော် ......

ရူပံပုဒ်၏ အတ္တဝဏ္ဏနာသာရှိ၍ ဥပပတ္တိပုဒ်၏ အတ္တဝဏ္ဏနာ မရှိဟူသောအနက်သည် ရောက်ခဲ့ရာ၏။

(တစ်နည်း) ရူပံပုဒ်၏ အတ္တ ဝဏ္ဏနာ သာလျှင်ရှိ၏–ဟူသောအနက်သည်ရောက်ခဲ့ရာ၏။ ဝါ, ဥပပတ္တိပုဒ်၏ အတ္တဝဏ္ဏနာကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု –ပါ)

စင်စစ်သော်ကား ရူပံပုဒ်၏ အတ္တဝဏ္ဏနာသာရှိ၍ ဥပပတ္တိပုဒ်၏ အတ္တဝဏ္ဏနာ မရှိဟူသောအနက်သည် မရောက်သင့်။ ( တစ်နည်း ) စင်စစ်သော်ကား ရူပံပုဒ်၏ အတ္တဝဏ္ဏနာသာလျှင်ရှိ၏ ဟူသောအနက်သည် မရောက်သင့်။ ဝါ ဥပပတ္တိပုဒ်၏အတ္တဝဏ္ဏနာ ကိုမပြဆိုဟူသောအနက်သည် မရောက်သင့်။ ဝါ, ရူပံပုဒ်၏ အတ္တဝဏ္ဏနာသာရှိသည်မဟုတ်။ ဥပပတ္တိပုဒ်၏ အတ္တဝဏ္ဏနာသည်လည်း မရှိသင့်သည်သာဖြစ်၏။ (ပဋ္ဌိ – ပါ)

ထိုသို့ မရောင်သင့်လေသောကြောင့်၊ ဝါ,ထိုသို့ရှိသင့်လေသောကြောင့် ဥပပတ္တိပုဒ်၏ အတ္တဝဏ္ဏနာကိုလည်း ပြဆိုသင့်သေး၏။ (နု – ရော)

ဥပပတ္တိပုဒ်၏ အတ္တဝဏ္ဏနာကို မပြဆိုဘဲ မနေသင့်။ ဝါ, ရူပံပုဒ်၏ အတ္တဝဏ္ဏနာကိုသာ မပြဆိုသင့်။ (ပဋ္ဌိ – ရော)

http://www.dhammadownload.com



ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ့အပေါ်၌ အလုံးစုံ မပျံ့နှံ့ခြင်းဟူသော အဗျာပိတဒေါသသင့်ရောက်ရာ၏။ (ဒေါ – စော)

ဥပပတ္တိပုဒ်၏ အတ္ထဝဏ္ဏနာကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ဥပပတ္တိစသော (ခ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား – (ခ) ဝါကျဖြင့် ဥပပတ္တိပုဒ်၏ အတ္ထဝဏ္ဏကိုလည်း ပြဆိုသောကြောင့်။ ပ ။ ဟူလို။ (ဤကားစောဒနာတက်)။

ပုစ္ဆာတက်လျှင် – ဒေါသာရောပန အချက်ချန်၍ တက်ပါ။

အဓိပ္ပာယ်ပြန်ရာ၌ ရူပံပုဒ်၏ အတ္ထဝဏ္ဏနာကိုသာပြဆိုသည် မဟုတ်၊ ဥပပတ္တိတိ စသော (ခ) ဝါကျဖြင့် ဥပပတ္တိပုဒ်၏ အတ္ထဝဏ္ဏနာလည်း ပြဆို၏ ဟူလို။ ဝါ, ဥပပတ္တိစသော (ခ) ဝါကျသည် ဥပပတ္တိပုဒ်၏ အတ္ထဝဏ္ဏနာဖြစ်၏ ဟူလို။

ပုဒ်တစ်ပုဒ်အဖွင့်မှ ပုဒ်တစ်ပုဒ်အဖွင့် ပြသည့်နေရာတိုင်း ဤနည်းမှီ ကျမ်းတက်ပါ။

## အတ္ထုဒ္ဓါရဝါကျမှ အတ္ထုဒ္ဓေသဝါကျသို့ကျမ်းတက်

( က ) ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိ ဟေတု ဂုဏ နိဿတ္တနိဇ္ဇီဝတာ ဒိသုဒိဿတိ။ ပ။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတီတိ အာဒီသု နိဿတ္တ နိဇ္ဇီဝတာယံ။

( ခ ) သွာယ မိဓာပိ နိဿတ္တနိဇ္ဇီဝတာယမေဝ ဒိဿတိ။

(ဌ–ဂ၁)

အရှင်အဋ္ဌကထာဆရာ –

ဆရာသည် –

ဓမ္မသဒ္ဒေါ ပနာယံ စသော (က) ဝါကျဖြင့် ဓမ္မသဒ္ဒါ၏ ဟောနိုင်သမျှ ပရိယတ္တိစသော အနက်တို့ကို ပြဆိုတော်မူ၏။ (ဌ)

ဤသို့ပြဆိုသည်ရှိသော် – (ဓ)

ကုသလာ ဓမ္မာ ဟူသော ပါဌ်၌ ဓမ္မ သဒ္ဒါသည်လည်း ပရိယတ္တိစသောအနက်အားလုံးကို ဟော၏ဟူသော အနက်ရောက်ခဲ့ရာ၏။ (နု–ပါ)

http://www.dhammadownload.com



စင်စစ်သော်ကား ကုသလာ ဓမ္မာ ဟူသောပါဠိ၌ ဓမ္မ သဒ္ဒါသည် ပရိယတ္တိ စသော အနက်အားလုံးကို ဟော၏ ဟူသော အနက်သည် မရောက်သင့် (ပဋိ-ပါ)။

ထိုသို့ မရောက်သင့်လေသောကြောင့်—

ဤကုသလာ ဓမ္မာ၌ ဓမ္မသဒ္ဒါ၏ ဟောနိုင်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)

ကုသလာ ဓမ္မာ၌ ဓမ္မသဒ္ဒါ၏ ဟောနိုင်သောအနက်ကို မပြဆိုဘဲ မနေသင့်။ (ပဋိ-ရော)

မနေသင့်ဘဲ နေချေသော် ဆရာ့အပေါ်၌ စကားအလွန် ပုံ့နှံ့သော အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။ (စော)

ဤကုသလာ ဓမ္မာ၌ ဓမ္မသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း။

ဤသို့ စော်ဒနာဖွယ် ရှိသောကြောင့် သွာယ မိဓာပိ စသော (ခ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား-သွာယ မိဓာပိ စသော (ခ) ဝါကျဖြင့် ကုသလာ ဓမ္မာ၌ ဓမ္မသဒ္ဒါသည်နိဿတ္တ, နိဇ္ဇီဝတာအနက်ကို ဟောသည်ဟု ပြဆိုသော ကြောင့်။ပ။ ဟူလို။ (ဤကား စောဒနာတက်)။

ဝုတ္တာထထ်ချင်- ဒေါသာရောပန အချက်ချန်။ အဓိပ္ပာယ်ပြန်ရာ၌ ကုသလာ ဓမ္မာ၌ ဓမ္မသဒ္ဒါသည် နိဿတ္တ နိဇ္ဇီဝတာ အနက်ကိုဟော၏-ဟူလိုဟု ပြန်ပါ။

အတ္ထုဒ္ဓါရ-အတ္ထုဒ္ဓေသ ဝါကျတွေ့တိုင်း ဤနည်းမှီ ကျမ်းတက်ပါ။

တစ်နည်း တဝိကပ်၊ အကြောင်းတစ်မျိုး၊ ဝိဂ္ဂဟတစ်မျိုး စသည်ဖြင့် ဆိုရာ၌—ကျမ်းတက်

(က) ဝစနတ္ထော ပနေတ္ထ ကုစ္ဆိတေ ပါပကေ ဓမ္မေ သလယန္တိ စလယန္တိ ကမ္ပေန္တိ ဝိဒ္ဓံသေန္တီတိ ကုသလာ။

F7A

http://www.dhammadownload.com



(ခ) ကုစ္ဆိတေန ဝါ အာကာရေန သယန္တီတိ ကုသာ၊ တေ အကုသလ သင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိ ကုသလာ (ဌ-ဂ၁)

အရှင်အဋ္ဌကထာ—

ဆရာသည်—

(က) ဝါကျဖြင့် စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့် ကုသိုလ်မည်သော-ဟု ဆိုတော်မူ၏။ (ဌ)

ဤမှုသာဆိုသည်ရှိသော် (က)

စက်ဆုပ်အပ်သော အကုသိုလ် တရားတို့ကို ဖျက်ဆီး တတ်သောကြောင့်သာလျှင် ကုသိုလ်မည်၍ တစ်ပါးသော အကြောင်းကြောင့် ကုသိုလ်မမည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ)

စင်စစ်သော်ကား စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်သောကြောင့်သာလျှင် ကုသိုလ်မည်၍ တစ်ပါးသော အကြောင်းကြောင့် ကုသိုလ်မမည် ဟူသော အနက်သည် မရောက်သင့်။ (ပဋိ-ပါ)

ထိုသို့ မရောက်သင့်လေသောကြောင့်—

တစ်ပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော)

တစ်ပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်းကို မပြဆိုဘဲမနေသင့်။ (ပဋိ-ရော)

မနေသင့်ဘဲ နေချေသော် ဆရာ့အပေါ်၌ ဝါ၊ ဆရာ့အား မပြည့်စုံခြင်း အပရိပုဏ္ဏဒေါသ, မနှံ့စပ်ခြင်း အဗျာပိတဒေါသ သင့်ရောက်ရာ၏။ (စော)

တစ်ပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ ဝါ၊ တစ်ပါးသော ကုသိုလ်မည်ခြင်း၏ အကြောင်းကို အသို့ မှတ်ရပါအံ့နည်း။ (ပုစ္ဆာ)

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား- (ခ) ဝါကျဖြင့် အကုသိုလ်တရားကို ဖြတ်တတ်သော ကြောင့် ကုသိုလ်မည်၏ဟု ကုသိုလ်မည်ခြင်း၏ အကြောင်းတစ်ပါးကိုလည်း ပြဆိုသောကြောင့်။ပ။ ဟူလို။ (စောဒနာတက်)

ဝုဏ္ဏာထင်ကျော် - ဒေါ်သာရော်ပူန အချက်ချန်။

အဓိပ္ပာယ်ကား- (ခ) ဝါကျဖြင့် အကုသိုလ်တရားတို့ကို ဖြတ်တတ်သော ကြောင့် ကုသိုလ်မည်၏ဟု ကုသိုလ်မည်ခြင်း၏ အကြောင်းတစ်ပါးကိုလည်း ပြဆို၏ ဟူလို။

ဝါ, (ခ) ဝါကျသည် ကုသိုလ်မည်ခြင်း၏ အကြောင်းတစ်ပါး ဖြစ်၏ ဟူလို။ ဤကား အကြောင်းတစ်ပါးကို ငဲ့၍ ကျမ်းတက်ပုံတည်း။

## ဝိဂ္ဂဟကိုငဲ့၍ ကျမ်းတက်သော်

အရှင်အဋ္ဌကထာဆရာ—

ဆရာသည်-

(က) ဝါကျဖြင့် ကုသလာပုဒ်၏ ဝိဂ္ဂဟကို ပြန်ဆိုတော်မူ၏။ ဝါ- ကုသလာပုဒ်ကို-သလယန္တီတိ သလာ၊ ကုစ္ဆိတေသလာ ကုသလာဟု ဝိဂ္ဂဟ ပြုရမည်ကို ပြဆိုတော်မူ၏။ သော်....

ဆိုအပ်ပြီးသော ဝိဂ္ဂဟသာဖြစ်၍ တစ်ပါးသော ဝိဂ္ဂဟ မဖြစ်ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ပ။တစ်ပါးသော ဖြစ်သင့်သော ဝိဂ္ဂဟကိုလည်း ပြဆိုသင့်သေး၏။ ဤသို့ စသည်ဖြင့် ကျမ်းတက်။

အဓိပ္ပာယ်ကား(ခ)ဝါကျဖြင့် တစ်ပါးသော ဖြစ်သင့်သော ဝိဂ္ဂဟတစ်မျိုး ကိုလည်း ပြဆိုသောကြောင့်၊ ဝါ,သယန္တီတိသာ၊ ကုစ္ဆိတေနသာ၊ ကုသာ၊ လုနန္တီတိလာ၊ ကုသေလာ ကုသလာဟု တစ်ပါးသော ဖြစ်သင့်သော ဝိဂ္ဂဟကိုလည်း ပြဆိုသောကြောင့်။ပ။ ဟူလို။

အခြားသော "သံကိလေသေ ဝါ နိယုတ္တာ သံကိလေသိကာ" စသော တစ်နည်း တစ်ဝိကပ်, အကြောင်းတစ်မျိုး, ဝိဂ္ဂဟတစ်မျိုး ဖွင့်ဆိုရာ တိုင်း၌ ဤနည်းမှီကျမ်းတက်။

http://www.dhammadownload.com



## ကိဉ္စာပိစေါကျသို့ ကျမ်းရိုးငါးချက် ကျမ်းတက်

(က) သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော''ဒဿန''န္တိ ဝုစ္စတော၊

(ခ) ဂေါတြဘု ပန ကိဉ္စာပိ ပဌမတရံ ပဿတိ၊ ယထာ ပန။ပ။ ဧဝ မေဝ နိဗ္ဗာနံ ဒိသွာပိ ကတ္တဗ္ဗဿ ကိလေသပ္ပဟာနဿာ ဘာဝါန ''ဒဿန''န္တိ ဝုစ္စန္တိ။ (ဋ္ဌ-၅ဂ)

အရှင်အဋ္ဌကထာဆရာ-

ဆရာသည်-

(က) ဝါကျဖြင့် သောတာပတ္တိမဂ်သည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သောကြောင့် ဒဿနမည်၏ဟု ဆိုတော်မူ၏၊ (ဋ္ဌ)

ဤသို့ ဆိုသည်ရှိသော် (ဏ)

သောတာပတ္တိမဂ်သာ နိဗ္ဗာန်ကိုမြင်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နူ-ပါ)

စင်စစ်သော်ကား ဂေါတြဘုလည်း နိဗ္ဗာန်ကိုမြင်၏၊ (ပဋ္ဌိ-ပါ)

ထိုသို့ မြင်သောကြောင့် ဂေါတြဘုကိုလည်း ဒဿန ဟူ၍ ဆိုသင့်သေး၏၊ (နူ-ရော)

သောတာပတ္တိမဂ်ကိုသာ ဒဿန ဟူ၍ မဆိုသင့်၊ (ပဋ္ဌိ-ရော)

ဤသို့ ဆိုသင့်သည်ကို မဆိုချေသော် ဆရာအား အဗျာပိတ ဒေါသဝါ ဝိရောဓိဒေါသ ရောက်ရာ၏၊ (စော)

အဘယ့်ကြောင့် သောတာပတ္တိမဂ် ကိုသာ ဒဿန ဟူ၍ ဆိုအပ်ပါသနည်း၊ (ပုစ္ဆာ)

ဤသို့ စောဒနာဖွယ် ရှိသောကြောင့် ''ဂေါတြဘု ပန ကိဉ္စာပိ'' စသော (ခ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား- ဂေါတြဘုသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်ငြားသော်လည်း ပြုအပ်သော ကိလေသာကို ပယ်ခြင်းကိစ္စ မရှိသောကြောင့် ဒဿန ဟူ၍မဆိုရပါ။ ထိုသို့ မဆိုရသောကြောင့် သင် စောဒကတင်သော အဗျာပိတဒေါသ ဆရာ့အပေါ်၌ မရောက်ဟူလို၊ (စောဒနာတက်)

http://www.dhammadownload.com



ပုစ္ဆာထုတ်သော်-ဒေါသာရောပနံ အချက်ချန်။

အဓိပ္ပာယ်ကား-ဂေါတြဘုသည် ရှေးဦးစွာ နိဗ္ဗာန်ကို မြင်ငြားသော်လည်း ပြုအပ်သော ကိလေသာပယ်ခြင်းကိစ္စ မရှိသောကြောင့် ဒဿနဟူ၍ မဆိုရပါ ဟူလို။

## ဌပနာဘောဂုဒိပဥ္စကကျမ်း တက်သိုးသော်

ဆရာ ဆရာသည် (က) ဝါကျဖြင့် သောတာပတ္တိမဂ်ကို နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တတ်သောကြောင့် ဒဿန ဟူ၍ ဆိုအပ်သော ဟု ပြဆိုတော်မူ၏။ သော်.... ဂေါတြဘုသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သည် မဟုတ်ပါလော၊ ထိုသို့မြင်သောကြောင့် သောတာပတ္တိမဂ်ကိုသာ ဒဿနဟူ၍ မဆိုသင့်၊ ဂေါတြဘုကိုလည်း ဒဿနဟု ပြဆိုသင့်သေး၏။ အဘယ့်ကြောင့် သောတာပတ္တိမဂ်ကိုသာ ဒဿန ဟု ဆိုအပ်ပါသနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် ဂေါတြဘုံပန စသော (ခ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား-ဂေါတြဘုသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်သော်လည်း ကိလေသာပယ်ခြင်းကိစ္စ မရှိသောကြောင့် ဒဿန ဟု မဆိုအပ်၊ ကိလေသာကို ပယ်ခြင်းကိစ္စရှိသော သောတာပတ္တိမဂ်ကိုသာ ဒဿနဟု ဆိုအပ်၏ ဟူလို။ (ပုစ္ဆာတက်)

**စောဒနာထုတ်သော်-ရှေးကျမ်းရိုး ငါးချက်ကအတိုင်း ဒေါသာရောပနာထည့်၍ အဓိပ္ပာယ်ပြန်ပါ။**

(က) တေန ဝုတ္တံ "ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတီ"တိ၊

(ခ) ကိဉ္စာပိ ဟိ အဋ္ဌင်္ဂိကော အရိယမဂ္ဂေါ၊
လောကိယစိတ္တေ ပန ကေကာဏော တိယော ဝိရတိယော
န လဗ္ဘန္တိ၊ တသ္မာ "ပဉ္စင်္ဂိကော"တိ ဝုတ္တော။ (ဋ္ဌ-၁၉၇)။

## ပါဠိပနာဒိကျမ်းတက်

ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ ဟု ဟောတော်မူ၏။ ဤသို့ဟောသည်ရှိသော် အရိယာမဂ်သည် အင်္ဂါ ငါးပါးရှိ၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ စင်စစ်သော်ကား အရိယ

http://www.dhammadownload.com



မဂ်သည် အင်္ဂါငါးပါးရှိသည် မဟုတ်၊ အင်္ဂါရှစ်ပါး ရှိသည်သာ ဖြစ်၏။ ထိုသို့ရှိလေသောကြောင့် အဋ္ဌင်္ဂိကော မဂ္ဂေါ ဟု ဟောသင့်၏၊ (နု-ရော)၊ ပဉ္စင်္ဂိကော မဂ္ဂေါဟု မဟောသင့်၊ (ပဋိ-ရော)၊ ဟောသည်ရှိသော်။ ဝါ၊ ဟောရာ၌ မြတ်စွာဘုရားအား ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ တစ်နည်း ဟောခြင်း၏အကြောင်းကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသ, ဝိရောဓိဒေါသ သင့်ရာရောက်၏။ အဘယ်ကြောင့် ပဉ္စင်္ဂိကော မဂ္ဂေါဟု ဟောတော်မူပါသနည်း။ ဝါ၊ ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ ဟု ဟောတော်မူခြင်း၏ အကြောင်းကား အဘယ်ပါနည်း။

ဤကဲ့သို့ စောဒနာဖွယ်ရှိသောကြောင့် "ကိဉ္စာပိတိ" စသော (၁) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား-အရိယမဂ်သည်အင်္ဂါရှစ်ပါးရှိသော်ငြားလည်း လောကီစိတ်၌ တစ်ပြိုင်နက်သော ခဏဝယ် သုံးပါးကုန်သော ဝိရတီတို့ကို မရအပ်ကုန်လေသောကြောင့် ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ ဟု ဟောတော်မူသည့်အတွက် မြတ်စွာဘုရားအား ရှေ့နောက်ဆန့်ကျင်သော ပုဗ္ဗာပရဝိရောဓိဒေါသ မရောက်ဟူလို။

တစ်နည်းကား=အရိယမဂ်သည် အင်္ဂါရှစ်ပါး ရှိသော်လည်း လောကီစိတ်၌ တစ်ပြိုင်နက်သောခဏဝယ် သုံးပါးကုန်သော ဝိရတီတို့ကို မရအပ်ကုန်လေသောကြောင့် ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ ဟု ဟောသည်ဟု ဟောရခြင်း၏အကြောင်းကို ပြဆိုသောကြောင့် ဆရာအား အဗျာပိတဒေါသ, ဝိရောဓိဒေါသ မရောက်ဟူလို။ (စောဒနာတက်)

ဝုစ္စာထက်သော်-ဒေါသာရောပန အချက်ချန်။

အဓိပ္ပာယ်ကား- အရိယမဂ်သည် အင်္ဂါရှစ်ပါး ရှိငြားသော်လည်း လောကီစိတ်၌ တစ်ပြိုင်နက်သောခဏဝယ် သုံးပါးကုန်သော ဝိရတီတို့ကို မရအပ်ကုန်လေသောကြောင့် ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ ဟု ဘုရားရှင်ဟောတော်မူသည် ဟူလို။

တစ်နည်း (၁) ဝါကျဖြင့် ပဉ္စင်္ဂိကော မဂ္ဂေါ ဟောတိ ဟု ဟောတော်မူခြင်း၏ အကြောင်းကို ဝါ အဋ္ဌကထာဆရာ ပြဆို၏ဟူလို။

http://www.dhammadownload.com



## ဌပနာ၁ပဥ္ဇကကျမ်းတက်သော်

အဋ္ဌကထာဆရာ မြတ်စွာဘုရားသည် ပဥ္စင်္ဂိကော မဂ္ဂေါ ဟောတိဟု ဟောတော်မူ၏။ ဤသို့ ဟောတော်မူသည်ရှိသော်, ဝါ၊ ဤသို့ပင် ဟောသော်လည်း အရိယမဂ်သည် အင်္ဂါရှစ်ပါးရှိသည် မဟုတ်ပါလော။ ထိုသို့ ရှိလေသောကြောင့် ပဥ္စင်္ဂိကော မဂ္ဂေါ ဟောတိဟုမဟောသင့်။ အဋ္ဌင်္ဂိကော မဂ္ဂေါ ဟောတိ ဟူသာ ဟောသင့်၏။ အဘယ့်ကြောင့် ပဥ္စင်္ဂိကော မဂ္ဂေါ ဟောတိဟု ဟောပါသနည်း၊ ဤသို့ မေးဖွယ်ရှိသောကြောင့် "ကိဉ္စာပိဟိ" စသော (၁) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား- အရိယမဂ်သည် အင်္ဂါရှစ်ပါး ရှိသော်လည်း လောကီစိတ်၌ တစ်ပြိုင်နက်သောခဏဝယ် ဝိရတိသုံးပါးတို့ကို မရသောကြောင့် ပဥ္စင်္ဂိကော မဂ္ဂေါ ဟောတိဟု ဟောတော်မူသည် ဟူလို။ (ပုစ္ဆာတက်)

## စောဒနာတက်သော် ရှေးကျမ်းတက်နည်းအတိုင်း (နိဒေါ်သာရောပန) ထည့်၍ တက်ပါ

အဓိပ္ပာယ်ကား- အရိယမဂ်သည် ။ပ။ မြတ်စွာဘုရားအား ရှေ့နောက်ဆန့်ကျင်သော ပုဗ္ဗာပရဝိရောဓိဒေါသ မရောက်ဘူလို။

ထစ်နည်းထား- ပဥ္စင်္ဂိကော မဂ္ဂေါ ဟောတိ ဟု ဟောတော်မူခြင်းအကြောင်းကို ပြဆိုသောကြောင့် ဆရာအား အဗျာပိတဒေါသ, ဝိရောဓိဒေါသ မရောက်ဟူလို။

[မှတ်ချက်။ ။ကိဉ္စာပိ ဝါကျကို ဌပနာသဥ္ဇက ကျမ်းတက်ရာ၌ ကိဉ္စာပိ ထိုင်ရာ ဝါကျ အနက်တို့တွင် ကိဉ္စာပိ၏ အနက်ဖြစ်သော (အကယ်၍ကား) ဟူသော အနက်ကိုဖြုတ်၍ နနူ အနက်ဖြစ်သော (မဟုတ်ပါသော) ဟူသော စကားကို ထည့်၍ ကိဉ္စာပိ ဝါကျကို အာဘော်ထားကျမ်းတက်။ အချုပ်ကိဉ္စာပိ ဝါကျတို့တွင် ကိဉ္စာပိအနက်ဖြုတ် နနူအနက်ထည့်အာဘော် ဖြစ်၏။]

http://www.dhammadownload.com



## အဋ္ဌကထာ၌ တည်ဝါဒ်ပြု သံဝဏ္ဏေတဗ္ဗပုဒ်မှ သံဝဏ္ဏနာပုဒ်သို့ ကျမ်းတက်

ဒဿနေနာတိ သောတာပတ္တိ မဂ္ဂေန (ဋ္ဌ-ဂ၅)

ဆရာ ဆရာသည် ဒဿနေန ဟု သံဝဏ္ဏေတဗ္ဗ ကိုဆို၏၊ ....သော်.... သံဝဏ္ဏေတဗ္ဗသာရှိ၍ သံဝဏ္ဏနာ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ စင်စစ်သော်ကား သံဝဏ္ဏေတဗ္ဗသာရှိ၍ သံဝဏ္ဏနာမရှိဟူသော အနက်သည် မရောက်သင့်၊ ထိုသို့ မရောက်သင့်သောကြောင့် သံဝဏ္ဏနာကိုလည်း ပြဆို သင့်သေး၏။ သံဝဏ္ဏနာကိုမပြဘဲ မနေသင့်၊ မနေသင့်ဘဲ နေချေသော် ဆရာ့အပေါ်၌ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ သံဝဏ္ဏနာကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ် ရှိသောကြောင့် သောတာပတ္တိ မဂ္ဂေန ဟူသော သံဝဏ္ဏနာပါဌ်ကိုမိန့်။

အဓိပ္ပာယ်ကား- သောတာပတ္တိ မဂ္ဂေန ဟု သံဝဏ္ဏနာကိုလည်း ပြဆို သောကြောင့်။ပ။ ဟူလို။ (စောဒနာတက်)

ဝုတ္တာထက်သော်- ဒေါသာရောပန အချက်ချန်။

အဓိပ္ပာယ်ကား - သောတာပတ္တိမဂ္ဂေနဟု သံဝဏ္ဏနာကိုလည်း ပြဆို၏ ဟူလို။ ဝါ၊ ဒဿနေန ဟူသော သံဝဏ္ဏနာတဗ္ဗ၏ သံဝဏ္ဏနာကား သော- တာပတ္တိ မဂ္ဂေန ဖြစ်၏ ဟူလို။ ဤကား ပါဌ်နာဒိ ကျမ်းတက်တည်း။

## ဋ္ဌပနာပဉ္စက ကျမ်းတက်လိုသော်

သံဝဏ္ဏနာကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ဝါ၊ သံဝဏ္ဏနာ သည်လည်း ရှိသင့်သည်မဟုတ်ပါလော၊ ဝါ၊ သံဝဏ္ဏနာကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော ဟု အာဘော်ထားတက်။

## ကျမ်းရိုးငါးချက် ကျမ်းတက်ရာ၌ စကားအသုံးဆန္ဒနှီး ဝေါဟာရ ဝါဒအမျိုးမျိုး နာနာဝါဒ ပုဒ်တစ်မျိုးအဖွင့်မှ ပုဒ်တစ်မျိုးအဖွင့်သို့ ကျမ်းတက်ရာ၌ ဝထမနည်း

ရူပံ ပုဒ်၏ အတ္ထဝဏ္ဏနာသာရှိ၍ ဥပပတ္တိ ပုဒ်၏ အတ္ထဝဏ္ဏနာ မရှိ ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပ္ပါ)

http://www.dhammadownload.com



စင်စစ်သော်ကား ရူပံပုဒ်၏ အတ္ထာဝဏ္ဏနာသာရှိ၍ ဥပပတ္တိ ပုဒ်၏ အတ္ထာဝဏ္ဏနာ မရှိဟူသော အနက်သည် မရောက်သင့်။ (ပဋိ-ပါ)

## ဒုတိယနည်း

ရူပံပုဒ်၏ အတ္ထာဝဏ္ဏနာသာလျှင် ရှိ၏ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ)

စင်စစ်သော်ကား ရူပံ ပုဒ်၏ အတ္ထာဝဏ္ဏနာသာလျှင် ရှိသင့်သည်မဟုတ်၊ ဥပပတ္တိ ပုဒ်၏ အတ္ထာဝဏ္ဏနာသည်လည်း ရှိသင့်သည်သာ ဖြစ်၏။ (ပဋိ-ပါ)

## တတိယနည်း

ရူပံ ပုဒ်၏ အတ္ထာဝဏ္ဏနာသာလျှင် ရှိ၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု - ပါ)

စင်စစ်သော်ကား ရူပံ ပုဒ်၏ အတ္ထာဝဏ္ဏနာသာလျှင် ရှိ၏ ဟူသော အနက်သည် မရောက်သင့်။ (ပဋိ - ပါ)

## စတုတ္ထနည်း

ရူပံပုဒ်၏ အတ္ထာဝဏ္ဏနာသာလျှင်ရှိ၏ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နုပါ-ပါ)

ဥပပတ္တိပုဒ်၏ အတ္ထာဝဏ္ဏနာကား မရှိဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (ပဋိ-ပါ)

စင်စစ်သော်ကား ဥပပတ္တိပုဒ်၏ အတ္ထာဝဏ္ဏနာသည်လည်း ရှိသင့်သည်သာဖြစ်သောကြောင့် (ရောပနာပါဒကဟိတ်)

## ပဉ္စမနည်း

ဤသို့ ရူပံ ပုဒ်၏ အတ္ထာဝဏ္ဏနာသာ ပြဆိုသည်ရှိသော်
ဥပပတ္တိပုဒ်၏ အတ္ထာဝဏ္ဏနာ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။
(နု - ပါ)

စင်စစ်သော်ကား ဥပပတ္တိပုဒ်၏ အတ္ထာဝဏ္ဏနာ မရှိဟူသော အနက်သည်မရောက်သင့်။ ဝါ, ဥပပတ္တိပုဒ်၏ အတ္ထာဝဏ္ဏနာ မရှိသည်ကား မဟုတ်၊ ရှိသည်သာတည်း။ (ပဋိ - ပါ)

http://www.dhammadownload.com



## ဆဋ္ဌနည်း

ဥပပတ္တိပုဒ်၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု - ပါ)

စင်စစ်သော်ကား ဥပပတ္တိ ပုဒ်၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အနက်အဓိပ္ပာယ်သည် မရောက်သင့်။ (ပဋိ - ပါ)

## ပဋိလောမ ရောပနာ၌လည်း

## ပထမနည်း

ဥပပတ္တိပုဒ်၏ အတ္ထဝဏ္ဏနာကို မပြဆိုဘဲ မနေသင့်။ (ပဋိ–ရော)

(ရှေး အနုလောမ ရောပနာစကားကို ဆန့်ကျင်ဘက် ပြောင်းပြန် ဗျတိရိက်အားဖြင့် ပြင်၍ ဆိုသည်။)

## ဒုတိယနည်း

ရူပံ ပုဒ်၏ အတ္ထသံဝဏ္ဏနာမျှကိုသာ မဆိုသင့် (ပဋိ–ရော) ရှေးဌပနာစကားကို ပြန်ပယ်၍ ဆိုသည်, ဌပနာပဋိကွေပနှင့် သဘောသွားတူ၏။

[အမှာ ။ ။ အခြားပုဒ်, ဝါကျတို့၌ ကျမ်းရိုးငါးချက် ခေါ် ပါပနပဒိကျမ်းတက်ရာ၌လည်း ဤကဲ့သို့ စကားအသုံးအနှုန်း, ဝါဒအမျိုးမျိုး အဖုံဖုံကွဲပြားခြားနားလျက် ရှိနိုင်ပုံကို သိပါလေ။ ဝါ ချဲ့ထွင်ကြည့်ပါလေ။ မိမိတို့ ကျမ်းတက် ရာ၌ကား နှစ်သက်ရာ တစ်မျိုးမျိုးသုံးလျှင် ရပါသည်။

ထို့ပြင် ဌပနာပဋ္ဌက က (အန္ဒယ–အနုညာတ) နှင့် ပါပနာဒိကျမ်းတက်က (အနုလောမရောပနာ) စကားရပ်များသည် နေရာတိုင်း လုံးဝတူနေကြသည်။]

http://www.dhammadownload.com



## ကျမ်းထွက်

[ ဆောင် ]သဒ္ဒါ, ပညတ်၊ ပရမတ်၊ သုံးရပ်ထွက်နည်းပြ။

### ဌပနာခွက
### သဒ္ဒါထွက်
### ကြိယာပုဒ်မှ ကံပုဒ်သို့ ထွက်ပုံ

(အယံ) အတ္တံ ပကာသယိဿာမိ။ (၄-၂)

ဤဝါကျ၌ လိုရင်းကား ပကာသယိဿာမိတည်း။ အဓိပ္ပာယ်ကား - ပြပေအံ့ ဟူလို။ ဤကား အသမ္ဗန္ဓာဝတ္ထုနည်းအရ လိုရင်းကောက်ပုံတည်း။

(တစ်နည်း) ဤဝါကျ၌ လိုရင်းကား အတ္တံ ပကာသယိဿာမိတည်း။ အဓိပ္ပာယ်ကား "အနက်ပြပေအံ့" ဟူလို။ ဤကား သမ္ဗန္ဓာဝတ္ထုနည်းအရ လိုရင်း ကောက်ပုံတည်း။

[ မှတ်ချက် ။ ။ လိုရင်းကောက်ရာ၌ ကြိယာပုဒ် တစ်ခုကိုသာ လိုရင်းကောက်လျှင် အသမ္ဗန္ဓာဝတ္ထုနည်း။ ကံ, ကတ္တား, အကာရက စသော အဆွယ်အပွားပုဒ် များနှင့် တွဲဖက်ကောက်ရလျှင် သမ္ဗန္ဓာဝတ္ထုနည်း။]

အရှင် အဋ္ဌကထာဆရာ (အလုပ်)
အဋ္ဌကထာ ဆရာသည် (ကတ္တား)

ပကာသယိဿာမိ ပါဌ်ဖြင့် သကမ္မကကြိယာကို ပြဆိုတော်မူ၏၊ (ဌပနာ) ဤသို့ပြဆိုသည်ရှိသော် (ဒေါသပေက္ခ လက္ခဏာ) သကမ္မကကြိယာ ဖြစ်သည် အားလျော်စွာ ထိုကြိယာ၏ ကံကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။

(အာဘောဂ)

ထိုသို့ သကမ္မကကြိယာ၏ ကံကိုလည်း ပြဆိုသင့်လေသောကြောင့် (အာဘောဂ ပေတု) တစ်နည်း - သကမ္မကကြိယာဖြစ်၍ ကံရှိသင့်သည် မဟုတ်ပါလော။ (အာဘောဂ)။

http://www.dhammadownload.com



ထိုသို့ ကံရှိသင့်လေသောကြောင့် (အာဘောဂဟေတု) တစ်နည်း သကမ္မကကြိယာသည် ကံနှင့်မကင်းရာသည်ဖြစ်၍ ကံ,ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ (အာဘောဂ)

ထိုသို့ ကံကိုလည်း ပြဆိုသင့်လေသောကြောင့် (အာဘောဂဟေတု)

တစ်နည်း ဤသို့သာ ပြဆိုသည်ရှိသော် (ဏ)

ထိုကြိယာ၏ ကံကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ် ပါလော (ဘော) ထိုသို့ ရောက်ရာလေသောကြောင့် (ဘော–ဟေ)

ပကာသယိဿာမိ ပါဌ်ဖြင့် သကမ္မကကြိယာမျှကိုသာ မဆိုသင့်။

(ဋ္ဌပနာ – ပဋိက္ခေပ)

ထိုသကမ္မက ကြိယာ၏ ကံကိုလည်း ပြဆိုသင့်သေး၏။ (အန္ဒယ)

ထိုသကမ္မက ကြိယာ၏ ကံကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ မေးဖွယ်ရှိသောကြောင့် အတ္ထံ ဟူသောပါဌ်ကို မိန့်။

အဓိပ္ပာယ်ကား – ပကာသယိဿာမိ – ဟူသော သကမ္မကကြိယာ၏ ကံကား အတ္ထံဖြစ်၏ ဟူလို။ (ဤကား ပုစ္ဆာထွက်)

**စောဒနာထွက်သော်** – သကမ္မကကြိယာ၏ ကံကို ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာအား ကမ္မ, ကမ္မိ ဆန့်ကျင်သော ဝိရောဓိဒေါသသင့် ရောက်ရာ၏။ (ဒေါသာရောပနစောဒနာ)

ထိုသကမ္မက ကြိယာ၏ကံကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် အတ္ထံ ဟူသော ပါဌ်ကိုမိန့်။

(ကျန်အချက်များ ရှေးပုစ္ဆာထွက်ကအတိုင်း ဆိုပါ)

အဓိပ္ပာယ်ကား – အတ္ထံပါဌ်ဖြင့် ပကာသယိဿာမိ ဟူသော သကမ္မက ကြိယာ၏ ကံကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော ဝိရောဓိဒေါသ ဆရာအား မရောက်ဟူလို။

## ပညတ်ထွက်

(လိုရင်းကောက် အဓိပ္ပာယ်ပြန် ရှေးကအတိုင်း)

http://www.dhammadownload.com



ဆရာ၊ ဆရာသည် ပကာသယိဿာမိပါဋ္ဌ်ဖြင့် ပြပေအံ့ဟု ဆိုတော်မူ၏။ ဤသို့ဆိုချေသော် ပြအပ်သော အရာသည်လည်း ရှိကောင်းသည် မဟုတ်ပါလော။ ထိုသို့ ရှိကောင်းလေသောကြောင့် ပကာသယိဿာမိ ပါဋ္ဌ်ဖြင့် ပြပေအံ့ ဟူ၍သာ မဆိုသင့်၊ ပြုအပ်သောအရာကိုလည်း ပြဆိုသင့်သေး၏။ ပြအပ်သော အရာကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် အတ္ထံဟူသော ပါဋ္ဌ်ကိုမိန့်။

အဓိပ္ပာယ်ကား ပြအပ်သော အရာသည် အနက်ဖြစ်၏ ဟူလို (ဤကား ပုစ္ဆာထွက်တည်း။ )

**စောဒနာထွက်သော်** - ပြအပ်သော အရာကို မပြဆိုခဲ့သော် ဆရာ့အား အဗျာပိတဒေါသ-ဉာယဝိရောဓိဒေါသ သင့်ရောက်ရာ၏။ ပြအပ်သောအရာကား အဘယ်ပါနည်း။ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် အတ္ထံဟူသော ပါဋ္ဌ်ကိုမိန့်။

အဓိပ္ပာယ်ကား အတ္ထံဟူသော ပါဋ္ဌ်ဖြင့် ပြအပ်သော အနက်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သောဒေါသ ဆရာအား မရောက်ဟူလို။ (ကျန်အချက်များ ပုစ္ဆာတက်ကအတိုင်း)

## ပရမတ်ထွက်

ဆရာ ဆရာသည် ပကာသယိဿာမိ ဟု အာရမ္ဘကိရိက ပစ္စယုပ္ပန်ကို ပြဆိုတော်မူ၏။ ထိုသို့ ပြဆိုချေသော် အာရမ္ဘကိရိက ပစ္စယုပ္ပန်သည် အာရမ္ဘဏပစ္စည်းနှင့် မကင်းရာသည် ဖြစ်၍ အာရမ္ဘဏပစ္စည်းကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ ထိုသို့ ပြဆိုသင့်သောကြောင့် ပကာသယိဿာမိဟု အာရမ္ဘကိရိက ပစ္စယုပ္ပန်ကိုသာ မဆိုသင့်၊ အာရမ္ဘဏပစ္စည်းကိုလည်း ဆိုသင့်သေး၏။ အာရမ္ဘဏ ပစ္စည်းကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် "အတ္ထံ" ဟူသော ပါဋ္ဌ်ကိုမိန့်။

အဓိပ္ပာယ်ကား-ပကာသယိဿာမိ ဟူသော အာရမ္ဘကိရိက ပစ္စယုပ္ပန်၏ အာရမ္ဘဏပစ္စည်းကား အတ္ထံဖြစ်၏ဟူလို။ (ပုစ္ဆာထွက်)

စောဒနာထွက်သော် - ပကာသယိဿာမိ ဟူသော အာရမ္ဘကိရိက ပစ္စယုပ္ပန်၏ အာရမ္ဘဏပစ္စည်းကို မပြဆိုချေသော် ဆရာအား ပစ္စည်း,

http://www.dhammadownload.com



ပစ္စယုပ္ပန်ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ (ဒေါ၊ စော) (ကြွင်းအချက်များ ရှေးပုစ္ဆာထွက်ကနှင့်တူ၏။)

အဓိပ္ပာယ်ကား အတ္ထံပါဠ်ဖြင့် အာရမ္မဏ ပစ္စည်းတရားကိုလည်း ပြဆိုသောကြောင့်။ ပ။ ဟူလို။

## ကြိယာမှ ကတ္တားသို့ သဒ္ဒါထွက်

ဆရာ ဆရာသည် ပကာသယိဿာမိဖြင့် ကတ္တုဝါစက ကြိယာကို ပြဆိုတော်မူ၏။ ... သော် ... ကတ္တုဝါစကကြိယာမည်သည် ကတ္တားနှင့်မကင်းရာသည် ဖြစ်၍ ကတ္တားကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ထိုသို့ ပြဆိုသင့်လေသောကြောင့် ပကာသယိဿာမိပါဠ်ဖြင့် ကတ္တုဝါစက ကြိယာမျှကိုသာ မဆိုသင့်၊ ထိုကတ္တုဝါစကကြိယာ၏ ကတ္တားကိုလည်း ပြဆိုသင့်သေး၏။ ထိုကတ္တုဝါစက ကြိယာ၏ ကတ္တားကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် "အဟံ" ပါဠ်ကိုမိန့်။

အဓိပ္ပာယ်ကား - ပကာသယိဿာမိ ဟူသော ကတ္တုဝါစက ကြိယာ၏ ကတ္တားကား အဟံ-ဖြစ်၏ဟူလို။ (ပုစ္ဆာထွက်)

စောဒနာထွက်သော် - ပကာသယိဿာမိ-ဟူသော ကတ္တုဝါစက-ကြိယာ၏ ကတ္တားကို မပြဆိုချေသော် ကတ္တား, ကတ္တိ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏-ဟု ဒေါသာရောပနစောဒနာ ထည့်၍ ထွက်ပါ။

အဓိပ္ပာယ်ကား - အဟံပါဠ်ဖြင့် ကတ္တားကိုလည်း ပြဆိုသောကြောင့်။ ပ။ ဟူလို။ (ကျန်အချက်များ ပုစ္ဆာထွက်ကအတိုင်း)

## ပညတ်ထွက်

ဆရာ ဆရာသည် ပကာသယိဿာမိဖြင့် "ပြပေအံ့" ဟုဆိုတော် မူ၏။ ... သော် ပြတတ်သော ပုဂ္ဂိုလ်သည်လည်း ရှိသင့်သည် မဟုတ်ပါလော၊ ထိုသို့ ရှိသင့်လေသောကြောင့်၊ ပကာသယိဿာမိဖြင့် "ပြပေအံ့" ဟူ၍သာ မဆိုသင့်၊ ပြတတ်သော ပုဂ္ဂိုလ်ကိုလည်း ဆိုသင့်သေး၏။ ပြတတ်သော ပုဂ္ဂိုလ်ကား အဘယ်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် "အဟံ" ပါဠ်ကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား - ပြတတ်သော ပုဂ္ဂိုလ်သည် အဟံ ဖြစ်၏ဟူလို။ (ဤကား ပုစ္ဆာထွက်တည်း)

**စောဒနာထွက်သော်** - ပြတတ်သော ပုဂ္ဂိုလ်ကို မပြဆိုချေသော် ဆရာ အားအဗျာပိတဒေါသ, ဉာယဝိရောဓိဒေါသ သင့်ရောက်ရာ၏။ (ဒေါ-စော)

အဓိပ္ပာက်ကား — အဟံပါဌ်ဖြင့် ပြတတ်သော ပုဂ္ဂိုလ်ကိုလည်း ပြဆိုသောကြောင့်။ ပ။ ဟူလို။ (ကျန်အချက်များ ပုစ္ဆာထွက်ကအတိုင်း)

## ပရမတ်ထွက်

ဆရာ ဆရာသည် ပကာသယိဿာမိ ဟု သဟဇာတပစ္စယုပ္ပန်ကိုဆိုတော်မူ၏။ .... သော် သဟဇာတပစ္စယုပ္ပန်သည် သဟဇာတပစ္စည်းနှင့် မကင်းရာသည်ဖြစ်၍ သဟဇာတ ပစ္စည်းကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ (ဤသို့ စသည်ဖြင့် ရှေး၌ဆိုခဲ့သော အတ္တံ ဟူသော ကံပုဒ်ကို ပရမတ်ကျမ်းထွက်က အတိုင်း နည်းမှီထွက်၊ အဓိပ္ပာယ်ပြန်။)

သောဟိ ပထမံ နိဗ္ဗာနံ ဒဿနတော "ဒဿန" န္တိ ဝုတ္တော။ ဂေါတြဘု ပန ကိဉ္စာပိ ပထမတရံ ပဿတိ။ (၄-၈၅)

## ဝုတ္တောတြိယာမှ သော ဟူသော ကံပုဒ်သို့ သဒ္ဒါထွက်

ဆရာ၊ ဆရာသည် ဝုတ္တောဟု သကမ္မက ကိတ်ကြိယာကို ပြဆိုတော်မူ၏။ ... သော် သကမ္မကကိတ် ကြိယာမည်သည် ကံနှင့် မကင်းရာသည်ဖြစ်၍ ကံကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ (ဤသို့ စသည်ထွက်ပါ)။

အဓိပ္ပာယ်ကား ဝုတ္တောဟူသော သကမ္မက ကြိယာ၏ ဝုတ္တကံကား သော-ဖြစ်၏ဟူလို။ (ပုစ္ဆာထွက်)

(စောဒနာထွက်ကိုလည်း ရှေးဆိုခဲ့ပြီးသည်တို့ကို နည်းမှီထွက်)။

## ဝုတ္တောမှ သောပုဒ်သို့ ပညတ်ထွက်

ဆရာ ဆရာသည် ဝုတ္တောဖြင့် ဟောအပ် ဆိုအပ်၏ဟု ပြဆိုတော်မူ၏။ .............. သော် ဟောအပ် ဆိုအပ်သော တရားကိုလည်း ပြဆိုသင့်

http://www.dhammadownload.com



သည် မဟုတ်ပါလော၊ တစ်နည်း ဟောအပ်ဆိုအပ်သော တရားသည် သကဒါဂါမိမဂ် စသည်ဖြစ်ကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ စသည် အာဘော်ထား၍ ထွက်။

အဓိပ္ပာယ်ကား - ဟောအပ်ဆိုအပ်သော တရားသည် သောတာပတ္တိမဂ်ဖြစ်၏ ဟူလို။ (ပုစ္ဆာထွက်)

(စေဒနာထွက်လည်း သိလောက်ပြီ၊ ပရမတ်ထွက်ကိုလည်း ရှေး၌ ဆိုခဲ့ပြီးသည်တို့ကို နည်းမှီ၍ အာရမ္မဏမျိုးထွက်)

ဝုတ္တောမှ ပါဌသေသ ဘဂဝတာသို့ ပညတ်ထွက်

[ဌပနာ ယခင်အတိုင်း]

ဟောတတ် ဆိုတတ်သော ပုဂ္ဂိုလ်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ တစ်နည်း, ဟောတတ်ဆိုတတ်သော ပုဂ္ဂိုလ်သည် သာဝကစသည်ဖြစ်ကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော (စသည်အာဘော်ထားထွက်)။

အဓိပ္ပာယ်ကား - ဟောတတ် ဆိုတတ်သော ပုဂ္ဂိုလ်သည် မြတ်စွာဘုရားဖြစ်၏ ဟူလို။ (အကြွင်းတို့ကို ရှေးဆိုခဲ့ပြီးသည့် နည်းအတိုင်း ထွက်ပါ။)

ဝုတ္တော မှ ဒဿနတောသို့ သဒ္ဒါထွက်

ဆရာ၊ ဆရာသည် ဝုတ္တောဟူသော ဟောတုဖလကို ဆိုတော်မူ၏။ ....သော် ဟောတုဖလမည်သည် ဟိတ်နှင့် မကင်းရာသည် ဖြစ်၍ ဟိတ်ကိုလည်း ပြဆိုသင့်သည်မဟုတ်ပါလော၊ တစ်နည်း, ဟောတုဖလ၏ ဟိတ်သည် ဂမနတော စသည်ဖြစ်ကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (စသည် အာဘော်ကားထွက်)။

အဓိပ္ပာယ်ကား - ဝုတ္တောဟူသော ဟောတုဖလ၏ ဟိတ်သည် ဒဿနတောဖြစ်၏ ဟူလို၊ (ပုစ္ဆာထွက်)။

(စောဒနာထွက် ရှေးနည်းမှီ)

http://www.dhammadownload.com



ပညတ်ထွက်သော်-ဆရာ ဆရာသည် ဝုတ္တောပါဠိဖြင့် ဟောအပ်,ဆိုအပ်၏ဟု ပြတော်မူ၏။....သော် ဟောခြင်း ဆိုခြင်း၏အကြောင်းကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ (စသည် အာဘော်ထားထွက်)။

အဓိပ္ပာယ်ကား-ဟောခြင်း ဆိုခြင်း၏အကြောင်းသည် မြင်တတ်သည့်၏ အဖြစ် ဖြစ်သည့်ဟူလို။

### ဒဿနတော မှ နိဗ္ဗာန်သို့ ပညတ်ထွက်

ဆရာ ဆရာသည် ဒဿနတောဖြင့် မြင်တတ်သည့်၏ အဖြစ်ကြောင့်ဟု ဆိုတော်မူ၏၊....သော် မြင်အပ်သော တရားကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ ဝါ, မြင်အပ်သောတရားသည် ရုပ်နာမ် သင်္ခတတရား ဖြစ်ကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော (စသည် အာဘော်ထားထွက်)။

အဓိပ္ပာယ်ကား-မြင်အပ်သောတရားသည် ရုပ်နာမ် သင်္ခတတရားမဟုတ်၊ နိဗ္ဗာန် ဟူသော အသင်္ခတတရားဖြစ်၏ ဟူလို။

### ပဿတိမှ ဂေါတြဘုသို့ ပညတ်ထွက်

ဆရာ ဆရာသည် ပဿတိဖြင့် မြင်တတ်၏ဟု ဆိုတော်မူ၏၊....သော် မြင်တတ်သော တရားသည်လည်း ရှိကောင်းသည် မဟုတ်ပါလော၊ ထိုသို့ ရှိကောင်းလေသောကြောင့် မြင်တတ်၏ဟူ၍သာ မဆိုသင့်၊ မြင်တတ်သော တရားကိုလည်း ပြဆိုသင့်သေး၏၊ မြင်တတ်သော တရားကား အဘယ်ပါနည်း၊ ဤသို့မေးဖွယ်ရှိသောကြောင့် ''ဂေါတြဘု''ဟူသော ပါဌ်ကိုမိန့်။

အဓိပ္ပာယ်ကား-မြင်တတ်သော တရားသည် ဂေါတြဘုဖြစ်၏ ဟူလို။

### ပဿတိမှ ဂေါတြဘုသို့ ပရမတ်ထွက်

သဟဇာတ ပစ္စယုပ္ပန်သည် သဟဇာတပစ္စည်းနှင့် မကင်းရာသည်ဖြစ်၍ သဟဇာတပစ္စည်းကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလောဟု အာဘော် ထားထွက် (သဒ္ဒါထွက်ကား လွယ်ပြီ)။

F9A ဘိက္ခု ဝိဟာရံ ဂစ္ဆတိ။

http://www.dhammadownload.com



## ဂစ္ဆတိမှ ဘိက္ခုသို့ သဒ္ဒါထွက်

ဆရာ ဆရာသည် ဂစ္ဆတိပါဠ်ဖြင့် ကတ္တုဝါစကကြိယာကို ပြဆိုတော်မူ၏၊....သော် ကတ္တုဝါစကကြိယာသည် ကတ္တားနှင့် မကင်းရာသည်ဖြစ်၍ ကတ္တားကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။

တစ်နည်း ဂစ္ဆတိကြိယာ၏ ကတ္တားသည် သာမဏေရော စသည် ဖြစ်ကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော စသည် အာဘော်ထားထွက်။

အဓိပ္ပာယ်ကား ဂစ္ဆတိ ဟူသော ကတ္တုဝါစက ကြိယာ၏ ကတ္တားကား သာမဏေရော စသည် မဟုတ်၊ ဘိက္ခုဖြစ်၏ ဟူလို။

## ပညတ်ထွက်

ဆရာ ဆရာသည် ဂစ္ဆတိပါဠ်ဖြင့် သွား၏ဟု ဆိုတော်မူ၏၊....သော် သွားတတ်သော ပုဂ္ဂိုလ်ကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ တစ်နည်း သွားတတ်သော ပုဂ္ဂိုလ်သည် သာမဏေစသည် ဖြစ်ကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော စသည် အာဘော်ထားထွက်။

အဓိပ္ပာယ်ကား-သွားတတ်သော ပုဂ္ဂိုလ်သည် သာမဏေ စသည်မဟုတ်။ ရဟန်းဖြစ်၏ ဟူလို။

ပရမတ်ထွက်ရာ၌ သဟဇာတ ပစ္စယုပ္ပန်, ပစ္စည်းဖြစ်သည်ကို ရှု၍ ထွက်။

## ဂစ္ဆတိမှ ဝိဟာရသို့ ပညတ်ထွက်

ဆရာ ဆရာသည် ဂစ္ဆတိဖြင့် သွား၏ဟု ဆိုတော်မူ၏၊....သော် သွားအပ်သော အရာကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော၊ တစ်နည်း သွားအပ်သော အရာသည် ရွာစသည်ဖြစ်ကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ စသည် အာဘော်ထားထွက်။

အဓိပ္ပာယ်ကား-သွားအပ်သောအရာသည် ရွာစသည်မဟုတ်၊ ကျောင်းဖြစ်၏ ဟူလို၊ (သဒ္ဒါထွက် လွယ်ပြီ)။

ပရမတ်ထွက်ရာ၌ အာရမ္မဏ ပစ္စယုပ္ပန် ပစ္စည်းဖြစ်သည်ကို ရှု၍ ထွက်။

ဘိက္ခု၊ ဘတ္တံ၊ ဘုဉ္ဇတိ။

http://www.dhammadownload.com



ဘုဉ္ဇတိမှ ဘတ္တံသို့ ပညတ်ထွက်

ဆရာ၊ ဆရာသည် ဘုဥ္ဇတိဖြင့် စားတတ်၏ဟု ဆိုတော်မူ၏။....သော် စားအပ်သော အရာကိုလည်း ပြဆိုသင့်သည် မဟုတ်ပါလော။ ဝါ၊ စားအပ်သော အရာသည် မုန့်ခဲဖွယ်စသည် ဖြစ်ကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (စသည် အာဘော်ထားထွက်)။

အဓိပ္ပာယ်ကား-စားအပ်သောအရာသည် မုန့်ခဲဖွယ် စသည်မဟုတ်၊ (ဆွမ်းဘောဇဉ်) ဖြစ်၏ ဟူလို၊ (သဒ္ဒါထွက်, ပရမတ်ထွက်လွယ်ပြီ။)

အနုလောမ ပါပနာဒိကျမ်းရိုးငါးချက် ကျမ်းထွက်

အဟံ အတ္ထံ ပကာသယိဿာမိ၊ (ဠ္ဌ-၂)

ပကာသယိဿာမိမှ အဟံသို့ သဒ္ဒါထွက်

အရှင် အဋ္ဌကထာ ဆရာ (အာ)

အဋ္ဌကထာ ဆရာသည် (ကတ်)

ပကာသယိဿာမိပါဋ္ဌိဖြင့် ကတ္တုဝါစက ကြိယာကို ပြဆိုတော်မူ၏။ ဝါ၊ ပကာသယိဿာမိ ဟူသော ကတ္တုဝါစက ကြိယာကို ပြဆိုတော်မူ၏။ (ဠ)

ဤသို့ ကတ္တုဝါစက ကြိယာကိုသာ ပြဆိုသည်ရှိသော် (ဏ)

ကတ္တုဝါစက ကြိယာသာရှိ၍ ထိုကြိယာ၏ ကတ္တားမရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ)

စင်စစ်သော်ကား ကတ္တုဝါစက ကြိယာသာရှိ၍ ကတ္တားမရှိ ဟူသော အနက်သည် မရောက်သင့်။ (ပဋိ-ပါ)

တစ်နည်း ထိုကတ္တုဝါစက ကြိယာ၏ ကတ္တားကို မပြဆိုဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ)

စင်စစ်သော်ကား ထိုအနက်မရောက်သင့်။ (ပဋိ-ပါ)

ထိုသို့ မရောက်သင့်လေသောကြောင့် (ဟိတ်) ကတ္တုဝါစက ကြိယာ၏ ကတ္တားကိုလည်း ပြဆိုသင့်သေး၏။ (နူ-ဆော)

http://www.dhammadownload.com



ကတ္တုဝါစက ကြိယာ၏ ကတ္တားကို မပြဆိုဘဲ မနေသင့်၊ ဝါ, ကတ္တုဝါစက ကြိယာကိုသာ မပြဆိုသင့်။ (ပဋိ-ရော)

မနေသင့်ဘဲ နေချေသော်။ ဝါ၊ ပြဆိုသင့်လျက် မပြဆိုခဲ့သော ဆရာအား ကတ္တား ကတ္တိ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ (ဒေါသာရောပန စောဒနာ)

ထိုကတ္တုဝါစက ကြိယာ၏ ကတ္တားကား အဘယ်ပါနည်း။ (ပုစ္ဆာ)

ဤသို့ စောဒနာဖွယ်ရှိသောကြောင့် "အဟံ" ဟူသောပါဌ်ကိုမိန့်။

အဓိပ္ပာယ်ကား-အဟံပါဌ်ဖြင့် ပကာသယိဿာမိ ဟူသော ကတ္တုဝါစကကြိယာ၏ ကတ္တားကိုလည်း ပြဆိုသောကြောင့်။ပ။ ဟူလို။ (စောဒနာထွက်)

ပုစ္ဆာထွက်အဆင် ဒေါသာရောပန အချက်ချန်။

အဓိပ္ပာယ်ကား-ပကာသယိဿာမိဟူသော ကတ္တုဝါစက ကြိယာ၏ ကတ္တားကား အဟံ ဖြစ်၏ ဟူလို။

## ပညတ်ထွက်

ပကာသယိဿာမိဖြင့် ပြပေအံ့ ဟု ဆိုတော်မူပေ၏။ ဤမျှသာ ဆိုချေသော်၊ ပြတတ်သောပုဂ္ဂိုလ်မရှိ ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ ပြတတ်သောပုဂ္ဂိုလ်ကိုလည်း ပြဆိုသင့်သေး၏ (နူ-ရော) ဤသို့စသည် ဆို၍ထွက်။

## ပရမတ်ထွက်

ပကာသယိဿာမိဖြင့် သဟဇာတ ပစ္စယုပ္ပန်ကို ပြဆိုတော်မူ၏၊ သော်-သဟဇာတ ပစ္စယုပ္ပန်သာရှိ၍ သဟဇာတ ပစ္စည်းမရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နူ-ပါ) ။ပ။ သဟဇာတပစ္စည်းကိုလည်းပြဆိုသင့်သေး၏၊ (နူ-ရော) စသည်။

## ပကာသယိဿာမိမှ အတ္ထံသို့ သဒ္ဒါထွက်

ပကာသယိဿာမိဖြင့် သကမ္မကကြိယာကို ပြဆိုတော်မူ၏၊ သော်-သကမ္မက ကြိယာသာရှိ၍ ထိုကြိယာ၏ ကံမရှိ ဟူသော အနက်သည်

http://www.dhammadownload.com



ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ ထိုသကမ္မကကြိယာ၏ ကံကိုလည်း ပြဆိုသင့်သေး၏၊ (နူ-ရော) စသည်။

## ပညတ်ထွက်

ပကာသယိဿာမိပါဌ်ဖြင့် ပြပေအံ့ဟု ဆိုတော်မူ၏၊ သော် ပြအပ်သော အရာမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နူ-ပါ) ။ပ။ ပြအပ်သော အရာကိုလည်း ပြဆိုသင့်သေး၏။ ဝါ၊ ပြအပ်သော အနက်ကိုလည်း ပြဆိုသင့်သေး၏၊ (နူ-ရော) စသည်။

## ပရမတ်ထွက်

ပကာသယိဿာမိပါဌ်ဖြင့် အာရမ္မဏ ပစ္စယုပ္ပန်ကို ပြဆိုတော်မူ၏၊ သော် အာရမ္မဏပစ္စယုပ္ပန်သာရှိ၍အာရမ္မဏပစ္စည်းမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နူ-ပါ) ။ပ။ အာရမ္မဏ ပစ္စည်းကိုလည်း ပြဆိုသင့်သေး၏၊ (နူ-ရော) စသည်။

သောပဟိ ပဌမံ နိဒ္ဒါနံ ဒဿနတော "ဒဿန" န္တိ ဝုတ္တော။
ဂေါတြဘု ပန ကိဉ္စာပိ ပဌမတရံ ပဿတိ။ (ဋ္ဌ-ဂ၅)

## ဝုတ္တောမှ သောသို့ သဒ္ဒါထွက်

ဝုတ္တောဟု သကမ္မကကိတ် ကြိယာကို ပြဆိုတော်မူ၏။....သော် သကမ္မကကိတ် ကြိယာသာရှိ၍ ထိုကြိယာ၏ ကံမရှိသော အနက်သည် ရောက်ခဲ့ရာ၏၊ (နူ-ပါ) ။ပ။ ထိုသမ္မက ကြိယာ၏ ဝုတ္တကံကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

## ဝုတ္တောမှ သောသို့ ပညတ်ထွက်

ဝုတ္တောဖြင့် ဟောအပ်-ဆိုအပ်၏ဟု ပြဆိုတော်မူ၏၊ ....သော်-ဟောအပ်သော တရားမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊(နူ-ပါ)။ပ။ဟောအပ် ဆိုအပ်သော တရားကိုလည်း ပြဆိုသင့်သေး၏၊ (နူ-ရော) စသည်။

## ဝုတ္တောမှ ပါဌသေသ ဘဂဝတာသို့ပညတ်ထွက်

ဝုတ္တောဖြင့် ဟောအပ် ဆိုအပ်သည်ဟု ပြဆိုတော်မူ၏။ ....သော် ဟောတတ်-ဆိုတတ်သော ပုဂ္ဂိုလ် မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (နူ-ပါ) ။ပ။

http://www.dhammadownload.com



ဟောတတ်-ဆိုတတ်သော ပုဂ္ဂိုလ်ကိုလည်း ပြဆိုသင့်သေး၏၊(နူ-ရော) စသည်။

## ဝုတ္တော မှ ဒဿနတော သို့ သဒ္ဒါထွက်

ဝုတ္တောဟု ဟေတုဖလကို ဝါ၊ ဟိတ်၏ဖိုလ်ကို ပြဆိုတော်မူ၏၊ ....သော် ဟေတုဖလသာရှိ၍ ဝါ၊ ဟိတ်၏ ဖိုလ်သာရှိ၍ ဟိတ်မရှိသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ ဟေတုဖလ၏ ဟိတ်ကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

## ပညတ်ထွက်

ဝုတ္တောဖြင့် ဟောအပ် ဆိုအပ်၏ဟု ပြဆိုတော်မူ၏။ ....သော် ဟောခြင်းအကြောင်း, ဆိုခြင်းအကြောင်း, မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ ဟောခြင်းအကြောင်း, ဆိုခြင်းအကြောင်း ကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

## ဒဿနတော မှ နိဗ္ဗာနံ သို့ ပညတ်ထွက်

ဒဿနတောဖြင့် မြင်တတ်သည် အဖြစ်ကြောင့်ဟု ဆိုတော်မူ၏။ ....သော် မြင်အပ်သော တရားမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။(နူ-ပါ) ။ပ။ မြင်အပ်သော တရားကိုလည်း ပြဆိုသင့်သေး၏။(နူ-ရော) စသည်။

## ပဿတိ မှ ဂေါတြဘု သို့ ပညတ်ထွက်

ပဿတိဖြင့် မြင်တတ်၏-ဟု ဆိုတော်မူ၏၊ ....သော် မြင်တတ်သော တရားမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ မြင်တတ်သော တရားကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

## ပဿတိ မှ ဂေါတြဘု သို့ ပရမတ်ထွက်

ပဿတိဟု သဟဇာတ ပစ္စယုပ္ပန်ကို ပြဆိုတော်မူ၏။ ....သော် မြင်တတ်သော တရားမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။(နူ-ပါ)။ပ။ မြင်တတ်သော တရားကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

http://www.dhammadownload.com



## ပဿတိမှ ဂေါတြဘုသို့ ပရမတ်ထွက်

ပဿတိဟု သဟဇာတ ပစ္စယုပ္ပန်ကို ဆိုတော်မူ၏။....သော် သဟဇာတ ပစ္စယုပ္ပန်သာရှိ၍ သဟဇာတပစ္စည်း မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ သဟဇာတ ပစ္စည်းကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

ဘိက္ခု ဝိဟာရံ ဂစ္ဆတိ။

## ဂစ္ဆတိမှ ဘိက္ခုသို့ သဒ္ဒါထွက်

ဂစ္ဆတိဖြင့် ကတ္တုဝါစက ကြိယာကို ပြဆိုတော်မူ၏။ ....သော် ကတ္တုဝါစက ကြိယာသာရှိ၍ ထိုကြိယာ၏ ကတ္တားမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ ကတ္တုဝါစကကြိယာ၏ ကတ္တားကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

## ပညတ်ထွက်

ဂစ္ဆတိဖြင့် သွား၏ဟု ပြဆိုတော်မူ၏။....သော်—သွားတတ်သော ပုဂ္ဂိုလ်မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ သွားတတ်သော ပုဂ္ဂိုလ်ကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

## ဂစ္ဆတိမှ ဝိဟာရံသို့ ပညတ်ထွက်

ဂစ္ဆတိဖြင့်သွား၏ဟု ပြဆိုတော်မူ၏။ ....သော် သွားအပ်သော အရာဝတ္ထု မရှိ-ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (နူ-ရော) ။ပ။ သွားအပ်သော အရာဝတ္ထုကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

ဘိက္ခု ဘတ္တံ ဘုဉ္ဇတိ။

## ဘုဉ္ဇတိမှ ဘတ္တံသို့ ပညတ်ထွက်

ဘုဉ္ဇတိဖြင့် စား၏ဟု ပြဆိုတော်မူ၏။.... သော် - စား အပ် သော အရာဝတ္ထုမရှိ-ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ) ။ပ။ စား အပ်သော အရာဝတ္ထုကိုလည်း ပြဆိုသင့်သေး၏။ (နူ-ရော) စသည်။

http://www.dhammadownload.com



## ဘိက္ခုသို့ ပညတ်ထွက်

စားတတ်သော ပုဂ္ဂိုလ်သည် မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နှ-ပါ) ။ပ။ စားတတ်သော ပုဂ္ဂိုလ်ကိုလည်း ပြဆိုသင့်သေး၏။ (နှ-ရော) စသည်။

[မှတ်ချက်။ ။ဤပါပနာဒိ ကျမ်းထွက်၌ မပြဆိုအပ်သော စကားတို့ကို ရှေးကျမ်းတက်, ကျမ်းထွက်တို့၌ ဆိုအပ်ပြီးသော စကားတို့ကို နည်းမှီ၍ သိပါ။]

## ဧဝံ စသော လဒ္ဓဒေါသ ဝါကျ၌ ပါပနာဒိ ကျမ်းရိုးငါးချက်ထုတ်ပုံ

အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တတ္ထေရပ္ပဘဝေါ။ပ။ဟောတိ။ ဧဝံ သန္တေ ထေရော ပထမတရံ အာဘိဓမ္မိကော ဟောတီတိ။(ဋ္ဌ-၁၈)

၁။ အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တတ္ထေရပ္ပဘဝေါ ဟောတီတိ ဝုတ္တံ (မူလဋ္ဌပနာ)

အဘိဓမ္မာ၌ ပို့ချစဉ်မည်သည် အရှင်သာရိပုတ္တရာထေရ်လျှင် အမွန်အစဖြစ်၏ဟု ဆိုတော်မူ၏။

၂။ ဧဝံ သန္တေ ထေရော ပထမတရံ အာဘိဓမ္မိကော ဘဝေယျ (အနုလောမပါပနာ)

ဤသို့ ဆိုသည်ရှိသော် (ဤသို့ ဖြစ်သည်ရှိသော်) အရှင်သာရိပုတ္တရာထေရ်သာလျှင် ရှေးဦးစွာ အာဘိဓမ္မိကပုဂ္ဂိုလ် ဖြစ်ရာ၏။

၃။ အထ ခေါ ပန ထေရော ပထမတရံ အာဘိဓမ္မိကော ဘဝေယျ (ပဋိလောမပါပနာ)

စင်စစ်သော်ကား အရှင်သာရိပုတ္တရာထေရ်သာလျှင် ရှေးဦးစွာ အာဘိဓမ္မိကပုဂ္ဂိုလ် မဖြစ်ခဲ့ရာ။

http://www.dhammadownload.com



၄။ တသ္မာ အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သမ္မာသမ္ဗုဒ္ဓပ္ပဘာဝေါ ဟောတီတိ ဝတ္တဗ္ဗံ။

(အနုလောမရောပနာ)

ထို့ကြောင့် အဘိဓမ္မာ၌ပို့ချစဉ် မည်သည် မြတ်စွာဘုရားသာလျှင် အမှန်အစဖြစ်၏ဟု ဆိုအပ်၏ဆိုသင့်၏။

၅။ န အဘိဓမ္မေ ဝါစနာမဂ္ဂေါ နာမ သာရိပုတ္တတ္ထေရပ္ပဘာဝေါ ဟောတီတိ ဝတ္တဗ္ဗံ။ (ပဋိလောမရောပနာ)

အဘိဓမ္မာ၌ ပို့ချစဉ်မည်သည် အရှင်သာရိပုတ္တရာထေရ်သာလျှင် အမှန်အစဖြစ်၏ဟုမဆိုအပ်။ ဤသို့ ထုတ်ဆောင်အပ်၏။

[ အမှာ ။ ။ ဤဆိုခဲ့ပြီးသော ကျမ်းတက်, ကျမ်းထွက်တို့၌ အချို့နေရာတို့ဝယ် အာလုပ်, ကတ္တားစသော နာမည်များကို စာသားကျဉ်းစေခြင်းငှာ တပ်မပြခဲ့ပါ။ မိမိတို့ စာဖြေရာ၌ကား ထိုနာမည်တို့ကို တပ်ဖြေပါ။ ]

http://www.dhammadownload.com



## နံပါတ် (၃) ဆိုင်ရာစည်းမျဉ်းအဖြေ

### ဂန္ထဒေါသ (ဝါကျဒေါသ) အပြား

၁။ အဗျာပိတဒေါသ
၂။ အတိဗျာပိတဒေါသ
၃။ ဝိရောဓိဒေါသ
၄။ ကေတ္ထဒေါသ
၅။ ပုနရုတ္တိဒေါသ
၆။ ဩစိတျဟီနဒေါသ
၇။ နိရတ္ထကဒေါသ
၈။ ဂန္ထဂရုဒေါသ
၉။ ဦနအပရိပုဏ္ဏဒေါသ (ဦနဒေါသ၊ အပရိပုဏ္ဏဒေါသ)

[ဆောင်] ဗျာ - ဗျာ - ပု - ဝိ၊ ေ - ဩ - နိ - ဂန် - ပုဏ်၊
မှတ်တံဒေါသ၊ ၉ - ခုပြ။

( က ) အဗျာပိတာ တိဗျာပိတ - ဒေါသံပုနရုတ္တိ တထာ။
ပုဗ္ဗာပရဝိရောဓိတံ, ကေတ္ထမိတိပဥ္စဓာ။

( ခ ) ဩစိတျံ စ နိရတ္ထကံ, ဂန္ထဂရု အပုဏ္ဏကံ၊
ဧတေဟိ သဟ နဝဓာ, ဧတေ ဒေါသာ ပကာသိတာ။

### ဝါကျတို့၌ ဒေါသသင့်ပုံ, ပယ်ပုံ ဆောင်ပုဒ်များ

၁။ နောက်သမုစ္စယ၊ ကျမ်း၌ပြ၊ ဝေအာဘော်ဆင်။
၂။ ပုဗ္ဗေဥာန၊ ရှေ့ဝါကျ၊ အဗျာပိတတင်။
၃။ ဥပနျာသ၊ အာရဗ္ဘ၊ တင်ကြအဗျာပင်။
၄။ လက္ခဏာရုစိ၊ တွေ့ကြုံဘိ၊ အဗျာပိတတင်။

http://www.dhammadownload.com



၅။ ပက္ခန္တရ၊ ဟူလက၊ အဗျာပိတတင်။
၆။ ဝါကျာရမ္ဘ၊ ဝိရောဓ၊ အဗျာပိတတင်။
၇။ လဒ္ဒဒေါသ၊ ဝါကျတ္ထ၊ အဗျာပိတတင်။
၈။ အညွှန်းဝါကျ၊ ဆိုတုံက၊ ဂန္ထ – အဗျာပင်။
၉။ ဝါကျပစ္စာ။ ဓေပါ၊ စ–မှာအာဘော်ပင်။
၁၀။ အတိဗျာပိ၊ တင်ကုန်ဘိ၊ ရှေ့ရှိဝါကျတွင်။
၁၁။ ဝိသေသဝါကျ၊ ဟူလက၊ တိဗျာပိတတင်။
၁၂။ များမဆက်ဆံ၊ ထူးဟန်ဖော်ပြ၊ ဝိသေသ၊ တင်ကြတိဗျာပင်။
၁၃။ ဝိသေသဝါကျ၊ ဝိရောဓ၊ တင်ကြတစ်နည်းပင်။
၁၄။ အဓိဝစနံ၊ နာမံဓိပ္ပေ၊ ဂဟဏေ၊ တင်လေတိဗျာပင်။
၁၅။ အတ္ထုဒ္ဒေသ၊ ဘိဓေယျ၊ တင်ကြတိဗျာပင်။
၁၆။ ဝါကျဒဋ္ဌိ၊ ဝိရောဓိ၊ သတိမြဲမြဲယှဉ်။
၁၇။ အတ္ထုဒ္ဒေသ၊ ဟူတုံက၊ ယူကြထိုနည်းပင်။
၁၈။ အတိဗျာပိ၊ တင်ကုန်ဘိ၊ မှတ်သိတစ်နည်းပင်။
၁၉။ ယုတ္တိဒဋ္ဌိကရဏ၊ ယင်းဝါကျ၊ ဩစိတျဟီနတင်။
၂၀။ ကိဠာသတိ၊ ကာမံထည့်၍၊ နနုယှဉ်ကာ, ချိတက်လာ, တင်ပါဝိရောဓိ။
၂၁။ ဝိတ္ထာ, သံခိပ်၊ ဥဒ်, နဒ်, နိဂမ၊ ပါကဋ္ဌ၊ ဒေါသဝိရောတင်။
၂၂။ ဝိတ္ထာ, သံခိပ်၊ ဥဒ်, နိဒ်, နိဂမ၊ ပါကဋ္ဌ၊ ပုနရုတ္တိတင်။
၂၃။ အနုသန္ဓေပြ၊ ယင်းဝါကျ၊ ပုနရုတ္တိတင်။
၂၄။ ကာရဏ, ဖလ၊ ဝိရောဓ၊ အဗျာပိတတင်။
၂၅။ ဗျတိ, န္တယာ၊ ရှိလေရာ၊ တင်ပါဝိရောဓိ။
၂၆။ သမ္ဘာဝနာ၊ ဂရဟာ၊ တင်ပါဝိရောဓိ။
၂၇။ နက်တူ, သဒ္ဒ၊ ထပ်တပ်ပြ၊ ကေတ္ထဒေါသတင်။
၂၈။ သဒ္ဒါနှစ်ခု၊ နှစ်ခုအတ္ထ၊ တူလေက၊ ကေတ္ထဒေါသတင်။
၂၉။ လဒ္ဒဂုဏ၊ ကျိုးဖလ၊ နိရတ္ထကတင်။
၃၀။ လဒ္ဒဒေါသ၊ ဝါကျတ္ထ၊ နိရတ္ထကတင်။

http://www.dhammadownload.com



[အမှာ။ ။ အဗျာပိတဒေါသနှင့် ဦနအပရိပုဏ္ဏဒေါသ၊ (ဝါ) (ဦနဒေါသအပရိပုဏ္ဏဒေါသ၊) ဝိရောဓိဒေါသနှင့် ဩစိတျဟီန ဒေါသ, ကေတ္ထဒေါသနှင့် ပုနရုတ္တိဒေါသတို့ သင့်သော ဝါကျနှင့် ပယ်သောဝါကျတို့ကြသည်။]

## ဒေါသ သင့်ပုံ, တင့်ပုံ, ပယ်ပုံ

(က) တိသု သိက္ခာသု ဇာတာတိ သေက္ခာ။

(ခ) သတ္တန္နံ သေက္ခာနံ ဧတေတိပိ သေက္ခာ။ ( ဠ – ဂ၆)

(က) ဝါကျ၌ ဒေါသသင့် , တင်ပုံ

( က ) ဝါကျ၌ သေက္ခာပုဒ်၏ ဇာတတဒ္ဓိတ် ဝိဂ္ဂဟကိုသာ ပြရသေး၍ အလို ရှိအပ်သော အနက်အဓိပ္ပာယ် မနှံ့စပ်, မပြည့်စုံသေးသောကြောင့် အဗျာပိတ ဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။ ဝါ(က)ဝါကျ၌ အဗျာပိတဒေါသ, အပရိပုဏ္ဏ– ဒေါသထင်ရ၏။

## ( ခ ) ဝါကျဖြင့် ဒေါသ ပယ်ပုံ

( ခ ) ဝါကျဖြင့် သေက္ခာပုဒ်၏ ဣဒံ တဒ္ဓိတ် ဝိဂ္ဂဟကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွားသောကြောင့် (တစ်နည်း) ဇာတတဒ္ဓိတ် ဝိဂ္ဂဟမှတစ်ပါး ဣဒံတဒ္ဓိတ်ဝိဂ္ဂဟကို (ဣဒံ တဒ္ဓိတ် ဝိဂ္ဂဟဟူသော အဖို့တစ်ပါးကို) ပြဆိုသောကြောင့်–(တစ်နည်း) (ခ) ဝါကျသည် ပက္ခန္တရဝါကျဖြစ်ခြင်းကြောင့် ထို့ (ခ)ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကိုပယ်၏။

**ဝါကျချင်းထောက်ဆ၍ ဒေါသ,သင့်,တင်,ပယ်ပုံ**

( က ) သုခယတီတိ သုခါ၊

( ခ ) ဒုက္ခယတီတိ ဒုက္ခာ၊

( ဂ ) န ဒုက္ခာ န သုခါတိ အဒုက္ခ မသုခါ၊ (ဠ –ဂ၄)

( ခ ) ဝါကျကိုထောက်ဆ၍ (က) ဝါကျ၌ သုခါပုဒ်၏ ဝိဂ္ဂဟကိုသာ ပြရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မနှံ့စပ်, မပြည့်စုံသေးကြောင်း အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်ရောက်၏။

( က ) ဝါကျကိုထောက်ဆ၍ (ခ)ဝါကျဖြင့် ဒုက္ခာပုဒ်၏ ဝိဂ္ဂဟကို ပြလိုက်သဖြင့်အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်, ပြည့်စုံသွားသောကြောင့် အဗျာပိတ ဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



( ဂ ) ဝါကျကိုထောက်ဆလျှင် (ခ) ဝါကျ၌ ဒုက္ခာပုဒ်၏ ဝိဂ္ဂဟကိုသာ ပြရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ်ကို မနှံ့စပ်, မပြည့်စုံသေးသောကြောင်း အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသသင့်ရောက်၏။

( ခ ) ဝါကျကိုထောက်ဆ၍ (ဂ) ဝါကျဖြင့် အဒုက္ခမသုခါပုဒ်၏ ဝိဂ္ဂဟကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်, ပြည့်စုံသွားကြောင်း အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

ဤကားပက္ခ ပက္ခန္တရဝါကျတို့၌ "ပက္ခန္တရဟူလက၊ အဗျာပိတတင်" နှင့်အညီ ဒေါသသင့်ပုံ ပယ်ပုံများတည်း။

**ပက္ခ, ပက္ခန္တရဝါကျတို့၌ လိုရင်းအချုပ် ဒေါသသင့်, ပယ်ပုံ**

ရှေ့ပက္ခဝါကျ၌ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မနှံ့စပ်မပြည့်စုံသေးသောကြောင်း (တနည်း) ရှေ့စကားအနက်အဓိပ္ပာယ် အဖို့အစုမျှကိုသာပြသောကြောင့်-(တနည်း) ပက္ခဝါကျ ဖြစ်ခြင်းကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏ ဒေါသသင့်ရောက်၏။

နောက်ပက္ခန္တရဝါကျဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ်နှံ့စပ်ပြည့်စုံသွားသောကြောင့်။ (တစ်နည်း) [ဣဒံ တဒ္ဓိတ်ဝိဂ္ဂဟမှတပါး ဇာတတဒ္ဓိတ် ဝိဂ္ဂဟကို (ဇာတတဒ္ဓိတ်ဝိဂ္ဂဟ)-ဟူသော အဖို့တပါးကို)]ပြဆိုသောကြောင့် [ ] ဤအတွင်းရှိ စကားကို - ဗုဒ္ဓေါပုဒ်အဖွင့်မှတစ်ပါး ဓမ္မောပုဒ်အဖွင့်ကို (ဓမ္မောပုဒ်အဖွင့်ဟူသော အဖို့တပါးကို)စသည်ဖြင့် ဌာနာနုရူပ ပြင်ဆိုပါ|] (တစ်နည်း) နောက်ဝါကျသည် ပက္ခန္တရ ဝါကျဖြစ်ခြင်းကြောင့် အဗျာပိတ-ဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်သည်ဟု -ပက္ခန္တရ ဝါကျတွေ့တိုင်း မှတ်ပါ။

**အတိဒေသ သံဝဏ္ဏနာခေါ် အညွှန်းဝါကျ၌ ဒေါသပယ်ပုံ**

**သေသပဒဒွယေပိ ဧသေဝနယော၊ (ဠ-၈၅)**

ဤအညွှန်းဝါကျဖြင့် ကြွင်းသော သုခသဟဂတပုဒ်, ဥပေက္ခာသဟဂတ-ပုဒ်တို့၌ ပီတိသဟဂတပုဒ်အဖွင့်ဝယ် ဆိုအပ်ပြီးသောနည်းကိုမှီ၍ အနက်အဓိပ္ပာယ်သိလောက်သဖြင့် အကျယ်တဝင့်ဖွင့်မပြတော့ဘဲ ကျမ်းလေးမည်စိုးသောကြောင့် အကျဉ်း အညွှန်းကိုသာ ပြသောအားဖြင့် ကျမ်းမလေးသောကြောင့် ဂန္ထဂရု ဒေါသကိုပယ်၏။

အကျဉ်းအညွှန်းကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်,ပြည့်စုံသွားသောကြောင့် ထိုအညွှန်းဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ တို့ကိုလည်း ပယ်၏။

http://www.dhammadownload.com



အချုပ်မှာ – အညွှန်းဝါကျကို ပြသောအားဖြင့် ကျမ်းမလေးသော ကြောင့် ဂန္ထဂရုဒေါသကိုပယ်၏။

အညွှန်းဝါကျကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ်နှံ့စပ်, ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသ အပရိဖုဏ္ဏဒေါသပယ်၏။

အတိဒေသ သံဝဏ္ဏနာခေါ် အညွှန်းဝါကျတွေ့တိုင်း ဒေါသပယ်ပုံကို သိပါ။

## အတိဗျာပိတသင့်, တင်, ပယ်ပုံ

( က ) ဓမ္မသဒ္ဒေါ ပနာယံ ပရိယတ္တိဟေတုဂုဏနိဿတ္တနိဇ္ဇီဝတာ ဒီသု ဒိဿ တိ။

( ခ ) သ္ဂာယ၊ မိဓာပိ နိဿတ္တနိဇ္ဇီဝတာယမေဝဝတ္တတိ၊ (ဌ–၇၁)

( က ) ဝါကျ၌ ကုသလာဓမ္မာ၌ ဓမ္မသဒ္ဒါ၏ ဤ၌ အလိုရှိအပ်သော ပရိယတ္တိ ဟေတု–ဂုဏ အနက်တို့၌ အလွန်ပျံ့နှံ့နေသောကြောင့် (တနည်း) အတ္ထာဒ္ဓါရ–သာမညဝါကျဖြစ်ခြင်းကြောင့် (တနည်း) အတ္ထာဒ္ဓါရ–သာမည ဝါကျဖြစ်ခြင်းကြောင့်၊ (တနည်း) အတ္ထာဒ္ဓါရ–သာမညမျှကိုသာ ပြဆိုရသေး သောကြောင့် အတိဗျာပိတဒေါသသင့်၏။

( ခ ) ဝါကျဖြင့် ဤ၌ အလိုရှိအပ်သော ဓမ္မသဒ္ဒါ၏ နိဿတ္တ–နိဇ္ဇီဝတာ အနက် တို့ကိုပြလိုက်သဖြင့် အနက်အဓိပ္ပာယ် အလွန်မပျံ့နှံ့သော ကြောင့် (တနည်း) (ခ) ဝါကျသည် အတ္ထုဒ္ဒေသ အဘိဓေယျ–ဝိသေသဝါကျဖြစ် ခြင်းကြောင့်–(တနည်း) အတ္ထုဒ္ဒေသ–အဘိဓေယျဝိသေသကို ပြဆိုသော ကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

အချုပ်မှာ – အလိုမရှိသော အနက်အဓိပ္ပာယ်တို့၌ အလွန်ပျံ့နှံ့နေသော ကြောင့် အတိဗျာပိတဒေါသ သင့်ရောက်ရာ၏။

အလိုရှိအပ်သော အနက်အဓိပ္ပာယ်ကို ပြလိုက်သဖြင့် အလွန်မပျံ့နှံ့ သောကြောင့် အတိဗျာပိတဒေါသကိုပယ်၏။

## ဝိရောဓိဒေါသသင့်, တင့်, ပယ်ပုံ

( က ) ဒဠှီယံဝါကျ။ ( ခ ) ဒဠှီကရဏဝါကျ။

( က ) ဝါကျ၌ ဒဠှီယဝါကျကိုသာ ဆိုပါက ဒဠှီယ, ဒဠှီကရဏ ဆန့်ကျင်သော ကြောင့်(တနည်း) ဒဠှီယဝါကျဖြစ်ခြင်းကြောင့် (တနည်း) မခိုင်မြဲ သောကြောင့် ဝိရောဓိ ဒေါသ သင့်ရောက်၏။

( ခ ) ဝါကျဖြင့် ဒဠှီကရဏစကားရပ်ကိုလည်းပြလိုက်သဖြင့် ဒဠှီယဒဠှီကရဏ မဆန့်ကျင်သောကြောင့်(တနည်း) (ခ) ဝါကျသည် ဒဠှီကရဏဝါကျ ဖြစ်ခြင်းကြောင့် (တနည်း) ရှေ့ဒဠှီယကို ခိုင်မြဲအောင်ပြုသော(ပြဆိုသော)ကြောင့် ဝိရောဓိဒေါသကို ပယ်၏။

သခေ်ပ, ဝိတ္ထာရ ဝါကျရှိရာ၌ –

http://www.dhammadownload.com



ရှေးသင်္ခေပဝါကျ၌ သင်္ခေပအနက်သာ ပြရသေး၍ ဝိတ္ထာရအနက်ကို မပြရသေးသဖြင့် သင်္ခေပ, ဝိတ္ထာရ ဆန့်ကျင်နေသောကြောင့် (တနည်း) ရှေ့ဝါကျသည်သင်္ခေပဝါကျဖြစ်ခြင်းကြောင့် (တနည်း) အကျဉ်းသင်္ခေပကိုသာ ပြရသေးသောကြောင့် ရှေးသင်္ခေပဝါကျ၌ ဝိရောဓိဒေါသသင့်၏။ နောက် ဝိတ္ထာရဝါကျဖြင့် ဝိတ္ထာရအနက်ကိုပြသလိုက်သည့်အတွက် သင်္ခေပဝိတ္ထာရ မဆန့်ကျင်သောကြောင့် (တနည်း) နောက်ဝါကျသည် ဝိတ္ထာရဝါကျဖြစ်ခြင်းကြောင့် (တနည်း) အကျယ် ဝိတ္ထာရကို ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်၏။

ကြွင်းသော ကာရဏဝါကျ ဖလဝါကျရှိရာ၌လည်းကောင်း၊ ဥဒ္ဒေသဝါကျ, နိဒ္ဒေသဝါကျရှိရာ၌ လည်းကောင်း၊ နိဂမဝါကျ, နိဂမနီယဝါကျ ရှိရာ၌လည်းကောင်း၊ အပါကဋဝါကျ, ပါကဋဝါကျရှိရာ၌လည်းကောင်း၊ သာမညဝါကျ, ဝိသေသဝါကျရှိရာ၌လည်းကောင်း ဆိုအပ်ပြီးသော နည်းကိုမှီ၍ ဝိရောဓိဒေါသသင့်ပုံ, ပယ်ပုံတို့ကို သိပါ။

အချုပ်မှာ – ရှေ့နောက် ဆန့်ကျင်သောကြောင့် ဝိရောဓိဒေါသသင့်၏။ ရှေ့နောက် မဆန့်ကျင်အောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်၏။

## ဩစိတျဟီနဒေါသသင့်ပုံ, ပယ်ပုံ

ရှေးဒဋ္ဌိယဝါကျ၌ အသင့်ယုတ္တိ မရှိသောကြောင့်၊ ဝါ – အသင့်ယုတ္တိမှ ယုတ်လျော့သောကြောင့် ဩစိတျဟီန ဒေါသသင့်၏။

နောက် ဒဋ္ဌိကရဏဝါကျဖြင့် အသင့်ယုတ္တိရှိအောင် ပြဆိုသောကြောင့် ဩစိတျဟီန ဒေါသကိုပယ်၏။

## နိရတ္ထကဒေါသသင့်ပုံ, ပယ်ပုံ

ရှေးလဒ္ဓ ဂုဏိယဝါကျ၌ အကျိုးကို မပြရသေးသဖြင့် အကျိုးမရှိသောကြောင့် နိရတ္ထက ဒေါသသင့်၏။

နောက် လဒ္ဓဂုဏဝါကျဖြင့် အကျိုးကို ပြလိုက်သဖြင့် အကျိုးရှိသွားသောကြောင့် (တနည်း) ရအပ်သော အကျိုးထူးကို ပြဆိုသောကြောင့် (တနည်း) လဒ္ဓ ဂုဏဝါကျဖြစ်ခြင်းကြောင့် နိရတ္ထကဒေါသကိုပယ်၏။

(ကာရဏဝါကျ, ဖလဝါကျတို့၌လည်း ဤနည်းအတိုင်း နိရတ္ထကဒေါသ, သင့်ပုံ, ပယ်ပုံကိုသိပါ။)

http://www.dhammadownload.com



## ပုနရုတ္တိဒေါသသင့် ပယ်ပုံ

သင်္ခေပဝါကျ ဝိတ္ထာရဝါကျရှိရာ၌ သင်္ခေပဝါကျနှင့် ဝိတ္ထာရဝါကျတို့၏ အနက်အဓိပ္ပာယ်မှာ ထပ်တူဖြစ်နေသောကြောင့် နောက်ဝိတ္ထာရဝါကျ၌ စောဒက ပုဂ္ဂိုလ် အလိုအားဖြင့် ပုနရုတ္တိဒေါသ သင့်ရောက်၏။

ပရိဟာရ ကျမ်းဆရာအလိုအားဖြင့် တိက္ခဗုဒ္ဓိ ပုဂ္ဂိုလ်တို့အတွက် သင်္ခေပ၊ မန္ဒဗုဒ္ဓိပုဂ္ဂိုလ် တို့အတွက် ဝိတ္ထာရဝါကျ ရေးရိုး, ပြရိုး ထုံးစံဖြစ်သောကြောင့် နောက်ဝိတ္ထာရဝါကျဖြင့် ပုနရုတ္တိ ဒေါသပယ်၏။ ဝါ - နောက် ဝိတ္ထာရ ဝါကျ၌ ပုနရုတ္တိဒေါသမသင့်။

[ မှတ်ချက် ။ ။ ဤ၌ သင်္ခေပ ဝိတ္ထာရ ဝါကျရောလျက် ဆိုထား၏။ သင်္ခေပဝါ ကျနောက်ရှိရာ၌ တိက္ခဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် သင်္ခေပဝါကျပြရိုးထုံးစံ ဖြစ်သောကြောင့် သင်္ခေဝါကျ ဖြင့် ပုန ရုတ္တိဒေါသကို ပယ်၏။ ဝိတ္ထာရ ဝါကျနောက် ရှိရာ၌ မန္ဒ-ဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျ ပြရိုးထုံးစံ ဖြစ်သောကြောင့် ဝိတ္ထာရဝါကျဖြင့် ပုနရုတ္တိ ဒေါသကို ပယ်၏ဟူ၍ မှတ်ပါ။]

## ကေဝလဒေါသသင့်တင့်, ပယ်ပုံ

ဥပသဂ္ဂဝသေန ဝဍ္ဎေတွာ အာမောဒနာ ပမောဒနာတိ ဝုတ္တာ။ (ဋ္ဌ-၁၇၇)

ဤ၌ စောဒက ပုဂ္ဂိုလ်အလိုအားဖြင့် အနက်တူပါလျက် အာမောဒနာ ပမောဒနာဟု ထပ်၍ဟောထားသောကြောင့် ကေဝလဒေါသသင့်၏။ ပရိဟာရ ကျမ်းဆရာ အလိုအားဖြင့် ထိုနှစ်ပုဒ်ကိုအနက်တူသော်လည်း ဥပသာရပုဒ်၏ အစွမ်းအားဖြင့် တန်ဆာဆင်၍ဟောသောကြောင့် တစ်နည်း ဝေနေယျဇ္ဈာသယ အားဖြင့် ထပ်၍ဟောရသောကြောင့် ကေဝလဒေသမသင့်၊ ဝါ၊ ကေဝလဒေါသကို ပယ်၏။

[ဒေါသသင့်/ပယ် အကြောင်းပြရာ၌ အကြောင်း (၃)မျိုး ဆရာတို့ပြကြသည်။ (၁) မူလသဘာဝအကြောင်း (၂) ဝါကျအမည်အကြောင်း (၃) ဝါကျအမည်ရခြင်း အကြောင်း တို့ဖြစ်ကြသည်။

http://www.dhammadownload.com



ဥပမာ - အပါကဋ္ဌ/တပ္ပါကဋ္ဌိကရဏဝါကျရှိရာ၌ ဒေါသသင့်ရာဝယ် နံပါတ်(၁) အကြောင်းပြ၊ အပါကဋ္ဌ/တပ္ပါကဋ္ဌိကရဏ (ပါကဋ္ဌ) ရှေ့နောက် ဆန့်ကျင်သောကြောင့် ဝိရောဓိ ဒေါသသင့်၏။

နံပါတ်(၂) အပါကဋ္ဌဝါကျဖြစ်ခြင်းကြောင့် ဝိရောဓိဒေါသသင့်၏။

နံပါတ် (၃) စကားအနက် အဓိပ္ပာယ် မထင်ရှားသောကြောင့် ဝိရောဓိဒေါသ သင့်၏။

ဒေါသပယ်ရာဝယ် - နံပါတ်(၁)အကြောင်းပြ-အပါကဋ္ဌ/တပ္ပါကဋ္ဌိကရဏ ရှေ့နောက်မဆန့်ကျင် အောင်ပြဆိုသောကြောင့် ဝိရောဓိဒေါသကိုပယ်၏။

နံပါတ် (၂) တပ္ပါကဋ္ဌိကရဏ (ပါကဋ္ဌ)ဝါကျဖြစ်ခြင်းကြောင့် ဝိရောဓိဒေါသကို ပယ်၏။

နံပါတ် (၃) မထင်ရှားသော အပါကဋ္ဌကို ထင်ရှားအောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်၏။ ကြွင်းသောဝါကျတို့၌လည်း ဤနည်းမှီသိပါ]

[ဆောင်] သဘာပနှင့် ဝါကျအမည်၊ အမည်ရခြင်း၊ အကြောင်းသွင်၊ မှတ်လျှင် ဒေါသသင့်/ပယ် အကြောင်းပြသုံးပါးတည်း။

## ဝါ-အထဝါ-အပိစ-အပရောနယောပုဒ်တို့၏ အကြောင်းအကျိုးလဲလှယ်ပုံဝါ၊ - ထိုပုဒ်တို့ကို ထားရပုံ

[ဆောင်] ၁။ ကြောင်း, ကျိုးနှစ်ခု၊ တစ်ခုခု၊ လဲမှုဝါ, ထဝါ၊

၂။ ကြောင်း, ကျိုးနှစ်ပါး၊ လဲလိုငြား၊ ထားကြဝါ, ထဝါ။

http://www.dhammadownload.com



၃။ အနက်,သဒ္ဒါ မပါကြွင်းကျန်။ ဆိုလတ်ပြန်ရာ ဝါ,ထဝါ။
၄။ သဒ္ဒါ, အနက်၊ မနှစ်သက်၊ လဲလှျက်ဝါ, ထဝါ။
၅။ ရှေး၌ ဓိပ္ပာယ်၊ ကျယ်၍ချဲ့ရာ၊ ဝါ, ထဝါ။
၆။ ရှေး၌ ဆိုလတ်၊ စကားထပ်၍၊ ထူးရပ်ဆိုရာ–ဝါ, ထဝါ။
၇။ အထဝါကား၊ အကြောင်းတူ၊ အကျိုးမူကား အပြား။
၈။ အပိစ, အပရော နယော၊ တက်သောဝါကျ၊ ရှေးအတ္ထမှ၊ ထူးထအနက်, ဆိုလျက်တက်။
၉။ အပရော နယော၊ အတ္ထနောမတိ၊ မှတ်သားဘိ။

၁။ အကြောင်းကို လဲလိုရာ၌လည်းကောင်း။
၂။ အကျိုးကို လဲလိုရာ၌လည်းကောင်း။
၃။ အကြောင်းအကျိုးနှစ်ပါးကို လဲလိုရာ၌လည်းကောင်း။
၄။ အနက်ကြွင်းအနက်ကျန်ကို (ဝါ) အနက်ကို လဲလိုရာ၌လည်းကောင်း။
၅။ သဒ္ဒါကြွင်း သဒ္ဒါကျန်ကို (ဝါ) သဒ္ဒါကို လဲလိုရာ၌လည်းကောင်း, အနက် သဒ္ဒါနှစ်ပါးကို လဲလိုရာ၌လည်းကောင်း။
၆။ သဒ္ဒါကိုဖြစ်စေ, အနက်ကိုဖြစ်စေ မနှစ်သက်ရာ၌လည်းကောင်း။
၇။ ရှေးအဓိပ္ပာယ် ကျယ်နေသည်ကို အကျဉ်းချုံး ပြလိုရာ၌လည်းကောင်း။
၈။ ရှေးစကားထက် ထူးသောအရာကို (ဝါ) ထူးသောအနက်ကို ပြလိုရာ၌ လည်းကောင်း။
၉။ ဓာတု, ဓာတွတ္ထ၊ ပစ္စယ, ပစ္စယတ္ထ၊ ဝစနတ္ထစသည်ကို လဲလိုရာ၌လည်း ကောင်း

"ဝါ" "သဒ္ဒါ" "အထဝါ" သဒ္ဒါထားသည်။

မှတ်ချက် ။ ။ အကျိုးလဲလှယ်ရာ၌ အကြောင်းတူ၍ အကျိုးပြားဖြစ်စေရမည်။ အကြောင်းလဲလှယ်ရာ၌ အကျိုးတူ၍အကြောင်းပြားဖြစ်စေရမည်။

http://www.dhammadownload.com



အကြောင်းအကျိုးနှစ်မျိုးလဲရာ၌ အကြောင်းလဲပြား အကျိုးလဲပြားဖြစ်စေရမည်။]

၁။ ရှေး၌ ဆိုအပ်သောအနက်မှ ထူးသောအနက်ကို ပြလိုရာ၌လည်းကောင်း။

၂။ အတ္တနောမတိ ဟူသော မိမိအလို အယူဝါဒ, အယူအဆ, ပြလိုရာ၌လည်းကောင်း။

၃။ သဒ္ဒါ, အနက်, အကြောင်းအကျိုးတို့ကို လဲလိုရာ၌လည်းကောင်း။

၄။ ဓာတု, ဓာတွတ္ထ, ပစ္စယ, ပစ္စယတ္ထ၊ ဝစနတ္ထစသည်ကို လဲလိုရာ၌ လည်းကောင်း "အပိ စ" သဒ္ဒါ "အပရော နယော" သဒ္ဒါတို့ကိုထားသည်။

[ သဒ္ဒါလဲရာ၌ အနက်တူ၌ သဒ္ဒါပြားဖြစ်စေရမည်။ အနက်လဲရာ၌ သဒ္ဒါတူ၍ အနက်ပြားဖြစ်စေရမည်။ ]

## အကြောင်းလဲပုံ

အပိစ အယံ ဖဿောနာမ ယထာ ပါသာ ဒံ။ ပ။ အဝသေသာ ဒဗ္ဗသမ္ဘာရ သဒိသာတိ တသ္မာပိ ပထမံ ဝုတ္တော။ (ဋ္ဌ-၁၅၁)

ဤ၌ ဖဿစေတသိက်၏ အာရုံတွေ့ဆုံရာ၌ ရှေးဦးစွာ ကျရောက်ခြင်းဟူသော ပထမာဘိနိပါတ အကြောင်းမှတစ်ပါး, ဖဿစေတသိက်၏ အခြားသော အကြောင်းအရာတို့ထက် အားကြီးပြဋ္ဌာန်းခြင်းဟူသော ဗလဝပစ္စယ အကြောင်းတစ်ပါးကို လဲလှယ်လိုသောကြောင့် အပိစ သဒ္ဒါထား၏။

## အနက်ထူးလဲပုံ

အပိစ ပသတ္ထာ သုန္ဒရာ ဝါ ဒိဋ္ဌိသမ္မာဒိဋ္ဌိတိ ဣမိနာပိ နယေန ဇတသံ ဝစနတ္ထော ဝေဒိတဗ္ဗော။

ဤ၌ သမ္မာဒိဋ္ဌိဝယ် သမ္မာ – သဒ္ဒါ၏ အဝိပရိတ (မဖောက်မပြန်အမှန်) ဟူသော အနက်မှတစ်ပါး သမ္မာသဒ္ဒါ၏ ပသတ္ထ(ချီးမွမ်းခြင်း)အနက်, သုန္ဒရ (ကောင်းခြင်း) အနက်တစ်မျိုးကို လဲလှယ်လိုသောကြောင့် အပိစ သဒ္ဒါထား၏။

http://www.dhammadownload.com



[ အမှာ ॥ ॥ ဤ၌ ဝါ, သဒ္ဒါထားပုံမေးသော် - သမ္မာသဒ္ဒါ၏ ပသတ္ထအနက်မှတစ်ပါး သုန္ဒရအနက်ကို လဲလှယ်လိုသောကြောင့် 'ဝါ' သဒ္ဒါထားသည်ဟုဖြေ ]॥

## အပရော နယော သဒ္ဒါထားပုံ

အပရော နယော -

ယံ တ္တေ ဝုနိုမန္တော, သလက္ခဏာ ပူဇိတာ ပရိစ္စိန္နာ။

ဝုတ္တာ ဓိကာစ ဓမ္မာ, အဘိဓမ္မော တေန အက္ခာဝတာ (၄ - ၂၀)

ဤ၌ အဘိဓမ္မော-ဟူသောပုဒ်ငယ် အဘိသဒ္ဒါ၏ အတိရေကအနက်, ဝိသေသအနက် တို့မှတစ်ပါး၊ အဘိသဒ္ဒါ၏ ဝုနိုမန္တ, သလက္ခဏ, ပူဇိတ, ပရိစ္စိန္န, အဓိကဟူသောအနက်တို့ကို လဲလိုသောကြောင့် 'အပရောနယော, သဒ္ဒါထား၏။

ဓမ္မောတိ တန္တိ၊

အပေရော နယော-ဓမ္မောတိ ဟေတု။ (၄-၂၃)

ဤ၌ ဓမ္မ သဒ္ဒါ၏ ပါဠိတော် ဝစန ပဗ္ဗန္ဓ ဟူသော တန္တိ-အနက်မှ တစ်ပါး, ဓမ္မသဒ္ဒါ၏ ဟေတုဟူသော အကြောင်းအနက်ကို လဲလှယ်လိုသောကြောင့် အပရော နယော-ထား၏။

(တစ်နည်း) ဓမ္မသဒ္ဒါ၏ ပါဠိတော် ဝစနပဗန္ဓဟူသောအနက်ကြောင်း, ဓမ္မအရ ပါဠိတော် ဝစနပဗန္ဓ-ဟူသော အရကောက်အကျိုးမှ တစ်ပါး, ဓမ္မသဒ္ဒါ၏ အကြောင်းတည်းဟူသောအနက်အကြောင်း ဓမ္မအရ အကြောင်းတည်းဟူသော အရကောက် အကျိုးတစ်ပါးကို လဲလိုသောကြောင့် အပရော နယော-ထား၏။

အပရော နယော သဒ္ဒဟန လက္ခဏာ သဒ္ဓါ, ဩကပ္ပနလက္ခဏာဝါ။(၄-၁၆၃)

ဤ၌ သဒ္ဓေါ စေတသိက်၏ သမ္ပသာဒန လက္ခဏာ, သမ္ပက္ခန္ဒန လက္ခဏာမှ တစ်ပါး၊ သဒ္ဓါစေတသိက်၏ သဒ္ဒဟနလက္ခဏာ, ဩကပ္ပနလက္ခဏာ တည်းဟူသော အနက်တစ်ပါးကို လဲလိုသောကြောင့် 'အပရော နယော' ထား၏။

http://www.dhammadownload.com



ဝါ။ သဒ္ဒါထားပုံမေးသော် သဒ္ဒါစေတသိက်၏ သဒ္ဒဟန လက္ခဏာဟူသော အနက်မှတစ်ပါး ဩကပ္ပန လက္ခဏာတည်းဟူသော အနက်တစ်ပါးကို လဲလှယ်လိုသောကြောင့် 'ဝါ' သဒ္ဒါထား၏ဟူဖြေ။

[မှတ်ချက် ။။ အပရော နယော, အတ္တနောမတိ, မှတ်သားဘိဟူသော နိယံနှင့်အညီဆိုမှု မိမိအယူဝါဒတည်းဟူသော အတ္တနောမတိကို ပြလိုသောကြောင့် အပရော နယောသဒ္ဒါထားသည်ဟု ဆိုရမည်။ ]

(ဝါ - သဒ္ဒါထားပုံ)

ကစ္စိတေန ဝါ အာကာရေန သယန္တိ တိ ကုသာ၊ တေ အကုသလ-သင်္ခါတေ ကုသေ လုနန္တိ ဆိန္ဒန္တီတိကုသလာ။ (ဋ္ဌ-၈၁)

ဤ၌ အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်အားဖြင့် တုန်လှုပ်စေခြင်း, ဝိက္ခမ္ဘနပဟာန်အားဖြင့် ပြင်းစွာ တုန်လှုပ်စေခြင်း, သမုစ္ဆေဒပဟာန်အားဖြင့် အကြွင်းမဲ့ ဖျက်ဆီးခြင်းဟူသော သကတ်အနက်အကြောင်းမှ တစ်ပါး, စက်ဆုပ်အပ်သောအခြင်းအရာအားဖြင့် ဖြစ်တတ်သော အကုသိုလ်တရားတို့ကို ဖြတ်ခြင်းဟူသော သကတ်အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ( 'ဝါ' ) သဒ္ဒါထား၏။

အထဝါ သဒ္ဒါထားပုံ

ကောဟော ဥဒေတီတိ ကောဒိ၊ (ဋ္ဌ-၂၁၃)

အထဝါ သမ္ပယုတ္တဓမ္မေ ဥဒါယတီတိ ဥဒိ၊ ဥဋ္ဌာပေတီတိ အတ္ထော။ (ဋ္ဌ-၂၁၄)

မြတ်သည်ဖြစ်၍ ဖြစ်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက်အကြောင်း၊ ဥဒိဌ္ဌ ကွိပစ္စည်း၏ သုဒ္ဓကတ္တုသာဓ်အနက် အကြောင်းတို့မှ တစ်ပါး၊ သမ္ပယုတ်တရားတို့ကို ထစေတတ်-ဖြစ်စေတတ်သည်၏ အဖြစ်ဟူသော သကတ်အနက် အကြောင်း၊ ကွိပစ္စည်း၏ ဟေတုသတ္တုသာဓ်အနက်အကြောင်း တို့ကို လဲလိုသောကြောင့် အထဝါ သဒ္ဒါထား၏။

http://www.dhammadownload.com



## ဝါ-သဒ္ဒါ အကျိုးလဲပုံ

တေသု ပစ္စယသာမဂ္ဂိံ သမဝါယော ခဏော ပန။

ကောဝ နဝမော ဧ ယေဟ၊ စတ္တာနိ စတုရောပိ ဝါ။ (ဋ္ဌ-၁၀၀)

ဤ၌ ခဏအရဟုဒ္ဓုပ္ပါဒနဝမခဏ ဟူသော အရကောက် အဘိဓေယျ အကျိုးတစ်ပါးမှ၊ စတုစက္က သမ္ပတ္တိဟူသော အရကောက် အဘိဓေယျအကျိုးတစ်ပါးကို လဲလိုသောကြောင့် ဝါ သဒ္ဒါထား၏။

အညာတာဝီနံ ဝါ စတူသု သစ္စေသု နိဋ္ဌိတကိစ္စာနံ။ ပ။

ဣန္ဒြိယသာဓနေန ဣန္ဒ္ရိယံ။ (ဋ္ဌ-၃၃၀)

ဤ၌ အညာတာဝီအရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တည်းဟူသော အရကောက်အဘိဓေယျ အကျိုးတစ်ပါးမှ၊ သမ္ပယုတ္တဓမ္မ တည်းဟူသော အရကောက်အကျိုးတစ်ပါးတို့ကို လဲလှယ်လိုသောကြောင့် - ဝါ သဒ္ဒါထား၏။

ကေသိဉ္စိ စိတ္တေ ပုဂ္ဂလေ ဝါ ဋ္ဌိတတ္တိ ကေဋ္ဌိ။ (ဋ္ဌ-၃၈၀)

ဤ၌ ကေသိဉ္စိ အရ ဝါ, ကေအရ စိတ်တည်းဟူသော အရကောက်, အဘိဓေယျ အကျိုးမှတစ်ပါး၊ ပုဂ္ဂိုလ်ဟူသော အရကောက် အဘိဓေယျ အကျိုး တစ်ပါးကို လဲလိုသောကြောင့်၊ ဝါ သဒ္ဒါထား၏။

ဓမ္မာ ကုသလာတိ ဟိ ဝစနမတ္တေန ကိံ ကထာ, ကိံ ဝါကရောန္တီတိ န သက္ကာ ဉာတုံ။ (ဋ္ဌ - ၉၀)

ဤ၌ ကမ္မသတ္တိကို မေးခြင်းဟူသော အရကောက် အဘိဓေယျ အကျိုး မှတစ်ပါး, ကတ္တုသတ္တိကို မေးခြင်းတည်းဟူသော အရကောက် အဘိဓေယျ အကျိုးတစ်ပါးကို လဲလိုသောကြောင့် ဝါ-သဒ္ဒါထား၏။

[ အထူးမှတ်ချက် ။ ။ အဘိဓေယျတ္ထဟူသော အရကောက်အကျိုးမလဲလျှင် အခြားသော အနက်သဒ္ဒါသည် မည်မျှပင် လဲသော်လည်း အကြောင်းလဲသည်ဟု ဆိုရ၏။ ]

အဘိဓေယျတ္ထ တည်းဟူသော အကျိုးလဲမှသာ အကျိုးလဲသည်ဟု ဆိုရ၏။

http://www.dhammadownload.com



ဤကား ဝဒန္တနှင့် သုဏန္တပုဂ္ဂိုလ် မခွဲမခြားဘဲ သာမညအားဖြင့် ရှေးအစဉ်အဆက် ယူနည်းအရ ဆိုခြင်းတည်း။

**ဝဒန္တ-သုဏန္တပုဂ္ဂိုလ်တို့၌ အနက်နှင့်သဒ္ဒါ အကြောင်း,အကျိုး ခွဲခြားမှတ်ရန်-**

ခွဲခြား၍ ဆိုရလျှင် ဝဒန္တပုဂ္ဂိုလ်၌ အနက်သည် အကြောင်း။ သဒ္ဒါသည် အကျိုး။ သုဏန္တ ပုဂ္ဂိုလ်၌ကား သဒ္ဒါသည်အကြောင်း။ အနက်သည်အကျိုး ဖြစ်သည်။ ထို့ကြောင့် ထိုထိုဆိုင်ရာပုဒ်ဝါကျများ၌ သဒ္ဒါလဲရာဝယ် ဝဒန္တပုဂ္ဂိုလ်ကို ငဲ့၍ ဆိုရလျှင် အကျိုးလဲသည်ဟု ဆိုရမည်။ သုဏန္တပုဂ္ဂိုလ်ကိုငဲ့၍ ဆိုရလျှင်ကား အကြောင်းလဲသည်ဟု ဆိုရမည်။ အနက်လဲရာ၌ ဝဒန္တကိုငဲ့လျှင်ကား အကြောင်း လဲသည်၊ သုဏန္တငဲ့လျှင် အကျိုးလဲသည် ဆိုရမည်။

[ဆောင်] ဝဒန္တမှာ - အနက်အကြောင်း၊ သဒ္ဒါအကျိုး၊
မှတ်ရိုးအမြဲတည်း။
သုဏန္တမှာ - သဒ္ဒါအကြောင်း၊ အနက်အကျိုး၊
မှတ်ရိုးအမြဲတည်း။

ဆိုစရာစကားကျန်သေး၏-

**အနက်လဲနှင့်ပတ်သက်၍ ဝါဒနှစ်မျိုးကွဲပြားပုံ-**

၁။ ဓာတ်,ပစ္စည်း, ဝိဘတ်, ပုဒ်,တို့၏အနက်, ဝိဂ္ဂဟ ဝစနတ္ထ သကတ်စသော အနက်နှင့် အရကောက်အဘိဓေယျအနက်များအားလုံး ရှေ့နောက်မတူ၊ မည်သည့်အနက်လဲလဲ အနက်လဲလှယ်သည်ဟု ဆိုသော ဆရာတို့၏ ပဌမအယူ ဝါဒ။

၂။ အရကောက် အဘိဓေယျအနက်မှ တစ်ပါး ဓာတ်နက်, ပစ္စည်းနက်စသော အခြားအနက်များ ရှေ့နောက်မတူ၊ မည်သို့ပင် လဲလဲ အရကောက် အနက်(အဘိဓေယျတ္ထ) မလဲလျှင် အနက်လဲသည်ဟု မဆိုရဘဲ အရကောက် အနက် (အဘိဓေယျတ္ထ) ရှေ့နောက်မတူ၊ လဲလှယ်မှ အနက်လဲသည်ဟု ဆိုသောဆရာတို့၏ ဒုတိယအယူဝါဒဟု ဝါဒနှစ်မျိုးကွဲပြား၏။ ။

**ပုံစံထုတ်ရှင်းပြရသော်**

( က ) ကုစ္ဆိတေ ပါပကေ ..... ပ .... ဝိဒ္ဒံသေန္တီတိ ကုသလာ။

( ခ ) ကုစ္ဆိတေန ဝါ .... ပ.... ဆိန္ဒန္တီတိ ကုသလာ။ (၄ - ၈၁)

http://www.dhammadownload.com



**ပထမဝါဒအလို** – ဝဒန္တပက္ခ၌ (က) ဝါကျဝယ် အကျဉ်းချုပ်အားဖြင့် စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို ဖျက်ဆီးတတ်သည် ၏ အဖြစ်ဟူသော သကတ်အနက်အကြောင်းမှ တစ်ပါး၊ (ခ) ဝါကျ၌ စက်ဆုပ်အပ်သော အခြင်းအရာအားဖြင့် ဖြစ်တတ်သော အကုသိုလ် တရားတို့ကို ဖြတ်တတ်သည်၏ အဖြစ်ဟူသော သကတ်အနက်အကြောင်းတစ်ပါးကိုလည်းကောင်း၊ (က) ဝါကျဝယ်အကျဉ်းအားဖြင့် ကုစ္ဆိတေ+သလာ–ဟူသော ဒုတိယတပ္ပုရိသ်သမာသ် ဝိဂ္ဂဟသဒ္ဒါ, ကုနှင့်သလာ တွဲစပ်ထားသော ကုသလာဟူသော ဒု–တပ္ပုရိသ်သမာသ်ပုဒ် သဒ္ဒါအကျိုးမှ တစ်ပါး (ခ) ဝါကျ၌ အကျဉ်းအားဖြင့် ကုသေ+လာဟူသော ဒု–တပ္ပုရိသ်သမာသ် ဝိဂ္ဂဟသဒ္ဒါ, ကုသနှင့် လာတွဲစပ်ထားသော ကုသလာဟူသော ဒု–တပ္ပုရိသ်သမာသ်ပုဒ် သဒ္ဒါအကျိုးကို လည်းကောင်း လဲလှယ်လို၍ (ခ) ဝါကျ၌ ဝါသဒ္ဒါထား၏။

ဒုတိယဝါဒအလို – [(က)(ခ) နှစ်ဝါကျ (နှစ်ဝိကပ်)လုံးအရ ကုသိုလ်စိတ္တုပ္ပါဒ်ချည်းရ၍ အရကောက်အနက် (အဘိဓေယျတ္ထ) မလဲသောကြောင့် အနက်အကြောင်းလဲလှယ်သည်ကို မဆိုရတော့ဘဲ အထက်၌ဆိုခဲ့သော သဒ္ဒါအကျိုးလဲလှယ်ပုံကိုသာ ဆိုရမည်။]

အကုသလဥ္စ တံ မူလဥ္စ, အကုသလာနံ ဝါ မူလန္တိ အကုသလမူလံ၊ (ဋ္ဌ–၂၉၆)၌လည်း ပထမဝါဒ–အကုသလမူလံပုဒ်၏ ကမ္မဓာရည်းသမာသ် အနက် အကြောင်းမှတစ်ပါး၊ ဆဋ္ဌီတပ္ပုရိသ်သမာသ် အနက်အကြောင်းကိုလည်းကောင်း၊ အကုသသမူလံပုဒ်၏ ကမ္မဓာရည်းသမာသ်ဝိဂ္ဂဟသဒ္ဒါ, ကမ္မဓာရည်း သမာသ်ပုဒ် သဒ္ဒါအကျိုးမှတစ်ပါး ဆဋ္ဌီတပ္ပုသ်သမာသ် ဝိဂ္ဂဟသဒ္ဒါ, ဆဋ္ဌီတပ္ပုရိသ်သမာသ်ပုဒ် သဒ္ဒါအကျိုးတစ်ပါးကိုလဲလှယ်လိုသောကြောင့် ဝါသဒ္ဒါထား၏။

ဒုတိယဝါဒ – (သဒ္ဒါအကျိုးလဲလှယ်ပုံကိုသာ ဆိုပါ။)

သုဏန္တပက္ခ၌ (အကြောင်းနေရာအကျိုး,အကျိုးနေရာအကြောင်း ပြောင်းလွဲ၍ ဆိုရုံသာထူး၏။)

နှစ်ဝိကပ်လုံး၌ လောဘစေတသိက်ချည်းရ၍ အရကောက် အဘိဓေယျတ္ထ (အဘိဓေယျအနက်)ကား မလဲလှယ်ပါ။

http://www.dhammadownload.com



### ထိုနှစ်ဝါဒကိုကြည့်လျှင် -

ပထမဝါဒမှာ အပဓာနဖြစ်သော သကတ်အနက်၊ သမာသ်အနက်စသော လိုရင်းမဟုတ်သော အနက်အကြောင်းလဲသည်ကိုလည်း လဲသည်ဟုဆို၍ ဒုတိယဝါဒမှာ ထိုသကတ်အနက် သမာသ်အနက်စသော လိုရင်းမဟုတ်သော အနက်အကြောင်းများလဲသော်လည်းပဓာနလိုရင်းဖြစ်သော အဘိဓေယျ အနက်အကြောင်းမလဲသောကြောင့် အနက်အကြောင်းမလဲဟု ဆိုနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ။

### စာမေးပွဲများ၌ ဖြေဆိုရန်နည်း

ပုစ္ဆာတွင် ဝဒန္တနှင့် သုဏန္တပက္ခမပါဘဲ သာမညမျှ-ဝါ, အထဝါ, အပိစ, အပရော နယော သဒ္ဒါများလဲပုံမေးလျှင် ဤစာအုပ်နှင့် သက်ဆိုင်ရာ အဓိပ္ပာယ်စာအုပ်တို့၌ အရေးများသော-သကတ် အနက်အကြောင်း, သမာသ် အနက်အကြောင်း တဒ္ဓိတ်နှင့် ကိတ်ပစ္စည်းအနက်အကြောင်း စသည်လဲလှယ်ပုံလောက်သာ ဖြေဆိုပါ။

စင်စစ်အားဖြင့် ဝဒန္တပက္ခမပါသော်လည်း သဘာဝအားဖြင့် ဆိုလျှင် ဝဒန္တပက္ခအတွက်သာ ဖြစ်၍ ဝဒန္တပက္ခလဲလှယ်ပုံ ဆိုနည်းဆိုရိုးအတိုင်း ဖြေလျှင် ပိုကောင်းသည်၊ ဝဒန္တပက္ခ သုဏန္တပက္ခပါလျှင်ကား ယခင်အထက်ပါနည်းအတိုင်း ဖြေပါ။

[ ထိုပြင် - ဝဒန္တ ပုဂ္ဂိုလ်ဆိုသည်မှာ - အဋ္ဌကထာဖွင့်နှင့် ပတ်သက်လျှင် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ သာဖြစ်နိုင်၍ ကေန်စင်စစ် ဝဒန္တပက္ခအတွက်သာမေးနိုင်သည်။ သုဏန္တ ပုဂ္ဂိုလ်မှာ ဆက်နွယ်၍ မေးမည်ဆိုက မေးနိုင်သဖြင့် လိုလိုမယ်မယ် ထည့်ဆိုထားရခြင်းဖြစ်သည်]။

### ဟိ, စ, ပန, ပိ, အပိ သဒ္ဒါများထားရပုံ

### ဟိသဒ္ဒါထားရပုံ

တထာ ဟိဿ အပ္ပေဝနာမ။ ပါ။ သမဝါယော အတ္တော။ (၄ - ၉၉)

ဤ၌ ရှေးသဒ်ေပ စကားကို ချဲ့ပြလိုသောကြောင့်၊ ဝါ, စိတ္တာရ ဓောတက အဖြစ်ကို ပြလိုသောကြောင့် ဟိ - သဒ္ဒါကို ထား၏။

http://www.dhammadownload.com



တစ်နည်း–ရှေးဒဋ္ဌိယစကားကို ခိုင်မြဲစေလိုသောကြောင့်၊ ဝါ,ဒဠ္ဌီကရဏ ဇောတက အဖြစ်ကို ပြလိုသောကြောင့် ဟိ–သဒ္ဒါကိုထားသည်။

[အမှာ။ ။ဤသို့စသည်ဖြင့် ဟိသဒ္ဒါသည် ဝိသေသအနက်ကို ဟောက ဝိသေသအနက်, ဝိသေသဇောတက အဖြစ်ကို ပြလိုသောကြောင့်, ဂရဟာအနက်ကို ဟောလျှင် ဂရဟာအနက် ဂရဟာ ဇောတက အဖြစ်ကို ပြလိုသောကြောင့် ဟိ–သဒ္ဒါကို ထားသည်ဟု ဟိ–သဒ္ဒါ၏ ဟောအပ်သော အနက်ကို ကြည့်ရှု၍ ဖြစ်သင့်သည့် အားလျော်စွာ ဟိသဒ္ဒါထားရပုံ ကိုသိပါ။]

## စ–သဒ္ဒါထားရပုံ

ကိလေသ ကာမော စေတ္ထ–ကာမေတီတိ ကာမော၊ ဣတရော ပန ကာမိ ယတီတိကာမော။ (ဋ္ဌ –၁၀၄ )

ဤဋ္ဌ ဝတ္ထုကာမ ကိလေသာကာမ–တို့၏ ဝစနတ္ထ အားဖြင့်ထူးပုံကို ပြလိုသော ကြောင့်။ (ဝါ) ဝိသေသဇောတက–အဖြစ်ကို ပြလိုသောကြောင့် စ–သဒ္ဒါထား၏။

(တစ်နည်း) ကာမပုဒ်၏ ဝစနတ္ထကို ဆက်လက်ပြလို သောကြောင့် (ဝါ) ဥပန္យာသဇောတက, ဝါကျာရမ္ဘဇောတက အဖြစ်ကိုပြလိုသောကြောင့် စ – သဒ္ဒါ ထား၏။

ဤသို့စသည်ဖြင့် စ–သဒ္ဒါသည် ပက္ခန္တရ အနက်ကိုဟောက ပက္ခန္တရ အနက် ပက္ခန္တရဇောတက အဖြစ်ကို ပြလိုသောကြောင့် စ–သဒ္ဒါထားသည်ဟု စသဒ္ဒါ ဟောအပ်သောအနက်ကို ကြည့်ရှု၍ စ–သဒ္ဒါ စ–နိပါတ် ထားပုံကိုသိပါ။

## ပနသဒ္ဒါထားရပုံ

အထက်ပါ ဣတရော ပန ၌– ကိလေသ,ကာမအရ ကောက်ရသော ဝစနတ္ထမှတစ်ပါး ဝတ္ထုကာမအရ ကောက်ရသော ဝစနတ္ထကိုပြလိုသောကြောင့် (ဝါ) ပက္ခန္တရ ဇောတကအဖြစ်ကို ပြလိုသောကြောင့် ပန သဒ္ဒါထား၏။

အတ္ထနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ။ (ဋ္ဌ–၈၁)

http://www.dhammadownload.com



ဤ၌ ကုသလသဒ္ဒါ၏ ဝစနတ္ထ အဓိပ္ပာယတ္ထမှတစ်ပါး ဓမ္မ သဒ္ဒါ၏ ဝစနတ္ထ အဓိပ္ပာယတ္ထ တို့ကို ပြလိုသောကြောင့်(ဝါ) ပဏ္ဍုရဇာတက အဖြစ်ကိုပြလိုသော ကြောင့် ပန သဒ္ဒါထား၏။

ဤသို့ စသည်ဖြင့် ပန-သဒ္ဒါ ဟောအပ်သောအနက်ကို ရှု၍ ပန-သဒ္ဒါ ထားရပုံကိုသိပါ။

## ပိ, အပိသဒ္ဒါထားရပုံ

သတ္တန္နံ သောကာနံ ဝေတတိပိ သောကာ။ (၄ -ဂ၆)

ဤ၌ ဇာတတဒ္ဓိတ် ဝစနတ္ထကြောင့်သာ သောကမည်သည် မဟုတ်သေး၊ ဣဒံတဒ္ဓိတ် ဝစနတ္ထကြောင့်လည်း သောကမည်သေး၏ ဟူသော သမုစ္စည်း အနက်, သမ္ဘိဏ္ဍန-အနက်ကိုပြလိုသောကြောင့် ပိ-သဒ္ဒါ, တစ်နည်း အဝိ-သဒ္ဒါ ကိုထား၏။

အချုပ်မှာ- သမုစ္စည်းအနက်, သမ္ဘိဏ္ဍန-အနက်ကို ပြလိုသောကြောင့် ပိ, အပိ-သဒ္ဒါကိုထား၏။

[ဤသို့စသည်ဖြင့် ပိ, အပိ-သဒ္ဒါသည် ဂရဟာ-အနက်ကို ဟောက ဂရဟာ-အနက်ကို ပြလိုသောကြောင့်ထားသည်။ သမ္ဘာဝနာ-အနက်ကို ဟောက သမ္ဘာဝနာ-အနက်ကိုပြလိုသောကြောင့် ထားသည်ဟု ပိ,အပိ-သဒ္ဒါတို့၏ အနက် ကိုရှု၍ ပိ,အပိ-သဒ္ဒါထားပုံကိုသိပါ။]

## တေန သဒ္ဒါ-တသ္မာ သဒ္ဒါ ထားရပုံ

ရှေ့အကျိုးမှ ဆက်၍ရအပ်သော အကျိုးတစ်ပါး လဒ္ဓဂုဏ်ကိုပြလိုသော ကြောင့် တသ္မာ သဒ္ဒါကိုဖြစ်စေ၊ တေန သဒ္ဒါကိုဖြစ်စေ ထား၏။

အချို့ အရာ၌ကား နိဂုံးကိုပြလိုသောကြောင့်ဖြစ်စေ၊ အကြောင်းကို ပြလိုသောကြောင့်ဖြစ်စေ တသ္မာ သဒ္ဒါ တေန သဒ္ဒါတို့ကို ထား၏။

## တေနေဝါဟ,တေနာဟ,တေနဝုစ္စတိ,တေနဝုတ္တံ သဒ္ဒါများထားရပုံ

ရှေးဖြစ်သော ဒဠ္ဍိယ-သာဓျ-ဉာပျ ဖြစ်သော သကဝစနကို ဒဠ္ဍိကရဏ- အာဂမ-သာဓက-ဉာပကဖြစ်သော ပရဝစနဖြင့် ပြလိုသောကြောင့် တေနေဝါဟ တေနာဟ,တေနဝုစ္စတိ,တေနဝုတ္တံ သဒ္ဒါတို့ကို ထား၏။

http://www.dhammadownload.com



အချုပ်မှာ- ဒင္ဋကရဏ,အာဂမ,သာဓေ,ဉာပကကို ပြလိုသောကြောင့် တေနေဝါဟ,တေနာယ,တေနာဝုစ္စတိ,တေနဝုတ္တံ-သဒ္ဒါတို့ကို ထား၏။

(တစ်နည်း) လဒ္ဓဂုဏ်ကို ပြလိုသောကြောင့်(တစ်နည်း)နိဂုံးကို ပြလိုသောကြောင့် ထား၏။

[ဆောင်] တေနဝုတ္တံ၊တည်ပါဌ်ပြန်ပြ၊ထားကုန်ကြမူ၊လဒ္ဓဂုဏ်ပြ၊ ဆိုကုန်ကြ၏၊ နိဂုံးထင်လှ၊နောတက္က။ (ရွှေရေးဆောင်နိယံ-၃၇၇)

## ဂဟေတဗ္ဗ-ဝတ္တဗ္ဗ သဒ္ဒါ စသည် ထားရပုံ

[ဆောင်](က) ဂဟေတဗ္ဗာ၊ ဝတ္တဗ္ဗာ နှင့်၊ သက္ကာလည်းပြ၊ သာမညမှ ဌာနဝိသေ၊ တည်သင့်ပေလှ၊ အတ္ထယုတ္တိ၊ ကြံတွေးသိ၊

( ၁) ဂဟေတဗ္ဗာ, ဝတ္တဗ္ဗာနှင့်၊ ပန္နာတစ်ဖုံ၊ ဝတ္တုံယုဇ္ဇတိ, သက္ကာရှိက၊ သာမညမှ၊ ခွဲကြဝိသေ၊ လျော်စွာပေ၊ စမ်းလေ အတ္ထမှာ။

သာမည-အနက်မှ အတ္ထယုတ္တိ-ရှိသည့်အားလျော်စွာ ဝိသေသ- အနက်ကိုသာ ယူစေလိုသောကြောင့်, ဝါ၊ သာမညအနက်မှ ဝိသေသ-အနက်ကို ခွဲစိတ်ထုတ်လျက် ဆိုလိုသောအရာဌာန ဖြစ်သောကြောင့် ဂဟေတဗ္ဗ, ဝတ္တဗ္ဗ, ဥပပန္န, ဝတ္တုံယုဇ္ဇတိ သက္ကာ, ယုတ္တံ-သဒ္ဒါတို့ကို ထား၏။

## အဓိပ္ပေတ -ကထိတ သဒ္ဒါတို့ကို ထားရပုံ

[ဆောင်](က) အဓိပ္ပေတံ၊ နည်းတူကြံ၊လုရန်စကားမှာ။

(၁ ) သူကလိုင်မှု၊ စကားလု၊ ထားမှုကထိတာ။

(၂ ) ဥပစာရ၊ အာသကံ၊ ထားကြရံတစ်ခါ။

သာမည-အနက်မှ အတ္ထယုတ္တိရှိသည့်အားလျော်စွာ ဝိသေသ အနက်ကိုယူစေလိုသောကြောင့်လည်းကောင်း၊ စောဒကပုဂ္ဂိုလ်နှင့် စကားလုကို ပြလိုသော ကြောင့်လည်းကောင်း၊ ဝါ၊ စောဒကပုဂ္ဂိုလ်နှင့် သူနိုင်ငါနိုင် စကားလု ယက်၍ အချက်ကျကျ ပြောဆိုသုံးဖြတ်၍ပြရာဖြစ်သောကြောင့် လည်းကောင်း အဓိပ္ပေတ သဒ္ဒါ, ကထိတ-သဒ္ဒါတို့ကို ထား၏။

http://www.dhammadownload.com



(တစ်နည်း) ပါဠိတော်ကိုစွဲကိုင်၍ သာမညအားဖြင့် ဟောသည် မဟုတ်ပါလော-ဟု အခိုင်အမာ အာဘော်ထား၍ စောဒကဆရာ ယူဆထားရာ၌ တစ်စုံတစ်ခုသောအကြောင်း အာဘော်, ယုတ္တိမဖြစ်မူ၍ သဘာဝ ယုတ္တိရှိသည့်အားလျော်စွာ လုယက်ဆွဲငင်၍ ယူဆပြရသောအရာ ဖြစ်သောကြောင့် အဝိပ္ပေတသဒ္ဒါ,ကထိတသဒ္ဒါတို့ကို ထား၏။

အချို့သော အရာဌာန၌ ဥပစာရအဖြစ်ကို လည်းကောင်း, ယုံမှားခြင်း အာသင်္ကာ အဖြစ်ကိုလည်းကောင်း ပြလိုသောကြောင့် ကထိတသဒ္ဒါ ထားသေး၏။

## သမ္ဘဝသဒ္ဒါ ထားရပုံ

[ဆောင်] သမ္ဘဝတိ၊ စသည်ရှိက၊ ဗျဘိစာရော၊ ဩစိတျ၊ အတ္ထ ရောက်ရာ၊ ကျမ်းတွင်လာ။

ယုံမှားသင်္ကာရှိခြင်း ဗျဘိစာရအဖြစ်ကို ပြလိုသောကြောင့်လည်းကောင်း ယထာရုတခေါ် တိုက်ရိုက်လာသော ပါဠိနှင့်သင့်တင့်ညီညွတ်ခြင်း ဩစိတျအဖြစ်ကို ပြလိုသောကြောင့်လည်းကောင်း, သဒ္ဒါအားဖြင့် တိုက်ရိုက်မုချ မပြသော်လည်း အနက်အားဖြင့်ရောက်သော အတ္ထာပန္နအဖြစ်ကိုပြလိုသောကြောင့် လည်းကောင်း သမ္ဘဝတိ,သမ္ဘဝတော,သမ္ဘဝါ စသည်ဖြင့် သမ္ဘဝသဒ္ဒါများကို ထား၏။

[ သဒ္ဒါကျမ်းတို့၌ အများနှင့်ဆက်ဆံ၍ သာမည-ဖြစ်နေသော အနက်ကို "သမ္ဘဝ" ဟုဆို၏။ ထိုသို့ သမ္ဘဝဖြစ်နေလျှင် ဟိုအနက်,သည်အနက် စသည်အားဖြင့် အနက်များဝင်လာခြင်းကို "ဗျဘိစာရ"ဟုဆို၏။ ဤ(ဟေတုဂေါစ္ဆက)၌လည်း အခြားသောဒုက်ပုဒ်တို့ကိုယူနိုင်ခြင်း(အခြားသောဒုက်ပုဒ်တို့ဝင်လာခြင်းအကြောင်းကို)"သမ္ဘဝ" ဟုဆိုသည်။(သမ္ဘဝေါဟိ) ဂဟာဏာဿ ကာ(ရဏ-ဋီကာ-၄၉။) ဘာသာဋီကာ-ပ-၃၄၇။]

## ဝုစ္စတိသဒ္ဒါထားရခြင်းအကြောင်း

[ဆောင်] သကတ်တစ်ထွေ၊အပြေဥပစာ၊အာသင်္ကာ၊ထားရာဝုစ္စတိ။

http://www.dhammadownload.com



သကတ်အနက်ကိုလည်းကောင်း, အဖြေကိုလည်းကောင်း, ဥပစာကို လည်းကောင်း,ယုံမှားအာသက်ာကိုလည်းကောင်း ပြလိုသောကြောင့် ဝုစ္စတိသဒ္ဒါကို ထား၏။

### တစ်နည်း-ဝုစ္စတိသဒ္ဒါထားရပုံနှင့် နာမသဒ္ဒါထားရပုံ

[ဆောင်] ဝုစ္စတိ,ဝုတ္တံ၊ နာမံရှိရာဥပစာ၊ မြဲစွာဉာဏ်ဖြင့်ရှု။

ဥပစာအဖြစ်ကို ယေဘုယျအားဖြင့် ကေဒေသျူပစာအဖြစ်ကို ပြလိုသောကြောင့် ဝုစ္စတိနှင့် ဝုတ္တသဒ္ဒါ, နာမ သဒ္ဒါတို့ကို ထား၏။

### ဝုစ္စတေသဒ္ဒါ ထားရခြင်းအကြောင်း

စောဒကပုဂ္ဂိုလ်၏ စောဒနာနှင့်စပ်၍ အဖြေပရိဟာရကို ပြလိုသောကြောင့် "ဝုစ္စတေ" သဒ္ဒါထား၏။

[ အမှာ။ ။ အထက်ပါ ဝုစ္စတိသဒ္ဒါထားသည်ဟု ဆိုရာ၌ အချို့အရာဝယ် ဝုစ္စတိအစား ဝုစ္စန္တိဟုထားကလည်း နည်းတူမှတ်ပါ]

### အဓိဝစနနှင့် နာမသဒ္ဒါ ထားရခြင်းအကြောင်း

[ဆောင်] အဓိဝနံ၊ နာမံရှိက ၊ များလှနက်တွင်၊ လိုအင်နက်မို၊ ထင်ရှင်ငြိ၊ စွဲသည်ကေန္တ။

များလှသောအနက်တို့တွင် ဤ၌လိုအပ်သောအနက်ကို အထင်ရှင်ငြိကေ-ဒေသျူပစာအားဖြင့် ပြလိုသောကြောင့် အဓိဝစနသဒ္ဒါ,နာမသဒ္ဒါထား၏။(အထက်ပါနာမသဒ္ဒါထားရပုံနှင့် အဓိပ္ပာယ်အသားကျအားဖြင့် တူ၏။)

### သေယျထိဒံ သဒ္ဒါထားရပုံ

[ဆောင်] သေယျထိဒံ၊ တက်လာပြန်၊ ဖော်ဟန်ဂုဠ္ဌတ္ထ။

တိမ်မြုပ်ကွယ်ဝှတ်သောအနက်-တည်းဟူသော ဂုဠ္ဌတ္ထကို ဖော်ပြလိုသောကြောင့် သေယျထိဒံ သဒ္ဒါထား၏။

### ဝုတ္တံဟောတိသဒ္ဒါ သိဒ္ဓံသဒ္ဒါထားရပုံ

[ဆောင်] ဝုတ္တံဟောတိ၊ သိဒ္ဓံရှိက၊ နေယျတ်သိုလှ၊ စကားကျ။

ဆောင်၍ သိအပ်သော နေယျတ္ထ, တိမ်မြုပ်ကွယ်ဝှက်သော ဂုဠ္ဌတ္ထ, အဓိပ္ပာယ်စကားကျတို့ကို ပြလိုသောကြောင့် ဝုတ္တံဟောတိသဒ္ဒါ,သိဒ္ဓံသဒ္ဒါ ထား၏။ (ဝါ) ပဒပိဏ္ဍတ္ထ ဥဇုကတ္ထကို ပြလိုသောကြောင့် ဝုတ္တံဟောတိသဒ္ဒါ ထား၏။

### ဣဒံ ဝုတ္တံဟောတိထားရပုံ

[ဆောင်] ဣဒံ ဝုတ္တံ၊ ဟောတိခံက၊ နေယျတ်ဝက်၊ ဂုဠ္ဌတ္ထကြောင့်၊ ထိုက်စွာ ဖြောင့်ပြ၊ ပိဏ္ဍတ္ထ။

နေယျတ္ထ, ဝက်တ္ထ,ဂုဠ္ဌတ္ထကြောင့် တိမ်မြုပ်ကွယ်ဝှတ်သော အနက်ကို

http://www.dhammadownload.com



ထိုက်သည်အားလျော်စွာ အဖြောင့် ဥဇုကတ္တ ဆိုလိုရင်း ပိဏ္ဍတ္ထ(ဝါကျပိဏ္ဍတ္ထ) ပြလိုသောကြောင့် "ဣဒံ ဝုတ္တံဟောတိ" သဒ္ဒါထား၏။

[ မှတ်ချက် ။ ။ ဝုတ္တံဟောတိကို ဝါကျအဆုံး၌ထားသည်။ ဣဒံ ဝုတ္တံ ဟောတိကို ဝါကျအစ၌ ထားသည်]

**အဓိပ္ပာယော,အတ္ထောထားရပုံ**

[ဆောင်] အဓိပ္ပာယော၊ အတ္ထောရှိက၊ ဂူဠ္ဌဖော်ပြ၊ စကားကျ။

တိမ်မြုပ်ကွယ်ဝှတ်သော အနက်တည်းဟူသော ဂူဠ္ဌတ္ထကိုဖော်ပြလျက် စကားကျကို ပြလိုသောကြောင့် အဓိပ္ပာယော,အတ္ထောသဒ္ဒါ များထား၏။

**သေဝနယော-သေနယော ထားရပုံ**

[ဆောင်] (က) လုံးစုံအတ္ထ၊ တူညီမျှ၊ သေဝနယောကို။

(ခ ) တစ်စိတ်မတူ၊ တစ်စိတ်တူ၊ သုံးမူသေနယောကို။

ရှေးစကားရပ်နှင့် ဝစနတ္ထပြုနည်း,အဓိပ္ပာယ်ယူနည်း အလုံးစုံ တူသည်ကို ပြလိုသောကြောင့် သေဝနယော-သဒ္ဒါ ထား၏။

ရှေးစကားရပ်နှင့် ဝစနတ္ထပြုနည်း, အဓိပ္ပာယ်ယူနည်း တစ်စိတ် တစ်ဒေသအားဖြင့် တူသည်ကို ပြလိုသောကြောင့် သေနယော-သဒ္ဒါ ထား၏။

**တ္တေစနှင့် စေတ္တပုဒ်တို့ထားရပုံ**

[ဆောင်] (က) တ္တေစမှာ၊ လိနတ္ထာ၊ ပုဒ်လာအဖြေပြ။

(ခ ) စေတ္တပုဒ်မှာ၊ ဝိသယာ၊ ပြန်ကာဗျတိပြ။

လိနတ္ထဖြစ်သော ရှေးဝါကျ၌ စောဒနာဖွယ်ရှိ၍ ထိုစောဒနာ၏ အဖြေကို ပြလိုသောကြောင့်(ဝါ)ပြလိုသောအခါ ပြလိုရာဌာနတို့၌ တ္တေစသဒ္ဒါကို ထား၏။

လိနတ္ထဖြစ်သော ရှေးပုဒ်၌ စောဒနာဖွယ်ရှိ၍ ထိုစောဒနာ၏ အဖြေကို ပြလိုသောကြောင့်(ဝါ)ပြလိုသောအခါ ပြလိုရာဌာနတို့၌ "စေတ္တ"ပုဒ်ကိုထား၏။

**ယထာဟသဒ္ဒါ ထားရပုံ**

အမေးပုစ္ဆာကို (တစ်နည်း) ဒဠှီကရဏ-အာဂမ-သာဓေ-ဉာပကတို့ကို ပြလို သောကြောင့် ယထာဟသဒ္ဒါ ထား၏။

**တ္တေသိယာ-တ္တောဟသဒ္ဒါ ထားရပုံ**

စောဒကပုဂ္ဂိုလ်၏ စောဒနာစကားကို ပရိကပ္ပအားဖြင့်(ဝါ) ကြံဆသော အားဖြင့် ပြလိုသောကြောင့် တ္တေသိယာ,တ္တောဟသဒ္ဒါများ ထား၏။

http://www.dhammadownload.com



## နံပါတ်(၄) ဆိုင်ရာစည်းမျဉ်းအဖြေ
## ဗျုပ္ပတ္တိ စတုက္က (ဝါ)ဗျုပ္ပတျာဒိစတုက္က
## သရုပ်အပြား

၁။ ဗျုပ္ပတ္တိ၊ ၂။ ဗျုပ္ပတ္တိနိမိတ်၊ ၃။ ပဝတ္တိ၊ ၄။ ပဝတ္တိနိမိတ်။

## ဗျုပ္ပတ္တိ စတုက္က ခွဲနည်း
(ဘေဒစိန္တာဒီပနီနည်း)

[ဆောင်] ၁။ ဝိဂ္ဂဟ ဝါကျ၊ ဟူသမျှ ၊ ခွဲကြဗျုပ္ပတ္တိ။
၂။ ကိတ်ဝိဂ္ဂဟမှာ၊အစိတ်ပရမတ္ထ သဒ္ဒါ၊ဖြစ်ကြောင်း ကြိယာ၊ ခွဲပါ ဗျုပ္ပတ္တိ နိမိတ်။
၃။ သမာသ်, တဒ္ဓိတ်ဝိဂ္ဂဟ၊ သမ္ဗန္ဓ၊ ခွဲကြ ဗျုပ္ပတ္တိနိမိတ်။
၄။ ပုဒ်ပြီး နိပ္ဖန္နသဒ္ဒါ၊ တွေ့လေရာ၊ ခွဲပါပဝတ္တိ။
၅။ ကိတ် ဝိဂ္ဂဟမှာ၊ အပေါင်းသဒ္ဒါ၊ ဖြစ်ကြောင်း ကြိယာ၊ ယေဘုယျာ၊ ခွဲပါပဝတ္တိနိမိတ်။
၆။ သမာသ်,တဒ္ဓိတ်ဝိဂ္ဂဟမှာ၊ဇာတ်, ဂုဏ်၊ ကြိယာ,ဒြပ်,နာမ်၊ ဤ ငါးတန်၊ ခွဲရန်ပဝတ္တိ နိမိတ်။ ဝိဂ္ဂဟော ဝုတ္တိဗျုပ္ပတ္တိ၊ ကံနိမိတ္တံ ကြိယာဒိကံ၊ ပဝတ္တိ သဒ္ဒနိပ္ဖတ္တိ၊ တံနိမိတ္တံ ဇာတိပဥ္စကံ။

၁။ ဝိဂ္ဂဟဝါကျ ဟူသမျှသည် ဗျုပ္ပတ္တိမည်၏။
၂။ ကိတ်ဝစနတ္ထအရာ၌ အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော သွားခြင်း-သိခြင်းစသောကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏။ သမာသ်-တဒ္ဓိတ်ဝစနတ္ထအရာ၌ဌာန+ဌာနီ,ဂုဏ်+ဂုဏီ, အကြောင်း+အကျိုးအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်စသည်သည် ဗျုပ္ပတ္တိနိမိတ် မည်၏။
၃။ ဗုဒ္ဓေါ,ဓမ္မော,သံဃော,ပုရိသော, စိတ္တံ စသောပုဒ်ပြီး နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိမည်၏။

http://www.dhammadownload.com



၄။ ကိတ်ဝစနတ္ထ အရာ၌ ဝါ၊ ကိတ်ကြိယာပုဒ်၌ ယေဘုယျ အားဖြင့် နိပ္ဖန္နသဒ္ဒါ၊ အပေါင်းသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သွားခြင်း, သိခြင်း စသော ကြိယာသည် ပဝတ္တိနိမိတ်မည်၏။ အပွကအားဖြင့် ဇာတ်,ဂုဏ်,ကြိယာ,ဒြပ်,နာမ် ငါးမျိုးတွင် ဖြစ်သင့် ရာတစ်မျိုးမျိုးသည်ပဝတ္တိနိမိတ်မည်၏။ သမာသ်တဒ္ဓိတ်ဝစနတ္ထ အရာ၌ ဇာတ်,ဂုဏ်,ကြိယာ,ဒြပ်,နာမ်-ငါးမျိုးတွင် ဖြစ်သင့်ရာတစ် မျိုးမျိုး သည်(ယေဘုယျအားဖြင့် ဇာတ်သည်) ပဝတ္တိနိမိတ်မည်၏။

[မှတ်ချက်။ ။ ဗျုပ္ပတ္တိခွဲရာ၌ ဝိဂ္ဂဟပြုရာဝယ်ထပ်ဖွင့်ပုဒ်များနှင့်တကွ ဗျုပ္ပတ္တိ ခွဲရမည်။

ဥပမာ – ဝိဒိယတေ ဉာယတေတိ ဝေဒိတဗ္ဗော။

ဝိဒိယတေ ဉာယတေတိ ဟူသော ဝိဂ္ဂဟ ဝါကျသည် ဗျုပ္ပတ္တိမည်၏။

ဤသို့ ဉာယတေ ဟူသော ထပ်ဖွင့်ပုဒ်နှင့်တကွ(ဝါ)၊ ဝိဂြိုဟ်ဝါကျမှာပါသောပုဒ်ဟူ သမျှ ဗျုပ္ပတ္တိ ခွဲရမည်။

ဗျုပ္ပတ္တိ နိမိတ်ခွဲရာ၌ကား ထပ်ဖွင့်ပုဒ်များ ထည့်ခွဲရန်မလို။

ဥပမာ – ယခင် ဝိဒိယတေ ဉာယတေတိ ဝေဒိတဗ္ဗော၌ ဝိ- ဟူသော ဒိ-ဟူသော,ယ-ဟူသော,တေ-ဟူသော အစိတ်ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော သိခြင်း ကြိယာသည် ဗျုပ္ပတ္တိနိမိတ်မည်၏ဟု ခွဲပါ။

နောက်ထပ်ဖွင့်သော ဉာယတေပုဒ်ကို ထည့်ရန်မလို၊ မူရင်းဝိဂ္ဂဟပုဒ် ကိုသာ ထည့်ခွဲရန်လိုသည်။

ကရဏသာနေဝိဂ္ဂဟ စသည်များ၌ ဗျုပ္ပတ္တိခွဲရာဝယ် – တေန အဿ တေသွာ စသောပုဒ်များကိုလည်း ထည့်ခွဲပါ။

ဥပမာ – သဒ္ဒဟန္တိ တောယာတိ သဒ္ဓါ၊ နိဿရန္တိ နိဂ္ဂစ္ဆန္တိ တွောတိ နိဿရဏံ တို့၌ သဒ္ဒဟန္တိ တောယာတိ ဟူသော ဝိဂ္ဂဟ ဝါကျသည် ဗျုပ္ပတ္တိမည်၏။ နိဿရန္တိ နိဂ္ဂစ္ဆန္တိ တွောတိ ဟူသောဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိမည်၏။ (ဤသို့ တေန-တွော စသည်တို့ကိုလည်း ဗျုပ္ပတ္တိ၌ ထည့်ခွဲပါ၊ ဗျုပ္ပတ္တိနိမိတ်ခွဲရာ ၌ကား ထို တေန – တွော စသည် ထည့်ခွဲရန်မလို)။

http://www.dhammadownload.com



ဥပမာ– ယခင် သဒ္ဒသဟန္တိ တောယာတိ သဒ္ဒါ၌ သဒ်-ဟူသော ဒ-ဟူသော-ဟန်-ဟူသော တိ-ဟူသော အစိတ်ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ယုံကြည်ခြင်း ကြိယာသည် ဇျုပ္ပတ္တိနိမိတ်မည်၏။

နိသာရန္တိ နိဂ္ဂစ္ဆန္တိ ထွောတိ နိသာရဏ၌ နိသ်-ဟူသော သ-ဟူသော ရန်-ဟူသော တိ-ဟူသော အစိတ်ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ထွက်မြောက်ခြင်းကြိယာသည် ဇျုပ္ပတ္တိနိမိတ်မည်၏ဟု ခွဲပါ၊ တောယ-ထွောတို့ကို ဇျုပ္ပတ္တိနိမိတ်၌ ထည့်ခွဲရန် မလို။

## အဘိဓာန်ဋီကာနည်း

[ဆောင်] ၁။ ဇျုပ္ပတ္တိရ ပရမတ္ထ၊ သဒ္ဒယူအပ်စွာ။
၂။ ဇျုပ္ပတ္တိ၏၊ နိမိတ်သိ၊ ပကတိပစ္စည်းမှာ။
၃။ ပဝတ္တိရှို့ ပညတ္တိ၊ ယူဘိသဒ္ဒမှာ။
၄။ ပဝတ္တိ၏၊ နိမိတ်ရှို့ ဓာတိပဉ္စကာ။
ပရမတ္ထော စ ဇျုပ္ပတ္တိ၊ တံ နိမိတ္တံ တု ဓာတွာဒိ။
ပဝတ္တိ ဟောတိ ပညတ္တိ တံနိမိတ္တံ တု ဓာတျာဒိ။

၁။ အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဇျုပ္ပတ္တိ မည်၏။

၂။ ကိတ်ပုဒ်တို့၌ ဓာတ်, ပစ္စည်း, သွားခြင်း, သိခြင်း စသော ကြိယာသည်လည်းကောင်း၊ သမာသ်ပုဒ်တို့၌ သမာသ်၏ အစိတ်အစိတ် ပုဒ်, ဂုဏ်+ဂုဏေး စသည်စပ်ခြင်း သမ္ဗန်သည်လည်းကောင်း၊ တဒ္ဓိတ်ပုဒ်တို့၌ ပုဒ်, ပစ္စည်း ဂုဏ်+ဂုဏေး စသည် စပ်ခြင်း သမ္ဗန်သည်လည်းကောင်း ဇျုပ္ပတ္တိ နိမိတ်မည်၏။

၃။ ဗုဒ္ဓေါ ဓမ္မော စသော အပေါင်းနာမပညတ္တိသဒ္ဒါသည် ပဝတ္တိ မည်၏။

၄။ ကိတ်ပုဒ်တို့၌ ယေဘုယျအားဖြင့် သွားခြင်, သိခြင်း, စသော ကြိယာ,အပ္ပကအားဖြင့် ဓာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ် ငါးမျိုးတွင် ဖြစ်သင့်ရာ တစ်မျိုးမျိုးသည် သမာသ်,တဒ္ဓိတ်ပုဒ်တို့၌ ဓာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ် ငါးမျိုးတွင် ဖြစ်သင့်ရာ တစ်မျိုးမျိုးသည် ယေဘုယျအားဖြင့် ဓာတ်သည် ပဝတ္တိ နိမိတ်မည်၏။

http://www.dhammadownload.com



## ဗျုပ္ပတ္တိစတုက္ကခွဲပုံ
## (ဘေဒစိန္တာ ဒီပနီနည်း)
## သမာသ ကဏ္ဍ

အတ္ထာနံ အဓိကိစ္စ ပဝတ္တာတိ အဇ္ဈတ္တာ။ (အဗျယီဘော)

၁။ အတ္တာနံ အဓိကိစ္စ ပဝတ္တာတိဟူသော (တစ်နည်း) အတ္တာနံ အဓိကိစ္စပဝတ္တာဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိမည်၏။ (နောက်နောက် ဝိဂ္ဂဟဝါများ၌လည်း ဗျုပ္ပတ္တိခွဲရာဝယ် ဤကဲ့သို့ ဣတိသဒ္ဒါထည့်, မထည့် နှစ်မျိုး ခွဲနိုင်သည်။)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော မိမိကိုယ်၏ စွဲ၍ဖြစ်သော တရားနှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ် မည်၏။

၃။ အဇ္ဈတ္တာဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိမည်၏။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော (ဝါ)အဇ္ဈတ္တာ ဟူသော-ထိုနိပ္ဖန္နသဒ္ဒါ အပေါင်းသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော မိမိကိုယ်ကို စွဲ၍ ဖြစ်ခြင်း ကြိယာသည်၊ (တနည်း) အဇ္ဈတ္တတရားတို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည် ပဝတ္တိနိမိတ်မည်၏ ။

**(မှတ်ချက်)။** ။ဗျုပ္ပတ္တိခွဲရာ၌ ဣတိကိုထည့်ခွဲသည်လည်း ရှိ၏။ မထည့်ခွဲသည်လည်းရှိ၏။ အမှန်စင်စစ်အားဖြင့် ဣတိသည် ဝိဂ္ဂဟ = ဝစနတ္ထမဟုတ်၊ ဝစန-ပေါတုဇောတက ဖြစ်၏။ ဝိဂ္ဂဟ = စနတ္ထကိုသာ ဗျုပ္ပတ္တိခွဲ၍ ဣတိမထည့်ဘဲ ဗျုပ္ပတ္တိခွဲခြင်းသာ တိကျသည်ဟု ဆိုရမည်။ ကိတ်ပုဒ်စစ် ကျမ်းအဆုံးနား၌ (ဗုဇ္ဈတိဟူသောဝါကျသည် ဝိဂ္ဂဟမည်၏) ဟု ဣတိမပါဘဲ ဝိဂ္ဂဟခွဲပြထား၏။ ထို့ကြောင့် ပုဒ်စစ်အလိုခွဲလျှင် ဗျုပ္ပတ္တိခွဲရာ၌ ဣတိမပါဘဲ ခွဲရလိမ့်မည်။ သို့သော် ဣတိသည် ဝိဂ္ဂဟ=ဝစနတ္ထနှင့် နီးကပ်တွဲစပ်နေ၍ (ထွန်နောက်ရေပါ နည်းအရ) ဗျုပ္ပတ္တိ ခွဲရာ၌ ဣတိထည့်ခွဲလျှင်လည်း အပြစ်ရှိသည်ဟူ၍ မဆိုသာ ဟု ထင်မြင်မိ၏။ ဆရာအများစုမှာလည်း ဗျုပ္ပတ္တိခွဲရာ၌ ဣတိထည့်ခွဲကြသည်။

http://www.dhammadownload.com



အဘိအတိရေကော+ဓမ္မော အဘိဓမ္မော။ (ကမ္မဓာရည်း)

၁။ အဘိအတိရေကော+ဓမ္မော-ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော လွန်ကဲသော အတိရေက ဘောဂုဏ်၏ ပါဋ္ဌိဓမ္မနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဗျုပ္ပတ္တိ-နိမိတ်။

၃။ အဘိဓမ္မော ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော - ဝါ - ထိုနိပ္ဖန္နသဒ္ဒါ, အပေါင်းသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော အဘိဓမ္မ-ဟူသောအမည်သည်, (ဝါ), အဘိဓမ္မာပါဠိတို့၏ (လွန်ကဲသော ပါဠိအဖြစ်ဖြင့်) တစ်ခုသည် တစ်ခုနှင့်တူ သော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်-အဘိဓမ္မဖြစ်သည် ပဝတ္တိနိမိတ်။

(တနည်း) အဘိဝိသေသော+ဓမ္မော အဘိဓမ္မော။ ( ကမ္မဓာရည်း )

၂။ ထူးခြားသော ဝိသေသဘောဂုဏ်၏ ပါဠိဓမ္မနှင့် ဂုဏ်+ ဂုဏေးစပ် .... ဗျု- နိ။

၄။ အဘိဓမ္မာပါဠိတို့၏ (ထူးခြားသောပါဠိအဖြစ်ဖြင့် ) တစ်ခုသည်။ ပ။ ဇာတ်သည် ပ-နိ။ (ကျန်အချက်များ ယခင်အတိုင်း)

[အမှာ။ ။ ဤမှနောက်၌ ဗျုပ္ပတ္တိစတုက္ကခွဲရာဝယ် ၁-အချက် ဗျုပ္ပတ္တိ၊ ၂-အချက် ဗျုပ္ပတ္တိနိမိတ်၊ ၃- အချက် ပဝတ္တိ၊ ၄-အချက် ပဝတ္တိနိမိတ်ဟု မှတ်ပါ။ ၎င်းတို့ကို မရေးတော့ပါ။]

န+ကုသလာ=အကုသလာ။(ကမ္မဓာရည်း)

၁။ နကုသလာ ဟူသော ဝိဂ္ဂဟဝါကျသည်။

၂။ ထို၏ အကြောင်းဖြစ်သော ပဋိပက္ခဘောဂုဏ် ဝါ-ဝိရုဒ္ဓဘောဂုဏ်၏ ကုသိုလ်နှင့် ဂုဏ်+ဂုဏေး............စပ်........။

၃။ အကုသလာ ဟူသောနိပ္ဖန္နသဒ္ဒါသည်။

၄။ ထို၏ အကြောင်းဖြစ်သော ကုသိုလ်နှင့် ဆန့်ကျင်ခြင်း ကြိယာသည်, ဝါ-အကုသိုလ်တို့၏ တစ်ခုသည်။ ပ ။ ဇာတ်သည်။

http://www.dhammadownload.com



န+ဗျာကတာ=အဗျာကတာ (ကမ္မဓာရည်း)

၂။ အညဘောဂုဏ်၏ ဗျာကတ တရားနှင့် ဂုဏ်+ဂုဏော စပ်။

၄။ ကုသိုလ် အကုသိုလ်တို့မှတစ်ပါး တခြား၏ အဖြစ်ဖြင့် ဟောခြင်း ကြိယာသည် ဝါ -အဗျာကတ တရားတို့၏တစ်ခုသည်-ပ -ဓာတ်သည်။

ပဉ္စ +က္ခန္ဓိယာနိ = ပဉ္စက္ခန္ဓိယံ ။ (ဒိဂု)

၂။ ငါးခုသချာ၏ ခန္ဓာတို့နှင့် သချာ+သချေယျ, ဂုဏ်+ဂုဏေးစပ်။

၄။ ငါးပါးသော ခန္ဓာတို့၏ တစ်ခုသည် -ပ-ဓာတ်သည်။

ဝိသိဋ္ဌာနံ+ပါကာ=ဝိပါကာ။ (တပ္ပုရိသ်)

၂။ အချင်းချင်း ထူးကုန်သော ကုသိုလ်,အကုသိုလ်တို့၏ ဝိပါက် တို့နှင့် အကြောင်း+အကျိုးစပ်။

၄။ ကုသိုလ်,အကုသိုလ် တရားတို့၏ ရင့်ကျက်ခြင်း ကြိယာသည်(ဝါ) ဝိပါက်တရားတို့၏ တစ်ခုသည် -ပ- ဓာတ်သည်။

အာစယံ + ဂါမိနော = အာစယဂါမိနော။ (တပ္ပုရိသ်)

၂။ ပဋိသန္ဓိ,စုတိ,ဂတိဟူသော ဝဋ္ဋတရားတို့၏ ကုသိုလ် အကုသိုလ် တို့နှင့် အကျိုး+အကြောင်းစပ်။

၄။ အာစယမည်သော တရားတို့သို့ ရောက်ခြင်းကြိယာသည်။

ကုစ္ဆိတေ + သလာ=ကုသလာ။ (တပ္ပုရိသ်)

၂။ စက်ဆုပ်အပ်သော အကုသိုလ်တို့၏ ဖျက်ဆီးတက်သောကုသိုလ် နှင့် ပဟာတဗ္ဗ+ပဟာယက စပ်။

၄။ အကုသိုလ်တို့ကို ဖျက်ဆီးခြင်း ကြိယာသည်၊ (ဝါ)-ကုသိုလ်တို့၏ တစ်ခုသည်-ပ-ဓာတ်သည်။

မိစ္ဆာ အတ္တာ သဘာဝေါ ဧတေသန္တိ မိစ္ဆတ္တာ။ (ဗဟုဗ္ဗိဟိ)

၂။ မှားသောသဘော၏ မှားသောသဘောရှိသော တရားတို့နှင့် ဝါ-မိစ္ဆတ္တ တရားတို့နှင့် ဂုဏ်+ဂုဏေးစပ်။

http://www.dhammadownload.com



၄။ များသောသဘောရှိသော ဓမ္မဒြပ်သည်, (ဝါ) မိစ္ဆတ္တတရားတို့၏ တစ်ခုသည် -ပ-ဇာတ်သည်။

မဂ္ဂေါ အာရမ္မဏံ ဧတေသန္တိ မဂ္ဂါရမ္မဏာ။ (ဗဟုဗ္ဗိဟိ)

၂။ မဂ်-ဟူသောအာရုံ၏ မဂ္ဂါရမ္မဏ တရားတို့နှင့် အာရုံ+အာရမ္မဏကိ စပ်။

၄။ မဂ်အာရုံရှိသည်၏ အဖြစ်ဟူသော ဂုဏ်သည်(ဝါ)၊ မဂ်အာရုံရှိခြင်း ဟူသောဂုဏ်သည်,(တစ်နည်း)မဂ္ဂါရမ္မဏ တရားတို့၏ တစ်ခုသည် ပ-ဇာတ်သည်။

ဝိတက္ကေန သဟ ယံ ဝတ္တတီတိ သဝိတက္ကံ။(သဟပုဗ္ဗပဒဗဟုဗ္ဗိဟိ)

၂။ ဝိတက်၏ ပထမဈာန်နှင့် ဂုဏ်+ဂုဏေး နိဿိတ+နိဿယစပ်။

၄။ သဝိတက္ကတရားတို့၏ တစ်ခုသည်။ ပဇာတ်သည်။

နိဒဿနေနသဟ ယေဝတ္တန္တီတိ သနိဒဿနာ။ (သဟပုဗ္ဗပဒဗဟုဗ္ဗိဟိ)

၂။ မြင်အပ်သည်၏ အဖြစ်၏ ရူပါရုံနှင့် ဂုဏ်+ဂုဏေးစပ်။

၄။ မြင်အပ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် (ဝါ)၊ သနိဒဿန တရားတို့၏ တစ်ခုတည်။ ပ။ ဇာတ်သည်။

[မှတ်ချက်။ ။ ဤသဟပုဗ္ဗပဒဗဟုဗ္ဗိဟိဝယ် ဗျုပ္ပတ္တိနိမိတ်ခွဲရာ၌ စပ်ပုံစပ်နည်း ကားသဝိတက္က၌ ဝိတက်နှင့်တကွဖြစ်ခြင်း ဟူသော သဟပ-ဝတ္တန ဘောဂုဏ်၏ (ဝါ)၊ တကွဖြစ်သော ဝိတက်၏ ပထမဈာန်နှင့် ဂုဏ်+ ဂုဏေးစပ်။ ဗျု-နိ။

သနိဒဿန၌ မြင်အပ်သည်၏ အဖြစ်နှင့်တကွဖြစ်ခြင်းဟူသော သဟပဝတ္တန - ဘောဂုဏ်၏ (ဝါ)၊ တကွဖြစ်သော မြင်အပ်သည်၏ အဖြစ်၏ ရူပါရုံနှင့် ဂုဏ်+ ဂုဏေးစပ် ၊ဗျု-နိ။

ရှေ့ပထမနည်း၌ သမာသ်ပုဒ်တွင် သဟ-မှတစ်ပါး တခြားသမာသ်ပုဒ် အနက်နှင့် အည-ပုဒ်အနက်တို့ကို စပ်သည်၊ ဒုတိယနည်း၌-သဟ-ပုဒ်အနက် ဝတ္တတိ,ဝတ္တန္တိ ပုဒ်တို့၏အနက် သမာသ်ပုဒ်၏ အနက်တို့နှင့် အညပုဒ် အနက်တို့ကို စပ်သည်။ အခြားသော သဟပုဗ္ဗပဒ ဗဟုဗ္ဗိဟိသမာသ်တို့၌လည်း ဗျုပ္ပတ္တိ နိမိတ်ခွဲရာဝယ် စပ်ပုံ, စပ်နည်း, စပ်ဟန်ကို ဤဆိုအပ်ပြီးနည်းကိုမှီ၍ သိပါ။]

http://www.dhammadownload.com



နတ္ထိ ဝိတက္ကော ဧတဿာတိ အဝိတက္ကံ။ (နနိပါတပုဗ္ဗပဒဗဟုဗ္ဗီဟိ)

၂။ ဝိတက်မရှိခြင်း၏ ဒုတိယစျာန်နှင့် ဂုဏ်+ဂုဏေးစပ်။

၄။ ဝိတက်မရှိခြင်းဟူသော ဂုဏ်သည် (ဝါ)၊ အဝိတက္ကတရားတို့၏ တစ်ခုသည်။ ပ။ ဇာတ်သည်။

(အခြားသော နနိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိတို့၌လည်း ဗျူနို ခွဲရာဝယ် ဤနည်းကိုမှီ၍သိပါ။ ဥပမာ - အဝိစာရံ ၌ ဝိစာရ - မရှိခြင်း၏ စျာန်တရားနှင့် ဂုဏ်+ဂုဏေး စပ်။)

ဝိတက္ကော စ ဝိစာရော စ ဝိတက္ကဝိစာရာ။ (ဒွန်)

၂။ ဝိတက်ဝိစာရတို့၏ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည်။

၄။ ဝိတက်, ဝိစာရတို့၏ အချင်းချင်း ငဲ့ခြင်းဂုဏ်သည် (ဝါ) ဝိတက်,' ဝိစာရ ဟူသောအမည်သည်။

(ဒွန်သမာသ်တို့၌ အချင်းချင်းငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခ သမ္ဗန်ကို ဗျူ-နိုအမြဲခွဲကြ၏။ )

## တဒ္ဓိတ ကဏ္ဍ

သံကိလေသံ အရဟန္တီတိ သံကိလေသိကာ။ (သာမညတဒ္ဓိတ)

၁။ သံကိလေသံ အရဟန္တီတိ ဟူသော ဝိဂ္ဂဟဝါကျသည်။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော သံကိလေသ-တရား၏ သံကိလေသိက - မည်သော လောကီတရားတို့နှင့် အာရမ္မဏိက + အာရုံ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည်။

၃။ သံကိလေသိကာဟူသော နိပ္ဖန္နသဒ္ဒါသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော သံကိလေသတရားတို့ကို ရခြင်းငှာ ထိုက်ခြင်း ကြိယာသည်, (ဝါ)၊ သံကိလေသိက တရားတို့၏ (သံကိ-လေသိက အဖြစ်ဖြင့်) တစ်ခုသည့် တစ်ခုနှင့်တူသော အခြင်းအရာ ဟု ဆိုအပ်သော ဇာတ်သည်။

http://www.dhammadownload.com



ပညာ အဿ အတ္ထီတိ ပညဝါ॥ (အဿတ္ထိတဒ္ဓိတ်)

၂။ ပညာ၏ ပညာရှိသူနှင့်ဂုဏ်+ဂုဏေးစပ်း။

၄။ ပညာရှိခြင်းဟူသော,ဂုဏ်(ဝါ) ပညာဟူသောဂုဏ်သည်။သောပကာရောတထာ။ (အဗျယ တဒ္ဓိတ်)

၂။ နိယမဝါစက-ဘောဂုဏ်၏ ပကာရ-ဘောဂုဏ်နှင့် ဂုဏ်+ဂုဏေး စပ်။

၄။ နိယမဝါစက-ဘောဂုဏ်, ပကာရ-ဘောဂုဏ်သည်။

{အမှာ။ ။ ဤ တထာ-ဟူသော တဒ္ဓိတ်ကို အဗျယခေါ် နိပါတ်ပုဒ်တစ်မျိုးဖြစ်၍ စင်စစ်ဝိဂ္ဂဟအပြုကောင်းသဖြင့် သောပကာရောသည်လည်း ဝိဂ္ဂဟဝါကျမဟုတ်ဘဲ အနက်ဝါကျ ဖြစ်သောကြောင့် ဘေဒစိန္တာဒီပနီနည်းအရ ခွဲလျှင် မတိကျ, အဘိဓာန် ဋီကာနည်းအတိုင်း ခွဲမှသာ ပိုမိုတိကျသည်။ }

ဥဇုနော+ဘာဝေါ အဇ္ဇဝေါ။ (ဘာဝတဒ္ဓိတ်)

၂။ ဖြောင့်မတ်သောသူ၏ ဖြောင့်မတ်ခြင်းနှင့် ဂုဏေး+ ဂုဏ်စပ်။

၄။ ဖြောင့်မတ်သောသူ၏ အဖြစ်ဟု ဆိုအပ်သောဂုဏ်သည်။ပဏ္ဍိတဿဘာဝေါ ပဏ္ဍိစ္စံ။ (ဘာဝတဒ္ဓိတ်)

၂။ ပညာရှိသောသူ၏ ပညာရှိသည်၏အဖြစ်နှင့် ဂုဏေး+ဂုဏ်စပ်။

၄။ ပညာရှိသူ၏အဖြစ်ဟူသောဂုဏ်သည်,(ဝါ) ပညာ- ဟူသောဂုဏ်သည် အဇ္ဈတ္တာ-ဝေ၊ အဇ္ဈတ္တိကာ၊ (သွတ္ထ-တဒ္ဓိတ်)

၂။ မိမိကိုယ်ကိုအကြီးအမှူးပြု၍ ဖြစ်ခြင်း၏+ဖြစ်တက်သောတရားနှင့် ဂုဏ်+ဂုဏေး, အာရုံ+အာရမ္မဏိက-စပ်။

၄။ မိမိကိုယ်ကိုအကြီးအမှူးပြု၍ ဖြစ်ခြင်းကြိယာသည်(ဝါ) အဇ္ဈတ္တိကတရားတို့၏ တစ်ခုသည် -ပ- ဇာတ်သည်။

## ကီတ ကဏ္ဍ

အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဌပေတီတိ သမာဓိ။

(သုဒ္ဓကတ္တုသာဓ်)

http://www.dhammadownload.com.



၁။ အာရမ္မဏေ စိတ္တံ သမ္မာ အာဓိယတိ ဌပေတီတိဟူသော ဝိဂ္ဂဟ ဝါကျသည်။

၂။ သံ-ဟူသော အာ-ဟူသော ဓိ-ဟူသော ယ-ဟူသော တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကောင်းစွာထားခြင်း ကြိယာသည်။

၃။ သမာဓိဟူသော နိပ္ဖန္နသဒ္ဒါသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကောင်းစွာထားခြင်း ကြိယာ သည်။

[မှတ်ချက်။ ။သမ္မာ အာဓိယတီတိ သမာဓိတို့၌ ပုဒ်ရင်း 'သံ' ကို သမ္မာ ဟုဖွင့်သည်။ ထို့ကြောင့် ဗျု-နိခွဲရာ၌ သမ္မာဟုမဆိုဘဲ 'သံ' ဟု ဆိုရသည်။]

ဝိတက္ကေတီတိ ဝိတက္ကော။ (သုဒ္ဓကတ္တုသာဓ်)

၂။ ဝိ၊ တက်၊ ကေ၊ တိဟူသော အစိတ်စိတ်သော ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကြံစည်ခြင်း ကြိယာသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကြံစည်ခြင်း ကြိယာသည်။ သမ္ပသာဒယတီတိ သမ္ပသာဒနံ။ (ဟေတုကတ္တုသာဓ်)

၂။ သမ် ပ သာ ဒ ယ တိ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကြည်လင်စေခြင်း ကြိယာသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကြည်လင်စေခြင်း ကြိယာ သည်။ ဗျာကရီယန္တိ ကထီယန္တိတ် ဗျာကတာ။ (ကမ္မသာဓ်)

၂။ ဗျာ-က-ရီ-ယန်-တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဟောကြားခြင်း ရွတ်ဆိုခြင်း ကြိယာသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဟောကြားခြင်း ရွတ်ဆိုခြင်း ကြိယာသည်။

http://www.dhammadownload.com



[ဗျာကာ့တဗ္ဗာ ကထေတဗ္ဗာတိ ဗျာကတာ ဟု သပဒဝိဂ္ဂဟ ပြု၍လည်း ခွဲနိုင်သေး၏။]

အာရမ္မဏေ တေန စိတ္တံ ဝိစရတီတိ ဝိစာရော။ (ကရဏ-သာဓ်)

၂။ ဝိ-စ-ရ-တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သုံးသပ်ခြင်း ကြိယာသည်, ဝါ-ထိုမှ ဤမှ လှည့်လည်ခြင်း ကြိယာသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော သုံးသပ်ခြင်း ကြိယာ, ဝါ-ထိုမှ ဤမှ လှည့်လည်ခြင်း ကြိယာသည်။
ဒါတဗ္ဗော ယဿာတိ ဒါနီယော။ (သမ္ပဒါနသာဓ်)

၂။ ဒါ-တဗ်-ဗော-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပေးလှူခြင်း ကြိယာသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ပေးလှူခြင်း ကြိယာသည်။
ဟိနောတိ ပဝတ္တတိ ဖလံ ဧတသ္မာတိ ဟေတု။ (အပါ-ဒါနသာဓ်)

၂။ ဟိ-နော-တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည်။
[ဟိနောတိ ပဝတ္တတိဖလ ဧတေနာတိဟေတု ဟု ကရဏ သာဓ်လည်း ပြုနိုင်၏။]
နိဿရန္တိ နိဂ္ဂစ္ဆန္တိ ဧတ္ထာတိ နိဿရဏံ။ (အဓိကရဏသာဓ်)

၂။ နိဿ-သ-ရန်-တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ထွက်မြောက်ခြင်း ကြိယာသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ထွက်မြောက်ခြင်း ကြိယာသည်။ ဝိတက္ကနံ ဝိတက္ကော။ (ဘာဝသာဓ်)

၁။ ဝိ-တက်-ကော-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဝိပုဗ္ဗ+တက္ကဓာတ်+အ-ပစ္စည်း, ကြံစည်ခြင်း ကြိယာသည်။

http://www.dhammadownload.com



၃။ ဝိတက္ကော ဟူသော အပေါင်း ပညတ္တိသဒ္ဒါသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကြံစည်ခြင်း ကြိယာသည်။

[မှတ်ချက်။ ။ဤဘာဝသာဓ် ဝိဂ္ဂဟပြုရာ၌ကား ဗျုပ္ပတ္တိ စတုက္ကကို အဘိ-ဓာန် ဋီကာနည်းအရ ခွဲကြ၏။]

## အဘိဓာန်ဋီကာနည်းခွဲပုံ

အတ္တာနံ အဓိကိစ္စ ပဝတ္တာတိ အဇ္ဈတ္တာ (သမာသ်)

၁။ အဇ်-ဈတ်-တာ ဟူသော အစိတ် အစိတ် ပရမတ္ထသဒ္ဒါသည်။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော အဓိပုဒ် အတ္တပုဒ်သည် လည်းကောင်း, မိမိကိုယ်၏ စွဲ၍ဖြစ်သော တရားနှင့် ဌာန+ဌာနီ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် လည်းကောင်း။

၃။ အဇ္ဈတ္တာဟူသော အပေါင်း နာမပညတ္တိသဒ္ဒါသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော မိမိကိုယ်ကို စွဲ၍ဖြစ်ခြင်း ကြိယာသည်, ဝါ၊ အဇ္ဈတ္တတရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။ [ပရမတ္ထသဒ္ဒနှင့် ပညတ္တိသဒ္ဒ ခွဲခြားချက်-ဤဗျုပ္ပတ္တိ စတုက္ကအခွဲနှင့် ပဋ္ဌာန်းပစ္စည်းပြိုင် စသည်တို့၌ ပါရှိသော ပရမတ္ထ သဒ္ဒါဟူသည် ပရမတ္ထဝါဒီတို့ အလိုအားဖြင့် ဟောပြော ရွတ်ဆိုခိုက်ဖြစ်သော အသေဝနာစသည်၌ အ-ဟူသော၊ သေ-ဟူသော၊ ဝ-ဟူသော၊ နာ-ဟူသော အက္ခရာ တစ်လုံးစီ တစ်လုံးစီ အသံဖြစ်သော ပရမတ္ထသဒ္ဒရုပ်တည်း။ အပေါင်း နာမပညတ္တိ သဒ္ဒါဟူသည် ပညတ္တိဝါဒီတို့ အလိုအားဖြင့် ထို သဒ္ဒရုပ်အပေါင်း ဖြစ်သော "အသေဝနာ" စသော ပညတ္တိသဒ္ဒတည်း။ (ပါ-ဘာ ဋီ-ပ နှာ-၁၅၁-၌ ဆိုထားသည်ကို မှီသည်။)

ပရိတ္တာ ဝိယာတိ ပရိတ္တာ။ (တဒ္ဓိတ်)

၁။ ပ-ရိတ်-တာ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည်။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ပရိတ္တပုဒ် အ ပစ္စည်း သည် လည်းကောင်း။

http://www.dhammadownload.com



အနည်းငယ်သော ဝတ္ထု၏ ကာမတရားနှင့် ဥပမာန+ဥပမေယျ, သဒိသ+သဒိသိ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် လည်းကောင်း။

၃။ ပရိတ္တာ ဟူသော အပေါင်းနာမပညတ္တိသဒ္ဒါသည်။

၄။ အနည်းငယ်သော ဝတ္ထုနှင့် တူခြင်းကြိယာသည် (တစ်နည်း) ပရိတ္တ တရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။

ပဇာနာတီတိ ပညာ။ (ကိတ်)

၁။ ပဉ်-ဉာ ဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါသည်။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ပပုဗ္ဗ + ဉာဓာတ် + အပစ္စည်း, အပြားအားဖြင့် သိခြင်းကြိယာသည်။

၃။ ပညာဟူသော အပေါင်းနာမ ပညတ္တိသဒ္ဒါသည်။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အပြားအားဖြင့် သိခြင်း ကြိယာသည်။

[အမှာ။ ။အစိတ်စိတ် ပရမတ္ထသဒ္ဒါကို ခွဲရာ၌ သံယုဂ်၊ အဆင့်၊ ဒွေဘော် အက္ခရာတို့ကို အသတ်တံခွန်လွှား၍ ခွဲသည်လည်းရှိ၏။ ဥပမာ- ပရိတ္တာ၌ ပ-ရိတ္တာဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိမည်၏။

ထိုသံယုဂ်အဆင့် အက္ခရာများကို အသတ်တံခွန်မလွှားမူ၍ ခွဲသည်လည်း ရှိ၏။ ဥပမာ- ယခင် ပရိတ္တာ၌ ပ-ရိ-တ္တာ, ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ မည်၏။

ထိုနည်းနှစ်ပါးတွင် ပုဒ်စစ်ကျမ်း သဒ္ဒါစစ် ဥပစာသဒ္ဒါ သတတ် ကောက်ပုံဝယ် စက္ခု-စက် ဟူသော ခု ဟူသော အစိတ်အစိတ်သော သဒ္ဒါ ဟု ခွဲထားသည်ကိုထောက်လျှင် သံယုဂ်အဆင့် အက္ခရာများကို အသတ် တံခွန်လွှား၍ ပုဒ်စစ်ကျမ်းနှင့် ညီညွတ်လှတော့သည်။]

[အထူးသတိပေးချက်။ ။ဤအဘိဓာန်ဋီကာနည်းအရ ဗျုပ္ပတ္တိခွဲရာ၌ ဝိဂ္ဂြိုဟ်ပုဒ်များ ယောင်မှားပြီးခွဲမိတတ်ကြ၏။ စင်စစ်မှာ အဘိဓာန်ဋီကာနည်းအရ ခွဲရာ၌ ဝိဂ္ဂြိုဟ်ပြုရုံသာ ပြုရသည်။ ခွဲမှုနှင့် လုံးဝ မသက်ဆိုင်၊ ဝိဂ္ဂဟပုဒ်များကို မခွဲရဘဲ နိပ္ဖန္နပုဒ်တို့ကိုသာ ခွဲရသည်။ ဥပမာ- ဖုဿတီတိ ဖဿော၌ ဖုဿတီတိ ဟူသော ဝိဂ္ဂဟကို ခွဲရန်မလို၊ ဖဿော ဟူသော နိပ္ဖန္နပုဒ်ကိုသာ ဖဿ-ဩ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ သည် ဗျုပ္ပတ္တိမည်၏-ဟုသာခွဲပါ။] ...

http://www.dhammadownload.com



## ဥပစာသဒ္ဒါများ၌ ဗျုပ္ပတျာဒိ စတုက္ကခွဲပုံခွဲနည်း

ဥပစာသဒ္ဒါများ၌ ဥပစာဟင်၍ဆိုသော အခိုက်အတန့်ဝယ် ဗျုပ္ပတ္တိနှင့် ဗျုပ္ပတ္တိနိမိတ် ၂-ပါးမရ။ ပဝတ္တိနှင့် ပဝတ္တိနိမိတ် ၂-ပါးသာ ရ၏။ ထိုကြောင့် မုချသဒ္ဒါ အခိုက်အတန့်က ဗျုပ္ပတ္တိနှင့် ဗျုပ္ပတ္တိနိမိတ် ၂-ပါး ထုတ်ရ၏။ စက္ခုနာ ရူပံ ပဿတိ (ကာရဏူပစာ) ၌-စက္ခတိ ဝိညာဏာဓိဋ္ဌိတံ ဟုတွာ သမဝိသမံ အာစိက္ခန္တံ ဝိယ ဟောတီတိ စက္ခု။ ၁။ စက္ခတိ....ပ.... ဟောတီတိ ဟူသော ဝိဂ္ဂဟဝါကျသည် ဗျု။ ၂။ ဝိညာဉ်၏ တည်ရာဖြစ်၍ ညီညွတ် မညီညွတ်သည်ကို ပြောကြားသကဲ့သို့ ဖြစ်ခြင်းကြိယာ (နှင့် စက္ခု ဓာတ်+ဏုပစ္စည်း)သည် ဗျု-နိ....။ ၃။ အကျိုး စက္ခုဝိညာဉ် အနက်ကို ဟောသော စက္ခုသဒ္ဒါသည် ပ....။ ၄။ မုချဖြစ်သော အကြောင်း စက္ခု ပသာဒ ဒြပ်သည်....။

ဩဒနော ပစ္စတေ(ဖလူပစာ) ၌-ဥဒ္ဒိယတီတိ ဩဒနော။ ၂။ နူးညံ့ပျော့ ပျောင်းသော အခြင်းအရာ (နူးညံ့ပျော့ပျောင်းခြင်း ကြိယာ) ဖြစ်သော ကတ္တုတ္ထကြိယာ (သားမည) နှင့် ထမင်းဒြပ်၏ အာရမ္မဏပစ္စယသတ္တိ ဟူသော ဝိသိဋ္ဌ ကမ္မတ္ထကြိယာသည်....။ ၃။ အကြောင်းဖြစ်သော ဆန်အနက်ကို ဟောသော ဩဒန သဒ္ဒါသည်။ ၄။ မုချဖြစ်သော အကျိုး ထမင်း ဒြပ်သည်....။

သီဟော ဂါယတိ (သဒိသူပစာ) ၌-ဟိံသတီတိ သီဟော၊ ၂။ (သားသမင်တို့ကို) ညှဉ်းဆဲခြင်း ကြိယာသည်....။ ၃။ အတုရှိသော လုလင်ဒြပ်ကို ဟောသော သီဟ သဒ္ဒါသည်....။ ၄။ မုချဖြစ်သော အတု ခြသေ့ ဒြပ်သည်....။

မဉ္စာ ဥက္ကောသန္တိ (ဌာနူပစာ) ၌- မဉ္စန္တိ ဓာရေန္တိ ဥဇ္ဇုဘာဝါ ဘဝန္တီတိ မဉ္စာ၊ ၂။ ဆောင်ခြင်း(အမြင့်ဖြစ်ခြင်း) ကြိယာသည်....။ ၃။ ဌာနီဖြစ်သော လူဒြပ်ကို ဟောသော မဉ္စသဒ္ဒါသည်....။ ၄။ မုချဖြစ်သော ညောင် စောင်းဒြပ်သည်....။

ကုန္တာ ပစရန္တိ (ဌာနျူပစာ) ၌- ကမန္တိ (ယန္တိ) ဂစ္ဆန္တီတိ ကုန္တာ၊ ၂။ သွားခြင်း ကြိယာသည်....။ ၃။ ဌာနဖြစ်သော လူဒြပ်ကို ဟောသော ကုန္တသဒ္ဒါသည်....။ ၄။ မုချဖြစ်သော လှံဒြပ်သည်....။

http://www.dhammadownload.com



နီလော ပဒေ့ာ (ဂုဏ္ဍူပစာ) ၌- နီလတီတိ နီလော၊ ၂။ မည်းနက်စိမ်းညို့ခြင်း ကြိယာသည်....။ ၃။ ဂုဏောဖြစ်သော ပုဆိုးဒြပ်ကို ဟောသော နီလသဒ္ဒါသည်....။ ၄။ မုချဖြစ်သော အညိုဂုဏ်သည်....။ (ကြွင်းသော ဥပစာသဒ္ဒါတို့၌လည်း ဤဆိုအပ်ပြီးနည်းကိုမှီ၍ ထုတ်ပါ)။

[မှတ်ချက်-ဥပစာ သဒ္ဒါတို့၌ ဥပစာတင်ခိုက်၌သာ ဤအတိုင်းခွဲရ၏။ ဥပစာမတင်ဘဲ မုချအားဖြင့် ဆိုရာ၌ကား- မူလ ခွဲရိုးခွဲစဉ်အတိုင်း ခွဲရ၏။ ဥပမာ "မဉ္စေသု နိသီဒတိ"ဟု မုချအားဖြင့် ဆိုရာ၌ ၁။ ပဋ္ဋိတ္တိ-ပ-ဘဝန္တိတိ ဟူသော ဝိဂ္ဂဟ ဝါကျသည်...။ ၂။ မဉ်-စန်-တိ-ဟူသော အစိတ်ပရမတ္ထ သဒ္ဒါ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သော ဆောင်ခြင်း ကြိယာသည်....။ ၃။ မဥ္စာဟူသော နိပ္ဖန္နသဒ္ဒါသည်....။ ၄။ ဆောင်ခြင်း ကြိယာသည်.... (တစ်နည်း)ညောင်စောင်းတို့၏ တစ်ခုသည်....ပ....ဇာတ်သည်....]။

ထိုပြင်- ဥပစာ သဒ္ဒါတို့၏ ခွဲနည်းမှာ —(ဗျပ္ပတ္တိနှင့်ဗျုပ္ပတ္တိနိမိတ်၂-ပါးမှ ခွဲရိုးခွဲစဉ်ခွဲမြဲဖြစ်သည်။) ဥပစာ အဆင်ခံရသော အနက်ကို ဟောသော ပုံစံထုတ်ပြထားသည့် မူရင်း ဥပစာသဒ္ဒါသည် ဝစ္စတ္ထိမည်၏။ ပုံစံထုတ်ပြထားသော မူရင်း ဥပစာ သဒ္ဒါက မုချတိုက်ရိုက် ဟောသော အနက်ဒြပ် (ဂုဏ်) သည် ဝစ္စတ္ထိနိမိတ်မည်၏။[စက္ခုနာ-၌ စက္ခုဝိညာဉ်အနက် ဥပစာအတင်ခံရသည်။ ဩဒနော၌ ဆန်အနက် ဥပစာအတင်ခံရသည်။ ထိုစက္ခုနာ၌ ဥပစာအတင်ခံရသော စက္ခုဝိညာဉ်အနက်ကိုဟောသော စက္ခုသဒ္ဒါသည် ပဝတ္တိမည်၏။ ဩဒနော၌ ဥပစာအတင်ခံရသော ဆန်အနက်ကို ဟောသော ဩဒနသဒ္ဒါသည် ပဝတ္တိမည်၏-ဟု ဆိုလိုသည်။စက္ခုနာ၌ စက္ခုသဒ္ဒါသည် စက္ခုပသာဒ အနက် ဒြပ်ကို မုချတိုက်ရိုက်ဟော၏။ဩဒနော-၌ ဩဒနသဒ္ဒါသည် ထမင်း အနက် ဒြပ်ကို တိုက်ရိုက်ဟော၏။ ထိုစက္ခုနာ၌ စက္ခုသဒ္ဒါက မုချတိုက်ရိုက် ဟောသော စက္ခုပသာဒအနက်ဒြပ်သည် ပဝတ္တိနိမိတ်မည်၏။ ဩဒနော၌ ဩဒနသဒ္ဒါက မုချတိုက်ရိုက်ဟောသော ထမင်းအနက် ဒြပ်သည် ပဝတ္တိနိမိတ်မည်၏-ဟု ဆိုလိုသည်။](ကျန်သော ဥပစာ သဒ္ဒါတို့၌လည်းဤနည်း ပင်တည်း။)

http://www.dhammadownload.com

# နံပါတ် (၅) ဆိုင်ရာစည်းမျဉ်းအဖြေ

၁။ လိင်္ဂ

၂။ ဂဏ

၃။ ဂဏာဝိမုတ်

၄။ အန္တ

၅။ ပဒ

ဟူသော ငါးမျိုးခွဲရမည်။

[ဆောင်] ၁။ လိင်္ဂ, ဂဏ, ဂဏာဝိမုတ်, အန္တ ပဒ၊ ဤငါး၀၊ ခွဲပြ ၅-
နံပါတ်။

၂။ ဂဏာရရာ၊ ဂဏာဝိမုတ်မပါ၊ ဂဏာဝိမုတ်ရရာ၊ ဂဏာမပါ၊
မှတ်ပါမြဲသေချာ။

၃။ ဥပသာရ၊ နိပါတာ၊ ဂဏာဝိမုတ်သာ။

၄။ နာမ, အာချာတ်ပုဒ်၊ ဂဏာထုတ်၊ မယုတ်မှတ်လေပါ။

၅။ တဝေ, တုံ, တုန, တွာန၊ တွာပစ္စယန္တ၊ ခွဲပြ နိပါတာ။

၆။ တထာ စသား၊ အဗျယတဒ္ဓိတ်များ၊ ခွဲခြားနိပါတာ။

၇။ နာမ်ပဋ္ဌမပိုင်းလာ၊ တွာဒိပစ္စယန္တာ၊ ခွဲပါနိပါတာ။
(ရှု- ၁၂၀ အလို)

၈။ အာချာတ်, ဥပသာ၊ နိပါတာ၊ မြဲစွာအလိင်သာ၊

၉။ နာမ်ပုဒ်များစွာ၊ လိင်ဂဏာ၊ မြဲစွာရသည်သာ၊

၁၀။ အာချာတ်ပုဒ်ကို၊ ကာရန်မဆို၊ ထိုထိုများဆရာ၊

၁၁။ သို့ပင်မဆို၊ ကာရန်ကို၊ ခွဲဆိုသင့်သည်သာ၊

၁၂။ နာမ်, ဥပသာ၊ နိပါတာ၊ ကာရန်ရသည်သာ၊

၁၃။ အာချာတ်ပုဒ်ရှိ၊ ဓာတ်-ပစ်-ဝိ၊ မှတ်သိ အပိုထည့်ခွဲပါ။

၁၄။ သန္ဓိပုဒ်စပ်၊ ပုဒ်ကိုဖြတ်၊ ခွဲအပ်လိင်စသည်။

ထိုလိင် စသည်တို့တွင်—

လိင်အရ-ပုလ္လိင်, ပုလ္လိင်, နပုလ္လိင်, ဒွိလိင်, တိလိင်, အလိင်တို့တွင်
ဖြစ်သင့်ရာကိုခွဲရန်။

http://www.dhammadownload.com



ဂဏအရ-နာမ် ၁၃ ဂိုဏ်း၊ အာချာတ် ဂ ဂိုဏ်း၊ ဖြစ်သင့်ရာခွဲရန်။
ဂဏဝိမုတ်အရ-အဗျယပုဒ်၊ ဥပသာရပုဒ်၊ နိပါတ်ပုဒ်များ ခွဲရန်။
အန္တအရ-အကာရန္တ၊ အာကာရန္တ၊ ဥကာရန္တ၊ စသည်ခွဲရန်။

(ဤ၌ အန္တအရ ကာရန်ခွဲရာဝယ် ပကတိကာရန်ကိုသာ ပဓာနထား ခွဲရန်။ သို့မဟုတ် လက်ရှိကာရန်တို့ကိုလည်း အပဓာနအားဖြင့် ခွဲသင့်၏။)

ဝဒအရ-"နာမ်,ချာတ်,ဥပသာ၊ နိပါတာ၊ လေးဖြာ ပုဒ်ကြီးမှတ်" နှင့်အညီ နာမ်ပုဒ်၊ အာချာတ်ပုဒ်၊ ဥပသဂ္ဂပုဒ် (ဥပသာရပုဒ်) နိပါတ်ပုဒ် ဟူသော ပုဒ်ကြီးလေးပါးကို လည်းကောင်း၊ သမာသ်ပုဒ်၊ တဒ္ဓိတ်ပုဒ်၊ ကိတ်ပုဒ် စသော ပုဒ်အငယ်စား အသေးစိတ်ပုဒ်တို့ကို လည်းကောင်း ဖြစ်သင့်သလို ခွဲရန်။

ထိုလိင်္ဂစသော ငါးမျိုးတို့ခွဲရာ၌ လိင်္ဂ(လိင်)ရလျှင် အလိင်မရ၊ အလိင်ရလျှင် လိင်္ဂမရ၊ အန္တ, ပဒနှစ်ပါးကား ပုဒ်တိုင်းမှချရ၏။ ဂဏနှင့် ဂဏဝိမုတ်တို့တွင်လည်း ဂဏရလျှင် ဂဏဝိမုတ်မရ၊ ဂဏဝိမုတ်ရလျှင် ဂဏမရသဖြင့် ပုဒ် တစ်ပုဒ်၌ လေးချက်သာ တစ်ပြိုင်နက်ရနိုင်၏။ ငါးချက်လုံး တစ်ပြိုင်နက် မရနိုင်။

ဥပသာရပုဒ်, နိပါတ်ပုဒ် (အဗျယပုဒ်)တို့ကို ဂဏဝိမုတ်ခွဲပါ။ တဝေ, တုံ, တုန, တွာန, တွာ (တုယေ, တာယေ) ပစ္စယပုဒ်များကို နိပါတ်ပုဒ်ခွဲပါ။ တဒ္ဒန္တာနံ နိပါတတ္တံ သိဒ္ဓံ ဘဝတိ၊ (မှူ-၃၉၀) ကိုထောက်။

> "ကွတ္တုံ, ယံ,ဓော၊ ထတ္တာ, ထာန္တော၊ ဏ္ဍ သော-ခုနစ်ဝ၊ (ရူ) ၌ပြ၊ ဗျသပစ္စည်းပေါင်း-နှင့်" အညီ ကွတ္တုံ, ထံ, ဓော, ထတ္တာ, ထာ, ဏ္ဍ, သော, ပစ္စည်းဆုံးသော ကေကွတ္တုံ, ကထံ, ကေဓာ, တထတ္တာ, တထ ကေဏ္ဍ, ပဒသောစသည့် အဗျယ တဒ္ဓိတ်ပုဒ်တို့ကိုလည်း နိပါတ်ပုဒ်ခွဲပါ။
>
> သဗ္ဗာဒိတော တော, တြ, ထ, ဓိ၊ ဝ, ဟိံ, ဟံ, ဟ, ဓ, ဟိဥ္စနံ၊ ဒါ, ဒါစနံ, ဒါနိ, ရဟိ, ဓုနာ တိ ဒသ ပဥ္စ စ။

နှင့်အညီ နာမ် ပဥ္စမ္မပိုင်းလာ တော စသည် ပစ္စည်းဆုံးသော တွာဒိပစ္စယန္တပုဒ်များကိုလည်း နိပါတ်ပုဒ်ခွဲပါ။ "တေသံ ပနာ လိင်္ဂတ္တာ နိပါတတ္တာ တိလိင်္ဂေဝစနဒ္ဓယေစ သမာနံ ရူပံ" ဟူသော (ရူ-၁၂၀) ကွစိတော ပဥ္စမျတ္တေ သုတ်အဖွင့်စကားကိုထောက်။

http://www.dhammadownload.com



အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ် ဟူသမျှတို့ကို အလိင်ခွဲပါ။ အာချာတ်ပုဒ်ခွဲရာ၌ ကာရန်မခွဲရဟု အချို့ဆရာများဆိုကြ၏။ သဘာဝကို ကြည့်သော် အာချာတ်ပုဒ်လည်း ကာရန် မကင်းနိုင်သောကြောင့် ကာရန် ထည့်ခွဲမှ သင့်လိမ့်မည်။

ထိုသို့ခွဲရာ၌ အာချာတ်ပုဒ် ဓာတ်ရင်းရှိ ကာရန်ကို အချို့ဆရာတို့ ခွဲကြ၏။ ဥပမာ ဂစ္ဆတိ၌ ဂမုဓာတ်ဖြစ်၍ ဥကာရန္တ, ပစတိ၌ ပစဓာတ်ဖြစ်၍ အကာရန္တ၊ ထိုဓာတ်ရင်းရှိ ကာရန်ကို အတွင်းကာရန် ဝါ၊ ပကတိ ကာရန် ဟု ဆိုကြ၏။

ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၌ ဂိုဏ်းမရ၍ ဂဏာဝိမုတ် ဖြစ်သော်လည်း ကာရန်ကိုကား အမြဲထည့်ခွဲရမည်။

အာချာတ်ပုဒ်တို့၌ အလိင်, ဖြစ်သင့်ရာ အာချာတ်ဂိုဏ်း, အန္တ, ပဒ များ ခွဲပြီးနောက် ဓာတ်, ပစ္စည်း, ဝိဘတ်တို့ကိုလည်း အပိုထည့်ခွဲကြ သေး၏။

သန္ဓိပုဒ်စပ်များကို တွေ့သောအခါ ပုဒ်ဖြတ်ပြီးမှသာလျှင် လိင် စသည် ခွဲပါ၊ ဥပမာ....'အာဒိစ္စောဝ အာဒိစ္စော+ဣဝ' ဟု ပုဒ်ဖြတ်ပြီးမှ အာဒိစ္စော တစ်ချက်, ဣဝ တစ်ချက်ခွဲပါ၊ 'မဟိန္ဒေ နေတ မုတ္တမံ-မဟိန္ဒေန+ဧတံ ဥတ္တမံ' ဟု ပုဒ်ဖြတ်ပြီးမှ မဟိန္ဒေန တစ်ချက်, ဧတံ တစ်ချက်, ဥတ္တမံ တစ်ချက် အသီးသီးခွဲပါ။

## လိင် စသော ၅-မျိုးခွဲပုံ

ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။
ဉေယျဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။ (၄-၁)

ကရုဏာကား ဣတ္ထိလိင်၊ ကညာဒိဂိုဏ်း၊ အာကာရန္တ၊ ကိတပဒ။
(တစ်နည်း) ကိတန္တ သမာသပဒ, ဝါ၊ ကိတန္တ သမာသနာမပဒ။
ဝိယကား အလိင်, ဂဏာဝိမုတ်, အာကာရန္တ, နိပါတပဒ။
သတ္တေသုကား ပုလ္လိင် ပုရိသာဒိဂိုဏ်း, ပကတိအကာရန္တ, (ယခု လက်ရှိ ဥကာရန္တ) ကိတနာမပဒ။
F15A ပညာကား ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အာကာရန္တ, ကိတနာမပဒ။

http://www.dhammadownload.com



ယဿ-ကား ပုလ္လိင်, ပုရိသာဒိဂိုဏ်း, တစ်နည်း - သဗ္ဗနာမ်ဂိုဏ်း, အကာရန္တသဗ္ဗနာမပဒ။

မဟေသိနော-ကား ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ပကတိ ဣကာရန္တ, (ယခုလက်ရှိ ဩကာရန္တ) ကိတန္တ သမာသနာမပဒ။

[မှတ်ချက်။ ။ဣကာရန္တ-မဟေသိ-သဒ္ဒါသည် ဘုရားဟူသော အနက်ကို ဟော၍ ပုလ္လိင်ရတ္တာဒိဂိုဏ်း၊ မဟေသီ ဟူသော ဤကာရန္တသဒ္ဒါသည်မိဖုရားဟူသောအနက်ကိုဟော၍ ဣတ္ထိလိင်,နဒါဒိဂိုဏ်း]။

ဋ္ဌေယျမေမ္မသု-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, ပကတိ အကာရန္တ (ယခုလက်ရှိ ဥကာရန္တ) သမာသနာမပဒ။ (နာမပဒ, ကမ္မဓာရယ သမာပဒ, သမာသ-ပဒ, ဤသို့လည်း ခွဲနိုင်၏။)

သဗ္ဗေသု-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, (တစ်နည်း) သဗ္ဗနာမ်ဂိုဏ်း, ပကတိ အကာရန္တ (ယခုလက်ရှိ ဥကာရန္တ) သဗ္ဗနာမပဒ။

ပဝတ္တိတ္တသည် အလိင်, ဘူဝါဒိဂိုဏ်း (အတွင်းကာရန် ပကတိ ကာရန်) ဥကာရန္တ (ယခုလက်ရှိ အကာရန္တ) အာချာတပဒ၊ (ပ-ပုဗ္ဗ, ဝတုဓာတ်) တစ်နည်း ဝတ္တုဓာတ် အပစ္စည်း၊ အဇ္ဇတနီ အာဝိဘတ်။

('အဇ္ဇအာမှာ ဒွေဘာဝတ္တပြု' နှင့်အညီ အဇ္ဇတနီအာကိုတ္တ ပြုထားသည်။)

(တစ်နည်း) ပဝတ္တိ၌ခွဲသော် ပဝတ္တိတ္တ၌ ပသည် အလိင် ဂဏာဝိမုတ် အကာရန္တ ဥပသဂ္ဂပဒ။ ဝတ္တိတ္တ-အလိင်, ဘူဝါဒိဂိုဏ်း (အတွင်းကာရန် ပကတိကာရန်) ဥကာရန္တ (ယခုလက်ရှိ အကာရန္တ) အာချာတပဒ။ ဝတုဓာတ် (ဝတ္တုဓာတ်) အပစ္စည်း, အဇ္ဇတနီ အာဝိဘတ်။

(ဤ နောက်နည်းအရ ခွဲခြင်းသည်သာလျှင် 'ဝိဟရတီတိ ဧတ္တဝိတိ ဥပသဂ္ဂပဒံ၊ ဟရတီတိ အာချာတပဒံ' သံယုတ်၌ ပါ၊ နှာ ၃-နှင့်ညီ၏။ ကြွင်းသော အာချာတ်ပုဒ်တို့၌လည်း ဥပသာရပုဒ်, နိပါတ်ပုဒ် ပါရှိနေလျှင် ဤကဲ့သို့ နှစ်နည်းခွဲမှ တိကျမည်)။

(ယထာရုစိ-နပုလ္လိင်,ရတ္တာဒိဂိုဏ်း, ဣကာရန္တ, အဗျယီဘာဝ သမာသ-ပဒ, (တစ်နည်း) ကမ္မဓာရယသမာသပဒ။ (ကမ္မဓာရည်း သမာသ် အခိုက်၌ ဣတ္ထိလိင်လည်း ဖြစ်နိုင်ပါသည်)။

http://www.dhammadownload.com



အမှာ။ ။သမာသ်ပုဒ်တို့ကို လိင်, စသည်ခွဲရာ၌ သာမညမေးလျှင် တစ်ချက်သာခွဲပါ။ဥပမာ–ဥေယျဓမ္မေသုတို့၌လိင်,စသည်ခွဲပြပါဟုမေးလျှင်ယခင်အထက်ပါအတိုင်း တစ်ချက်သာခွဲပြပါ။ အသီးသီးမေးသော်ကား မေးသည့်အတိုင်း နှစ်ချက်, သုံးချက် စသည်ခွဲပြပါ။

ဥပမာ။ ဥေယျဓမ္မေသု၌ ဥေယျပုဒ် ဓမ္မပုဒ်တို့ကို လိင်, စသည်ခွဲပါဟုမေးလျှင် ဥေယျကား ပုလ္လိင် ပုရိသာဒိဂိုဏ်း အကာရန္တ ကိတနာမပဒ။

ဓမ္မကား ပုလ္လိင်, ပုရိသာဒိဂိုဏ်း အကာရန္တ ကိတနာမပဒ။

ယထာရုစိ၌လည်း ယထာပုဒ်, ရုစိပုဒ်တို့ကို လိင် စသည်အသီးသီးခွဲပါ-ဟုမေးလျှင် ယထာကား အလိင် ဂဏဝိမုတ်, အကာရန္တ နိပါတပဒ။

ရုစိကား–ဣတ္ထိလိင်ရတ္တာဒိဂိုဏ်း,ဣကာရန္တ ကိတပဒ။ဝါ- ကိတနာမပဒ။

## သဗ္ဗနာမ်ပုဒ်တို့နှင့် စပ်၍ ဂိုဏ်းသွင်းမှတ်ချက်

ပုဒ်စစ် ကျမ်းဆရာအလို သဗ္ဗနာမ်ဂိုဏ်းဟု သီးခြားမရှိသောကြောင့် သဗ္ဗနာမ်ပုဒ်တို့ကို အခြားနာမ်ဂိုဏ်းတို့၌ ထိုက်သလို သွင်းရမည်။

## သွင်းပုံ

သဗ္ဗ, ကတရ, ကတမ, ဥဘယ၊ ဣတရ, အည။
အညတမ, ပုဗ္ဗ, ပရာ၊ ပရ, ဒက္ခိဏ, ဥတ္တရ။
အဓရေ, ယ, တ, ဧတိ, မ၊ အမု, ကိံ, ဧက, ဥဘ, ဒွိ။
တိ, စတု, တုမှ, အမှာတိ၊ သတ္တဝီသ သဗ္ဗနာမာ—

ဟူသော သဗ္ဗနာမ်(၂၇) ပုဒ်တို့တွင် အမုသဒ္ဒါကို ရတ္တာဒိဂိုဏ်း၌ သွင်းသင့်သည်။ ဥဘ, ဒွိ, တိ, စတု, တုမှ, အမှ သဒ္ဒါတို့ကို လက္ခဏာ တူသော အခြားဂိုဏ်းမရှိ၍ အခြားဂိုဏ်း၌ သွင်းရန် ခဲယဉ်းသောကြောင့် သဗ္ဗနာမ်ဂိုဏ်းဟု ဆိုခြင်းသည်သာလျှင် လွယ်ကူသန့်ရှင်းသည်။

ကျန်သော သဗ္ဗမှစ၍ ဧက အထိ သဗ္ဗနာမ်တို့ကို ယောကျ်ားစသော ပုလ္လိင်ဟောလျှင် ပုရိသာဒိဂိုဏ်း၊မိန်းမစသောဣတ္ထိလိင်ဟောလျှင် ကညာဒိဂိုဏ်း၊ စိတ်စသော နပုလ္လိင်ဟောလျှင် စိတ္တာဒိဂိုဏ်းတို့၌ သွင်းပါ။

http://www.dhammadownload.com



နောက် ဆရာများ အလိုအားဖြင့် နာမ်ဂိုဏ်းတွင် သဗ္ဗနာမ်ဂိုဏ်းဟု ထင်ထင်ရှားရှား တသီးတခြားရှိသင့်သောကြောင့် အားလုံးသော (ရှေ့-အလို) သဗ္ဗနာမ် ၂၇ ပုဒ်တို့ကို သဗ္ဗနာမ်ဂိုဏ်းဟု ဆိုပါ၏။

## တဝေ, တုံ စသော ပစ္စယန္တပုဒ်များခွဲပုံ

ကာတဝေကား အလိင်၊ ဂဏဝိမုတ်၊ ကောရန္တ၊ နိပါတပဒ။
ကာတုံကား အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ၊ နိပါတပဒ။
ကာတုနကား အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတပဒ။
ကတွာနကား အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတပဒ။
ကတွာကား အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ၊ နိပါတပဒ။

(အခြားသော တဝေ တုံ တုန တွာန တွာပစ္စယန္တ ပုဒ်များကိုလည်း တွေ့သည့်နေရာတိုင်း ဤနည်းအရ အလိင် စသည်ခွဲပါ)။

## အဗျယတဒ္ဓိတ်များခွဲပုံ

ကေကွတ္တုံကား အလိင် ဂဏဝိမုတ် နိဂ္ဂဟိတန္တ နိပါတပဒ၊ ဝါ-အဗျယတဒ္ဓိတပဒ။

(ကျန်သော အဗျယ တဒ္ဓိတ်ပုဒ်များကိုလည်း ဤနည်းမှီခွဲ)။

## တွာဒိပစ္စယန္တခေါ် နာမ်ပဋ္ဌမပိုင်း သုတ်တို့ဖြင့် သက်သော တောစသော ပစ္စည်းဆုံးသော ပုဒ်များခွဲပုံ

ဗုဒ္ဓတော၌ ဗုဒ္ဓကား ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။
ဗုဒ္ဓတောပုဒ်လုံးကား အလိင် ဂဏဝိမုတ်, ဩကာရန္တ, နိပါတပဒ။
တတြ၌ တ-ပုလ္လိင် ပုရိသာဒိဂိုဏ်း, (တစ်နည်း) သဗ္ဗနာမ်ဂိုဏ်း, အကာ-ရန္တ သဗ္ဗနာမပဒ။

(တ-သဒ္ဒါ၏ အနက်ဟော အားလျော်စွာ နပုလ္လိင် စိတ္တာဒိဂိုဏ်း, ဣတ္ထိလိင် ကညာဒိဂိုဏ်းလည်း ဖြစ်နိုင်၏)။

တတြပုဒ်လုံးကား အလိင် ဂဏဝိမုတ်, အာကာရန္တ, နိပါတပဒ၊ ကြွင်းသော နာမ်ပဋ္ဌမပိုင်းသုတ်တို့ဖြင့် သက်သော တွာဒိပစ္စယန္တပုဒ်များကိုလည်း ဤကဲ့သို့ နှစ်နည်းစီခွဲနိုင်လျှင် ပိုမိုတိကျ ပြည့်စုံ၏။

http://www.dhammadownload.com



**ထစ်နည်းဆိုသော်**-ဗုဒ္ဓတော, ဓမ္မတော, သံဃတော, ဘိက္ခုတော, ဘိက္ခုနီတော သာမဏေရတော, ပုရိသတော, သဗ္ဗတြ, သဗ္ဗတ္ထ, သဗ္ဗဓိ, သဗ္ဗဒါ, အညတြ အမုတြ, စသော နာမ်ပုဒ်ထင်ရှားသော (နာမ်ပုဒ်ထင်ရှားပါသော) နာမ် ပဉ္စမီပိုင်းသုတ်ဖြင့် သက်၍ပြီးသော တွာဒိပစ္စယန္တပုဒ်တို့၌ အထက်ပါ ဗုဒ္ဓတောဝယ် ခွဲခဲ့သည့်အတိုင်း နှစ်နည်းခွဲပါ။

ဧတ္ထ,ယတ္ထ,တတ္ထ,ယတြ,တတြ,ယဒါ တဒါ ယဟံ, တဟိံ,တဟံ, ယတော, တတော, ကုတော, ကုဟ, ကုဝ, တောရတိ, ကုဒါနိ, အမုနာ, သဒါစသော နာမ် ပဉ္စမပိုင်း သုတ်တို့ဖြင့် သက်၍ပြီးသော တွာဒိပစ္စယန္တ ပုဒ်များကို ကား အဘိဓာန် အဗျယဝဂ်၌ အဗျယခေါ် နိပါတ်ပုဒ်အဖြစ်ဖြင့် ပြသော ကြောင့် လည်းကောင်း၊ (ရှု) နာမ်နောက်ဆက်တွဲ နိပါတ်အခန်း၌ နိပါတ်ပုဒ်အဖြစ်ဖြင့် ပြသောကြောင့် လည်းကောင်း နိပါတ်ပုဒ်အဖြစ်ဖြင့် တစ်နည်းသာ ခွဲသင့်သည်ဟု ထင်ရတော့သည်။

## ဤနိပါတ် (၅) အဖြေအတွက် အထူးမှာ

စာမေးပွဲ ပုစ္ဆာများ၌ သမာသ်ပုဒ် (သမာသပဒ) စသည်ကိုခွဲပြပါ (စိစစ်ပြပါ)ဟု မေးလျှင် အဖြေကား....

တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။

သဒ္ဓမ္မဥ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္ဇလိံ။

တဿ-သဗ္ဗနာမ်ပုဒ်၊ ပါဒေ-ကိတ်နာမ်ပုဒ်၊ နမဿိတွာ-နိပါတ်ပုဒ်၊ ဝါ ကိတ်ပုဒ်၊ သမ္ဗုဒ္ဓဿ ကိတ် နာမ်ပုဒ်၊ သိရီမတော-တဒ္ဓိတ်နာမ်ပုဒ်၊ သဒ္ဓမ္မံ သမာသ်ပုဒ်။

စ-နိပါတ်ပုဒ်၊ အဿ-သဗ္ဗနာမ်ပုဒ်၊ ပူဇေတွာ,နိပါတ်ပုဒ်၊ ဝါ ကိတ်ပုဒ်၊ ကတွာ-နိပါတ်ပုဒ်၊ ဝါ-ကိတ်ပုဒ်၊ သံဃဿ-ကတ်နာမ်ပုဒ်၊ စ-နိပါတ်ပုဒ်၊ အဉ္ဇလိံ-နာမ်ပုဒ်။

(ဤသို့ ပုဒ်သက်သက်သာမေး၍ ပုဒ်သက်သက်ခွဲပြ ဖြေဆိုရာ၏။)

http://www.dhammadownload.com

# နံပါတ် (၆) ဆိုင်ရာစည်းမျဉ်းအဖြေ (အမှာ)

[နံပါတ် ၆-ဆိုင်ရာ စည်းမျဉ်းအဖြေ-အဋ္ဌကထာ ဆရာအာဘော်နှင့် သံဝဏ္ဏနာ အမည်တို့ကို ဤနေရာ၌ မရေးတော့ပါ၊ သက်ဆိုင်ရာပုဒ်အဖွင့် အဓိပ္ပာယ်တို့၌ကား ယင်းအာဘော်နှင့် သံဝဏ္ဏနာ အမည်တို့ကို အပြည့်အစုံ ရေးထားပါသည်။ အမှန်စင်စစ် ယင်းအာဘော်နှင့် သံဝဏ္ဏနာ အမည်တို့ကို သဘောပေါက် တတ်သိနားလည်ဖို့ အရေးမှာ သဒ္ဒါကြီး ပုဒ်စစ်ကျမ်းလာ သံဝဏ္ဏနာစစ် အပြည့်အစုံကို သဘောပေါက် တတ်သိနားလည်သည်အထိ အာဂုံကြေညက် လေ့လာထားဖို့ ဖြစ်ပါသည်]။

http://www.dhammadownload.com

# နံပါတ် (၇) ဆိုင်ရာ စည်းမျဉ်းအဖြေ

## နိပါတ်ပုဒ် အနက်များ

### အသုံးများသော နိပါတ်ပုဒ် အနက်များ

### ဟိ သဒ္ဒါ၏ ဝါကျဇောတက အနက် ၉-ချက်

[ဆောင်] ဝါကျာရမ္ဘ, ဝိတ္ထာရနှင့်, ဖလ-ဟေတု, ဒဠှီပြု၍, ထင်မှုပါကဋ, ဝိသေသနှင့်, နွယ-ဗျတိ, နက်ဟောရှိ, ဟိ ၏ ကိုး အတ္ထာ။

[အဌသာလိနီ ရှေးနိဿယ (တ-၆၀)၌ ဟိ ထိုမှတစ်ပါးဟု ပေးသည်ကို ထောက်လျှင် ဟိ သဒ္ဒါ ပက္ခန္တရတ္ထ ဇောတက လည်း ဖြစ်နိုင်သည်။]

### စ-သဒ္ဒါ၏ ဝါကျဇောတက အနက် ၉-ချက်

ပက္ခန်ထည့်စွက်, ဝိတ်ကိုဖျက်, စ-နက်လည်းကောင်းလာ။

### ပန-သဒ္ဒါ၏ ဝါကျဇောတက အနက် ၁၁-ချက်

ဂရဟာ-သမ်, နှစ်ပိုပြန်, တစ်ဖန် ပနမှာ။
ထို့ကြောင့် ပန, ဝစ္စတ္ထ, မှတ်ကြ, ဇော်ဒသာ။

စ-သဒ္ဒါအနက် ၉-ပါးတို့တွင် ဂရဟာ-သမ္ဘာဝနာ ဟူသော အနက် ထည့်၍ ပန အနက် ၁၁-ချက် ဖြစ်သည်။

## ဂါထာများ

### ဝန-အနက်

ဝါကျာရမ္ဘေ ဝိသေသ စ၊ ဟေတုပ္ပလေသု အန္ဝယေ။
ဒဠှီ တပ္ပါကဋီကရေ၊ ဗျတိရေကေ ပက္ခန္တရေ။

### ဟိ-အနက်

ဝါကျာရမ္ဘေ ဝိတ္ထာရေစ၊ ဒဠှီယံ ဖလဟေတုကေ။
တပ္ပါကဋီကရေ စေဝ၊ ဝိသေသ အန္ဝယေပိ စ။
ဗျတိရေကေ စ ဟိသဒ္ဒေါ နဝတ္ထေသု ပကာသိတော။

http://www.dhammadownload.com



ထိ-သဒ္ဒါ၏ မူလအနက် ၄-ချက်

ဟိ ကာရဏော ဝိသေသာဝ-ဓာရဏော ပဒပူရဏော။

စ-သဒ္ဒါ၏ မူလအနက် ၆-ချက်

သမုစ္စယေ သမာဟာရေ၊ န္ဘာစယေစေတရီတရေ။
ပဒပူရဏာ မတ္တေ စ၊ စ-သဒ္ဒေါ အဝဓာရဏော။

ဝန-သဒ္ဒါ၏ မူလအနက် ၂-ချက်

အထောပန ဝိသေသမ္ဟိ၊ တထေဝ ပဒပူရဏော။

အ-နိပါတ်အနက် ၁၀-ချက်

ပဋိသေဓေ ဝုဒ္ဓိ တဗ္ဘာဝေ၊ အညတ္ထေ သဒိသေပိစ။
ဝိရုဒ္ဓေ ဂရဟေ သုည၊ အ-ကာရော ဝိရဟပ္ပကေ။

တ္တထိအနက် ၇-ချက်

ဣတိဟေတု ပကာရေသု၊ အာဒိမှိ စာဝဓာရဏော။
နိဒဿနေ ပဒတ္ထာသု၊ ဝိပလ္လာသေသမာပနေ။

ပဒတ္ထ ဝိပလ္လာသအနက်ကို သဒ္ဒပဒတ္ထကအနက်, ဟုလည်း ခေါ်၏။
[ထို့ပြင် ဣတိသဒ္ဒါ ဣဒံ (ဣမ)အနက်, အာကာရအနက်, နာမ်အနက် တို့ကိုလည်း ဟော၏။]

အဝိ-သဒ္ဒါ-ဝိ-သဒ္ဒါတို့၏ အနက် ၇-ချက်

သမ္ဘာဝနေ စ ဂရဟာ၊ ပေက္ခာသု စ သမုစ္စယေ။
ပဥှေ သံဝရဏော စေဝ၊ အာသိသတ္တေ အပီရိတံ။
"ပဥှေ ပဒတ္ထာ နုညာတေ၊ အပိသဒ္ဒေါ ပဝတ္တတိ" ဟုလည်း ရှိ၏။

ဝေ အနက် ၁၁-ချက်

ဝေံနိဒဿနာ ကာရော၊ ပမာသု သမ္ပဟံသနေ။
ဥပဒေသေ စ ဝစန-ပဋိဂ္ဂါဟေဝဓာရဏော။
ဂရဟာယေ ဒ မတ္တေစ၊ ပရိမာဏော စ ပုစ္ဆနေ။

ဝါအနက် ၇-ချက်

သမုစ္စယေဓောပမာယံ၊ သံသယေ ပဒပူရဏော။
ဝဝတ္ထိတ ဝိဘာသာယံ၊ ဝါ ဝဿဂ္ဂေ ဝိကပ္ပနေ။

http://www.dhammadownload.com



**ဝေ-အနက် ၄-ချက်**

နိယမေ အဝဓာရဏော၊ သန္နိဋ္ဌာနေစ ဝုစ္စတေ။
ပဒပူရဏာမတ္တေပိ၊ ဝေသဒ္ဒေါပကာသိတော။

## ပဋိဘာဂအနက် (ဥပမာအနက်) ကို ဟောသော နိပါတ် ပုဒ်များ

ယထာတထာ ယထေဝေဝံ၊ ယထာနာမယထာဟိ (စ)။
သေယျထာ ဧဝမေဝံဝါ၊ တထေဝ (စ) ယထာပိ(စ)။
ဧဝမ္ပိစ-သေယျထာပိ၊ နာမ ယထရိဝါပိ-စ။
ပဋိဘာဂတ္ထေ ယထာစ၊ ဝိယ တထရိဝါပိ-စ။

ဟူသော အဘိဓာန်နှင့်အညီ ပဋိဘာဂ အနက်ကို ဟောသော- ယထာ, တထာ, ယထေဝ, ဧဝံ, ယထာနာမ, ယထာဟိ, သေယျထာပိ, ဧဝမေဝံ, ဝါ, တထော, ယထာပိ, ဧဝမ္ပိ, သေယျထာပိနာမ, ယထရိဝ, ယထာစ, ဝိယ, တထရိဝ-ဟု ၁၇-ပုဒ်။

ရှု-၌ ထိုထက်အပိုဆိုသော ဧဝမေဝ, ကပ္ပ, တထာနာမ, တထာဟိ, တထာစ ဟူသော နိပါတ် ငါးပုဒ်နှင့် ပေါင်းလျှင် ပဋိဘာဂအနက် (ဥပမာအနက်) ကို ဟောသော နိပါတ်ပုဒ်-၂၂။

ဤယထာ စသော သဒ္ဒါများသည် ဟောတိယထာဖြစ်သကဲ့သို့၊ တထာ ထို့အတူ.... စသည်ဖြင့် ဥပမာအနက်ပေးမှသာလျှင် ပဋိဘာဂ အနက်ကို ဟောသည်။

ယေယေစုမှာမှာ ယထာဝုမုံစသည်၌ ယထာသဒ္ဒါကား ပဋိဘာဂအနက် ကို မဟော၊ ယေယေတိ ဝိစ္ဆာယံ ယထာ သဒ္ဒဿ အတ္ထ ဒဿနံ (ရူ-ဋီ) နှင့်အညီ ယထာသဒ္ဒါသည် ဝိစ္ဆာအနက်ကို ဟော၏။

အခြားသော တထာစသော ဤပဋိဘာဂအနက် ဟောသဒ္ဒါများ လည်း ထိုက်သည်အားလျော်စွာ ပဋိဘာဂအနက်မှ တစ်ပါး အခြားအနက် ဟောနိုင်သေးသည်ကို သိပါ။

http://www.dhammadownload.com



ဤနိပါတ်ပုဒ် အနက်များကို မေးရာ၌ အတ္ထုဒ္ဓါရ အနက်များကိုဖြစ်စေ ဣ္လာခါဝိပ္ပေတ အနက်မျိုးကိုဖြစ်စေ မေးနိုင်သည်။

## ယ-တ-ဧတ-ဣမ-ဧသော သဗ္ဗနာမ်ပုဒ်တို့၏စွဲရာ ဝိသယနာမည် ၃-မျိုး, တစ်နည်း ၄-မျိုး

ပက္ကန္တ ဝိသယော စေဝ။
ပသိဒ္ဓ ဝိသယော ဘထာ။
အနုဘူတ ဝိသယော စေတိ။
တံ သဒ္ဒေါယံ န ပေက္ခတေ။

[ဆောင်]၁။ ပက္ကန်, ပသိဒ္ဓ၊ နုဘူတ၊ သုံးဝဝိသယာ။
၂။ နိယမ ဝိသယ၊ ထည့်ပြန်က၊ လေးဝဝိသယာ။
၃။ ရှေးဝါကျမှ၊ စွဲဒဗ္ဗ၊ ပက္ကန္တ ဝိသယာ။
၄။ အစွဲတင်းလင်း၊ ရှိတုံလျှင်း၊ မှတ်သွင်းပသိဒ္ဓါ။
၅။ ပုဗ္ဗဝါကျ၊ ကြိယ၊ စွဲရနုဘူတာ။
၆။ အနိယတ်ယ၊ စွဲသမျှနှင့်၊ ထိုယကြိယာ၊ ယင်းနှစ်ဖြာကို ဆောင်ကာစွဲရ၊ တ-သဒ္ဒ၊ မှတ်ကြနိယမာ။

၁။ ပက္ကန္တဝိသယ၊
၂။ ပသိဒ္ဓဝိသယ၊
၃။ အနုဘူတ ဝိသယဟု ဝိသယသုံးမျိုး။

(တစ်နည်း) ထိုသုံးမျိုးတွင် နိယမ ဝိသယ ထည့်၍ ဝိသယ လေးမျိုး။

၁။ ဆိုအပ်ပြီးသော အနက်ဒြပ်ကိုစွဲလျှင် ပက္ကန္တဝိသယ။
၂။ အစွဲတိုက်ရိုက်ရှိလျှင် ပသိဒ္ဓဝိသယ။
၃။ ကြိယာကိုစွဲလျှင် အနုဘူတဝိသယ။
၄။ တ-သဒ္ဒါသည် အနိယမ ယ-သဒ္ဒါစွဲသော အနက်ကိုစွဲလျှင် နိယမ ဝိသယ တ-မည်၏။

http://www.dhammadownload.com



## ဝိသယ နာမည်ပေးပုံ

တေန စိတ်စိတံ ဣဋ္ဌကံ ဝိဓိသယမာနေ ပုရိသော ဝိယ။ (ဋ္ဌ-၈၆)

ဤ၌ တေနဝယ် တ-သဒ္ဒါသည် ရှေ့၌ဆိုအပ်ပြီးသော ဣဋ္ဌက ဝဇ္ဇကီ ဟူသော ျန်းရုံသမားဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ မည်၏။

ထံတံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ ပစ္စုပ္ပန္နာ။ (ဋ္ဌ-၈၈)

ဤ၌ တံတံဝယ် တ-သဒ္ဒါသည် ကာရဏံဟုအစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ မည်၏။

ဣမေ ပန နိယကဇ္ဈတ္တေ အဓိပ္ပေတော၊ တသ္မာ အတ္တနော သန္တနေ-ပဝေဒိတဗ္ဗာ။ (ဋ္ဌ-၈၈)

ဤ၌ လဒ္ဓိဂုဏ်ပြ တသ္မာဝယ် တ-သဒ္ဒါသည် အဓိပ္ပေတော (အဓိပ္ပေတ) ကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။

ယော ပနေသ ဖဿဝေဒနာနိနံ ဓမ္မာနံ ပုဉ္ဇော၊ သော ဣမေ သမ္မူ-ဟောတိ ဝိဘာဝိတော။ (ဋ္ဌ-၁၀၁)

ဤ၌ တ-သဒ္ဒါ၏ ကာရိယဲ သော သည် အနိယမ ယ သဒ္ဒါစွဲသော အနက်ကိုစွဲသောကြောင့် (ပုဉ္ဇ ဟူသော အစုအပုံအနက်ကိုစွဲသောကြောင့်) နိယမဝိသယ တ-မည်၏။

(ယော၌ ယ သဒ္ဒါသည်ကား ပုဉ္ဇောဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ)

## တသ္မာ(တေန)ရှိရာ၌ ခွဲရာအနက် ဝိသယ အမည်နှင့် ကာရဏ, လဒ္ဓဂုဏ, နိဂုံးခွဲပုံ

[ဆောင်] ၁။ ဟိတ်တွင်၌သာ၊ သုံးသပ်ရာ၊ တသ္မာ အကြောင်းပြ။

၂။ ဟိတ်၏ဖိုလ်မှာ၊ သုံးသပ်ရာ၊ တသ္မာ ဂုဏ်လဒ္ဓ။

၃။ ဟိတ်ဖိုလ်နှစ်ရပ်၊ သုံးသပ်က၊ တသ္မာ နိဂုံးပြ။

ယသ္မာ ပန ဈာနစေတနာ ပဋိသန္ဓိံ အာကဍ္ဎတိ။

တသ္မာ စေတနာပိ စေတနာသမ္ပယုတ္တဓမ္မာပိဝဋ္ဋန္တိ ယောဝ။ (ဋ္ဌ-၂၀၇)

http://www.dhammadownload.com



ဤ၌ တသ္မာသည် အကြောင်းပြ တသ္မာ ဖြစ်သည်။ အာကဗုတိ (အာကဗုန)ကြိယာကိုစွဲသောကြောင့် တသ္မာ၌ တ သည် အနုဘူတဝိသယ။

တသ္မာ ဝိဝိစ္စေဝ အကုသလေဟိ ဓမ္မေဟီတိ ဇံ ပဒ ဒွယေပိ ဧသ ဒဋ္ဌဗ္ဗော။ (ဋ္ဌ-၂၀၉)

ဤ၌ တသ္မာသည် လက္ခဏ်ပြ တသ္မာ ဖြစ်သည်၊ ဝတ္တဗ္ဗောကြိယာ (ဝတ္တဗ္ဗကြိယာ)ကိုစွဲသောကြောင့် တသ္မာ၌ တ-သည် အနုဘူတဝိသယ။

တသ္မာ နိယမံ ကရောတီတိ။ (ဋ္ဌ-၂၀၈)

ဤ၌ တသ္မာသည် နိဂုံးပြတသ္မာ ဖြစ်သည်၊ ပညာယတိကြိယာ (ပညာယနကြိယာ)ကို စွဲသောကြောင့် တ သည် အနုဘူတ ဝိသယ။

ဥပနိဇ္ဈာ ယနဋ္ဌေန ပဉ္စေဝ ဓမ္မာ ဈာနင်္ဂါနိ ဟောန္တိ။
တေန ဝုတ္တံ "ပဉ္စင်္ဂိကံ ဈာနံ ဟောတီ"တိ။ (ဋ္ဌ-၁၉၇)

ဤ၌ တေနသည် သာဓက ဉာပက ဒဋ္ဌိကရဏပြ ဖြစ်သည်။
(တစ်နည်း) နိဂုံးပြ ဖြစ်သည်၊ ဟောန္တိ ကြိယာကို စွဲသောကြောင့် အနုဘူတ ဝိသယ။

## သမ္ဗန္ဓာမ်ပုဒ်တို့၏ စွဲရာအနက်

တတ္ထ ကေနဋ္ဌေန အဘိဓမ္မော။ (ဋ္ဌ-၃)

ဤ၌ တတ္ထဝယ် တ သဗ္ဗနာမ်ပုဒ်၏စွဲရာအနက်ကား-

တတ္ထအသ္မိံ အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမိတိ ဝစနေ ဟုစွဲ၍ အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမိ ဟူသော စကားအနက် ဖြစ်ပါသည်။

(တစ်နည်း) တတ္ထ အဘိဓမ္မ ကထန္တိ ဧတသ္မိံ ဝစနေ ဟုစွဲ၍ အဘိဓမ္မကထံ ဟူသော စကားအနက် ဖြစ်ပါသည်။

ဤသို့ စသည်ဖြင့် အခြားသော သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်ကိုလည်း ထိုသဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်ကို ကြည့်၍ ဝါ-အနက်ပေးပုံကို ကြည့်၍ အနက်အတိုင်း သိပါ။

http://www.dhammadownload.com



## ဝေသဒ္ဒါ၏ 'ဝေတ္တ ဖလတ္တယှခေါ်' ဂဟေတာ့ဗ္ဗ, နိဝတ္တေတဗ္ဗ အနုညာတ အနက်(၃)ချက် ထုတ်နည်း

[ဆောင်] ၁။ ဝေ ထိုင်ရာ၊ ပုဒ်နက်မှာ၊ မှတ်ပါ ဂဟေတဗ္ဗတ္တ။
၂။ တားမြစ်အပ်ရာ၊ အနက်မှာ၊ မှတ်ပါ နိဝတ္တေ တဗ္ဗ။
၃။ ခွင့်ပြုအပ်ရာ၊ အနက်မှာ၊ မှတ်ပါ အနုညာတတ္ထ။
၄။ ဝေသဒ္ဒါ၊ ကန့်လေရာ၊ ကံမှာကံချင်း၊ ကတ္တားချင်း။
၅။ ဒြပ်နောက်ပေး ဝေနေ၊ ကန့်လေဒြပ်ချင်း။
၆။ ဂုဏ်၏နောက်မှာ၊ ဝေပါ၊ ကန့်ရာဂုဏ်ချင်းချင်း။
၇။ ကြိယာနောက်ပေး ဝေနေ၊ ကန့်လေကြိယာချင်း။
၈။ ကြိယာနောက်၊ ဝေရောက်၊ ချင့်ထောက်ယူလေလျှင်း။
၉။ ဝေသဒ္ဒါ၊ ရှိလေရာ၊ ရံခါ အနုညာတထုတ်မြဲ။
၁၀။ နိဝတ္တေတဗ္ဗ၊ ဒြပ်ပြ၊ အနုညာတဂုဏ်ကို ထုတ်မြဲ။
၁၁။ နိဝတ္တေတဗ္ဗ၊ ဂုဏ်ဖြစ်က၊ ဒဗ္ဗအနုညာတ ထုတ်မြဲ။
၁၂။ နိဝတ္တေတဗ္ဗ၊ ကြိယာပြ၊ ဒဗ္ဗ-ဂုဏ်ကို အနုညာတထုတ်မြဲ။

၁။ ဝေသဒ္ဒါ၏ ထိုင်ရာပုဒ် အနက်ကို ယူအပ်သော ဂဟေတဗ္ဗတ္တ ထုတ်ပါ။

၂။ အခြားဆန့်ကျင်ဘက် တားမြစ်အပ်သော အနက်ကို နိဝတ္တေတဗ္ဗတ္ထ ထုတ်ပါ။

၃။ အခြားခွင့်ပြုသင့်သော အနက်ကို အနုညာတတ္ထ ထုတ်ပါ။ (ဤကား အကျဉ်းချုပ်)။

အကျယ်ကား- ဒြပ်ဟော သဒ္ဒါနောင် ဝေ ရှိက ဝေ ထိုင်ရာ ပုဒ်၏ အနက်ဒြပ်ကို ဂဟေတဗ္ဗတ္ထထုတ်၊ အခြားဆန့်ကျင်ဘက် တားမြစ်ကန့်ကွက် အပ်သော အနက်ဒြပ်ကို နိဝတ္တေတဗ္ဗတ္ထထုတ်၊ ဂဟေတဗ္ဗ အမယူခဲ့သော အနက်ဒြပ်၌ ရကောင်းသောဂုဏ်ကို အနုညာတတ္ထထုတ်။

ဂုဏ်ဟောသဒ္ဒါနောင် ဝေ ရှိက ဝေထိုင်ရာ ပုဒ်အနက်ကို ဂဟေတဗ္ဗတ္ထ ထုတ်၊ အခြားဆန့်ကျင်ဘက်ဂုဏ်ကို နိဝတ္တေတဗ္ဗတ္ထထုတ်၊ ဂဟေတဗ္ဗဂုဏ်၏ တည်ရာအနက်ဒြပ်ကို အနုညာတတ္ထထုတ်။

http://www.dhammadownload.com



ကြိယာနောက် ဝေ ရှိက အခြားဆန့်ကျင်ဘက်ကြိယာကို နိဝတ္တေတဗ္ဗတ္ထ တုတ်၊ ဒြပ်, ဂုဏ်များကို အနုညာတတ္ထထုတ်၊ ဝေ ထိုင်ရာ ကြိယာကို ဝါ-ဝေ ထိုင်ရာ ကြိယာပုဒ်၏ ကြိယာအနက်ကို ဂဟေတဗ္ဗတ္ထထုတ်။

[မှတ်ချက်။ ။ဤဂဟေတဗ္ဗ စသော အနက်(၃)ချက်ကို ဝေတ္ထဖလတ္တယ ဟု လည်းကောင်း, နိဝတ္တေတဗ္ဗတ္ထကို "ဆဋ္ဌေတဗ္ဗတ္ထ" (ဆဋ္ဌေတဗ္ဗတ္ထ) ဟု လည်းကောင်း, အဝဓာရဏ ဖလ (ဝေ ဟူသော အဝဓာရဏ၏ အကျိုး, တားမြစ်အပ်သော အကျိုး)ဟု လည်းကောင်း ဝေတ္ထဖလ(ဝေ-သဒ္ဒါအနက် ၏ အကျိုးအရ) ဟု လည်းကောင်း ခေါ်ရသေး၏။]

## ဝေ၏ ဂဟေတဗ္ဗတ္ထ စသည်ထုတ်ပုံ

သဗ္ဗညုတညာဏေ နေဝ သက္ကာ ဇာနိတုံ။ (ဋ္ဌ-၁၃)

၁။ သဗ္ဗညုတဉာဏ်တော်ဒြပ်သည် ဂဟေတဗ္ဗတ္ထ။
၂။ ပဒေသဉာဏ်တော်ဒြပ်သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ သဗ္ဗညုတဉာဏ်တော်၏ သာဂရသုံးပါးမှတစ်ပါး တခြားသော တရားဥဿုံ အလုံးစုံကို သိခြင်းငှာ စွမ်းနိုင်ခြင်း ဟူသော ဂုဏ်တော်သည် အနုညာတတ္ထ။

ဣမဥ္စ သဗ္ဗညုဗုဒ္ဓါဝ ဂဋ္ဌိဝိဇ္ဇန္တိ။ (ဋ္ဌ-၁၃)

၁။ သဗ္ဗညုဘုရားရှင် ဒြပ်သည် ဂဟေတဗ္ဗတ္ထ။
၂။ ပစ္စေကဗုဒ္ဓါ, သာဝကဒြပ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ သဗ္ဗညုဘုရားရှင်၏ ပဋိဝေဓဉာဏ်မှ တစ်ပါး ပစ္စဝေက္ခဏာ ဉာဏ်တော်စသော ဂုဏ်သည် အနုညာတတ္ထ။
ဓေဝံ ပဝေဒိတတ္တာ ပန တေနေဝ ကာရေန ပစ္စုပဋ္ဌာတီတိ သန္နိပါတပစ္စုပဋ္ဌာနောတိ ဝုတ္တော။ (ဋ္ဌ-၁၅၂)

၁။ သုံးပါးသော ဝတ္ထုအာရုံ ဝိညာဉ်တို့၏ ပေါင်းဆုံခြင်း အခြင်း အရာဟူသော ဂုဏ်သည် (တစ်နည်း) ဖဿစေတသိက်၏ ဖုသနာကာရ အားဖြင့် ဖြစ်ခြင်းဟူသောဂုဏ်သည် ဂဟေတဗ္ဗတ္ထ။

http://www.dhammadownload.com



၂။ ထိုသုံးပါးတို့၏ မပေါင်းဆုံခြင်း ဟူသော ဂုဏ်သည် (တစ်နည်း) ဖဿစေတသိက်၏ ဝေဒနူပ္ပါဒါကာရ အားဖြင့် ဖြစ်ခြင်းဟူသော ဂုဏ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ တိဏ္ဏံသန္နိပါတာကာရ အားဖြင့် (တိကသန္နိပါတာကာရ အားဖြင့်) ဖြစ်သော သညာစသော အခြားသော စေတသိက် ဒြပ်သည် အနုညာတတ္ထ။

ဥပါဒိယန္တေဝ ဘူတာနိ။ (၄-၉၂)

၁။ စွဲမှီ၍ဖြစ်ခြင်းကြိယာသည်, ဝါ-ဥပါဒိယန္တိကြိယာသည် ဂဟေတဗ္ဗတ္ထ။

၂။ မစွဲမှီဘဲ ဖြစ်နိုင်ခြင်းကြိယာသည်, ဝါ, နဥပါဒိယန္တိကြိယာသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဥပါဒါရုပ်တို့၏ နိယိတဘောဂုဏ်သည် အနုညာတတ္ထ။

ထို့အတူ ကြိယာပုဒ်နောင် ဝေထိုင်ရာ၌....

ဟောတိဝေဝယ် ဖြစ်ခြင်းကြိယာ (ဟောတိကြိယာ) သည် ဂဟေတဗ္ဗတ္ထ။ မဖြစ်ခြင်းကြိယာ (နဟောတိကြိယာ) သည် နိဝတ္တေတဗ္ဗတ္ထ။

ဂစ္ဆတိဝေ၌ သွားခြင်းကြိယာ (ဂစ္ဆတိကြိယာ) သည် ဂဟေတဗ္ဗတ္ထ။ မသွားခြင်းကြိယာ (နဂစ္ဆတိကြိယာ) သည် နိဝတ္တေတဗ္ဗတ္ထ။

ဇာနာတိဝေ၌ သိခြင်းကြိယာ (ဇာနာတိကြိယာ) သည် ဂဟေတဗ္ဗတ္ထ။ မသိခြင်းကြိယာ (နဇာတိကြိယာ) သည် နိဝတ္တေတဗ္ဗတ္ထ။

(ဤသို့စသည်ဖြင့် ကြိယာပုဒ်နောင် ဧဝ ထိုင်ရာ၌ ဂဟေတဗ္ဗတ္ထနိဝတ္တေ-တဗ္ဗတ္ထ ထုတ်ပုံကို သိပါ။)

သွာယမိဓာပိ နိယတ္တ နိဗ္ဗိဝတာယမေဝ ဝတ္တတိ။ (၄-ဂ၁)

၁။ နိယတ္တ နိဗ္ဗိဝတာအနက်သည် ဂဟေတဗ္ဗတ္ထ။

၂။ ပရိယတ္တိ, ဟေတု, ဂုဏာစသော အနက်တို့သည် နိဝတ္တေ-တဗ္ဗတ္ထ။

၃။ သဘာအနက်သည် အနုညာတတ္ထ။

http://www.dhammadownload.com



ကထံ ပနာယံ သုခဝေဒနာယမေဝ ဒဋ္ဌဗ္ဗော။ (ဋ္ဌ-ဂ၃)

၁။ သုခဝေဒနာဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ။
၂။ သုခမူလ, သုခါရမ္မဏ, သုခဟေတု, သုခပစ္စယဋ္ဌာန,အဗျာပဇ္ဇ စသော အနက်တို့သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ သုခ၏ ဝေဒယိတ လက္ခဏာရှိသည်အဖြစ်, ချမ်းသာစေတတ်သည်၏အဖြစ်စသော ဂုဏ်, သုခနှင့်စပ်၍ သောတုဇနတို့၏ လေ့လာ သင်ကြားပွားများခြင်း စသော ဂုဏ်တို့သည် အနုညာတတ္ထ။

ကထံ ပနာယံ ဒုက္ခဝေဒနာယ မေဝ ဒဋ္ဌဗ္ဗော။ (ဋ္ဌ-ဂ၄)

၁။ ဒုက္ခဝေဒနာ ဟူသောအနက်သည် ဂဟေတဗ္ဗတ္ထ။
၂။ ဒုက္ခဝတ္ထု, ဒုက္ခာရမ္မဏ,ဒုက္ခပစ္စယ, ဒုက္ခပစ္စယဋ္ဌာန စသော အနက်တို့သည် နိဝတ္တေတဗ္ဗတ္ထ။
၃။ ဒုက္ခ၏ အနိဋ္ဌာနုဘဝလက္ခဏာ ရှိသည်၏အဖြစ်, ဆင်းရဲစေတတ်သည်၏အဖြစ် စသော ဂုဏ်,လေ့လာသင်ကြား ပွားများခြင်းစသော ဂုဏ်တို့သည် အနုညာတတ္ထ။

သဒ္ဒဟနမတ္တမေဝ ဝါ သော်တိ သဒ္ဓါ။ (ဋ္ဌ-၁၆၂)

မတ္တ သဒ္ဒါ ဧဝ သဒ္ဒါတို့၏ အထူး

မတ္တသဒ္ဒါသည် နိဝတ္တာပန အဝဓာရဏ အနက်ကိုဟော၏။
ဧဝသဒ္ဒါသည် သန္နိဋ္ဌာန အဝဓာရဏအနက်ကို ဟော၏။

[ ဆောင် ] မတ္တာဧဝ၊ ၂-ပွါးပြက၊ မတ္တမြစ်ကန်၊ ဧဝသန္နိဋ္ဌာန်။

မတ္တသဒ္ဒါ (ဧဝသဒ္ဒါ) ၏ အနက်သုံးချက်

၁။ သဒ္ဒါ သဒ္ဒါ၏ ဘာဝသာဓနဖြင့် ဖြစ်ခြင်းသည် ဝါ၊ ဘာဝသာဓနသည် ဂဟေတဗ္ဗတ္ထ။
၂။ ကမ္မ, သမ္ပဒါန, အပါဒါန, အဓိကရဏသာဓနတို့ဖြင့် ဖြစ်ခြင်းသည် ဝါ၊ ထိုကမ္မသာဓန စသည်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

http://www.dhammadownload.com



၃။ ကတ္တုသာဓန, ကရဏသာဓနတို့၌ ဖြစ်ခြင်းသည် ဝါ ကတ္တုသာဓန, ကရဏသာဓနတို့သည် အနုညာတတ္ထ။

(တစ်နည်း) ၁။ ယုံကြည်ခြင်း အမှုအရာ ကြိယာသည် ဂဟေတဗ္ဗတ္ထ။

၂။ ယုံကြည်ကြောင်း ကရဏသတ္တိ, ယုံကြည်တတ်သော ကတ္တုသတ္တိတို့သည် နိဝတ္တေတဗ္ဗတ္ထ။
(သရဏမတ္တမေဝ ဝါ သောတိ သတိ။
(၄-၁၆၄)
အလုဗ္ဘနမတ္တမေဝ ဝါ တန္တိအလောဘော။
(၄-၁၇၀)
လုဗ္ဘနမတ္တမေဝ ဝါ တန္တိလောဘော။
(၄-၂၆၀)
စသည်တို့၌လည်း ဤနည်းမှီထုတ်ပါ။)

သဒ္ဒါဝ ဣန္ဒြိယံ။ (၄-၁၆၂)

၁။ သဒ္ဒါသည် ဂဟေတဗ္ဗတ္ထ။

၂။ ဖဿ, သညာ စသော ဣန္ဒြေမထိုက်သော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ သတိ, ဝီရိယစသော ဣန္ဒြေထိုက်သော တရားတို့သည် (တစ်နည်း) သဒ္ဒါ၏ အခြားအမည် ဖြစ်ကောင်းသော ဗိုလ်စသော ဂုဏ်သည် အနုညာတတ္ထ။

တဒေဝ (ဝီရိယမေဝ ကောသဇ္ဇဿ အဘိဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။ (၄-၁၆၃)
သတိ ဧဝ ဣန္ဒြိယံ သတိန္ဒြိယံ (၄-၁၆၄)
သောဝ (သမာဓိ ဧဝ) ။ပ။ ဣန္ဒြိယံ။ (၄-၁၆၅)
သာဝ (ပညာဧဝ) ။ပ။ ဣန္ဒြိယံ။ (၄-၁၆၅)
မနောဝ ဣန္ဒြိယံ မနိန္ဒြိယံ (၄-၁၆၆)
သောမနဿမေဝ ဣန္ဒြိယံ သောမနဿိန္ဒြိယံ (၄-၁၆၆)
ဇီဝိတမေဝ ဣန္ဒြိယံ ဇီဝိတိန္ဒြိယံ။ (၄-၁၆၇)
စသည်တို့၌လည်း ဤနည်းမှီထုတ်။

F17A

http://www.dhammadownload.com



အလောဘာဒိနံယေဝ တာနိ နာမာနိ (ဋ္ဌ-၁၃၃)

၁။ အလောဘ, အဒေါသ, အမောဟတို့၏ အစဉ်အတိုင်း အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ အမည် ဖြစ် ခြင်း တို့ သည် ဂဟေတဗ္ဗတ္ထ။

၂။ လောဘ, ဒေါသ, မောဟတို့၏ အမည်ဖြစ်ခြင်းသည် နိဝတ္တေ-တဗ္ဗတ္ထ။

၃။ အပိစ္ဆ, မေတ္တာ, သမ္ပဇာနကတာဉာဏ် စသော အမည်ဖြစ်ခြင်း သည် အနုညာတတ္ထ။
(တစ်နည်း) အလောဘ စသည်တို့၏ အမည်သည် ဂဟေတဗ္ဗတ္ထ။ လောဘစသော အမည်ကို မရခြင်းသည် နိဝတ္တေတဗ္ဗတ္ထ။ အာရုံ၌ မတတ်မက်ခြင်း စသည်သည် အနုညာတတ္ထဟုလည်း ထုတ်ကြ၏။

ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ (ဋ္ဌ-၉၁)

၁။ ဝုတ္တနယသည် ဝါ၊ ဆိုအပ်ဖြီးသော နည်းသည် ဂဟေတဗ္ဗတ္ထ။

၂။ အဝုတ္တနယသည် ဝါ၊ မဆိုအပ်သော နည်းသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ သဒိသနယသည် ဝါ၊ အတူဖြစ်သော နည်းသည် အနုညာတတ္ထ။

ကြွင်းသော ဝုတ္တနယမေဝ, ဝုတ္တနယောဝ စသည်ရှိရာ၌လည်း ဤနည်း အတိုင်း ထုတ်ပါ။

သဒ္ဒါဒိဗလာဒီသုပိ သဒ္ဒါဒီနီ ဝုတ္တတ္ထာနေဝ။ (ဋ္ဌ-၁၆၇)

၁။ ဝုတ္တတ္ထပုဒ်သည် ဝါ-ဆိုအပ်ပြီးသော အနက်ရှိသော ပုဒ်သည် ဂဟေတဗ္ဗတ္ထ။

၂။ အဝုတ္တတ္ထပုဒ်သည် ဝါ-မဆိုအပ်သော အနက်ရှိသော ပုဒ်သည် နိဝတ္တေ။ တဗ္ဗတ္ထ။ (တစ်နည်း) ဆိုအပ်ပြီးသော အနက်ရှိခြင်းသည်။ ဂဟေတဗ္ဗတ္ထ။ မဆိုအပ်သော အနက်ရှိခြင်းသည် နိဝတ္တတေဗ္ဗတ္ထ။

http://www.dhammadownload.com



၃။ ဥတ္တာနတ္ထပုဒ်သည် ဝါ-ပေါ်လွင်ထင်ရှားသော အနက်ရှိခြင်းသည် အနုညာတတ္ထ။

ကြွင်းသော ဝုတ္တတ္ထပုဒ်နောင် ဧဝသဒ္ဒါရှိရာ၌လည်း ဤနည်းအတိုင်း ထုတ်။

ဃေယံ တာဒိသမေဝ။ (၄-၂၁၃)

၁။ သဒိသဘာဝသည် ဝါ-ထိုကဲ့သို့ ရှုအပ်သည်၏အဖြစ်ဟူသော တူသည်၏ အဖြစ်သည် ဂဟေတဗ္ဗတ္ထ။

၂။ အသဒိသဘာဝသည် ဝါ-ထိုကဲ့သို့ မရှုအပ်သော မတူသည်၏အဖြစ်သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ အနုရူပဘာဝသည် ဝါ- သင့်လျော် လျောက်ပတ်သည်၏ အဖြစ်သည် အနုညာတတ္ထ။

ကြွင်းသော 'ဝုတ္တသဒိသမေဝ' စသည်ရှိရာ၌လည်း ဤနည်းအတိုင်း ထုတ်။

http://www.dhammadownload.com

# နံပါတ်(ဂ) ဆိုင်ရာ စည်းမျဉ်းအဖြေ

## ကြိယာ (၅) တန် ထုတ်နည်း

### ကြိယာ ၅–တန် ထုတ်သင့်သော အရာဌာန

[ဆောင်] ထူးဆန်းတဝ၊ ဝက်တစ်ချက်၊ ပုဒ်နက်ငုပ်ကာ၊ ပဒတ္ထ၊ ထုတ်ကြငါးအတ္ထာ။

၁။ ထူးထွေဆန်းပြားသော အနက်အဓိပ္ပာယ်ရှိရာ ဌာန။
၂။ တိုက်ရိုက်မဟုတ်, သွယ်ဝိုက်၍ယူစေလိုရာ ဌာန။
၃။ ထိုသဒ္ဒါပုဒ်တို့၏ ဂုဠှတ္ထ ပဋိစ္ဆန္နတ္ထ ဖြစ်ရာဌာန။

ဤအရာ ဌာနမျိုးတို့၌ ကြိယာငါးတန် (ဝါ-ကတ္တား ၅-တန်) ထုတ်ကြသည်။

### ကြိယာ ၅–တန် (သာမညထုတ်နည်း)

[ဆောင်] ၁။ ဆတ်ဆတ်မုချ, တိုက်ရိုက်ပြက, ဒဿနဆို။
၂။ အကြောင်းကိုပြ, ဒီပကမျိုး၊
၃။ ကျိုးပကာသန၊
၄။ မူလကြောင်းမှာ, ဝိဘာဝမှန်၊
၅။ ကျိုးပရမ္မရာ, နူဘာဝါ၊
ကြိယာငါးတန် ထုတ်နည်းတည်း။

၁။ သဒ္ဒါ, ပုဒ်တို့က မုချတိုက်ရိုက်ပြအပ်သော အနက်သည် ဒဿနတ္ထ။
၂။ ထို တိုက်ရိုက်ပြအပ်သော အနက်၏ ဝါ-ဒဿနတ္ထ၏ အနီးကပ်ဆုံး အကြောင်းသည် ဒီပကတ္ထ။
(ထိုဒီပကတ္ထကို ပထမ ဖလပစာရတ္ထအားဖြင့် ထုတ်ပါ)။
၃။ တိုက်ရိုက်ပြအပ်သော အနက်၏ ဝါ-ဒဿနတ္ထ၏အနီးကပ်ဆုံးသော အကျိုးသည် ပကာသနတ္ထ။
(ထိုပကာသနတ္ထကို ပထမ ကာရဏူပစာရတ္ထအားဖြင့် ထည့်လိုက်ပါ။)

http://www.dhammadownload.com



၄။ ထိုတိုက်ရိုက်ပြအပ်သော အနက်၏ ဝါ ဒဿနတ္ထ၏ မူလ အကြောင်းရင်းသည် (သို့မဟုတ်) ဝေးသောအကြောင်းသည် ဝိဘာဝတ္ထ။ (ထိုဝိဘာဝတ္ထကို ဒုတိယ ဖလူပစာရတ္ထအားဖြင့် ထုတ်ပါ)။

၅။ ထိုတိုက်ရိုက်ပြအပ်သော အနက်၏ ဝါ ဒဿနတ္ထ၏ အဆက်ဆက်သော အကျိုးသည်(သို့မဟုတ်)ဝေးသောအကျိုးသည် အနုဘာဝတ္ထ။ (ထိုအနုဘာဝတ္ထကို ဒုတိယ ကာရဏူပစာရတ္ထအားဖြင့် ထုတ်ပါ)။

## ကုသိုလ်အရာ၌ ထုတ်ပုံ

၁။ ကုသိုလ်သည် (မဟာကုသိုလ်သည်) မုချ ဒဿနတ္ထ။

၂။ ယောနိသော မနသိကာရသည် (ပထမ ဖလူပစာရတ္ထ) ဒီပကတ္ထ။

၃။ အနဝဇ္ဇသုခဝိပါကသည် (ပထမ ကာရဏူပစာရတ္ထ) ပကာသနတ္ထ။

၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်သည် (ဒုတိယ ဖလူပစာရတ္ထ) ဝိဘာဝတ္ထ။

၅။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသည်သည် (ဒုတိယ ကာရဏူပ စာရတ္ထ) အနုဘာဝတ္ထ။

(ဤမှ နောက်၌ ဥပစာများကို ဤနည်းအတိုင်းထည့်၍ ထုတ်ပါ။)

## ဥပစာထည့်ဖို့ ဆောင်ပုဒ်

(က) ဒီပကဟူ၊ ပ ဖလူ၊ ဝိမူ ဒုဖလူ။

(ခ) ပကာသနမူ၊ ပ ကာရဏူ၊ နုမူ ဒုကာရဏူ။

ဤကား မုချတစ်ချက်၊ အကျိုးနှစ်ချက်၊ အကြောင်းနှစ်ချက်ယူ၍ ထုတ်ပုံတည်း။

## မုချတစ်ချက်, အကြောင်းတစ်ချက်, အကျိုးသုံးချက် ယူ၍ ထုတ်ပုံ

၁။ ကုသိုလ်သည် ဒဿနတ္ထ။

၂။ ယောနိသော မနသိကာရသည် (ဖလူပစာရတ္ထ) ဒီပကတ္ထ။

http://www.dhammadownload.com



၃။ အနဝဇ္ဇသုခ ဝိပါကသည် (ပဌမကာရဏ) ပကာသနတ္ထ။
၄။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိသည် (ဒုတိယကာရဏ) ဝိဘာရတ္ထ။
၅။ မဂ်, ဖိုလ်, နိဗ္ဗာန်သည် (တတိယကာရဏ) အနုဘာဝတ္ထ။

## လက္ခဏာဒိ စတုက္ကရှိ၍ ထုတ်နည်း

[ဆောင်] ၁။ လက္ခဏာ ဒဿန၊
၂။ ဒီပက ပဒဋ္ဌာန်၊
၃။ ရသံ သမ္ပတ္တိ, ထုတ်ဘိပကာသန်၊
၄။ ကိစ္စံရသ ဝိဘာဝတည်း၊
၅။ အနုဘာဝ ပစ္စုပဋ္ဌာန်၊

ထုတ်ကြောင်းမှန်သည် ကြံ့ယာ ငါးတန် ထုတ်နည်း တည်း။

၁။ လက္ခဏာသည် ဒဿနတ္ထ။
၂။ ပဒဋ္ဌာန်သည် ဒီပကတ္ထ။
၃။ သမ္ပတ္တိရသသည် ပကာသနတ္ထ။
၄။ ကိစ္စရသသည် ဝိဘာဝတ္ထ။
၅။ ပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

## တုဆိုလ်၌ ထုတ်ပုံ

၁။ အနဝဇ္ဇသုခ ဝိပါက လက္ခဏာသည် ဒဿနတ္ထ။
၂။ ယောနိသော မနသိကာရ ပဒဋ္ဌာန်သည် ဒီပကတ္ထ။
၃။ ဝေါဒါနဘာဝ သမ္ပတ္တိရသသည် ပကာသနတ္ထ။
၄။ အကုသလဝိဒ္ဓံသန ကိစ္စရသသည် ဝိဘာဝတ္ထ။
၅။ ဣဋ္ဌဝိပါက ပစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

## ဖဿ၌ ထုတ်ပုံ

၁။ ဖုသနလက္ခဏာသည် ဒဿနတ္ထ။
၂။ အာပါထ ဂတဝိသယ ပဒဋ္ဌာန်သည် ဒီပကတ္ထ။

http://www.dhammadownload.com



၃။ သံဿဋ္ဌန သမ္ပတ္တိရသသည် ပကာသနတ္ထ။
၄။ သံဿဋ္ဌန ကိစ္စရသသည် ဝိဘာဝတ္ထ။
၅။ သန္နိပါတ ဝစ္စုပဋ္ဌာန်သည် အနုဘာဝတ္ထ။

### ပဋိစ္စသမုပ္ပါဒ် နည်းအရ ထုတ်ပုံ

၁။ ကုသိုလ် သင်္ခါရသည် ဒဿနတ္ထ။
၂။ အဝိဇ္ဇာသည် ဒီပကတ္ထ။
၃။ ဝိညာဉ်သည် ပကာသနတ္ထ။
၄။ အာသဝသည် ဝိဘာဝတ္ထ။
၅။ နာမ်-ရုပ် စသည်သည် အာနုဘာဝတ္ထ။

၁။ ဝေဒနာသည် ဒဿနတ္ထ။
၂။ ဖဿသည် ဒီပကတ္ထ။
၃။ တဏှာသည် ပကာသနတ္ထ။
၄။ သဠာယတန စသည်သည် ဝိဘာဝတ္ထ။
၅။ ဥပါဒါန် စသည်သည် အနုဘာဝတ္ထ။

### ပဋ္ဌာန်းနည်းအရ ထုတ်ပုံ

၁။ ပစ္စုပ္ပန် ဖြစ်ဆဲသောကုသိုလ် စိတ္တုပ္ပါဒ်သည် ဒ။
၂။ အနန္တရာဒိသတ္တိရှိသော ရှေးရှေးဖြစ်သော စိတ္တုပ္ပါဒ်သည် ဒီ။
၃။ နောက်နောက်ဖြစ်သော စိတ်,စိတ္တဇရုပ်တို့သည် ပ။
၄။ အာရုံသည် ဝိ။
၅။ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်သည် လည်းကောင်း, ထိုထို ကိစ္စ ပြီးမြောက်ခြင်းသည် လည်းကောင်း အနု။

### ဝီထိနည်းအရ ထုတ်ပုံ

၁။ ကုသိုလ်ဇောစိတ်သည် ဒ။
၂။ ဝုဋ္ဌော, မနောဒွါရာဝဇ္ဇန်းသည် ဒီ။

http://www.dhammadownload.com



၃။ တဒါရုံသည် ပ။
၄။ ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ စသော ရှေးရှေးသော စိတ်သည် ဝိ။
၅။ ဘဝင်,စုတိစသော နောက်နောက်သော စိတ်သည် အနန္တ။

၁။ စက္ခုဝိညာဉ်သည် ဒ။
၂။ ပဉ္စဒွါရာဝဇ္ဇန်းသည် ဒိ။
၃။ သမ္ပဋိစ္ဆိုင်းသည် ပ။
၄။ အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ စသည်တို့သည် ဝိ။
၅။ သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ စသည်တို့သည် အနန္တ။

ဤသို့ စသည် ဝီထိချစဉ်ကိုရှု၍ ထုတ်ပါလေ။

## ရူပတုသိုလ်အရာ၌ ထုတ်ပုံ

၁။ ရူပါဝစရ ကုသိုလ်ဈာန်သည် ဒ။
၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု ဟူသော ဥပစာရ သမာဓိဇောသည် ဒိ။
၃။ ဈာနသမာပတ္တိ သုခသည် ပ။
၄။ ပဉ္စာနန္တရိယကံမှာ ကင်းခြင်း, တိဟိတ်ပဋိသန္ဓေနှင့်ပြည့်စုံခြင်း, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ဝိ။
၅။ ရူပဘုံ၌ ပဋိသန္ဓေနေရခြင်းမှစ၍ မဂ်, ဖိုလ်, နိဗ္ဗာန် တိုင်အောင်သော အကျိုးဆက်ဆက်တို့သည် အနန္တ။

## ပထမဈာန်၌ ထုတ်ပုံ

၁။ ပထမဈာန်သည် ဒ။
၂။ ဂေါတြဘုသည် ဒိ။
၃။ ပထမဈာန သမာပတ္တိသုံခသည် ပ။
၄။ ပရိကံ, ဥပစာ, အနုလုံတို့သည် ဝိ။
၅။ ရူပ ပထမဈာန်ဘုံ၌ ဖြစ်ခြင်းစသော အကျိုးတို့သည် အနန္တ။

http://www.dhammadownload.com



## ဒုတိယ ဈာန်၌ ထုတ်ပုံ

၁။ ဒုတိယဈာန်သည် ဒ။
၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု တို့သည် ဒီ။
၃။ ဒုတိယဈာန သမာပတ္တိသုခသည် ပ။
၄။ ပထမဈာန် စသည်တို့သည် ဝိ။
၅။ ဒုတိယဈာန်ဘုံ၌ ဖြစ်ရခြင်းစသော အကျိုးတို့သည် အနု။

(ကြွင်းသော တတိယ, စတုတ္ထ, ပဥ္စမဈာန်တို့၌လည်း ဤနည်းမှီ ထုတ်ပါ။ စတုတ္ထဈာန်, ပဥ္စမဈာန်ထုတ်ရာ၌ အနုဘာဝတ္ထကို စတုတ္ထဈာန်ဘုံ၌ ဖြစ်ရခြင်း စသော အကျိုးတို့ကို ထုတ်ပါ။)

## အရူပကုသိုလ် အရာ၌ ထုတ်ပုံ

၁။ အရူပါဝစရ ကုသိုလ်သည် ဒ။
၂။ ပရိကံ စသော ဥပစာရ သမာဓိဇောသည် ဒီ။
၃။ အရူပ ဈာန သမာပတ္တိသုခသည် ပ။
၄။ ရူပါဝစရဈာန်ကို ရခဲ့ခြင်း, ပဋိဃာနန္တရိယကံမှ ကင်းခြင်း, တိဟိတ် ပဋိသန္ဓေနှင့် ပြည့်စုံခြင်း စသည်တို့သည် ဝိ။
၅။ အရူပဘုံ၌ ပဋိသန္ဓေ နေရခြင်း စသော အကျိုးတို့သည် အနု။

## အာကာသာနဉ္စာ ယတန ဈာန်၌ ထုတ်ပုံ

၁။ အာကာသာနဉ္စာယတနဈာန်သည် ဒ။
၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီ။
၃။ အာကာသာနဉ္စာယတန ဈာန သမာပတ္တိသုခသည် ပ။
၄။ "အနန္တော အာကာသော" ဟု စီးဖြန်းခြင်း ပရိကမ္မ ဘာဝနာ, ရူပါဝစရဈာန် စသည်တို့သည် ဝိ။
၅။ အာကာသာနဉ္စာယတနဘုံ၌ ပဋိသန္ဓေနေရခြင်း, ပြဟ္မာစည်းစိမ် ခံစားရခြင်း စသည်တို့သည် အနု။

http://www.dhammadownload.com



## ဝိညာဏဉ္စာယတနစျာန်၌ ထုတ်ပုံ

၁။ ဝိညာဏဉ္စာယတနစျာန်သည် ဒ။
၂။ ပရိကံ, ဥပစာ, အနုလုံ ဂေါတြဘုတို့သည် ဒီ။
၃။ ဝိညာဏဉ္စာယတန စျာန သမာပတ္တိသုခသည် ပ။
၄။ ''အနန္တံ ဝိညာဏံ'' ဟု စီးဖြန်းခြင်း ပရိကမ္မဘာဝနာ, အာကာသာနဉ္စာ ယတနစျာန် စသည်တို့သည် ဝိ။
၅။ ဝိညာဏဉ္စာယတနဘုံ၌ ပဋိသန္ဓေနေရခြင်း, ဖြဟ္မာစည်းစိမ် ခံစားရခြင်း စသော အကျိုးတို့သည် အနု။

## အာကိဉ္စညာယတန စျာန်၌ ထုတ်ပုံ

၁။ အာကိဉ္စညာယတနစျာန်သည် ဒ။
၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘုတို့သည် ဒီ။
၃။ အာကိဉ္စညာယတန စျာန သမာပတ္တိသုခသည် ပ။
၄။ ''နတ္ထိ ကိဉ္စိ''ဟု စီးဖြန်းခြင်း ပရိကမ္မဘာဝနာ, ဝိညာနဉ္စာယတန စျာန် စသည်တို့သည် ဝိ။
၅။ အာကိဉ္စညာယတနဘုံ၌ ပဋိသန္ဓေနေရခြင်း ဖြဟ္မာ စည်းစိမ် ခံစားရခြင်း စသည်တို့သည် အနု။

## နေဝသညာ နာသညာယတန စျာန်၌ ထုတ်ပုံ

၁။ နေဝသညာ နာသညာယတနစျာန်သည် ဒ။
၂။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု တို့သည် ဒီ။
၃။ နေဝသညာ နာသညာယတန စျာနသမာပတ္တိသုခ (စတုတ္ထာ ရုပ္ပစျာနသုခ)သည် ပ။
၄။ ''သန္တမေတံ၊ ပဏီတ မေတံ'' ဟု စီးဖြန်းခြင်း ပရိကံမှ ဘာဝနာ, အောက်အောက်၌ဖြစ်သော အရူပစျာန် စသည်တို့သည် ဝိ။
၅။ နေဝသညာ နာသညာယတနဘုံ (စတုတ္ထာရုပ္ပဘုံ) ၌ ပဋိသန္ဓေနေရခြင်း, ဖြဟ္မာစည်းစိမ် ခံစားရခြင်း စသည်တို့သည် အနု။

http://www.dhammadownload.com



## ဝိပဿနာ၌ ထုတ်ပုံ

၁။ ဝိပဿနာဉာဏ်သည် ဒ။
၂။ ယောနိသော မနသိကာရသည် ဒီ။
၃။ သောတာပတ္တိမဂ်သည် ပ။
၄။ စတုစက္ကသမ္ပတ္တိ စသည်သည် ဝိ။
၅။ သောတာပတ္တိဖိုလ် စသော အကျိုးတရားတို့သည် အနု။

## လောကုတ္တရာ ကုသိုလ်အရာ၌ ထုတ်ပုံ

၁။ အရိယမဂ်ကုသိုလ်(လောကုတ္တရာကုသိုလ်) တို့သည် ဒ။
၂။ ဂေါတြ, ဝေါဒါန်တို့သည် ဒီ။
၃။ အရိယဖိုလ်တို့သည် ပ။
၄။ ပရိကံ, ဥပစာ, အနုလုံ, တိဟိတ် ပဋိသန္ဓေ စသည်တို့သည် ဝိ။
၅။ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိ သုခမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်တို့သည် အနု။

## သောတာပတ္တိမဂ်၌ ထုတ်ပုံ

၁။ သောတာပတ္တိမဂ်သည် ဒ။
၂။ ဂေါတြဘုသည် ဒီ။
၃။ သောတာပတ္တိဖိုလ်သည် ပ။
၄။ ပရိကံ, ဥပစာ, အနုလုံ, တိဟိတ် ပဋိသန္ဓေ စသည်တို့သည် ဝိ။
၅။ အထက်မဂ်, အထက်ဖိုလ် စသည်တို့သည် အနု။

(သကဒါဂါမိမဂ်, အနာဂါမိမဂ်တို့ကို ထုတ်ရာ၌ နံပါတ် ၂-၌ ဂေါတြဘုအစား ဝေါဒါန်ထုတ်၍ နံပါတ် ၃-၌ သောတာပတ္တိဖိုလ်အစား သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်တို့ကို လဲလှယ်ထုတ်ပါ။)

## အရဟတ္တမဂ်၌ ထုတ်ပုံ

၁။ အရဟတ္တမဂ်သည် ဒ။
၂။ ဝေါဒါန်သည် ဒီ။

http://www.dhammadownload.com



၃။ အရဟတ္တဖိုလ်သည် ပ။
၄။ ပရိကံ, ဥပစာ, အနုလုံ, တိဟိတ် ပဋိသန္ဓေ စသည်တို့သည် ဝိ။
၅။ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်တို့သည် အနု။

## လောကုတ္တရဖိုလ်၌ ထုတ်ပုံ

၁။ လောကုတ္တရာဖိုလ်တို့သည် ဒ။
၂။ လောကုတ္တရာမဂ်တို့သည် ဒီ။
၃။ ဖလသမာပတ္တိသုခတို့သည် ပ။
၄။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု, ဝေါဒါန်တို့သည် ဝိ။
၅။ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနု။

(မဂ္ဂါနန္တဖိုလ်ကို ရည်စူး၍ထုတ်သည်။)

## သောတာပတ္တိဖိုလ်၌ ထုတ်ပုံ

၁။ သောတာပတ္တိဖိုလ်သည် ဒ။
၂။ သောတာပတ္တိမဂ်သည် ဒီ။
၃။ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခသည် ပ။
၄။ ပါရမီဉာဏ်, ဝိပဿနာဉာဏ်, ဂေါတြဘုဉာဏ် စသည်တို့သည်ဝိ။
၅။ အထက်မဂ်, အထက်ဖိုလ် စသည်တို့သည် အနု။

## သကဒါဂါမိဖိုလ်၌ ထုတ်ပုံ

၁။ သကဒါဂါမိဖိုလ်သည် ဒ။
၂။ သကဒါဂါမိမဂ်သည် ဒီ။
၃။ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခတို့သည် ပ။
၄။ သောတာပတ္တိမဂ်, အထက်ဖိုလ် စသည်တို့သည် ဝိ။
၅။ အထက်မဂ်, အထက်ဖိုလ် စသည်တို့သည် အနု။

(အနာဂါမိဖိုလ်၌လည်း ဤနည်းမှီထုတ်။)

http://www.dhammadownload.com



## အရဟတ္တမဂ်၌ ထုတ်ပုံ

၁။ အရဟတ္တမဂ်သည် ဒ။
၂။ ဝေါဒါန်သည် ဒီ။
၃။ ပစ္စဝေက္ခဏာဉာဏ်, ဖလသမာပတ္တိသုခတို့သည် ပ။
၄။ အောက်မဂ်, အောက်ဖိုလ် စသည်တို့သည် ဝိ။
၅။ အကုသိုလ်အားလုံး လွတ်ကင်းခြင်းမှစ၍ အနုပါဒိသေသ နိဗ္ဗာန် တိုင်အောင်သော အကျိုးတို့သည် အနု။

## ဝိပါက်(သာမည)၌ ထုတ်ပုံ

၁။ ဝိပါက် စိတ္တုပ္ပါဒ်သည် ဒ။
၂။ ကုသိုလ် အကုသိုလ် တို့သည် ဒီ။
၃။ ဝိပါက် ကဋတ္တာရုပ်တို့၏ ဖြစ်စဉ်သည် ပ။
၄။ ယောနိသော မနသိကာရ အယောနိသော မနသိကာရ စသည်တို့သည် ဝိ။
၅။ ဝိပါက်, ကဋတ္တာရုပ်တို့၏ ကြီးပွားတိုးတက်ခြင်းစသည်တို့သည် အနု။

## (တစ်နည်း)ပဋိစ္စသမုပ္ပါဒ် နည်းဖြင့် ထုတ်ပုံ

၁။ ဝိပါက်, ဝိညာဉ် စိတ္တုပ္ပါဒ်သည် ဒ။
၂။ ကုသိုလ်, အကုသိုလ် သင်္ခါရသည် ပ။
၃။ နာမ်, ရုပ်သည် ပ။
၄။ အဝိဇ္ဇာ စသည်သည် ဝိ။
၅။ သဠာယတန, ဖဿ စသည်တို့သည် အနု။

## ကြိယာ၌ ထုတ်ပုံ

၁။ ကရဏမတ္တ လက္ခဏာသည် ဒ။
၂။ အရဟတ္တဖလ ပဒဋ္ဌာန်သည် ဒီ။
ဝါ-ဟဒယဝတ္ထု ပဒဋ္ဌာန်သည် ဒီ။

http://www.dhammadownload.com



၃။ ဇဝနသမ္ပတ္တိ ရသသည် ပ။
၄။ ဇဝနကိစ္စ ရသသည် ဝိ။
၅။ သန္တာန် ပစ္စုပဋ္ဌာန်,ဝါ-တထာဘာဝ ပစ္စုပဋ္ဌာန်သည် အနု။

(ဤကား ကြိယာအားလုံးနှင့်ဆိုင်သော သာမညထုတ်ပုံတည်း။ အဟိတ် ပဉ္စဒွါရာဝဇ္ဇန်း-ဟူသော ကြိယာဖြစ်က ပဉ္စာရမ္မဏ ဝိဇာနနလက္ခဏာ၊ မနောဒွါရာဝဇ္ဇန်း-ဟသိတုပ္ပါဒ် မဟာ ကြိယာများဖြစ်က ဆဠာရမ္မဏ ဝိဇာနနလက္ခဏာ၊ ရူပကြိယာဖြစ်က ပထဝီကသိဏာဒိ ပညတ္တာရမ္မဏ ဝိဇာနနလက္ခဏာ အရူပကြိယာဖြစ်က အာကာသပညတ္တာဒိရမ္မဏ ဝိဇာနန လက္ခဏာများကို အသီးသီး ဒဿနတ္ထထုတ်၍ ကျန်လေးချက် ယခင်အတိုင်း ထုတ်ပါ။)

## ဘဂဝတာ ကတ္တားထည့်ရသော ဝုတ္တံ,ဝုတ္တော စသည်ဖြင့် ဝုတ္တကြိယာရှိရာ၌ ထုတ်ပုံ

ဝုတ္တော (ဝုတ္တ)၌ ကတ္တုဋ္ဌကြိယာ အန္တတ္ထ ဝစဓာတ်အရ....

၁။ ဒေသနာဉာဏ်တော်သည် ဒ။
(တစ်နည်း) ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒ။
၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတ ဉာဏ်တို့သည် ဒီ။
(တစ်နည်း)မဂ်ဉာဏ်,ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ် တို့သည် ဒီ။
၃။ (ဖြစ်သင့်သော) ဝစီဘေဒ သဒ္ဒ ဟူသော တရားဒေသနာ တော်သည် ပ။
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့ သည် ဝိ၊
၅။ တရားနာရခြင်း, ချွန်မဂ်ဖိုလ်ရခြင်း, သုဂတိဘဝရခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်သည် အနု။

## ဝုတ္တ၌ ဗာဟျတ္ထ ဂ-ပစ္စည်းအရ

၁။ (ဖြစ်သင့်သော) ဝစီဘေဒသဒ္ဒဟူသော တရားဒေသနာတော် သည် ဒ။

http://www.dhammadownload.com



၂။ ဒေသနာဉာဏ် ပြဋ္ဌာန်းသောမဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီ။

၃။ တရားတော်ကို နာရခြင်း စသည်တို့သည် ပ။

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ် စသည်တို့သည် ဝိ။

၅။ ချွာန်မဂ်ဖိုလ်ရခြင်းသုဂတိဘဝရခြင်းမှစ၍နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်တို့သည် အနု။

(တစ်ပါးသော ဘဂဝတာ ကတ္တားထည့်ရသော ဝုတ္တံ, ဒေသိတ, ကထိတ, ဘာသိတ, ဘဏိတ, ပကာသိတ, ဒီပိတ, ဘာဇိတ (ဘဇိတ), ကတ, ဒေသေတဗ္ဗ, ကထေတဗ္ဗ, ဘာသိတဗ္ဗ, ဘဏိတဗ္ဗ, ပကာသေတဗ္ဗ, ဒသေတဗ္ဗ, ဘဇိတဗ္ဗ, ကာတဗ္ဗစသော ဝုတ္တနှင့် အနက်အဓိပ္ပာယ်တူ ပုဒ်များရှိရာ၌လည်း ဤနည်းတူ ထုတ်ပါ။)

### ဘဂဝါကတ္တားထည့်ရသော 'ဆာဟ' ၌ ထုတ်ပုံ

#### ဆာဟ၌ အန္တတ္ထ ဖြုဓာတ်အရ

၁။ ဆန္ဒ ရှေ့သွားရှိသောဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒ။

၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဝါ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီ။

၃။ (ဖြစ်သင့်သော) ဝစီဘေဒ သဒ္ဒ-ဟူသော တရားဒေသနာတော်သည် ပ။

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်တို့သည် ဝိ။

၅။ တရားတော်ကိုနာရခြင်း, ချွာန်မဂ်ဖိုလ်ရခြင်း, သုဂတိဘဝရခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

#### ဆာဟ၌ ဗာဟျတ္ထ အ-ဝိဘတ် ဝါ-တိ-ဝိဘတ်အရ

[အထက်ပါ အန္တတ္ထ, ဖြုဓာတ်အရအတိုင်း ထုတ်ပါ။]
(တစ်နည်း)-ထိုဗာဟျတ္ထ, အ-ဝိဘတ်, (တိ-ဝိဘတ်) အရ—

http://www.dhammadownload.com



၁။ ဖြစ်သင့်သော ဝစီဘေဒ သဒ္ဒဟူသော တရားဒေသနာတော် သည် ဒ။
၂။ ဆန္ဒ ရှေ့သွားရှိသော ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာ-ကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီ။
၃။ တရားတော်ကို နာကြားရခြင်း စသည်တို့သည် ပ။
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ် စသည်တို့သည် ဝိ။
၅။ ချွန်း မဂ်ဖိုလ်ရခြင်း, သုဂတိဘဝရခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင် သော အကျိုးဆက်ကိုသည် အနု။

(တစ်ပါးသော ဘဂဝါကတ္တား ထည့်ရသော ဒေသေသိ, ကထေသိ, အတာသိ, အဘဏိ, ပကာသေသိ, ဒဿေသိ, ဒီပေသိ, ဘာဇေသိ, အကာသိ စသော အာဟနှင့် အနက်အဓိပ္ပာယ်တူ ပုဒ်များ ရှိရာ၌လည်း ဤနည်းတူ ထုတ်ပါ)။

[မှတ်ချက်။ ။ဤအာဟ စသော ကတ္တားဟော အာချာတ် ကြိယာများ၌ ဗာဟျတ္ထအာချာတ် ဝိဘတ်အရ ပဓာနအားဖြင့် အန္တတ္ထ ခေတ်အရနှင့် အရချင်းတူသောကြောင့် ပထမနည်း အလိုခေတ်အရ ဝိဘတ်အရ အတူထုတ်သည်။ ထိုအာချာတ်ဝိဘတ်တို့အရ၊အပဓာနအားဖြင့် ပုဂ္ဂိုလ် ဒြပ် ခန္ဓပဉ္စကရလေရာထိုခန္ဓပဉ္စက၌ ဝစီဘေဒသဒ္ဒပါနေပြီဖြစ်၍ ထိုဝစီဘေ-ဒသဒ္ဒတည်း ဟူသော တစ်စိတ်တစ်ဒေသကိုယူ၍ အထက်ပါ ဒုတိယနည်း အရ ထုတ်ခဲ့လေသည်။]

## ဘဂဝတာ (ဘဂဝါ) ကတ္တားထည့်ရသော ဒဿေတုံ၌ ကြိယာ ငါးတန် ထုတ်ပုံ

ဒဿေတုံ၌ ဒိသခေတ်အရ ဟေတု ကတ္တုဒ္ဓကြိယာအရ —

၁။ ထိုဆန္ဒရှေ့သွားရှိသော ဒေသနာဉာဏ် စိတ္တုပ္ပါဒ်သည် ဒ။
၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, (မဂ်ဉာဏ်, ဖိုလ်ဉာဏ်) အာသ-ယာနုသယဉာဏ်, ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်, သဗ္ဗညုတ ဉာဏ်တော်တို့သည် ဒီ၊

http://www.dhammadownload.com



၃။ (ဖြစ်သင့်သော) ဝစီဘေဒသဒ္ဒ ဟူသော တရားဒေသနာတော်သည် ပ၊

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်တို့သည် ဝိ၊

၅။ တရားတော်ကိုနာရခြင်း, ဈာန်မဂ်ဖိုလ်ရခြင်း, သုဂတိဘဝကို ရခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

(တစ်နည်း) ဒသေတုံ၌ ဒိသဓာတ်အရ သုဒ္ဓကတ္တုဋ္ဌကြိယာအရ သောတုဇနတို့၏ ဉာဏ်ပညာရ၏။

၁။ ထိုပညာ၏ ပဇာနနလက္ခဏာသည် ဒ၊

၂။ ဝိညာဏပဒဋ္ဌာန်သည် ဒိ၊

၃။ ဝိသယောဘာသ သမ္ပတ္တိရသသည် ပ၊

၄။ ဝိသယောဘာသ ကိစ္စရသသည် ဝိ၊

၅။ အသမ္မောဟ ပစ္စုပဋ္ဌာန်သည် အနု။

ဘဂဝတော ကတ္တားထည့်ရသော 'အာရဒ္ဓ' ထုတ်ပုံ

အာရဒ္ဓံ၌ အာပုဗ္ဗ ရဘဓာတ် အန္တတ္ထအရ ကတ္တုဋ္ဌကြိယာအရ-

၁။ ဝီရိယ၌ ရှေ့သွားရှိသော ဒေသနာဉာဏ်သည် ဒ၊

၂။ အရဟတ္တမဂ်ဉာဏ်,ဖိုလ်ဉာဏ် (မဂ်ဉာဏ်,ဖိုလ်ဉာဏ်) သဗ္ဗညုတဉာဏ်တို့သည် ဒိ၊

၃။ (ဖြစ်သင့်သော) ဝစီဘေဒသဒ္ဒ ဟူသော တရားဒေသနာတော်သည် ပ။

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်တို့သည် ဝိ။

၅။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်း, ဒိဋ္ဌဓမ္မိက သမ္ပရာယိက, ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသော အကျိုးဆက်တို့သည် အနု။

F19A ရှေး၌ ဝုတ္တဝယ် အန္တတ္ထအရ ထုတ်ခဲ့ရာ၌ နောက်လေးချက်တူ၏။

http://www.dhammadownload.com



## ဗာဟုသစ္စ ထုတ်ပုံ

အာရုဖ္ဖ္ဍ. တ-ပစ္စည်းဟူသော ဗာဟုသစ္စအရ-

၁။ (ဖြစ်သင့်သော) ဝစီဘေဒသဒ္ဒ ဟူသော တရားဒေသနာတော်သည် ဒ၊
၂။ ဝီရိယရှေ့သွားရှိသော ဒေသနာဉာဏ်သည် ဒီ၊
၃။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်းသည် ပ၊
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ် စသည်တို့သည် ဝိ၊
၅။ ဒိဋ္ဌဓမ္မိက သမ္ပရာယိက, ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသော အကျိုးဆက်တို့သည် အနု။

ရှေးဦး ဝုတ္တဝယ် ဗာဟုသစ္စထုတ်ခဲ့ရာ၌ ၁၊ ၃၊ ၄၊ ၅ အချက်များ တူ၏။ (အာရတိ 'အားထုတ်တော်မူပြီ' ရှိရာ၌လည်း နည်းတူထုတ်ပါ။)

## အာစရိယေန အဋ္ဌကထာ စရိယေန အာစရိယေဟိ, အဋ္ဌကထာ စရိယေဟိ ကတ္တား ထည့်ရသော ဝုတ္တံ စသည်၌ ထုတ်ပုံ

ဝုတ္တံ၌ အန္တုတ္တ ဝစဒေတ်အရ-

၁။ အဋ္ဌကထာဆရာ၏ သတိ,ဝီရိယ,ဉာဏ်ပြဋ္ဌာန်းသော(မဟာကုသိုလ်) စိတ္တုပ္ပါဒ်သည် ဒ၊
၂။ ယောနိသော မနသိကာရသည် ဒီ။
၃။ အဋ္ဌကထာဆရာ ဆိုအပ်သော (ဖြစ်သင့်သော) ဝစီဘေဒသဒ္ဒ သည် ပ။
၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ, ပါရမီဉာဏ် စသည်တို့သည် ဝိ၊
၅။ သောတုဇနတို့ နာကြားကြည့်ရှုရခြင်း, သင်ယူရခြင်း, အနက် အဓိပ္ပာယ်သိရခြင်း, ပီတိပါမောဇ္ဇဖြစ်ခြင်းမှစ၍ ဉာဏ်တိုင်အောင် သော အကျိုးဆက်တို့သည် အနု။

http://www.dhammadownload.com



## ဗာဟုလ္လ ထုတ်ပုံ

ဝုတ္တံ၌ ဗာဟုလ္လ တ-ပစ္စည်းအရ-

၁။ အဋ္ဌကထာဆရာ ဆိုအပ်သော (ဖြစ်သင့်သော) ဝစီဘေဒသဒ္ဒ သည် ဒ။
၂။ သတိဝီရိယဉာဏ် ပြဋ္ဌာန်းသော (မဟာကုသိုလ်) စိတ္တုပ္ပါဒ် သည် ဒီ။
၃။ သောတုဇနတို့ နားကြား, ကြည့်ရှုရခြင်း, သင်ယူရခြင်း, အနက် အဓိပ္ပာယ်သိရခြင်း စသည်တို့သည် ပ။
၄။ ယောနိသောမနသိကာရ, သဒ္ဓမ္မသဝန စသည်တို့သည် ဝိ။
၅။ ပီတိ, ပါမောဇ္ဇ ဖြစ်ခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုး ဆက်တို့သည် အနု။

အမှာ။ ။ဤဝုတ္တစသည်၌ အာစရိယေနနှင့် အနက်အဓိပ္ပာယ် သဘာဝတူ အားဖြင့်တူသော မယာ, ပဏ္ဍိတေန, ဇနေန, မနုဿေန စသည့် ကတ္တားထည့်ရာ၌လည်း ဤနည်းမှီထုတ်ပါ။

ထို့ပြင် အာဟ စသည်ရှိရာ၌ အာစရိယော စသော ဝုတ္တ ကတ္တား ထည့်ရာဝယ် ထုတ်သော် ဤဝုတ္တ စသော ကြိယာ၌ အန္တတ္ထအရ ထုတ်သည့်အတိုင်း ထုတ်ပါ။

ထိုမှတစ်ပါး အထက်ပါ ဝုတ္တ စသည်ထုတ်ရာ၌ ဝစီဘေဒ- သဒ္ဒ ဟူသော တရားဒေသနာတော် ထုတ်ရာဝယ် အားလုံး ပုံ့နှံ့အောင် သာမညမျှ ဆိုထားသည်။

ဝိသေသအားဖြင့် ဌာန အားလျော်စွာ-ကတမေ ဓမ္မာ ကုသလာ စသော ဝစီဘေဒသဒ္ဒဟု လည်းကောင်း, ဖဿော ဟောတိ စသော ဝစီဘေဒသဒ္ဒဟု လည်းကောင်း စသည် ဆို၍ ထုတ်ပါ။]

## ဝေဒိတဗ္ဗ ထုတ်ပုံ

ဝေဒိတဗ္ဗ၌ ဝိဒ ဓာတ်အရ-

၁။ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော (မဟာကုသိုလ်) စိတ္တုပ္ပါဒ် သည် ဒ။

http://www.dhammadownload.com



၂။ ယောနိသော မနသိကာရသည် ဒီ။
၃။ ယုံမှားသံသယကင်းရှင်းခြင်း, သိသည့်အတိုင်း ဟောပြောပြဆ ပို့ချခြင်း, ကျင့်ခြင်း ပဋိပတ္တိ စသည်တို့သည် ပ။
၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ဝိ။
၅။ ပီတိ ပါမောဇ္ဇဖြစ်ခြင်း, ပဋိဝေဓ ဟူသော မဂ်ဖိုလ်ရခြင်းမှစ၍ အနုပါဒိသေသ နိဗ္ဗာန် တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

('ဒဠှဝံ'ရှိရာ၌လည်း ဤနည်းမှီထုတ်၊ ဒဠှဓမ္မော၌ ဒိသဓာတ်တည်း။ ဤဝေဒိတဗ္ဗ, ဒဗ္ဗဋ္ဌတို့၏ ကတ္တားကို "ပဏ္ဍိတေန" ထည့်ရမည်။)

## သောမနဿ သဟဂုတ်၌ ထုတ်ပုံ

### သောမနဿအရ

၁။ သောမနဿ ဝေဒနာသည် ဒ။
၂။ ဣဋ္ဌာရုံ, ဖဿ, စိတ်တို့သည် ဒီ။
(ဣဋ္ဌာရုံမှာ သောမနဿ၏ အာရုံအကြောင်း, ဖဿမှာ ပဋိစ္စသမုပ္ပါဒ်အကြောင်း, စိတ်မှာ သဟဇာတ အကြောင်း။)
၃။ ပီတိ, ပါမောဇ္ဇသည် ပ။
၄။ သုခ, သမာဓိသည် ဝိ။
၅။ ဈာန်, မဂ်တရား စသည်တို့သည် အနု။
သဟဂုတ် အရထုတ်မှု မဟာကုသိုလ်စိတ် စသည်ယူ၍ ထုတ်ပါ။

## ဉာဏသမ္ပယုတ္တ၌ ထုတ်ပုံ

### ဉာဏသမ္ပယုတ္တပုဒ်လုံးအရ

၁။ ဉာဏသမ္ပယုတ်စိတ်သည် ဒ။
၂။ ဉာဏ်သည် ဒီ။
၃။ တိဟိတ်ပဋိသန္ဓေသည် ပ။
၄။ အာရုံသည် ဝိ။
၅။ အာရုံကို ထိုးထွင်းသိရခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

http://www.dhammadownload.com



## ဉာဏဆရထုတ်ပုံ

၁။ ဉာဏ်သည် ဒ။
၂။ တိဟိတ်ပဋိသန္ဓေသည် ဒီ။
၃။ ဉာဏသမ္ပယုတ် စိတ်သည် ပ။
၄။ အာရုံသည် ဝိ။
၅။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိမှစ၍ နိဗ္ဗာန် တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

## ဝိညတ်ရုပ်၌ ထုတ်ပုံ

၁။ ပကတိ သဘောမှ ဖောက်ပြန်သော အမူအရာထူးဟု ဆိုအပ်သော အာကာရဝိကာရသည် ဒ။
၂။ စိတ္တဇရုပ်တို့သည် ဒီ။
၃။ အလိုဆန္ဒကို သိရခြင်းသည် ပ။
၄။ စိတ်သည် ဝိ။
၅။ မိမိအလိုရှိအပ်သော အကျိုး၏ ပြည့်စုံခြင်းသည် အနု။

လက္ခဏာဒိ စတုက္ကနည်းအရ ထုတ်နိုင်သည်။

## စိတ္တသမုဋ္ဌာန ဝါယောဓာတ်ထုတ်ပုံ

၁။ စိတ္တဇ ဝါယောဓာတ်သည် ဒ။
၂။ အဋ္ဌကလာပ်ရုပ် (၈) ခုသည် ဒီ။
၃။ ရူပကာယကို ခိုင်ခံ့စေခြင်း, တည်စေခြင်းသည် ပ။
၄။ ရုပ်ကိုဖြစ်စေတတ်သော စိတ်သည် ဝိ။
၅။ သွားလာခြင်းစသော ကြိယာပုထ်သည် အနု။

အခြားသော ဝါယောဓာတ်ထုတ်ရာ၌ ဤအတိုင်းထုတ်၍ အဆင်မပြေ၊ လက္ခဏာဒိ စတုက္ကကိုမှီ၍ ထုတ်ပါ။

ဤစိတ္တဇ ဝါယောဓာတ်ကိုသော်လည်း သာမည ဝါယောဓာတ်၏ လက္ခဏာဒိ စတုက္ကကို မှီ၍ ထုတ်လျှင် ဖြစ်နိုင်သည်။

http://www.dhammadownload.com



## အကုသိုလ်ဆိုင်ရာထုတ်ပုံ

၁။ အကုသိုလ်သည် ဒ။
၂။ အယောနိသော မနသိကာရသည် ဒီ။
၃။ သာဝဇ္ဇဒုက္ခ ဝိပါကသည် ပ။
၄။ ဗာလူပသေဝန စသည်သည် ဝိ။
၅။ ဒုဂ္ဂတိဘဝ စသည် သည် အနု။
[အကြောင်း ၂-ချက်, အကျိုး ၂-ချက်]

## တစ်နည်း

၁။ အကုသိုလ်သည် ဒ။
၂။ အယောနိသော မနသိကာရသည် ဒီ။
၃။ သာဝဇ္ဇ ဒုက္ခ ဝိပါကသည် ပ။
၄။ ဝိပ္ပဋိသာရ စသည် သည် ဝိ။
၅။ ဒုဂ္ဂတိဘဝ စသည် သည် အနု။
[အကြောင်း ၁-ချက်, အကျိုး ၃-ချက်]

[ဤနောက်နည်း၌ ရှေးနည်းထက် နံပါတ် ၄-သာထူးသည်၊ ဤနှစ်နည်းလုံး သာမည ထုတ်နည်းတည်း။]

## လက္ခဏာဒိစတုက္ကနည်း

၁။ သာဝဇ္ဇ ဒုက္ခ ဝိပါက လက္ခဏာသည် ဒ။
၂။ အယောနိသော မနသိကာရ ပဒဋ္ဌာန်သည် ဒီ။
၃။ သံကိလေသ ဘာဝ သမ္ပတ္တိ ရသသည် ပ။
၄။ အနတ္ထ ဇနန ကိစ္စ ရသသည် ဝိ။
၅။ အနိဋ္ဌ ဝိပါက ပစ္စုပ္ပဋ္ဌာန်  သံကိလေသ ပစ္စုပ္ပဋ္ဌာန်, ကာလုဿိယ ပစ္စုပဋ္ဌာန်သည် အနု။

## ပဋိစ္စသမုပ္ပါဒ်နည်း

၁။ အကုသိုလ် သင်္ခါရသည် ဒ။
၂။ အဝိဇ္ဇာသည် ဒီ။

http://www.dhammadownload.com



၃။ ဝိညာဉ်သည် ပ။
၄။ အာသဝသည် ဝိ။
၅။ နာမ်-ရုပ်, သဠာယတန စသည်တို့သည် အနု။

## ပဋ္ဌာန်းနည်း

၁။ ပစ္စုပ္ပန်ဖြစ်ဆဲသော အကုသိုလ်စိတ္တုပ္ပါဒ်သည် ဒ။
၂။ အနန္တရာဒိ သတ္တိရှိသော ရှေးရှေးစိတ္တုပ္ပါဒ်သည် ဒီ။
၃။ နောက်နောက်စိတ်, စိတ္တဇရုပ်တို့သည် ပ။
၄။ အာရုံသည် ဝိ။
၅။ ဝိပါက် နာမက္ခန္ဓာ, ကဋတ္တာ ရုပ်သည်လည်းကောင်း, ထိုထိုကိစ္စ၏ ပြီးမြောက်ခြင်းသည်လည်းကောင်း အနု။

## ဝီထိနည်း

၁။ အကုသိုလ် ဇောစိတ်သည် ဒ။
၂။ ဝုဋ္ဌော, မနောဒွါရာ ဝဇ္ဇန်းတို့သည် ဒီ။
(ဝုဋ္ဌော်မှာ ပဉ္စဒွါရဝီထိအတွက်, မနောဒွါရာဝဇ္ဇန်းမှာ မနောဒွါရဝီထိအတွက်)
၃။ တဒါရုံသည် ပု။
၄။ ဘဝင်, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဉ် (မှဉ္စဝိညာဉ်), သမ္ပဋိစ္ဆိုင်း သန္တီရဏစသော ရှေးရှေးစိတ်တို့သည် ဝိ။
၅။ ဘဝင်, စုတိ, ပဋိသန္ဓေ စသော နောက်နောက်စိတ်တို့သည် အနု။

## ပါဏာတိပါတော ဒြို ထုတ်ပုံ

၁။ အကုသိုလ်ဝဂ် စေတနာသည် ဒ။
၂။ အယောနိသော မနသိကာရသည် ဒီ။
၃။ ဝိပ္ပဋိသာရဖြစ်ခြင်း, ကာယိကဒုက္ခ စသောအကျိုးသည် ပ။
၄။ ဗလူပသေဝန စသည် သည် ဝိ။

http://www.dhammadownload.com



၅။ အပါယ်သို့လားရခြင်း, အပါယ်ဒုက္ခခံရခြင်း စသော အကျိုးဆက်တို့သည် အနု။

## ဓာဒိန္နာဒါနဌ် ထုတ်ပုံ

၁။ အကုသိုလ်ထေယျ စေတနာသည် ဒ။

## ကာမေသုမိစ္ဆာစာရဌ် ထုတ်ပုံ

၁။ အကုသိုလ် ဝီတိက္ကမ စေတနာသည် ဒ။

## မုသာဝါဒဌ် ထုတ်ပုံ

၁။ တထာဝိညတ္တိ သမုဋ္ဌာပိကာ စေတနာသည် ဝါ-မုသာ-ဝါဒ စေတနာသည် ဒ။

[အခွာ။ ။ကျန်လေးချက်တို့ကို ပါဏာတိပါတကဲ့အတိုင်းထုတ်၊ ကြွင်းသော ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ စသည်တို့၌လည်းကောင်း၊ အခြားသောနေရာ အကုသိုလ်စိတ် အကုသလ စေတသိက်, အကုသိုလ် စိတ္တုပ္ပါဒ်တရားတို့ကို ကောက်၍ထုတ်ရာ၌ လည်းကောင်း ဤဆိုအပ်ပြီးသော နည်းတို့ကို မှီ၍ ထုတ်ပါလေ။]

ကရုဏာဝိယ သတ္တေသု ။ပ။ ယထာရုစိ။ (၄-၁)

## ဤဂါထာဌ် ထုတ်သော်

ပဝတ္တိတ္ထဌ် ပပုဗ္ဗဝထုဓာတ်အရ....

၁။ ဒေသနာ ဉာဏ်တော်သည် ဒ။

၂။ ထိုဒေသနာဉာဏ်တော်၏ အကြောင်းဖြစ်သော အရဟတ္တ မဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တည်း ဟူသော သကလဗုဒ္ဓဉာဏ်တော်သည် ဒီ။

၃။ မြတ်စွာဘုရား၏ ကုသလာဓမ္မာ စသော ဝစီဘေဒ သဒ္ဒဟူသော တရားဒေသနာတော်သည် ပ။

၄။ မဟာကရုဏာဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည် ဝိ။

၅။ ဝေနေယျသတ္တဝါတို့အား ထိုဒေသနာတော်ကို ကြားနာရခြင်း, သင်ယူမှတ်သားရခြင်း, ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

ကရုဏာ ပညာတို့၌ ထုတ်သော် လက္ခဏာဒိ စတုက္က အမှီထုတ်ပါ။

http://www.dhammadownload.com



## တဿ ပါဠိဒေ နမဿိတွာ (၄၅-၁) စသော ဂါထာ၌ ထုတ်ပုံ

နမဿိတွာ၌ နမဿန ကြိယာအရ-

၁။ အဋ္ဌကထာဆရာ၏ ဗုဒ္ဓပဏာမ စေတနာသည် ဒ။

၂။ ယောနိသော မနသိကာရ, သဒ္ဓါ-မေတ္တာ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည် ဒီ။

၃။ အန္တရာယ်ကင်းခြင်း, ကျမ်းပြီးခြင်းစသော အကျိုးတို့သည် ဖ။

၄။ သမ္မာသမ္ဗုဒ္ဓ၏ ပဏာမာရဟ ဘောဂုဏ်, ခေတ္တဂ်တ ဘောဂုဏ်, စသည်တို့သည် ပ။

၅။ သောတုဇနတို့အား အဋ္ဌကထာကို သင်ယူလေ့ကျက် ဆောင်ရွက် မှတ်သားရခြင်း, အဘိဓမ္မာသရုပ်သဘောကို ထိုးထွင်း၍ သိရခြင်း, သီသဖြင့် ပိဋိပါမောဇ္ဇ ဖြစ်ခြင်းမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

ဣတိ မေ ဘာသမာနဿ၊ အဘိဓမ္မကထံ ဣမံ။

အဝိက္ခိတ္တာ နိသာမေထ၊ ဒုလ္လဘာ ဟိ အယံ ကထာ (၄၅-၂)

## ဤဂါထာ၌ ထုတ်သော်

၁။ အဋ္ဌကထာ ဆရာ၏ တိုက်တွန်းနှိုးဆော်ခြင်း စသော ဥယျောဇဉ်သည် ဒ။

၂။ ယောနိသော မနသိကာရသည် ဒီ။

၃။ သူတော်ကောင်းတို့၏ အဘိဓမ္မကထာကို တည်ကြည်စွာ နာရခြင်းသည် ပ။

၄။ အဋ္ဌကထာ ဆရာ၏ ကရုဏာ ဟူသော အဇ္ဈတ္တိကအကြောင်း, တရားနာပုဂ္ဂိုလ် (အဋ္ဌကထာ သင်ယူလတ္တံ့သော ပုဂ္ဂိုလ်) ဟူသော ဗဟိဒ္ဓအကြောင်းတို့သည် ဝိ။

http://www.dhammadownload.com



၅။ အဘိဓမ္မကထာကို ဝါ အဘိဓမ္မအဋ္ဌကထာကို သင်ရခြင်း, သိရခြင်း, သိရသဖြင့် ကျင့်ရခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

ဣတော ပဋ္ဌာယ ဂမ္ဘီရံ၊ အဘိဓမ္မ ကထံ ဣမံ။

ဝုစ္စမာနံ နိသာမေထ၊ ဧကဂ္ဂါ သာဓု သာဓဝေါ (၄-၇၉)

(ဟူသော ဂါထာ၌ ထုတ်လျှင်လည်း အထက်ပါ ဣတိ မေဘာသမာနဿ စသော ဂါထာကအတိုင်းထုတ်။)

## ဒဠှဗ္ဗ-ဝေဒိတဗ္ဗ-ဒွိန္န သဒ္ဒါများထားနည်း
## အကျဉ်း

[ဆောင်] ဒဠှဗ္ဗကား, သန္နိဋ္ဌာန်၊ ဝေဒိတဗ္ဗကား သံသယ၊ သိဖွံ့ရှိက စကားကျ။

### အကျယ်

၁။ သန္နိဋ္ဌာန်ကျ၊ မုချတ္ထနှင့်၊ နီတ-ဥဇု၊ ဧကန်ပြု၊ ထားမူဒဠှဗ္ဗံ။

၂။ ယုံမှားသက်ာ၊ ဥပစာနှင့်၊ နေယျ-ဝင်္က၊ နေကန္တ၊ ထားကြ (ထို) ဝေဒိတဗ္ဗံ။

၃။ အတ္ထာပန်နှင့်၊ သဒ္ဒါဝန္တ-သာမတ္ထိယ၊ စကားကျ၊ ထားပြ (ထို) သိဖွံ့။

၁။ သန္နိဋ္ဌာန်ကျ, မုချတ္ထ, နီတတ္ထ, ဥဇုကတ္ထ, ဧကန္တအားဖြင့် ယူရမည့် အနက်အဓိပ္ပာယ်ကို ပြလိုရာ၌ ဝါ-ပြလိုရာဌာန ဖြစ်သောကြောင့် "ဒဠှဗ္ဗံ" သဒ္ဒါထားသည်။

၂။ မုချအားဖြင့် မယူရဘဲ နှစ်လုံးနှစ်ခွ သံသယဖြစ်လျက် ဥပစာရတ္ထ, နေယျတ္ထ, ဝင်္ကတ္ထ, အနေကန္တအားဖြင့် ရသင့်ရာ ယူရမည်ဟု ပြလိုရာ၌-ဝါ-ပြလိုရာဌာန ဖြစ်သောကြောင့် "ဝေဒိတဗ္ဗ"သဒ္ဒါ ထားသည်။

http://www.dhammadownload.com



၃။ အတ္ထာပန္န, သဒ္ဒါပန္န, သာမတ္ထိယအားဖြင့် စကားကျ-စကားရောက် ပြလိုရာ၌-ဝါ-ပြလိုရာဌာန ဖြစ်သောကြောင့် "သိဒ္ဓ" သဒ္ဒါထားသည်။

## ဒဠှဗ္ဗသဒ္ဒါထားပုံ

ဣ္လစ ပနာယံ သုခဝေဒနာယမေဝ ဒဠှဗ္ဗော (၄-၈၄)

ဤ၌ သုခသဒ္ဒါအနက်များသော်လည်း သုခဝေဒနာ၌သာ သန္နိဋ္ဌာန်ကျ, မုချတ္ထ, နိတတ္ထ, ဥဇုကတ္ထ, ကေန္တအားဖြင့် ယူရမည်ဟု ပြလို၍, ဝါ-ပြလိုသောကြောင့် "ဒဠှဗ္ဗော" ထားသည်။

[ဣ္လစ ပနာယံ ဒုက္ခဝေဒနာယမေဝ ဒဠှဗ္ဗော။ (၄-၈၄)
၌လည်း ဒဠှဗ္ဗသဒ္ဒါထားပုံ ဤနည်းမှိသိ။]

(ဥဒ္ဓစ္စံ) စိတ္တဝိက္ခေပေါတိ ဒဠှဗ္ဗံ။ (၄-၂၉၂)

ဤ၌ ဥဒ္ဓိစ္စ စေတသိက်၏ သဘောကား စိတ်၏ ပျံ့လွင့်ခြင်းပင်တည်းဟု သန္နိဋ္ဌာန်ကျ, မုချတ္ထ, နိတတ္ထ, ဥဇုကတ္ထ, ကေန္တအားဖြင့် ယူရမည်ဟု ပြလိုသောကြောင့် "ဥဠှဗ္ဗ" ထားသည်။

## ဝေဒိတဗ္ဗသဒ္ဒါထားပုံ

သေသပဒ ပဒဒ္ဒယမ္ပိ ပုရိမတ္တိကေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ (၄-၈၅)

ဤ၌ ကြွင်းသော တိက်ပုဒ် နှစ်ပါးကို ရှေးတိက်၌ ဆိုအပ်ပြီးသောနည်းဖြင့် ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တအားဖြင့် ယူရမည်ဟု ပြလိုသောကြောင့် "ဝေဒိတဗ္ဗ" ထားသည်။

သဟဇာတဓမ္မေသု အကမ္ပနဋ္ဌေနေဝ ဝီရိယဗလံ ဝေဒိတဗ္ဗံ။(၄-၂၉၄)

ဤ၌ ဝီရိယာ စေတသိက်သည် သဟဇာတတရားတို့၌ မတုန်လှုပ်ခြင်းဟူသော အနက်ကြောင့်သာလျှင် ဝီရိယဗိုလ်မည်၏ဟု ဥပစာရတ္ထ, နေယျတ္ထ, ဝက်တ္ထ, အနေကန္တအားဖြင့် ယူရမည်ဟု ပြလိုသောကြောင့် "ဝေဒိတဗ္ဗ" ထားသည်။

http://www.dhammadownload.com



## သိဒ္ဓသဒ္ဒါထားပုံ

ကာယကမ္မံ ပန ကာယဒွါရမှိယေဝ ဗဟုလံ ဝတ္တတိ၊ အပ္ပံဝစီဒွါရေ၊ တသ္မာ ကာယဒွါရေ ဗဟုလံ ပဝတ္တိတော တေသံ ကာယကမ္မဘာဝေါ သိဒ္ဓေါ။ (ဠ-၁၂၈)

ဤ၌ ကာယကံသည် အနည်းငယ်အားဖြင့် ဝစီဒွါရ၌ ဖြစ်သောကြောင့် ဝစီကံမည်သင့်သော်လည်း ကာယဒွါရ၌သာ များသောအားဖြင့် ဖြစ်သောကြောင့် 'ကာယကမ္မ' ဟူသော အမည်သာ ရသည်ဟု အတ္ထာပန္န, သဒ္ဒါပန္န, သာမတ္ထိယအားဖြင့် စကားကျ-စကားရောက်ကို ပြလိုသောကြောင့် 'သိဒ္ဓ' ထားသည်။

## သိဒ္ဓိအဓိပ္ပာယ်

သိဒ္ဓိအပြား ၁။ ပစ္စက္ခသိဒ္ဓိ ၂။ အနုမာနသိဒ္ဓိ
၃။ ပရိကပ္ပသိဒ္ဓိ ၄။ သိဒ္ဓေယျသိဒ္ဓိ
ဟု သိဒ္ဓိသည် အကျဉ်းအားဖြင့် လေးပါးရှိ၏။

ထိုလေးပါး၌ - ၁။ သဒ္ဒသိဒ္ဓိ ၂။ အတ္ထသိဒ္ဓိ ၃။ သဒ္ဒတ္ထသိဒ္ဓိ
၄။ အာကပ္ပသိဒ္ဓိ ၅။ အတ္ထာပန္နသိဒ္ဓိ,(အတ္ထာပတ္တိသိဒ္ဓိ)
ဟူသော ငါးပါးကိုထည့်လျှင် အကျယ်အားဖြင့် သိဒ္ဓိ ၉-ပါးရှိ၏။

## အဓိပ္ပာယ်

၁။ အာရုံအားဖြင့် အာရမ္မဏိကကို လည်းကောင်း, အကြောင်း ဟေတုဖြင့် အကျိုးဖလကို လည်းကောင်း တိုက်ရိုက်မှုချအားဖြင့် မျက်မှောက်ဆတ်ဆတ် သိရခြင်းသည် ပစ္စက္ခသိဒ္ဓိမည်၏၊ (ရုပ်, နာမ်, ဓမ္မတို့၏ သဘာဝအံလျောက် ဖြစ်ခြင်းကို သိရခြင်းသည်လည်း အထက်ပါ ပစ္စက္ခသိဒ္ဓိမည်၏ဟု မှတ်ပါ)။

၂။ အာရမ္မဏိကအားဖြင့် အာရုံကိုလည်းကောင်း, အကျိုးဖလအားဖြင့် အကြောင်း ဟေတုကိုလည်းကောင်း, အာရုံအကြောင်းဖြင့် အာရမ္မဏိကအကျိုးကိုလည်းကောင်း ဉာဏ်ဖြင့် မှန်းဆ၍

http://www.dhammadownload.com



သိရခြင်းသည် အနုမာနသိဒ္ဓိ မည်၏။ သဒ္ဒါအနေအထား အရိပ်အယောင်ကို ထောက်ဆယ့်ဖက် ဉာဏ်ဖြင့် မှန်းဆ၍ သိရခြင်းသည်လည်း အနုမာနသိဒ္ဓိမည်၏။

၃။ အာရုံအားဖြင့် အာရမ္မဏိကကို လည်းကောင်း, အကြောင်းဖြင့် အကျိုးကို လည်းကောင်း ကြံဆ၍ သိရခြင်းသည် ပရိကပ္ပသိဒ္ဓိ မည်၏။

၄။ အာဂုမ်, ဉာပကဟိတ်, သာဓကပါဌ်, ယုတ္တိဒဋ္ဌိကရဏ, ဘဒ္ဒန္တရိက်, သန္ဒာယ ကာသိတ, အတ္တပ္ပကရဏ, လိင်္ဂစသော အရာတို့ဖြင့် ပြီးစေကြောင်း, သိကြောင်း သိဒ္ဓေယျသိဒ္ဓိ မည်၏။

၅။ အနက်အားဖြင့် မသိရဘဲ သဒ္ဒါအားဖြင့် သိရခြင်းသည် သဒ္ဒသိဒ္ဓိ။

၆။ သဒ္ဒါအားဖြင့် မသိရဘဲ အနက်အားဖြင့် သိရခြင်းသည် အတ္ထသိဒ္ဓိ။

၇။ သဒ္ဒါအနက် နှစ်ပါးအစုံအားဖြင့် သိရခြင်းသည် သဒ္ဒတ္ထသိဒ္ဓိ။

၈။ နတ္ထိ ရွာ, နိဗ္ဗာန်ကို ကြံဆ၍ သိရခြင်းသည် အာကပ္ပသိဒ္ဓိ။

၉။ ဗျတိရေက ဆိုက အန္ဓယ သိရခြင်း, အန္ဓယ ဆိုက ဗျာတိရေက သိရခြင်းသည် အတ္ထာပန္နသိဒ္ဓိ (အတ္ထာပတ္တိသိဒ္ဓိ)။

[အမှာ။ ။သိဒ္ဓေယျသိဒ္ဓိကို သဒ္ဓေယျသိဒ္ဓိ - ဟုလည်း ခေါ်နိုင်သည်။ ပရိကပ္ပသိဒ္ဓိနှင့် အာကပ္ပသိဒ္ဓိတို့ကို ဩကပ္ပနသိဒ္ဓိဟု-လည်း ခေါ်နိုင်သည်။ ဝါ-ဩကပ္ပနသိဒ္ဓိသို့ သွင်းနိုင်၏။]

## ပစ္စက္ခသိဒ္ဓိရနိုင်ပုံ

(က) တောသယန္တော ဝိစက္ခဏော (၄-၂)။

ဤ၌ ဝိစက္ခဏော-ဟု အာရုံကိုဆိုသဖြင့် အဋ္ဌကထာဆရာ၏ ကရဏာ ဟူသော အာရမ္မဏိက သိရသောကြောင့် ပစ္စက္ခသိဒ္ဓိမည်၏။

(၁) တဿပါဒေနမဿိတွာ - စသော အဋ္ဌသာလိနီ ပဏာမ စကား၌ - သိရိမတော ဟူသော အကြောင်းသဒ္ဒါကို ဆို

http://www.dhammadownload.com



သဖြင့် ဘုရားရှင်၏ ပဏ္ဏာမာရဟဘောဂဂုဏ် ဟူသော အကျိုး အနက်ကို သိရသောကြောင့် ပစ္စက္ခသိဒ္ဓိ မည်၏။

(ဂ) အတီတေ ဗုဒ္ဓါ ဖလံ သစ္စာကံသု၊ (ဗုဒ္ဓါ မဂ္ဂဖလံ ပစ္စက္ခ-ကရောန္တိ။) (ဋ္ဌ-၄၄၀)

နိဗ္ဗာနံ ပန လောကုတ္တရ သခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ၊ (အဘိဓမ္မတ္ထသင်္ဂဟ) စသည်တို့၌ - ဘုရားရှင်နှင့် အရိယာပုဂ္ဂိုလ်တို့သည် (မဂ်)ဖိုလ်,နိဗ္ဗာန်, ပရမတ်တရားကို မျက်မှောက် တိုက်ရိုက် မုချသိမြင်တော်မူကြသောကြောင့် ပစ္စက္ခသိဒ္ဓိ မည်၏။

## အနုမာနသိဒ္ဓိရနိုင်ပုံ

### အာရုံကြောင့် အာရမ္မဏိက သိရပုံ

မဟဂ္ဂတာ ရမ္မဏာ ဓမ္မာ- (ဏီ-၂)

ဤ၌'မဟဂ္ဂတာ ရမ္မဏာ ဓမ္မာ'ဟု သာမညအားဖြင့် ဆိုလျှင်ပင် အာရုံဖြစ်သော အာကာသာနဉ္စာယတနစိတ်, အာကိဉ္စညာယတနစိတ် ၆-ခုတို့ကြောင့် အာရမ္မဏိကဖြစ်သော ဝိညာနဉ္စာယတန-နေဝသညာ နာသညာယတနစိတ်များကို ဉာဏ်ဖြင့် မှန်းဆ၍ သိရသောကြောင့် အနုမာနသိဒ္ဓိ မည်၏။

[ဆောင်] အာရုံဟေတု၊ အကြောင်းပြုလျက်၊ ကျိုးဆက်အာရမ္မဏိက၊ အသိဉာဏ်ဆ,နုမာန။

### အကြောင်းကြောင့် အကျိုးသိရပုံ

တဿ ပါဒေ နမဿိတွာ သမ္ဗုဒ္ဓဿ၊ သိရီမတော။
သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္ဇလိံ။ (ဋ္ဌ-၁)

ဤ၌ အကြောင်းပဏ္ဏာမ စေတနာကြောင့် အန္တရာယ် ကင်းခြင်း ကြမ်းပြီးခြင်း စသော အကျိုးတို့ကို မှန်းဆ၍ သိရသောကြောင့် အနုမာနသိဒ္ဓိ။

## ပရိကပ္ပသိဒ္ဓိ

က္လဒါနိ ယထာနိက္ခိတ္တာယ မာဘိကာယ သင်္ဂဟိတေ ဓမ္မေ ပဘေဒတော ဒဿေတုံ ကတမေဓမ္မာ ကုသလာ တိ အာဒိ အာရဒ္ဓံ။ (ဋ္ဌ-၉၇)

http://www.dhammadownload.com



ဤ၌ ဝီရိယပြဋ္ဌာန်းသော ဒေသနာဉာဏ်ဟူသော အကြောင်းကိုပြသဖြင့် အဘိဓမ္မာကိုသင်ယူခြင်း, ချွန်, မဂ်, ဖိုလ်ရခြင်း စသော လောကီ, လောကုတ္တရာ အကျိုးများကိုလည်း ဥပစာအားဖြင့် ကြံဆ၍ သိရသောကြောင့် ပရိက္ခာရသိဒ္ဓိ မည်၏။

[ဆောင်] ကြောင်းအားလည်းကြံ၊ အာရုံအားသိ၊ ပရိက္ခါသိဒ္ဓေယျ။

တစ်ပါးသော ဤကဲ့သို့သော အာရဗ္ဘ, ဝုတ္တံ, ဒေသိတံ, ကထိတံ, အာဟ, ဒေသေသိ စသည်တို့ရှိရာ၌လည်း ဤပရိက္ခာရသိဒ္ဓိ ရနိုင်ပုံကို သိပါ။

## သိဒ္ဓေယျ သိဒ္ဓိ

ကထာဟ "တင့်တသာရုပ္ပံ ကထံ မန္တေတီ"တိ။ (၄-၁၈၃)

ဤ၌ တင္ဘာသဒ္ဒါ၏ အနုစ္ဆဝိက အနက်ဟောအဖြစ်ကို ဝါ-တသာရုပ္ပ အနက်ဟောအဖြစ်ကို ဤ "တင့်"စသော အာဂမပါဠိဖြင့် ပြီးစေအပ်သောကြောင့် ,ဝါ-ဤတင့် စသော ပါဠိအာဂမကို ထောက်ဆ၍သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိ။

[ဆောင်] သဒ္ဒန္တရိုက်၊ မြကြိတ်အာဂမ်၊ တွေ့ကြုံညာပက, သိဒ္ဓေယျ။
ဥပနိဇ္ဈာယနဋ္ဌေန ပဌမံ ဓမ္မာ ဈာနင်္ဂါနိ ဟောန္တိ၊ တေန ဝုတ္တံ ပဥ္စင်္ဂိကံ ဈာနံ ဟောတီ"တိ။ (၄-၁၉၇)

ဤ၌ ဥပနိဇ္ဈာယန အနက်ကြောင့် ဝိတက် စသော တရားငါးပါးတို့ ဈာနင်မည်ကြောင်းကို "ပဥ္စင်္ဂိကံ ဈာနံ၊ ဟောတိ"ဟူသော ပါဠိအာဂမကို ထောက်ဆ၍သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိ မည်၏။

နိယျာနဋ္ဌေန စတေတွတ္တေန စ ပဌမံ ဓမ္မာ မဂ္ဂင်္ဂါနိ ဟောန္တိ၊ တေန ဝုတ္တံ "ပဥ္စင်္ဂိကော မဂ္ဂေါ ဟောတီ"တိ။ (၄-၁၉၇)

ဤ၌လည်း သိဒ္ဓေယျသိဒ္ဓိ ရနိုင်ပုံကို ဤနည်းမှီသိပါ။
ဒိဋ္ဌိဂတသမ္ပယုတ္တန္တိ ဧတ္ထ ဒိဋ္ဌိ ဧဝ ဒိဋ္ဌိဂတံ၊ ဂူထဂတံ မုတ္တဂတန္တိ အာဒီနိ ဝိယ။ (၄-၂၉၀)

http://www.dhammadownload.com



ဤ၌ ဒိဋ္ဌိဂတဝယ် ဂတသဒ္ဒါ၏ အနက်ထူးမရှိသော တဗ္ဘော အနက်၌ ဖြစ်သည်ကို ဤ "ဂူထဂတံ မုတ္တဂတံ" စသော ပါဠိအာဂမကို ထောက်ဆ၍ သိအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ။

ဒိဋ္ဌိ ဧဝ ဒိဋ္ဌိဂတံ၌ကား ဒိဋ္ဌိဟု သာမညဆိုသော်လည်း အကုသိုလ် ဟူသော အရာဋ္ဌာနကိုထောက်ရှု၍ မိစ္ဆာဒိဋ္ဌိသာတည်းဟု သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိ။

[ဒိဋ္ဌိဂတ သမ္ပယုတ္တံ၌လည်း နည်းတူ]

[အဖွာ။ ။အာဂုမ်, သာဓက, ထုတ်ပြရာ နေရာတိုင်း၌ ဤသိဒ္ဓေယျ သိရနိုင်ပုံကို စွဲမြဲသေချာစွာ အထူးမှတ်ထားပါ။]

## အတ္ထာ ပန္န သိဒ္ဓိ

ယဒိ စ စိရ ပါရိဝါသိယဋ္ဌေန အာသဝါ၊ ဧတေ ဧဝ ဘဝိတုမရဟန္တိ။ (၄-၉ဝ)

ဤ၌ စိရပါရိဝါသိယ အနက်ကြောင့် အာသဝ အမည်ကိုရလျှင် လောဘ, ဒိဋ္ဌိ, မောဟတို့သာ အာသဝ မည်ထိုက်သည်ဟု အနွယကိုဆိုသဖြင့် လောဘ, ဒိဋ္ဌိ, မောဟမှ တစ်ပါးသောတရားတို့ အာသဝမမည်ထိုက်ဟူသော ဗျတိရိက် အနက် အဓိပ္ပာယ်ကိုလည်း သိရသောကြောင့် အတ္ထာပန္နသိဒ္ဓိ (အတ္ထာ ပတ္တိ သိဒ္ဓိ။)

(ဂေါတြဘု) န ဒဿနန္တိ ဗုစ္စတိ။ (၄-၇၆)

ဤ၌ ဂေါတြဘုကို ဒဿန မဆိုအပ်ဟု ဗျတိရိက်ကိုဆိုသဖြင့် သောတာပတ္တိမဂ်ကိုသာ ဒဿန ဆိုအပ်၏ဟူသော အနွယ အဓိပ္ပာယ်ကို သိရသောကြောင့် အတ္ထာ ပန္န သိဒ္ဓိ (အတ္ထာ ပတ္တိ သိဒ္ဓိ)။

[ဆောင်] ဗျတိ ဆိုက နွယသိ၊ နွယ ဆိုက ဗျတိသိ၊ မှတ်ဘိ အတ္ထာပန္န သိဒ္ဓိတည်း။

(တစ်ပါးသော ဗျတိရေကဝါကျဆိုလျှင် တိုက်ရိုက်မဆိုအပ်သော အနွယ ဝါကျအဓိပ္ပာယ်ကိုလည်းကောင်း, အနွယ ဝါကျဆိုလျှင် တိုက်ရိုက် မဆိုအပ်သော ဗျတိရေက ဝါကျအနက် အဓိပ္ပာယ်ကိုလည်းကောင်းသိရလျှင် ဤ အတ္ထာ ပန္န သိဒ္ဓိ ရနိုင်ပုံကို သိပါ။

http://www.dhammadownload.com



ထို့ပြင် ဧဝ, သဒ္ဒါ ပါရှိရာ၌လည်း ဤသိဒ္ဓိရနိုင်ပုံကိုသိ-

ဥပမာ- "ဘိက္ခု ဧဝ ဂစ္ဆတိ" ဤ၌ ရဟန်းသည်သာလျှင် သွား၏ ဟု အနွယ်ကို ဆိုသဖြင့် ရဟန်းမှ တစ်ပါး သာမဏေ မသွား ဟူသော ဗျာတိရေက အနက် အဓိပ္ပာယ်ကို သိရသောကြောင့် အတ္တာ ပန္န သိဒ္ဓိ မည်၏။)

[မှတ်ချက်။ ။ယုတ္တိ ဒဋ္ဌိကရဏဝါကျတိုင်း၌ သိဒ္ဓေယျ သိဒ္ဓိ,ပက္ခ သိဒ္ဓိ ရနိုင်၏။ အာဂမ ဒဋ္ဌိကရဏ ဝါကျတိုင်း၌ သိဒ္ဓေယျသိဒ္ဓိ အနုမာနသိဒ္ဓိ ရနိုင်၏။ ဧတ္ထ သိယာ, ဧတ္ထာဟ တတ္ထသိယာ တတ္ထာဟ စသော ကြံဆပုံကို ပြသော ဝါကျများ၌ အာကပ္ပသိဒ္ဓိ, ပရိကပ္ပ သိဒ္ဓိ ရနိုင်၏။]

http://www.dhammadownload.com

# နံပါတ်(၉) ဆိုင်ရာ စည်းမျဉ်းအဖြေ

[ဤနံပါတ် ၉-၌ လက္ခဏာဒိ စတုက္ကကို အများအားဖြင့် မေးသည်]

## သဘောအဓိပ္ပာယ် (ပရမတ္ထဖြစ်ပုံ အခြင်းအရာ)

မဟာဘုတ် လေးပါးတို့၏ မဟာဘူတ သာမညဖြစ်ပုံ သဘောအဓိပ္ပာယ် (ပရမတ္ထဖြစ်ပုံ အခြင်းအရာ) ကား-

မျက်လှည့်အတတ်ကို တတ်သော မျက်လှည့်ဆရာသည် ပတ္တမြား မဟုတ်သော ရေကို ပတ္တမြား ပြုလုပ်၍ ပြ၏။ ရွှေမဟုတ်သော ခဲ စသည်ကို ရွှေ ပြုလုပ်ပြ၏။ မိမိကိုယ်တိုင် ဘီလူးမဟုတ်ဘဲလျက် ဘီလူးအဖြစ်ကိုလည်း ပြ၏။ မိမိကိုယ်တိုင် ငှက်မဟုတ်ပါဘဲလျက် ငှက်အဖြစ်ကိုလည်း ပြ၏။

ဤအတူပင် ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော မဟာဘုတ် ရုပ်လေးခုတို့သည်လည်း မိမိကိုယ်တိုင် အညိုမဟုတ်ဘဲ အညို,အဝါ မဟုတ်ဘဲ အဝါ,အနီ မဟုတ်ဘဲ အနီ,အဖြူ မဟုတ်ဘဲ အဖြူ၏ အဖြစ်ကို ပြတတ်ကုန်၏။ ထို့ကြောင့် မဟာဘုတ်တို့သည် ဝါ-မဟာဘုတ် တို့ကို မဟာဘူတ သာမညမာယာကာရ မဟာဘူတနှင့် တူကုန်၏ ဟူ၍ မှတ်အပ်ကုန်၏။ (၆-၃၃၇)

## ပရမတ္ထအဓိပ္ပာယ် အဆုံးအဖြတ်

ဝေဒနာ စေတသိက်ကဲ့သို့ ကြွင်းသော ဖဿ စသော သမ္ပယုတ် တရားတို့သည်လည်း အာရုံ၏ အရသာကို ခံစားရသည် ဖြစ်ကုန်လျက် ဝေဒနာ စေတသိက်ကိုသာ အနုဘဝန ရသ ဆို၍ ကြွင်းသောတရားတို့ကို အနုဘဝန ရသ မဆိုရာ၌ အဋ္ဌကထာ ဆရာ အာဘော်ကျ အဓိပ္ပာယ် အဆုံး အဖြတ်ကား-

ဝေဒနာ စေတသိက်သည် အာရုံ၏ အရသာကို ခံစားခွင့် ကြုံက စင်စစ်အားဖြင့် အစိုးရ အရှင်သခင်ကဲ့သို့ အကြွင်းမဲ့ ပြည့်ပြည့်ဝဝ အာရုံ၏ အရသာကို ခံစား၏။

ဖဿစသော ကြွင်းသော သမ္ပယုတ်တရားတို့ကား ထိုအာရုံ၏ အရသာကို တစ်စိတ်တစ်ဖို့မျှဖြင့်သာ ခံစားကုန်၏။ ထို့ကြောင့် ဝေဒနာကိုသာ

http://www.dhammadownload.com



အနုဘဝန ရသဟုဆို၍ ဖဿ စသော သမ္ပယုတ်တရားတို့ကို အနုဘဝနရသ ဟု မဆိုအပ်ကုန်။ (ဋ္ဌ-၁၅၃)

## စိတ်, စေတသိက်, နာမ်တရားတို့ကို တစ်ခုနှင့်တစ်ခု ခွဲခြားသိရန် ခဲယဉ်းပုံ အစိပ္ပာယ် အဆုံးအဖြတ်

တစ်စုံတစ်ယောက်သော ယောကျ်ားသည် သင်္ဘောဖြင့် ပင်လယ်သမုဒ္ဒရာသို့ သွားသောအခါ လက်ခုပ်ဖြင့် ရေကိုယူ၍ လျှာ (ရှာ) ဖြင့်လျက်လျှင် "ဤကား ဂင်္ဂါမြစ်ရေ, ဤကား ယမုနာမြစ်ရေ, ဤကား အစိရဝတီမြစ်ရေ, ဤကား သရဘူမြစ်ရေ, ဤကား မဟီမြစ်ရေ" ဟု သိဖို့ရန် ခဲယဉ်းသကဲ့သို့ ထို့ထက်ပင် အာရုံတစ်ခုတည်း၌ ဖြစ်ကြကုန်သော စိတ်, စေတသိက်, နာမ်တရားတို့ကို "ဤသဘောကား ဖဿ, ဤသဘောကား ဝေဒနာ, ဤသဘောကား သညာ, ဤသဘောကား စေတနာ, ဤသဘောကား စိတ်" ဟု ခွဲခြားသိဖို့ရန်ပင် အလွန်ခဲယဉ်းလှပေ၏။ (ဋ္ဌ-၁၇၆)

## ဂေါမုတ္တ ဝက် စသော အကောက်သုံးမျိုးအထူး အဆုံးအဖြတ်

### တသ္မာ သဒ္ဒါ ထားရခြင်း အကြောင်း

အဘိဓမ္မာ၌ အဘိသဒ္ဒါ၏ အတိရေကအနက် ဝိသေသအနက်ကို ဟောသည်၏အဖြစ်ကို ပြတတ်သည်၏ အဖြစ်ဟူသော "အကြောင်းကို ပြလိုသောကြောင့်" (ဃ) ဝါကျ၀ယ် တသ္မာ သဒ္ဒါ ထား၏။

### ဝုစ္စတိ သဒ္ဒါ ထားရခြင်း အကြောင်း

ဤ၌ အတိစ္ဆတ္တ သဒ္ဒါ၏အထင်ရှူ၌ ကေဒေသျှပစာ အဖြစ်ကိုပြလိုသောကြောင့် (ဃ) ဝါကျ၀ယ် ဝုစ္စတိ သဒ္ဒါကို ထားသည်။

### ဝိဂ္ဂဟနှင့်ဗျုပ္ပတ္တိ စတုက္က

#### ဘောဓစိန္တာ ဒီပနီနည်း

#### (က) ဝါကျ

( ၁ ) ဝါကျ သံဝဏ္ဏနာနှင့်အညီ( က ) ဝါကျရှိ အဘိဓမ္မာ–ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဝိဂ္ဂဟပြပုံ –

(အဘိကား ဥပသာရပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုကောင်းပါ။)

ဓာရေတီတိ ဓမ္မော၊ (အစိတ်)

၁။ ဓာရေတီတိ–ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ မည်၏။

၂။ ဓာ ဟူသော ရေ ဟူသော တိဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဆောင်ခြင်းကြိယာ(ဓာရဏကြိယာ)သည် ဗျုပ္ပတ္တိနိမိတ်မည်၏။

၃။ ဓမ္မော ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ မည်၏။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဆောင်ခြင်းကြိယာ (ဓာရဏကြိယာ) သည် ပဝတ္တိနိမိတ် မည်၏။

အဘိ အတိရေကော ဓမ္မော အဘိဓမ္မော (ပါဒိပုဗ္ဗပဒကမ္မဓာရည်း) (အပေါင်း)

http://www.dhammadownload.com



၁။ အဘိ အတိရေကော ဓမ္မော ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော လွန်ကဲသည်၏ အဖြစ်ဟုဆို အပ်သော အတိရေကဘောဂုဏ်၏ ပါဠိဓမ္မနှင့်ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ( ဗျု-နိ )

၃။ အဘိဓမ္မော ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော လွန်ကဲသော ပါဠိဓမ္မတို့၏။ ဝါ၊ အဘိဓမ္မာ၏(လွန်ကဲသော ပါဠိတို့၏ အဖြစ်ဖြင့်) တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟူသောဇာတ်သည်၊ ဝါ၊ လွန်ကဲသော ပါဠိဓမ္မ အဘိဓမ္မဒြပ်သည် ဝါ၊ လွန်ကဲရှည် လျားသည်၏ အဖြစ်ဟူသော ဂုဏ်သည် (ပ – နိ)

**(တစ်နည်း)** အဘိဝိသေသော ဓမ္မော အဘိဓမ္မော

၂။ ထူးဆန်းသည် အဖြစ်ဟူသော ဝိသေသဘောဂုဏ်၏ ပါဠိဓမ္မ နှင့် ဂုဏ် + ဂုဏေးစပ်။ (ဗျု-နိ)

၃။ ထူးဆန်းသော ပါဠိဓမ္မတို့၏(ထူးဆန်းသော ပါဠိတို့၏အဖြစ် ဖြင့်) တစ်ခုသည်။ ပ။ ဇာတ်သည်၊ ဝါ+ထူးဆန်းသော ပါဠိဓမ္မ အဘိဓမ္မဒြပ်သည်၊ ဝါ ထူးဆန်းသည်၏ အဖြစ်ဟူသော ဂုဏ်သည် (ပ-နိ)

(၁) ဝါကျ ဓာရေတီတိ ဓမ္မော၊
အတိရေစတီတိ အတိရေကော (လွန်ကဲခြင်းကြီးယာခွဲ)
ဓမ္မော အတိရေကော ၊ ဓမ္မာတိရေကော။

၂။ လွန်ကဲသည်၏ အဖြစ် ဟူသော အတိရေက ဘောဂုဏ်၏ ပါဠိ ဓမ္မနှင့် ဂုဏ် + ဂုဏေး စပ် (ဗျု- နိ)

၄။ လွန်ကဲသော ပါဠိဓမ္မတို့၏ တစ်ခုသည်။ ပ ။ဇာတ်သည်၊ ၊ဝါ၊ လွန်ကဲသော ပါဠိဓမ္မဒြပ်သည်၊ ဝါ၊ လွန်ကဲရှည် လျားသည်၏ အဖြစ် ဟူသော ဂုဏ်သည် (ပ–နိ )

ဓာရေတီတိ ဓမ္မော၊
ဝိသေသေတီတိ ဝိသေသော၊

http://www.dhammadownload.com



ဝိသေသိယတိ အနေနာတိ ဝါ ဝိသေသော (ထူးဆန်းခြင်းကြိယာခွဲ)။
ဓမ္မော ဝိသေသော ဓမ္မဝိသေသော၊
[အဘိဓမ္မော၌ နောက်နည်းအတိုင်းခွဲ]

ဓမ္မာတိရေကောစ ဓမ္မဝိသေသောစ ဓမ္မာတိရေက ဓမ္မဝိသေသာ။ (ဒွန်)

၂။ လွန်ကဲသော ပါဠိ ထူးဆန်းသော ပါဠိတို့၏ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဗန်သည် (ဈု-နိ)
၄။ လွန်ကဲသော ပါဠိ ထူးသော ပါဠိတို့၏ အချင်းချင်း ငဲ့ခြင်းဂုဏ်သည်။ (ပ-နိ)
အရိယတိ ဉာယတီတိ အတ္ထော (သိခြင်းကြိယာခွဲ)။

ဓမ္မာတိရေက ဓမ္မဝိသေသာ ဝေအတ္ထော ဓမ္မာတိရေက ဓမ္မဝိသေ-သဋ္ဌော၊ (တေန ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန)။

၂။ လွန်ကဲသောပါဠိ ထူးဆန်းသော ပါဠိတို့၏ အနက်နှင့် ဝိသေ-သန+ဝိသေယျ, ဂုဏ်+ဂုဏေး....စပ်....(ဈု-နိ)။
၄။ လွန်ကဲသောပါဠိ ထူးဆန်းသောပါဠိ ဟူသော အနက်ဒြပ်သည်, ဝါ-လွန်ကဲသောပါဠိ ထူးဆန်းသောပါဠိဟူသော အနက်တို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် (ပ-နိ)။

## အဘိဓာန် ဒီကာ နည်း

အဘိအတိရေကော ဓမ္မော အဘိဓမ္မော၌....

၁။ အဟူသော ဘိဟူသော ဓမ်ဟူသော မောဟူသော အစိတ် အစိတ် ပရမတ္ထသဒ္ဒါသည် ဈုပ္ပတ္တိ။
၂။ ထိုဈုပ္ပတ္တိ၏ အကြောင်းဖြစ်သော အဘိပုဒ်, ဓမ္မပုဒ်သည် လည်း ကောင်း, လွန်ကဲသော အတိရေက ဘောဂုဏ်၏ ပါဠိဓမ္မနှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် လည်းကောင်း, ဈုပ္ပတ္တိနိမိတ်။
၃။ အဘိဓမ္မောဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

F27A

http://www.dhammadownload.com



၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော လွန်ကဲသော ပါဠိဓမ္မတို့၏ ဝါ-အဘိဓမ္မာ၏ (လွန်ကဲသော ပါဠိတို့၏ အဖြစ်ဖြင့်) တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်, ဝါ-လွန်ကဲသော ပါဠိဓမ္မ အဘိဓမ္မဒြပ်သည်, ဝါ-လွန်ကဲ ရှည်လျားသည်၏ အဖြစ်ဟူသော ဂုဏ်သည် ပဝတ္တိနိမိတ်။

## လိင်စသည် ခွဲပုံ

(က) ဝါကျ။ တတ္ထကား အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

[ကေနဋ္ဌေနကို ကေန+အဋ္ဌေန ဟု ပုဒ်ဖြတ်]

ကေနကား (တွဲဖက် အဘိဓေယျအတ္တကိုငဲ့၍) ပုလ္လိင်, ပုရိသာဒိဂိုဏ်း (တစ်နည်း) သဗ္ဗနာမ်ဂိုဏ်း, ပကတိနိဂ္ဂဟိတန္တ (ယခုလက်ရှိ အကာရန္တ) သဗ္ဗနာမပဒ။

အဋ္ဌေန ပုလ္လိင်, ပုရိသာဒိဂိုဏ်း, ပကတိ အကာရန္တ ကိတနာမပဒ။ အဘိဓမ္မော ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ ပကတိ အကာရန္တ။ (ယခုလက်ရှိ ဩကာရန္တ) ပါဒိပုဗ္ဗပဒ ကမ္မဓာရယ သမာသပဒ။

ထိုတွင် အဘိကိုလည်း အလိင်, ဂဏဝိမုတ်, ဣကာရန္တ, ဥပသဂ္ဂပဒဟု ခွဲနိုင်ပါ၏။

(ခ) ဝါကျ။ "ဓမ္မာတိရေကဓမ္မ ဝိသေသဋ္ဌေန" (ပုဒ်လုံး) ကား— ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, ကမ္မဓာရယ သမာသပဒ။

(ဂ) ဝါကျ။ ဟေတ္တကို ဟိ+တွေပုဒ်ဖြတ်— ဟိကား အလိင်, ဂဏဝိမုတ်, ဣကာန္တရ, နိပါတပဒ။

ဗာဋ္ဌာ, ဒုက္ခာ, ဝေဒနာတို့ကား - ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။

ကမန္တိ - အလိင်, ဘူဝါဒိဂိုဏ်း, (အတွင်းကာရန်-ပကတိကာရန် အားဖြင့် ကမဓာတ်ဆိုလျှင်) အကာရန္တ, (ကမုဓာတ်ဆိုလျှင်) ဥကာရန္တ (ယခုလက်ရှိ ဣကာရန္တ) အာချာတပဒ။

http://www.dhammadownload.com



(ကမ္မဇာတ်+တစ်နည်း ကမ္မဇာတ်+အပစ္စည်း+အန္တိဝိဘတ်)။
(ထိုတွင် အဘိကို ဃခင် အထက်ပါ အဘိအတိုင်း ခွဲပါ။)
နော-အလိင်, ဂဏဝိမုတ်, ဩကာရန္တ, နိပါတပဒ။
(ပဋိက္ကမန္တိကို ယခင် အဘိက္ကမန္တိအတိုင်းခွဲ)။

[မှတ်ချက်။ ။အာချာတ်ပုဒ်များ၌ ဥပသာရပုဒ်,နိပါတ်ပုဒ်များ ရှေ့ရှိနေလျှင် ဥပသာရပုဒ်, နိပါတ်ပုဒ်များနှင့် အာချာတ်ပုဒ်များကို တခြားစီ အလိင်,ဂိုဏ်း စသည်ကိုခွဲမှ တိကျမည်။ ရောချဲခွဲလျှင် မတိကျပါ။ အဋ္ဌကထာ၌ ဥပသာရပုဒ်နှင့် အာချာတ်ပုဒ် တခြားစီခွဲပုံကို စည်းမျဉ်းအဖြေ၌ ပြခဲ့ပြီ။ ထို့ပြင် အာချာတ်ပုဒ်များကို ကာရန်ခွဲရာ၌ ဓာတ်တည်ခိုက်ရှိ ကာရန်ကိုသော်လည်းခွဲကြ၏။နိပ္ဖန္နပုဒ် ယခုလက်ရှိကာရန်ကိုသော်လည်း ခွဲကြ၏။ ဥပမာ-ဂစ္ဆတိ၌ ဓာတ်တည်ထားခိုက်ဆိုလျှင် ဥကာရန္တ၊ နိပ္ဖန္နပုဒ် ယခုလက်ရှိကာရန်ဆိုလျှင် ဣကာရန္တ။]

(အဘိက္ကန္တဝဏ္ဏာကို ယခင် ဗာဟိရအတိုင်းခွဲ၊ သမာသနာမပဒသာ ထူး၏။)
ဣတိ အလိင်, ဂဏဝိမုတ်, ဣကာရန္တ, နိပါတပဒ။
အာဒီသု ပုလ္လိင် ရတ္တာဒိဂိုဏ်း, ပကတိ ဣကာရန္တ, (ယခုလက်ရှိ ဥကာရန္တ) ကိတနာမပဒ။
(တစ်နည်း) ဣတိအာဒီသု ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ပကတိ ဣကာရန္တ, (ယခုလက်ရှိ ဥကာရန္တ) သမာသနာမပဒ။
ဝိယအလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

[အခွာ။ ။ဗာဟိရမေ နောက်ရှိ မေကို ပုလ္လိင်,တစ်နည်း အလိင်,သဗ္ဗနာမ်ဂိုဏ်း (ပုရိသာဒိဂိုဏ်း) ပကတိ အာကာရန္တ, (ယခုလက်ရှိ ဧကာရန္တ) သဗ္ဗနာမပဒဟု ခွဲပါ။]

(ဃ) ဝါကျ တသ္မာကား အလိင်,ဂဏဝိမုတ်, အာကာရန္တ, နိပါတပဒ။
(ရူပသိဒ္ဓိနာမ်နောက်ဆက်တွဲနိပါတ်ခန်း၌ပြသောကြောင့် ဤကဲ့သို့ခွဲသည်)။
(တစ်နည်း) တသ္မာကား နပုလ္လိင်, သဗ္ဗနာမ်ဂိုဏ်း (စိတ္တာဒိဂိုဏ်း) ပကတိ အကာရန္တ, ယခုလက်ရှိ(အာကာရန္တ) သဗ္ဗနာမပဒ။

http://www.dhammadownload.com



ယာထာ-အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

သမုဿယေသု (ဆင့်တွေ့သု ဟူသော အဘိဓေယျ နပုလ္လိင်ကိုငဲ့၍) နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, (ယံခုလက်ရှိ ဥကာရန္တ) ကိတနာမပဒ၊ (တစ်နည်း) သမာသနာမပဒ။

ဗဟူသု-နပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဥကာရန္တ, ကိတနာမပဒ။

ဆင့်တွေ့သု-နပုလ္လိင်, စိတ္တာဒိဂိုဏ်း ပကတိ အကာရန္တ (ယခုလက်ရှိ ဥကာရန္တ) ကိတနာမပဒ။

စေဝ, စပုဒ်တို့ကား အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

ဓဇေသု-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, ပကတိ အကာရန္တ, (ယခုလက်ရှိ ဥကာရန္တ) ကိတနာမပဒ။

ယံ-နပုလ္လိင်, စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) ပကတိ အကာရန္တ (ယခုလက်ရှိ နိဂ္ဂဟိတန္တ) သဗ္ဗနာမပဒ။

အတိရေကပ္ပမာဏံ, ဝိသေသ ဝဏ္ဏသဏ္ဌာန်ပုဒ်တို့ကား နပုလ္လိင်,စိတ္တာဒိဂိုဏ်း, ပကတိအကာရန္တ, (ယခုလက်ရှိ နိဂ္ဂဟိတန္တ) ဗဟုဗ္ဗိဟိ သမာသ-နာမပဒ။

[အတိစ္ဆတ္တန္တိကို အတိစ္ဆတ္တံ+ဣတိပုဒ်ဖြတ်၊] အတိစ္ဆတ္တံ နပုလ္လိင် စိတ္တာဒိဂိုဏ်း, ပကတိအကာရန္တ (ယခုလက်ရှိ နိဂ္ဂဟိတန္တ) ကမ္မဓာရယ သမာသ-နာမပဒ။

(ဣတိကို ယခင် အထက်ပါ ဣတိအတိုင်း နိပါတ်ပုဒ်ခွဲ)

ဝုစ္စတိ အလိင်,ဘူဝါဒိဂိုဏ်း,(ပကတိကာရန် အတွင်းကာရန်)အကာရန္တ, (ယခုလက်ရှိ ဣကာရန္တ) အာချာတပဒ။ (ဝစဓာတ်+ယပစ္စည်း+တေဝိဘတ်)။

## အာဘောဂ သံဝဏ္ဏနာ

(ဏ)ဝါကျ။ (က)ဝါကျ၊ သံဝဏ္ဏနာပါဌ်ဖြင့် အဘိဓမ္မာအတ္ထံ ပကာ-သယိဿာမိ ဟူသော ဆိုခဲ့ပြီးသောစကား၌ ဝါ၊ အဘိဓမ္မကထံ ဟူသော စကား၌ အဘယ်အနက်ကြောင့် အဘိဓမ္မာ မည်ပါသနည်း ဟူသော အမေး ပုစ္ဆာကို သိစေ၏၊ (ဘာဝတ္ထသံဝဏ္ဏနာ အတ္ထသံဝဏ္ဏနာ)။

http://www.dhammadownload.com



(ခ) ဝါကျ။ (ခ) ဝါကျ သံဝဏ္ဏနာပါဠိဖြင့် သုတ္တန်ပါဠိတို့ထက် လွန်ကဲသော ပါဠိဟူသော အနက်, သုတ္တန်ပါဠိတို့ထက် ထူးပြားဆန်းကြယ်သော ပါဠိဟူသောအနက်ကြောင့် အဘိဓမ္မာမည်၏ ဟူသော အဖြေဝိသဇ္ဇနာကိုလည်းကောင်း (ဘာဝတ္ထသံဝဏ္ဏနာ)။

အဘိဓမ္မာ၌ အဘိသဒ္ဒါသည် အာဘိမုချ စသော အနက်ကို မဟော၊ (ဗျတိရေကာဘောဂ)။

အတိရေကအနက်, ဝိသေသအနက် ဟောသည်၏ အဖြစ်ကို လည်းကောင်း (အန္ဝယာဘောဂ) (ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ)။

အဘိအတိရေကော ဓမ္မော အဘိဓမ္မော။

အဘိဝိသေသောဓမ္မော အဘိဓမ္မော ဟု ပါဒိပုဗ္ဗ ပဒကမ္မဓာရည်း သမာသဝစနတ္ထ ပြုရမည့် အဖြစ်ကို လည်းကောင်း (သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ၊ သကတ္ထသံဝဏ္ဏနာ) သိစေပါသည်။

[မှတ်ချက်။ ။သမာသ်ဝိဂ္ဂဟ ဝစနတ္ထ ဖွင့်ပြရာ၌ သံဝဏ္ဏနာ နာမည်ပေးရာဝယ်-အချို့ သက်ဆိုင်ရာ အဓိပ္ပာယ်ဖွင့် စာအုပ်တို့၌ သမာသလိင်္ဂတ္ထ။အချို့စာအုပ်တို့၌ သမာသလိင်္ဂပဒတ္ထ-ဟု သံဝဏ္ဏနာ အမည် မတူမညီပေးထားသည်ကို တွေ့မြင်နေကြရသည်၊မူလအရင်းခံပုဒ်စစ်ကျမ်းသံဝဏ္ဏနာစစ်၌လည်း ပဒတ္ထ သံဝဏ္ဏနာအတွက် ပုံစံထုတ်ရာ၌-တိလောကမဟိ-တန္တိ တိလောကေန+ပူဇိတံဟုထုတ်ပြီး သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ အတွက် ပုံစံထုတ်ရာ၌-ရညော+ပုရိသော ရာဇပုရိသော-ဟုထုတ်၏။ ဤပုံစံနှစ်ခုကို ချိန်ကိုက်ကြည့်လျှင် သမာသ်ဝိဂ္ဂဟ(ဝစနတ္ထ)ကိုချည်း ဖွင့်ပြခြင်း ဖြစ်၏။ ထို့ကြောင့် ရှေ့နောက် သံဝဏ္ဏနာ နာမည်ချင်း ကိုက်ညီအောင် ပေးရမည်ဖြစ်၏။ ရှေ့နှင့်ညီအောင် နောက်သံဝဏ္ဏနာ အမည်ပေးလျှင် "သမာသလိင်္ဂပဒတ္ထ"ဟု သံ-ဝဏ္ဏနာ အမည်ပေးရမည် ဖြစ်၏။ နောက်နှင့်ညီအောင် ရှေ့သံဝဏ္ဏနာ အမည်ပေးလျှင် "အတ္ထသံဝဏ္ဏနာ"ဟု သံ-ဝဏ္ဏနာ အမည်ပေးရမည် ဖြစ်၏။ စင်စစ်သော်ကား.... သမာသ်ဝိဂ္ဂဟ (ဝစနတ္ထ) ဖွင့်ပြရာ၌ ပုဒ်ဖွင့်မှာ မထင်ရှားဘဲ အနက်ဖွင့်သာ ထင်ရှား၏။

http://www.dhammadownload.com



ဥပမာ....ဗုဒ္ဓေါ်ကို ဗုဇ္ဈတီတိ ဗုဒ္ဓေါ-ဟု ကိတ်ဝစနတ္ထဖွင့်ရာ၌ "ပုဒ်"ဟူသော ပစ္စည်းအဖွင့် မထင်ရှားဘဲ ပစ္စည်း၏ အနက်အဖွင့် ထင်ရှားသကဲ့သို့တည်း။ ထို့ကြောင့် ဤကိုတ် ဝိဂ္ဂဟ (ဝစနတ္ထ) ဖွင့်ရာ၌ ဒုတိယ ပစ္စယပဒတ္ထ သံဝဏ္ဏနာ အမည်မပေးတော့ဘဲ ဒုတိယ ပစ္စယတ္ထ သံဝဏ္ဏနာ အမည်ပေးထားသည်။

ထို့ကြောင့် ပုဒ်စစ်ကျမ်း သံဝဏ္ဏနာစစ်၌ တိလောကမဟိတံ ဝိဂ္ဂဟအဖွင့်ကို "အတ္ထသံဝဏ္ဏနာ" အမည်ပေးလျှင် သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ အမည်ပေးသော နောက်စကားနှင့် သင့်တင့်ညီညွတ်မည်ဖြစ်၏။

ပုဒ်စစ်ကျမ်းသံဝဏ္ဏနာစစ်စကားကို ရှေ့နောက် မဆန့်ကျင်အောင် ညှိယူသော် တိလောကမဟိတန္တိ တိလောကေနပူဇိတံ ဟု သမာသ်ဝိဂ္ဂဟ(ဝစနတ္ထ) ဖွင့်ပြရာ၌ အနက်ဖွင့်ထင်ရှားပြီး ပုဒ်ဖွင့် မထင်ရှားသော်လည်း ပုဒ်ကိုလည်း ဖွင့်ပြသည်ဟု ဆိုနိုင်သောကြောင့် ပဒတ္ထသံဝဏ္ဏနာ အမည်ပေးခြင်းဖြစ်သည်ဟု မှတ်ယူပြီး ရညော+ပုရိသော ရာဇ ပုရိသောဟု သမာသ်ဝိဂ္ဂဟ(ဝစနတ္ထ) ဖွင့်ပြရာ၌ကား.... သမာသ်အနက်ဖွင့်ထင်ရှားပြီး သမာသ်ပုဒ်အဖွင့် မထင်ရှားသောကြောင့် "နိဒဿနနည်း" အရ သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ အမည်ပေးခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်၏။

ရှင်းလင်းစွာဖြင့် အမှတ်ရလွယ်ကူအောင်ဖြစ်ဖို့ကောင်းသည်မှာ....ပုဒ်စစ်ကျမ်း သံဝဏ္ဏနာစစ်၌-ပဒတ္ထသံဝဏ္ဏနာပုံစံကို တိလောကမဟိတန္တိ တိလောကေန+ပူဇိတံ ဟုမထုတ်ဘဲ စတ္တာရိသစ္စာနိ သမာဟဋာနိ စတုသစ္စံ၊ သမာ-ဟာရေ(သမာဟာရ)ဒိဂုဟု ပုံစံထုတ်ပေးဖို့ကောင်းပါသည်။သမာသလိင်္ဂပဒသံဝဏ္ဏနာပုံစံကိုမူဥပနဂရန္တိ အဗျာယီဘာဝသမာသော၊ မဟာပုရိသောတိကမ္မဓာရယသမာသော စသည် သမာသ်အမည်မျှဖွင့်ပြသော-ပုံစံတစ်ခုခုထုတ်ပြဖို့ ကောင်းပါသည်။

ဥပမာ....အတိ ဘိ ဥပသဂ္ဂေါ၊ ဣတိတိ နိပါတောဟု ပုံစံထုတ်ပြသကဲ့သို့ဖြစ်ပါသည်။ ဤရှင်းပြခဲ့သည့်အတိုင်း သမာသ်ဝိဂ္ဂဟ (ဝစနတ္ထ) ဖွင့်ရာ၌ "သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ အမည်ပေးလျှင် နိဒဿနနည်းအရ ထင်ရှားရာသို့လိုက်၍ သံဝဏ္ဏနာအမည်ပေးခြင်းဖြစ်ပြီး "သမာသလိင်္ဂပဒတ္ထ သံဝဏ္ဏနာ အမည်ပေးလျှင်ကား....ထင်ရှား-မထင်ရှား နှစ်မျိုးသို့လိုက်၍ သံဝဏ္ဏနာ အမည်ပေးခြင်း ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ ယေဘုယျအားဖြင့် ပုဒ်စစ်ကျမ်း သံဝဏ္ဏနာစစ်၌ တိုက်ရိုက်ပြဆိုထားသည့်အတိုင်း သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ အမည်ပေးကြပါသည်။]

http://www.dhammadownload.com



(ဂ) ဝါကျ။ ။(ဂ) ဝါကျရှိ ဟိ ဟူသော သံဝဏ္ဏနာပါဠိဖြင့် ကာရဏဇောတက, ဒဠှီကရဏဇောတက, ဝိတ္ထာရဇောတက အဖြစ်ကို သိစေ၏။ (အတ္ထသံဝဏ္ဏနာ၊ ဘာဝတ္ထသံဝဏ္ဏနာ)။

ကြွင်းသော (ဂ) ဝါကျ သံဝဏ္ဏနာပါဠိတို့ဖြင့် အဘိဓမ္မာ၌ အဘိသဒ္ဒါသည် အတိရေကအနက်, ဝိသေသအနက်တို့ကို ဟောသည်ဟုဆိုခဲ့ရာ၌ ခိုင်မြဲအောင်ပြုသော ဒဠှီကရဏအဖြစ်ကို လည်းကောင်း, အကြောင်း ကာရဏအဖြစ်ကို လည်းကောင်း, အကျယ်ဝိတ္ထာရအဖြစ်ကို လည်းကောင်း, အဘိက္ကမန္တိ အဘိက္ကန္တဝဏ္ဏာ စသော ပါဠိရပ်တို့၌ အဘိသဒ္ဒါသည် အတိရေကတ္ထ ဝိသေသတ္ထ ဝါစကဖြစ်၏သို့ အဘိဓမ္မာ၌ အဘိသဒ္ဒါသည်လည်း အတိရေကတ္ထ ဝိသေသတ္ထ ဝါစကဖြစ်သည်ဟူသော ဥပမာသာဓကအဖြစ်ကို လည်းကောင်း သိစေ၏။ (ဘာဝတ္ထသံဝဏ္ဏနာ၊ အတ္ထသံဝဏ္ဏနာ)။

(ဃ) ဝါကျ။ ။ဤ (ဃ) ဝါကျ သံဝဏ္ဏနာပါဠိဖြင့် ဥပသာရပုဒ်တို့သည် ယေဘုယျအားဖြင့် ဓာတ်၏အနက်ကိုသာ ထွန်းပြကြသော်လည်း လည်း တစ်ခါတစ်ရံ၌မူကား အတိဋ္ဌတ္တံ စသည်တို့၌ကဲ့သို့ နာမ်ပုဒ်၏ အနက်ကိုလည်း ထွန်းပြကြသေး၏။ ထို့ကြောင့် အဘိဓမ္မာ၌ အဘိသဒ္ဒါသည်လည်း ဓမ္မဟူသော နာမ်ပုဒ်၏အနက်ကို ထွန်းပြသည်ဟု အဓိပ္ပာယ် စကားကျအားဖြင့် ဝါ၊ ဆိုလိုရင်းအဓိပ္ပာယ်အားဖြင့် သိစေ၏။ (ဘာဝတ္ထသံဝဏ္ဏနာ)။

(တစ်နည်း) ဓာတ်၏ ရှေ့မဟုတ်သော နာမ်၏ရှေ့၌လည်း ဥပသာရပုဒ်တို့သည် တည်နေနိုင်၏။ ထိုသို့တည်နေလျက် အတိရေကတ္ထ ဝိသေသတ္ထ ဝါစကဖြစ်သော အဘိဥပသာရပုဒ်လည်း ရှိသေး၏ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထသံဝဏ္ဏနာ)

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ။တတ္ထနိပါတ်သည် နိယမဝစန အနက်ကိုဟော၏။ ဝါ၊ ဤနေရာ၌ နိယမအားဖြင့် အဘိဓမ္မေ အတ္ထ ပကာသယိဿာမိ, အဘိဓမ္မဂါထံ ဟူသော စကားအနက်ကို ဟော၏။

အဘိဓမ္မာ၌ အဘိဥပသာရပုဒ်သည် အတိရေကအနက်, ဝိသေသအနက်တို့ကို ဟော၏။

http://www.dhammadownload.com



(ခ) ဝါကျ။ ။ဓမ္မာတိရေကဍ္ဍ အတိဥပသာရပုဒ်သည် အတိသယ အနက်ကို ဟော၏။

ဝိသေသဍ္ဍ ဝိဥပသာရပုဒ်သည် ဝိသိဋ္ဌအနက်ကို ဟော၏။

(ဂ) ဝါကျ။ ။အတိရေကဍ္ဍ အတိဥပသာရပုဒ်သည် အတိသယအနက်ကို ဟော၏။

ဝိသေသဍ္ဍ ဝိဥပသာရပုဒ်သည် ဝိသိဋ္ဌအနက်ကို ဟော၏။

ဟေတ္ထဍ္ဍ ဟိနိပါတ်သည် ကာရဏတ္ထ ဇောတက, ဒဠှီကရဏတ္ထ ဇောတက, ဝိတ္ထာရတ္ထ ဇောတက။

တွေနိပါတ်သည် ဤနေရာ၌ အဘိဓမ္မောဟု ဆိုအပ်သော အနက်ပုဒ်ဟူသော အာခာရ အနက်ကို ဟော၏။

အဘိသဒ္ဒေါ၌ အဘိဥပသာရပုဒ်သည် အဘိသဒ္ဒါဟူသော အနက်ကို ဟော၏။ (သဒ္ဒ ပဒတ္ထက သဘောမျိုးပင်)။

(တစ်နည်း) အတိရေကအနက်, ဝိသေသအနက်ကို ဟော၏။

ဒုက္ခာ၌ ဒု-ဥပသာရပုဒ်သည် (ဒု ပုဗ္ဗ+ခနုဓာတ်ဖြင့် ပြီးသောနည်းကို ရည်ရွယ်သည်) ကုစ္ဆိတအနက်ကို ဟော၏။

အဘိက္ကမန္တိ၌ အဘိဥပသာရပုဒ်သည် အတိရေကအနက်ကို ဟော၏။ ဝါ၊ ဝုဒ္ဓိအနက်ကို ဟော၏။

နော နိပါတ်သည် ပဋိသေဓအနက်ကို ဟော၏။ ဝါ၊ ပဋိသေဓတ္ထ ဇောတက။

ပဋိက္ကမန္တိ၌ ပဋိ (ပတိ) ဥပသာရပုဒ်သည် နိဝတ္တနအနက်ကို ဟော၏။

အဘိက္ကန္တဝဏ္ဏာ၌ အဘိဥပသာရပုဒ်သည် အဓိကအနက် အတိရေက အနက်, ဝိသေသအနက်တို့ကို ဟော၏။

ဣတိနိပါတ်သည် နိဒဿနအနက်ကို ဟော၏။

ဝိယနိပါတ်သည် ပဋိဘာဂအနက်ကို ဟော၏။

ဝါ၊ ဝိယသဒ္ဒါ၏ အနက်ကား ပဋိဘာဝတ္ထ ဖြစ်ပါသည်။

http://www.dhammadownload.com



(ယ) ဝါကျ။ ။တသ္မာ နိပါတ်သည် ကာရဏာစ္ဆေဒနတ္ထ (ကာ-ရဏာဝစ္ဆေဒနတ္ထ)။

ယထာနိပါတ်သည် ပဋိဘာဂတ္ထ။

သမုသိတေသုဠ် သံဥပသာရုပ်ဒ်သည် သမ္မာအနက်, သုဋ္ဌုအနက်ကို ဟော၏။

ဥ-ဥပသာရပုဒ်သည် ဥဒ္ဓကမ္မအနက်, ဥဂ္ဂတအနက်ကို ဟော၏။

ဆတ္တေသုစေဝဠ် စေဝနိပါတ်သည် သမုစ္စည်းအနက်ကို ဟော၏။ ဝါ၊ သမုစ္စယတ္ထဇောတက ဖြစ်၏။

## ထိုစေဝသဒ္ဒါ၏ ပေါင်းစည်းပုံ ဆခြင်းအရာ သမုစ္စယာကာရ

တံခွန်တို့တွင် သာလျှင် အတိရေကပ္ပမာဏ, နာနာဝိရာဂဝဏ္ဏဝိသေ-သသမ္ပန္န တံခွန်ဖြစ်သည်သာလျှင် မဟုတ်သေး၊ ထီးတို့တွင်လည်း အတိရေ-ကပ္ပမာဏ, ဝိသေသဝဏ္ဏသဏ္ဍာန် ထီးလည်း ဖြစ်သေး၏ဟု ပေါင်းစည်း ပါသည်။

## စေဝသဒ္ဒါ၏ ပိဏ္ဍတ္ထအဓိပ္ပာယ်

တံခွန်တို့တွင် သာလျှင် ။ပ။ ဝိသေသဝဏ္ဏသဏ္ဍာန ထီးလည်းဖြစ်သေး၏ဟု ဆိုလိုပါသည်။

## စေဝသဒ္ဒါဖြင့် သိစေအပ်သော ဉာပေတဗ္ဗအဓိပ္ပာယ်

တံခွန်တို့တွင်သာလျှင် ။ပ။ ဝိသေသဝဏ္ဏသဏ္ဍာန ထီးလည်း ရှိသေး၏ဟူသောအဓိပ္ပာယ်ကို သိစေ၏။

ဓဇေသုစဠ် စ-သဒ္ဒါသည် သမုစ္စည်းအနက်ကို ဟော၏။

## စ-သဒ္ဒါ၏ ပေါင်းစည်းပုံ ဆခြင်းအရာ သမုစ္စယာကာရ

ထီးတို့တွင်သာလျှင် အတိရေကပ္ပမာဏ, ဝိသေသဝဏ္ဏသဏ္ဍာနထီး ဖြစ်သည်သာလျှင် မဟုတ်သေး၊ တံခွန်တို့တွင်လည်း အတိရေကပ္ပမာဏ, နာနာဝိရာဂ ဝဏ္ဏဝိသေသသမ္ပန္နတံခွန်လည်း ဖြစ်သေး၏ဟု ပေါင်းစည်း ပါသည်။

F28A

http://www.dhammadownload.com



ထိုစသဒ္ဒါ၏ ပိဏ္ဍတ္ထ အဓိပ္ပာယ် - ထိုစသဒ္ဒါဖြင့် သိစေအပ်သော ဉာပေတဗ္ဗ အဓိပ္ပာယ်တို့ကို ယခင် စေဝက ဆိုခဲ့သည်တို့ကို နည်းမှီသိပါ။

အတိရေကပ္ပမာဏ၌ အတိဥပသာရ ပုဒ်သည် အတိသယ အနက်ကို ဟော၏။ ဝိသေသ၌ ဝိဥပသာရပုဒ်သည် ဝိသိဋ္ဌ အနက်ကို ဟော၏။ ပမာဏ၌လည်း ပသဒ္ဒါသည် ပကာရ အနက်ကို ဟော၏။ သဏ္ဌာန၌ သံသဒ္ဒါသည် အာကတိ အနက်ကို ဟော၏။

သဏ္ဌာနဥ္စ၌ စသဒ္ဒါ၏ အနက်ကား သမုစ္စယတ္ထ ဖြစ်ပါသည်။

### စသဒ္ဒါ၏ ပေါင်းစည်းအပ်သော သမုစ္စယာကာရ

ထီးသည် လွန်သောပမာဏ ရှိသည်သာလျှင် မဟုတ်သေး၊ ထူးသော အဆင်းသဏ္ဌာန်လည်း ရှိသေး၏ ဟု ပေါင်းစည်း၏။

### စသဒ္ဒါ၏ ဆိုလိုရင်း ပိဏ္ဍတ္ထ

ထီးသည် လွန်သောပမာဏ ရှိသည်သာလျှင် မဟုတ်သေး၊ ထူးသော အဆင်းသဏ္ဌာန်လည်း ရှိသေး၏ ဟု ဆိုလိုပါသည်။

### စသဒ္ဒါဖြင့် သိစေအပ်သော ဉာပေတဗ္ဗအဓိပ္ပာယ်

ထီးသည် လွန်သော ပမာဏရှိသည်သာလျှင် မဟုတ်သေး၊ ထူးသော အဆင်း သဏ္ဌာန်လည်း ရှိသေး၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏။

အတိရေကပ္ပမာဏ-နောင် လိုက်စေအပ်သော စသဒ္ဒါလည်း သမုစ္စည်း အနက်ရှိ၏။

### စသဒ္ဒါ၏ ပေါင်းစည်းအပ်သော သမုစ္စယာကာရ

ထီးသည် ထူးဆန်းသော အဆင်းသဏ္ဌာန် ရှိသည်သာလျှင် မဟုတ်သေး၊ လွန်ကဲသော ပမာဏလည်း ရှိသေး၏ ဟု ပေါင်းစည်း၏။

ပိဏ္ဍတ္ထအဓိပ္ပာယ်၊ သိစေအပ်သော ဉာပေတဗ္ဗ အဓိပ္ပာယ် တို့ကိုလည်း အထက်က ဆိုခဲ့သည်တို့ကို နည်းမှီသိလေ။

http://www.dhammadownload.com



အတိစ္စတ္တ,န္တိ၌ အတိသဒ္ဒါသည် အတိရေကအနက် ဝိသေသအနက်တို့ကို ဟော၏။

ကတ္တိ-နိပါတ်သည် အာကာရ အနက်ကို ဟော၏။ ဝါ-အာကာရတ္တဇောတက။

## သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်နှင့် ဝိသယနာမည်

(က) ဝါကျ။ တတ္ထ၌ တ-သဒ္ဒါသည် အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမိ ဟူသော စကား, တစ်နည်း-အဘိဓမ္မကထံ ဟူသော စကားတို့ကို စွဲ၏။

ဝိသယနာမည်ကား ရှေး၌ ဆိုအပ်ပြီးသော အဘိဓမ္မဿ အတ္ထံ ပကာသယိဿာမိ ဟူသောစကား, (တစ်နည်း) အဘိဓမ္မကထံ ဟူသော စကားဖြပ်တို့ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(တစ်နည်း) အနိယမ ယ-သဒ္ဒါစွဲသောအနက်ကို စွဲသောကြောင့် နိယမဝိသယ တ-မည်၏။

(ခ) ဝါကျ။ ဟေတ္ထ၌ တေ သဒ္ဒါသည် အဘိဓမ္မာဟူသော ပုဒ်ကို စွဲ၏။ ဝိသယနာမည်ကား ဆိုခဲ့ပြီးသော အဘိဓမ္မာဟူသော ပုဒ်ဖြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

[အမှာ။ ။အထက်ပါ (က) ဝါကျ၌ ကေနဋ္ဌေနဝယ် ကိံ သဗ္ဗနာမ်သည် အနက်ကိုစွဲသည်၊ ဝိသယနာမည်ကား ဒဿေန (အတ္တေန)ဟု အစွဲ တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ ဟု မှတ်ပါ။]

(ဂ) ဝါကျရှိ မေ ၌ အမှ, သဗ္ဗနာမ်သည် ဤနေရာဝယ် ဝတ္တုကြောင်းအားလျော်စွာ အနာထပိဏ် သူဌေး, တစ်နည်း, ဆန္ဒမထေရ်ကို စွဲ၏။ ဝိသယ နာမည်ကား အနာထပိဏ်သူဌေးဖြပ်, ဆန္ဒထေရ်ဖြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဃ) ဝါကျ။ တသ္မာ၌ တ သည် အဘိက္ကမန္တိ, အဘိက္ကန္တ ဝဏ္ဏာ စသော ပါဠိရပ်တို့ကဲ့သို့ အဘိ သဒ္ဒါ၏ အတိရေက ဝိသေသ အနက်

http://www.dhammadownload.com



ပြတတ်သည်၏ အဖြစ်ဟူသော အနက်ကိုစွဲ၏။ ဝိသယနာမည်ကား ဒီပနကြိယာ, ဟောတိကြိယာ (ဘဝနကြိယာ) ကို စွဲသောကြောင့် အနုဘူတဝိသယ, တစ်နည်း ဆိုအပ်ပြီးသော အတိရေက ဝိသေသအနက်ကို ပြတတ်သည်၏ အဖြစ်ဟူသော အနက်ခြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

ယံ-၌ ယသည် ထီးခြပ်ကိုစွဲ၏။ ဝိသယနာမည်ကား ဆတ္တံဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

တံ၌ တ သည် ထီးခြပ်ကိုစွဲ၏။ ဝိသယနာမည်ကား ဆိုအပ်ပြီးသော ထီးခြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။ တစ်နည်း, အနိယမ ယ သဒ္ဒါ စွဲသော အနက်ကို စွဲသောကြောင့် နိယမ ဝိသယ တ မည်၏။

## ကြိယာ ၅-တန် ထုတ်ပုံ

(က) ဝါကျ။ ထည့်အပ်သော သော အဘိဓမ္မာ ပုဒ်နှင့် ရှိရင်းစွဲ အဘိဓမ္မာ ပုဒ်တို့အရ—

၁။ ကုသလာ ဓမ္မာ စသော ပါဠိတော်ဟူသော ဝစီဘေဒသဒ္ဒ, အဘိဓမ္မဟူသော နာမပညတ္တိသဒ္ဒါတို့သည် ဒဿနတ္ထ၊

၂။ ဒေသနာ ဉာဏ်တော်သည် ဒီပကတ္ထ၊

၃။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်းသည် ပကာသနတ္ထ၊

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတ ဉာဏ်တော်တို့သည် ဝိဘာဝတ္ထ၊

၅။ ဒိဋ္ဌဓမ္မိက - သမ္ပရာယိက - ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ, စသော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

(ခ) ဝါကျ။ [ဤ (ခ) ဝါကျလုံးအရကို ကုသလာဓမ္မာ စသော ပါဠိဟူသော ဝစီဘေဒသဒ္ဒကိုယူ၍ ယခင်အတိုင်းထုတ်ပါ။]

(ဂ) ဝါကျ။ ဝေဒနာအရ—

၁။ ဝေဒနာ စေတသိက်သည် ဒဿနတ္ထ၊

http://www.dhammadownload.com



၂။ ဖဿသည် ဒိပကတ္ထ၊

၃။ တဏှာသည် ပကာသနတ္ထ၊

၄။ နာမ်, ရုပ်, သဠာယတန စသည်တို့သည် ဝိဘဝေတ္ထ၊

၅။ ဥပါဒါန်, ဘဝ စသည်တို့သည် အနုဘာဝတ္ထ၊

[ပဋိစ္စ သမုပ္ပါဒ်နည်းကိုမှီ၍ ထုတ်ပုံတည်း။]

(ဃ) ဝါကျ။ ဝုစ္စတိဣ အနဲ့တ္ထဝစခေတ်အရ = သတိ,ဝီရိယ,ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ရ၏။

၁။ ထို သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ၊

၂။ ယောနိသော မနသိကာရနှင့် ထီးတည်းဟူသော အာရုံသည် ဒီပကတ္ထ၊

၃။ အတိစ္ဆတ္တံ ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ၊

၄။ ထီးကို လွန်ကဲထူးဆန်းစွာ ပြုလုပ်ထားခြင်း, ထိုကဲ့သို့ လွန်ကဲ ထူးဆန်းစွာ ပြုလုပ်ထားနိုင်အောင် ဆရာ့စကား နားထောင် ခြင်း, ဆရာ့ထံ ချဉ်းကပ်ခြင်း စသည်တို့သည် ဝိဘာဝတ္ထ၊

၅။ အတိစ္ဆတ္တံ-ဟူသော ဝစီဘေဒသဒ္ဒကို သုဏန္တပုဂ္ဂိုလ်တို့ ကြားရ ခြင်း, ထိုအတိစ္ဆတ္တနှင့်စပ်၍ အနက်အဓိပ္ပာယ် အမျိုးမျိုး သိရ ခြင်း စသည်တို့သည် အနုဘာဝတ္ထ။

## သိဒ္ဓိရနိုင်ပုံ

(ဂ) ဝါကျ။ အဘိဓမ္မာ၌ အဘိသဒ္ဒါ၏ အတိရေကအနက်,ဝိသေသ အနက် ဟော၏ အဖြစ်ကို ဗာဋ္ဌာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ စသော ဤ အာဂမ ပါဠိဖြင့် ပြီးစေအပ်သောကြောင့် ဝါ၊ ဤ အာဂမ ပါဠိကို ထောက်ဆ၍ သိအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိ မည်၏။

http://www.dhammadownload.com



အထူး (၉-နံပါတ်အတွက်)

(က) ဝါကျ။ သော အဘိဓမ္မော ဟူသော ထည့်အပ်သော စကား၌ အဘိဓမ္မအရ အဘိဓမ္မာ ပါဠိတော် ဖြစ်ရ၏။ ကေနဋ္ဌေန အဘိဓမ္မော၌ အဘိဓမ္မအရ အဘိဓမ္မာ ဟူသော နာမပညတ်ရ၏။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(၁)။ ဝါကျ။ ဝေဒနာအရ ဝေဒနာ စေတသိက် တည်းဟူသော ပစ္စည်းတရားသည် အဘိက္ကမန္တိ, နော ပဋိက္ကမန္တိ ဟူသော ကြိယာပုဒ်အရ ဝေဒနာ သမ္ပယုတ်စိတ္တုပါဒ်, ပစ္စယုပ္ပန် တရားအား ဝါ၊ ဒုက္ခ သဟဂုတ် ကာယဝိညာဉ်စိတ် ၁-ခု ဝေဒနာကြဉ် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၆-ခု ပစ္စယုပ္ပန်တရားအား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပြိုင်နိုင်သေးစည်းများကား - သဟဇာတ, အညမည,နိဿယ,ဝိပါက, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ, ပေါင်း ၈-ပစ္စည်း ဖြစ်ပါသည်။

(ဃ) ဝါကျ။ တံ ဟူသော ကံပုဒ်အရ ထိုး၌ရှိသော အဋ္ဌကလာပ် ရုပ်ပစ္စည်းတရားသည် ဂုစ္စတိ၌ အန္တတ္ထဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

ပြိုင် - အာရမ္မဏ, အာရမ္မဏ ပုရေဇာတ, အာရမ္မဏ ပုရေဇာတတ္ထိ အာရမ္မဏပုရေဇာတ အဝိဂတ (၄)။

(တစ်နည်း) တံ အရ ယခင် ပစ္စည်းတရားသည် ဂုစ္စတိ၌ ဝစဓာတ်အရ ဝီရိယ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

ပြိုင် - အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ, အာရမ္မဏ ပုရေဇာတ, အာရမ္မဏပုရေဇာတတ္ထိ, အာရမ္မဏပုရေဇာတ အဝိဂတ (၆)။

အတိစ္ဆတ္တန္တိ ဟူသော အာကာရပုဒ်အရ အတိစ္ဆတ္တ ဟူသော နာမ ပညတ္တိသဒ္ဒါသည် ဂုစ္စတိ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်အား ဝါ-ဝီရိယ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ (ပြိုင်-မရှိ)။

http://www.dhammadownload.com



(တစ်နည်း) ဝုစ္စတိ၌ ဝစခေါ်တ် အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် အတိစ္ဆတ္တတ္တိ ဟူသော အာကာရပုဒ် အရ အတိစ္ဆတ္တ ဟူသော ပရမတ္ထ ဝစီဘေဒ သဒ္ဒရုပ်အား သဟ ပြု၏။

ပြိုင်- ယထာရဟ သဟ၊ ဓိ၊ သဟ၊ နိ၊ ကံ၊ ဟံ၊ ဣ၊ ရှာ၊ မဂ္ဂ၊ ဝိပ္ပ၊ တ္ထိ၊ အဝိ။

[မှတ်ချက်။ ။အာကာရနှင့် ကြိယာပုဒ် ပစ္စည်းပြိုင်ရာ၌ အာကာရပုဒ် အရ နာမပညတ္တိသဒ္ဒါပစ္စည်းဟူ၍ ကြိယာပုဒ် ခေါ်တ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန် ယူလျှင် အာရမ္မဏမျိုးဖြစ်၍ အာရမ္မဏ ပြု၏။ ပြိုင်မရှိ။

(တစ်နည်း) ကြိယာပုဒ်၌ ခေါ်တ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စည်းဟူ၍ အာကာရပုဒ်အရ ပရမတ္ထ ဝစီဘေဒ သဒ္ဒရုပ် ပစ္စယုပ္ပန် ယူလျှင် သဟ မျိုးဖြစ်၍ ကြီး-၄၊ ဝိပ္ပလတ်-၁၊ ငယ်-၇၊ ပေါင်း (၁၂) ပစ္စည်း ယထာရဟပြိုင်။ အာကာရနှင့် ကြိယာပုဒ်တွေ့တိုင်း ဤ ပစ္စည်း ပြိုင်နည်းကို မှတ်ပါ။]

(ဝုစ္စတိ၌ ဗာဟုလျတ္တတေဝိဘတ်အရ ယခင် ကံပုဒ် တံ အရအတိုင်း ကောက်၍ ပစ္စည်းထားပြီး ဝစခေါ်တ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်ကောက်၍ ပစ္စယုပ္ပန်ထားပြီးလျှင် အာ, ဓိ, ဉပ, ပု, တ္ထိ, အဝိ (၆) ပစ္စည်း ပြိုင်ပါ။)

ထည့်အပ်သော ပါဠိသေသ ဇနေန (သို့မဟုတ်) ပဏ္ဍိတေန ကတ္တားပုဒ် အရ သတိ, ဝီရိယ, ဉာဏ် ပစ္စည်းတရားသည် ဝုစ္စတိ၌ ဝစခေါ်တ်အရ သတိ, ဝီရိယ, ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ ပြု၏။

ပြိုင်-ယထာရဟ ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ္ဂ၊ သံ၊ တ္ထိ၊ အဝိ (၁၀)။

(ဝစခေါ်တ်အရ သတိ, ဝီရိယ, ဉာဏ် ပစ္စည်းယူ၍ ဇနေန, ပဏ္ဍိတေန အရ သတိ, ဝီရိယ, ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ပစ္စယုပ္ပန် ယူပြီးလျှင် ယခင် ၁၀-ပစ္စည်း ပြိုင်ပါ။)

http://www.dhammadownload.com

# သုတ္တ သဒ္ဒါ အဖွင့်

(က) ဣတရံ ပန-
အတ္ထာနံ သူစနတော, သုဝုတ္တတော သဝနတောထ သူဒ-နတော။ သုတ္တာဏာသုတ္တသဘာ-ဂတောစ "သုတ္တ"န္တိ အက္ခာတံ။

(ခ) တဉှိ အတ္တတ္ထ ပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ။

(ဂ) သုဝုတ္တာ စေတ္ထ အတ္ထာ ဝေနေယျဇ္ဈာသယာနုလောမေန ဝုတ္တတ္တာ။

(ဃ) သဝတိ စေတံ အတ္ထေ၊ သဿမိဝ ဖလံ ပသဝတီတိ ဝုတ္တံ ဟောတိ။

(င) သူဒတိ စေတံ၊ ဓေနု ဝိယ ခီရံ၊ ပဂ္ဃရတီတိ ဝုတ္တံ ဟောတိ။

(စ) သုဋ္ဌု စ နေ တာယတိ၊ ရက္ခတီတိ ဝုတ္တံ ဟောတိ။

(ဆ) သုတ္တ သဘာဂဉ္စေတံ။

(ဇ) ယထာ ဟိ တစ္ဆကာနံ သုတ္တံ-ပမာဏံ ဟောတိ၊ ဧဝမေတမ္ပိ-ဝိညူနံ။

(ဈ) ယထာ စ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖာနိ န ဝိကိရိယန္တိ, န ဝိဒ္ဓံသိယန္တိ၊ ဧဝမေတေန သင်္ဂဟိတာ အတ္ထာ(၄-၂၀)

## ကျမ်းတက်

### ဌပနာ ပဋ္ဌက

ပုစ္ဆာတက်

(က) ဝါကျ။ အရှင် အဋ္ဌကထာဆရာ (အာ) အရှင် အဋ္ဌကထာ ဆရာသည် (ကတ်)

ဝိဝိဓ ဝိသေသနယတ္တာ စ သောပါဌ်ဖြင့် ရှေ့၌ ဝိနယသဒ္ဒါ၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ (၄)၊ ဤသို့ဆိုချေသော် (ဏ) သုတ္တသဒ္ဒါ၏ ဝစနတ္ထသည်

http://www.dhammadownload.com



လည်းရှိသင့်သည် မဟုတ်ပါလော (ဘော)၊ ထိုသို့ ရှိသင့်လေသောကြောင့် (ဘော-ဟေ) တစ်နည်း၊ သုတ္တသဒ္ဒါ၏ ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော (ဘော) ထိုသို့ ရောက်ရာလေသောကြောင့် (ဘော-ဟေ) ဝိနယသဒ္ဒါ၏ ဝစနတ္ထမျှကိုသာ မဆိုသင့် (ဌ-ခေ) သုတ္တသဒ္ဒါ၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏(နွ) သုတ္တသဒ္ဒါ၏ ဝစနတ္ထကား အဘယ်ပါနည်း (ပုစ္ဆာ) ဤသို့မေးဖွယ် ရှိသောကြောင့် (က) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား (က) ဝါကျဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကိုပြဆို၏ဟူလို။

စောဒနာတက်ရာ၌-သုတ္တသဒ္ဒါ၏ ဝစနတ္ထကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏ဟု (ဒေါသာရောပန စောဒနာ ထည့်ဆို၍ တက်ပါ)။

အဓိပ္ပာယ်ကား-ဣတရံ ပန စသော (က) ဝါကျဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကိုလည်း ပြဆိုသောကြောင့် သင်စောဒကတင်သော အဗျာပိတဒေါသ မရောက်ဟူလို။

(ခ) ဝါကျ။ ဆရာ ဆရာသည် (က) ဝါကျဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကို အကျဉ်းသခေပအားဖြင့် ပြဆိုတော်မူ၏၊... သော် ထိုစကားရပ်၏ အကျယ်ကိုမသိအပ်သည် မဟုတ်ပါလော၊ ထိုသို့ မသိအပ်လေသောကြောင့် (တစ်နည်း) အကျယ် ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော၊ ထိုသို့ ရောက်ရာလေသောကြောင့်(က) ဝါကျဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကို အကျဉ်းသခေပအားဖြင့်သာ မဆိုသင့်၊ အကျယ် ဝိတ္ထာရအားဖြင့်လည်း ပြဆိုသင့်သေး၏။ အကျယ် ဝိတ္ထာရကား အဘယ်နည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့်(ခ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား-(ခ)ဝါကျဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကိုအကျယ် ဝိတ္ထာရအားဖြင့်ပြဆို၏ ဟူလို။

စောဒနာတက်ရာ၌-အကျယ်ဝိတ္ထာရကို မပြဆိုခဲ့သော် အကျဉ်းအကျယ် ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ (ဒေါ-စော) ထည့်၍ တက်ပါ။

အဓိပ္ပါယ်ကား-(ခ) ဝါကျဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကို အကျယ် အားဖြင့်ပြဆိုသောကြောင့်။ပ။ ဟူလို။

http://www.dhammadownload.com



(ဂ) ဝါကျ။ ဆရာ ဆရာသည်(ခ) ဝါကျဖြင့် သူစနတော-ဟူသော ဟိတ်ပါဋ်၏ အကျယ်ကိုပြဆိုတော်မူ၏။... သော် သုဝုတ္တတော ဟူသော ဟိတ်ပါဋ်၏ အကျယ်သည်လည်း ရှိသင့်သည်မဟုတ်ပါလော။ ထိုသို့ ရှိသင့်လေသောကြောင့် (တစ်နည်း) သုဝုတ္တတော-ဟူသော ဟိတ်ပါဋ်၏အကျယ်ကို မပြဆိုဟူသောအဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော။ ထိုသို့ ရောက်ရာလေသောကြောင့် သူစနတော ဟူသော ဟိတ်ပါဋ်၏အကျယ်မျှကိုသာ မဆိုသင့်၊ သုဝုတ္တတော ဟူသော ဟိတ်ပါဋ်၏ အကျယ်ကိုလည်း ပြဆိုသင့်သေး၏၊ သုဝုတ္တတော ဟူသော ဟိတ်ပါဋ်၏ အကျယ်ကား အဘယ်ပါနည်း၊ ဤသို့ မေးဖွယ် ရှိသောကြောင့် 'သုဝုတ္တတော စေတ္တ' စသော (ဂ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား-(ဂ) ဝါကျဖြင့် သုဝုတ္တတော ဟူသော ဟိတ်ပါဋ်၏ အကျယ်ကိုလည်း ပြဆို၏-ဟူလို။

(စောဒနာတက်လည်း သိလောက်ပြီ၊ အဗျာပိတဒေါသတင်။)

(ဃ) ဝါကျသို့ကျမ်းတက်ရာ၌ 'သဝနတော' ဟိတ်ပါဋ်၏အကျယ်,

(င) ဝါကျသို့ကျမ်းတက်ရာ၌ 'သူဒနတော' ဟိတ်ပါဋ်၏အကျယ်,

(စ) ဝါကျသို့ကျမ်းတက်ရာ၌ 'သုတ္တာဏာ' ဟိတ်ပါဋ်၏အကျယ်,

(ဆ) ဝါကျသို့ကျမ်းတက်ရာ၌ 'သုတ္တသဘာဂတော' ဟိတ်ပါဋ်၏ အကျယ်ဖြစ်သည်ကို ကြည့်ရှုစဉ်းစား၍ ကျမ်းတက်ပါ။ (ဂ) ဝါကျကျမ်းတက် သဘောသွားမျိုးချည်း ဖြစ်သည်။

(ဇ) ဝါကျ။ ဆရာ ဆရာသည်(ဆ)ဝါကျဖြင့်ဤသုတ်သည်တမျဉ်းချည်, ပန်းသီးချည်နှင့်တူသည်ဟု ပြဆိုတော်မူ၏။ ... သော် ထိုစကား ရပ်၏အနက် အဓိပ္ပာယ်သည် ဥပမာ ဥဒါဟရဏ်နှင့်ကင်း၍ မပေါ်လွင် မထင်ရှား သေးသည်မဟုတ်ပါလော။ ပ။ ဥပမာ ဥဒါဟရဏ်ကိုလည်း ပြဆိုသင့်သေး၏၊(နွ) စသည်။

အဓိပ္ပာယ်ကား-(ဇ) ဝါကျဖြင့် ထိုစကားရပ်၏ အနက်အဓိပ္ပာယ်ကို ဥပမာ ဥဒါဟရဏ်ဖြင့် ထင်ရှားအောင်ပြဆို၏ဟူလို။

စောဒနာတက်လျှင် အဗျာပိတဒေါသ,အပါကဋ-တပ္ပါကဋီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသတင်တက်ပါ။

(ဇ-ဈ နှစ်ဝါကျပေါင်းတက်လျှင်လည်း ဤအတိုင်းပင်)

-တတိယအကြိမ်-

http://www.dhammadownload.com



(ဈ) ဝါကျသို့ သီးခြားကျမ်းတက်သော်-ဆရာ ဆရာသည် (ဇ) ဝါကျဖြင့် သုတ်၏ တမျဉ်းချည်နှင့်တူပုံ ဥပမာကို ပြဆိုတော်မူ၏၊ ...သော် သုတ်၏ ပန်းသီချည်နှင့်တူပုံကိုလည်း ထင်ရှားအောင် ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ အာဘော်-စသည်ဆို၍ တက်ပါ။ ဒေါသတင်လျှင် အဗျာ ပိတ။

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ (အာလုပ်,ကတ္တား,ဌပနာ ရှေးဌပနာပဋ္ဌက ကျမ်းတက် က နှင့်တူ၏။) ဤသို့သာဆိုချေသော် ဝိနယသဒ္ဒါ၏ ဝစနတ္ထ သာရှိ၍ သုတ္တ သဒ္ဒါ၏ ဝစနတ္ထမရှိဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ ဝါ-သုတ္တသဒ္ဒါ၏ ဝစနတ္ထကို မပြဆိုဟူသော အနက်အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏၊(နု-ပါ) ။ပ။ သုတ္တသဒ္ဒါ၏ ဝစနတ္ထကိုလည်း ပြဆိုသင့် သေး၏ (နု-ရော) စသည် ...။

(ခ) ဝါကျ။ ထိုစကားရပ်၏အနက်အဓိပ္ပာယ်ကို အကျဉ်းအားဖြင့်သာ သိသင့်သိထိုက်၏။ အကျယ်အားဖြင့် မသိသင့်မသိထိုက်ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နု-ပါ) စသည် ...။

(ဂ) ဝါကျ။ သူစနတော ဟိတ်ပါဌ်၏ အကျယ်သာရှိ၍ သုဝုတ္တတော ဟိတ်ပါဌ်၏ အကျယ်မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ ဝါ သုဝုတ္တတော ဟူသော ဟိတ်ပါဌ်၏ အကျယ်ကိုမပြဆိုဟူသော အဓိပ္ပာယ် ရောက်ခဲ့ရာ၏ (နု-ပါ) စသည် ...။

(ဃ) (င) (စ) (ဆ) ဝါကျတို့သို့ ကျမ်းတက်ရာ၌လည်း ဤ (ဂ) ဝါကျ ကျမ်းတက်နည်းမှီ။

(ဇ) ဝါကျ။ ဤသို့ သုတ်သည် တမျဉ်းချည်နှင့် တူသည်ဟုဆိုရာ၌ ဥပမာ ဥဒါဟရုဏ်နှင့် ကင်း၍ ဖြစ်ကောင်း၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ-ထိုစကားရပ်၏ ဥပမာ ဥဒါဟရုဏ်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ခဲ့ရာ၏ (နု-ပါ) စသည် ...။

(ဈ) ဝါကျ။ သုတ်၏ ပန်းသီချည်နှင့်တူပုံကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ခဲ့ရာ၏၊ (နု-ပါ) စသည် ...။

-တတိယအကြိမ်-

http://www.dhammadownload.com



## ဒေါသ သင့်ပုံ, ပယ်ပုံ

ရှေ့၌ ဝိနယသဒ္ဒါ၏အဖွင့် သံဝဏ္ဏနာကို ထောက်ဆလျှင် (က)ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသကို ပယ်၏။

ပယ်ပုံကား-ရှေ့၌ ဝိနယသဒ္ဒါ၏အဖွင့် သံဝဏ္ဏနာမျှကိုသာ ပြဆိုသည် မဟုတ်ဘဲ(က)ဝါကျဖြင့် သုတ္တသဒ္ဒါ၏အဖွင့် သံဝဏ္ဏနာကိုလည်း ပြဆိုလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွားသောကြောင့် အဗျာပိတ ဒေါသ,အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

ဤ(က)ဝါကျကို ထောက်ဆလျှင် ရှေ့ဝိနယသဒ္ဒါ၏အဖွင့် သံဝဏ္ဏနာတို့၌ အဗျာပိတဒေါသသင့်၏။ (ခ) ဝါကျကိုထောက်လျှင် (က) ဝါကျ၌ ဝိရောဓိဒေါသ, အဗျာပိတဒေါသ သင့်၏။

သင့်၌ကား(က)ဝါကျဖြင့် သခေ်ပကိုသာ ဆိုရသေး၍ ဝိတ္ထာရမဆိုရသေးသဖြင့် သခေ်ပဝိတ္ထာရဆန့်ကျင်နေသောကြောင့် ဝိရောဓိဒေါသ, သခေ်ပသာပြရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ်မနှံ့စပ် မပြည့်စုံသေးသောကြောင့် အဗျာပိတဒေါသ သင့်နေ၏။

(ခ) ဝါကျဖြင့် ဝိရောဓိဒေါသ,အဗျာပိတဒေါသတို့ကို ပယ်၏။ ပယ်ပုံ ကား သခေ်ပစကားကိုသာ ဆိုသည်မဟုတ်၊ ဝိတ္ထာရစကားကို ဆိုသောအားဖြင့် သခေ်ပ ဝိတ္ထာရ မဆန့်ကျင်သောကြောင့် ဝိရောဓိဒေါသ, ဝိတ္ထာ-ရကိုပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ်နှံ့စပ်ပြည့်စုံသွားသောကြောင့် အဗျာပိတ ဒေါသကို ပယ်၏။

(တစ်နည်း) မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျ ပြရိုးထုံးစံဖြစ်သော ကြောင့်(ခ) ဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်၏။

(ဂ) ဝါကျကိုထောက်ဆလျှင်(ခ)ဝါကျ၌ အဗျာပိတဒေါသသင့်၏။ သင့်ပုံကား-သူစနတော-ဟိတ်ပါဠ်၏ အကျယ်ကိုသာပြရသေး၍ အလိုရှိအပ်သော အနက် အဓိပ္ပာယ်မနှံ့စပ်မပြည့်စုံသောကြောင့် အဗျာပိတ ဒေါသ သင့်၏။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသကိုပယ်၏။ ပယ်ပုံကား-သုဝုတ္တတော ဟူသော ဟိတ်ပါဠ်၏ အကျယ်ကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွားသောကြောင့် အဗျာပိတ ဒေါသကို ပယ်၏။

-တတိယအကြိမ်-

http://www.dhammadownload.com



ဤနည်းကိုမှီ၍(ဃ) (င) (စ) (ဆ) ဝါကျတို့၌ ရှေးရှေးဝါကျတို့ဝယ် အဗျာပိတဒေါသသင့်ပုံ ,နောက်နောက်ဝါကျတို့ဖြင့် အဗျာပိတဒေါသ ပယ်ပုံတို့ကို သိပါလေ။

(ဇ) ဝါကျကိုထောက်ဆလျှင်(ဆ) ဝါကျ၌ ဝိရောဓိ ဒေါသ, အဗျာပိတဒေါသသင့်၏။သင့်ပုံကား(ဆ)ဝါကျဖြင့် အပါကဋ္ဌ အားဖြင့်ဆို ရသေး၍ အပါကဋ္ဌ–တပ္ပါကဋ္ဌိကရဏ ဆန့်ကျင်နေသောကြောင့် ဝိရောဓိ ဒေါသ၊ အပ္ပါကဋ္ဌသာ ပြရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မနှံ့စပ်မပြည့်စုံသောကြောင့် အဗျာပိတဒေါသ သင့်၏။

(ဇ) ဝါကျဖြင့် ဝိရောဓိဒေါသ,အဗျာပိတဒေါသ တို့ကိုပယ်၏။ ပယ်ပုံကား–တပ္ပါကဋ္ဌိကရဏ–ကိုပြဆိုလိုက်သဖြင့် အပါကဋ္ဌ–တပ္ပါကဋ္ဌိ ကရဏ မဆန့်ကျင်သောကြောင့် ဝိရောဓိဒေါသ,တပ္ပါကဋ္ဌိကရဏ ကိုပြဆို လိုက်သဖြင့် အလိုရှိအပ်သောအနက်အဓိပ္ပာယ်နှံ့စပ်ပြည့်စုံသွား သောကြောင့် အဗျာပိတ ဒေါသ ကိုပယ်၏။

(ဈ) ဝါကျကိုထောက်ဆလျှင် (ဇ) ဝါကျ၌ အဗျာပိတဒေါသသင့်၏။ သင့်ပုံကား(ဇ) ဝါကျဖြင့် တစ်မျဉ်းချည်နှင့်တူပုံကိုသာပြရသေး၍ အလိုရှိ အပ်သော အနက်အဓိပ္ပာယ် မနှံ့စပ်မပြည့်စုံသောကြောင့် အဗျာပိတဒေါသ သင့်၏။

(ဈ) ဝါကျဖြင့် အဗျာပိတဒေါသကိုပယ်၏။ ပယ်ပုံကား (ဈ)ဝါကျ ဖြင့်ပန်းသီချည်နှင့်တူပုံကိုလည်း ပြဆိုလိုက်သဖြင့် အလိုရှိအပ်သော အနက် အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွားသောကြောင့် အဗျာပိတဒေါသကို ပယ်၏။

**(က) ဝါကျ သုတ္တသဘာဂတောစ၌ စ သဒ္ဒါအကြောင်းလဲပုံ**

မိမိအကျိုး သူတစ်ပါးအကျိုး စသည်ကို ပြတတ်သည်၏ အဖြစ်, ကောင်းစွာ ဟောရာ၏ အဖြစ်,သီးတတ်သည်၏ အဖြစ်,ကောင်းစွာယိုစီးတတ် သည်၏အဖြစ်, ကောင်းစွာစောင့်ရှောက်တတ်သည်၏အဖြစ်တည်းဟူသော သကတ် အနက် အကြောင်းငါးပါးမှ တစ်ပါး၊ တစ်မျဉ်းချည် ပန်းသီချည်နှင့် တူသည်၏အဖြစ်တည်း ဟူသော သကတ်အနက် အကြောင်းတစ်ပါးကိုလဲလို သောကြောင့် သုတ္တသဘာဂတောစ၌ 'စ' သဒ္ဒါထားပါသည်။

–တတိယအကြိမ်–

http://www.dhammadownload.com



## သဝနတောထဉ္ဒ အထ သဒ္ဒါအကြောင်းလဲပုံ

မိမိအကျိုး သူတစ်ပါးအကျိုး စသည်ကိုပြတတ်သည်၏ အဖြစ်, ကောင်းစွာ ဟောရာ၏အဖြစ် တည်းဟူသော သကတ်အနက် အကြောင်း နှစ်ပါးမှတစ်ပါး သီးတတ်သည်၏အဖြစ်တည်းဟူသော သကတ်အနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် သဝနတောထ-၌ 'အထ' သဒ္ဒါ ထား၏။

အထက်ပါ(စျ) ဝါကျအောက်နားရှိ "တေနေတ မေတဿ ဝစနတ္ထ ကောသလ္လတ္ထံဝုတ္တံ" (၄-၂၀) ၌ တေနသဒ္ဒါထားပုံ-

လဒ္ဓဂုဏ်ကို ပြလိုသောကြောင့်(တစ်နည်း) သောတုဇန တို့အား သတိမြဲစေလိုသောကြောင့်(တစ်နည်း) ရှေ့အတ္တာနံသူစနတောစသော အကျဉ်းဂါထာနှင့် 'တဦအတ္တတ္ထပရတ္ထာဒိဘေဒေ'စသောအကျယ်ကို အထူး မှတ်စေလိုသောကြောင့် တေနသဒ္ဒါ ထားပါသည်။

## နိပါတ်ပုဒ်များ ထားရခြင်းအကြောင်း

ဝိနယသဒ္ဒါ၏ ဝစနတ္ထမှတစ်ပါး သုတ္တသဒ္ဒါ၏ ဝစနတ္ထကိုပြလိုသော ကြောင့်၊ ဝါ- ပက္ခန္တရဇောတက အဖြစ်ကိုပြလိုသောကြောင့်(က) ဝါကျ ဣတရံပန-၌ 'ပန' သဒ္ဒါကိုထားသည်။

မိမိအကျိုးသူတစ်ပါးအကျိုးတို့ကိုပြတတ်သည်၏အဖြစ်အစရှိသော ရှေးဆိုအပ်ပြီးသော အကြောင်းငါးပါးတို့ကြောင့်သာလျှင် သုတ္တမည်သည် မဟုတ်သေး။ တစ်မျိုး ချည်,ပန်းသီချည်နှင့် တူသည်၏အဖြစ်ကြောင့်လည်း သုတ္တမည်သေး၏ဟု သမုပစ္စည်းအနက်ကို ပြလိုသောကြောင့် သုတ္တသဘာဂ **တောစ၌'စ'သဒ္ဒါထားသည်။**

ရှေးသခ်ေပစကားကိုအကျယ်ချဲ့ပြလိုသောကြောင့်၊ ဝါ၊ ဝိတ္ထာရ ဇောတကအဖြစ်ကို ပြလိုသောကြောင့် တဦ၌ 'ဟိ' နိပါတ်ကို ထားသည်။

သူစနတော-ဟူသောဟိတ်ပါဌ်၏ အကျယ်မှတစ်ပါး သုဝုတ္တ တောဟူသော ဟိတ်ပါဌ်၏အကျယ်ကိုပြလိုသောကြောင့် ဝါ၊ ပက္ခန္တရ ဇောတက, ဝိတ္ထာရဇောတကအဖြစ်ကို ပြလိုသောကြောင့် သုဝုတ္တာစေတ္တ၌ 'စ'သဒ္ဒါထား သည်။ (ကြွင်းသော သဝတိစေတံ,သူဒတိစေတံ စသည်တို့၌ စသဒ္ဒါထားပုံ ကိုလည်း ဤနည်းမှီသိ)။

-တတိယအကြိမ်-

http://www.dhammadownload.com



ရှေးအပါကဋ္ဌစကားကို ဥပမာဥဒါဟရုဏ်အားဖြင့် ထင်ရှားအောင် ပြလိုသောကြောင့်၊ ဝါ၊ တပ္ပါကဋ္ဌကရဏ ဓောတကအဖြစ်ကိုပြလို သောကြောင့် 'ယထာဟိ' ၌ 'ဟိ' နိပါတ်ကို ထားသည်။

တစည်းသမား (လက်သမား) တို့၏ တမျဉ်းချည်သည်သာလျှင် ပမာဏ-ဖြစ်သည်မဟုတ်သေး၊ ဤသုတ်သည်လည်း ပညာရှိတို့၏ ပမာဏ သည်ဖြစ်၏ဟူသော သမုစ္စည်းအနက်,သမ္ဘာဝနာအနက်ကို ပြလိုသောကြောင့် ဝေမေတမ္ပိ၌ 'ပိ' (အပိ) သဒ္ဒါကိုထားသည်။

## ဝုတ္တံ ဟောတိ သဒ္ဒါထားပုံ

ဆိုလိုရင်း ပိဏ္ဍတ္ထအဓိပ္ပာယ်ကို ပြလိုသောကြောင့်ဝါ၊ ရှေး၌ဆိုအပ် သော နေယျတ္ထ-ဂူဠတ္ထ၏စကားကျ အဓိပ္ပာယ်ကို ဝါ၊ ပဒပိဏ္ဍတ္ထကို ပြလိုသောကြောင့်(ဃ) (င) (စ) ဝါကျတို့၌ 'ဝုတ္တံဟောတိ' ထား၏။

[ဆောင်] ဝုတ္တံဟောတိ၊ သိဒ္ဓံရှိက၊ နေယျတ်သိုလှ,စကားကျ။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတျာဒိ စတုက္က

(က) ဝါကျ။ အရိယန္တေ ဉာယန္တေတိ အတ္ထာ။ (တေသံအတ္ထာနံ)

၁။ အရိယန္တေဉာယန္တေတိဟူသော ဝိဂ္ဂဟဝါကျသည်ဗျုပ္ပတ္တိ၊

၂။ အ,ရီယန်,တေ ဟူသော အစိတ်အစိတ်ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော သိခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်၊

၃။ အတ္ထာဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ၊

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သောသိခြင်းကြိယာသည် ပဝတ္တိနိမိတ်။ သူစေတီတိ သူစနံ။ (ပြခြင်းကြိယာခွဲ)

ဤအတ္ထာနံ သူစနတော သံဝဏ္ဏနာအရ-အတ္တတ္ထပရတ္ထာဒိဘေဒေ အတ္ထေ သူစေတီတိ သုတ္တံ ဟုပြု။

၂။ သူစေတီတိဟူသော အစိတ်စိတ် ပရမတ္ထသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပြခြင်းကြိယာသည် ဗျု-နိ၊

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ပြခြင်းကြိယာသည် ပ-နိ၊ ဝုစ္စန္တီတိဝုတ္တာ။ သုဋ္ဌုဝုတ္တာ ဧတ္ထ အတ္ထာတိသုဝုတ္တံ (တတော သုဝုတ္တတော)။

-တတိယအကြိမ်-

http://www.dhammadownload.com



၂။ ကောင်းစွာ ပေါအပ်သော အနက်၏သုတ်နှင့် ဋ္ဌာနီ+ဋ္ဌာန, အကျိုးအကြောင်း–စပ် ဗျု–နိ၊

၄။ သုတ်တို့၏ တစ်ခုသည်။ ပ။ ဓာတ်သည် ပ–နိ။

ဤ'သုဝုတ္တတော" သံဝဏ္ဏနာအရ–သုဋ္ဌု ဥတ္တာ ဇ္ဈောအတ္ထာတိ သုတ္တံဟုပြု (ယခင်သုဝုတ္တံအတိုင်းခွဲ) ဥစ္စန္တီတိဥတ္တာ၊ သုဋ္ဌုဥတ္တာ ဇ္ဈောတိ သုတ္တံဟု အစိတ်အပေါင်းလည်းပြုနိုင်၏။

အတ္ထေ သဝတိ ပသဝတီတိ သဝန်။ (တတော သဝနတော) (သီခြင်းကြိယာခွဲ) ဤသံဝဏ္ဏနာအရ–အတ္ထေ သဝတိ ပသဝတီတိ သုတ္တံဟုပြု။

အတ္ထေ သူဒတီတိ သူဒန်၊ (တတောသူဒနတော) ယိုစီးခြင်း, သွန်းချခြင်း, (ယိုစီးစေခြင်းကြိယာခွဲ)၊ဤသံဝဏ္ဏနာအရ–အတ္ထေသူဒတီတိ သုတ္တံဟုပြု။

သုဋ္ဌု အတ္ထေ တာယတီတိ သုတ္တာဏံ၊ (တသ္မာ သုတ္တာဏာ) ကောင်းစွာစောင့်ရှောက်ခြင်းကြိယာခွဲ၊ ဤသံဝဏ္ဏနာအရသုဋ္ဌု အတ္ထေ တာယ တီတိ သုတ္တံပြု၏။

သု–တာ–ယ–တိ ဟူသော အစိတ် အစိတ် ပရမတ္ထ သဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကောင်းစွာ စောင့်ရှောက် ကြိယာခြင်းသည် ဗျု–နိ ဟုခွဲပါ။

သုတ္တိယတော ဂန္တိယတော ဝေဋ္ဌိယတောအနေနာတိ သုတ္တံ။ (ပကတိချည်တည်း) ဘဇိတဗ္ဗောတိ ဘာဂေါ။ သမာနော ဘာဂေါ ယဿာတိ သဘာဂံ။ သုတ္တန သဘာဂံ သုတ္တသဘာဂံ (တတော သုတ္တသဘာဂတော)

၂။ တမျဉ်းချည်,ပန်းသီးချည်၏တူသောသုတ်နှင့် ဥပမာန ဥပမေယျ စပ်....ဗျု–နိ၊

၄။ တမျဉ်းချည်,ပန်းသီချည်တို့နှင့်တူခြင်းကြိယာ ဝါ– တူသည်၏အဖြစ်ဟူသော ဂုဏ်သည် ပ–နိ၊

ဤသံဝဏ္ဏနာအရ သုတ္တိယတော ဂန္တိယတော ဝေဋ္ဌိယတော အနေနာတိ သုတ္တံ၊ သုတ္တံ ဝိယာတိ သုတ္တံ ဟုအစိတ်အပေါင်းပြု။

–တတိယအကြိမ်–

http://www.dhammadownload.com



၂။ တစ်မျိုးချည်, ပန်းသီချည်၏သုတ်နှင့် ဥပမာန+ဥပမေယျ, သဒိသ+သဒိသီ....စပ်....ဗျု-နိ။

၄။ တစ်မျိုးချည်,ပန်းသီချည်နှင့် တူခြင်းကြိယာသည် (တစ်နည်း) သုတ်တို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်၊ ပ-နိ။

အချုပ်အားဖြင့် သုတ္တံပုဒ် ဝိဂ္ဂဟ ၆ ချက်

၁။ သူစေတီတိသုတ္တံ။

၂။ သုဋ္ဌုဥတ္တာ တ္တောတိ သုတ္တံ။

၃။ သဝတီတိ သုတ္တံ။

၄။ သူဒတီတိ သုတ္တံ။

၅။ သုဋ္ဌု တာယတီတိ သုတ္တံ

၆။ သုတ္တံ ဝိယာတိ သုတ္တံ။

(က) ဝါကျအဆုံး အက္ခာတ်ကို 'အက္ခာယတီတိ အက္ခာတံ'ဟုပြု၊ (ဆိုခြင်း ကြိယာခွဲ)။

(ခ) ဝါကျ။ အတ္တနော+အတ္ထော=အတ္တတ္ထော။ ပရဿ+အတ္ထော= ပရတ္ထော။ အတ္တတ္ထော စ+ပရတ္ထော စ=အတ္တတ္ထပရတ္ထာ။ အတ္တတ္ထ ပရတ္ထော+ အာဒိ ယေသန္တိ=အတ္တတ္ထ ပရတ္ထာဒယော။ (အစိတ်)။

၂။ မိမိအကျိုးသူတစ်ပါးအကျိုးဟူသော အစ၏ ဒိဋ္ဌဓမ္မိကအကျိုး စသည်တို့နှင့် အာဒိ+အာဒိဝန္တ၊ အစိတ်+အပေါင်းစပ်.... ဗျု-နိ။

၄။ မိမိအကျိုး သူတစ်ပါးအကျိုး-ဟူသော အစရှိခြင်း ဟူသော ဂုဏ်သည် ဝါ-ဟူသော ဂုဏ်သည်....ပ-နိ။

ဘိဇ္ဇတီတိဘေဒေါ။ အတ္တတ္ထ ပရတ္ထာဒိ+ဘေဒေါ ယေသန္တိ အတ္တတ္ထ ပရတ္ထာဒိဘေဒါ၊ (တေ အတ္တတ္ထ ပရတ္ထာဒိဘေဒေ။) (အပေါင်း)။

၂။ မိမိအကျိုး သူတစ်ပါးအကျိုး အစရှိသော အပြား၏ အကျိုး အနက်တို့နှင့် ဂုဏ်+ဂုဏော....စပ်....ဗျု-နိ။

၄။ မိမိအကျိုး သူတစ်ပါးအကျိုး အစရှိသော အပြားရှိခြင်း ဟူ သော ဂုဏ်သည် ဝါ ...အပြားဟူသောဂုဏ်-ပ-နိ။

(ဂ) ဝါကျ။ ဝိနေတဗ္ဗာတိ ဝေနေယျာ၊ (ဝိနီယန္တေတိ ဝါ ဝေနေယျာ)။ စိတ္တံ အဓိအာဂန္တွာ သယတီတိ အဇ္ဈာသယော၊ (အဓိ+အာပုဗ္ဗ+သိဓာတ်+ အပစ္စည်းရောက်၍ ဖြစ်ခြင်းကြိယာ)။

F30A

http://www.dhammadownload.com



[စိတ္တမဇ္ဈာဂန္တွာ သယတီတိ အဇ္ဈာသယောဟု အဘိဓာန်ဋီကာဆို၍၊ စိတ္တမဇ္ဈာဂန္တွာ သယတီတိ အဇ္ဈာသယော။ အယဝါ-အာရမ္မဏံ အဓိကိစ္စ သယတိ ပဝတ္တိယတီတိ အဇ္ဈာသယောဟု သူ-စိ-ဆို၏။ ဤ၌ကား-အမှတ်ရ လွယ်ကူရန် ပုဒ်ဖြတ်၍ တစ်နည်းသာ ဆိုလိုက်သည်။]

ဝေနေယျာနံ+အဇ္ဈာသယော=ဝေနေယျဇ္ဈာသယော။ အနုလောမတီတိ အနုလောမံ၊ (အစိတ်)။ (နိဿယ-ပ-၁၀၄။)

ဝေနေယျဇ္ဈာသယဿ+အနုလောမံ=ဝေနေယျဇ္ဈာသယော အနုလောမံ။ (တေနဝေနေယျဇ္ဈာသယာ နုလောမေန။) (အပေါင်း)။

၂။ ဝေနေယျတို့အလို၏လျော်သော ဂုဏ်နှင့် ဂုဏော+ဂုဏ်....(ဂုဏ်+ ဂုဏော၊)....စပ်၊ ဗျု-နိ။

၄။ ဝေနေယျတို့၏အလိုအားလျော်သော ဂုဏ်သည် ပ-နိ။

[မှတ်ချက်။ ။အနုလောမံ၌-အနုပုဗ္ဗ+လောမနာမဓာတ်=အပစ္စည်း၊ တိ-လိင်-ဟု-တိပိဋကပါဠိမြန်မာအဘိဓာန်-အတွဲ- ၂၊ ၁၀၂ ၌ ဆိုပြီး၊ အနုလောမေန္တီတိ "အနုလောမာ"ဟု ပဋိသံ-ဋ္ဌ၊ ၂၊ ၁၅၀ ၌ ဝိဂ္ဂဟပြုကြောင်းကိုလည်း ဆို၏။ ရိုးရိုးဓာတ် ကြံလျှင် ယုမဓာတ်+အပစ္စည်း (သို့မဟုတ်) လူဓာတ်+မ မစ္စည်း ဖြစ်ရာ၏။]

## လိင် သေသည်ခွဲပုံ

(က) ဝါကျ။ ဣတရံ နပုလ္လိင်, စိတ္တာဒိဂိုဏ်း, (တစ်နည်း) သဗ္ဗနာမ် ဂိုဏ်း, ပကတိအကာရန္တ, သဗ္ဗနာမပဒ။

ပူန အလိင်, ဂဏာဝိမုတ်, အာကာရန္တ, နိပါတပဒ။

အတ္ထာနံ-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, ပကတိအကာရန္တ, ကိတနာမပဒ။

သူစနတော၌ သူစနသည် နပုလ္လိင်, စိတ္တာဒိဂိုဏ်း,အကာရန္တ, ကိတ-နာမပဒ။

သူစနတော ပုဒ်လုံးကား အလိင်,ဂဏာဝိမုတ်,ဩကာရန္တ, နိပါတပဒ။ (သုဝုတ္တတော, သဝနတော, သူဒနတောတို့ကိုလည်း နည်းတူခွဲ)။

http://www.dhammadownload.com



သဝနတောထဋ္ဌ အထကားအလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါ-
တပဒ။
သုတ္တာဏာနပုလ္လိင်, စိတ္တာဒိဂိုဏ်း, ပကတိအကာရန္တ, သမာသနာ-
မပဒ။
သုတ္တသဘာဂတော၌ သုတ္တသဘာဂသည် နပုလ္လိင်, စိတ္တာဒိဂိုဏ်း,
အကာရန္တ, သမာသနာမပဒ။
သုတ္တသဘာဂတော ပုဒ်လုံးကား အလိင်, ဂဏဝိမုတ် ဩကာရန္တ,
နိပါတ ပဒ။ (စ ကို အလိင်, နိပါတ်ပုဒ်ခွဲပါ။
သုတ္တန္တိကို သုတ္တံ+က္လတိ ပုဒ်ဖြတ်၍ခွဲ။
အက္ခာတ်ကို နပုလ္လိင် စိတ္တာဒိဂိုဏ်းခွဲ။)

(ခ) ဝါကျ။ (တဋ္ဌိကို တံ ဟိ ပုဒ်ဖြတ်) တံကား နပုလ္လိင်, စိတ္တာဒိ
ဂိုဏ်း (တစ်နည်း) သဗ္ဗနာမ်ဂိုဏ်း, ပကတိအကာရန္တ, သဗ္ဗနာမပဒ၊
(ဟိကိုနိပါတ်ပုဒ်ခွဲ)

အတ္တတ္ထ ပရတ္ထာဒိဘေဒေ-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, ပကတိအကာရန္တ,
သမာသ နာမပဒ။

သူစေတိ-အလိင်, စုရာဒိဂိုဏ်း, (ပကတိကာရန် အတွင်းကာရန်) အကာ-
ရန္တ, အာချာတပဒ။ (သူစဓာတ်+ဏေပစ္စည်း+တိဝိဘာက်)။

(ဂ) ဝါကျရှိ စုတ္တတ္ထာကို နပုလ္လိင်, စိတ္တာဒိဂိုဏ်း, ပကတိအကာရန္တ,
တဒ္ဓိတနာမပဒ ခွဲပါ။

(င) ဝါကျ။ ဓေနု-ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်း, ဥကာရန္တ, နာမပဒ။
အဇ္ဈရတိ၌ ပကိုအလိင်, ဥပသဂ္ဂပဒခွဲပါ။ ဃရတိ ဘူဝါဒိဂိုဏ်း၊ အကာရန္တ
ခွဲပါ။

(စ) ဝါကျ။ သုဋ္ဌု-အလိင်, ဂဏဝိမုတ်, ဥကာရန္တ, နိပါတပဒ။ နေတို
ပုလ္လိင်, ပုရိသာဒိဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, သဗ္ဗနာမပဒခွဲပါ။
တာယတ်ကို ဒိဝါဒိဂိုဏ်း၊ အာကာရန္တခွဲပါ။

(ဇ) ဝါကျ။ ယထာ အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

[ဝေမေတမ္ပိကို ဝေံ+တေံပိ (အပိ) ပုဒ်ဖြတ်။]

ဝေံကား-အလိင်, ဂဏဝိမုတ်, နိဂ္ဂဟီတန္တ, နိပါတပဒ၊ (တေံကို အထက်
ပါ တံအတိုင်းခွဲ)။

http://www.dhammadownload.com



ပိ (အပိ) အလိင်, ဂဏာဝိမုတ်, က္လကရန္တ နိပါတပဒ။
ဝိည္ဉူန်-ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဦကာရန္တ, ကိတနာမပဒ။

(ဈ) ဝါကျ။ ။နဝိကိင့်ဆန္တိ၌ န ကို အလိင်၊ နိပါတ်ပုဒ်၊ ဝိကိုအလိင်၊ ဥပသဂ္ဂပုဒ်ခွဲ။ ကိရိယန္တိကို ဘူဝါဒိဂိုဏ်း၊ အကာရန္တခွဲပါ။ ဝိဇ္ဈ-သီယန္တိ၌ ဝိကို အလိင်၊ ဥပသဂ္ဂပဒခွဲ၊ ဓံသီယန္တိကို စုရာဒိဂိုဏ်း၊ အကာရန္တခွဲပါ။

## ဓာတ်ဘော် သံဝဏ္ဏနာ

(က) ဝါကျ။ ။ပန,ဖြင့် ပက္ခန္တရဇောတကအဖြစ်ကို သိစေ၏။ ဝါ၊ ဝိနယ သဒ္ဒါ၏ ဝစနတ္ထမှတစ်ပါး သုတ္တသဒ္ဒါ၏ ဝစနတ္ထကိုပြဆိုမည်ဟူသော အဓိပ္ပာယ်ကိုသိစေ၏။ (အတ္ထသံဝဏ္ဏနာ, ဘာဝတ္ထသံဝဏ္ဏနာ)။

က္လတာခံ-ဖြင့် နောက်ဂါထာ၌ပါသော အက္ခရာတ်၏ ဝုတ္တကံ အဖြစ်ကို ဝါ၊ ဆိုအပ်၏ ဟူသည် သုတ္တသဒ္ဒါကို ဆိုအပ်၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏ (ဘာဝတ္ထ)

အတ္ထာနံ သူစနတောဖြင့် သုတ္တံ၌ သူစဓာတ်၏အဖြစ်ကို လည်းကောင်း, (ဒုတိယ ဓာတုပဒ) သုတ္တံ၌ တ-ပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက်သည်ကိုလည်းကောင်း, သူစေတိတိသုတ္တံ၌ ဝိဂ္ဂဟ ပြုရမည်ကို လည်းကောင်း, (ဒုတိယပစ္စယတ္ထ, အဘိဓာနတ္ထ)၊ ပြခြင်းဟူသည် မိမိအကျိုးသူတစ်ပါးအကျိုး စသော အကျိုးတို့ကို ပြခြင်းပင် တည်းဟူသော အဓိပ္ပာယ်ကိုလည်းကောင်း, (ဘာဝတ္ထ) သိစေ၏။

သုဝုတ္တတောဖြင့် သုတ္တံ ကို သ+ဥတ္တံဟု ပုဒ်ဖြတ်ရမည်ကို လည်းကောင်း၊ (သန္ဓိလိင်ပဒ)ဥစဓာတ်၏ ရဝ (ဝစန) အနက်ဟောသည်ကိုလည်းကောင်း၊ (ဒု-ဓာတွတ္ထ) သုဋ္ဌု ဥတ္တာတ္တောကို ကျတ္တံဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝိဂ္ဂဟပြုရသည်ကို လည်းကောင်း, (သမာသလိင်တ္ထ) သိစေ၏။

သဝနတောဖြင့် သုတ္တံ၌ သုဓာတ်၏ အဖြစ်ကိုလည်းကောင်း, (ဒု-ဓာတုပဒ), သုတ္တံ၌ တ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကို လည်းကောင်း, သဝတီတိသုတ္တံဟု ဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း (ဒု-ပစ္စယတ္ထ, အဘိဓာနတ္ထ) သိစေ၏။

http://www.dhammadownload.com



အထဖြင့် သမုစ္စယဇောတက အဖြစ်ကို ဝါ၊ မင်္ဂလတ္ထအဖြစ်ကို သိစေ၏။ (အတ္ထ, ဘာဝတ္ထ)။

သူဒနတောဖြင့် သုတ္တံ၌ သူဒဓာတ်အဖြစ်ကိုလည်းကောင်း (ဒု-ဓာတုပဒ) သုတ္တံ၌ ဝ-ပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကို လည်းကောင်း, သူဒတီတိသုတ္တံဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း, (ဒု-ပစ္စယတ္ထ အဘိ-ဓာနတ္ထ) သိစေ၏။

သုတ္တာဏာဖြင့် သုတ္တံ၌ သုပုဗ္ဗ+တာဓာတ်၏အဖြစ်ကို လည်းကောင်း, (ဒု-ဓာတုပဒ), သုတ္တံ၌ တ-ပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက်သည်ကို လည်းကောင်း, သုဋ္ဌုတာယတီတိ သုတ္တံဟု ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း, (ဒု-ပစ္စယတ္ထ, အဘိဓာနတ္ထ)သိစေ၏။

သုတ္တသဘာဂတောဖြင့် သုတ္တံပုဒ်ကို သုတ္တံဝိယာတိသုတ္တံဟု ဥပမာ တဒ္ဓိတ် ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း, သုတ္တံ၌ သုတ္တ-ပုဒ် အပစ္စည်း၊ ထိုပစ္စည်း၏ ဥပမာနအနက်၌ သက်သည်ကို လည်းကောင်း, သိစေ၏။ (ပစ္စယတ္ထ)။

စ-ဖြင့် သမုစ္စယတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ, ဘာဝတ္ထ)။

သုတ္တန္တိဖြင့် အက္ခာတံကြိယာ၏ အာကာရအဖြစ်ကို ဝါ ဟောအပ်၏ ဟူသည် သုတ်ဟူ၍ ဟောအပ်၏ဟူသော အဓိပ္ပာယ်ကိုသိစေ၏။ (ဘာဝတ္ထ)။

အက္ခာတံဖြင့် ရှေး၌ဆိုအပ်ပြီးသော ဣတရံပုဒ်၏ ကြိယာ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါဒ။ ။ပန နိပါတ်ပုဒ်သည် ဝိနယသဒ္ဒါ၏ ဝစနတ္ထမှ တစ်ပါး သုတ္တသဒ္ဒါ၏ ဝစနတ္ထဟူသော အဖို့တစ်ပါးကို ပြသောကြောင့် ပက္ခန္တ-ရတ္ထ ဇောတကဖြစ်၏။

> သုဝုတ္တတော၌ သု-ဥပသာရပုဒ်သည် သုဋ္ဌုအနက်, သမ္မာအနက်ကို ဟော၏။
>
> သဝနတော-ထ၌ အထနိပါတ်သည် သမုစ္စယတ္ထဇောတက ဝါ-မင်္ဂလတ္ထ။

http://www.dhammadownload.com



သုတ္တာဏာ၌ သု ဥပသာရပုဒ်သည် သုဋ္ဌုအနက်, သမ္မာအနက်ကို ဟော၏။

သုတ္တသဘာဂတောစ၌ စ-နိပါတ်သည် သမုစ္စယတ္ထဇောတက။

သုတ္တန္တိ၌ ဣတိ နိပါတ်သည် အာကာရတ္ထ၊ ပဒတ္ထဝိပလ္လာသတ္ထ။

အက္ခာတံ၌ အာ ဥပသာရပုဒ်သည် (ခါတ်သည် မိမိသက်သက် ကထနအနက်ကိုဟောလျှင် ဓာတ်အနက်သို့ အစဉ်လိုက်သောကြောင့်) ဓာတွတ္ထာနုဝတ္တက။ (တစ်နည်း) ခါတ်ကို ကထန အနက်ဟောအောင် အထူးပြုပေးသောကြောင့် ဓာတွတ္ထ ဝိသေသက။

(ခ) ဝါကျ။ ဟိ-နိပါတ်သည် ဝိတ္ထာရတ္ထ၊

(ဂ) ဝါကျ။ သုဝုတ္တာ၌ သု ဥပသာရပုဒ်သည် သုဋ္ဌုအနက်, သမ္မာအနက်ကို ဟော၏။

စေတ္ထ၌ စ နိပါတ်သည် ပက္ခန္တရတ္ထ၊ ဝိတ္ထာရတ္ထ။

သဿမိ ဝ ၌ ဣဝ နိပါတ်, ဖန္ဒေဝိယ၌ ဝိယနိပါတ်, ယထာ ဟိ ၌ ယထာနိပါတ်, ဧဝမေတမ္ပိ၌ ဧဝံနိပါတ်, ယထာ စ ၌ ယထာနိပါတ်, ဧဝ-မေတေန ၌ ဧဝံ နိပါတ်တို့သည် ပဋိဘာဂတ္ထ။

(တစ်နည်း) ဣဝ ဝိယ ယထာနိပါတ်တို့သည် ဥပမာနတ္ထ၊ ဧဝံနိပါတ်တို့သည် ဥပမေယျတ္ထ။

ပသဝတီတိ, ပဋ္ဌရတီတိ, ရက္ခတီတိတို့၌ ဣတိနိပါတ်သည် နိဒဿနတ္ထ၊ သုဋ္ဌုနိပါတ်သည် ပသံသာအနက်ကို ဟော၏။

ယထာ ဟိ ၌ ဟိ နိပါတ်သည် တပ္ပါကဋီကရဏတ္ထ။

ဧဝမေတမ္ပိ၌ 'ပိ (အပိ) နိပါတ်သည် သမုစ္စယတ္ထ၊ သမ္ဘာဝနတ္ထ။

သင်္ဂဟိဘာ-သင်္ဂဟိတာနိတို့၌ သံ ဥပသာရပုဒ်သည် သမောဓာနအနက်, သင်္ဂဟအနက်တို့ကို ဟော၏။

န ဝိကိရိယန္တိ, န ဝိဒ္ဓံသိယန္တိ တို့၌ န နိပါတ်တို့သည် ပဋိသေဓတ္ထ။

http://www.dhammadownload.com



## သမ္ဗန္ဓာဝိပ္ပုဒ်တို့၏ စွဲရာအနက်နှင့် ဝိသယအမည်

(က) ဝါကျ။ ။ ကူလတရံ၌ ကူလတရ် သမ္ဗန္ဓာမ်၏ စွဲရာအနက်ကား သုတ္တသဒ္ဒါ ဖြစ်ပါသည်၊ ဝိသယနာမည်ကား သုတ္တသဒ္ဒါဒြပ်ကို စွဲသောကြောင့် ပဋ္ဋန္တဝိသယ။

(ခ) ဝါကျ။ တဒိ ဌ် တ သမ္ဗန္ဓာမ်၏ စွဲရာအနက်ကား သုတ်ဖြစ်ပါသည်။ ဝိသယနာမည်ကား သုတ္တဒြပ်ကိုစွဲသောကြောင့် ပဋ္ဋန္တဝိသယ။

[ဤမှ နောက်၌ သမ္ဗန္ဓာမ်ပုဒ်တို့၏ စွဲရာအနက်နှင့် ဝိသယအမည်ကို အနက်ရှု၍ သိနိုင်ပါပြီ]။

(ဂ) ဝါကျ။ တွေ့နှ် တေသမ္ဗန္ဓာမ်သည် ဆိုအပ်ပြီးသော သုတ္တဒြပ်ကို စွဲသောကြောင့် ပဋ္ဋန္တ ဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

သုဝုတ္တဘော၌ အန္တတ္ထ ဝစဝေတ်အရ ကတ္တုဋ္ဌကြိယာ အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ရ၏။

၁။ ထိုဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

၂။ အရဟတ္တမဂ်ဉာဏ်,ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။

၃။ သုတ္တန် ပိဋကတ်တော်ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္ထ။

၄။ မဟာကရုဏာဉာဏ် ပါရမီဉာဏ် ဝိပဿနာဉာဏ်, အောက်မဂ်ဉာဏ်, ဖိုလ်ဉာဏ် တို့သည် ဝိဘာဝတ္ထ။

၅။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်း, ဒိဋ္ဌဓမ္မိက သမ္ပရာယိက ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ စသော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

### ဗာဟျတ္ထ တ ပစ္စည်းအရ

၁။ သုတ္တန် ပိဋကတ်ဟူသော ဝစီဘေဒသဒ္ဒသည်........ဒ၊

၂။ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီ၊

http://www.dhammadownload.com



၃။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်းသည် ပ၊
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဝိ၊
၅။ ဒိဋ္ဌဓမ္မိက သမ္ပရာယိက ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ စသော အကျိုးဆက်တို့သည် အနု၊

## ကတ္တာတံ၌ အန္တတ္ထဖြစ်သော အာ ပုဗ္ဗ ခါတ်ဓာတ်အရ

၁။ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒ၊
၂။ ယောနိသော မနသိကာရသည် ဒီ၊
၃။ သုတ္တသဒ္ဒါဟူသော ဝစီဘေဒ သဒ္ဒသည် ပ၊
၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ဝိ၊
၅။ သုတ္တသဒ္ဒါကို ကြားနာရခြင်း, သင်ရခြင်း, သိရခြင်း, ကျင့်ရခြင်း, ဈာန်မဂ်ရခြင်း စသော ပစ္စုပ္ပန် သံသရာ အကျိုးတို့သည် အနု။

## ဓာဟျတ္ထ တာ-ပစ္စည်းအရ

၁။ သုတ္တ သဒ္ဒါဟူသော ဝစီဘေဒသဒ္ဒသည် ဒ၊
၂။ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒီ၊
၃။ သုတ္တ သဒ္ဒါကို ကြားနာရခြင်းသည် ပ၊
၄။ ယောနိသော မနသိကာရ, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ဝိ၊
၅။ သုတ္တသဒ္ဒါကို သင်ရခြင်း, သိရခြင်း, ကျင့်ရခြင်း, ဈာန်မဂ်ဖိုလ်ရခြင်းစသော ပစ္စုပ္ပန် သံသရာအကျိုးတို့သည် အနု။

## ဝုတ္တံဟောတိ ၃ ချက်၌ အန္တတ္ထ ဝစခါတ်အရ

၁။ အဋ္ဌကထာဆရာ သန္တာန်၌ ဖြစ်သော သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒ။
၂။ ယောနိသော မနသိကာရသည် ဒီ၊

http://www.dhammadownload.com



၃။ သဿမိဝ ဖလံ ပသဝတိ စသော ဝစီဘေဒသဒ္ဒသည် ပ၊
၄။ သဒ္ဒမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ဝိ၊
၅။ သောတဇနတို့ ကြားနာရခြင်းမှစ၍ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

## သင်္ကေတာ၌ အန္တတ္ထ သံပုဗ္ဗ ဂဟာခေတ်အရ

၁။ ပေါင်း၍ ယူတတ်သော ဒေသနာ ဉာဏ်တော်သည် ဒ၊
၂။ အရဟတ္တမဂ်ဉာဏ်,ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်တို့သည် ဒီ၊
၃။ မိမိအကျိုး သူတစ်ပါးအကျိုး စသည်တို့သည် ဝါ၊ ဝေနေယျတို့၏ အကျိုးအနက် တို့ကို သိရခြင်း ကျင့်ရခြင်း စသည် တို့သည် ပ၊
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာ ဉာဏ်, အောက်မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဝိ၊
၅။ နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက် တို့သည် အနု။

## ရနိုင်သော သဒ္ဓိများ

တဒ္ဒိစသော ဝါကျတို့သည် ယောဇနာအလို ဒဋ္ဌိကရဏ ဝါကျဖြစ်၏။ ထိုဝါကျတို့၌ ရှေးဒဋ္ဌိယကို ယုတ္တိဒဋ္ဌိကရဏဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျ သိဒ္ဓိ ရနိုင်၏။

## ပဋ္ဌာန်းပစ္စည်းပြိုင်

၁။ (က) ဝါကျ။ ဤလတရံအရ သုတ္တဟူသော နာမပညတ္တိ သဒ္ဒါသည် အက္ခာတ်၌ အန္တတ္ထ အာပုဗ္ဗ ခါခေတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ (ပြိုင်မရှိ)။
၂။ အက္ခာတ်၌ ဗ ဟျတ္တတ-ပစ္စည်းအရ သုတ္တဟူသော နာမပညတ္တိ သဒ္ဒါသည် အာပုဗ္ဗ ခါခေတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ (ပြိုင်မရှိ)။

http://www.dhammadownload.com



၃။ အကုသလတ်၌ အာပုစ္ဆခါတ်အရ သတိ, ဝီရိယ,ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ်, မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဣတရံနှင့် တ-ပစ္စည်းအရ သုတ္တ ဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒအား သဟ ပြု၏။

ပြိုင်-ယထာရဟ ဟေ၊ ခိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ ဣ၊ ဈာ၊ မဂ္ဂ၊ ဝိပ္ပ၊ ထ္ထိ၊ အဝိ (၁၂)။

(ခ) ဝါကျ။ သူစေတီ အရ မဟာဘုတ် ၄ ပါး ပစ္စည်းတရားသည် တဋ္ဌိ တံ အရ သုတ်ပါဠိတော် ဟူသော ဝစီဘေဒ သဒ္ဒ ဥပါဒါရုပ်အား သဟ ပြု၏။

ပြိုင်- သဟ၊ နိ၊ ထ္ထိ၊ အဝိ (၄)။

[တံ အရ သူစေတီ အရ သုတ်ပါဠိတော် ဝစီဘေဒ သဒ္ဒါသည် ဝါ သုတ္တ ဟူသော နာမပညတ္တိ သဒ္ဒါသည် အတ္တတ္ထ ပရတ္ထာဒိ ဘေဒ အတ္ထ အရ မိမိအကျိုး သူတစ်ပါးအကျိုး စသည်အား ပကတူ ပြု၏။]

[အမှာ။ ။အထက်ပါ(က) ဝါကျ သုတ္တန္တိအကုသလတ်၌ ပစ္စည်းပြိုင်လိုလျှင်-

၁။ "သုတ္တ"န္တိဟူသော အာကာရ ပုဒ်အရ သုတ္တဟူသော နာမပညတ္တိ သဒ္ဒါသည်အကုသလတ်၌ အာပုစ္ဆခါတ်အရ မဟာကုသိုလ်-မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

၂။ အကုသလတ်၌ အာပုစ္ဆခါတ်အရ မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် သုတ္တန္တိဟူသော အာကာရပုဒ်အရ သုတ္တဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒအား သဟ ပြု၏။]

ပြိုင် - ယထာရဟ ဟေ၊ ခိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ ဣ၊ ဈာ၊ မဂ္ဂ၊ ဝိပ္ပ၊ ထ္ထိ၊ အဝိ (၁၂)။

(ဂ) ဝါကျ။ သုဇိုဋ္ဌာ အဋ္ဌာ၌ အတ္ထာဟူသော ကံပုဒ်အရ သုဝုတ္တာ၌ တ-ပစ္စည်းအရ မိမိအကျိုး သူတစ်ပါးအကျိုး အစရှိသော ပညတ်အာရုံ ပစ္စည်းတရားသည် ထိုသုဝုတ္တာ၌ ဝစဓာတ်အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ (ပြိုင်မရှိ)

http://www.dhammadownload.com



(တစ်နည်း) အတ္တာဟူသော ကံပုဒ်အရ သုဝုတ္တာ၌ တ ပစ္စည်းအရ အကျိုးတည်းဟူသော ချာန်, မင်္ဂ, ဖိုလ် စသော ဓမ္မာရုံသည် ထိုသုဝုတ္တာ၌ ဝစဓာတ်အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

ပြိုင်—အာ၊ ခို၊ ဥပ္ပ (၃)။

(ဃ) ဝါကျ။ ၁။ သဿ မိဂ် ဖလံ ပသဝတိ အရ သဿ စသော ထိုနာမပညတ္တိသဒ္ဒါသည် ဝုတ္တ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

၂။ ဝုတ္တံ၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ထိုဝုတ္တံ၌ တ-ပစ္စည်းအရ သဿံစသော ပုဒ်တို့အရ သဿစသော ဝစီဘေဒ သဒ္ဒအား သဟပြု၏။ (ပြိုင် ယခင် အထက်ပါ ၁၂)။

http://www.dhammadownload.com

# တစ်နည်း အဘိဓမ္မော ပုဒ်အဖွင့်

(က) အဘိဓမ္မသာ ဝစနတ္ထော ဝုတ္တော ယေဝ။

(ခ) အပရော နယော—
ယံ တွေ ဝုဒ္ဓိမန္တော၊ သလက္ခဏာ ပူဇိတာ၊ ပရိစ္ဆိန္နာ၊ ဝုတ္တာဓိကာ စ ဓမ္မာ၊ အဘိဓမ္မော တေန အက္ခာတော။

(ဂ) အယံ ဟိ အဘိသဒ္ဒေါ ဝုဒ္ဓိလက္ခဏ ပူဇိတ ပရိစ္ဆိန္နာဓိကေသု ဒိဿတိ။

(ဃ) တထာ ဟေသ "ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ, နော ပဋိက္ကမန္တိ" တိ အာဒီသု ဝုဒ္ဓိယံ အာဂတော။

(င) "ယာ တာ ရတ္တိယော အဘိညာတာ အဘိလက္ခိတာ"တိ အာဒီသု လက္ခဏေ။ (၄-၂၀)

**အနက်ထူး**

(က) ဝါကျ။ ။ဝစနတ္ထော-ဝစနတ္ထကို (ဝေါဟာရတ္ထ) ဝါ၊ သဒ္ဒါ၏ အနက်ကို (သဒ္ဒတ္ထ)၊ ဝါ-ဝိဂြိုဟ်ကို (အဓိပ္ပါယတ္ထ)။

(တစ်နည်း) ဝစနတ္ထော-ဝိဂြိုဟ်, ဝစနတ်ကို (ဝေါဟာရတ္ထ)။ [ဝုတ္တော ၏ ကတ္တားကို အမေ့ဟီထည့်၊ (တစ်နည်း) မယာဟု ထည့်ပါ၊ ယောဇနာ နှာ (၂၅) ၌ အမေ့ဟီဟု ထည့်သည်။]

(ခ) ဝါကျ။ ။အပရော၏ အပါဒါန်ကို ဝုတ္တနယတော ရှေး၌ဆိုအပ်ပြီးသော-ကေနဋ္ဌေန အဘိဓမ္မော, ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန-ဟူသော နည်းမှ ဝါ၊ အဘိဓမ္မသာ ဝစနတ္ထော ဝုတ္တောယေဝ ဟူသော ညွှန်ပြအပ်ပြီးသောနည်းမှဟု ခံပါ။

အပရော နယော-နောက်၌ မဟာဝုစ္စတေ ထည့်ရာဝယ် ဝုစ္စတေ ဆိုဦး အံ့။ (အဓိပ္ပါယတ္ထ၊ ဝါ-ကာလဝိပလ္လာသ) တစ်နည်း-ဝုစ္စတေ-ဆိုအပ် ၏။ (သဒ္ဒတ္ထ)၊ ဝုတ္တာဓိကာ၌ ဝုတ္တာ၏ ကတ္တားကို - ဘဂဝတာ

http://www.dhammadownload.com



ထည့်၍, အက္ခာတော၏ ကဲတ္တားကို ပဏ္ဏိတေဟိ-ဟု ထည့်ပါ။ အက္ခာတော၏ ကံပုဒ်ကို အယံ ဓမ္မော-ဤ ကုသလာဓမ္မာစသော ပါဠိတော်ကို-ဟု ထည့်ပါ။

(ဂ) ဝါကျ။ ။ဒိဿတိ ကို ကတ္တုရုပ် (ကတ္တုတ္တ) အနက်ပေးရာ၌ ဒိဿတိ ထင်၏-ဟု ပေးပါ။

ကမ္မရုပ် (ကမ္မတ္တ) ပေးရာ၌ အယံ အဘိသဒ္ဒေါ ဤ အဘိသဒ္ဒါကို၊ ပါဠိယံ-ပါဠိတော်၌။ မယာ၊ ငါသည်။ ဒိဿတိ၊ တွေ့မြင်အပ်၏-ဟု အာခေရ, ကတ္တားထည့်ပေးပါ။

(ခ) (ဂ) နှစ်ဝါကျကို ဝါကျအပြန်အလှန် အနက်ပေးလျှင် စည်းမျဉ်းအဖြေ၌ ပြခဲ့သော ဒဋ္ဌိယ, ဒဋ္ဌိကရဏ ဝါကျအပြန်အလှန် ပေးနည်းအတိုင်း ပေးပါ။

## ကျမ်းတက်

## ၄၁ပနာ ပဥ္စက

ပုစ္ဆာတက်—

(က) ဝါကျ။ ။အရှင် အဋ္ဌကထာဆရာ (အာ) ဆရာသည် (ကတ်) ရှေးစကားရပ်တို့ဖြင့် သုတ္တသဒ္ဒါ၏ ဝစနတ္ထကို ဆိုတော်မူ၏။ (၄)၊ ဤမျှသာ ဆိုချေသော် (ဏ) အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထတို့ကို မပြတော့ပြီဟု မှတ်ကောင်းသည် မဟုတ်ပါလော (ဘော) ထိုသို့ မှတ်ကောင်းလေသောကြောင့် (ဘော-ဟေ) သုတ္တသဒ္ဒါ၏ ဝစနတ္ထမျှကိုသာ မဆိုသင့် (၄-ခေ) အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နှ) အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကား အဘယ်ပါနည်း (ပုစ္ဆာ) ဤသို့မေးဖွယ်ရှိသောကြောင့် (ဏ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား- (က) ဝါကျဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို ပြဆိုအပ်ပြီးပြီဟု ညွှန်ပြပါ၏-ဟူလို။

စောဒနာထပ်လျှင်- အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို မဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသ, ရှေ့နောက် မညီမညွတ် ဆန့်ကျင်နေသော ဝိရောဓိဒေါသ ရောက်ရာ၏ဟု ဒေါသတင်တက်ပါ။

http://www.dhammadownload.com



အဓိပ္ပာယ်ကား- (က) ဝါကျဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို ဆိုခဲ့ပြီဟု ညွှန်ပြသောကြောင့် သင် စောဒကတင်သော-အဗျာပိတဒေါသ, ဝိရောဓိဒေါသ-ဆရာအား မရောက်ဟူလို။

(ခ) ဝါကျ။ ။ဆရာ ဆရာသည် (က) ဝါကျဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို ဆိုအပ်ပြီးပြီဟု ညွှန်ပြတော်မူ၏၊....သို့သော် ဆိုအပ်ပြီးသော ဝစနတ္ထကို ညွှန်ပြကာမျှဖြင့်သာ တင်းတိမ်ရမည်ဟု မှတ်ကောင်းသည်မဟုတ်ပါလော၊ ထိုသို့ မှတ်ကောင်းလေသောကြောင့် (က) ဝါကျဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို ဆိုအပ်ပြီးပြီဟု အညွှန်းမျှကိုမဆိုသင့်။ တစ်ပါးသော ဖြစ်သင့်သော အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ တစ်ပါးသော ဖြစ်သင့်သော အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကား အဘယ်ပါနည်း-ဤသို့ မေးဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား- (ခ) ဝါကျဖြင့် ဓတ္တေ ဝုဒ္ဓိ မန္တေ၊ဓမ္မာ စသည်တို့ဖြင့် အဘိဓမ္မသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော ဝစနတ္ထကိုလည်း ပြဆို၏ ဟူလို။

**စောဒနာထက်သော်-** အဘိဓမ္မသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော ဝစနတ္ထကို မပြဆိုခဲ့သော်-ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏-ဟု ဒေါသတင် တက်ပါ။

အဓိပ္ပာယ်ကား-(ခ) ဝါကျဖြင့် ဓတ္တေ ဝုဒ္ဓိမန္တေ၊ ဓမ္မော-စသည်ဖြင့် အဘိဓမ္မသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော ဝစနတ္ထကိုလည်း ပြဆိုသောကြောင့် ။ပ။ ဟူလို။

[မှတ်ချက်။ ။နိဿယအလိုအားဖြင့် ရှေ့ပုစ္ဆာတက်ကိုပင် စောဒနာတက်ဟု ဆိုနိုင်၏။]

(ဂ) ဝါကျ။ ။ဆရာ ဆရာသည် (ခ) ဝါကျဖြင့် အဘိဓမ္မ၌ အဘိသဒ္ဒါသည် ဝုဒ္ဓိမန္တ စသော အနက်များစွာတို့၌ ဖြစ်သောဟု ဆိုတော်မူ၏။....သော် တစ်ခုတည်းသော အဘိသဒ္ဒါသည် များစွာသော အနက်တို့ကို မဟောနိုင်သည် မဟုတ်ပါလော။ ထိုသို့ မဟောနိုင်လေသောကြောင့် အဘိသဒ္ဒါသည် ဝုဒ္ဓိမန္တ စသော များစွာသော အနက်တို့၌ဖြစ်သောဟူ၍သာ မဆိုသင့်။ အဘိသဒ္ဒါ၏ အနက်များစွာ ဟောနိုင်ကြောင်းကို ယုံကြည်ဖွယ်ရာ အသင့် ယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ ယုံကြည်ဖွယ်ရာ အသင့် ယုတ္တိကား အဘယ်ပါနည်း။ ဝါ-အသို့လျှင် အနက်, သဒ္ဒါ, ဝစ္စ, ဝါစက တပ်အံ့နည်း။ ဤသို့ မေးဖွယ်ရှိ၍ ဝါ-စောဒနာဖွယ်ရှိ၍ (နိဿယ) (ဂ)ဝါကျကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား-အဘိသဒ္ဒါတစ်ခုတည်းဖြစ်သော်လည်း အနေကတ္ထဖြစ်ရကား အနက်များ၌ပင် သာမည်အားဖြင့် ဖြစ်သည် ဟူလို။

စောဒနာထက်ဆော်-အဘိသဒ္ဒါ၏ အနက်များစွာ ဟောနိုင်ကြောင်းကို ဆိုရာ၌ ယုံကြည်ဖွယ်ရာ အသင့်ယုတ္တိကို မပြဆိုခဲ့သော် ဆရာအား ဒဠှီယ, ဒဠှီကရဏ ဆန့်ကျင်သော ဝါ-ဝစ္စ, ဝါစက ဆန့်ကျင်သော ဝိရောဓိ ဒေါသ ရောက်ရာ၏ဟု ဒေါသတင်တက်ပါ။

အဓိပ္ပာယ်ကား-တစ်ခုတည်းသော အဘိသဒ္ဒါသည် များစွာသောအနက်တို့ကို မဟောငြားသော်လည်း ဤ၌ အဘိသဒ္ဒါများစွာကို တူသည်၏ အဖြစ်ဖြင့် ပေါင်းအပ်သော သာမည အဘိသဒ္ဒါ ဖြစ်ရကား များစွာသော အနက်တို့ကို ဟောနိုင်သောကြောင့် ဆရာအား ဝိရောဓိဒေါသ မရောက်ဟူလို။

(ယ) ဝါကျ။ ။ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် သာမညအားဖြင့် ဖြစ်သော အဘိသဒ္ဒါသည် များစွာသော အနက်ကို ဟောသောဟု ဆိုတော်မူ၏။....သော် ထိုစကားရပ်၏ အနက်အဓိပ္ပာယ်သည် ဥပမာ ဥဒါဟရုဏ် စသည်နှင့်ကင်း၍ မပေါ်လွင် မထင်ရှားသေးသည် မဟုတ်ပါလော။ ထိုသို့ မထင်ရှားသေးသောကြောင့် သာမညအားဖြင့် ဖြစ်သော အဘိသဒ္ဒါသည် များစွာသော အနက်တို့ကို ဟော၏ဟု မထင်မရှား အပါကဋမျှကို သာ မဆိုသင့်၊ ထင်ရှားအောင်ပြသော တပ္ပါကဋီကရဏကိုလည်း ဝါ-ဥပမာ ဥဒါဟရုဏ် သာဓကကိုလည်း ပြဆိုသင့်သေး၍ ထင်ရှားအောင်ပြသော တပ္ပါကဋီကရဏကား အဘယ်ပါနည်း။ ဤသို့ မေးဖွယ်ရှိသောကြောင့် (ယ) ဝါကျကိုမိန့်၏။

အဓိပ္ပာယ်ကား (ယ) ဝါကျဖြင့် ထင်ရှားအောင်ပြသော တပ္ပါကဋီကရဏကိုလည်း ပြဆို၏ဟူလို။

စောဒနာ ထက်ဆော် ဥပမာ ဥဒါဟရုဏ် သာဓကနှင့် ကင်း၍ ဆိုချေသော် ဆရာအား အဗျာပိတဒေါသ, တစ်နည်း အပါကဋတပ္ပါကဋီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသ ရောက်ရာ၏ဟု ဒေါသတင်တက်ပါ။

အဓိပ္ပာယ်ကား-သာမညဖြစ်သော အဘိသဒ္ဒါသည် အနေကတ္ထ၌ဖြစ်၏ ဟူသော စကားရပ်၏ အနက် အဓိပ္ပာယ်ကို တထာဟေသ စသော (ယ) ဝါကျဖြင့် ပေါ်လွင်ထင်ရှားအောင် ပြဆိုသောကြောင့် ။ပ။ ဟူလို။

http://www.dhammadownload.com



(င) ဝါကျ။ ဆရာ ဆရာသည် (ဃ)ဝါကျဖြင့် အဘိသဒ္ဒါ၏ ဝုဍ္ဎိ အနက်ကို ဟောသည်ဟု ရှေ့၌ဆိုအပ်ပြီးသော စကား၏ ပါဋ္ဌိသာဓကကို ပြဆိုတော်မူ၏။....သော် အဘိသဒ္ဒါ၏ လက္ခဏာအနက်ကို ဟောသည်ဟု ရှေ့၌ ဆိုအပ်ပြီးသော စကား၏ ပါဋ္ဌိသာဓကသည်လည်း ရှိသင့်သည် မဟုတ်ပါလော စသည်....။ (ဒေါသတင်ရာ၌လည်း အဗျာပိတ ဒေါသ တင်ပါ)။

## အနုဋီကာ ပါဝနာဒိ ကျမ်းတက်

(က) ဝါကျ။ ။(ဤပါဝနာဒိ ကျမ်းတက်ရာ၌ အာလုပ်, ကတ္တား, ဌပနာ, လက္ခဏာ, ဒေါသတင်, အဓိပ္ပာယ်ပြန် စကားရပ်တို့သည် ရှေ့ ဌပနာ ပဋ္ဌကနှင့် တူသည်။)

သုတ္တသဒ္ဒါ၏ ဝစနတ္ထသာရှိ၍ အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ၊ အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို မပြဆိုဟူ သော အဓိပ္ပာယ် ရောက်ခဲ့ရာ၏ (နု-ပါ) ။ပ။ အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို လည်း ပြဆိုသင့်သေး၏။ (နု-ရော) စသည်။

(ခ) ဝါကျ။ ။အဘိဓမ္မသဒ္ဒါ၏ ဆိုအပ်ပြီးသော ဝစနတ္ထသာရှိ၍ တစ်ပါးသော ဝစနတ္ထ မရှိဟူသောအနက်သည် ရောက်ခဲ့ရာ၏။ ဝါ၊ အဘိဓမ္မသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ခဲ့ရာ၏ (နု-ပါ) ။ပ။ တစ်ပါးသော ဖြစ်သင့်သော အဘိ-ဓမ္မသဒ္ဒါ၏ ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)စသည်။

(ဂ) ဝါကျ။ ။တစ်ကြိမ် ရွတ်ဆိုအပ်သော အဘိသဒ္ဒါသည် များစွာ သော အနက်တို့ကို ဟောနိုင်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နု-ပါ) စင်စစ်သော်ကား တစ်ကြိမ်သာ ရွတ်ဆိုအပ်သော အဘိသဒ္ဒါ သည် များစွာသော အနက်တို့ကို မဟောနိုင်သည်သာဖြစ်၏။ .(ပဋိ-ပါ)

ထို့ကြောင့် အဘိသဒ္ဒါသည် များစွာသော အနက်တို့ကို ဟောနိုင် ကြောင်းကို ယုံကြည်ဖွယ်ရာ အသင့်ယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ (နု-ရော)။

http://www.dhammadownload.com



ယုံကြည်ဖွယ်ရာ အသင့်ယုတ္တိကိုမပြဆိုဘဲ မနေသင့်(ပဋိ-ရော)စသည်။ (ဆရာတို့ တက်သောနည်း။)

(တစ်နည်း) အဘိသဒ္ဒါ၏ အနက်များစွာ ဟောနိုင်ကြောင်းကို ယုံကြည်ဖွယ်ရာ ယုတ္တိမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နှု-ပါ) ။ပ။ အဘိသဒ္ဒါ၏ အနက်များစွာ ဟောနိုင်ကြောင်းကို ယုံကြည်ဖွယ်ရာ အသင့်ယုတ္တိကိုလည်း ပြဆိုသင့်သေး၏။ (နှု-ရော) စသည်။

(ဃ) ဝါကျ။ သာမညဖြစ်သော အဘိသဒ္ဒါသည် ဝုဒ္ဓိမန္တစသော အနေကတ္ထကို ဟောရာ၌ ဥပမာ ဥဒါဟရုဏ် ပါဠိသာဓက အာဂမ ကင်း၍ ဖြစ်ကောင်း၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏။(နှု-ပါ) ။ပ။ အဘိသဒ္ဒါသည် အနေကတ္ထကို ဟောရာ၌ ဥပမာ ဥဒါဟရုဏ် ပါဠိသာဓက အာဂမကိုလည်း ပြဆိုသင့်သေး၏။ (နှု-ရော) စသည်။

(င) ဝါကျ။ အဘိသဒ္ဒါ၏ ဝုဒ္ဓိအနက်ကို ဟောသည်ဟု ရှေး၌ ဆိုအပ်ပြီးသော စကား၏ ပါဠိသာဓက အာဂမသာရှိ၍ လက္ခဏ အနက်ကို ဟောသည်ဟု ရှေး၌ဆိုအပ်ပြီးသော စကား၏ ပါဠိသာဓက အာဂမ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နှု-ပါ) ။ပ။ အဘိသဒ္ဒါ၏ လက္ခဏ အနက်ကို ဟောသည်ဟု ရှေး၌ ဆိုအပ်သော စကား၏ ပါဠိ သာဓက အာဂမကိုလည်း ပြဆိုသင့်သေး၏ (နှု-ရော) စသည်။

## အပရော နယော ထားရပုံ

အဘိဓမ္မော၌ အဘိသဒ္ဒါ၏ အတိရေက အနက်, ဝိသေသ အနက် အကြောင်းမှ တစ်ပါး အဘိသဒ္ဒါ၏ ဝုဒ္ဓိမန္တအနက်, (ဝုဒ္ဓိအနက်) သလက္ခဏ (လက္ခဏ) အနက် ပူဇိတအနက်, ပရိစ္ဆိန္နအနက်, အဓိကအနက်အကြောင်း, အဘိဓမ္မာပုဒ်လုံး၏ ကမ္မဓာရည်းသမာသ် ဝစနတ္ထအနက် အကြောင်းမှ တစ်ပါး၊ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ အနက်အကြောင်းတို့ကို လဲပြလိုသော ကြောင့် (ခ) ဝါကျ၌ "အပရောနယော" ထား၏။

(တစ်နည်း) "အပရော နယော, အတ္တနောမတိ,မှတ်သားဘိ"ဟူသော နိယံနှင့် အညီ ရှေး (အဋ္ဌကထာ) ဆရာတို့၏ အယူဝါဒမှ တစ်ပါး၊

http://www.dhammadownload.com



မိမိ၏ အယူဝါဒ တည်းဟူသော အတ္တမနောတိကို ပြလိုသောကြောင့် 'အပရော နယော' ထား၏။

## တေနသဒ္ဒါ ထားရခြင်းအကြောင်း

အဘိဓမ္မသဒ္ဒါ၏ ဝုဒ္ဓိမန္တ စသော တရားတို့ကို ဟောအပ်ရာ၏ အဖြစ်ဟူသော အကြောင်းကာရဏကို ပြလိုသောကြောင့် (ခ) ဝါကျ၌ 'တေန' သဒ္ဒါထား၏။

## ဟိ သဒ္ဒါထားရခြင်း အကြောင်း

ရှေ့အကျဉ်း သင်္ခေပကို ချဲ့ပြလိုသောကြောင့် ဝါ၊ ရှေ့ဒဠှီယစကားကို ခိုင်မြဲစေလိုသောကြောင့်, တစ်နည်း ဝိတ္ထာရတ္ထဇောတက, ဒဠှီကရဏတ္ထဇောတက အဖြစ်ကို ပြလိုသောကြောင့် (ဂ) ဝါကျ၌ ဟိ သဒ္ဒါကို ထား၏။

## တထာဟိသဒ္ဒါ ထားရခြင်းအကြောင်း

ပရဝစနသာဓက အာဂမ ဒဠှီကရဏကို ပြလိုသောကြောင့် ဝါ၊ သကဝစနကို ပရဝစနဖြင့် ပြီးစေလို့, သိစေလိုသောကြောင့်(ဃ)ဝါကျကို တထာဟိ သဒ္ဒါကို ထား၏။

ဟိသဒ္ဒါသက်သက်ဖြစ်မူ တပ္ပါကဋီကရဏတ္ထ ဇောတက, ဒဠှီကရဏတ္ထဇောတက, ဝိတ္ထာရတ္ထ ဇောတကအဖြစ်ကို ပြလိုသောကြောင့် 'ဟိ'သဒ္ဒါကို ထားသည်ဟု မှတ်ပါ။

## ဒေါသ သင့်ပုံ, ပယ်ပုံ

(က) ဝါကျကို ထောက်၍ ရှေ့သုတ္တသဒ္ဒါ၏ ဝစနတ္ထပြ စကားရပ်တို့၌ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မနှံ့စပ် မပြည့်စုံသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။

(က) ဝါကျဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို ညွှန်ပြသဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ် ပြည့်စုံသောကြောင့် အဗျာပိတ

http://www.dhammadownload.com



ဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။ ကျမ်းမလေးအောင် အညွှန်းမျှ ပြဆိုသောကြောင့် ဂန္ထဂရုဒေါသကိုလည်း ပယ်၏။ ဆိုပြီးသားကို ထပ်၍ မဆိုသောကြောင့် ပုနရုတ္တိဒေါသကိုလည်း ပယ်၏။

(ခ) ဝါကျကိုထောက်၍ (က) ဝါကျ၌ အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို တစ်နည်းမပြရသေး၍ အလိုရှိအပ်သော ။ပ။ ကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။

(ခ) ဝါကျဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထ တစ်နည်းပြသဖြင့် အလိုရှိအပ်သော ။ပ။ ကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(ဂ) ဝါကျကိုထောက်၍ (ခ) ဝါကျ၌ သင်္ခေပသာ ပြရသေး၍ သင်္ခေပ ဝိတ္ထာရ ဆန့်ကျင်နေသောကြောင့် ဝါ-ဒဠှီယသာပြရသေး၍ ဒဠှီယ-ဒဠှီ-ကရဏ ဆန့်ကျင်နေသောကြောင့် ဝိရောဓိဒေါသ သင့်၏။

(ဂ) ဝါကျဖြင့် ဝိတ္ထာရကို ပြလိုက်သဖြင့် သင်္ခေပဝိတ္ထာရ မဆန့်ကျင်သောကြောင့် ဝါ-ဒဠှီကရဏကို ပြလိုက်သဖြင့် ဒဠှီယ, ဒဠှီကရဏ မဆန့်ကျင်သောကြောင့် ဝိရောဓိဒေါသကို ပယ်၏။

(တစ်နည်း) စောဒက ပုဂ္ဂိုလ်အလိုအားဖြင့် (ခ) ဝါကျ (ဂ) ဝါကျ အဓိပ္ပာယ်တို့သည် ထပ်တူဖြစ်နေသောကြောင့် ဝါ-အဓိပ္ပာယ်တူထပ်၍ ဆိုသောကြောင့် (ခ) ဝါကျ၌ (တစ်နည်း) ခ-ဂ နှစ်ဝါကျလုံး၌ ပုနရုတ္တိ ဒေါသ သင့်၏။

ကျမ်းဆရာ အလိုအားဖြင့် တိက္ခဗုဒ္ဓိ-ပုဂ္ဂိုလ်တို့အတွက် သင်္ခေပ ဝါကျကို မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့အတွက် ဝိတ္ထာရဝါကျကို ပြရိုးဖြစ်သောကြောင့် (ခ)၊ (ဂ) ဝါကျတို့၌ ပုနရုတ္တိဒေါသ မသင့်၊ ဝါ- (ခ) (ဂ) ဝါကျတို့ဖြင့် ပုနရုတ္တိ ဒေါသကို ပယ်၏။

(ဃ) ဝါကျကိုထောက်လျှင် (ဂ) ဝါကျ၌ အပါကဋသာ ပြရသေး၍ အပါကဋ, တပ္ပါကဋီကရဏ ဆန့်ကျင်နေသောကြောင့် ဝိရောဓိဒေါသ သင့်၏၊ (တစ်နည်း) အဗျာပိတဒေါသ သင့်၏။

http://www.dhammadownload.com



(ဃ) ဝါကျဖြင့် တပ္ပါကဋ္ဌိကရဏကို ပြသဖြင့် အပါကဋ္ဌ, တပ္ပါကဋ္ဌိ-ကရဏ မဆန့်ကျင်သောကြောင့် ဝိရောဓိဒေါသကို ပယ်၏။ (တစ်နည်း) အဗျာပိတဒေါသကို ပယ်၏။

(င) ဝါကျကိုထောက်လျှင် (ဃ) ဝါကျ၌ အဘိသဒ္ဒါ၏ စုဒိုအနက်ဟောရာ၌ ပါဠိသာဓကေ အာဂမကိုသာ ပြရုံသေး၍ အလိုရှိအပ်သော ။ပ။ ကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။

(င) ဝါကျဖြင့် အဘိသဒ္ဒါ၏ လက္ခဏာအနက်ကို ဟောရာ၌ ပါဠိသာဓကေ, အာဂမကို ပြသဖြင့် အလိုရှိအပ်သော ။ပ။ ကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိစတုက္က

(က) ဝါကျ။ ။(အဘိဓမ္မသဒ္ဒ၌ အဘိဓမ္မောဝိဂ္ဂဟကို အဘိဓမ္မောပဒ်အဖွင့်၌ ရှု) ဝုစ္စတိ အနေနာတိဝစနံ၊ ဝုစ္စတေတိဝစနံ၊ (ဆိုခြင်းကြိယာခွဲ)၊ (အတ္ထောဆိုမြဲ) ဝစနသဒ္ဒ+အတ္ထော=ဝစနတ္ထော။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော သဒ္ဒါ၏ အနက်နှင့် အကြောင်း+အကျိုး....စပ်.... (ဗျု-နိ)၊

၄။ ဝစနတ္ထတို့၏ (သဒ္ဒါ၏အနက်အဖြစ်ဖြင့်) တစ်ခုသည် ။ပ။ ဇာတ်သည် (ပ-နိ)။

(ခ) ဝါကျ။ နိယတိ ဉာယတိ အတ္ထော ဧတေနာတိ နယော၊ (သိခြင်း ကြိယာခွဲ)။

'တွေ ဝုဓိ မန္တောဓမ္မော' ဟူသော သံဝဏ္ဏနာအရ ဓာရေန္တီတိ ဓမ္မာ။ အတိဝုဓိမန္တာ ဓမ္မာ တ္တောတိ အဘိဓမ္မောဟု ပြု။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကြီးပွားခြင်းရှိသော တရားတို့၏ အဘိဓမ္မာပိဋကတ်နှင့် အစိတ်အပေါင်း, အာဓာရီ+အာဓာရ....စပ်....(ဗျု-နိ)။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အဘိဓမ္မဒြပ်သည် ဝါ အဘိဓမ္မတို့၏ (ကြီးပွားခြင်းရှိသော တရားတို့၏ အဖြစ်ဖြင့်) တစ်ခု

http://www.dhammadownload.com



သည် ။ပ။ ဇာတ်သည် ဝါ၊ ကြီးပွားခြင်းရှိသော တရားရှိခြင်း
ဟူသောဂုဏ်သည် (ပ-နိ)။

'ဧတ္ထ သလက္ခဏာဓမ္မာ' ဟူသော သံဝဏ္ဏနာအရ-ခာရေန္တိတိ ဓမ္မာ၊ အဘိလက္ခိတာ ဓမ္မာ ဧတ္ထာတိ အဘိဓမ္မော ဟု ပြု။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော မှတ်အပ်သော တရားတို့၏ အဘိဓမ္မာ ပိဋကတ်နှင့် အစိတ်အပေါင်း, အာခာရီ+အာခာရစပ် (ဗျု-နိ)။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အဘိဓမ္မာတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် ဝါ၊ မှတ်အပ်သော တရားရှိခြင်း ဟူသော ဂုဏ်သည် (ပ-နိ)။

'ဧတ္ထ ပူဇိတာ ဓမ္မာ' ဟူသော သံဝဏ္ဏနာအရ ခာရေန္တိတိ ဓမ္မာ၊ အဘိပူဇိတာဓမ္မာ ဧတ္ထာတိ အဘိဓမ္မော-ဟုပြု။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ပူဇော်ထိုက်သော တရားတို့၏ အဘိဓမ္မာပိဋကတ်နှင့် အစိတ်အပေါင်း, အာခာရီ အာခာရ စပ် (ဗျု-နိ)။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အဘိဓမ္မာတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် ဝါ၊ ပူဇော်ထိုက်သော တရားရှိခြင်း ဟူသော ဂုဏ်သည် (ပ-နိ)။

'ဧတ္ထ ပရိစ္ဆိန္နာ ဓမ္မာ' ဟူသော သံဝဏ္ဏနာအရ - ခာရေန္တိတိဓမ္မာ အဘိပရိစ္ဆိန္နာဓမ္မာ ဧတ္ထာတိ အဘိဓမ္မော-ဟုပြု။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်း ဖြစ်သော ပိုင်းခြား အပ်သော တရား တို့၏ အဘိဓမ္မာ ပိဋကတ် နှင့် အစိတ်အပေါင်း, အာခာရီ+အာခာရ စပ် (ဗျု-နိ)။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အဘိဓမ္မာတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် ဝါ၊ ပိုင်းခြားအပ်သော တရားရှိခြင်းဟူသော ဂုဏ်သည် (ပ-နိ)။

http://www.dhammadownload.com



'တွေ အဓိကာ ဓမ္မာ' ဟူသော သံဝဏ္ဏနာအရ - ဓာရေန္တီတိ ဓမ္မာ၊ အဘိအဓိကာ ဓမ္မာ တွေတိ အဘိဓမ္မော-ဟုပြု။

၂။ ထိုဗျူပ္ပတ္တိ၏ အကြောင်းဖြစ်သော လွန်ကဲသော တရားတို့၏ အဘိဓမ္မာ ပိဋကတ်နှင့် အစိတ် အပေါင်း, အာဓာရီ+ အာဓာရ စပ် (ဗျု-နိ)။

၄။ ထိုပုဝတ္တိ၏ အကြောင်းဖြစ်သော အဘိဓမ္မာတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် ဝါ၊ လွန်ကဲသော တရားရှိခြင်း ဟူသော ဂုဏ်သည် (ပ-နိ)။

သံဝဏ္ဏနာအရ အဘိဓမ္မော သံဝဏ္ဏေတဗ္ဗပုဒ်၏
လိုရင်းဝိဂ္ဂဟ ၅—ချက်

၁။ အဘိဝုမိုမန္တာ ဓမ္မာ တွောတိ အဘိဓမ္မော၊

၂။ အဘိလက္ခိတာ ဓမ္မာ တွောတိ အဘိဓမ္မော၊

၃။ အဘိပူဇိတာ ဓမ္မာ တွောတိ အဘိဓမ္မော၊

၄။ အဘိပရိစ္ဆိန္နာ ဓမ္မာ တွောတိ အဘိဓမ္မော၊

၅။ အဘိအဓိကာ ဓမ္မာ တွောတိ အဘိဓမ္မော။

(က) ဝါကျ။ ၎။ [အဘိ-ကား ဥပသာရပုဒ် ဖြစ်၍ ဝိဂ္ဂဟ မပြုကောင်းပါ။]

သပ္ပတိ ဥစ္စာရိယတီတိ သဒ္ဒေါ၊ သပ္ပတေ ဉာယတေ ယေနာတိဝါ သဒ္ဒေါ၊ - (အဘိဓာန်ဋီကာ။) [သပ္ပဓာတ်+ဒ-ပစ္စည်း၊ ရွတ်ဆိုခြင်း, သိခြင်း ကြိယာ]။

သူစိဋ္ဌကား- သပန္တိနေနာတိဝါသဒ္ဒေါ။ သပဓာတုမှာ ဒေါ။ သဒ္ဒီယတီတိဝါသဒ္ဒေါ။ သဒ္ဒီယတိ အတ္တော အနေတိဝါသဒ္ဒေါ။ သဒ္ဒ,သဒ္ဒနေ၊ (အ) ဟု ဋီကာထက် ပိုလွန်စွာ ဆို၏။

http://www.dhammadownload.com



ပုဒ်စစ်ကျမ်း - သဒ္ဒါစစ်အစဥ်ကား- သပ္ပတိ သောတာ ဝိညာဏာ လမ္ဘတ (သောတ ဝိညာဏာရမ္မဏ) ဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ-ဟု ဆိုအ်။ [သပ္ပ ဓာတ်+ဒ-ပစ္စည်းရောက်ခြင်း ကြိယာ။]

အဘိဝေ+သဒ္ဒေါ=အဘိသဒ္ဒေါ။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော အဘိ၏ သဒ္ဒါနှင့်ဝိသေသန+ ဝိသေသျ၊ ဂုဏ်+ဂုဏော....စပ်....ဗျု-နီ။

၄။ ထို ပဝတ္တိ၏ အကြောင်းဖြစ်သော အဘိသဒ္ဒါတို့၏ တစ်ခုသည်.... ပ....ဇာတ်သည် (အဘိသဒ္ဒါဇာတ်သည်) ပ-နီ။

ဝနုန် ဝုမိ။ (ဝမိယတေဝါ ဝုံမိ။) လက္ခီယတေလက္ခဏံ၊ (ဘာဝသာဓိ။) လက္ခီယတိ အနေနာတိဝါလက္ခဏံ၊ (ကရဏသာဓိ။) ပူဇေတဗ္ဗောတိ ပူဇိတော၊ (ပူဇိယတေတိဝါ ပူဇိတော။) ပရိစ္ဆိန္ဒိ တဗ္ဗောတိ ပရိစ္ဆိန္နော၊ (ပရိစ္ဆိန္ဒိယတေတိဝါ ပရိစ္ဆိန္နော။) အဓိတေ ဂစ္ဆတီတိ အဓိတော၊ [အဓိ ပုဗ္ဗ+က္လဓာတ်+က-ပစ္စည်း၊ လွန်စွာရောက်ခြင်း ကြိယာ။] (အစိတ်)။

ဝုမိစ+လက္ခဏံစ+ပူဇိတောစ+ပရိစ္ဆိန္နောစ+အဓိကောစ=ဝုမိလက္ခဏ-ပူဇိတ ပရိစ္ဆိန္နာဓိကာ။ (တေသု ဝုမိ....ပ....ဓိကေသု။) (အပေါင်း)။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကြီးပွားခြင်း, မှတ်ခြင်း, (မှတ်ကြောင်း), ပူဇော်ထိုက်, ပိုင်ခြားအပ်, လွန်သောအနက် တို့၏ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာ ပေက္ခ သမ္ဗန် သည် ဗျု-နီ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ကြီးပွားခြင်း စသော အနက် တို့၏ အချင်းချင်းငဲ့ခြင်းဂုဏ်သည် ပ-နီ။

## လိင် စသည်ခွဲပုံ

(က) ဝါကျ။ ။အဘိဓမ္မဿကား ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာ-ရန္တ, သမာသနာမပဒ။

(ဝုတ္တောယေဝ ဝုတ္တော+ဧဝ ဟု ပုဒ်ဖြတ်)၊
ဝုတ္တောကား-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။
ဧဝ-အလိင်, ဂဏဝိမုတ်, အာကာရန္တ, နိပါတပဒ။

http://www.dhammadownload.com



(ခ) ဝါကျ။ ။အပရော-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, သဗ္ဗနာမပဒ။

ယံ-အလိင်, ဂဏာဝိမုတ်, နိဂ္ဂဟိတန္တ, နိပါတပဒ။

(တစ်နည်း) ယံ-နပုလ္လိင်, သဗ္ဗနာမ်ဂိုဏ်း, (စိတ္တာဒိဂိုဏ်း) သဗ္ဗနာမပဒ။

ဧတ္ထ-အလိင်, ဂဏာဝိမုတ်, အကာရန္တ, နိပါတပဒ။

ဝုမိမန္တော-ပုလ္လိင်, ဂုဏဝါဒိဂိုဏ်း, (ဝုမိမန္တု ဟု တည်ရသောကြောင့်) ပကတိဥကာရန္တ, (တစ်နည်း) (ရှုပသိဒ္ဓိဂုဏဝါဒိဂိုဏ်း ပြရာ၌ ထိုဂုဏဝါဒိဂိုဏ်းကို အကာရန္တဟု ဆိုထားသောကြောင့်) အကာရန္တ, တဒ္ဓိတနာမပဒ။

ထိုတွင် ဝုမိကား-ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်း ဣကာရန္တ, ကိတနာမပဒ။

သလက္ခဏာ-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, ပကတိအကာရန္တ, သမာသနာမပဒ။

ပူဇိတာ, ပရိစ္ဆိန္နာပုလ္လိင်, ပုရိသာဒိဂိုဏ်း, ပကတိအကာရန္တ, ကိတနာမပဒ။

(ဝုတ္တာ, အဓိကာနည်းတူ) စ-အလိင်, ဂဏာဝိမုတ်, အကာရန္တ, နိပါတပဒ။

ဧကေန-အလိင် ဂဏာဝိမုတ်, အကာရန္တ, နိပါတပဒ၊ (တစ်နည်း) နပုလ္လိင်, စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, သဗ္ဗနာမပဒ၊ (အက္ခာတေကို ဝုတ္တာနည်းတူခွဲ)။

(ဂ) ဝါကျ။ ။အယံ-ပုလ္လိင်, ပုရိသာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) ပကတိ အကာရန္တ, သဗ္ဗနာမပဒ။

ဒိဿတိ-အလိင်, ဘူဝါဒိဂိုဏ်း (ကမ္မရုပ်ကြံသောနည်း), (တစ်နည်း) ဒိဝါဒိဂိုဏ်း (ကတ္တုရုပ်ကြံသောနည်း) (ပကတိကာရန် အတွင်းကာရန်) အကာရန္တ, အာချာတပဒ။

[ဒိသဓာတ်+အပစ္စည်း+(ကံယောယပစ္စည်း), တေဝိဘတ်၊ (တစ်နည်း) ဒိဝါဒိ ယ ပစ္စည်း+တိဝိဘတ်။]

(ဃ) ဝါကျ။ ။တထာဟေသု (တထာ+ဟိ+ဧသော ပုဒ်ဖြတ်)။

http://www.dhammadownload.com



တထာနှင့်ဟိကို အလိုင်, နိပါတ်ပုဒ်ခွဲ၊ သော-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) ပကတိအကာရန္တ သဗ္ဗနာမပဒ။

ဝုစ္စိယံ-ကြိယာလိင်, ရတ္တာဒိဂိုဏ်း, ပကတိကြကာရန္တ, ကိတနာမပဒ။

(င) ဝါကျ။ ။ယာ-တာ-ကြိယာလိင်, ကညာဒိဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) အာကာရန္တ, သဗ္ဗနာမပဒ။

ရတ္တိယော-ကြိယာလိင်, ရတ္တာဒိဂိုဏ်း, ပကတိကြကာရန္တ, ကိတနာမပဒ။

အဘိညာတာ, အဘိလက္ခိတာ-ကြိယာလိင်, ကညာဒိဂိုဏ်း, အာကာရန္တ, ကိတနာမပဒ။ (တစ်နည်း) သမာသ်နာမပဒ။

လက္ခဏော နပုလ္လိင်, စိတ္တာဒိဂိုဏ်း, ပကတိအကာရန္တ, ကိတနာမပဒ။

## အာဘောဂ်သံဝဏ္ဏနာ

(က) ဝါကျ။ ။(က) ဝါကျ သံဝဏ္ဏနာပါဌ်ဖြင့် အဘိဓမ္မ သဒ္ဒါ၏ ဝစနတ္ထကို မဆိုအပ်ပြီးမဟုတ် (ဗျတိရေကာဘောဂ)၊ ဆိုအပ်ပြီးသည်ဟု (အန္ဝယာဘောဂ) ညွှန်ပြအပ်သည်၏အဖြစ်ကို သိစေ၏ (ဘာဝတ္ထ)။

(တစ်နည်း) (က) ဝါကျဖြင့် အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထကို "ကေနဋ္ဌေန အဘိဓမ္မော ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန" ဟု ကျမ်းဦးအစ၌ ဆိုအပ်ပြီး သည်သာတည်းဟု ညွှန်ပြအပ်သည်၏အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)။

(ခ) ဝါကျ။ ။'အပရော နယော'ဖြင့် အဘိဓမ္မသဒ္ဒါ၏ တစ်ပါးသော ဝစနတ္ထနည်းကို မဆိုလတ္တံ့မဟုတ် (ဗျတိရေက)၊ ဆိုလတ္တံ့ (အန္ဝယ)ဟု ပဋိညာဉ် စကားပျိုးကို သိစေ၏။ (ဘာဝတ္ထ,အတ္ထ)။

'ယံ'ဖြင့် အနိယမအားဖြင့် အဘိဓမ္မသဒ္ဒါ၏ သကက်အနက်ကို ဝါ၊ အနိ ယမကာရဏအဖြစ်ကို သိစေ၏။ (သကတ္ထ,ဘာဝတ္ထ)။

'ဣတ္ထ ဝုဍ္ဍိမန္တော ဓမ္မာ'ဖြင့် အဘိဓမ္မော၌ အဘိသဒ္ဒါသည် အာဘိမုချ စသော အနက်ကိုမဟော (ဗျတိရေက)၊ ဝုဍ္ဍိမန္တအနက် (ဝုဍ္ဍိအနက်) ဟော သည်ကိုလည်းကောင်း (အန္ဝယ) (ဥပသဂ္ဂလိင်္ဂတ္ထ)။

F33A အဘိဝုဍ္ဍိမန္တော ဓမ္မာ ဣတ္ထာတိ အဘိဓမ္မောဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ကိုလည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိမာနတ္ထ) သိစေ၏။

http://www.dhammadownload.com



တွေ့သလက္ခဏာဓမ္မာဖြင့် အဘိဓမ္မော၌ အဘိသဒ္ဒါ၏ လက္ခဏာအနက် ဟောသည်ကိုလည်းကောင်း(ဥပသဂ္ဂလိင်္ဂတ္ထ)၊ အဘိလက္ခိတာဓမ္မာ တွေ့တိ အဘိဓမ္မော သတ္တမီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

'တွေ့ပူဇိတာ ဓမ္မာ'ဖြင့် အဘိဓမ္မော၌ အဘိသဒ္ဒါ၏ ပူဇိတအနက်ဟော သည်ကိုလည်းကောင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အဘိပူဇိတာ ဓမ္မာ တွေ့တိ အဘိ-ဓမ္မောဟု သတ္တမီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်ကို လည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

'တွေ့ ပရိစ္ဆိန္နာ ဓမ္မာဖြင့် အဘိဓမ္မော၌ အဘိသဒ္ဒါပရိစ္ဆိန္နအနက် ဟော သည်ကိုလည်းကောင်း (ဥပသဂ္ဂလိင်္ဂတ္ထ)၊ အဘိပရိစ္ဆိန္နာ ဓမ္မာ တွေ့တိ အဘိဓမ္မောဟု သတ္တမီဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

'တွေ့ အဓိကာဓမ္မာ'ဖြင့် အဘိဓမ္မာ၌ အဘိသဒ္ဒါသည် အာဘိမုချစသော အနက်ကိုမဟော၊ (ဗျတိရေက)၊ အဓိကအနက်ဟောသည်ကို လည်းကောင်း (အန္ဓယ) (ဥသဂ္ဂလိင်္ဂတ္ထ)၊အဘိဓမ္မောပုဒ်ကို အဗျယီဘော သမာသ် ဝစနတ္ထ စသည် မပြုရ (ဗျတိရေက)၊ အဘိအဓိကာ ဓမ္မာ တွေ့တိ အဘိဓမ္မောဟု သတ္တမီဗဟုဗ္ဗီသမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း(အန္ဓယ) (သမာသ-လိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

'ဝုတ္တာ'ဖြင့် ဓမ္မာ ဟူသော ကံပုဒ်၏ကြိယာကို ကတာ စသည် မထည့်ရ။ ဝုတ္တာဟု ထည့်ရမည့်အဖြစ်ကို သိစေ၏ (နေယျတ္ထ,ဘာဝတ္ထ)။

'စ'ဖြင့် သမုစ္စယ ဇောတကအဖြစ်ကိုသိစေ၏ (အတ္ထ,ဘာဝတ္ထ)။

'အဘိဓမ္မော'ဖြင့် အက္ခာတော၏ အာကာရကို သုတ္တံ စသည် မထည့်ရ၊ အဘိဓမ္မောဟု ထည့်ရမည်ကိုသိစေ၏(နေယျတ္ထ,ဘာဝတ္ထ)။ တေနဖြင့် နိယမ အားဖြင့် အဘိဓမ္မသဒ္ဒါ၏ သကတ်အနက်ကို ဝါ၊ နိယမကာရဏာ အဖြစ်ကို သိစေ၏။ (သကတ္ထ,ဘာဝတ္ထ)။

'အက္ခာတော'ဖြင့် အဘိဓမ္မော၏ ကြိယာကို ဝါ-အယံဓမ္မော ဟူသော ပါဌသေသ၏ ကြိယာကို ကတော စသည် မထည့်ရ, အက္ခတောဟု ထည့်ရ မည်ကို သိစေ၏ (နေယျတ္ထ,ဘာဝတ္ထ)။

http://www.dhammadownload.com



(ဂ) ဝါကျ။ ။'ဟိ'ဖြင့် ဝိတ္ထာရတ္ထဇောတက, ဒဠှီကရဏတ္ထဇောတက အဖြစ်ကို သိစေ၏။ (အတ္ထ, ဘာဝတ္ထ)။

ကြွင်းသော (ဂ) ဝါကျဖြင့် ရှေးသခဲ့ပ၏ အကျယ်ချဲ့ပြသော ဝိတ္ထာရ အဖြစ်, ရှေးဒဠှီယ၏ ခိုင်မြဲအောင်ပြုသော ဒဠှီကရဏအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)။

(တစ်နည်း) အဘိသဒ္ဒါ၏ ဝုမိုလက္ခဏ ပူဇိတ ပရိစ္ဆိန္နအဓိက အနက် ဟော သည်၏အဖြစ်ကို ထပ်မံ၍ အကျယ်အားဖြင့် သိစေ၏။ (ဥပသဂ္ဂလိင်္ဂတ္ထ, ဘာဝတ္ထ)။

(ဃ) ဝါကျ။ 'ဟိ' ဖြင့် တပ္ပါကဋ္ဌီကရဏ-ဒဠှီကရဏ-ဝိတ္ထာရဇောတက အဖြစ်ကို သိစေ၏ (အတ္ထ, ဘာဝတ္ထ)။

ကြွင်းသော (ဃ) ဝါကျဖြင့် အဘိဓမ္မာ၌ အဘိသဒ္ဒါ၏ ဝုမိအနက်ကို ဟောရာ၌ အကိုးသာဓကပါဠိ အာဂမအဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

(င) ဝါကျ။ ။(င) ဝါကျဖြင့် အဘိဓမ္မာ ၌ အဘိသဒ္ဒါ၏ လက္ခဏ အနက်ကို ဟောရာ၌ အကိုးသာဓကပါဠိ အာဂမအဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)။

[မှတ်ချက်။ ။ပူဇိတာ-ပူဇာရဟာတိ အဓိပ္ပါယော။ (၃-၂၁) ပူဇိတာ ၌ ကမ္မတ္ထ တ-ပစ္စည်း၏ အရဟအနက် ထွန်းပြသည်၏အဖြစ်ကို ပူဇာရဟာတိ အဓိပ္ပါယော ဟူသောပါဌ်ဖြင့် သိစေ၏။ ကိတ်ပစ္စည်းအနက် ဖွင့်ပြသော ကြောင့် ဒုတိယပစ္စယတ္ထ, သံဝဏ္ဏနာ။]

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ။အဘိဓမ္မသင်္ဂ၌ အဘိသဒ္ဒါသည် အတိရေကတ္ထ, ဝိသေသတ္ထ၊ ဝုတ္တောယေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

ထိုဧဝသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ စသည်ကား ဝါ-ဧဝတ္ထဖလတ္ထယကား—

၁။ ဝုတ္တ ကြိယာသည် ဂဟေတဗ္ဗတ္ထ၊

၂။ အဝုတ္တကြိယာသည် နိဝတ္တေတဗ္ဗတ္ထ (ဧဝတ္ထဖသ, အဝဓာရဏ- ဖလ)။

http://www.dhammadownload.com



၃။ အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထအဖြစ်ဟူသော ဂုဏ်သည် လည်းကောင်း, အဘိဓမ္မသဒ္ဒါ၏ တစ်ပါးသော ဆိုလတ္တံ့သော ဝစနတ္ထတို့သည် လည်းကောင်း အနုညာတတ္ထ။

(ခ) ဝါကျ။ ။ယံ ကို နိပါတ်ကြံလျှင် ထိုယံ နိပါတ်ပုဒ်သည် ကာရဏတ္ထ၊ တွေ့ နိပါတ်သည် ဤနေရာ၌ အဘိဓမ္မာ ပိဋကတ် ဟူသော အာဓာရအနက်ကို ဟော၏။

သ လက္ခဏာ၌ သဟ၏ ကာရိယ သ သဒ္ဒါသည် သမင်္ဂိယာအနက်, တုလျယောဂ အနက်ကို ဟော၏။

(သဟ သဒ္ဒါသည် လည်းကောင်း, သဟ သဒ္ဒါ၏ ကာရိယ သသည် လည်းကောင်း, သဒ္ဓိံ သဒ္ဒါသည်လည်းကောင်း အတူတကွဟု အနက်ပေးမှု နေရာတိုင်း သမင်္ဂိယာအနက်, တုလျယောဂ အနက်ဟောသည်ဟု မှတ်ပါ။)

ပရိစ္ဆိန္နာ ၌ ပရိသည် ဝေတွတ္ထာနုဝတ္တက၊

အဓိကာ ၌ အဓိသည် အတိရေကတ္ထ, အတိသယတ္ထ၊ စ, သဒ္ဒါ သမုစ္စယတ္ထ။

ထို စ-သဒ္ဒါ၏ ပေါင်းစည်းပုံ သမုစ္စယာကာရကား ဤ အဘိဓမ္မာ ပိဋကတ်၌ ကြီးပွားခြင်းရှိသောတရား, မှတ်ကြောင်းနှင့်တကွ ဖြစ်သော တရား, ပူဇော်ထိုက်သော တရား, ပိုင်းခြားအပ်သော တရားတို့ကိုသာ ဟောသည် မဟုတ်သေး၊ လွန်ကဲသော တရားတို့ကိုလည်း ဟောအပ်ကုန်သေး၏ဟု ပေါင်းစည်းပါသည်။

ထို စ သဒ္ဒါဖြင့် သိစေအပ်သော ဉာပေတဗ္ဗ အဓိပ္ပာယ်ကား-ဤ အဘိဓမ္မာ ပိဋကတ်၌ ။ပ။ လွန်ကဲသော တရားတို့ကိုလည်း ဟောအပ်ကုန်သေး၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏။

ထို စ သဒ္ဒါ၏ ဆိုလိုရင်း ပိဏ္ဍတ္ထ အဓိပ္ပာယ်ကား ဤအဘိဓမ္မာ ပိဋကတ်၌ ။ပ။ လွန်ကဲသော တရားတို့ကိုလည်း ဟောအပ်ကုန်သေး၏ဟု ဆိုလိုပါသည်။

အဘိဓမ္မော၌ အဘိသဒ္ဒါသည် ဝုဒ္ဓိ, လက္ခဏ, ပူဇိတ, ပရိစ္ဆိန္န, အဓိက အနက်တို့ကို ဟော၏။

http://www.dhammadownload.com



တေနကို နိပါတ်ကြံလျှင် ထိုတေန နိပါတ်သည် ကာရဏာ အနက် (အဘိဓာန် အလို), ကာရဏာစွေဒအနက် (ရှု-အလို) တို့ကို ဟော၏။ (အက္ခာတော၌ အာ သဒ္ဒါ၏ အနက်ကို ရှေ့သုတ္တ သဒ္ဒါ၏ အဖွင့်၌ ပြခဲ့ပြီ။)

(ဂ) ဝါကျ။ ။ဟိ သည် ဝိတ္ထာရတ္ထ, ဒဠှီကရဏတ္ထ။

အဘိသဒ္ဒေါ၌ အဘိသဒ္ဒါသည် အဘိသဒ္ဒါဟူသော အနက်ကို ဟော၏။ (သဒ္ဒပဒတ္ထက)။ (တစ်နည်း) ယခင် ဝုမိုစသော ငါးနက်ကို ဟော၏။

(ဃ) ဝါကျ။ ။တထာ သည် နိပါတ် ဤနေရာ၌ စကား ဟူသော အနက်ကို ဟော၏။ (တစ်နည်း) ပကာရအနက် ဟော၏။

ဟိ သဒ္ဒါ တပ္ပါကဋီကရဏတ္ထ, ဒဠှီကရဏတ္ထ, ဝိတ္ထာရတ္ထ။

ဒုက္ခာ၌ ဒုသည် ကုစ္ဆိတတ္ထ။

အဘိက္ကမန္တိ၌ အဘိသဒ္ဒါ ဝုမိုအနက်ကို ဟော၏။

နော သည် ပဋိသေဓတ္ထ။

ပဋိက္ကမန္တိ=၌ (ပတိ) သည် နိဝတ္တနတ္ထ။

အာဂတော၌ အာသည် အဘိမုခ တာဝတ္ထ, ဓာတွတ္ထဗာဓက။

(င) ဝါကျ။ ။အဘိညာတာ, အဘိလက္ခိတာ တို့၌ အဘိသည် လက္ခဏတ္ထ။

## သမ္ဗန္ဓာမ်ပုဒ်တို့၏ စွဲရာအနက်နှင့် ဝိသယနာမည်

(ခ) ဝါကျ။ ။'အပရော နယော' ၌ အပရ ဟူသော သဗ္ဗနာမ်သည် နည်းဟူသော အနက်ကို စွဲ၏။ 'နယော' ဟု အစွဲတိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။

ယံ-ကို သဗ္ဗနာမ်ကြံလျှင် ယံသည် အကြောင်းကာရဏ အနက်ကို စွဲ၏။ အကြောင်းကာရဏဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

http://www.dhammadownload.com



တေနကို သဗ္ဗနာမ်ကြံလျှင် တ သည် အကြောင်း ကရဏာအနက်ကိုစွဲ၏။ အကြောင်း ကရဏာဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိ ဝိသယ။ (တစ်နည်း) ဝုတ္တ ကြိယာကို စွဲသောကြောင့် အနုဘူတဝိသယ။

(ဂ) ဝါကျ။ ။အယံ၌ က္လမသည် အဘိသဒ္ဒါကိုစွဲ၏။ အဘိသဒ္ဒေါဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဃ) ဝါကျ။ ။တထာ၌ တ သည် စကားအနက်ကို စွဲ၏။ ဆိုအပ်ပြီးသော စကားဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိ ဝိသယ။

သေ (သော)၌ ဘ သည် အဘိသဒ္ဒါကို စွဲ၏။ ဆိုအပ်ပြီးသော အဘိသဒ္ဒါဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

(င) ဝါကျ။ ။ယာ၌ ယသည် ညဥ့်ကိုစွဲ၏။ ရတ္တိယောဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာငါးတန်ထုတ်ပုံ

(က) ဝါကျ။ ။ဝုတ္တော၌ အန္တတ္ထ, ဝစေတ် ကတ္တုဌ ကြိယာအရ သတိ, ဝီရိယ, ဉာဏ်, ဆို သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တည်း။

၁။ ထို သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် (မုချ) ဒဿနတ္ထ၊

၂။ ယောနိသော မနသိကာရသည် (ပထမ ဖလူ) ဒီ။

၃။ (ကေနဋ္ဌေန အဘိဓမ္မော) ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန ဟူသော ဝစီဘေဒသဒ္ဒသည် (ပထမ ကာရကျ) ပ။

၄။ သဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် (ဒုတိယ ဖလူ) ဝိ။

၅။ အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထ အနက်အဓိပ္ပာယ်ကို သိရခြင်း, ပီတိ ပါမောဇ္ဇဖြစ်ခြင်း, ဒိဋ္ဌိဓမ္မိကသမ္ပရာယိက ဘောဂသမ္ပတ္တိ, ဘဝသမ္ပတ္တိ စသည်တို့သည်(ဒုတိယကာရကျ) အနု။

http://www.dhammadownload.com



(ဤဘဝအတွက်ကို ရည်ရွယ်လျှင် ဤဘဝ၌ဖြစ်သော ဘောဂသမ္ပတ္တိ, နောက်ဘဝ၌ ဖြစ်လတ္တံ့ ဘဝသမ္ပတ္တိဟု လည်းကောင်း, နောက်ဘဝအတွက်ကို ရည်ရွယ်လျှင် နောက်ဘဝ၌ ဖြစ်လတ္တံ့သော ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိဟု လည်းကောင်း သူ့ရည်ရွယ်ချက်နှင့်သူ ဘောဂသမ္ပတ္တိ, ဘဝသမ္ပတ္တိ, သို့မဟုတ် ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိဟု ရှေ့နောက် အစဉ် ဆိုနိုင်သည်)။

## ဝစနတ္ထော ဟူသော ငါးပုဒ်ဆရန္ဒ ပုဒ်တ္ထ ာဓ္မ ဓာဟျတ္ထ
## တ-ပစ္စည်းအရ

၁။ (ဝေါန ဌေန အဘိဓမ္မာ) ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန ဟူသော ဝစီဘေဒသဒ္ဒသည် ဒ။

၂။ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီ။

၃။ အဘိဓမ္မ သဒ္ဒါ၏ ဝစနတ္ထ အနက်အဓိပ္ပာယ်ကို သိရခြင်းသည် ပ။

၄။ ယောနိသော မနသိကာရ, သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ဝိ။

၅။ ပီတိ ပါမောဇ္ဇဖြစ်ခြင်း ဒိဋ္ဌဓမ္မိက သမ္ပရာယိက ဘောဂသမ္ပတ္တိ, ဘဝသမ္ပတ္တိ စသည်တို့သည် အနု။

(ခ) ဝါကျ။ ။ပူဇိတဘ္ဗ ပူဇာဓာတ်အရ....

၁။ ပူဇော်သော စေတနာသည် ဝါ-ပူဇော်သော စေတနာ+ ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည် ဒ။

၂။ ယောနိသော မနသိကာရသည် ဒီ။

၃။ ပူဇော်သဖြင့် ရှေးဦးစွာ ရအပ်သော ပစ္စုပ္ပန် ဘဝ၌ပင် အန္တရာယ်ကင်းခြင်း, ချမ်းသာခြင်း စသော အကျိုးတို့သည် ပ။

၄။ သဒ္ဓမ္မဿဝန စသည်သည် ဝိ။

၅။ ပူဇော်သဖြင့် ရအပ်သော တမလွန်၌ သုဂတိဘဝ စသော အကျိုးဆက်တို့သည် အနု။

http://www.dhammadownload.com



ဝုတ္တာ၌ ဝစခေါတ်အရ....

၁။ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒ။
၂။ အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီ။
၃။ ကုသလာ ဓမ္မာ စသော အဘိဓမ္မာ ပါဠိတရားတော် ဟူသော ဝစီဘေဒသဒ္ဒ ဒေသနာသည် ပ။
၄။ ပုညဉာဏသမ္ဘာရ, မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿ-နာ ဉာဏ်, အောက်မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ကြွင်းသော ဗုဒ္ဓဉာဏ်, ကာလ, ဒေသ, ပရိသတ် စသည်တို့သည် ဝိ။
၅။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်း ဒိဋ္ဌဓမ္မိက သမ္ပရာယိက, ဘောဂ, သမ္ပတ္တိ, ဘဝသမ္ပတ္တိ စသည်တို့သည် အနု။

ဓမ္မာ ဟူသော ကံပုဒ်အရ ယခင် ပူဇိတာ ဝုတ္တာတို့၌ ဗာဟုလ္လ တ ပစ္စည်း အရ....

၁။ ကုသလာဓမ္မာ စသော အဘိဓမ္မာ ပါဠိတရားတော်ဟူသော ဝစီဘေဒသဒ္ဒ ဒေသနာသည် ဒ။
၂။ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီ။
၃။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်းသည် ပ။
၄။ ပုညဉာဏသမ္ဘာရ, မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿ-နာ ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်, ကြွင်းသော ဗုဒ္ဓဉာဏ် ကာလဒေသ ပရိသတ် စသည်တို့သည် ဝိ။
၅။ ဒိဋ္ဌဓမ္မိက, သမ္ပရာယိက, ဘောဂသမ္ပတ္တိ, ဘဝသမ္ပတ္တိ စသော အကျိုးဆက်တို့သည် အနု။

အက္ခာတော၌ အာပုဗ္ဗ ခါဓာတ်အရ....

၁။ ပညာရှိသန္တာန်၌ ဖြစ်သော သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒ။
၂။ ယောနိသော မနသိကာရသည် ဒီ။

http://www.dhammadownload.com



၃။ ကုသလာ ဓမ္မာ စသော အဘိဓမ္မာ ပါဠိတရားတော်ဟူသော ဝစီဘေဒသဒ္ဒ ဒေသနာသည် ပ။

၄။ သဒ္ဓမ္မသဝန စသည်တို့သည် ဝိ။

၅။ သောတုဇန တို့အား အဘိဓမ္မာပါဠိတော်၏အနက်အဓိပ္ပာယ်ကို သိရခြင်း, သိသည့်အတိုင်း ကျင့်ခြင်း, ပီတိပါမောဇ္ဇ ဖြစ်ခြင်းမှစ၍ ဈာန်, မဂ်, ဖိုလ်, နိဗ္ဗာန်ရသည်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

အယံ ဓမ္မောဟူသော ပါဠိသေသကံပုဒ်အရ 'အက္ခာတော'၌ ဗာဟျတ္ထ တ ပစ္စည်းအရ-

၁။ ကုသလာ ဓမ္မာ စသော အဘိဓမ္မာ ပါဠိတရားတော်ဟူသော ဝစီဘေဒသဒ္ဒ ဒေသနာသည် ဒ။

၂။ ပညာရှိသန္တာန်၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ် ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဒိ။

၃။ သောတုဇနတို့အား အဘိဓမ္မာပါဠိတော်၏ အနက်အဓိပ္ပာယ်ကို သိရခြင်းသည် ပ။

၄။ ယောနိသော မနသိကာရ, သဒ္ဓမ္မသဝန စသည်တို့သည် ဝိ။

၅။ အဘိဓမ္မာ ပါဠိတော်၏ အနက်အဓိပ္ပာယ်သိခြင်း, သိသည့်အတိုင်း ကျင့်ခြင်း, ပီတိပါမောဇ္ဇ ဖြစ်ရခြင်းမှစ၍ ဈာန်, မဂ်ဖိုလ်, နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနု။

## ရနိုင်သော သိဒ္ဓိ

(ဃ) ဝါ-ဇျ။ ။အဘိဓမ္မာ၌ အဘိသဒ္ဒါ၏ ဝုဒ္ဓိအနက်ကို ဟောသည်၏ အဖြစ်ကို ဤဗာဋ္ဌာမေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ စသော အာဂမ ပါဠိဖြင့် ပြီးစေအပ်သောကြောင့် ဝါ၊ ဤ အာဂမ ပါဠိကို ထောက်ဆ၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

(င) ဝါဈ။ ။အဘိဓမ္မော၌ အဘိသဒ္ဒါ၏ လက္ခဏာအနက် ဟောသည်၏ အဖြစ်ကို ဤ ယာတာရတ္တိယော အဘိညာတာ အဘိလက္ခိတာ

F34A

http://www.dhammadownload.com



စသော အာဂမပါဠိဖြင့် ပြီးစေသောကြောင့် ဝါ၊ ဤ အာဂမပါဠိကို ထောက်ဆ၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိ မည်၏။

### ပဌာန်းပစ္စည်းပြိုင်
### ဝစနတ္ထော ဝုတ္တော

(က) ဝါကျ။ ။၁။ ဝိစနတ္ထော ဟူသော ကံ ပုဒ်အရ ဝုတ္တော၌ ဗာဟုလ္လတ္တ တ ပစ္စည်းအရ ဆိုအပ်ပြီးသော ဝစနတ္ထ တည်းဟူသော ဓမ္မာတိရေက ဓမ္မ-ဝိသေသဋ္ဌေနဟု ဆိုအပ်သော အတိက်သဒ္ဒါရဲ့ ပစ္စည်းတရားသည် ထိုဝုတ္တော၌ အန္တတ္ထဝစခေါတ်အရ (ဝုတ္တောအရဟုလည်း သာမညအားဖြင့် ဆိုနိုင်၏) သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အာရမ္မဏိက ပစ္စယုပ္ပန် တ႟းအား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြု၏။ (ပြိုင်-မရှိ)။

၂။ ဝစနတ္ထော ဟူသော ကံပုဒ်အရ ဗာဟုလ္လတ္တ တ ပစ္စည်းအရ ဝစနတ္ထနှင့် စပ်၍ ဖြစ်သင့်သော စေတသိက်စသော ဓမ္မာရဲ့ သည် ဝုတ္တော၌ ဝစခေါတ်အရ (ယခင်) စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင် အာ, ဓိ, ဥပ (၃)။

### မယာ ဝုတ္တော-

၁။ မယာ ဟူသော ပါဠိသေသ ကတ္တားအရ ဉာဏ်သည် ဝုတ္တော၌ ဝစခေါတ်အရ မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄ ခု၊ ဉာဏ်, ဝိရတီ, အပ္ပမညာကြဉ် စေတသိက် ၃၂-ပစ္စယုပ္ပန် တရားအား သဟ ပြု၏။

ပြိုင်-ဟေ, ဓိ, သဟ, ည, နိ, က္လ, မဂ္ဂ, သံ, တ္ထိ, အဝိ (၁၀)။

၂။ [ဝုတ္တော၌ ဝစခေါတ်အရ ဉာဏ်ကိုယူ၍ ပစ္စည်းထားပြီးလျှင် မယာ အရ ယခင် ဝုတ္တော၌ ဝစခေါတ်အရ ဖြစ်သော တရား ကို ယူ၍ ပစ္စယုပ္ပန်ထားပြီးလျှင် ယခင် (၁၀) ပစ္စည်း ပြိုင်။]

### အပရော နယော ဝုစ္စတေ

(ခ) ဝါကျ။ ။၁။ အပရော နယော အရ, ပါဠိသေသ ဝုစ္စတေ၌ ဗဟုလ္လတ္တ တေ ဝိဘတ်အရ ယံ တ္ထေဂုမ္ဗိမန္တော စသော အနာဂတ်သဒ္ဒါရဲ့

http://www.dhammadownload.com



သည် ထိုဝုစ္စတော်၌ ဝစဓာတ်အရ သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင်-မရှိ။

၂။ အပရော နယော ကံပုဒ်အရ, တေဝီဘတ်တို့အရ ဖြစ်သင့်သော စိတ်စေတသိက် စသော အာရုံသည် ဝုစ္စတော်၌ ဝစဓာတ်အရ (ယခင်) စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။
ပြိုင်-အာ, မိ, ဥပ (၃)။

(ပါဠိသေသ မယာအရနှင့်၊ ဝုစ္စတော်၌ ဝစဓာတ်အရတို့ကို ယခင် မယာဝုတ္တာ ကဲ့သို့ အရကောက်၍ သဟမျိုးပြိုင်ပါ။)

## ဧတ္ထ ဝုတ္တာ

ဧတ္ထ အရ အဘိဓမ္မာ ပိဋကတ်သည် ဝုတ္တာ၌ ဝစဓာတ်အရ ဒေသနာဉာဏ်တော်အား ပကတူပြု၏။ (ပြိုင်-မရှိ)။

## ဓမ္မာ ဝုတ္တာ

၁။ ဝုတ္တာ၌ အန္တတ္ထ ဝစဓာတ်အရ ဒေသနာဉာဏ်သည် ဓမ္မာ ဟူသော ကံပုဒ်အရ ထိုဝုတ္တာ၌ ဗာဟျတ္ထ တ ပစ္စည်းတို့အရ ကုသလာ ဓမ္မာ စသော ပရမတ္ထ ဝစီဘေဒသဒ္ဒရုပ်အား သဟ ပြု၏။
ပြိုင်-ဟေ, မိ, သဟ, နိ, ဣ, မဂ္ဂ, ဝိပ္ပ, ဏ္ထိ, အဝိ (၉)။

၂။ ဓမ္မာ ဟူသော ကံပုဒ်အရ ဝုတ္တာ၌ တ ပစ္စည်းတို့အရ စိတ်, စေတသိက် စသော ဒေသေတဗ္ဗ အာရုံသည် ဝုတ္တာ၌ ဝစဓာတ်အရ, မဟာကိရိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင်-အာ, မိ, ဥပ (၃)

## ဘဂဝတာ ဝုတ္တာ

၁။ ဘဂဝတာ ဟူသော ပါဠိသေသ ကတ္တားအရ ဒေသနာဉာဏ်သည် ဝုတ္တာ၌ ဝစဓာတ်အရ ဉာဏ်ကြည်သော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ ပြု၏။
ပြိုင်-(ယခင်) (၁၀)။

http://www.dhammadownload.com



၂။ ဝုတ္တာ၃ ဝစဓာတ်အရ ဒေသနာဉာဏ်သည် ကတ္တားအရ ဉာဏ်ကြဉ်သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟ ပြု၏။ ပြိုင် (ယခင်) (၁၀)။

## အဘိဓမ္မော အက္ခာတော

၁။ အဘိဓမ္မောဟူသော အာကာရပုဒ်အရ အဘိဓမ္မော ဟူသော နာမပညတ်သဒ္ဒါသည် အက္ခာတော၌ အာပုဗ္ဗ ခါဓာတ်အရ သတိ ဝီရိယ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ (ပြိုင်-မရှိ)။

၂။ အက္ခာတော၌ အာပုဗ္ဗ ခါဓာတ်အရ သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် အဘိဓမ္မောဟူသော အာကာရ ပုဒ်အရ အဘိဓမ္မဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒရုပ်အား သဟ ပြု၏။

ပြိုင်-ယထာရဟ ပော၊ ဓိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ က္လ၊ ဈာ၊ မဂ္ဂ၊ ဝိပ္ပ၊ တ္ထိ၊ အဝိ (၁၂)။

## ပဏ္ဍိတေဟိ အက္ခာတော

၁။ ပဏ္ဍိတေဟိ ဟူသော ပါဠိသေသ ကတ္တားအရ ဉာဏ်သည် အက္ခာတော၌ အာပုဗ္ဗခါဓာတ်အရ ဉာဏ်ကြဉ်သော ဉာဏ- သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ ပြု၏။ ပြိုင် ယခင် (၁၀)။

၂။ အက္ခာတော၌ အာပုဗ္ဗ ခါဓာတ်အရ ဉာဏ်သည် ပဏ္ဍိတေဟိ အရ ဉာဏ်ကြဉ်သော ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်အား သဟပြု၏။ ပြိုင်-ယခင် (၁၀)။

## အယံဓမ္မော အက္ခာတော

၁။ အယံဓမ္မောဟူသော ပါဠိသေသ ကံပုဒ်အရ, အက္ခာတော၌ ဗာဟုလ္လတ္ထ တ-ပစ္စည်းအရ အဘိဓမ္မာ ပါဠိတော် ဟူသော အတိတ် သဒ္ဒါရုံသည် ထိုအက္ခာတော၌ အာပုဗ္ဗ ခါဓာတ်အရ

http://www.dhammadownload.com



သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ မြိုင်-မရှိ။

၂။ အယံဓမ္မောဟူသော ကံပုဒ်အရ, အက္ခာတော၌ တ-ပစ္စည်းအရ အဘိဓမ္မာပါဠိတော်၌ပါသော စိတ် စေတသိက်စသော ဓမ္မာရုံသည် အက္ခာတော၌ အာပုစ္ဆ ခါခာတ်အရ သတိ ဝီရိယဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ မြိုင်-အာ၊ ဓိ၊ ၃၀ (၃)။

http://www.dhammadownload.com

# ဓမ္မတ္ထဒေသနာ ပဋိဝေဓ ဂမ္ဘီရဘာဝ ပုဒ်အဖွင့်

(က) ကေမေကသိုဓမ္မတ္ထ စတုဗ္ဗိဓောပိ ဓမ္မတ္ထဒေသနာ ပဋိဝေဓ ဂမ္ဘီရ ဘာဝေါ ဝေဒိတဗ္ဗော။

(ခ) တတ္ထ ဓမ္မောတိ တန္တိ။

(ဂ) အတ္ထောတိ တဿာယေဝတ္ထော။

(ဃ) ဒေသနာတိ တဿာ မနသာ ဝဝတ္ထာပိတာယ တန္တိယာ ဒေသနာ။

(င) ပဋိဝေဓောတိ တန္တိယာ, တန္တိအတ္ထဿစ ယထာဘူတာဝဗောဓော။ (၄၅-၂၃)

## ၄ပနာပဥ္စကကျမ်းတက်
## ပုစ္ဆာတက်

(က) ဝါကျ။ ။အရှင်အဋ္ဌကထာ ဆရာ ဆရာသည် ရှေ့စကားရပ်တို့ဖြင့် သိက္ခာပဟာန် ပက္ခကို ဖွင့်ပြတော်မူ၏။ (၄ပနာ)

ဤသို့ ပြဆိုသည်ရှိသော် ဂမ္ဘီရဘာဝ ပက္ခ အဖွင့်သည်လည်း ရှိသင့်သည် မဟုတ်ပါလော (ဘော) ထိုသို့ ရှိသင့်လေသောကြောင့် (ဘောဟေ) တစ်နည်း ဂမ္ဘီရဘာဝ ပက္ခ အဖွင့်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော (ဘော) ထိုသို့ ရောက်ရလေသောကြောင့် (ဘောဟေ) ရှေ့စကားရပ်တို့ဖြင့် သိက္ခာပဟာန် ပက္ခအဖွင့်မျှကိုသာ မပြဆိုသင့် (၄-ခေ) ဂမ္ဘီရဘာဝ ပက္ခအဖွင့်ကိုလည်း ပြဆိုသင့်သေး၏ (နွ) ဂမ္ဘီရဘာဝပက္ခအဖွင့်ကား အဘယ်ပါနည်း (ပုစ္ဆာ) ဤသို့ မေးဖွယ်ရှိသောကြောင့် (က) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား (က) ဝါကျဖြင့် ဂမ္ဘီရဘာဝ ပက္ခအဖွင့်ကို ပြဆို၏။ ဟူလို။ (တစ်နည်း) (က) ဝါကျဖြင့် ဤသုံးပါးသော ပိဋကတ်တို့တွင် တစ်ခု တစ်ခုသော ပိဋကတ်၌ ၄-ပါး အပြား ရှိသည်လည်း ဖြစ်သော ဓမ္မ၏ နက်နဲသည်၏ အဖြစ်, အတ္ထ၏ နက်နဲသည်၏အဖြစ်, ဒေသနာ၏

http://www.dhammadownload.com



နက်နသည်၏အဖြစ်, ပဋိဝေဓ၏ နက်နဲသည်၏အဖြစ်ကို သိအပ်၏ဟု ဂမ္ဘီရဘာဝပက္ခအဖွင့်ကို ပြဆို၏ ဟူလို။

**စောဒနာထင်ရာ၌-ဂမ္ဘီရဘာဝ ပက္ခအဖွင့်ကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသ သင့်ရောက်ရာ၏ဟု ဒေါသတင်တက်။**

အဓိပ္ပာယ်ကား (က) ဝါကျဖြင့် ဂမ္ဘီရဘာဝ ပက္ခအဖွင့်ကိုလည်း ပြဆိုသောကြောင့် သင် စောဒကတင်သော အဗျာပိတဒေါသ ဆရာအား မရောက်ဟူလို။

(ခ) ဝါကျ။ ။ဆရာ ဆရာသည် (က) ဝါကျဖြင့် (တစ်ခုတစ်ခုသော ပိဋကတ်၌ ။ပ။ ပဋိဝေဓ၏ နက်နဲသည်၏အဖြစ်ကို သိအပ်သောဟု) အကျဉ်းသင်္ခေပကို ဆိုတော်မူ၏။ သော် ထိုအကျဉ်းသင်္ခေပ စကားရပ်၏ အကျယ်ဝိတ္ထာရကို မသိအပ်သည် မဟုတ်ပါလော၊ ဝါ-အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော (စသည် ဆို၍တက်)။

[အမှာ။ ။စင်စစ် ဤကျမ်းတက်သည် (ခ) ဝါကျတစ်ခုအတွက်သာ မဟုတ် (ခ) (ဂ) (ဃ) (င) ဝါကျအားလုံးအတွက်လည်း ဖြစ်နိုင်၏။ ထို့ကြောင့် ခ-ဂ-ဃ-င ဝါကျတို့ကို တပေါင်းတည်းပြု၍ ကျမ်းတက်ပါဟု ဆိုကလည်း ဤအတိုင်းတက်ပါ။]

## တစ်နည်း (၂ခ) ဝါကျ ကျမ်းတက်

ဆရာ ဆရာသည် (က) ဝါကျ၌ ဓမ္မသဒ္ဒါကိုဆိုတော်မူ၏။....သော် ဓမ္မသဒ္ဒါသည် ပညာစသောအနက်ကို ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (တစ်နည်း) ဓမ္မအရ ပညာ စသည်ကိုယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (တစ်နည်း) ဓမ္မသဒ္ဒါ၏ ဟောနက်, ဓမ္မအရတို့ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော၊ (အာဘောဂ) ။ပ။ ဤနေရာ၌ ဓမ္မသဒ္ဒါ၏ဟောနက်, ဓမ္မအရတို့ကိုလည်း ပြဆိုသင့်သေး၏။ (နှ) စသည်။

အဓိပ္ပာယ်ကား-ဤနေရာ၌ ဓမ္မသဒ္ဒါသည် စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိပရိယတ္တိ ဟူသောအနက်ကိုဟော၏ ဟူလို။ ဝါ၊ ဓမ္မအရ စိတ်

http://www.dhammadownload.com



နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိပရိယတ္တိကို ယူရမည်ဟူလို။ (စောဒနာ တက်ရာ၌ အဗျာပိတဒေါသ, တင်တက်။)

(ဂ) ဝါကျ။ ။ဆရာ ဆရာသည် (ခ) ဝါကျဖြင့် ဓမ္မသဒ္ဒါ၏ ဟောနက်, အရတို့ကို ပြဆိုတော်မူ၏။ ဝါ၊ (က) ဝါကျ၌ အတ္ထသဒ္ဒါကို ဆိုတော်မူ၏၊ သော် အတ္ထသဒ္ဒါသည် ကြီးပွားခြင်းစသောအနက်ကို ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ဝါ၊ အတ္ထအရ ကြီးပွားခြင်းစသော အနက်ကို ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ ဝါ၊ အတ္ထသဒ္ဒါ၏ ဟောနက်, အတ္ထသဒ္ဒါ၏ အရတို့ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော (စသည်)။

အဓိပ္ပာယ်ကား-ဤနေရာ၌ အတ္ထသဒ္ဒါသည် စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော်၏ အနက်ဟူသော သဒ္ဒါဘိဓေယျ ဟူသော အနက်ကို ဟော၏ဟူလို။ ဝါ၊ အတ္ထအရ စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော်၏ အနက်ကို ယူရမည် ဟူလို။

(စောဒနာတက်လျှင် အဗျာပိတဒေါသ၊ တစ်နည်း အတိဗျာပိတဒေါသ တင်တက်။)

(ဃ) ဝါကျ။ ။ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် အတ္ထသဒ္ဒါ၏ ဟောနက်, အရတို့ကို ပြဆိုတော်မူ၏။ ဝါ၊ (က) ဝါကျ၌ ဒေသနာသဒ္ဒါကို ဆိုတော်မူ၏။....သော် အမှတ်မရှိ တစ်စုံတစ်ခုသော ဒေသနာသည် ဒေသနာမည်၏ဟု ဝါ၊ ဒေသနာအရ ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော။ ဝါ၊ ဒေသနာ၏အရ အဓိပ္ပာယ်တို့ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော (စသည်)။

အဓိပ္ပာယ်ကား-(ဃ) ဝါကျဖြင့် ဒေသနာဟူသည် နှုတ်တော်တွတ်တွတ် ရွတ်ဆိုတော်မူခြင်းပင်တည်း။ ဝါ၊ နှုတ်တော်တွတ်တွတ် ရွတ်ဆိုအပ်သော သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒပင်ဖြစ်၏ဟု ပြဆို၏ ဟူလို။ (စောဒနာ တက်လျှင် အဗျာပိတဒေါသ၊ တစ်နည်း အတိဗျာပိတဒေါသ တင်တက်။)

(င) ဝါကျ။ ။ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် ဒေသနာအရ အဓိပ္ပာယ်တို့ကို ပြဆိုတော်မူ၏။ ဝါ၊ (က) ဝါကျ၌ ပဋိဝေဓသဒ္ဒါကို ဆို

http://www.dhammadownload.com



တော်မူ၏။ သော် အမှတ်မရှိ တစ်စုံတစ်ခုသိခြင်းကို ပဋိဝေဓဟု မှတ်အပ်သည် မဟုတ်ပါလော။ ဝါ၊ အမှတ်မရှိ တစ်စုံတစ်ခုသိခြင်းသည် ပဋိဝေဓအရ အဓိပ္ပာယ်ဖြစ်သည်ဟုမှတ်အပ်သည် မဟုတ်ပါလော။ ဝါ၊ ပဋိဝေဓအရ အဓိပ္ပာယ်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော(စသည်)။

အဓိပ္ပာယ်ကား–စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော်ကိုလည်းကောင်း, စိတ်နှလုံးဖြင့်မှတ်အပ်သော ပါဠိတော်အနက်ကိုလည်းကောင်း, ဟုတ်တိုင်းမှန်စွာ သိခြင်းသည်။ ဝါ၊ သိတတ်သောဉာဏ်သည် ပဋိဝေဓမည်၏ဟု (င)ဝါကျဖြင့်ပြဆို၏ ဟူလို။ (စောဒနာတက်လျှင် အဗျာပိတဒေါသ, တစ်နည်း အဘိဗျာပိတဒေါသတင်တက်)။

## ပါပနာဒိ ကျမ်းတက်

[ဤကျမ်းတက်၌ အာလုပ်, ကတ္တား, ဋ္ဌပနာ, လက္ခဏာ, ဒေါသတင် အချက်တို့သည် ဌာပနာပဋ္ဌကနှင့်တူ၏၊ အဓိပ္ပာယ်ပြန်လည်း ဋ္ဌပနာ–ပဋ္ဌကနှင့် ပါပနာဒိကျမ်းတက်တို့ ပုစ္ဆာတက်ခြင်း, စောဒနာတက်ခြင်း တူကြသည်။]

(က) ဝါကျ။ ။သိက္ခာပဟာန်ပက္ခအဖွင့်သာ ရှိ၍ဂမ္ဘီရဘာဝပက္ခအဖွင့်မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ၊ ဂမ္ဘီရဘာဝပက္ခအဖွင့်ကိုမပြဆိုဟူသော အဓိပ္ပာယ်ရောက်ခဲ့ရာ၏၊ (စသည်)။

(ခ) ဝါကျ။ ။ ဓမ္မသဒ္ဒါသည် ပညာစသော အနက်ကိုဟော၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ ဝါ၊ ဓမ္မသဒ္ဒါ၏ ဟောနက်အရတို့ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ခဲ့ရာ၏၊ (စသည်)။

(ဂ) ဝါကျ။ ။ အတ္ထသဒ္ဒါသည် ကြီးပွားခြင်းစသော အနက်ကိုဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ ဝါ ၊ အတ္ထသဒ္ဒါ၏ ဟောအနက်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ခဲ့ရာ၏၊(စသည်)။

(ဃ) ဝါကျ။ ။ အမှတ်မရှိ တစ်စုံတစ်ခုသော ဒေသနာကို ဒေသနာအရ ယူရမည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ၊ ဒေသနာသဒ္ဒါ၏ ဟောနက်အရ, အဓိပ္ပာယ်တို့ကို မပြဆိုဟူသောအနက် အဓိပ္ပာယ် ရောက်ခဲ့ရာ၏၊(စသည်)။

http://www.dhammadownload.com



(င) ဝါကျ။ ။အမှတ်မရှိ တစ်စုံတစ်ခု သိခြင်းကို ပဋိဝေဓအရ ယူရမည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ၊ ပဋိဝေဓသဒ္ဒါ၏ ဟောနက်အရ အဓိပ္ပာယ်တို့ကို မပြဆိုဟူသောအနက် အဓိပ္ပာယ်ရောက်ခဲ့ ရာ၏၊(စသည်)။

## ဒေါသ သင့်ပုံ ပယ်ပုံ

(ခ) အမှတ်ပြဝါကျ, ဝါ၊ (ခ၊ဂ၊ဃ၊င) ဝိတ္ထာရဝါကျကိုထောက်၍ (က)အမှတ်ပြဝါကျ၌၊ သခေ်ပဝိတ္ထာရ ဆန့်ကျင်သောဝိရောဓိ ဒေါသသင့်ပုံ၊ (ခ) အမှတ်ပြဝါကျ၊ ဝါ- (ခ၊ဂ၊ဃ၊င) ဝါကျတို့ဖြင့် သခေ်ပဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိ ဒေါသပယ်ပုံ၊(တစ်နည်း) စောဒကပုဂ္ဂိုလ် အလိုအားဖြင့် (ခ၊ဂ၊ဃ၊င) ဝါကျတို့၌ ပုနရုတ္တိဒေါသ သင့်ပုံ၊ ကျမ်းဆရာ အလိုအားဖြင့်(ခ)စသော ဝါကျတို့၌ ပုနရုတ္တိဒေါသ သင့်ပုံတို့ကို သိပါ။

ဤကား(က) ဝါကျကို သခေ်ပ(ခ)စသော ၄ ဝါကျကို ဝိတ္ထာရတစ် ဝါကျတည်းယူ၍ ဆိုခြင်းတည်း။

(က၊ခ၊ဂ၊ဃ) ဝါကျတို့၌ အချင်းချင်းရှေ့နောက်ထောက်ဆ ၍ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသ၊ အပရိပုဏ္ဏဒေါသသင့်ပုံ၊ နောက်နောက် ဝါကျတို့ဖြင့် ထိုဒေါသများ ပယ်ပုံတို့ကို သိပါ။

## စ သဒ္ဒါထားရခြင်း အကြောင်း

(က) ဝါကျ။ ။သိက္ခာပဟာန်ပက္ခအဖွင့်မှတစ်ပါး ဂမ္ဘီရဘာဝပက္ခ အဖွင့် ကိုပြလိုသောကြောင့် စေတ္တ၌ စ သဒ္ဒါထား၏။ ဝါ၊ပက္ခန္တရဇောတက အဖြစ်ကို ပြလိုသောကြောင့် ထို စ သဒ္ဒါထား၏။

## ဝိ(အပိ) သဒ္ဒါထားရခြင်း အကြောင်း

ဓမ္မစသော ၄ ပါး အပေါင်းသာလျှင် နက်နဲသည်မဟုတ်၊ ဓမ္မစသော တစ်ပါးတစ်ပါးသည်လည်း နက်နဲ၏ဟူသော အဝယဝ သမုစ္စည်းအနက်ကို ပြလိုသောကြောင့် စတုဗ္ဗိဓေပိ၌ ပိ(အပိ)သဒ္ဒါကိုထား၏။

-တတိယအကြိမ်-

http://www.dhammadownload.com



## နောက် စ သဒ္ဒါထားရခြင်း အကြောင်း

စိတ်နှလုံးတော်ဖြင့် မှတ်အပ်သောပါဠိကိုသာ ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိခြင်းသည် ပဋ္ဌာနမည်သည် မဟုတ်သေး။ စိတ်နှလုံး တော်ဖြင့်မှတ်အပ်သော ပါဠိတော်၏အနက်ကိုလည်း ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိခြင်းသည် ပဋ္ဌာနမည် ပါသေး၏ဟူသော သမုစ္စည်းအနက်- သမ္ပိဏ္ဍနအနက်ကိုပြလိုသောကြောင့်(င)ဝါကျ၌ စ သဒ္ဒါထား၏။

**ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က**

(က) ဝါကျ။ တေ ဝတ္ထတီတိ တေံ၊ (ရှေ့ တေံ၊)
တေ ပဝတ္တတီတိ တေံ (နောက် တေံ၊)
တေံ စ တေံ စ တေမေတံ၊ (တသို့ တေမေ တသို့၊)

**(သဒ္ဒနီတိ ပဒ ၃၇၈ ၌ကား ဝိစ္ဆာပုဒ်များကို ဝိဂ္ဂဟမပြုရဟုဆို၏)**

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ပိဋကတ်တစ်ခုတစ်ခု တို့၏အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာ ပေက္ခသမ္ဗန်သည် (ဗျု-နိ)။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ပိဋကတ် တစ်ခုတစ်ခု တို့၏အချင်းချင်း ငဲ့ခြင်းဂုဏ်သည်(ပ-နိ)။

**(စတုကား သချာသမ္ဗန္ဓနာမ် ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုရပါ)**

ဝိဇ္ဇတီတိဝိဓော (ဓာတွတ္ထသင်္ဂဟ၊) (ကွဲပြားခြင်းကြီးယာခွဲ)။ ဝိဓာရယတီတိ ဝိဓော၊ (အဘိဓာန်ဋီကာ)၊ (အထူးဆောင်ခြင်းကြီးယာခွဲ)၊ စတ္တာရော ဝိဓာ ယဿာတိ စတုဗ္ဗိဓော။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော၄-ပါးသော အပြား ၏ဓမ္မတ္ထ ဒေသနာ ပဋ္ဌာနဝေဓ ဂမ္ဘီရဘာဝနှင့် ဂုဏ်+ဂုဏေးစပ် (ဗျု-နိ)။

၄။ ထို ပဝတ္တိ၏အကြောင်းဖြစ်သော ၄ ပါးအပြားရှိခြင်းဟူသော ဂုဏ်သည်၊ဝါ၊ ၄ ပါး အပြားဟူသောဂုဏ်သည် (ပ-နိ)။

-တတိယအကြိမ်-

http://www.dhammadownload.com



တရေတီတိ ဓမ္မော၊ အရီယတိ ဉာယတီတိ အတ္ထော။ ဒေသီယတိ သမုဋ္ဌာပီယတိ သဒ္ဒေါ ဧတေနာတိဒေသနာ (ယောဇနာ) ဖြစ်စေခြင်း ကြိယာခွဲ။

ဒေသီယတေ ဒေသနာ။ (နိဿယ)

၁။ ဒေ,သ,နာ,ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဖျူပ္ပတ္တိ။

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သောဒိသဓာတ်(ဒိသီဓာတ်+) ယုပစ္စည်း ဟောခြင်းကြိယာသည်ဗျုပ္ပတ္တိနိမိတ်။

၃။ ဒေသနာဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

၄။ ထိုပဝတ္တိအကြောင်း ဖြစ်သော ဟောခြင်း ကြိယာသည် ပဝတ္တိနိမိတ်။ (အဘိဓာန်ဋီကာနည်း)။ (တစ်နည်း) ဒေသီယတေတိ ဒေသနာ၊ ဒေသီယတိ အတ္ထော တောယာတိ ဒေသနာ။

ပဋိဝိဇ္ဈနံ ပဋိဝေဓော။

၁။ ပ,ဋိ, ဝေ, ဓော, ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

၂။ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သောပဋိ(ပတိ)ပုဗ္ဗ+ဝိဓဓာတ်ဏ ပစ္စည်း, ထိုးထွင်း၍သိခြင်းကြိယာသည် (ဗျု-နိ)။

၃။ ပဋိဝေဓောဟူသော အပေါင်းနာမပညတ္တိသဒ္ဒါသည် ပဝတ္တိ၊

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ထိုးထွင်း၍ သိခြင်း ကြိယာသည် (ပ-နိ)။ (ဘိ-ဋီ-နည်း)။

ဓမ္မော စ အတ္ထော စ ဒေသနာ စ ပဋိဝေဓော စ ဓမ္မတ္ထဒေသနာပဋိဝေဓာ။

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဓမ္မ,အတ္ထ,ဒေသနာ, ပဋိဝေဓ တို့၏ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် (ဗျု-နိ)။

၃။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏အချင်းချင်းငဲ့ခြင်းဂုဏ်သည်။ ဝါ၊ ဓမ္မ, အတ္ထ, ဒေသနာ ပဋိဝေဓ ဟူသော အမည်သည် (ပ-နိ)။

-တတိယအကြိမ်-

http://www.dhammadownload.com



ဂံ ပထဝိံ ဘိန္ဒိတွာ ဂစ္ဆတိ ပဝတ္တတီတိ ဂမ္ဘီရော၊ ဂမ္ဘီရော ဝိယာတိ ဂမ္ဘီရော။ ဘဝနံ ဘာဝေါ၊ ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသွာတိ ဝါ ဘာဝေါ၊ ဂမ္ဘီရဿ ဘာဝေါဂမ္ဘီရ ဘာဝေါ၊ ဓမ္မတ္ထဒေသနာ ပဋိဝေဓာနံ+ဂမ္ဘီရဘာဝေါ= ဓမ္မတ္ထဒေသနာ ပဋိဝေဓဂမ္ဘီရဘာဝေါ၊

၂။ ထိုဗျူပ္ပတ်၏ အကြောင်းဖြစ်သော ဓမ္မ, အတ္ထ, ဒေသနာ ပဋိဝေဓတို့၏ ဂမ္ဘီရဘာဝနှင့်ဂုဏေး+ဂုဏ်စပ် (ဗျု-နိ)။

၄။ ထိုပဝတ္တိ၏အကြောင်းဖြစ်သော ဓမ္မတ္ထဒေသနာ ပဋိဝေဓ တို့၏ နက်နဲသည်၏ အဖြစ်ဟူသောဂုဏ်သည် (ပ-နိ)။

ဝိဒိယတေတိ ဝေဒိတဗ္ဗော။ (သိခြင်းကြိယာကိုခွဲ)

(ခ) ဝါကျ။ တနောတိ ဝိတ္ထာရေတီတိ တန္တိ၊ (ချဲ့ခြင်းကြိယာကိုခွဲ)။

## ဆိုင် စသည်ခွဲပုံ

(က) ဝါကျ။ (ကေမေကသ္မိံဋ္ဌေတ္ထ ကေမေကသ္မိံ+(ကေကေသ္မိံ) စ+ဧတ္ထ။)

ကေမေကသ္မိံ (ကေ ကေသ္မိံ) ကား နပုလ္လိင်, စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) ပကတိ အကာရန္တ, ဝစ္ဆာသဗ္ဗနာမပဒ။

ဒေသနာ-ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အာကာရန္တ, ကိတနာမပဒ။

(ခ) ဝါကျ။ တတ္ထ-အလိင်, ဂဏဝိမုတ်, အကာရန္တနိပါတပဒ။, (ဓမ္မောတိကို ဓမ္မော+ဣတိ ပုဒ်ဖြတ်၍ခွဲပါ။)

တန္တိ-ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်း, ဣကာရန္တ, ကိတနာမပဒ။

(ဂ) ဝါကျ။ ။ (အတ္တောတိကို အတ္တော+ဣတိ၊ တဿာယေဝ-တ္တောကို တဿာ+ဧဝ+အတ္တော)။

တဿာ-ဣတ္ထိလိင်, ကညာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) အာကာရန္တ သဗ္ဗနာမပဒ။

(ဃ) ဝါကျ။ ။ ဒေသနာတိကို ဒေသနာ+ဣတိပုဒ်ဖြတ်ခွဲ။

-တတိယအကြိမ်-

http://www.dhammadownload.com



မနသာ–ပုလ္လိင်,(ရူ), ပုလ္လိင်, နပုလ္လိင် (မနောနိဒ္ဒိ–အဘိဓာန်)။ မနောဂိုဏ်း, ပကတိ အကာရန္တ, ကိတနာမပဒ။

ဝဝတ္ထာပိတာယ–(ဒေသနာအတိုင်းခွဲ)။

(တစ်နည်း) မနသာ ဝဝတ္ထာပိတာယ ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အာကာရန္တ, အလုတ္တ သမာသပဒ။

(တန္တိယာ–ကို ယခင် တန္တိအတိုင်းခွဲ)

(င) ဝါကျ။ ။(ပဋိဝေဓောတိကို ပဋိဝေဓော+ဣတိ ပုဒ်ဖြတ်ခွဲ။)

တန္တိအတ္ထသ္မိ ပုဒ်လုံးကား ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

(ယတာဘူတာဝဗောဓော ပုဒ်လုံးလည်း နည်းတူခွဲ။)

ထိုတွင် ယထာကားအလိင်, ဂဏဝိမုတ်, အာကာရန္တ, နိပါတပဒ။

## အဇ္ဈာသံဝဏ္ဏနာ

(က) ဝါကျ။ ။ စသဒ္ဒါဖြင့် သမုစ္စယဇောတက စသည်မဟုတ်(ဗျတိရေက) ပက္ခန္တရဇောတက အဖြစ်ကို(အနွယ) သိစေ၏ (အတ္ထ, ဘာဝတ္ထ)။ ကြွင်းသော (က) ဝါကျဖြင့် ဤပိဋကတ်သုံးပါးတွင် တစ်ခုတစ်ခုသော ပိဋကတ်၌ လေးပါးအပြားရှိသည်လည်းဖြစ်သော ဓမ္မ၏နက်နဲသည်၏အဖြစ်, အတ္ထ၏နက်နဲသည်၏အဖြစ်, ဒေသနာ၏ နက်နဲသည်၏အဖြစ်, ပဋိဝေဓ၏ နက်နဲသည်၏အဖြစ်ကို သိရမည်ဟူသော အဓိပ္ပာယ်ကို။ ဝါ၊ ဥယျောဇဝိစကားပျိုးကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)။

(ခ) ဝါကျ။ ။ တတ္ထဖြင့် နိဒ္ဒါရဏအနက် ဝါ–နိဒ္ဒါရဏ သမုဒါယ အနက်ကို သိစေ၏ (အတ္ထ၊ ဘာဝတ္ထ)။

ဓမ္မောဖြင့် သံဝဏ္ဏေတဗ္ဗ တည်ထားပါဠိကို သိစေ၏။ (ဘာဝတ္ထ)။

ဣတိဖြင့် ပဒတ္ထ ဝိပလ္လာသ ဇောတက ဝါ–သဒ္ဒပဒတ္ထက အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

–တတိယအကြိမ်–

http://www.dhammadownload.com



တန္တိဖြင့် ဓမ္မသဒ္ဒါသည် ပညာစသော အနက်ကို မဟော (ဗျတိရေက) ပရိယတ္တိပါဠိတော်ဟူသော တန္တိအနက်ကိုဟောသည် (အန္ဓယ) သိစေ ၏။ သဒ္ဒါဟော အဘိဓေယျတ္ထ၊ သဒ္ဒတ္ထ၊ နာမလိင်္ဂတ္ထ)။

(တစ်နည်း) ဓမ္မ အရ ပညာ စသည်မယူရ၊ ပရိယတ္တိ ပါဠိတော်ကို ယူရမည်ဟု သိစေ၏။ (သရုပ်ကြား အဘိဓေယျတ္ထ)

(ဂ) ဝါကျ။ ။(အတ္ထောနှင့် ဣတိတို့ကို ယခင်အထက်ပါ ဓမ္မော ဣတိအတိုင်းဖော်)

တသာယေဝတ္ထော - ဖြင့် အတ္ထ အရ ထိုဆိုအပ်ပြီးသော စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော်အနက်ကိုယူရမည်ဟု သိစေ၏။ (သရုပ်ကြား အဘိဓေယျတ္ထ)။

(တစ်နည်း) အတ္ထ သဒ္ဒါသည် သဒ္ဒါဘိဓေယျအနက်ကို ဟောသည်ဟုသိစေ၏။ (သဒ္ဒါဟော အဘိဓေယျတ္ထ,သဒ္ဒတ္ထ, နာမလိင်္ဂတ္ထ)။

(ဃ) ဝါကျ။ ။ (ဒေသနာတိကို ဒေသနာ+ဣတိ ပုဒ်ဖြတ်၍ ယခင် အထက်ပါ ဓမ္မော+ဣတိ အတိုင်းဖော်)။

ကြွင်းသော (ဃ) ဝါကျဖြင့် ဒေသနာအရ စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော်ကို နှုတ်တော်တွတ်တွတ် ရွတ်တော်မူခြင်း ဝါနှုတ်တော် တွတ်တွတ် ရွတ်အပ်သော သဝိညတ္တိဝိကာရ ဝစီဘေဒသဒ္ဒကိုယူရမည်ဟု သိစေ၏။ (သရုပ်ကြား အဘိဓေယျတ္ထ)။ (ဘာဝတ္ထလည်း ဖော်နိုင်၏။)

(င) ဝါကျ။ ။ (ပဋိဝေဓောတိကို ယခင်ဓမ္မောတိအတိုင်းဖော်)။ ကြွင်းသော (င) ဝါကျဖြင့် ပဋိဝေဓောအရ စိတ်နှလုံး တော်ဖြင့် မှတ်အပ်သော ပါဠိတော်ကိုလည်းကောင်း၊ စိတ်နှလုံးတောင်ဖြင့် မှတ်အပ်သော ပါဠိတော်၏ အနက်ကိုလည်းကောင်း၊ အဟုတ်အဟပ် ထိုးထွင်း၍ သိခြင်းဟူသော, ဝါ-သိတတ်သောဉာဏ်ကို ယူရမည်ဟု သိစေ၏။ (သရုပ်ကြား အဘိဓေယျတ္ထ) (ဘာဝတ္ထလည်း ဖော်နိုင်ပါ၏။)

-တတိယအကြိမ်-

http://www.dhammadownload.com



## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ -

စ သဒ္ဒါ ပက္ခန္တရတ္ထ၊ ဝါ-ပက္ခန္တရတ္ထ ဇောတက။

ပိ (အပိ) သဒ္ဒါ အဝယဝ သမုစ္စယတ္ထ။

ပဋိဝေဓောဒ္ဓ ပဋိသဒ္ဒါ ပတိဗောဓတ္ထ(ရှု)။

(ခ) ဝါကျ-

ဓမ္မောတိဒ္ဓ ဣတိ သဒ္ဒါ ပဒတ္ထ, ဝိပလ္လာ သတ္ထ, သဒ္ဒပဒတ္ထက၊ နိဒဿနတ္ထ။

(ဂ) ဝါကျ-

(အတ္ထောတိဒ္ဓ ဣတိသဒ္ဒါလည်း ဓမ္မောဒ္ဓ ဣတိသဒ္ဒါ၏အနက်အတိုင်းပင်)

တဿ ယေဝ ဒ္ဓ ဝေသည် အဝဓာရဏတ္ထ။

၁။ စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော်သည် ဂဟေတဗ္ဗတ္ထ။

၂။ တစ်ပါးသော ပါဠိတော်, စကားတို့သည် နိဝတ္တေတဗ္ဗတ္ထ၊

၃။ စိတ်နှလုံးတော်တို့ဖြင့် မှတ်အပ်သောပါဠိတော်၏ ကလျာဏဂုဏ်စသည်သည် အနုညာတတ္ထ။

(ဃ) ဝါကျ-

(ဒေသနာတိဒ္ဓ ဣတိကိုလည်း ယခင် ဓမ္မောတိ ဣတိ အနက်အတိုင်းပင်)။

ဝဝတ္ထာပိတာယဒ္ဓ ဝိသည် ဓာတွတ္ထာနုဝတ္တက၊ (တစ်နည်း:) ဝိသေသတ္ထ၊ အဝ သဒ္ဒါ ဓာတွတ္ထဝိသေသက(တစ်နည်း:) ပရိစ္ဆိန္ဒနတ္ထ, လက္ခဏတ္ထ။

(င) ဝါကျ-

(ပဋိဝေဓောတိဒ္ဓ ဣတိအနက်ကို ဓမ္မောတိကဒ္ဓ, ဣတိအနက်အတိုင်းမှတ်)

တန္တိအတ္ထဿ စ ဒ္ဓ စ သဒ္ဒါ သမုစ္စယတ္ထ, သမ္ပိဏ္ဍနတ္ထ-

ယထာ သဒ္ဒါယောဂ္ဂတာအနက်၊ (တစ်နည်း:) အနုရူပ အနက်၊ ဝါ-အဝိပရီတ အနက် (တစ်နည်း:) ဝိစ္ဆာအနက် တို့ကို ဟော၏။

အဝဗောဓောဒ္ဓ အဝ သည် ဓာတွတ္ထာနုဝတ္တက၊ (တစ်နည်း:) ဝိစ္ဆုနတ္ထ။

-တတိယအကြိမ်-

http://www.dhammadownload.com



## သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်နှင့် ဝိသယနာမည်

(က) ဝါကျ။ ။ ကေမေကသ္မိံ၌ ကေဟူသော သဗ္ဗနာမ် နှစ်ပုဒ်သည် ပိဋကတ်ကိုစွဲပါသည်၊ ဆိုအပ်ပြီးသော ပိဋကတ်ဒြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

ဇတ္ထ ၌ ဇတ သည် ပိဋကတ်ကိုစွဲ၏။ ဆိုအပ်ပြီးသော ပိဋကတ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

[ဤမှ နောက်၌ သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်ကို အနက်ပေးရုံ၍ သိနိုင်ပါပြီ၊ ဝိသယနာမည်ကို ရေးအံ့]။

စတုဗ္ဗိဓော၌ စတုသည်ဗ္ဗိဓော (ဝိဓော) ဟု အစွဲတိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) ဝါကျ။ ။ တတ္ထ၌ တသည် ဆိုအပ်ပြီးသော ဓမ္မအတ္ထဒေသနာ ပဋိဝေဓဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဂ) ဝါကျ။ ။ တဿာ၌ တ သည် ဆိုအပ်ပြီးသော တန္တိဟူသော စိတ်နှလုံးတော်ဖြင့် မှတ်အပ်သော ပါဠိတော် ဒြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

(ဃ) ဝါကျ။ ။တဿယ၌ တ သည် တန္တိယာ ဟုအစွဲ တိုက်ရိုက် ရှိသော်ကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာ ၅-တန်ထုတ်ပုံ

(က) ဝါကျ။ ။ ဒေသနာအရ-

၁။ ပါဠိတော် ဟူသော ဝစီဘေဒသည် ဒ၊
၂။ ဒေသနာ ဉာဏ်တော်သည် ဒီ၊
၃။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်းသည် ပ၊
၄။ မဟာ ကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဝိ၊
၅။ ဒိဋ္ဌဓမ္မိက, သမ္ပရာယိက, ဘောဂသမ္ပတ္တိ, ဘဝသမ္ပတ္တိ စသည်တို့သည် အန။

http://www.dhammadownload.com



### တစ်နည်း ဒေသနာအရ ဝါ၊ အန္တတ္ထဒိသီဓာတ်အရ

၁။ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒ၊

၂။ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့သည် ဒီ၊

၃။ ပါဠိတော်ဟူသော ဝစီဘေဒသည် ပ။

၄။ မဟာ ကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်တော်တို့သည် ဝိ၊

၅။ ဓမ္မဿဝန ကုသိုလ်ဖြစ်ခြင်း, ဒိဋ္ဌဓမ္မိက သမ္ပရာယိက, ဘောဂသမ္ပတ္တိ ဘဝသမ္ပတ္တိ စသည်တို့သည် အန။

### ပဋိဝေဓအရ

၁။ သဗ္ဗညုတဉာဏ်တော်သည် ဒ၊

၂။ အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်(မဂ်ဉာဏ်ဖိုလ်ဉာဏ်) တို့သည် ဒီ၊

၃။ အာသယာနုသယဉာဏ်, ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်တို့သည် ပ၊

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်တို့သည် ဝိ၊

၅။ ဒေသနာဉာဏ် စသည်တို့သည် အန။

### ဝေဒိတဗ္ဗော၌ အန္တတ္ထ ဝိဒဓာတ်အရ

၁။ ပညာရှိသန္တာန်၌ဖြစ်သော သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒ၊

၂။ ယောနိသော မနသိကာရသည် ဒီ။

၃။ သံသယကင်းခြင်း, အသိဉာဏ် စင်ကြယ်တိုးတက်ကြီးရင့်ခြင်း, ဟုတ်တိုင်းမှန်စွာ သိခြင်းစသည် တို့သည် ပ၊

၄။ သဒ္ဓမ္မဿဝန, သပ္ပုရိသူပနိဿယ စသည်တို့သည် ဝိ၊

၅။ သိသဖြင့် ပီတိပါမောဇ္ဇ ဖြစ်ရခြင်း, ကျင့်ရခြင်းမှစ၍မဂ်ဖိုလ် နိဗ္ဗာန်တိုင်အောင်သောအကျိုးဆက်တို့သည် အန။

–တတိယအကြိမ်–

http://www.dhammadownload.com



(ဃ) ဝါကျ။ ။ [ဤ (ဃ) ဝါကျရှိ ဒေသနာအရကိုလည်း (က) ဝါကျရှိ ဒေသနာအတိုင်း ထုတ်ပါ။]

(င) ဝါကျ။ ။ ဤ(င) ဝါကျရှိ ပဋိဝေဓ အရ, ယထာဘူတာဝဗောဓတို့အရကိုလည်း (က) ဝါကျရှိ ပဋိဝေဓအတိုင်းထုတ်ပါ။

(တစ်နည်း) (က) ဝါကျ (င) ဝါကျရှိ ပဋိဝေဓအရ, ယထာဘူတာဝဗောဓအရ သာမညဉာဏ်ယူ၍ ထုတ်သော်-

၁။ ထိုသာမညဉာဏ်သည် ဒ၊

၂။ တိဟိတ် ပဋိသန္ဓေသည် ဒီ၊

၃။ ဉာဏ သမ္ပယုတ် စိတ်သည်လည်းကောင်း, ထိုထိုအာရုံကို ထိုးထွင်း၍သိခြင်း ဈာန်မဂ်ဖိုလ် ရခြင်းတို့သည် လည်းကောင်း ပ။

၄။ အာရုံသည် လည်းကောင်း, သဒ္ဓမ္မဿဝန စသည်တို့သည် လည်းကောင်း ဝိ။

၅။ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင် အောင်သော အကျိုးဆက်တို့သည် အန။

## ဝေဒိတဗ္ဗော ထားရပုံ

(က) ဝါကျ။ ။ ဤပိဋကတ်သုံးပုံတို့တွင် တစ်ပါးတစ်ပါးသော ပိဋကတ်၌ ၄ -ပါးအပြားရှိသည်လည်းဖြစ်သော ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ နက်နဲသည်၏အဖြစ်ကို သံသယတ္ထ, ဥပစာရတ္ထ, နေယျတ္ထ, ဝဏ်တ္ထ, အနေကတ္ထအားဖြင့် ယူရမည် သိရမည်ဟု ပြလိုသောကြောင့် (က) ဝါကျ၌ ဝေဒိတဗ္ဗော ထား၏။

(တစ်နည်း) ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓ ဂမ္ဘီရဘာဝတို့သည် တစ်ပါးမက များနေရကား အနေကတ္ထ ဖြစ်သောကြောင့် လည်းကောင်း, ဆောင်၍ သိအပ်သော နေယျတ္ထဖြစ်သောကြောင့် လည်းကောင်း ဝေဒိတဗ္ဗော ထား၏။

-တတိယအကြိမ်-

http://www.dhammadownload.com



## နံပါတ် (၉) အတွက် အဓိပ္ပာယ်
## ဓမ္မနှင့် ဒေသနာ အထူး

ထိုထိုအနက်တို့ကို သိစေတတ်သည်၏အဖြစ်ဖြင့် မိမိသိအပ်သည်လည်းဖြစ်သော သင်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ရှေး၌ဖြစ်စေအပ်သည်လည်းဖြစ်သော သဒ္ဒပ္ပဗန္ဓ ဟူသောသဒ္ဒါအစဉ်သည်ဓမ္မမည်၏။

နောက်၌ သူတစ်ပါးတို့အား သိစေခြင်းအကျိုးငှာ ဖြစ်စေအပ်သော (ဝါ) နှုတ်တော်တွက်တွက်ရွတ်အပ်သော ထိုထိုအနက်ကိုပြတတ်သော ဒေသနာသည် ဒေသနာမည်၏။

**တစ်နည်းအကျဉ်း**

သဒ္ဒပ္ပဗန္ဓဖြစ်၍ ပညတ္တိသဒ္ဒါသည် ဓမ္မမည်၏။

တစ်လုံး တစ်လုံးသော အက္ခရာစာလုံးဟု ဆိုအပ်သော ပရမတ္ထသဒ္ဒါသည် ဒေသနာမည်၏။ ဤသို့ ထူးထွေခြားနား ကွဲပြားပါသည်။

## ပဋ္ဌာန်း ပစ္စည်းပြိုင်

(က) ဝါကျ။ ။ ကေ မေကသ္မိံ အရ တစ်ခုတစ်ခုသော ပိဋကတ်ဟု ဆိုအပ်သော နာမပညတ် ပစ္စည်းတရားသည် ဝေဒိတဗ္ဗော၌ ဝိဒဓာတ်အရ သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ပြိုင်နိုင်သော ပစ္စည်းကားမရှိပါ။

၂။ တစ်နည်းကေ မေကသ္မိံ အရ တစ်ခုတစ်ခုသော ပိဋကတ်၌ ရှိသော (ဝါ) ပိဋကတ်တို့ဖြင့်ပြအပ်သော စိတ်, စေတသိတ် စသော ဓမ္မာရုံသည် ဝေဒိတဗ္ဗော၌ ဝိဒဓာတ် အရ(ယခင်) စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ ပြိုင် အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ (၃)

၃။ ဓမ္မ။ပ။ ဘာဝေါ ဟူသော ကံပုဒ်အရ ဝေဒိတဗ္ဗော၌ ဗာဟုလ္လ တဗ္ဗပစ္စည်းတို့အရ ဓမ္မတ္တဒေသနာ ပဋိဝေဓေဟိ ရဘာဝ ဟူသော ပညတ်ဓမ္မာရုံသည် ဝေဒိတဗ္ဗော၌ အန္တတ္ထဝိဒဓာတ်အရ သတိ ဝီရိယ ဉာဏ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင် မရှိ။

-တတိအကြိမ်-

http://www.dhammadownload.com



၂။ တစ်နည်း ထိုက်ပုဒ်အရ တဗ္ဗပစ္စည်းတို့အရ အာရုံ ၆ပါး သည် ဝိဒဓာတ်အရ (ယခင်) စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

ပြိုင် – အာရမ္မဏ, အာရမ္မဏာ ဓိပတိ, အရမ္မဏူပ နိဿယ အာရမ္မဏ ပုရေဇာတ, အာရမ္မဏ ပုရေဇာတတ္တိ အာရမ္မဏ ပုရေဇာတ အဝိဂတ ယထာရဟ (၆)။

(ဃ) ဝါကျ၊ ။၁။ တဿာ မနသာဝဝတ္တာပိတာယ တန္တိယာ အရ မနသာဝဝတ္တာပိတ ဝစီဘေဒသဒ္ဒသည် ဒေသနာအရ ဒေသနာဉာဏ် ဥဒ္ဒါန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ ပြိုင်–မရှိ။

၂။ တစ်နည်းဒေသနာအရ ဒေသနာဉာဏ် ပစ္စည်းတရားသည် မနသာဝဝတ္တာပိတာယတန္တိယာ အရ ပါဠိတော်ဟူသော ဝစီဘေဒ သဒ္ဒရုပ် ပစ္စယုပ္ပန်တရားအား သဟ ပြု၏။

ပြိုင်–ဟေ၊ ဓိ၊ သဟ၊နိ။ ဣ။ မဂ္ဂ၊ ဝိပ္ပ၊ တ္တိ၊ အဝိ (၉)။

(င) ဝါကျ။ ။ တန္တိယာအရပါဠိတော်ဟူသော ဝစီဘေဒ သဒ္ဒနာမပညတ္တိ သဒ္ဒါ, တန္တိ, အတ္ထဿအရ ပါဠိတော်၏ အနက် ဟူသော ရူပါရုံ စသော အာရုံ (၆) ပါးသည် ယထာဘူတာ ဝဗောဓော အရ ညာဉာဏ်အား အာရမ္မဏ ပြု၏။

ပြိုင်–ယထာရဟ–အာ, ဓိ, ဥပ (၃)။

(တစ်နည်း) ယထာရဟ–အာ, ပု, တ္တိ, အဝိ (၄)။

[ဝစီဘေဒသဒ္ဒ နာမပညတ္တိသဒ္ဒါ ပစ္စည်းဖြစ်လျှင် ပြိုင်–မရှိ။ အာရုံ ၆–ပါးပစ္စည်းဖြစ်လျှင်ပြိုင်–နှစ်နည်းလုံးရ၏။

–တတိယအကြိမ်–

http://www.dhammadownload.com

## (တစ်နည်း) ဓမ္မတ္ထဒေသနာ ပဋိဝေဓ တို့၏အဖွင့်

(က) အပရောနယော-ဓမ္မော တိ ဟေတု
(ခ) ဝုတ္တဉှေတံ "ဟေတု မှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ"တိ
(ဂ) အတ္ထော တိ ဟေတုဖလံ၊
(ဃ) ဝုတ္တဉှေတံ "ဟေတုဖလေ ဉာဏံအတ္ထပဋိသမ္ဘိဒါ"တိ။
(င) ဒေသနာ တိ ပညတ္တိ၊
(စ) ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော။
(ဆ) အနုလောမ ပဋိလောမ သင်္ခေပ ဝိတ္ထာရာဒိဝသေန ဝါ ကထနံ။
(ဇ) ပဋိဝေဓောတိ အဘိသမယော။ [၄-၂၃]

### အနက်ထူး

(က) ဝါကျ။ ။ ဓမ္မောတိ တန္တိတိ အာဒိကော-ဓမ္မောတိ တန္တိ၊ ဤသို့အစရှိသော။ ယောပုဗ္ဗနယော၊ အကြင်ရှေးနည်းကို။ မယာ၊ ငါသည်။ ဝုတ္တော၊ ဆိုအပ်ပြီ။ (အနိယမထည့်) တတောပုဗ္ဗနယတော၊ ထိုရှေးနည်းမှ။ (နိယမအပါဒါန်ထည့်)။ အပရော၊ တစ်ပါးသော။ နယော၊ နည်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဝါ၊ ဆိုအပ်၏။ ဓမ္မောတိဣတော၊ ဓမ္မော, ဟူသော ဤပါဠ်၌။ ဟေတု၊ အကြောင်းသည်။ ဓမ္မော၊ ဓမ္မမည်၏။ ဣတိအတ္ထော၊ ဤအနက်ကို၊ ပဏ္ဍိတေန၊ ပညာရှိသည်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(တစ်နည်း) ဟေတု၊ အကြောင်းသည်။ ဓမ္မောတိ ဓမ္မောနာမ-ဓမ္မမည်၏။

[ဒုဋ္ဌိယ, ဒုဋ္ဌိကရဏ ဝါကျများ၌ ဝါကျအပြန်အလှန် အနက်ပေးပုံကို စည်းမျဉ်းအဖြေ၌ ပြခဲ့သည့်နည်းကို ပြန်လည်ကြည့်ရှုပေးပါ။]

(တစ်နည်း) ဓမ္မောတိဟေတု-ဟူသော (က) ဝါကျနှင့် (ခ) ဝါကျတို့၌ ဉာပက ဟေတုပ္ပလဝါကျ အပြန်အလှန်ပေးသော် ...

-တတိယအကြိမ်-

http://www.dhammadownload.com



ဟေတု၊ အကြောင်းသည်။ ဓမ္မောတိ၊ ဓမ္မမည်၏။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။ ကသ္မာ၊ ကြောင့်။ ဟေတု၊ သည်။ ဓမ္မောတိ၊ ဓမ္မမည်၏။ ဣတိ၊ သို့။ ဝိညာယတိ၊ နည်း။ ဟိယသ္မာ၊ ကြောင့်။ ဟေတုမှိ ဉာဏံဓမ္မပဋိသမ္ဘိဒါတိ၊ ....ဒါဟူသော။ ဓော်ဝစနံ၊ ကို။ ဓမ္မသေနာပတိနာ၊ သည်။ (ဝါ) ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ ဟေတု၊ သည်။ ဓမ္မော တိ၊ မည်၏။ ဣတိ၊ သို့။ ဝိညာယတိ၊၏။ [နောက်(ဂ) (ဃ) ဝါကျတို့၌လည်း ဤနည်းအတိုင်း ပေးပါ။]

(ဆ) ဝါကျရှိ ကထန်ပုဒ်၏ကံကို ဝစနဿ စကားတော်ကို ဝါ၊ ပါဠိတော်ကို–ဟု ထည့်ပေး။

## ကျမ်းတက်

## ဠပနာဘောဂ ပဉ္စက

ပုစ္ဆာတက်

(က) ဝါကျ။ ။ အရှင်အဋ္ဌကထာဆရာ, ဆရာသည် ဓမ္မောတိ တန္တိဟူသော ရှေ့စကားဖြင့် ဓမ္မသဒ္ဒါ၏ပါဠိဝစနပဗန္ဓဟူသော တန္တိအနက်ဟော၏ အဖြစ်ကိုပြဆိုတော်မူ၏။ (ဌ) ဤသို့သာ ဆိုချေသော် ဓမ္မသဒ္ဒါသည်ပါဠိဝစန ပဗန္ဓ ဟူသောတန္တိအနက်ကိုသာလျှင် ဟော၏–ဟုမှတ်အပ်သည် မဟုတ်ပါလော။ (ဘော) ထိုသို့ မှတ်အပ်လေသောကြောင့် (ဘော,ဟေ)၊ (ဝါ) ဓမ္မသဒ္ဒါ၏တစ်ပါးသော ဖြစ်သင့်သော(ဟေတု) အနက်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာ သည် မဟုတ်ပါလော။ (ဘော) ထိုသို့ရောက်ရာလေ သောကြောင့် (ဘော–ဟေ) ဓမ္မောတိတန္တိဟူသော ရှေ့စကားဖြင့် ဓမ္မသဒ္ဒါ၏ ပါဠိဝစန ပဗန္ဓဟူသော တန္တိအနက်ဟောသည်၏ အဖြစ်မျှကိုသာ မဆိုသင့် (ဌ–ခေ) ဓမ္မသဒ္ဒါ၏ တစ်ပါးသော ဖြစ်သင့်သော အနက်ကိုလည်း ပြဆိုသင့်သေး၏။ (သာမညာ) (ဝါ) ဓမ္မသဒ္ဒါ၏ တစ်ပါးဖြစ်သင့်သော ဟေတုအနက်ကိုလည်း ပြဆိုသင့်သေး၏။ (ဝိသေသ) (နွ)၊ ဓမ္မသဒ္ဒါသည် အခြားအဘယ်အနက်ကို ဟောပါသေးသနည်း။ (ပုစ္ဆာ)၊ ဤသို့မေးဖွယ်ရှိသောကြောင့် (က) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား–ဓမ္မသဒ္ဒါသည် ပါဠိဝစန ပဗန္ဓ ဟူသော တန္တိအနက်ကိုသာဟောသည်မဟုတ်။ ဟေတုအနက်ကိုလည်း ဟောသေး၏–ဟူလို။

–တတိယအကြိမ်–

http://www.dhammadownload.com



(ဝါ) (က) ဝါကျဖြင့် ဓမ္မသဒ္ဒါ၏ ဟေတု အနက်ဟော၏ အဖြစ်ကို လည်းပြဆိုသေး၏။ ဟူလိုသော်–

[မှတ်ချက်။ ။စင်စစ် အပရော နယော၏ နယ်သည် ဓမ္မသဒ္ဒါ တစ်ခု အတွက်သာမဟုတ်၊ ဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓ ၄ ချက်လုံး အတွက်ဖြစ်သည်၊ထို့ကြောင့် အပရော နယော ကိုသက်သက်တစ်ဝါကျ အနေထား၍ (သို့မဟုတ်) က–ဝါကျမှစ၍ဇ–ဝါကျအထိ အားလုံး တပေါင်းတည်းထား ကျမ်းတက်သော်–

ဆရာ ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဓမ္မ–အတ္ထ–ဒေသနာ–ပဋိဝေဓတို့၏ ဖြစ်သင့်သော အနက်အဓိပ္ပာယ် အရကောက်တို့ကို ပြဆိုတော်မူ၏။ သော် ဓမ္မ–အတ္ထ–ဒေသနာ–ပဋိဝေဓ တို့၏ အနက် အဓိပ္ပာယ် အရကောက်သည် ဆိုအပ်ပြီးသော နည်းဖြင့် သာလျှင် ဖြစ်ကောင်း၏ဟု မှတ်အပ်သည်မဟုတ်ပါ လော၊ (ဝါ) ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ တစ်ပါးသောဖြစ်သင့်သော အနက်အဓိပ္ပာယ် အရ ကောက်တို့ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာ သည် မဟုတ်ပါလော (ဘော) ။ပ။ တစ်ပါးသော ဖြစ်သင့်သော ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ အနက်အဓိပ္ပာယ် အရကောက်တို့ကိုလည်း ပြဆိုသင့် သေး၏။ (နွ) စသည်။]

[အမှာ။ ။ (ခ) ဝါကျ ကျမ်းတက် စည်းမျဉ်းအဖြေအစဉ် ပြန်လည်ရှုပါ]။

(ဂ) ဝါကျ။ ။ ဆရာ ဆရာသည် (က၊ ခ) ဝါကျတို့ဖြင့် ဓမ္မသဒ္ဒါ၏အကြောင်းဟော၏ အဖြစ်နှင့်တကွ အာဂမ, သာဂေ တို့ကိုပြဆို တော်မူ၏။ (ဝါ) ဓမ္မောပဒ်–၏ အတ္ထသံဝဏ္ဏနာကို ပြဆိုတော်မူ၏။ သော် အတ္ထောပဒ်၏ ဟောနက်ကို ပြဆိုသင့်သေးသည် မဟုတ်ပါလော၊ (ဝါ) အတ္ထောပဒ်၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော (စသည်)။

(ဃ) ဝါကျ။ ။ ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် အတ္ထသဒ္ဒါ၏ အကျိုးဟော၏အဖြစ်ကိုပြဆိုတော်မူ၏။ ... သော် မိမိ၏ သကဝစနသာ– ဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော စသည်ဖြင့် (ခ) ဝါကျနည်း မှီတက်။

–တတိယအကြိမ်–

http://www.dhammadownload.com



အဓိပ္ပာယ်ကား ဟေတုဖလ ဉာဏံ အတ္ထပဋိသမ္ဘိဒါ ဟူ၍ပဋိသမ္ဘိ- ဒါမဂ် ပါဠိတော်၌ အတ္ထသဒ္ဒါ၏ အကျိုးဟော၏အဖြစ်ကို အရှင်သာရိပုတ္တရာ ဟောကြားလေသောကြောင့် ယုံကြည်အပ်၏ ဟူလို။

(င) ဝါကျ။ ။ ဆရာ ဆရာသည်(ဂ)(ဃ) ဝါကျတို့ဖြင့် အတ္ထော ပုဒ်၏ အကျိုးဟော၏အဖြစ်နှင့်တကွအာဂ, မသာဓကကိုပြဆိုတော်မူ၏။ ဝါ၊အတ္ထောပုဒ်၏ အတ္ထသံဝဏ္ဏနာကိုပြဆိုတော်မူ၏။ ...သော် ဒေသနာပုဒ်၏ ဟောနက်ကိုလည်းပြဆိုသင့်သည်မဟုတ်ပါလော၊(ဝါ)ဒေသနာပုဒ်၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆိုသင့်သည်မဟုတ်ပါလော(စသည်)။

(စ) ဝါကျ။ ။ ဆရာ ဆရာသည်(င)ဝါကျဖြင့် ဒေသနာဟူသည် အပြားအားဖြင့် အနက်ကိုသိစေတတ်သော သဝိညတ္တိဝိကာရ ဝစီဘေဒ သဒ္ဒါ-တည်းဟုပြဆိုတော်မူ၏။....သော် ထိုစကားရပ်၏အဓိပ္ပာယ်သည်လည်း ရှိသင့်သည်မဟုတ်ပါလော(စသည်)။

[အမှာ။ ။ ဂ-ဃ ဝါကျတို့ကို ဋပနာထား၍ င-စ-ဆ သုံးဝါကျကိုလည်းကောင်း၊ ငနှင့် စနှစ်ဝါကျကိုလည်းကောင်း တစ်ပေါင်းတည်းပြု၍ ပုဒ်တစ်ပုဒ်၏ အတ္ထဝဏ္ဏနာမှ တစ်ပါး ပုဒ်တစ်ပုဒ်၏ အတ္ထဝဏ္ဏနာကျမ်းတက်နည်းအရ တက်နိုင်သည်။

(ဆ) ဝါကျ။ ။ ဆရာ ဆရာသည်(စ) ဝါကျဖြင့် ဒေသနာပုဒ်ကို ဒေသိယတိအတ္ထော တော ယာတိ ဒေသနာ-ဟုဝိဂ္ဂဟပြု၍ ဒေသနာ၏ ဓမ္မနိရုတ္တိအဖြစ်ကို(ဝါ)ဒေသနာအရ ဓမ္မနိရုတ္တိသဒ္ဒါကိုယူရမည် ဟုပြဆိုတော်မူ၏။ သော် ဒေသနာ၏ တစ်ပါးသော ဖြစ်သင့်သော ဝိဂ္ဂဟနှင့် အရကောက်ကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာ သည် မဟုတ်ပါလော(စသည်)။

အဓိပ္ပာယ်ကား(ဆ)ဝါကျဖြင့် ဒေသနာပုဒ်ကို ဒေသိယတိ သမုဋ္ဌာ ပိယတိ သဒ္ဒေါ ဧတေနာ, တိဒေသနာဟု ဝိဂ္ဂဟပြု၍ ဒေသနာ အရ ဓမ္မနိရုတ္တိ-ဟု ဆိုအပ်သော သဒ္ဒါကို ဖြစ်စေတတ်သော စိတ္တုပ္ပါဒ်ကို ယူရမည် ဟုပြဆို၏ ဟူလို။

(ဇ) ဝါကျ။ ။ ဆရာ ဆရာသည်(င-စ-ဆ)ဝါကျတို့ဖြင့် ဒေသနာ ပုဒ်၏ဖြစ်သင့်သော အနက်အဓိပ္ပာယ် အရကောက်တို့ကိုပြဆိုတော်

http://www.dhammadownload.com



မူ၏။....သော် ပဋိဝေဓ'၏အနက် အဓိပ္ပာယ် အရကောက်တို့ကို မညွှန်ပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော(စသည်)။

အဓိပ္ပာယ်ကား(ဇ)ဝါကျဖြင့် ပဋိဝေဓပုဒ်ကို ပဋိဝိဇ္ဈနံ ပဋိဝေဓော၊ ပဋိဝိဇ္ဈတီတိ ဝါပဋိဝေဓောဟု ဝိဂ္ဂဟပြု၍ ထိုးထွင်း၍ သိခြင်း။ဝါ၊ ထိုးထွင်း၍ သိတတ်သော ဉာဏ်သည် ပဋိဝေဓ မည်၏ဟု ပြဆို၏ဟူလို။

[အမှာ။ ။စောဒနာ ကျမ်းပာဌ်ရာ၌ ဝုတ္တေဒူတပါသော နှစ်ဝါကျကို ဒဋ္ဌယ, ဒဋ္ဌကရဏဆန့်ကျင်သော ဝိရောဓိဒေါသ တင်တက်ပြီးလျှင် အခြား ဝါကျများကို အဗျ ပိတဒေါသတင်တက်ပါ။]

ပါပနာဒိကျမ်းတက်

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ပါဠိတော်နှင့် ဆန့်ကျင်သော, ဝါ၊ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။

(င) (စ) ဝါကျတို့ဖြင့်လည်း အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ တို့ကို ပယ်၏။

## ပိ (အပိ) သဒ္ဒါထားရခြင်းအကြောင်း

အလုံးစုံသော ဝေဒနာတို့သည်သာလျှင် အာရုံ၏အရသာကို ခံစားသည် မဟုတ်ကုန်၊ တစ်ပါးတစ်ပါးသော အစိတ်အစိတ်သော ဝေဒနာတို့သည် လည်း အာရုံ၏အရသာကို ခံစားကုန်၏ဟူသော အဝယဝ သမုစ္စည်း အနက်ကို ပြလိုသောကြောင့် (င) ဝါကျ သဗ္ဗာပိ၌ ပိ (အပိ) သဒ္ဒါကို ထားပါသည်။

## ဝုတ္တော ထားရပုံ

(ဃ) ဝါကျ။ ရှေးဝစနတ္ထ၌ ဆိုခဲ့သော နဒုက္ခာ နသုခါ (အဒုက္ခာ စသာ အသုခါ စ) ဟူသော ဝစနတ္ထ စကားနှင့် နောက်၌ဆိုသော အဒုက္ခ မသုခါ ဟူသော နိပ္ဖန္နပုဒ်တို့ ရှေ့နောက်အဆိုမညီ ဝက်ဝုတ္တိဌာန ဖြစ် သောကြောင့် 'ဝုတ္တော' ထား၏။

http://www.dhammadownload.com



(တစ်နည်း) အပေါင်းသန္ဓိ အမျိုးမျိုးတို့၏ သန္ဓိ–ဟူသော အမည်ကို အစိတ်ဖြစ်သော ပဒသန္ဓိ–၌ တင်စားသော ကေဒေသျူပစာ အဖြစ်ကို ပြလိုသောကြောင့် ဝုတ္တော်ပုဒ်ကို ထား၏။

**ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က**

(ဂ) ဝါကျ။ ဒုက္ခယတီတိ ဒုက္ခာ။ န ဒုက္ခာ အဒုက္ခာ။

သုခယတီတိ သုခါ၊ န သုခါ အ သုခါ။

အဒုက္ခာ စ သာ အသုခါ စာတိ အဒုက္ခ မသုခါ။

၂။ ဒုက္ခမဟုတ်သည်၏ သုခမဟုတ်သည်နှင့် ဂုဏ်+ဂုဏေးစပ်။

၄။ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဝိသေသန ဘောဂုဏ်သည်။

(စ) ဝါကျ။ ဣစ္ဆိတဗ္ဗန္တိ ဣဋ္ဌံ။ (ကမ္မသာဓ်)။

ဣစ္ဆိယတေ ဝါ ဣဋ္ဌံ။ (ဘာဝသာဓ်)။

အနုဘူယတေ အနုဘဝနံ။

ဣဋ္ဌဿ အနုဘဝနံ ဣဋ္ဌာနုဘဝနံ။

လက္ခီယတေ အနေနာတိ လက္ခဏံ။

ဣဋ္ဌာနုဘဝနံ လက္ခဏံ ဧတိဿာ (သုခါယာ) တိ

ဣဋ္ဌာနုဘဝနလက္ခဏာ။ (ဗဟုဗ္ဗီဟိ)။

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ဣဋ္ဌာနုဘဝန လက္ခဏာ၏ သုခဝေဒနာနှင့် လက္ခဏာ+လက္ခဏာဝန္တ စပ် ဗျု–နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဣဋ္ဌာနုဘဝန လက္ခဏာ ရှိခြင်း ဟူသော ဂုဏ်သည် ပ–နိ။

**လိင် စသည်ခွဲပုံ**

(က) ဝါကျ။ သုခယတိ–အလိင်, ဘူဝါဒိဂိုဏ်း (တစ်နည်း) ဓနာဝိကရဏဂိုဏ်း, (ပကတိကာရန်–အတွင်းကာရန်) အကာရန္တ, သခုလက်ရှိ ဣကာရန္တ, အာချာတပဒ။ (သုခ–ဓာတ်, ဏယ–ပစ္စည်း+တိ–ဝိဘတ်)။

http://www.dhammadownload.com



ဣတိ-အလိုင်, ဂဏဝိမုတ်, ဣကာရန္တ, နိပါတပဒ။

သုခါ-ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အာကာရန္တ, ကိတနာမပဒ။

(ခ) ဝါကျ။ (ရှေးဝါကျကို နည်းမှီ ခွဲပါ။)

(ဂ) ဝါကျ။ န-အလိုင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

[ဒုက္ခာ-ကို ယခင် သုခါ-အတိုင်းခွဲ]။

(ဃ) ဝါကျ။ ပဒသန္ဓိဝသေန-ပုဒ်အားလုံးကား ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

ထိုတွင် သန္ဓိ-ကား ပုလ္လိင်,ရတ္တာဒိဂိုဏ်း, ဣကာရန္တ, ကိတနာမပဒ။

ဝစ္ဆော-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။

(င) ဝါကျ။ သဗ္ဗာ-ဣတ္ထိလိင်, ကညာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) အာကာရန္တ, သဗ္ဗနာမပဒ။

[ပိ (အပိ) ကို အလိုင်, နိပါတ်ပုဒ်ခွဲ။ အာရမ္မဏရသံ-ကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ]။

ဝေဒယန္တိ-အလိုင်, စုရာဒိဂိုဏ်း, (ကပတိကာရန်-အတွင်းကာရန်) အကာရန္တ, အာချာတပဒ။ (ဝိဒဓာတ်+ဏယပစ္စည်း+အန္တိဝိဘတ်)။

အနုဘဝန္တိ-၌ အနု-ကား-အလိုင်,ဂဏဝိမုတ်,ဥကာရန္တ,ဥပသဂ္ဂပဒ

ဘဝန္တိ-အလိုင်, ဘူဝါဒိဂိုဏ်း, (ပကတိကာရန်, အတွင်းကာရန်) အကာရန္တ, အာချာတပဒ။

(ဘူတတ်+အပစ္စည်း+အန္တိဝိဘတ်)

(စ) ဝါကျ။ ။ တာသု-ဣတ္ထိလိင်, ကညာဒိဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) အာကာရန္တ, သဗ္ဗနာမပဒ။

## အာဘောဂ်သံဝဏ္ဏနာ

(၁) ဝါကျ။ ပန-ဖြင့် ပက္ခန္တရတ္ထ ဇောတက-အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)။

-တတိယအကြိမ်-

http://www.dhammadownload.com



ဝစနတ္ထော ဇောတွ-ဖြင့် သုခါယ ဝေဒနာယ သမ္ပယုတ္တာ-အစရှိသော ဝါကျတို့၌ ဝစနတ္ထကို သိရမည်ဟူသော ဥယျောဇဉ် စကားပိုးကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ။)

သုခယတိ-ဖြင့် သုခါ-၌ သုခ-ဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ဟေတု ကတ္တုသာဓနေ-အနက် ဟောသည်ကို လည်းကောင်း (ဒု-ပစ္စယတ္ထ)သိစေ၏။ (အဘိဓာနတ္ထကိုလည်းဖော်ပါ။)

ဣတိ-ဖြင့် ဟေတွတ္ထ ဇောတက-အဖြစ်, နာမလာဘဟိတ် အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)

(ခ) ဝါကျ။ ဒုက္ခယတိ-ဖြင့် ဒုက္ခ၌ ဒုက္ခ-ဓာတ်အဖြစ်ကို လည်းကောင်း, (ဒု-ဓာတုပဒ) အ-ပစ္စည်း၏ ဟေတုကတ္တုသာဓနေ အနက်၌ သက်သည်ကိုလည်းကောင်း, ဒုက္ခယတီတိ ဒုက္ခာ-ဟု ဝစနတ္ထပြုရမည် ကိုလည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ။) သိစေ၏။

(ဂ) ဝါကျ။ နဒုက္ခာ နသုခါ-ဖြင့် အဒုက္ခ မသုခါ-၌ န ဒုက္ခာ အဒုက္ခာ၊ န သုခါ အသုခါ ဟု ကမ္မဓာရယ မိဿက တပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကို လည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) အ-သဒ္ဒါတို့၏ န-နိပါတ်တို့၏ ကာရိယအဖြစ်ကိုလည်းကောင်း (နိပါတလိင်္ဂပဒ) အဒုက္ခာ စသာ အသုခါစာတိ အဒုက္ခမသုခါ-ဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထ-ပြုရမည်ကို လည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

(ဣတိ-ကို ယခင်အထက်ပါ ဣတိ-အတိုင်းဖော်)။

(ဃ) ဝါကျ။ ဤ (ဃ) ဝါကျဖြင့် အဒုက္ခ မသုခါ၌ အဒုက္ခ အသုခါ-ဟု ပုဒ်ဖြတ်၍ မ-အက္ခရာကို အာဒေသ၏ အစွမ်းအားဖြင့် ဟောအပ်သည်မဟုတ် (ဗျ) အာဂမသန္ဓိ-၏ အစွမ်းအားဖြင့် ဟောအပ်၏။ (နွ) ဟုသိစေ၏။ (သန္ဓိလိင်္ဂပဒ)

(င) ဝါကျ။ သဗ္ဗာပိ-ဖြင့် ဝေဒနာဟူသည် တစ်စိတ်ဝေဒနာမဟုတ် (ဗျ) အလုံးစုံသော ဝေဒနာပင်တည်း (ဝါ) ဝေဒနာ အရ အလုံးစုံသော ဝေဒနာကိုယူရမည် (နွ) ဟု သိစေ၏။ (အဘိပ္ပေယျတ္ထ)။

-တတိယအကြိမ်-

http://www.dhammadownload.com



(တစ်နည်း) သဗ္ဗာ-ဖြင့် ဝေဒယန္တိ-၏ ကတ္တားအဖြစ်ကို လည်းကောင်း၊ ပိ (အပိ) ဖြင့် အဝယဝသမုစ္စယတ္ထ ဇောတကအဖြစ်ကို လည်းကောင်း သိစေ၏။ (ဘာဝတ္ထ)။

အာရမ္မဏရသံ-ဖြင့် ဝေဒယန္တိ-၌ခံစားခြင်းဟူသည် အာရုံ၏အရသာကို ခံစားခြင်းပင်တည်းဟူသော အဓိပ္ပာယ်ကို သိစေ၏။ (တစ်နည်း) ဝေဒယန္တိ-၏ ကံ-အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ)။

ဝေဒယန္တိ-ဖြင့် ဝေဒနာ-၌ ဝိဒ-ဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဒ- ဓာတုပဒ) ယုပစ္စည်း၏ ကတ္တုသာဓ်အနက်ဟောသည်ကိုလည်းကောင်း, ဝေဒယန္တီတိ ဝေဒနာ ဟု ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊(ဒ-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) ၊ သိစေ၏။

အနုဘဝန္တိဖြင့် ဝေဒယန္တိ-၌ ဝိဒ-ဓာတ်သည် နိဝါသ-စသော အနက်ကိုမဟော (ဗျ) အနုဘဝန-အနက်ဟောသည် (နွ) ဟု သိစေ၏။ (ဓာတွတ္ထ)။

(စ) ဝါကျ။ တာသု-ဖြင့် နိဒ္ဒါရဏ ဝါနိဒ္ဒါရဏ သမုဒါယ အဖြစ်ကို သိစေ၏။ (ဘာဝတ္ထ) အကြွင်းဖြင့် သုခဝေဒနာ၏ ဣဋ္ဌာနုဘဝန လက္ခဏာ ရှိသည်၏အဖြစ်ကိုသိစေ၏။ (ဘာဝတ္ထ)။

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ပန-သဒ္ဒါ ပက္ခန္တရတ္ထ ဇောတက။

ထို ပန-သဒ္ဒါကို အတ္ထုဒ္ဒေသ-မှတစ်ပါး ဝစနတ္ထကိုပြလိုသောကြောင့် ဝါ-ထိုသို့ပြရာ၌ ပက္ခန္တရတ္ထ ဇောတက-အဖြစ်ကို ပြလိုသောကြောင့် ထားပါသည်။

သုခယတီတိ-စသော ဝိဂြိုဟ်၌ ပါသော ဣတိ-သဒ္ဒါများ ဟေတွတ္ထဇောတက။

(ဂ) ဝါကျ။ န သဒ္ဒါ အ-သဒ္ဒါများ ပဋိသေဓတ္ထ။ တစ်နည်း- အညတ္ထ။

(ဃ) ဝါကျ။ သန္တိ-၌ သံ-သဒ္ဒါ သမောဓာနတ္ထ။

(င) ဝါကျ။ သဗ္ဗာပိ၌ ပိ(အပိ) သဒ္ဒါ အဝယဝ သမုစ္စယတ္ထ။ သမ္ပိဏ္ဍနတ္ထ။

-တတိယအကြိမ်-

http://www.dhammadownload.com



အာရမ္မဏ-၌ အာ-သဒ္ဒါ အာဂန္တွာ-အနက်၊ (အာဂမန-အနက်) ကိုဟော၏။

အနုဘဝန္တိ-နှင့်နောက် (စ) ဝါကျရှိ အနုဘဝန-၌ အနု-သဒ္ဒါများ ဓာတွတ္ထ ဝိသေသက။

**သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်နှင့်**

**ဝိသယ နာမည်**

(က) ဝါကျ။ တွေ-၌ တေ-သည် သုခါယ ဝေဒနာယ သမ္ပယုတ္တာ- အစရှိသော ဝါကျ ဟူသော အနက်ကို စွဲ၏။

ဝိသယ-နာမည်ကား သုခါယဝေဒနာယ သမ္ပယုတ္တာ အစရှိသော ဝါကျဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(ဝိသယနာမည်ကိုရေးမည်-)

(င) ဝါကျ။ သဗ္ဗာပိ-၌ သဗ္ဗ-သည် ဝေဒနာဒြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

(စ) ဝါကျ။ တာသု-၌ တ-သည် သုံးပါးသော ဝေဒနာဒြပ်ကို စွဲသောကြောင့် ပက္ကန္တ ဝိသယ။

**ကြိယာ ငါးတန် ထုတ်ပုံ**

(က) ဝါကျ။ သုခယတိ-အရ သုခါ-အရ-

၁။ ဝေဒယိတ လက္ခဏာသည် ဒ။

၂။ ပဿဒ္ဓိ ပဒဋ္ဌာန်သည် ဒီ။

၃။ အနုဘဝန သမ္ပတ္တိရသ-သည် ပ။

၄။ အနုဘဝန ကိစ္စရသ-သည် ဝိ။

၅။ စေတသိက အဿာဒ ပစ္စုပဋ္ဌာန်သည် အနု။

(လက္ခဏာဒိစတုက္ကမှီထုတ်သည်)။

**ပဋိစ္စ သမုပ္ပါဒ်နည်းမှီထုတ်သော်-**

၁။ ဝေဒနာသည် ဒ။

၂။ ဖဿသည် ဒီ။

-တတိယအကြိမ်-

http://www.dhammadownload.com



၃။ တဏှာသည် ပ။
၄။ သဠာယတန စသည်တို့သည် ဝိ။
၅။ ဥပါဒါန်, ဘဝ စသည်တို့သည်အနု။

(ဂ) ဝါကျ။ အဒုက္ခ မသုခါ အရ-
၁။ ဥပေက္ခာဝေဒနာ၏ သုခ ဒုက္ခ အညဘာဝ-သည် ဒ။
၂။ တတိယ ဝေဒနာဘာဝ-သည် ဒီ.
၃။ သုခ ဒုက္ခ-တို့ကိုကျော်လွန်ခြင်းဟူသော ပဋိပက္ခ ဘာဝ သည် ပ။
၄။ ထိုဥပေက္ခာ၏ သန္တသဘော-သည် ဝိ။
၅။ ရဇ္ဇန-ဒုဿနသဘော-မှကင်းခြင်းသဘော စသည်တို့သည် အနု။

(လက္ခဏာဒိ စတုက္ကကိုမှီ၍ ထုတ်လျှင်လည်း ဖြစ်နိုင်၏)။

(ဃ) ဝါကျ။ ဝုတ္တော-၌ အန္တတ္ထဝစ-ဓာတ်အရ-
၁။ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒ၊
၂။ အရဟတ္တမဂ်ဉာဏ်,ဖိုလ်ဉာဏ်,သဗ္ဗညုတဉာဏ်တို့သည် ဒီ၊
၃။ အဒုက္ခ မသုခါ-၌ (မ)ဟူသော ဝစီဘေဒသဒ္ဒသည် ပ။
၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ်, အောက်မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့သည် ဝိ။
၅။ ဓမ္မဿဝနကုသိုလ်ဖြစ်ခြင်း ဒိဋ္ဌဓမ္မိက-သမ္ပရာယိက- ဘောဂသမ္ပတ္တိ-ဘဝသမ္ပတ္တိ စသည်တို့သည် အနု။

ထို ဝုတ္တော-၌ ဗာဟျတ္ထ တ-ပစ္စည်းအရ-
၁။ အဒုက္ခ မသုခါ-၌ (မ) ဟူသောဝစီဘေဒသဒ္ဒသည် ဒ။
၂။ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒီ။

-တတိယအကြိမ်-

http://www.dhammadownload.com



၃။ ဓမ္မသာဝန ကုသိုလ်ဖြစ်ခြင်းသည် ပ။

၄။ မဟာကရုဏာဉာဏ် ပါရမီဉာဏ်, ဝိပဿနာဉာဏ် အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဝါ-မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်တိုသည် ဝိ။

၅။ ဒိဋ္ဌဓမ္မိက, သမ္ပရာယိက,ဘောဂသမ္ပတ္တိ,ဘဝသမ္ပတ္တိ စသည် တို့သည် အန။

## ပဋ္ဌာန်း ပစ္စည်းပြိုင်

(က) ဝါကျ။ဝစနတ္တော-အရ,ပါဠိသေသ ဝေဒိတဗ္ဗော-၌ တဗ္ဗ-ပစ္စည်းအရ ဆိုလတ္တံ့သော ဝစနတ္ထတည်းဟူသော သုခယတိ စသော ဝစီဘေဒ အနာဂတ်သဒ္ဒါရုံ ပစ္စည်းတရားသည် ထို ဝေဒိတဗ္ဗော-၌ အန္တတ္ထဝိဒ-ဓာတ်အရ ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြ၏။

(ဃ) ဝါကျ။ ၁။ မကာရေ ဟူသော ကံ-ပုဒ်အရ ဝုတ္တော-၌ ဗာဟျတ္ထ တ-ပစ္စည်းတို့အရ (မ) ဟူသော မနသာ ဝဝတ္ထာပိတ ဝစီဘေဒသဒ္ဒါသည် ထိုဝုတ္တော-၌ အန္တတ္ထ ဝစ-ဓာတ်အရ ဒေသနာဉာဏ်အား -ဝါ-ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အား အာရမ္မဏ.....ပြ၏။

၂။ ဝုတ္တော၌ အန္တတ္ထဝစ-ဓာတ်အရ ဒေသနာဉာဏ်သည် ဗာဟျတ္ထ တ-ပစ္စည်းအရ မကာရော-ဟူသော ကံ-ပုဒ်အရ (မ) ဟူသော ဝစီဘေဒသဒ္ဒ-အား သဟ-ပြ၏။

ပြိုင်။ ဟေ၊ ဓိ၊ သဟ၊ နိ၊ ဣ၊ မဂ္ဂ၊ ဝိပ္ပ၊ တ္ထိ၊ အဝိ (၉)။

၃။ ပါဠိသေသ ဘဂဝတာ ကတ္တား-အရ ဒေသနာဉာဏ်သည် ဝုတ္တော-၌ ဝစ-ဓာတ်အရ ဉာဏ်ကြည် မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ......ပြ၏။

ပြိုင်-ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ္ဂ၊ သံ၊ တ္ထိ၊ အဝိ (၁၀)။

-ကတိယအကြိမ်-

http://www.dhammadownload.com



(၈) ဝါကျ။ သုခါ-အရ သုခဝေဒနာသည် ဣဋ္ဌာနုဘဝန လက္ခဏာ အရ သုခဝေဒနာ၏သမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ.....ပြု၏။

ပြိုင်-သဟ၊ ည၊ နိ၊ ဝိပါ၊ သံ၊ ဣ၊ ဈာ၊ တ္ထိ၊ အဝိ (၉)။

[အမှာ ။ ။ (င) ဝါကျ ပစ္စည်းပြိုင် စည်းမျဉ်းအဖြေ၌ ပြခဲ့ပြီ။]

http://www.dhammadownload.com

# ဝိပါကတိက် အဖွင့်

(က) အညမညဝိသိဋ္ဌာနံ ကုသလာ ကုသလာနံ ပါကာတိဝိပါကာ။

(ခ) ဝိပက္ကဘာဝမာပန္နာနံ အရူပဓမ္မာန မေတံ အဓိဝစနံ။

(ဂ) ဝိပါကဓမ္မ ဓမ္မာတိ ဝိပါကသဘာဝဓမ္မာ။

(ဃ) ယထာ ဇာတိ ဇရာ သဘာဝါ ဇာတိ ဇရာ ပကတိကာသတ္တာ "ဇာတိဓမ္မာ ဇရာဓမ္မာ"တိ ဝုစ္စန္တိ။
ဧဝံဝိပါက ဇနကဋ္ဌေန ဝိပါကသဘာဝါ ဝိပါကပကတိယာ ဓမ္မာ-တိ အတ္ထော။

(င) တတိယပဒံ ဥဘယသဘာဝ ပဋိက္ခေပဝသေန ဝုတ္တံ။ (ဋ္ဌ-၈၄)

## ကျမ်းတက် (ဋ္ဌပနာဘောပါဒိပဋ္ဌကျ) ပုစ္ဆာဘက်

(က) ဝါကျ။ အရှင် အဋ္ဌကထာဆရာ (အာ) မြတ်စွာဘုရားသည် (ကတ်) ပါဠိတော်၌ ဝိပါကာဟု ဟောတော်မူ၏။ (ဋ)၊ ဤမျှသာပြဆိုချေသော် (ဏ)။

ဝိပါကာပုဒ်၌ ဝိ,ဥပသာရပုဒ်သည် ဝိရုဒ္ဓ စသော အနက်တို့ကို ဟောသည်၊ ဝိနှင့် ပါကာပုဒ်တို့ကို အဗျယီဘာဝသမာသ် ဝစနတ္ထ စသည်ပြုရမည်ဟု မှတ်ကောင်းသည်မဟုတ်ပါလော (ဘော)၊ ထိုသို့ မှတ်ကောင်းလေသောကြောင့် (ဘော-ဟော) ဝိပါကာ ဟူ၍သာ မဆိုသင့်၊ (ဋ္ဌ-ခေ)။

ဤနေရာ၌ ဝိပါကာပုဒ်ဝယ် ဖြစ်သင့်သော ဝိ ဥပသာရပုဒ်၏ အနက်နှင့် ဝိနှင့် ပါကာပုဒ်တို့၏ သမာသ်ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏၊ (န္တ) ဤနေရာ၌ ဝိပါကာပုဒ်ဝယ် ဝိဥပသာရပုဒ်သည် အဘယ်အနက်ကို ဟော၍ ဝိနှင့် ပါကာပုဒ်တို့ကို အဘယ် သမာသ်ဝစနတ္ထ ပြုရပါမည်နည်း (ပုစ္ဆာ)။ ဤသို့ မေးဖွယ်ရှိသောကြောင့် (က) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား- (က) ဝါကျဖြင့် ဤနေရာ၌ ဝိပါကာပုဒ်ဝယ် ဝိ-ဥပသာရပုဒ်သည် ဝိသိဋ္ဌအနက်ကိုဟော၍ ဝိနှင့် ပါကာပုဒ်တို့ကို ဆဋ္ဌီ-တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို ပြဆို၏ ဟူလို။

F49A

http://www.dhammadownload.com



[ဤကျမ်းတက်ရာ၌ (ဏာ) ကို ဤသို့ ဟောခဲ့သော်ဟု လည်းကောင်း၊ (ဌ-ခေ)ကို ဝိပါကဟူ၍သာ မဟောသင့်ဟုလည်းကောင်း၊ (ဌပနာ)နှင့် လျော်အောင်မဆိုဘဲ ဤကျမ်းတက်၌ ဆိုထားသည့်အတိုင်း အဋ္ဌကထာဆရာကို ရည်စူး၍ဆိုမှသာ ကျမ်းတက်အဓိပ္ပာယ် အဆင်ပြေမည်၊ နောက်နောက်၌လည်း ပါဠိတော်ကို (ဌပနာ)ထား ကျမ်းတက်ရာတွင် ဤနည်းအတိုင်း မှတ်ပါ။]

**စောဒနာဆက်ဆော်**-ဤနေရာ၌ ဝိပါကာပုဒ်ဝယ် ဖြစ်သင့်သော ဝိ-ဥပသာရပုဒ်၏ အနက်နှင့် ဝိပါကာပုဒ်တို့၏ သမာသ်ဝစနတ္ထကို မပြဆိုခဲ့သော် မြတ်စွာဘုရားအား ဝါ၊ ဆရာအား အတိဗျာပိတဒေါသသင့်ရောက်ရာ၏ဟု (ဒေါသာရောပန စောဒနာ) ထည့်၍ တက်ပါ။

အဓိပ္ပာယ်ကား-(က)ဝါကျဖြင့် ဤနေရာ၌ ဝိပါကာပုဒ်ဝယ် ဝိဥပသာရပုဒ်သည် ဝိသိဋ္ဌအနက်ကိုဟော၍ ဝိနှင့် ပါကာပုဒ်တို့ကို ဆဋ္ဌီတပ္ပုရိသ်-သမာသ် ဝစနတ္ထပြုရမည်ဟု ပြဆိုသောကြောင့် သင် စောဒကတင်သော အတိဗျာပိတဒေါသ မြတ်စွာဘုရားအား ဝါ၊ ဆရာအားမရောက် ဟူလို။

(ခ) ဝါကျ။ ဆရာ ဆရာသည် (က) ဝါကျဖြင့် အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏အကျိုးသည် ဝိပါကမည်သောဟူ ဆိုတော်မူ၏။ ဤသို့ဆိုခဲ့သော် ဝိပါကာအရ ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးဖြစ်၍ ကမ္မဇရုပ်တို့ကိုလည်း ယူရမည်ဟု မှတ်ကောင်းသည် မဟုတ်ပါလော (ဘော) ထိုသို့ မှတ်ကောင်းလေသောကြောင့် (ဘော-ဟေ)။

(က) ဝါကျဖြင့် အချင်းချင်း ထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးသည် ဝိပါကမည်သော ဟူ၍သာ မဆိုသင့် (ဌ-ခေ)။

ဤနေရာ၌ ဝိပါကအရ ကောက်ယူသင့်သော တရားတို့ကိုလည်း ပြဆိုသင့်သေး၏ (နွ) စသည်။

အဓိပ္ပာယ်ကား- (ခ) ဝါကျဖြင့် ဝိပါကအရ ကမ္မဇရုပ်တို့ကို မယူရ၊ ဝိပါက် နာမက္ခန္ဓာတို့ကိုသာ ယူရမည်ဟု ပြဆို၏ဟူလို။ ဤကျမ်းတက်ကို ကမ္မဇရုပ်တို့ကို (လျဉ်းပါး၍) ကျမ်းတက်သည်ဟု ဆိုရသည်။

http://www.dhammadownload.com



တစ်နည်းတက်သော် ဝိပါကအရ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာနှင့် တကွ ကဋတ္တာရုပ်အားလုံးကို ယူရမည်ဟု မှတ်ကောင်းသည် မဟုတ်ပါလော ဟု အာဘော် ထား၍ ကျမ်းတက်နိုင်သည်။

စောဒနာတက်ရာ၌ ဤနေရာ၌ ဝိပါကအရကောက်ယူသင့်သော တရားတို့ကို မပြဆိုခဲ့သော် ဆရာအား စကားအလွန်ပျံ့နှံ့သော အတိဗျာပိတ ဒေါသ ရောက်ရာ၏ ဟု ဒေါသတင်တက်။

အဓိပ္ပာယ်ကား- (ခ) ဝါကျဖြင့် ဝိပါကအရ ဝိပါက်နာမက္ခန္ဓာ တို့ကိုသာ ယူရမည်ဟု ပြဆိုသောကြောင့် ။ပ။ ဟူလို။

(ဂ) ဝါကျ။ ဆရာ ဆရာသည် (က)(ခ)ဝါကျတို့ဖြင့် ဝိပါကာပုဒ်၏ အတ္ထသံဝဏ္ဏနာ ပြဆိုတော်မူ၏။ ....သော် ဝိပါကဓမ္မ ဓမ္မာပုဒ်၏ အတ္ထသံဝဏ္ဏနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော၊ ဝါ၊ ဝိပါကဓမ္မ ဓမ္မာဟူသောပုဒ်၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အဓိပ္ပာယ်သည် ရောက်ရာသည်မဟုတ်ပါလော (စသည်)။

(ဃ) ဝါကျ။ ဆရာ ဆရာသည် (ဂ)ဝါကျဖြင့် ဝိပါကဓမ္မ ဓမ္မာဟူသည် အကျိုးကိုဖြစ်စေခြင်း သဘောရှိသော တရားများဟု အပါကဋအားဖြင့် ပြဆိုတော်မူ၏။ ဤသို့ဆိုချေသော် ထိုစကားရပ်၏ အနက်အဓိပ္ပာယ်သည် ဥပမာ, ဥဒါဟရုဏ်နှင့် ကင်း၍ မပေါ်လွင် မထင်ရှားသည် မဟုတ်ပါလော (စသည်)။

စောဒနာတက်လျှင် အဗျာပိတ ဒေါသ, တစ်နည်း ဝိရောဓိဒေါသ တင်တက်။

(င) ဝါကျ။ ဆရာ ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ပထမပုဒ် ဒုတိယပုဒ်တို့၏ အတ္ထသံဝဏ္ဏနာကို ပြဆိုတော်မူ၏။....သော်....တတိယပုဒ်၏ အတ္ထသံဝဏ္ဏနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော။ ဝါ၊တတိယပုဒ်၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အဓိပ္ပာယ်သည် ရောက်ရာသည် မဟုတ်ပါလော၊ (စသည်)။

## ပါဝနာဒိကျမ်းတက်

(က) ဝါကျ။ ဝိပါကာ၌ ဝိ ဥပသာရပုဒ်သည် ဝိရုဒ္ဓစသော အနက်ကို ဟောသည်၊ ဝိနှင့် ပါကာပုဒ်ကို အဗျယီဘော သမာသ်ဝစနတ္ထ စသည်

http://www.dhammadownload.com



ပြုရမည် ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (နူ-ပါ) ။ပ။ ဝိပါကပုဒ်၌ ဖြစ်သင့်သော ဝိ-ဥပသာရပုဒ်၏ အနက်နှင့် ဝိနှင့် ပါကာ ပုဒ်တို့၏ သမာသ်ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏၊ (နူ-ရော) (စသည်)။

(ခ) ဝါကျ။ ဝိပါကာအရ ကုသိုလ် အကုသိုလ် တရားတို့၏ အကျိုး ဖြစ်၍ ကမ္မဇရုပ်တို့ကိုလည်း ယူရမည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (လျှဉ်းပါး၍တက်သည်)။ (တစ်နည်း)ဝိပါကာအရ ဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်အားလုံးကိုယူရမည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊(စသည်)။

(ဂ) ဝါကျ။ ဝိပါကဓမ္မ ဓမ္မာဟူသော ပုဒ်၏ အတ္ထသံဝဏ္ဏနာ မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ-ဝိပါကဓမ္မ ဓမ္မာ ဟူသော ပုဒ်၏ အတ္ထ သံဝဏ္ဏနာကို မပြဆိုဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ ရာ၏။ (စသည်)။

(ဃ) ဝါကျ။ ထိုစကားရပ်၏ အနက် အဓိပ္ပာယ်သည် ဥပမာ, ဥဒါဟရုဏ်နှင့်ကင်းလျက် ဖြစ်ကောင်း၏ ဟူသော အနက်သည် ရောက် ခဲ့ရာ၏။ ဝါ-ဥပမာ, ဥဒါဟရုဏ်ကို မပြဆို ဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။ (စသည်)။

(င) ဝါကျ။ တတိယပုဒ်၏ အတ္ထသံဝဏ္ဏနာမရှိ ဟူသော အနက် သည် ရောက်ခဲ့ရာ၏။ ဝါ-တတိယပုဒ်၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။ (စသည်)။

## ဒေါသသင့်ပုံ, ပယ်ပုံ

ရှေ့အဖွင့်စကားကို ထောက်လျှင် (က)ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

ပါဠိတော်ကို ထောက်ဆလျှင် ဝိပါကာ၌ ဝိသဒ္ဒါသည် ဝိသိဋ္ဌအနက် ကိုသာ ဟောသည်, ဝိနှင့် ပါကာ ပုဒ်တို့ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထကိုသာ ပြုရသည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျကိုထောက်လျှင် (က) ဝါကျ၌ ဝိပါကအရ ဤ၌ မလို အပ်သော ကမ္မဇရုပ် တို့၌ အလွန် ပျံ့နှံ့သောကြောင့် အတိဗျာပိတ ဒေါသသင့်၏။

http://www.dhammadownload.com



(ခ) ဝါကျဖြင့် ဝိပါကအရ ကမ္မဇရုပ်တို့ကို မယူရ, ဝိပါက် နာမက္ခန္ဓာတို့ကိုသာ ယူရမည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။

(ဤမှ နောက်၌ ဒေါသသင့်ပုံကို သိလောက်ပါပြီ။)

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် အပါကင္ခ, တပ္ပါကဋ္ဌီကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသကို ပယ်၏။ ဝါ-အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကိုပယ်၏။

(တစ်နည်း) မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်အတွက် တပ္ပါကဋ္ဌီကရဏဝါကျ ပြရိုးထုံးစံဖြစ်သောကြောင့် (ဃ) ဝါကျဖြင့် ပုနရုတ္တိဒေါသကို ပယ်၏။

(င) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ, ဂန္ထဂရုဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်၏။

## အဓိဝစနံထားရပုံ

ဝိပါကသဒ္ဒါသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သော နာမ်ဝိပါက်, ကမ္မဇရုပ်ဟူသော ရုပ်ဝိပါက်, ဤနှစ်မျိုးလုံးကို အချို့နေရာ၌ ဟောသော်လည်း ဤဝိပါကာဓမ္မာ၌ကား အထင်ရှား ကေဒေသျူပစာအားဖြင့် နာမ်ဝိပါက်ကိုသာ ဟောသည်ဟု ပြလိုသောကြောင့် (ခ) ဝါကျ၌ အဓိဝစနံ ထားသည်။

## ဝုစ္စန္တိထားရပုံ

(သတ္တာ) ဇာတိဓမ္မာ, ဇရာဓမ္မာသဒ္ဒါတို့၏ အထင်ရှား၌, ကေသျူပစာအဖြစ်ကို ပြလိုသောကြောင့် (ဃ) ဝါကျ၌ ဝုစ္စန္တိ ထား၏။

## ဝိဂ္ဂဟာနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ဤ (က) ဝါကျ သံဝဏ္ဏနာအရ ဝိပါကာ ဟူသော သံဝဏ္ဏေတဗ္ဗ၌ အစိတ်အပေါင်း ဝိဂ္ဂဟကား....

(ဝိကား ဥပသာရပုဒ် ဖြစ်သောကြောင့် အစိတ် ဝိဂ္ဂဟ မပြုရပါ။) ပစ္စန္တီတိပါကာ။ ဝိသိဋ္ဌာနံ ပါကာ ဝိပါကာ။

http://www.dhammadownload.com



၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဝိပါက်နှင့် အကြောင်း+အကျိုးစပ် ဗျု-နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဝိပါက်တို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် ဝါ၊ ဝိပါကဇာတ်သည် ပ-နိ။

(ခ) ဝါကျ။ ဝိပစ္စန္တီတိ ဝိပါကာ၊ ဝိပါကာနံ ဘာဝေါ ဝိပက္ကံ၊ ဘာဝိ-ယန္တိ ပကာသိယန္တိ ဧတေနာတိ ဘာဝေါ၊

ဝိပ္ပက္ကဥ္စ တံ ဘာဝေါစာတိ ဝိပက္က ဘာဝေါ (တံဝိပက္ကဘာဝံ)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဝိပါက်၏ အဖြစ်၏ သဘော နှင့် ဝါ ရင့်ကျက်ခြင်း၏ သဘောနှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏော စပ် ဗျု-နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဝိပါက်အဖြစ်တည်းဟူသော သဘောဟူသော ဂုဏ်သည်, ဝါ၊ ဝိပါက်အဖြစ်တည်းဟူသော သဘောတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် ပ-နိ။

အာပဇ္ဇန္တီတိ အာပန္နာ၊ (အာပုဗ္ဗ+ပဒဓာတ်+တ-ပစ္စည်း၊ ရောက်ခြင်း ကြိယာ)၊ရုပ္ပန္တီတိ ရူပါနိ၊ န+ရူပါနိ=အရူပါနိ၊ ဓာရေန္တီတိ ဓမ္မာ၊ အရူပါ နိစ+ တာနိ+ဓမ္မာစာတိ+အရူပဓမ္မာ၊ (တေသံ အရူပ ဓမ္မာနံ)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော နာမ်တို့၏ တရားတို့နှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏော....စပ်....ဗျု-နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော နာမ်တရားတို့၏ တစ်ခုသည်.... ပ....ဇာတ်သည် ပ-နိ။

ဝုစ္စတိ အနေနာတိ ဝစနံ၊ ဝုစ္စတေတိ ဝါ ဝစနံ၊ ဝစန မတ္တမေဝ+ အဓိကာရံကတွာ+ပဝတ္တံ=အဓိဝစနံ၊ (အဗျယီဘော)။

[“အဓိဝစနာ”ဟု ဗဟုဝစနန္တ ရှိရာ၌ကား“ဝစနမတ္တမေဝ+အဓိကာရံ-ကတွာ+ပဝတ္တာ=အဓိဝစနာ” ဟု (ဋ္ဌ-၉၄) အတိုင်းဆိုပါ]။ (တစ်နည်း) လိုရင်းအကျဉ်း - ဝစနံ+အဓိကိစ္စပဝတ္တံ = အဓိဝစနံ၊ (ဝစနံ+အဓိကိစ္စ ပဝတ္တာ=အဓိဝစနာ)။ (အဓိကာရံ ကတွာနှင့် အဓိကိစ္စ အနက်သဘောတူ)၊ ဤကား-အဋ္ဌကထာနည်း ဝိဂ္ဂဟတည်း။

. http://www.dhammadownload.com



၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဝစနဟူသော ဝိသေသန နောက်ပုဒ်အရ တည်ရာစွဲမှီရာ အကြီးအမှူးပြုရာ သဒ္ဒါ၏ အဓိဟူသော ရှေ့ပုဒ် ဝိသေသျအရ တည်တတ်စွဲမှီတတ် အကြီးအမှူးပြုတတ်သော သဒ္ဒပညတ် (နာမပညတ္တိသဒ္ဒါ) နှင့် ဌာန+ဌာနီ+နိဿယ+နိဿိတ၊ အကြောင်း+ အကျိုး....စပ်....ဗျု–နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော သဒ္ဒါမျှကိုသာ အကြီးမှူးပြု၍ ဖြစ်ခြင်းကြိယာသည် (တစ်နည်း) အဓိဝစနဟူသော သဒ္ဒပညတ် (နာမ ပညတ္တိ သဒ္ဒါ) ကို၏ တစ်ခုသည်....ပ.... ဇာတ်သည် ပ–နိ။

[မှတ်ချက်။ ။ဝစနံ အဓိကိစ္စ ပဝတ္တာန္တိတိ အဓိဝစနာ–ဟု ဝိဂ္ဂဟပြုခြင်းနှင့်၊ သဒ္ဒါမျှကိုသာ အကြီးအမှူးပြု၍ ဖြစ်ခြင်းကြိယာသည် ဗျု–နိ၊ ဟု ခွဲခြင်းတို့မှာ (၄–၉၄) နှင့် (၄–၅၆) တို့ ဝိဂ္ဂဟပြုရာ၌ "ပဝတ္တာ"ဟု ရှိသောကြောင့် လည်းကောင်း၊ အဗျယီဘော သမာသ်အရာ၌ ဂုဏ်+ဂုဏေး စသည် အစပ် သမ္ဗန်ကိုသာ ဗျု–နိ၊ ခွဲရိုးထုံးစံ ရှိသောကြောင့် လည်းကောင်း ရှေးရိုး စဉ်လာနှင့် မညီပါ၊ ကိတန္တသမာသ်လည်း မဖြစ်နိုင်ပါ]။

(တစ်နည်း) ဋီကာနည်း ဝိဂ္ဂဟကား–ဤနည်း၌ အဓိန (အဓိန) ပုဒ်, ဝစနပုဒ်ဖြစ်၍ အဓိန (အဓိန) အစိတ်ဝိဂ္ဂဟကား–အဓိဂတော+ဣန္နော (ပဘူ) ယေနာတိ အဓိနော (အဓိနော) (အဘိဓာန်ဋီကာ)၊ [ယေန– အကြင်သူသည်၊ ဣန္နောပဘူ–အစိုးရခြင်းကို၊ အဓိဂတော–ရအပ်၏။ တစ် နည်း ယေန–သည်၊ အဓိဂတော–သော၊ ဣနော ပဘူ–သည်၊ အတ္ထိ–ရှိ၏။ ဣတိ အသ္မာ–ကြောင့်၊ အဓိနော–မည်၏]။

၂။ ရအပ်သော အစိုးရခြင်းနှင့် ရသောသူနှင့် ဂုဏ်+ဂုဏေး ....စပ်....ဗျု–နိ။

၄။ ရအပ်သော အစိုးရမှုရှိခြင်း ဟူသော ဂုဏ်သည်၊ ဝါ–ရအပ် သော အစိုးရခြင်း ဟူသောဂုဏ်သည် ပ–နိ။

http://www.dhammadownload.com



(ဝစ်န အစိတ် ဝိဂ္ဂဟ ယခင်အထက်ပါအတိုင်းပြု) အဓိန်+(အဓိန်) ဝစန် အဓိဝစန်၊—(ဋီ-၄၆)။ (ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရဲ)၊ [အဓိန်-(အနက်နှင့်)စပ်သော၊ ဝစန်-သဒ္ဒါတည်း၊ အဓိဝစန်-အနက်နှင့် စပ်သော သဒ္ဒါ၊ ဝါ-အမည်]။

(အဓိနဝစနဟု ဆိုလိုလျက် ဉ်ကို ရသပြု၊ န-ကိုချေ၍ အဓိဝစန ဖြစ်သည်၊ နီ-ဘာ-ဋီ-ပ-၆၄၁။ ယခင်အထက်ပါ အဘိဓာန်ဋီကာ ဝိဂ္ဂဟနှင့် အညီ ဆိုလျှင်ကား-အဓိနဝစနဆိုလိုလျက် နကိုချေ၍ အဓိဝစန ဖြစ်သည်။ အဓိန (အဓိန) ပုဒ်အစိတ်၌ အဘိဓာန်ဆိုင်ရာ စာအုပ်အားလုံးနှင့် ဋ္ဌ-၃၃၆၊ ဋီ-၅၆၊ မဏိမဥ္ဇူ-ဒု-၂၆၆၊ ၃၇၄ တို့၌ အဓိနဟု ဒီဃနှင့်ရှိ၏။ ယခင်အထက်ပါ အဘိဓာန်ဋီကာ ဝိဂ္ဂဟအတိုင်းဆိုလျှင်—အဓိ+ဣန ပုဒ် ရင်းဖြစ်၍ အဓိန ဟုရှိသင့်၏။ ဣကို ဉ်ဒီဃပြုလျှင်ကား—"အဓိန" ဟု ရှိသင့်၏။)

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော (အနက်နှင့်) စပ်သော ဂုဏ်၏ သဒ္ဒါနှင့် ဂုဏ်+ဂုဏော....စပ်....ဗျု-နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော (အနက်နှင့်) စပ်သော သဒ္ဒါ (အဓိဝစန) တို့၏ တစ်ခုသည်....ပ....ဇာတ်သည် (တစ်နည်း) (ဝိပါက်၏ အဓိဝစန) အမည်သည် ပ-န်။ (ဝိပါက်၏-ဟူသော စကား ဌာန် နူရှုပပြောင်းလွှဲဆိုပါ)။

(တစ်နည်း) အဓိဥပရိ+ပပတ္တံ ဝစန် အဓိဝစန်၊-ဋီ-၅၆ ကို အခြေခံ၍ ဆိုသော (ပြည်နိဿယ-ပ-၃၆၄)၊ (မဇ္ဈေ လောပိ သတ္တမီ တပ္ပုရိသ်)။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော အထက် (အဖို့) ၏ ဖြစ်သော သဒ္ဒါနှင့် အာခါရ+အာခါရိ၊ အကြောင်း+အကျိုး ....စပ်....ဗျု-နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အထက် (အဖို့) ၌ဖြစ်သော သဒ္ဒါတို့၏ တစ်ခုသည်....ပ....ဇာတ်သည် (တစ်နည်း)အထက် (အဖို့) ၌ ဖြစ်ခြင်းကြီးယာသည် (တစ်နည်း) ဝိပါက်၏ အဓိ-ဝစန အမည် ပ-နိ။

http://www.dhammadownload.com



["ကာရဏံ အဓိကာရံ ကတွာ ဝုစ္စတိ အတ္ထော ဓာတေန သဒ္ဒေနာတိ အဓိဝစနံ" ဟု သူစိ-၌ တစ်နည်း ဆိုထားသေး၏]။

(ဂ) ဝါကျ။ ဤ (ဂ) ဝါကျသံ ဝဏ္ဏနာ-အရ ဝိပါကဓမ္မ ဓမ္မာ သံဝဏ္ဏေသဗ္ဗ-၌ အစိတ်အပေါင်း ဝိဂ္ဂဟ-ကား-

ဝိပစ္စနံ ဝိပါကော၊ ဓာရိယတီတိ ဓမ္မော၊
ဝိပါကော ဓမ္မော ဧတေသန္တိ ဝိပါကဓမ္မာ၊
ဓာရေန္တီတိ ဓမ္မာ ဝိပါကဓမ္မာ စ တေ ဓမ္မာစာတိ ဝိပါကဓမ္မ ဓမ္မာ။

၂။ ထိုဗျုပ္ပတ္တိ၏အကြောင်းဖြစ်သော ရင့်ကျက်ခြင်းသဘော ရှိသော၊ ဝါ၊ အကျိုးကိုဖြစ်စေခြင်း သဘောရှိသော ကုသိုလ်၊ အကုသိုလ်တို့၏ တရားတို့နှင့် ဝိသေသန+ ဝိသေယျ, ဂုဏ်+ဂုဏော စပ် ဗျု-နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော အကျိုးကို ဖြစ်စေခြင်း သဘောရှိသော ကုသိုလ်, အကုသိုလ်တရား၏ (ဝိပါက ဓမ္မ ဓမ္မ အဖြစ်ဖြင့်) တစ်ခုသည် ။ပ။ဇာတ်သည် ပ-နိ။

(ဃ) ဝါကျ။ ဇနနံ ဇာတိ။

၁။ ဇာ-ဟူသော တိ-ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ သည် ဗျု၊

၂။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဇန-ဓာတ်+တိ-ပစ္စည်း, ဖြစ်ခြင်းကြိယာသည် ဗျု-နိ။

၃။ ဇာတိ ဟူသော အပေါင်းပညတ္တိ သဒ္ဒါသည် ပ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည် ပ-နိ။ (အဘိဓာန် ဋီကာနည်းအရ ခွဲပုံတည်း)။

ဓာရေတီတိ ဓမ္မော။
ဇာတိ ဓမ္မော (သဘာဝေါ) ဧတေသန္တိ ဇာတိဓမ္မာ။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ဖြစ်ခြင်းသဘော၏ ဖြစ် ခြင်းသဘောရှိသော သတ္တဝါတို့နှင့် ဂုဏ်+ဂုဏော စပ်..... ဗျု-နိ။

http://www.dhammadownload.com



၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဖြစ်ခြင်းသဘော ရှိခြင်းဟူသော ဂုဏ်သည်၊ ဝါ၊ ဖြစ်ခြင်းသဘော ဟူသော ဂုဏ်သည် ပ-နိ။

ဓိရဏံ ဇရာ။ (ယခင် ဇာတိ-နည်းမှီ၍ခွဲ၊ ဇရဓာတ်+အပစ္စည်း, ရင့်ခြင်း ကြိယာ ခွဲရသည်သာ ထူး၏)။

ဇာရေတီတိ ဓမ္မော၊ ဇရာ ဓမ္မော ဧတေသန္တိ ဇရာဓမ္မာ။ (ယခင် ဇာတိဓမ္မာ နည်းမှီခွဲ)။

[မှတ်ချက်။ ။အထက်ပါ ဇာတိဇရာ-ပုဒ်၌ အဓိတ်ဝိဂ္ဂဟနှစ်ချက် ယခင် အတိုင်းဆို၍ ဇာတိ စ ဇရာ စ ဇာတိဇရာ ဟု အပေါင်း ဒွန် ဆိုပြီးလျှင် ဒွန်သမာသ်ခွဲနည်းအတိုင်းခွဲပါ။]

## လိင် စသည်ခွဲပုံ

(က) ဝါကျ။ အညမည-ကား နပုလ္လိင်, စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ် ဂိုဏ်း) အကာရန္တ, နာမပဒ။

(အညမည ဝိသိဋ္ဌာန်-ပုဒ်လုံးနှင့် ကုသလာ ကုသလာန်-ပုဒ်လုံးတို့ ကို နပုလ္လိင်, စိတ္တာဒိဂိုဏ်း ခွဲ၊ဝိပါကာ-ကို ပုလ္လိင်,ပုရိသာဒိဂိုဏ်း ခွဲ။)

(ခ) ဝါကျ။ ဝိပက္ကဘာဝံ-ကို ပုလ္လိင်, ပုရိသာဒိဂိုဏ်း ခွဲ)။

(ခ) ဝါကျ။ (ဇာတိဇရာသဘာဝါ ပုဒ်လုံးကို ပုလ္လိင်, ပုရိသာဒိ ဂိုဏ်း ခွဲ။)

ထိုတွင် ဇာတိကား-ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်း, ဣကာရန္တ, ကိတ နာမပဒ။

ဇရာ-ဣတ္ထိလိင်, မနောဂဏာဒိဂိုဏ်း, (တစ်နည်း) ကညာဒိဂိုဏ်း အာကာရန္တ, ကိတနာမပဒ။

ဝုစ္စန္တိ-အလိင်, ဘူဝါဒိဂိုဏ်း (ပကတိကာရန် အတွင်းကာရန်) အကာရန္တ (ယခုလက်ရှိ ဣကာရန္တ) အာချာတပဒ၊ (ဝစဓာတ်+ ယပစ္စည်း+အန္တေဝိဘတ်)။

ဇနကတ္တေန-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

-တတိယအကြိမ်-

http://www.dhammadownload.com



(ယောဇနာအလို-) ဇနကတ္တေန-နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, တဒ္ဓိတနာမပဒ။

**အာဘောဝ်သံဝဏ္ဏနာ**

(က) ဝါကျ။ အညမညဝိသိဋ္ဌာနံ-ဖြင့် ဝိပါကာ-၌ ဝိ-သဒ္ဒါသည် ဒိဂတ-စသော အနက်ကို မဟော (ဗျ) ဝိသိဋ္ဌ-အနက် ဟောသည်ကို လည်းကောင်း, (နွ) (ဉပသဂ္ဂလိင်္ဂတ္ထ)၊ ကုသိုလ်ကား ပဟာယက, အကုသိုလ်ကား ပဟာတဗ္ဗ-ဖြစ်၍ အချင်းချင်းမတူ ထူးခြားကွဲပြားနေ သည်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေ၏။

ကုသလာ ကုသလာနံ-ဖြင့် အညမညဝိသိဋ္ဌ-အရကုသိုလ်,အကုသိုလ် တို့ကို ယူရမည် ဟု သိစေ၏၊ (အဘိဓေယျတ္ထ)။ ဝိသိဋ္ဌာနံပါကာ- ဟူသော အပေါင်းဖြင့် ဝိပါကာ-ပုဒ်ကို အဗျယီဘော, ကမ္မဓာရည်းသမာသ် ဝိဂ္ဂဟ စသည် မပြုရ၊ (ဗျ)။ ဝိသိဋ္ဌာနံ ဝိပါကာ-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝိဂ္ဂဟ ပြုရမည်ကို (နွ) သိစေ၏၊ (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ)။

ဣတိ-ဖြင့် ဟေတွတ္ထဇောတက-အဖြစ်, နာမလာဘဟိတ် အဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)

(ခ) ဝါကျ။ ဤဝါကျဖြင့် ဝိပါက-အရ ကမ္မဇရုပ်တို့ကိုမယူရ (ဗျ)။ ဝိပါတ်နာမက္ခန္ဓာတို့ကိုသာ ယူရမည်ကိုလည်းကောင်း (နွ) (အဘိဓေယျတ္ထ)။ ဝိပါက-သဒ္ဒါ၏ အထင်ရဋ္ဌိ, ကေဒေသျူပစာအဖြစ်ကို လည်းကောင်း (ပဒ၊ ဘာဝတ္ထ) သိစေ၏။

(ဂ) ဝါကျ။ ဝိပါကသဘာဝဓမ္မာ-ဖြင့် ဝိပါကဓမ္မ ဓမ္မာ-၌ ရှေ့ဓမ္မ-သဒ္ဒါသည် ပရိယတ္တိ-စသော အနက်ကို မဟော၊ သဘာဝ-အနက် ဟောသည်ကိုလည်းကောင်း (နာမလိင်္ဂတ္ထ၊ သဒ္ဒါဟော အဘိဓေယျတ္ထ)။ ဝိပါကဓမ္မ ဓမ္မာ-ပုဒ်ကို ဝိပါကော ဓမ္မော ဧတေသန္တိ ဝိပါကဓမ္မာ ဟု အစိတ် ဗဟုဗ္ဗီဟိပြုပြီး ဝိပါကဓမ္မာ စ တေ ဓမ္မာစာတိ ဝိပါကဓမ္မ ဓမ္မာ-ဟု အပေါင်း ကမ္မဓာရည်း ဝစနတ္ထပြုရမည်ကိုလည်းကောင်း (သမာသလိင်္ဂတ္ထ) သိစေ၏။

-တတိယအကြိမ်-

http://www.dhammadownload.com



## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဝိသိဋ္ဌာန်–၌ ဝိ–သဒ္ဒါ ဝိသေသတ္ထ။

ကုသလာ ကုသလာန်–၌ ကု–သဒ္ဒါ ကုစ္ဆိတတ္ထ။

ထိုတွင် အကုသလာန်–၌ အ–သဒ္ဒါ ဝိရုဒ္ဓတ္ထ။

ဣတိ–သဒ္ဒါ ဟေတွတ္ထ ဇောတက။

ဝိပါကာ–၌ ဝိ–သဒ္ဒါ ဝိသိဋ္ဌတ္ထ။

(ခ) ဝါကျ။ ဝိပက္က–၌ ဝိ–သဒ္ဒါ ဓာတွတ္ထာ နုဝတ္တက။

(တစ်နည်း) ဝိသိဋ္ဌတ္ထ။

အာပန္နာန်၌ အာ–သဒ္ဒါပတ္တိ–အနက်ကို ဟော၏။

အရူပ–၌ အ–သဒ္ဒါ ပဋိသေဓတ္ထ, ဝိရဟတ္ထ, အညတ္ထ။

အဓိဝစန် အဓိသဒ္ဒါ အဇ္ဈတ္တာ–ဝယ် အဓိ–သဒ္ဒါကဲ့သို့ အဓိကာရ ပဝတ္တိအတ္ထ (ဋီ–၄၇) တစ်နည်း–ဥပရိဘာဂတ္ထ (ဋီ–၅၆) တစ်နည်း (အဓိန)၊ ပါပုဏာန အဓိဂတ ပဋိလာဘတ္ထ၊

(ဂ) ဝါကျ။ ဝိပါက ဓမ္မ ဓမ္မာတိ–၌ ဣတိ–သဒ္ဒါ ပဒတ္ထ ဝိပလ္လာသတ္ထ။ သဒ္ဒပဒတ္ထက။

(ဃ) ဝါကျ။ ယထာ–သဒ္ဒါ ပဋိဘာဂတ္ထ၊ ဝါ–ဥပမာနတ္ထ။

ပကတိကာ–၌ ပ–သဒ္ဒါ အာဒိကမ္မတ္ထ, ပထမတ္ထ, ပကာရတ္ထ။

ဇရာ ဓမ္မာတိ–၌ ဣတိ–သဒ္ဒါ နိဒဿနတ္ထ, အာကာရတ္ထ။

ဇဝံသဒ္ဒါ၌ ပဋိဘာဂတ္ထ၊ ဝါ–ဥပမေယျတ္ထ။

ဓမ္မာတိ–၌ ဣတိ–သဒ္ဒါဣဒံအနက်၊ နိဒဿန အနက်ကို ဟော၏။

(င) ဝါကျ။ ပဋိက္ခေပ–၌ ပဋိ–သဒ္ဒါ နိသေဓတ္ထ။

## သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်နှင့် ဝိသယနာမည်

(ခ) ဝါကျ။ တေ–၌ တေ၏ စွဲရာအနက်ကား ဝိပါက ဟူသော အမည် ဖြစ်ပါသည်။ ဝိသယနာမည်ကား ဆိုအပ်ပြီးသော ဝိပါက

http://www.dhammadownload.com



အမည်ကို စွဲသောကြောင့် ပက္ကန္တဝိသယ၊ (တစ်နည်း) အဓိဝစန် ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) ဝါကျ။ ဥဘယ-သည် သဘော ဟူသော အနက်ကိုစွဲ၏။ ဝိသယနာမည်ကား သဘာဝ-ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။ (တစ်နည်း) ဆိုအပ်ပြီးသော ဝိပက္ကသဘော, ဝိပစ္စနသဘော-ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅ တန် ထုတ်ပုံ

(က) ဝါကျ။ [ကုသလာ ကုသလာန်၌ ကုသိုလ်, အကုသိုလ် ယူ၍ လည်းကောင်း, ပါကာ ဝိပါကာ-တို့၌ ဝိပါက် စိတ္တုပ္ပါဒ် ယူ၍ လည်းကောင်း ထုတ်ပုံကို စည်းမျဉ်းအဖြေ၌ရှုပါ]။

(ခ) ဝါကျအရ ဆိုလိုရင်းအရကောက်လျှင် အာဘော်၌ ဖော်ပြထားသည့်အတိုင်း ဝိပါက်စိတ္တုပ္ပါဒ် ယူ၍ထုတ်မြဲ။

(ဂ) ဝါကျ- ဝိပါကသဘာဝ ဓမ္မာ-အရ ကုသိုလ် 'အကုသိုလ် စိတ္တုပ္ပါဒ်ယူ၍ထုတ်မြဲ။ ဝိပါကဓမ္မဓမ္မာတိ-၌ ဝိပါက ဓမ္မ ဓမ္မာ-အရ သံဝဏ္ဏေတဗ္ဗ တည်ထားပါဠိအတိုင်း အရ ကောက်ထုတ်သော် ဝိပါကဓမ္မ ဓမ္မာ ဟူသော ဝစီဘေဒသဒ္ဒယူ၍ ဘဂဝတာဝုတ္တံဝယ် ဝုတ္တံ၌ ဗာဟျတ္တ တ ပစ္စည်းအရ ထုတ်နည်းအတိုင်းထုတ်ပါ။ ပါဠိတော်၌ ရှိရင်းအတိုင်း ထုတ်လျှင်ကား ကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ် ယူ၍ထုတ်ပါ။

(ဃ) ဝါကျ။ ဇာတိ အရ-

၁။ ဇာတိတရားသည် ဝါ-နိပ္ဖန္နရုပ်နှင့် နာမက္ခန္ဓာ လေးပါး တို့၏ ဖြစ်ဆဲသည် ဒ။

၂။ ဘဝသည် ဒီ။

၃။ ဇရာသည် ပ။

၄။ ဥပါဒါန် စသည်တို့သည် ဝိ။

၅။ မရဏ စသည်တို့သည် အနံ့။

သတ္တာ၌ သန္တာတ်အရ-

၁။ လောဘ-ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်သည် ဒ၊ (ကျန်လေးချက် အကုသိုလ် အတိုင်းထုတ်)

ဝုစ္စ ၌ ဇနေန ဟု ကတ္တားထည့်သော် အန္တတ္ထဝစဓာတ် အရ-

၁။ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒ၊

၂။ ယောနိသော မနသိကာရ စသည်သည် ဒီ၊

၃။ ဇာတိမ္မော ဇရာဓမ္မော ဟူသော ဝစီဘေဒသဒ္ဒသည် ပ။

၄။ ထိုသို့ ဆိုနိုင်အောင် ဆရာအမှီရခြင်း, ဆရာ့စကား နားထောင်ခြင်း စသည်တို့သည် ဝိ၊

-တတိယအကြိမ်-

http://www.dhammadownload.com



၅။ သုဏာန္တပုဂ္ဂိုလ်၏ ဇာတိဓမ္မာ ဇရာဓမ္မာ ဟူသော ဝစီ–ဘေဒသဒ္ဒကို ကြားရခြင်း, ကြားရသည့်အတိုင်း အနက်အဓိပ္ပာယ် သိရှိမှတ်သားခြင်း စသည်တို့သည် အန။

[(တစ်နည်း) ဝုစ္စန္တိ–၌ ဘဂဝတာ–ကတ္တားထည့်သော် အောက်ပါ (င) ဝါကျ အမှာ အညွှန်းအတိုင်း ထုတ်ပါ၊ ဇာတိဓမ္မာ ဇရာဓမ္မာ ဟူသော ဝစီဘေဒသဒ္ဒသည် ပ–ဟုထုတ်ပါ]။

(င) ဝါကျ။ ဝုတ္တံ–၌ အန္တတ္ထဝစဓာတ်အရ ယူ၍ထုတ်ပုံကိုလည်းကောင်း, ဗာဟျတ္ထ တ–ပစ္စည်းအရ ယူ၍ထုတ်ပုံကိုလည်းကောင်း စည်းမျဉ်းအဖြေ၌ ပြခဲ့သော ဘဂဝတာ ကတ္တားထည့်ရသော ဝုတ္တံ,ဝုတ္တော စသည်ဖြင့် ဝုတ္တ–ကြိယာရှိရာ၌ ထုတ်ပုံအတိုင်းထုတ်ပါ။

ဤ၌ ဝစီဘေဒသဒ္ဒကို 'နေဝဝိပါက နဝိပါကဓမ္မ ဓမ္မာ' ဟူသော ဝစီဘေဒသဒ္ဒကို ထုတ်ပါ။

## ရနိုင်သော သိဒ္ဓိ

(ဂ) ဝါကျ။ ဝိပါကဓမ္မ ဓမ္မာတိ ဝိပါကသဘာဝဓမ္မာ–၌ ရှေ့ဓမ္မသဒ္ဒါ၏ သဘာဝအနက် ဟောနိုင်ကြောင်းကို ဇာတိဇရာသဘာဝါ, ဇာတိဇရာပကတိကာ သတ္တာ ဇာတိဓမ္မာ ဇရာဓမ္မာ ဟူသော နှိုင်းယှဉ်ကြောင်း ဥပမာနအသင့် ယုတ္တိဖြင့် ပြီးစေအပ်သောကြောင့်၊ ဝါ၊ အသင့်ယုတ္တိဥာပကကို ထောက်ရှု၍ သိရသောကြောင့် သိဒ္ဓေယျသိဒ္ဓိ မည်၏။

## နံပါတ် (၉) အတွက် အဓိပ္ပာယ်

(က) ဝါကျ အညမညဝိသိဋ္ဌ အဓိပ္ပာယ်ကား–ကုသိုလ်သည် အနဝဇ္ဇ သုက္ကသဘော ရှိ၏။ (တစ်နည်း) ပယ်တတ်သော ပဟာယက တရားဖြစ်၏။

အကုသိုလ်သည် သာဝဇ္ဇ ကဏှသဘော ရှိ၏။ (တစ်နည်း) ပယ်အပ်သော ပဟာတဗ္ဗ တရားဖြစ်၏။ ဤသို့ ကုသိုလ်နှင့် အကုသိုလ်တို့ အချင်းချင်းမတူ ထူးခြားကွဲပြားကြပါသည်။

–တတိယအကြိမ်–

http://www.dhammadownload.com



အထူး ။ ။ (ဂ) ဝါကျ ဝိပါကဓမ္မ ဓမ္မာ-၌ ရှေးဓမ္မ-သဒ္ဒါသည် သဘာဝတ္ထ ဝါစက၊ နောက်ဓမ္မ-သဒ္ဒါကား ကုသလာဓမ္မာ-၌ကဲ့သို့ နိဿတ္တ, နိဇ္ဇီဝတ္ထ ဝါစက။

## ပဋ္ဌာန်း ပစ္စည်းပြိုင်

(က) ဝါကျ။ ပစ္စည်းပြိုင်ပုံကို စည်းမျဉ်းအဖြေ၌ ပြခဲ့ပြီ။

(ဃ) ဝါကျ။ ဇာတိဇရာ-၌ဇာတိ-သည်ဇရာ-အား ကပတ္တု ပြ၏။

(ဆောင်) ဇာတိသော်ကား၊ ဇရာအား နည်းပါး တစ်ပစ္စည်း။

(ဇာတိမူကား၊ ဇရာအား၊ တပ်ငြား တစ်ပစ္စည်း။)

သတ္တာ-အရ သတ္တဝါပညတ်အာရုံသည် ဝုစ္စန္တိ၌ ဝစ-ဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် အား (တစ်နည်း) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြ၏။

ဝုစ္စန္တိ-၌ ဗာဟျတ္ထ အန္တေ-ဝိဘတ်အရ သတ္တဝါပညတ်အာရုံသည် အန္တတ္ထပစဓာတ်အရ ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ်ပ္ပါဒ်အား (တစ်နည်း) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြ၏။

(တစ်နည်း) သတ္တာ-အရ ဝုစ္စန္တိ၌ အန္တေ-ဝိဘတ်တို့အရ သတ္တဝါ၌ ရှိသော ရုပ်နာမ် ပစ္စည်းတရားသည် ဝစ-ဓာတ်အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပဒ်အား (တစ်နည်း) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြ၏။

ပြိုင်-ယထာရုပ၊ အာ၊ ဓိ၊ ဥပ၊ ပု၊ တ္ထိ၊ အဝိ (၆)။

ဇနေန ဟူသော ပါဠိသေသ ကတ္တားအရ ဝီရိယ-သည် ဝုစ္စန္တိ-၌ ဝစ-ဓာတ်အရ ဝီရိယသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ ပြ၏။

ပြိုင်-ဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ္ဂ၊ သံ၊ တ္ထိ၊ အဝိ (၉)။

http://www.dhammadownload.com



(တစ်နည်း) ဘဂဝတာ ဟူသော ပါဠိသေသ ကတ္တားအရ ဉာဏ် ပညာသည် ဝုစ္စန္တိ-၌ ဝစ-ဓာတ်အရ မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်အား သဟ ပြု၏။

ပြိုင်-ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဏ္ဍ၊ မဂ္ဂ၊ သံ၊ တ္တိ၊ အဝိ (၁၀)။

(ဓာတ်အရ ပစ္စည်းထား, ကတ္တားအရ ပစ္စယုပ္ပန်ထား၍လည်းပြိုင် နိုင်သည်)။

ဓာတိဓမ္မာ ဇရာဓမ္မာတိ ဟူသော အာကာရပုဒ်အရ ဇာတိဓမ္မ, ဇရာဓမ္မ ဟူသော နာမပညတ္တိသဒ္ဒါသည် ဝုစ္စန္တိ၌ ဝစ-ဓာတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏၊

ဝုစ္စန္တိ၌ ဝစ ဓာတ်အရ ဒေသနာဉာဏ် ဝြပဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် (တစ်နည်း) သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် (ယခင်) အာကာရပုဒ်အရ ဇာတိဓမ္မ ဇရာဓမ္မ ဟူသော ပရမတ္ထ ဝစီဘေဒသဒ္ဒအား သဟ ပြု၏။

ပြိုင်-ယထာရဟ၊ ဟေ၊ ဓိ၊ သဟ၊ နိ၊ ကံ၊ ဟာ၊ ဏ္ဍ၊ ဈာ၊ မဂ္ဂ၊
ဝိပ္ပ၊ တ္တိ၊ အဝိ (၁၂)။

(င) ဝါကျ ပစ္စည်းပြိုင်ပုံ အလုံးစုံကို စည်းမျဉ်းအဖြေ၌ ပြခဲ့ပြီ။

http://www.dhammadownload.com

# ဥပါဒိန္နတိက် အဖွင့်

(က) အာရမ္မဏ ကရဏဝသေနတဏှာ ဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာ- အာဒိန္နာ ဖလဘာဝေန် ဂဟိတာတိ ဥပါဒိန္နာ။

(ခ) အာရမ္မဏဘာဝံ ဥပဂန္တွာ ဥပါဒါန သမ္ဗန္ဓေန ဥပါဒါနာနံ ဟိတာတိ ဥပါဒါနိယာ။

(ဂ) ဥပါဒါနသ အာရမ္မဏ ပစ္စယဘူတာန မေတံ အဓိဝစနံ။

(ဃ) ဥပါဒိန္နာစ တေ ဥပါဒါနိယာ စာတိ ဥပါဒိန္နု ပါဒါနိယာ။

(င) သာသဝကမ္မ နိဗ္ဗတ္တာနံ ရူပါရူပဓမ္မာ န မေတံ အဓိဝစနံ။

(စ) ဣတိ ဣမိနာနယေန သေသပဒဒွယေပိ ပဋိသေဓ သဟိတော အတ္ထော ဝေဒိတဗ္ဗော။ (ဋ္ဌ-ဂ၄-ဂ၅)

အနုဋီကာထူး- (က) ဝါကျ-ယေဓမ္မာ-တို့သည်၊ (ပါဌသေသပကတိ ဝုတ္တ- ကတ္တား.... ပါဌသေသဟောန္တိဥ္ဆ စပ်။) (တစ်နည်း) ယေဓမ္မာ-တို့ကို၊ (ဝုတ္တကံ.... အာဒိန္နာ ဂဟိတာတိ၌ စပ်။) ....ပ....ဖလဘာဝေန-ဖြင့်၊ အာဒိန္နာပဟိတာ-ယူအပ်ကုန်သည်၊ ဟောန္တိ-ကုန်၏။ ဤကား အာရမ္မဏ ....ပ.... အာဒိန္နာဂဟိတာကို ကတ္တု(ဝါစက) ဝါကျ- (ကတ္တားဟော ဝါကျ) ကြံ၍ပေး¯င်းတည်း။

(တစ်နည်း) ကမ္မ (ဝါစက) (ကံဟောဝါကျ) ကြံ၍ပေးသော်-ယေဓမ္မာ- တို့ကို၊ အာဒိန္နာဂဟိတာ-ယူအပ်ကုန်၏။ ဣတိတသ္မာ-ကြောင့်၊ တေဓမ္မာ- တို့သည်၊ (သညီ=နာမီ=တုလျက်) ဥပါဒိန္နာ-မည်ကုန်၏။

(သညာ=နာမ=လိင်္ဂတ်)(တစ်နည်း)(တေဓမ္မာ-တို့သည်၊ပကတိကတ္တား) ဥပါဒိန္နာ-မည်ကုန်သည်၊ (ဝိကတိကတ္တား) ဟောန္တိ-ကုန်၏။

[(စ) ဝါကျ၌-ဝေဒိတဗ္ဗော၏ အဝုတ္တ ကတ္တားကို-ပဏ္ဍိတေန-သည်ဟု ထည့်။ နဋ္ဌဗ္ဗော ရှိရာ၌လည်း ပဏ္ဍိတေန ဟု ကတ္တားထည့်ပါ၊ ဗေဒိထမ္ဗာဒ္ဓဗ္ဗ။]

F51A

http://www.dhammadownload.com



ကဘွားထည့်နည်း- [ဆောင်] ဝေဒိတဗ္ဗ၊ ဒဋ္ဌဗ္ဗနှင့်၊ ဤပုဒ်နှစ်ဖြာ၊ တွေ့လေရာ၊ ထည့်ပါ ပဏ္ဍိတေန ကတ္တားတည်း။

ဤကား အလွယ်တကူသိရန်တည်း။ ဋ္ဌာနနူရှုပကြည့်၍ ဘိက္ခုနာ, တယာ, မယာ, တုမှေဟိ, အမှေဟိ စသည် သင့်လျော်သလို ကတ္တားထည့်ရန် ဖြစ်သည်။]

## ကျမ်းတက် (ဌပနာပဥ္စက)
## ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ-မြတ်စွာဘုရားသည် ဥပါဒိန္နာဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုသည်ရှိသော် ဥပနှင့် အာဒိန္နာကို အဗျယီဘော သမာသ် ဝစနတ္ထ စသည် ပြုရမည်ဟု မှတ်ကောင်းသည် မဟုတ်ပါလော။ (ဘော) ။ပ။ ဥပါဒိန္နာပုဒ်၏ ဖြစ်သင့်သော သမာသ်ဝစနတ္ထ ကိုလည်း ပြဆိုသင့် သေး၏။ (သာမည)။

(တစ်နည်း) ဥပါဒိန္နာပုဒ်၏ တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထ ဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏။ (ဝိသေသ) (န္တ) (စသည်)။

အဓိပ္ပာယ်ကား ဥပနှင့် အာဒိန္နာကို ဝါ-ဥပါဒိန္နာပုဒ်ကို ဥပေတေန အာဒိန္နာ ဥပါဒိန္နာဟု တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကို (က) ဝါကျဖြင့် ပြဆို၏ ဟူလို။

စောဒနာထထ်ရာ၌- ဥပါဒိန္နာပုဒ်၏ ဖြစ်သင့်သော သမာသ်ဝစနတ္ထကို မပြဆိုခဲ့သော် မြတ်စွာဘုရားအား ဝါ-ဆရာအား အဗျာပိတဒေါသ သင့် ရောက်ရာ၏ဟူ ဒေါသတင်တက်။

အဓိပ္ပာယ်ကား- (က) ဝါကျဖြင့် ဥပါဒိန္နာပုဒ်ကို ဥပေတေန အာဒိန္နာ-ဥပါဒိန္နာ ဟု ဘတိယာဘပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရသည်ကို ပြဆိုသောကြောင့် ။ပ။ ဟူလို။ (ရှေးဝိပါကတိက်အဖွင့်ကို ဌပနာထား တက်လျှင် ပုဒ်တစ်ပါးအဖွင့် ကျမ်းတက်နည်းအရ တက်ပါ။)

(ခ) ဝါကျ။ ဤ (ခ) ဝါကျသို့ ကျမ်းတက်ရာ၌ ရှေ့အဋ္ဌကထာစကား ဥပါဒိန္နာပုဒ်အဖွင့်ကို ဌပနာထားဘက်လျှင် ပုဒ်တစ်ပုဒ်၏ အတ္ထသံဝဏ္ဏနာ မှတစ်ပါး ပုဒ်တစ်ပုဒ်၏ အတ္ထသံဝဏ္ဏနာသို့ ကျမ်းတက်နည်းအရ တက်ပါ။ (ပုဒ်တစ်ပါးအဖွင့် ကျမ်းတက်တည်း။)

http://www.dhammadownload.com



## တစ်နည်း ပါဠိတော်ကို ဌာပနာထား၍ ကျမ်းတက်ပုံ

ဆရာမြတ်စွာဘုရားသည် ဥပါဒါနိယာ ဟု ဟောတော်မူ၏။ သော်- ဥပါဒါနိယာပုဒ်ကို ဥပါဒါနေသု ဇာတာ ဥပါဒါနိယာ စသည်ဖြင့် ဝစနတ္ထ ပြုကောင်းသည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (စသည်)။

အဓိပ္ပါယ်ကား-(ခ) ဝါကျဖြင့် ဥပါဒါနိယာပုဒ်ကို ဥပါဒါနာနံ ဟိတာ ဥပါဒါနိယာဟု ဟိတတဒ္ဓိတ် ဝစနတ္ထပြုရသည်ကို ပြဆို၏ဟူလို။ (စောဒနာ တက်လျှင် အတိဗျာပိတဒေါသတင်တက်)။

(ဂ) ဝါကျ။ ဆရာ ဆရာသည် (ခ)ဝါကျဖြင့် ဥပါဒါနိယာပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ သော် ဥပါဒါနိယာပုဒ်၏ ဝစနီယတ္ထ (အဘိဓေယျတ္ထ) သည်လည်း ရှိသင့်သည်မဟုတ်ပါလော။ ဝါ-ဥပါဒါနိယာပုဒ်၏ ဝစနီယတ္ထ (အဘိဓေယျတ္ထ)ကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရသည် မဟုတ်ပါ လော၊ (စသည်)။

စောဒနာတက်လျှင် အဗျာပိတဒေါသတင်တက်၊ (တစ်နည်း) အဓိဝစနံ ကိုကြည့်လျှင် အတိဗျာပိတဒေါသတင်တက်။ (ဝစနတ္ထမှ အဘိဓေယျတ္ထ ကျမ်း တက်တည်း။)

(ဃ) ဝါကျ။ ဆရာ ဆရာသည် ရှေ့ဝါကျတို့ဖြင့် ဥပါဒိန္နာနှင့် ဥပါဒါ- နိယာပုဒ်တို့ကို အသီးအသီး တစ်ပုဒ်စီခွဲ၍ အစိတ်အစိတ်ဖွင့်ပြတော်မူ၏။ ဝါ-အစိတ်အစိတ် ဝစနတ္ထ ဆိုတော်မူ၏။....သော် ဥပါဒိန္နုပါဒါနိယာ ဟူ သော အပေါင်းပုဒ်၏ ဝစနတ္ထသည်လည်း ရှိသင့်သည်မဟုတ်ပါလော။ ဝါ- ဥပါဒိန္နုပါဒါနိယာဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရသည် မဟုတ်ပါလော။ (တစ်နည်း) ဥပါဒိန္နုပါဒါ- နိယာပုဒ်ကို ဒွန်သမာသ် ဝစနတ္ထပြုရသည်ဟု မှတ်အပ်သည်မဟုတ်ပါလော၊ (စသည်)။

(င) ဝါကျ။ ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် ဥပါဒိန္နုပါဒါနိယာ ပုဒ်၏ ဝစနတ္ထကို ဆိုတော်မူ၏။ သော်-ဝစနီယတ္ထ အဓိပ္ပါယ်သည်လည်း (မာတိကာဂဏ္ဌိ) ဝါ၊ အဘိဓေယျတ္ထသည်လည်း ရှိသင့်သည် မဟုတ်ပါ လော၊ (စသည်)။

http://www.dhammadownload.com



(စ) ဆရာ ဆရာသည် ရှေ့ဝါကျတို့ဖြင့် ပဌမပုဒ်၏ အတ္တသံဝဏ္ဏနာကို ပြဆိုတော်မူ၏။ သော် ဒုတိယပုဒ်, တတိယပုဒ်တို့၏ အတ္တသံဝဏ္ဏနာသည်လည်း ဝါ၊ အတိဒေသ သံဝဏ္ဏနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော။ ဝါ၊ အတ္တသံဝဏ္ဏနာကို။ ဝါ၊ အတိဒေသ သံဝဏ္ဏနာကို မပြဆို ဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော (စသည်)။

## ပါဠိပနာဒိကျမ်းတက်

(က) ဝါကျ။ ဥပနှင့် အာဒိန္နာကို ဝါ၊ ဥပဒိန္နပုဒ်ကို အဗျာယီဘော သမာသ်ဝစနတ္တ စသည် ပြုရမည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (နှ-ပါ)၊ ။ပ။ ဥပ,နှင့် အာဒိန္နာကို ဝါ၊ ဥပါဒိန္နာပုဒ်ကို ပြုသင့်သော သမာသ်ဝစနတ္တကိုလည်း ပြဆိုသင့်သေး၏၊ (နှ-ရော) (စသည်)။

(ခ) ဝါကျ။ ဥပါဒါနိယာပုဒ်ကို 'ဥပါဒါနေသု ဇာတာ ဥပါဒါနိယာ' စသည်ဖြင့် ဇာတတဒ္ဓိတ် ဝစနတ္တပြုရသည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (စသည်)။

(ဂ) ဝါကျ။ ဥပါဒါနိယာပုဒ်၏ ဝစနီယတ္တ(အဘိဓေယျတ္တ) မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ၊ ဥပါဒါနိယာပုဒ်၏ ဝစနီယတ္တ (အဘိဓေယျတ္တ)ကို မပြဆိုဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။ (စသည်)။

(ဃ) ဝါကျ။ ဥပါဒိန္နုပါဒါနိယာ ဟူသော အပေါင်းပုဒ်၏ ဝစနတ္တ မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (တစ်နည်း) ဥပါဒိန္နုပါဒါနိယာ ဟူသော ပုဒ်ကို ဒွန်သမာသ် ဝစနတ္တ စသည်ပြုရသည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (စသည်)။

(င) ဝါကျ။ ဝစနီယတ္တ အဓိပ္ပာယ်မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ၊အဘိဓေယျတ္တ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏။(စသည်)။

(စ) ဝါကျ။ ဒုတိယပုဒ် တတိယာပုဒ်တို့၏ အတ္တသံဝဏ္ဏနာ ဝါ၊ အတိဒေသသံဝဏ္ဏနာမရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ၊ အတ္တသံဝဏ္ဏနာ ဝါ၊ အတိဒေသသံဝဏ္ဏနာကို မပြဆိုဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏ (စသည်)။

http://www.dhammadownload.com



## ဒေါသ သင့်ပုံ ပယ်ပုံ

ရှေ့အဖွင့်စကားကို ထောက်လျှင် (က) ဝါကျဖြင့် အဗျာပိတ ဒေါသ, အပရိပုဏ္ဏဒေါသကို ပယ်၏။

နောက် (ခ)ဝါကျကို ထောက်လျှင် (က) ဝါကျ၌ အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။

ဤသို့ စသည်ဖြင့် ရှေးရှေးဝါကျကိုထောက်၍ နောက်နောက်ဝါကျဖြင့် ဒေါသပယ်ပုံ, နောက်နောက် ဝါကျကို ထောက်ရှု၍ ရှေးရှေးဝါကျ၌ ဒေါသ သင့်ပုံတို့ကို ဝါ၊ အချင်းချင်း ရှေ့နောက်ထောက်ဆ၍ ဒေါသ သင့်ပုံ,ပယ်ပုံတို့ကို သိပါ။

(ခ) ဝါကျဖြင့် ရှေ့အဋ္ဌကထာ အဖွင့် စကားကို ထောက်လျှင် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

ပါဠိတော်ကို ထောက်ဆလျှင် ဥပါဒါနိယာ, ပုဒ်၏ ဤ၌ အလိုမရှိ အပ်သော ဓာတုတဒ္ဓိတ်ဝစနတ္ထ စသည်၌ အလွန်မပျံ့နှံ့အောင် ပြဆိုသော ကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(င) ဝါကျဖြင့် ဝစနတ္ထမှတစ်ပါး ဝစနီယတ္ထ ဝါ၊ အဘိဓေယျတ္ထကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွားသော ကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(တစ်နည်း)၊ (င) ဝါကျဖြင့် (အဓိဝစနကိုရှု၍) ဥပါဒိန္နုပါဒါနိယ သာမညှ၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(စ) ဝါကျဖြင့် အဗျာပိတဒေါသ, ဂန္ထဂရုဒေါသ ပုနရုတ္တိ ဒေါသ တို့ကို ပယ်၏။

(အညွှန်းဝါကျခေါ် အတိဒေသ သံဝဏ္ဏနာ တွေ့တိုင်း ဒေါသပယ် ဤနည်းချည်း)။

http://www.dhammadownload.com



## အဓိဝစနံထားရပုံ

ဥပါဒါနိယသဒ္ဒါ၏ အထင်ရှင်၌, ကေဒေသျှပုစာ သဒ္ဒါအဖြစ်ကို ပြလိုသောကြောင့် (ဂ)ဝါကျ၌ 'အဓိဝစနံ' ထား၏။

## (ဃ)ဝါကျ၌ အဓိဝစနံ ထားရပုံ

ဥပါဒိန္နုပါဒါနိ သဒ္ဒါ၏ အထင်ရှင်၌, ကေဒေသျှပစာသဒ္ဒါ အဖြစ်ကို ပြလိုသောကြောင့် (ဃ)ဝါကျ၌ 'အဓိဝစနံ' ထား၏။

## ပိ (အပိ) သဒ္ဒါထားရပုံ

ဤဆိုအပ်ပြီးသော နည်းဖြင့် ပထမပုဒ်၌သာ အနက်ကို သိအပ်သည် မဟုတ်သေး၊ ကြွင်းသော ဒုတိယ, တတိယ ပုဒ်နှစ်ပါး အပေါင်း၌လည်း ပဋိသေဓနှင့် တကွဖြစ်သောအနက်ကို သိအပ်သေး၏ ဟူသော သမုစ္စည်းအနက်, သမ္ဘိဏ္ဍအနက်ကို ပြလိုသောကြောင့် (စ) ဝါကျ၌ 'ပိ(အပိ)' သဒ္ဒါကို ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ သံဝဏ္ဏနာအရ သံဝဏ္ဏေတဗ္ဗ ဥပါဒိန္န၌ အစိတ် အပေါင်း ဝိဂ္ဂဟကား—

( ဥပကား ဥပသာရပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂဟ မပြု ရပါ)၊ အာဒိယန္တီတိ အာဒိန္နာ။ ဥပေတေန အာဒိန္နာ ဥပါဒိန္နာ။

၂။ ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကပ်အပ်သောကံ၏ ယူအပ်သော အကျိုးတို့နှင့် အကြောင်း+အကျိုးစပ် ဗျု-နိ။

၄။ ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဥပါဒိန္န တရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် ပ-နိ။

[အမှာ။ ။ဤနောက်၌ ဗျုပ္ပတ္တိစတုက္ကခွဲရာဝယ် နံပါတ်(၂)အစ၌ (ထိုဗျုပတ္တိ၏ အကြောင်းဖြစ်သော) ဟူသော စကားကို လည်းကောင်း နံပါတ်(၄)အစ၌(ထိုပဝတ္တိ၏အကြောင်းဖြစ်သော) ဟူသောစကားကိုလည်းကောင်းထည့်ဆိုခွဲပါ။မရေးတော့ပြီ။]

http://www.dhammadownload.com



အာဂန္တွာ ရမန္တိ ဧတ္ထာတိ အာရမ္မဏံ။

၂။ အာ,ရ,မန်,တိ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော လာရောက်၍ မွေ့လျော်ခြင်း ကြိယာသည် ဗျု-နိ။

၄။ လာရောက်၍ မွေ့လျော်ခြင်း ကြိယာသည် ပ-နိ။

ကရောတီတိ ကရဏံ။ ကရီယတေ ဝါ ကရဏံ။ အာရမ္မဏဿ ကရဏံ အာရမ္မဏ ကရဏံ။ ဝသန် သမတ္တန်ဝသော။ အာရမ္မဏ ကရဏဿဝသော အာရမ္မဏ ကရဏ ဝသော၊ (တေန)

၂။ အာရုံပြုသည်၏ အစွမ်းနှင့် ဂုဏေး+ဂုဏ်....စပ်....ဗျု-နိ။

၄။ အာရုံပြုသည်၏ အစွမ်းဟူသော ဂုဏ်သည် ပ-နိ။

တသန္တိ တောယာတိ တဏှာ၊ တသတိ ပါတုမိစ္ဆတိ တောယာတိ တဏှာ၊ တသတိပရိတဿတီတိ တဏှာ။ (တသဓာတ်+ဏှာ ပစ္စည်း၊ တပ်ခြင်း မွတ်သိပ်ခြင်း ကြိယာ။) မိစ္ဆာပယဿတီတိ ဒိဋ္ဌိ၊ တဏှာစ ဒိဋ္ဌိစ တဏှာဒိဋ္ဌိယော၊ (တာဟိ)။ (ဒွန်သမာသ်ခွဲနည်း ခွဲပါ)။

ဥပဂန္တွာ ဣတန္တိ ဥပေတံ၊ (တစ်နည်း) ဥပယီယတေတိ ဥပေတံ။ (ကေန ဥပတေန) (ကပ်ရောက်ခြင်း ကြိယာခွဲ)။ ကရီယတေတိ ကမ္မံ၊ (တေန)၊ ဟေတုတောဖလတိ နိပ္ဖဇ္ဇတီတိဖလံ၊ (မဏိမဥ္ဇူ-ပ-၉၅) (ဖလဓာတ်+အ ပစ္စည်း၊ ပြီးစီးခြင်းကြိယာ)။

ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ တေသွာ ဧတေနာတိ ဝါ ဘာဝေါ၊ ဘဝနံ ဝါ ဘာဝေါ။ ဖလဿ+ဘာဝေါ ဖလဘာဝေါ၊ (တေန)၊

၂။ အကျိုး၏ အဖြစ်နှင့် ဂုဏေး+ဂုဏ်....စပ်....ဗျု-နိ။

၄။ အကျိုး၏ အဖြစ်ဟူသော ဂုဏ်သည်, ဝါ-ဖလဘာဝဂုဏ်သည် ပ-နိ။

ဂယှန္တေတိ ဂဟိတာ၊ (ဂဟ+တ၊ ယူခြင်းကြိယာ)။

(ခ) ဝါကျ ရှိရင်းစွဲဝိဂ္ဂဟ ခွဲသော်—

၂။ ဥပါဒါနပုဒ်အရ ဥပါဒါန်တို့၏ ဣယပစ္စည်းအရ လောကီစိတ္တုပ္ပါဒ်,ရုပ်တရားတို့နှင့်အာရမ္မဏက+အာရုံ....စပ်....ဗျု-နိ။

http://www.dhammadownload.com



၄။ ဥပါဒါနိယ (တရား)တို့၏ တစ်ခုသည်-ပု-ဇော်တ်သည် ပ-နိ။

(င) ဝါကျ။ အာသဝန္တီ အာသဝါ။

သဟ အာသဝေဟိ ယုံဝတ္တတီတိ သာသဝံ။

ကရီယတေတိ ကမ္မံ။

သာသဝဥ္စ တံ ကမ္မဥ္စာတိ သာသဝကမ္မံ။

နိဗ္ဗတ္တန္တိတိ နိဗ္ဗတ္တာ။

သာသဝကမ္မတော နိဗ္ဗတ္တာ သာသဝကမ္မ နိဗ္ဗတ္တာ (တေသံ)။

၂။ အာသဝေါတရားတို့၏ အာရုံဖြစ်သော ကံ၏ ဖြစ်သော ရုပ်နာမ် တရားတို့နှင့် အကြောင်း+အကျိုး စပ် ဗျု-နိ။

၄။ သာသဝကမ္မ နိဗ္ဗတ္တတရားတို့၏ (သာသဝကံကြောင့် ဖြစ်သည်၏ အဖြစ်ဖြင့်) တစ်ခုသည်။ ။ပ။ ဇော်တ်သည် ပ-နိ။

(စ) ဝါကျ။ ဝိဒိယတေတိ ဝေဒိတဗ္ဗော။ (သိခြင်းကြိယာခွဲ)။

## လိင် စသည်ခွဲပုံ

(က) ဝါကျ။ အာရမ္မဏကရဏ ဝသေနပုဒ်လုံးကား ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

ထိုတွင် အာရမ္မဏ, ကရဏ နှစ်ပုဒ်ကို တစ်ပုဒ်စီ နပုလ္လိင်, စိတ္တာဒိဂိုဏ်းခွဲပါ။

တဏှာဒိဒ္ဓိဟိ ပုဒ်လုံးကား ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်း, ဣကာရန္တ, သမာသနာမပဒ။

(ထိုတွင် တဏှာကို ဣတ္ထိလိင်, ကညာဒိဂိုဏ်းခွဲ)။

ဒိဋ္ဌိကို ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်းခွဲ။

ဥပေတေန ကမ္မုနာ နှစ်ပုဒ်ကို တစ်ပုဒ်စီ နပုလ္လိင်, စိတ္တာဒိဂိုဏ်းခွဲ။

(အာဒိန္နာ, ဖလဘာဝေန, ဂဟိတာ, ဥပါဒိန္နာ ဟူသော လေးပုဒ်တို့ကို တစ်ပုဒ်စီ ပုလ္လိင်, ပုရိသာဒိဂိုဏ်း အသီးသီးခွဲပါ။)

(ခ) ဝါကျ။ ဥပဂန္တာ အလိင်, ဂဏဝိမုတ်, အာကာရန္တ, နိပါတပဒ။

(ဥပါဒါန သမ္ဗန္ဓေန ပုဒ်လုံးကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ။)

http://www.dhammadownload.com



ထိုတွင် ဥပါဒါနကို လည်းကောင်း, နောက်ရှိ ဥပါဒါနာနံကို လည်းကောင်း, နပုလ္လိင်, စိတ္တာဒိဂိုဏ်းခွဲ။

(ဟိတာ ဥပါဒါနီယာတို့ကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ။)

(စ) ဝါကျ။ ဣမိနာ ပုလ္လိင်, ပုရိသာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, သဗ္ဗနာမပဒ။

(သေသပဒဒွယေကို နပုလ္လိင်, စိတ္တာဒိဂိုဏ်းခွဲပါ)။

## အာဘောဝ်သံဝဏ္ဏနာ

(က) ဝါကျ။ အာရမ္မဏာ ကရဏဝသေနဖြင့် ဥပေတေနဌ် ကပ်၏ဟူသည် သမ္ပယုတ် အစွမ်းအားဖြင့် ကပ်သည်မဟုတ်၊ အာရုံပြုသည် အစွမ်းအားဖြင့် ကပ်၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏၊ (ဘာဝတ္ထ)။

တဏှာဒိဋ္ဌိဟိဖြင့် ဥပေတေနပုဒ်၏ကတ္တားသည် လောကုတ္တရာကို အာရုံပြုသော ဂေါတြဘူ, ဝေါဒါန်, ပစ္စဝေက္ခဏာဇောများ မဟုတ်၊ တဏှာဒိဋ္ဌိ ဖြစ်သည်ဟု သိစေ၏၊ (ဘာဝတ္ထ)။

ဥပေတေနဖြင့် ဥပါဒိန္နာဌ် ဥပသဒ္ဒါသည် သမီပစသော အနက်ကိုမဟော၊ သမာသ်အရာဌ် ဥပေတဗ္ဗ ဟူသော ကမ္မသာဓနနှင့်တကွ ဥပဂမနကြိယာကို ဟောသည်ဟု သိစေ၏၊ (ဥပသဂ္ဂလိင်္ဂတ္ထ)။

ကမ္မုနာဖြင့် ဥပေတေအရ အလုံးစုံသော တေဘူမကတရားကို မယူရ၊ ကံကိုယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ)။

ဖလဘာဝေနဖြင့် ယူအပ်၏ဟူသည် အကြောင်း၏အဖြစ်ဖြင့် ယူအပ်သည် မဟုတ်၊ အကျိုး၏အဖြစ်ဖြင့် ယူအပ်၏ဟု သိစေ၏၊ (ဘာဝတ္ထ)။

ဂဟိတာဖြင့် အာဒိန္နာဌ် အာပုဗ္ဗဒါဓာတ်၏ အဖြစ်ကို လည်းကောင်း, (ဒု-ဓာတုပဒ), ဒါဓာတ်သည် အဝခဏ္ဍန စသောအနက်ကိုမဟော၊ အာဒါန (ဂဟဏ) အနက်ဟောသည်ကိုလည်းကောင်း, (ဒု-ဓာတွတ္ထ), အာသဒ္ဒါ၏ ဓာတွတ္ထ ဇာဓက အဖြစ်ကိုလည်းကောင်း, (ဥပသဂ္ဂလိင်္ဂတ္ထ) ဣန္န၏ တ ပစ္စည်း၏ ကာရိယအဖြစ်ကိုလည်းကောင်း (ဒု-ပစ္စယပဒ)ဘ ပစ္စည်း၏ ကမ္မသာဓန အနက် ဟောသည်ကိုလည်းကောင်း, အာဒိယန္တေတိ အာဒိန္နာဟု ကမ္မသာဓန ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒု ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

F52A

http://www.dhammadownload.com



ဥပေတေန အာဒိန္နာ ဟူသော အပေါင်းဖြင့် ဥပါဒိန္နာပုဒ်ကို ဥပ+အာ-ဒိန္နာဟု ပုဒ်ဖြတ်ရမည်ကို လည်းကောင်း, (သန္ဓိလိင်္ဂပဒ) ဥပေတေန+အာ-ဒိန္နာ=ဥပါဒိန္နာဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

ကြိယာတိဖြင့် ဟေတွတ္ထ ဇောတကအဖြစ်, နာမလာဘဟိတ်အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)။

(ခ) ဝါကျ။ အာရမ္မဏဘာဝံ ဥပဂန္တွာဖြင့် ဥပါဒါန်တို့နှင့် စပ်ခြင်းဟူသည် သဟဇာတသမ္ပယုတ်အားဖြင့်စပ်ခြင်းမဟုတ်၊အာရုံအဖြစ်သို့ရောက်၍ စပ်ခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏ (ဘာဝတ္ထ)။

ဥပါဒါနသမ္ဗန္ဓေနဖြင့် ဥပါဒါန်တို့အားလျော်၏ ဟူသည် မှီရာတည်ရာအားဖြင့် မဟုတ်၊ ဥပါဒါန်တို့နှင့်စပ်သဖြင့် ဥပါဒါန်တို့အား လျော်၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏၊ (ဘာဝတ္ထ)။

ဥပါဒါနာနံ ဟိတာဖြင့် ဥပါဒါနိယာ၌ ကြိယ ပစ္စည်း ဇာတ စသော အနက်၌ သက်သည်မဟုတ်၊ ဟိတအနက်၌ သက်၏ဟု လည်းကောင်း၊ (ပစ္စယတ္ထ)၊ ဥပါဒါနံ ဟိတာ=ဥပါဒါနိယာဟု ဟိတတဒ္ဓိတ်ဝစနတ္ထ ပြုရမည်ဟု လည်းကောင်း (အဘိဓာနတ္ထ) သိစေ၏။

ကြိယာတိဖြင့် ဟေတွတ္ထ ဇောတက၊ နာမလာဘဟိတ် အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

(ဂ) ဝါကျဖြင့် ဥပါဒါနိယအရ တေဘူမကဝိပါက်၊ ကမ္မဇရုပ်တို့ကိုသာ မယူရ၊ ဥပါဒါန်၏အာရုံဖြစ်သော လောကီစိတ္တုပ္ပါဒ် ရုပ်တရားတို့ကို ယူရမည်အဖြစ် (အဘိဓေယျတ္ထ)။ ဥပါဒါနိယသဒ္ဒါ၏ အထင်ရှားဆုံး၊ ကေဒေသျူပစာ သဒ္ဒါအဖြစ် (ဘာဝတ္ထ၊ ပဒသံဝဏ္ဏနာ) သိစေ၏။

(ဃ) ဝါကျဖြင့် ဥပါဒိန္နုပါဒါ နိယာပုဒ်၏ ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်အဖြစ် (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

ကြိယာတိဖြင့် ဟေတွတ္ထ ဇောတက၊ နာမလာဘဟိတ် အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

http://www.dhammadownload.com



(င) ဝါကျဖြင့် ဥပါဒိန္နုပါဒါနိယအရ လောကီစိတ္တုပ္ပါဒ် ရုပ်တရားအားလုံးကို မယူရ၊ လောကီဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တို့ကိုသာ ယူရမည် အဖြစ် (အဘိဓေယျတ္ထ)၊ ဥပါဒိန္နုပါဒါနိယသဒ္ဒါ၏ ကေဒေသျုပစာ-သဒ္ဒါအဖြစ် (ဘာဝတ္ထ၊ ပဒသံဝဏ္ဏနာ) သိစေ၏။

(စ) ဝါကျဖြင့် ဤရှေ့၌ ဆိုအပ်ပြီးသောနည်းဖြင့် ကြွင်းကျန်သော ဒုတိယနှင့် တတိယပုဒ်နှစ်ပါး အပေါင်း၌လည်း ပဋိသေဓနှင့်တကွ အနက်အဓိပ္ပာယ်ကို သိရမည်ဟု ညွှန်ပြသိစေ၏။ (ဘာဝတ္ထ)။

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ အာရမ္ဘကာ၌ အာသည် အာဂန္တာအနက်, အာဂမနအနက်ကို ဟော၏။
ဥပေတေန၌ ဥပသည် ဥပဂမအနက်ကို ဟော၏။
အာဒိန္နာ၌ အာသည် ဓာတွတ္ထဗာဓကဖြစ်၍ ဂဟဏအနက်ကို ဟော၏။

(ခ) ဝါကျ။ ဥပဂန္တွာ၌ ဥပသည် (ဂန္တွာ၌ ဂမုဓာတ်က ပါပုဏန အနက်ဟောလျှင်) ဓာတွတ္ထာနုဝတ္တက။
(တစ်နည်း) ဂမုဓာတ်ကို ပါပုဏန အနက်ဟောအောင် အထူးပြုပေးသောကြောင့် ဓာတွတ္ထဝိသေသက။
ဥပါဒါန၌ ဥပသဒ္ဒါ ဘုသတ္ထ။

(ဃ) ဝါကျ။ စ သဒ္ဒါများ သမုစ္စယတ္ထဇောတက၊ (တစ်နည်း) တုလျာဓိကရဏ ဘာဝပသိဒ္ဓ ဇောတက။

(င) ဝါကျ။ သာသဝ၌ သ(သဟ)သည် သမဂ္ဂိယတ္ထ, တုလျယောဂတ္ထ။
နိဗ္ဗတ္တာနံ ၌ နိသည် ဓာတွတ္ထ နုဝတ္တက။

(စ) ဝါကျ။ ဣတိသဒ္ဒါ ဣဒမတ္ထ, နိဒဿနတ္ထ။
ပိ (အပိ) သဒ္ဒါ သမုစ္စယတ္ထ, သမ္ဘာဝနတ္ထ။
ပဋိသေဓ၌ ပဋိ (ပတိ) သဒ္ဒါ နိသေဓတ္ထ။

[သဟိတော၌ သဟသဒ္ဒါ ယခင် (င) ဝါကျကို သဟနှင့် နည်းတူ၏။]

http://www.dhammadownload.com



## သဗ္ဗနာမ်ပုဒ်တို့၏ ဝိသယနာမည်

(သဗ္ဗနာမ်အစွဲကို အနက်ပေးရှု၍ သိပါ)။

(ဂ) ဝါကျ။ တေ်ဒ္ဓ ဘေသည် ဆိုအပ်ပြီးသော ဥပါဒါနိယ ဟူသော အမည်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ (တစ်နည်း) အမိဝစနံဟု အစွဲ တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဃ) ဝါကျ။ တေဒ္ဓ တ-သည် ဓမ္မဒြပ်ကို စွဲသောကြောင့် (တစ်နည်း) ဆိုအပ်ပြီးသော ဥပါဒိန္နဒြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

(စ) ဝါကျ။ က္လမိနာ ဒ္ဓ က္လမသည် နယေန ဟု အစွဲတိုက်ရိုက်ရှိသော ကြောင့် ပသိဒ္ဓဝိသယ (တစ်နည်း) ဆိုအပ်ပြီးသော နည်းဒြပ်ကို စွဲသော ကြောင့် ပက္ကန္တဝိသယ။

## ကြိယာငါးတန် ထုတ်ပုံ

(က) ဝါကျ။ တဏှာဒိဋ္ဌီဟိဒ္ဓ တဏှာဒိဋ္ဌိအရ-

၁။ တဏှာဟူသော လောဘစေတသိက် ဒိဋ္ဌိစေတသိက်တို့သည် ဒ။

[အကြွင်း (၄) ချက် အကုသိုလ်အတိုင်းဖြစ်စေ, လက္ခဏာဒိ စတုက္ကကို မှီ၍ဖြစ်စေ, ပဋိစ္စသမုပ္ပာဒ်နည်းကို မှီ၍ဖြစ်စေ ထုတ်နိုင်သည်။]

ဥပေတေန ကမ္မုနာအရ, ဥပါဒိန္နာဒ္ဓ ဥပအရ, အာဒိန္နာဒ္ဓ အာပုဗ္ဗဒါ-ဓာတ်အရ, ဂဟိတာဒ္ဓ ဂဟဓာတ်တို့အရ-

၁။ လောကီကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ကံတည်း ဟူသော သင်္ခါရသည် ဒ။
၂။ အဝိဇ္ဇာသည် ဒီ။
၃။ လောကီဝိပါက် ဝိညာဉ်, ဝါ-လောကီဝိပါက် နာမက္ခန္ဓာ တို့သည် ပ။
၄။ အာသဝေါတရားတို့သည် ဝိ။
၅။ နာမ်, ရုပ်, သဠာယတန စသည်တို့သည် အနု။

http://www.dhammadownload.com



[အမှာ။ ။အာဒိန္နာ,ပဟိတာ, ဥပါဒိန္နာတို့ပုဒ်လုံးအရ ဝိပါက်စိတ္တုပ္ပါဒ် ယူ၍ စည်းမျဉ်းအဖြေ၌ပြခဲ့သောဝိပါက်(သာမည)ထုတ်သည့် အတိုင်း ထုတ်ပါ။

(စ) ဝါကျ ဝေဒိတဗ္ဗော၌ ဝိဒဓာတ်အရထုတ်ပုံကိုလည်း စည်းမျဉ်းအဖြေ၌ပြခဲ့ပြီ။ ဝေဒိတဗ္ဗော ထားပုံကိုလည်း စည်းမျဉ်း အဖြေ၌ ပြခဲ့သည်ကို နည်းမှီ၍ သိပါ။]

## ပဥှာန်း ပစ္စည်းပြိုင်

(က) ဝါကျ။ အာရမ္မဏအရ လောကီကုသိုလ်,အကုသိုလ် စေတနာ ဟူသော အာရုံပစ္စည်းတရားသည် ကရဏဝသေနအရ, တဏှာဒိဋ္ဌိဟိအရ လောဘစေတသိက် ဒိဋ္ဌိစေတသိက် ဟူသော အာရမ္မဏိက ပစ္စယုပ္ပန်တရား အား အာရမ္မဏပြု၏။ပြိုင်-အာ,ဓိ,ဥပ (၃) (ဤ က-ဝါကျ၌ ကျန်သော ပစ္စည်းပြိုင်များ စည်းမျဉ်းအဖြေ၌ ရှု)။

(ခ) ဝါကျ။ အာရမ္မဏဘာဝံ ဥပဂန္တွာအရ လောကီ စိတ္တုပ္ပါဒ်, ရုပ်တရားတို့သည် ဥပါဒါန သမ္ပန္နေနှင့် ဥပါဒါန အရ လောဘဒိဋ္ဌိ ဟူသော ဥပါဒါန်တရားကိုယ် နှစ်ပါးအား အာရမ္မဏပြု၏။

ပြိုင်-ယထာရဟ-အာ၊ ဓိ၊ နိ၊ ဥပ၊ ပု၊ ဝိပ္ပ၊ တ္ထိ၊ အဝိ (၈)။

[ဤ (ခ) ဝါကျ၌ အကြွင်းပြိုင်ပုံကို စည်းမျဉ်းအဖြေ၌ ရှု]။

(ဂ) ဝါကျ။ အာရမ္မဏ ပစ္စယ ဘူတာန်အရ လောကီစိတ္တုပ္ပါဒ်, ရုပ်တရားသည်, ဥပါဒါနဿအရ လောဘဒိဋ္ဌိ ဟူသော ဥပါဒါန်တရား ကိုယ်နှစ်ပါးအား အာရမ္မဏ....ပြု၏။ ပြိုင်-ယထာရဟ(ယခင်)(၈)ပစ္စည်း။

(ဃ) ဝါကျ။ သာသဝကမ္မ၌ ကမ္မအရ လောကီ ကုသိုလ်,အကုသိုလ် စေတနာသည် အာသဝအရ လောဘ,ဒိဋ္ဌိ,မောဟ ဟူသော အာသဝတရား သုံးပါးအား အာရမ္မဏ....ပြု၏။

ပြိုင်-အာ, ဓိ, ဥပ (၃)။

သာသဝ ကမ္မအရ အတိတ်ဖြစ်သော လောကီကုသိုလ်, အကုသိုလ် စေတနာသည် နိဗ္ဗတ္တာန် ရူပါရူပဓမ္မာန်အရ လောကီဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်အား နာနာက္ခဏိက ကမ္မ....ပြု၏။

http://www.dhammadownload.com



ပြိုင်- နာနာက္ခဏိကကမ္မ, ပကတူပနိဿယ (၂)။

(စ) ဝါကျ။ အတ္ထော ဝေဒိတဗ္ဗော၌ ပြိုင်ပုံကို စည်းမျဉ်းအဖြေ၌ရှု။

[အမှာ။ ။(က) ဝါကျ တဏှာဒိဋ္ဌိဟိ၌ ပြိုင်လိုသော်- တဏှာအရ လောဘသည် ဒိဋ္ဌိအရ ဒိဋ္ဌိစေတသိက်အား သဟ....ပြု၏။]

ပြိုင်-ဟေ၊ သဟ၊ ည၊ နိ၊ သံ၊ တ္ထိ၊ အဝိ (၇)။

http://www.dhammadownload.com

# သံကိလိဋ္ဌတိက် အဖွင့်

(က) သံကိလေသေတီတိ သံကိလေသော၊

(ခ) ဝိဗာဓတိ, ဥပတာပေတီတိ အတ္ထော။

(ဂ) သံကိလေသေန သမန္နာဂတာတိ သံကိလိဋ္ဌာ။

(ဃ) အတ္တာနံ အာရမ္မဏံကတွာ ပဝတ္တနေန သံကိလေသံ အရဟန္တိ။

(င) သံကိလေသေ ဝါ နိယုတ္တာ တဿ အာရမ္မဏဘာဝါနတိက္ကမနတောတိ သံကိလေသိကာ။

## ကျမ်းတက် (ဌပနာပစ္စယာ ပုစ္ဆာတက်)

(က) ဝါကျ။ ဆရာ ဆရာသည် ရှေ့စကားရပ်တို့ဖြင့် ဥပါဒိန္နတိက်၏ အတ္ထသံဝဏ္ဏနာကိုပြဆိုတော်မူ၏၊....သော် သံကိလိဋ္ဌတိက်၏ အတ္ထသံဝဏ္ဏနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော။ ဝါ၊ သံကိလိဋ္ဌတိက်၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အခိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော၊ (စသည်)၊ (စောဒနာတက်လျှင် အဗျာပိတဒေါသ တင်တက်ပါ)။

(ခ) ဝါကျ။ ဆရာ ဆရာသည် (က) ဝါကျ၌ သံကိလေသေတီဟု ဆိုတော်မူ၏၊....သော် သံပုဗ္ဗ ကိလိသဓာတ်သည် မလိန စသော အနက်တို့ကို ဟော၏ဟု မှတ်ကောင်းသည် မဟုတ်ပါလော၊ (ဘော) ။ပ။ သံပုဗ္ဗကိလိသဓာတ်၏ ဟောနက်ကိုလည်း ပြဆိုသေး၏။ ဝါ၊ သံပုဗ္ဗကိလိသဓာတ်၏ ဝိဗာဓန, ဥပတာပန အနက် ဟောသည်၏ အဖြစ်ကိုလည်း ပြဆိုသင့်သေး၏။(နွ),(စသည်)၊ (စောဒနာတက်လျှင် အတိဗျာပိတဒေါသ တင်တက်ပါ)။

(ဂ) ဝါကျ။ ဆရာ မြတ်စွာဘုရားသည် သံကိလိဋ္ဌဟု ဟောတော်မူ၏၊ (ဌ) ဤမျှသာပြဆိုချေသော် ကိလေသာနှင့် သဟဇာတမျှ ဖြစ်ကုန်သော ရုပ်တရားတို့သည် သံကိလိဋ္ဌမည်၏ဟု မှတ်အပ်သည် မဟုတ်ပါလော၊(ဘော) ထိုသို့မှတ်အပ်လေသောကြောင့် (ဘော-ဟေ) သံကိလိဋ္ဌဟူ၍သာ မပြဆိုသင့် (ဌ-ခေ) သံကိလိဋ္ဌမည်သော တရားကိုလည်း ပြဆိုသင့်သေး၏ (နွ) အဘယ်တရားသည် သံကိလိဋ္ဌ မည်ပါသနည်း (ပုစ္ဆာ)၊ ဤသို့ မေးဖွယ်ရှိသောကြောင့် (ဂ) ဝါကျကိုမိန့်။

http://www.dhammadownload.com



အဓိပ္ပာယ်ကား—အကြင်အကုသိုလ်တရားတို့သည် ကိလေသာနှင့်ပြည့်စုံကုန်၏၊ သံကိလေသာတရားနှင့် ယှဉ်ကုန်၏။ ထိုအကုသိုလ်တရားတို့သည် သံကိလိဋ္ဌမည်ကုန်၏ ဟူလို။ ဝါ၊ သံကိလေသ သမန္နာဂတ, သံကိလေသ သမ္ပယုတ္တဖြစ်သော အကုသိုလ်ဓမ္မ တို့သည်သာလျှင် သံကိလိဋ္ဌ မည်၏။ သဟဇာတမျှဖြစ်သော ရုပ်တရားတို့သည် သံကိလိဋ္ဌ မမည်ကုန်-ဟူလို။ (စောဒနာတက်လျှင် အတိဗျာပိတဒေါသ တင်တက်ပါ)။

(ဃ) ဝါကျ။ ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် သံကိလိဋ္ဌပုဒ်၏ အတ္ထသံဝဏ္ဏနာကို ပြဆိုတော်မူ၏၊....သော် သံကိလေသိကာပုဒ်၏ အတ္ထသံဝဏ္ဏနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော၊ (စသည်)။

(င) ဝါကျ။ ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် သံကိလေသိကာပုဒ်၏ အရဟန္တိတဒ္ဓိတ် ဝစနတ္ထ ပြုရသည်ကို ပြဆိုတော်မူ၏၊...သော် သံကိလေသိကာပုဒ်ကို အရဟန္တိတဒ္ဓိတ် ဝစနတ္ထကိုသာ ပြုရ၏ ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (ဘော) ထိုသို့ မှတ်အပ်လေသောကြောင့် (ဘော-ဟေ)။

(ဃ) ဝါကျဖြင့် သံကိလေသိကာပုဒ်၏ အရဟန္တိတဒ္ဓိတ် ဝစနတ္ထမျှကိုသာ မဆိုသင့် (ဌ-ခေ)။ သံကိလေသိကာပုဒ်၏ တစ်ပါးသော ဖြစ်သင့်သော တဒ္ဓိတ်ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏။ ဝါ၊ နိယုတ္တတဒ္ဓိတ် ဝစနတ္ထကိုလည်း ပြဆိုသင့်သေး၏၊ (နှ) (စသည်)။

## ပါဠိပနာဒိကျမ်းတက်

(က) ဝါကျ။ သံကိလိဋ္ဌတိက်၏ အတ္ထသံဝဏ္ဏနာ မရှိ ဟူသောအနက်သည် ရောက်ခဲ့ရ၏။ ဝါ၊ သံကိလိဋ္ဌတိက်၏ အတ္ထသံဝဏ္ဏနာကို မပြဆို ဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ခ) ဝါကျ။ သံ ပုဗ္ဗ ကိုလိသဓာတ်သည် မလိန စသောအနက်တိုကို ဟော၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏။

(တစ်နည်း) ဆရာ ဆရာသည် (က) ဝါကျဖြင့် သံကိလေသပုဒ်၏ ဝစနတ္ထကို ဝါ၊ သံကိလေသမည်ခြင်း၏ အကြောင်းကို ပြဆိုတော်မူ၏၊ ....သော် သံ ပုဗ္ဗ ကိလေသဓာတ်၏ အနက်ကို မပြဆို ဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏ (စသည်)။

http://www.dhammadownload.com



[အမှာ။ ။ပထမနည်းအလိုဇ တိဗျာပိတဒေါသ တင်၊ ဒုတိယနည်း အလို အဗျာပိတဒေါသတင်။ဤ(ခ) ဝါကျ ရှေးဌပနာပဋ္ဌကကျမ်း တက်၌လည်း ဤနောက်နည်းအတိုင်း ဌပနာထား၍ "သံ, ပုဗ္ဗကိလိသဓာတ်၏ အနက်ကို မပြဆိုဟူသော အဓိပ္ပာယ် ရောက်ရာသည် မဟုတ်ပါလော"ဟု အာဘော်ထား၍ တစ် နည်း ကျမ်းတက်လျှင် ဂဏ္ဌိနှင့် ညီညွတ်သည်]

(ဂ) ဝါကျ။ ကိလေသာနှင့် သဟဇာတမျှ ဖြစ်သော တရားတို့သည် သံကိလိဋ္ဌ မည်၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ဃ) ဝါကျ။ သံကိလေသိကာပုဒ်၏ အတ္ထ သံဝဏ္ဏနာမရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(င) ဝါကျ။ သံကိလေသိကာပုဒ်ကို အရဟန္တိတဒ္ဓိတ် ဝစနတ္ထကိုသာ ပြရသည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

## ဒေါသသင့်ပုံ, ပယ်ပုံ

ရှေ့အဋ္ဌကထာ အဖွင့်စကားကို ထောက်လျှင် (က) ဝါကျဖြင့် အဗျာ-ပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။ နောက်(ခ) ဝါကျကို ထောက် ပြန်လျှင် (က) ဝါကျ၌ သံကိလေသပုဒ်၏ ဝစနတ္ထကိုသာ ပြရသေး၍ ဝါ၊ သံကိလေသမည်ခြင်း၏ အကြောင်းကိုသာ ပြရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ် မနှံ့စပ် မပြည့်စုံသေးသောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်၏။

(တစ်နည်း) သံကိလေသေတိ၌ သံပုဗ္ဗ ကိလိသဓာတ်သည် ဤ၌ မလို အပ်သော မလိုနစသော အနက်တို့၌ အလွန်ပျံ့နှံ့နေသောကြောင့် ထို (က) ဝါကျ၌ အတိဗျာပိတဒေါသ သင့်၏။

(ခ) ဝါကျဖြင့် သံ,ပုဗ္ဗ ကိလိသဓာတ်၏ ဤ၌ လိုအပ်သော အနက် ကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်ပြည့်စုံသွား သောကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

F53A

http://www.dhammadownload.com



(တစ်နည်း) (ခ) ဝါကျဖြင့် သံ, ပုဗ္ဗ ကိလိသစေတသိက် မလိန ဖြစ်သော အနက်တို့ကို မဟော၊ ဝိဗာဓန, ဥပတာပန အနက်တို့ကိုသာ ဟောသည်ဟု အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။ (ရှေးနည်းချင်း နောက်နည်းချင်း ဟပ်ယှဉ်ပါ)။

(ဂ) ဝါကျဖြင့် သံကိလေသပုဒ်, သံကိလေသေတိ ပုဒ်တို့၏ အတ္ထသံဝဏ္ဏနာမှတစ်ပါး သင်္ကိလိဋ္ဌပုဒ်၏ အတ္ထသံဝဏ္ဏနာကို ပြလိုက်သဖြင့် အလိုရှိအပ်သော ။ပ။ ကြောင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

(တစ်နည်း) သဟဇာတမျှသာဖြစ်သော ရုပ်တရားတို့၌ အလွန်မပျံ့နှံ့ အောင် ပြဆိုသောကြောင့် ဤ (ဂ) ဝါကျဖြင့် အတိဗျာပိတဒေါသတို့ကို ပယ်၏။

(ဃ) (င) ဝါကျတို့ဖြင့် အသီးအသီး အဗျာပိတဒေါသ, အပရိ- ပုဏ္ဏဒေါသတို့ကို ပယ်၏။

## ဝါ သဒ္ဒါထားပုံ

သံကိလေသိကာ၌ ဗာကပစ္စည်း၏ အရဟ (အရဟန္တိ) အနက်အကြောင်း မှတစ်ပါး၊ နိယုတ္တအနက် အကြောင်းတစ်ပါးကို လဲလိုသောကြောင့် (င) ဝါကျ၌ ဝါ သဒ္ဒါထားပါသည်။

(တစ်နည်း) ဝဒန္တပက္ခ၌ သံကိလေသိကာဝယ် ဏိကပစ္စည်း၏ အရဟ (အရဟန္တိ) အနက်အကြောင်းမှတစ်ပါး၊ နိယုတ္တ အနက်အကြောင်း တစ် ပါးကို လည်းကောင်း၊ သံကိလေသိကာ၏ အရဟန္တိ (အရဟ) တဒ္ဓိတ်- ဝိဂ္ဂဟသဒ္ဒါ၊ အရဟန္တိ (အရဟ) တဒ္ဓိတ်ပုဒ်သဒ္ဒါ၊ အကျိုးမှတစ်ပါး၊ နိယုတ္တ တဒ္ဓိတ်ဝိဂ္ဂဟသဒ္ဒါ၊ နိယုတ္တ တဒ္ဓိတ်ပုဒ်သဒ္ဒါ အကျိုးတစ်ပါးကို လည်းကောင်း လဲလို၍ (င) ဝါကျ၌ ဝါသဒ္ဒါထား၏။

သုဏာန္တပက္ခ၌ [အကြောင်းနေရာ အကျိုး, အကျိုးနေရာ အကြောင်း ပြောင်းလွှဲ၍ ဆိုရိုးသာထူး၏။] နှစ်ဝိကပ်လုံး၌ လောကီစိတ်, စေတသိက်, ရုပ်တရားတို့ချည်းရ၍ အရကောက် အဘိဓေယျတ္ထ (အဘိဓေယျအနက်) ကား မလဲဟု မှတ်ပါ။

http://www.dhammadownload.com



## စ သဒ္ဒါ ထားရပုံ

ဝိဗာဓေန သဘောကြောင့်လည်း သံကိလေသမည်သည်၊ ဥပတာပန သဘောကြောင့်လည်း သံကိလေသမည်သည်, နှစ်ပါးသော သဘောကြောင့်လည်း သံကိလေသမည်သည်ဟူသော ဝိကပ္ပနအနက်ကို ပြလိုသောကြောင့် (ခ) ဝါကျ၌ 'ဝ' သဒ္ဒါ ထားပါသည်။

(င) ဝါကျ။ ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် အကယ်၍ တတိယပုဒ်၌ ဆဋ္ဌီ ဗဟုဗ္ဗိဟိသမာသ် အနက်ဖြစ်ခဲ့သော အဟိတ်တရားတို့ကို တတိယပုဒ်ဖြင့် မယူနိုင်ရာဟု ပြဆိုတော်မူ၏၊ ....သော် ထိုသို့ အဟိတ်တရားတို့ကို မယူနိုင်ခြင်း၏ အကြောင်းသည်လည်းရှိသင့်သည်မဟုတ်ပါလော၊ (စသည်)။

## ပါပနာဒိကျမ်းတက်

(က) ဝါကျ။ ဒသနေန ပဟာတဗ္ဗဟေတုကာပုဒ်ကို ကမ္မဓာရည်း ဒွန် စသော သမာသ်ဝစနတ္ထ ပြုရသည်ဟူသောအနက်သည် ရောက်ခဲ့ရာ၏ (စသည်)။

(ခ) ဝါကျ ကျမ်းတက်လွယ်ပြီ။

(ဂ) ဝါကျ။ တတိယပုဒ်၌လည်း ဆဋ္ဌီ, စတုတ္ထီ, ဗဟုဗ္ဗိဟိ သမာသ် ဝစနတ္ထ ၂-မျိုးလုံးပင် ဖြစ်ကောင်း၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (စသည်)။

(ဃ) ဝါကျ။ ဗျတိရေကအားဖြင့် ဆိုအပ်ပြီးသောအနက်ကို ထင်ရှားအောင် မပြဆိုဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏ (စသည်)။

(င) ဝါကျ။ ထိုသို့ အဟိတ်တရားတို့ဆို မယူနိုင်ခြင်း၏ အကြေ. မရှိဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

-တတိယအုံကြိမ်

http://www.dhammadownload.com



## ဓေါသ သင့်ပုံ, ပယ်ပုံ

ရှေးအဋ္ဌကထာစကားကို ထောက်လျှင် (က) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။ ပါဠိတော်ကို ထောက်ဆလျှင် ပထမပုဒ်က ဆဋ္ဌိ, စတုတ္ထိ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထကိုသာ ပြုရအည်ဟု ပြလိုက်သဖြင့် ကမ္မဓာရည်း, ဒွန် စသော သမာသ် ဝစနတ္ထတို့၌ အလွန် မပျံ့နှံ့သောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ, ဂန္ထဂရုဒေါသ, ပုနရုတ္တိဒေါသတို့ကို ပယ်၏။

(ဂ) ဝါကျဖြင့် တတိယပုဒ်ကို ဆဋ္ဌိ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထ မပြုရ စတုတ္ထိဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထသာ ပြုရမည်ဟု အလွန်မပျံ့နှံ့အောင် ပြဆို သောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(တနည်း) ဒုတိယပုဒ်၏ အတ္ထသံဝဏ္ဏနာမှတစ်ပါး တတိယပုဒ်၏ အတ္ထ သံဝဏ္ဏနာကို ပြဆိုလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ ပြည့်စုံသွားသောကြောင့် ထို (ဂ) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏ ဒေါသတို့ကို ပယ်၏။

(ဃ) ဝါကျဖြင့် အန္ဓယဗျတိရေက ဆန့်ကျင်နေသော ဝိရောဓိဒေါသကို ပယ်၏။ (တနည်း) ဒဋ္ဌိယ ဒဋ္ဌိကရဏ ဆန့်ကျင်နေသော ဝိရောဓိဒေါသကို ပယ်၏။

(င) ဝါကျဖြင့် အကျိုးအကြောင်း ဆန့်ကျင်နေသော ဝါ-ဒဋ္ဌိယ, ဒဋ္ဌိကရဏ ဆန့်ကျင်နေသော ဝိရောဓိဒေါသကို ပယ်၏။

(တနည်း) အဗျာပိတဒေါသ အပရိပုဏ္ဏဒေါသတို့ကို ပယ်၏။

### ဂဟေတဗ္ဗာ ထားရပုံ

ဆဋ္ဌိဗဟုဗ္ဗိဟိ, စတုတ္ထိဗဟုဗ္ဗိဟိ ဟူသော သာမညအနက်မှ သဒ္ဒယုတ္တိ အတ္ထယုတ္တိ ရှိသည်ဖြစ်၍ စတုတ္ထိဗဟုဗ္ဗိဟိ အနက်တည်းဟူသော ဝိသေသ ဖြစ်သော အဓိပ္ပာယ်ကို ယူစေလိုသောကြောင့် ဝါစတုတ္ထိဗဟုဗ္ဗိဟိ ဟူသော

http://www.dhammadownload.com



ဝိသေသအားဖြင့် အလိုရှိအပ်သော အနက်ကို ထုတ်နုတ်၍ ဆုံးဖြတ်ရာ ဌာန ဖြစ်သောကြောင့် (ဂ) ဝါကျ၌ ဂဟေတဗ္ဗော ထား၏။

ဥဘယမ္ပိစေတံ အနုမိပွေတံ (ဌ္ဌ-၈၆) ၌ -

## အနုမိပွေတံထားရပုံ

စောဒကပုဂ္ဂိုလ်က အဟိတ်တရားတို့ကို မယူနိုင်ခြင်း, ဟိတ်သည် ကြဉ်အပ်သော တရားတို့ကို ပယ်ခြင်း ဟူသော အနက် ၂-ပါးကို အလိုရှိအပ်၏ ဟု ဆို၍ ကျမ်းဆရာက ထိုအနက် ၂-ပါးကို အလိုမရှိရဟု ဆိုကာ စောဒက ပုဂ္ဂိုလ်နှင့် ကျမ်းဆရာတို့ စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ်ပြရာ ဌာနဖြစ်သောကြောင့် အနုမိပွေတံ ထားသည်။

တသ္မာနေဝ ဒသာနေန ။ပ။ အယမတ္ထော ဂဟေတဗ္ဗော (ဌ္ဌ-၈၆) ၌

## တသ္မာထားရပုံ

ရှေ့အကျိုးမှဆက်၍ ရအပ်သော အကျိုးတစ်ပါး လဒ္ဓဂုဏ်ကို ပြလိုသော ကြောင့် တသ္မာ ထား၏။

[အမှာ။ ။ဤ၌ ဂဟေတဗ္ဗော ထားရပုံသည်လည်း (ဂ) ဝါကျရှိ ဂဟေ တဗ္ဗောထားပုံနှင့် တူ၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ပဟီယတီတိ ပဟာတဗ္ဗော။ (ပယ်ခြင်းကြိယာခွဲ)။ ဒဿနေန ပဟာတဗ္ဗော ဒဿနေနပဟာတဗ္ဗော။ (အလုတ္တသမာသ်)။

၂။ သောတာပတ္တိမဂ်၏ ပယ်အပ်သောဟိတ်နှင့် မဟာယက+ပဟာ= တဗ္ဗ စပ် ဗျု-နီ၊

၄။ သောတာပတ္တိမဂ်၏ ပယ်ခြင်းကြိယာသည်, ဝါ-သောတာပတ္တိ မဂ်သည် ဖယ်အပ်သော ဟိတ်တို့၏ တစ်ခုသည် ။ပ။ ဇာတ်သည် ပ-နီ။

ဟိနောတိ ပဝတ္တတိဖလံ ဧတသ္မာတိ ဟေတု၊ (ဖြစ်ခြင်းကြိယာခွဲ)။

(ဂ) ဝါကျ။ ဂယှတေတိ ဂဟေတဗ္ဗော၊ (ယူခြင်းကြိယာခွဲ)။

http://www.dhammadownload.com



(ဃ) ဝါကျ။ ဟိနေ၁တိ ပဝတ္တတိ ဖလံ တေသ္မာတိဟေတု၊ နတ္ထိဟေတု တေသန္တိ အဟေတုကာ (တေသံ)။

၂။ ဟိတ်မရှိခြင်း၏ အဟိတ်စိတ္တုပ္ပါဒ်တို့နှင့် ဂုဏ်+ဂုဏေး စပ် ဗျူ-နိ။

၄။ ဟိတ်မရှိခြင်းဟူသော ဂုဏ်သည် ဝါ-အဟိတ်တရားတို့၏ (ဟိတ် မရှိသည်၏ အဖြစ်ဖြင့်) တစ်ခုသည် ။ပ။ ဇာတ်သည် ပးနိ။ ဂယှတေ ပဟာဏုံ၊ နပဟာဏ အဂ္ဂဟာဏုံ။

၂။ ပဋိသေဓဘော ဂုဏ်၏ ယူခြင်းနှင့် ဂုဏ်+ဂုဏေး စပ် ဗျူ-နိ။

၄။ မယူခြင်းကြီးယာသည့်, ဝါ=မယူခြင်း ဟူသော ဂုဏ်သည် ပ=နိ။

## လိင် စသည် ခွဲပုံ

(ဂ) ဝါကျ။ ဟေတု ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဥကာရန္တ, ကိတနာမပဒ။ (တေသန္တိ ဝေမတ္တံ၌ တေသံ+ဂ္ဂတိ, ဝေံ+အတ္ထံ ပုဒ်ဖြတ်)။

တေသံပုလ္လိင်, ပုရိသာဒိဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, သဗ္ဗနာမ ပဒ။ (ဂ္ဂတိ, ဝေံတို့ကို အလိင်, နိပါတ်ပုဒ်ခွဲပါ။ အတ္ထံကို ပုလ္လိင်, ပုရိသာဒိ ဂိုဏ်းခွဲ)။

အဂ္ဂဟေတ္ဝာ-အလိင်, ဂဏာဝိမုတ်, အာကာရန္တ, ကမ္မဝါရယ သမာသ-ပဒ။

[(ရူ) အတ္ထံနသာ တပ္ပုရိသ သုတ်အဖွင့်၌ အကတွာကို ကမ္မဓာရည်း သမာသ်ဆိုထားသည်ကို ထောက်ပါ။]

(ဃ) ဝါကျ။ ဂ္ဂတရထာနအလိင်, ဂဏာဝိမုတ်, အာကာရန္တ, ပကာရ ကဒ္ဒိတ်ပုဒ်, ဝါ၊ အဗျယတဒ္ဓိတ်ပုဒ် တနည်း နိပါတ်ပုဒ်။

အဟေတုကစန်း=ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

အဂ္ဂဟာဏံ=နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

ဘဝေယျ=အလိင်, ဘူဝါဒိဂိုဏ်း (ပကတိကာရန္တ+အတွင်းကာရန်) အကာရန္တ, အာချာတပဒ။ (ဘူဓာတ်+အပစ္စည်း+ယျေဝိဘတ်)။

http://www.dhammadownload.com



(င) ဝါကျ။ (ဟေတုယော- ဟေတု+ဝေါ၊ နတ္ထိ=န+အတ္ထိပုဒ်ဖြတ်)။
အတ္ထိ- အလိင်, ဘူဝါဒိဂိုဏ်း, အကာရန္တ, အာချာတပဒ။
(အသဓာတ်+အပစ္စည်း+တိဝိဘတ်။)
သိယာ အတ္ထိနှင့်တူ၏ (အသဓာတ်+အပစ္စည်း+ယျဝိဘတ်)။

## အာဒေသာ်သံဝဏ္ဏနာ

(က) ဝါကျ။ ဒဿနေနပဟာတဗ္ဗာ ဟေတု တော သံဖြင့် ဒဿနေန ပဟာတဗ္ဗာ ဟေတုကာပုဒ်ကို ဤကဲ့သို့ စတုတ္ထီ ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း (သမာသလိင်္ဂတ္ထ) ပုဒ်အဆုံး၌ က အက္ခရာသည် အနက်ထူးမရှိသမာသန္တကဏ်၏အဖြစ်ကိုလည်းကောင်း(ဘာဝတ္ထ) သိစေ၏။

(ခ) ဝါကျ။ ဤ (ခ) ဝါကျဖြင့် ဒုတိယပုဒ်၌လည်း ပထမပုဒ်ကဲ့သို့ စတုတ္ထီ ဆဋ္ဌီ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း (ဘာဝတ္ထ၊ ဝါ သမာသလိင်္ဂတ္ထ) ပုဒ်အဆုံး က အက္ခရာ၏ အနက်ထူးမရှိ သမာသန္တကဏ်၏ အဖြစ်ကိုလည်းကောင်း (ဘာဝတ္ထ) ညွှန်ပြသိစေ၏။

(ဂ) ဝါကျ။ ဤ (ဂ) ဝါကျဖြင့် တတိယာပုဒ်၌ကား ပထမပုဒ် ဒုတိယ ပုဒ်တို့ကဲ့သို့ စတုတ္ထီ, ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ နှစ်မျိုးမပြုမူ၍ စတုတ္ထီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထကိုသာ ပြုရမည်ဟု သိစေ၏။ (သမာသလိင်္ဂတ္ထ)။

(ဃ) ဝါကျ။ ဟိဖြင့် ဉာတိရေကတ္ထဇောတကအဖြစ်ကိုသိစေ၏ (အတ္ထ၊ ဘာဝတ္ထ)။

ကြွင်းသော (ဃ) ဝါကျဖြင့် အကယ်၍ တတိယပုဒ်ကို ဆဋ္ဌီ ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ ပြုလိုက်ပါက ရရှိနိုင်သောအပြစ် (လဒ္ဓဒေါသ) ကို သိစေ၏ (ဘာဝတ္ထ)။

(င) ဝါကျ။ ဟိဖြင့် ကာရဏတ္ထ ဇောတက၊ (တနည်း) ဒဠှီကရဏတ္ထ ဇောတကအဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)။

ကြွင်းသော (င) ဝါကျဖြင့် ရှေ့ဝါကျ၌ဆိုခဲ့သောတတိယပုဒ်ဖြင့် အဟိတ် တရားတို့ကိုမယူနိုင်ခြင်း၏ အကြောင်းကို ပရိကပ္ပအားဖြင့်သိစေ၏(ဘာဝတ္ထ)

-တတိယအကြိမ်

http://www.dhammadownload.com



## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ ။ ပဟာတဗ္ဗော, ပဟာတဗ္ဗ၌ ပ-သဒ္ဒါ ဓါတွတ္ထာနုဝတ္တက။

(ခ) ဝါကျ ။ ပိ (အပိ) သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ဘိဏ္ဍနတ္ထ။

ထို ပိ (အပိ) သဒ္ဒါထားရပုံ

ပထမပုဒ်၌သာ ဤစတုတ္ထီ, ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုနည်းကို သိအပ်သည်မဟုတ်သေး၊ ဒုတိယပုဒ်၌လည်း စတုတ္ထီ ဆဋ္ဌီ, ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထပြုနည်းကို သိအပ်သေး၏ဟူသော ပိဏ္ဍတ္ထအဓိပ္ပါယ်ကို သိစေလိုသောကြောင့် ဝါ-သမုစ္စည်းအနက်, သမ္ဘိဏ္ဍနအနက်ကို ပြလိုသောကြောင့် (ခ) ဝါကျ၌ ပိ(အပိ) သဒ္ဒါကိုထား၏။

ဧသေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

ထိုဧဝဖြင့် ပြအပ်သော ဂဟေတဗ္ဗတ္ထ စသည်ကား -

၁။ ဒုတိယပုဒ်၌ စတုတ္ထီ, ဆဋ္ဌီ, ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထနည်းသည် ဂဟေတဗ္ဗတ္ထ။

၂။ ကမ္မဓာရည်း, ဒွန်စသော သမာသ် ဝစနတ္ထတို့သည် နိဝတ္တေတဗ္ဗတ္ထ။

၃။ ဒုတိယပုဒ်၏အနက် အဓိပ္ပါယ် သဘောတို့သည် အနုညာတတ္ထ

(ဂ) ဝါကျ ။ ဧတေသန္တိ ဧဝမတ္ထံ, အတ္ထီတိ ဧဝမတ္ထော‌တို့၌ ဣတိဧဝံ သဒ္ဒါများ နိဒဿနတ္ထ။

(တနည်း) ဣတိသဒ္ဒါ-အာကာရတ္ထ၊ ဧဝံသဒ္ဒါ နိဒဿနတ္ထ။

(ဃ) ဝါကျ ။ ဟိ သဒ္ဒါ ဇောတိရေကတ္ထ ဇောတက, တပ္ပါကဋ္ဌီ ကရဏတ္ထ, လဒ္ဓဒေါသတ္ထ ဇောတက, ဒဠှီကရဏတ္ထ ဇောတက။

အဟေတုကာနံ၌ အ-သဒ္ဒါ ဝိရဟတ္ထ, ပဋိသေဓတ္ထ။

အဂ္ဂဟဏံ၌ အ-သဒ္ဒါ ပဋိယေဓတ္ထ။

(င) ဝါကျ ။ ဧဝ သဒ္ဒါ အဝဓာရဏတ္ထ။ ထိုဧဝသဒ္ဒါ၏ ဥာပေတဗ္ဗတ္ထကား -

ထိုဧဝသဒ္ဒါဖြင့် အဟိတ်တရားတို့အား လောဘ, ဒေါသ, မောဟ ဟိတ်တရားတို့သည် မရှိကုန်၊ ဇနကဟိတ် စသည်တို့ကား ရှိကုန်သေး၏ ဟူသော အဓိပ္ပာယ်ကို သိစေ၏။

- တတိယအကြိမ် -

http://www.dhammadownload.com



ဝေသဒ္ဒေန လောဘ, ဒေါသ, မောဟ သင်္ခါတာဟေတူ အဟေတုကာနံ နတ္ထိ၊ ဇနကဟေတုအာဒါယ အတ္တေ ဝါပိ ဉာပေတိ (-ယောဇနာ ၆၈) ထိုဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ စသည်ကား —

၁။ လောဘ, ဒေါသ, မောဟဟိတ်တို့သည် နိဝတ္တေတဗ္ဗတ္ထ။

(တနည်း) လောဘ, ဒေါသ, မောဟ ဟိတ်တို့သည် အဟိတ်တရားတို့အား မရှိကုန် ဟု တားမြစ်အပ်သော အနက်သည် နိဝတ္တေတဗ္ဗတ္ထ။

၂။ ဇနကဟိတ် စသည်တို့သည် အနုညာတတ္ထ။

မှတ်ချက်။ ၁၅၂ (င) ဝါကျ၌ နတ္ထိ ဟူသော ပဋိသေဓ ကြိယာ ပါရှိနေ၍ ဝေ ထိုင်ရာပုဒ်၏ ဝါ-ဝေထိုင်ရာဝါကျအနက်များကို ဂဟေတဗ္ဗတ္ထ မယူမူ၍ နိဝတ္တေတဗ္ဗတ္ထ ယူထားသည်။

ဟိ သဒ္ဒါကာရကတ္ထ (နိဿယ) ဒဠှီကရဏတ္ထ (ယောဇနာ)။

## သဗ္ဗနာမ်ပုဒ်တို့၏ စွဲရာအနက်နှင့် ဝိသယနာမည်

(ဃ) ဝါကျ။ ဣတရထာ၌ ဣတရသည် ဆဋ္ဌီ ဗဟုဗ္ဗီဟိ အနက်ကို စွဲသည်၊ ဣတရထာ အစ္စ, ဣတမှထာဖြင့် ညွှန်းအပ်သော အနက်ဆိုကလည်း ဆဋ္ဌီဗဟုဗ္ဗီဟိအနက်ပင် ဖြစ်သည်။

ဝိသယနာမည်ကား ဆဋ္ဌီဗဟုဗ္ဗီဟိ အနက်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

(င) ဝါကျ။ တေသံ၌ တသည် အဟိတ်တရားကို စွဲ၏။ ဝိသယနာမည်ကား အဟိတ်တရားဒြပ်ကို စွဲသောကြောင့် ပက္ကန္တ ဝိသယ။

ယော၌ တသည် ဟိတ်ကိုစွဲ၏။ ဝိသယနာမည်ကား ဟိတ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

ထည့်အပ်သော သော၌ တ သည် ဟေတုယာ ဟု အစွဲတိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။ (တနည်း) အနိယမ ယ, သဒ္ဒါစွဲသော ဟိတ် ဟူသော အနက်ကို စွဲသောကြောင့် နိယမဝိသယ တ မည်၏။

http://www.dhammadownload.com



## ကြိယာဒေါးတန် ထုတ်ပုံ

(က) ဝါကျ။ (ဒသာနေနအရ, ပဟာတဗ္ဗောဒ္ဓ ဟာ ဓာတ်တို့အရ သောတာပတ္တိမဂ်ကိုယူ၍ ထုတ်ပြ)။

(ဂ) ဝါကျ။ ဂဟေတဗ္ဗောဒ္ဓ အနုတ္တ ဓာတ်အရ ကတ္တုရွှ ကြိယာ အရဒ

၁။ ပညာရှိသန္တာန်၌ ယူသော အခြင်းအရာအားဖြင့် ဖြစ်သော သတိ, ဝီရိယ, ဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ် သည် ဒ။

၂။ ယောနိသော မနသိကာရသည် ဒီ။

၃။ ယူမှတ်သည့်အတိုင်း အနက်, အဓိပ္ပာယ်ရှိရခြင်း, သံသယကင်း ခြင်း, အသိဉာဏ်တိုးပွားခြင်း စသည်တို့သည် ပ။

၄။ သဒ္ဓမ္မသာဝန စသည်တို့သည် ဝိ။

၅။ အကျင့် ပဋိပတ်, မဂ်=ဖိုလ် ဟူသော ပဋိဝေဓ စသည်တို့ အနု။

## ပဋ္ဌာန်း ပစ္စည်း၊ပြိုင်

(က) ဝါကျ။ ပစ္စည်း၊ပြိုင် စည်းမျဉ်းအဖြေ၌ ပြခဲ့ပြီ။

(ဂ) ဝါကျ။ အတ္ထော ဂဟေတဗ္ဗောဒ္ဓ အတ္ထော ဟူသော ဝုတ္တာကံပုဒ် အရ, တဗ္ဗပစ္စည်းတို့အရ အနက်တည်းဟူသော တတိယပုဒ်အရ ဖြစ်သော ရုပ်, နာမ်တရားတို့သည် ဂဟေတဗ္ဗောဒ္ဓ ဂဟဓာတ်အရ သတိ, ဝီရိယ,ဉာဏ်ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

ပြိုင်-ယထာရဟ, အာ၊ ဓိ၊ ဥပ (၃)

ပဏ္ဍိတေန ဟူသော ပါဋ္ဌသော ကတ္တားအရ ပညာရှိသန္တာန်၌ ဖြစ်သော ဉာဏ်ပညာ ပစ္စည်းတရားသည် ဂဟေတဗ္ဗောဒ္ဓ ဂဟဓာတ်အရ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တရားအား သဟ ပြု၏။

ပြိုင်-ဟေ၊ ဓိ၊ သဟ၊ ည၊ နိ၊ ဣ၊ မဂ္ဂ၊ သံ၊ ဌိ၊ အဝိ (၁၀)။

http://www.dhammadownload.com

# အာစယဂါမိတိက်အဖွင့် (က)

(က) ကမ္မကိလေသေဟိ အာစိယတီတိ အာစယော။

(ခ) ပဋိသန္ဓိ, စုတိ, ဂတိပ္ပဝတ္တာနံ ဧတံ နာမံ။

(ဂ) တဿ ကာရဏံ ဟုတွာ နိပ္ဖါဒန ဘာဝေန တံ အာစယံ ဂစ္ဆန္တီတိ။

(ဃ) ယဿ ဝါ ပဝတ္တန္တိ၊ တံပုဂ္ဂလံ ယထာဝုတ္တမေဝ အာစယံ ဂမေန္တီတိပိ အာစယ ဂါမိနော။

(င) သာသဝ ကုသလာ ကုသလာနံ ဧတံ အဓိဝစနံ၊ (ဋ္ဌ-ဂ၆)။

## အနက်ထူး

(ခ) အမှတ် ဝါကျ၌ ပြအပ်သော တရားကို ကံပုဒ်ပြု၍ (က) အမှတ် ဝါကျကို အနက်ယောဇနာပုံ-

ယော ပဋိသန္ဓိ စုတိ ဂတိ ပဝတ္တဓမ္မော - အကြင်ပဋိသန္ဓိ, စုတိ, ဂတိ, ပဝတ္တဖြစ်သော တရားကို။ ကမ္မကိလေသေ ဟိ-ကံ ကိလေသာတို့သည်။ အာစိယတိ၊ ပွားစေအပ်၏။ ဝါ၊ ဆည်းပူးအပ်၏။ ပါ၊ စီထားအပ်၏။ ဣတိတသ္မာ၊ ထိုသို့ ကံ, ကိလေသာတို့သည် ပွားစေအပ်, ဆည်းပူးအပ်, စီထားအပ်သည်၏ အဖြစ်ကြောင့်။ သော ပဋိသန္ဓိ စုတိ, ဂတိ, ပဝတ္တဓမ္မော၊ ထိုပဋိသန္ဓိ,စုတိ, ဂတိ ပဝတ္တ ဖြစ်သော တရားသည်။ အာစယော အာစယ၊ မည်၏။

## ကျမ်းတက် (ဌပနာပဥ္စက)

### ပုဏ္ဏ၁တက်

(က) ဝါကျ။ ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ အာစယ ဟု ဟောတော်မူ၏၊ ဤမျှသာပြဆိုချေသော် အာစယ၌ အ ပစ္စည်းသည် ကတ္တု သဓနစသော အနက်ကိုဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော (ဘော) ။ပ။ အာစယော၌ အပစ္စည်း၏ ဟောသင့်သော အနက်ကိုလည်း ဝါ၊ ဟောတု ကမ္မ သာဓနကိုလည်း ပြဆိုသင့်သေး၏၊ (နွ) (စသည်)။

http://www.dhammadownload.com



(စောဒနာတက်လျှင်အတိဗျာပိတာ ဒေါသတင်တက်)။

(ခ) ဝါကျ။ ဆရာ ဆရာသည် (က) ဝါကျဖြင့် အာစယောပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။....သော် အာစယောပုဒ်၏ ဝစနတ္ထကိုသာပြ၍ အဘိဓေယျတ္ထကိုကား မပြအပ်သေးသည် မဟုတ်ပါလော (ဘော) ။ပ။ ထို အာစယောပုဒ်၏ အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏ (နွ) (စသည်)။

(စောဒနာတက်လျှင် အဗျာပိတဒေါသ တင်တက်)။

(ဂ) ဝါကျ။ ဆရာ ဆရာသည် (က) (ခ) ဝါကျတို့ဖြင့်အာစယပုဒ်၏ ဝစနတ္ထ၊ အာစယပုဒ်၏ အဘိဓေယျတ္ထတို့ကို ပြဆိုတော်မူ၏၊ သော် အာစယ ပုဒ်၏ ဝစနတ္ထနှင့် အဘိဓေယျတ္ထကိုသာ ပြ၍ အာစယ ဂါမိနော ပုဒ်၏ ဝစနတ္ထကိုကား မပြရသေးသည် မဟုတ်ပါလော၊ (စသည်)။

(တနည်း) အာစယပုဒ်၏ အတ္ထသံဝဏ္ဏနာမှတစ်ပါး အာစယ ဂါမိနော ပုဒ်၏ အတ္ထသံဝဏ္ဏနာ ဖြစ်သည်ကို ရှု၍လည်း ကျမ်းတက်နိုင်၏။ (စောဒနာ တက်လျှင် အဗျာပိ ဒေါသတင်တက်)။

(ဃ) ဝါကျ။ ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ကံ, ကိလေသာ တို့သည် ပွားစေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိ ဟု ဆိုအပ်သော ဝဋ္ဋတရား သို့ ရောက်တတ်သောကြောင့် အာစယဂါမီ မည်သော ဟု ပြဆိုတော်မူ၏။.... သော် ဤဆိုအပ်ပြီးသော အကြောင်းကြောင့်သာလျှင် အာစယဂါမီ မည်၏ ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (ဘော) ။ပ။ အာစယဂါမီ မည်ခြင်း၏ အကြောင်းတစ်ပါးကိုလည်း ပြဆိုသင့်သေး၏၊ (နွ) (စသည်)။

[မှတ်ချက်။ ။(ဂ-ဃ) ၂-ဝါကျကို တစ်ဝါကျအနေဖြင့် ကျမ်းတက်လျှင် အဆက်ပါ (ဂ) ဝါကျ ကျမ်းတက်အတိုင်းတက်ပါ။]

(င) ဝါကျ။ ဆရာ ဆရာသည် (ဂ-ဃ) နှစ်ဝါကျတို့ဖြင့် အာစယ ဂါမိနောပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏၊....သော် အာစယ ဂါမိနောပုဒ်၏ ဝစနတ္ထကိုသာပြ၍ အဘိဓေယျတ္ထကိုကား မပြအပ်သေးသည် မဟုတ်ပါလော၊ ဝါ၊ အာစယ ဂါမိနောပုဒ်၏ အဘိဓေယျတ္ထသည်လည်း ရှိသင့်သည် မဟုတ် ပါလော။ ဝါ၊ အာစယ ဂါမိနောပုဒ်၏ အဘိဓေယျတ္ထကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော (စသည်)။

http://www.dhammadownload.com



## ပါဠိပနာဒီ ကျမ်းတက်

(က) ဝါကျ။ အာစယ၌အ ပစ္စည်းသည် ကတ္တုသာဓန စသော အနက်ကို ဟော၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ခ) ဝါကျ။ အာစယောပုဒ်၏ ဝစနတ္ထသာရှိ၍ အဘိဓေယျတ္ထ မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ဂ) ဝါကျ။ အာစယ ဂါမိနောပုဒ်၏ ဝစနတ္ထ မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ဃ) ဝါကျ။ အာစယဂါမိ မည်ခြင်း၏အကြောင်းတစ်ပါးမရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ဂ) (ဃ) ၂ ဝါကျကို တစ်ဝါကျတည်းအနေထား၍ ကျမ်းတက်လျှင်လည်း ယခင် (ဂ) ဝါကျ ကျမ်းတက်အတိုင်းတက်ပါ။

(င) ဝါကျ။ အာစယ ဂါမိနောပုဒ်၏ ဝစနတ္ထသာရှိ၍ အဘိဓေယျတ္ထ မရှိ ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

## ဒေါသ သင့်ပုံ, ပယ်ပုံ

ရှေးအဋ္ဌကထာ စကားရပ်ကို ထောက်လျှင် (က) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏ ဒေါသတို့ကို ပယ်၏။

ပါဠိတော်ကို ထောက်ဆလျှင် အာစယ၌ အစစ္စည်း၏ ဟောတုကတ္တုသာဓန စသော အနက်တို့၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(ခ) ဝါကျဖြင့် ဝစနတ္ထမှတစ်ပါး အဘိဓေယျတ္ထကို ပြသဖြင့် အလိုရှိအပ်သော ။ပ။ ကြောင့်၊ အဗျာပိတဒေါသ, အပရိပုဏ္ဏ ဒေါသတို့ကို ပယ်၏။ (တနည်း) အာစယ သာမညဉ် အလွန် မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(ဂ) (ဃ) ဝါကျတို့ဖြင့် အသီးအသီး အဗျာပိတဒေါသ, အပရိပုဏ္ဏ ဒေါသတို့ကို ပယ်၏။

http://www.dhammadownload.com



(င) ဝါကျဖြင့် အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ ပယ်ပုံအကြောင်းကို (ခ) ဝါကျနည်းမှီ သိပါ။ (တနည်း) အာစယဂါမိသာမည၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အဗျာပိတဒေါသကို ပယ်၏။

[အမှာ။ ။ဤမှနောက်၌ ဒေါသသင့်ပုံ, ပယ်ပုံဆိုရာဝယ် အဗျာပိတဒေါသ ရလျှင် အပရိပုဏ္ဏဒေါသ ရသည်ဟု သိပါ၊ ထိုအပရိပုဏ္ဏဒေါသကို ထည့်မရေးတော့ပါ။]

## ဝါ သဒ္ဒါထားရပုံ

အာစယဂါမိနော၌ ကိပစ္စည်း၏ သုဒ္ဓကတ္တုသာခ် အနက်အကြောင်းမှ တစ်ပါး၊ ဟေတုကတ္တုသာခ်အနက်အကြောင်းတစ်ပါးကိုလဲလိုသောကြောင့် (ဃ) ဝါကျ၌ ဝါ-သဒ္ဒါထား၏။

## တနည်း ဝါသဒ္ဒါထားရပုံ

ဝဒန္တပက္ခ၌ (အထက်ပါ အနက်အကြောင်းနှင့်) အာစယဂါမိနောဝယ် ဂါမိနော၏ သုဒ္ဓကတ္တုသာခ် ဝိဂ္ဂဟသဒ္ဒါ၊ သုဒ္ဓကတ္တုသာခ် ကိတ်ပုဒ်သဒ္ဒါ (တနည်း) အာစယဂါမိနော၏ ကိတန္တ ဒုတိယာ တပ္ပုရိသ် သမာသ် ကတ္တုသာခ် ဝိဂ္ဂဟာသဒ္ဒါ၊ ကိတန္တ ဒုတိယာ တပ္ပုရိသ် သမာသ် ကတ္တုသာခ် ကိတ်ပုဒ်သဒ္ဒါ အကျိုးမှတစ်ပါး ကိတန္တ ဒုတိယာ တပ္ပုရိသ် သမာသ် ဟေတုကတ္တုသာခ် ဝိဂ္ဂဟာသဒ္ဒါ၊ ဂါမိနော၏ ဟေတု ကတ္တုသာခ် ဝိဂ္ဂဟာသဒ္ဒါ, ဟေတု ကတ္တုသာခ် ကိတ်ပုဒ်သဒ္ဒါ, (တနည်း) အာစယ ဂါမိနော၏ ကိတန္တ ဒုတိယာ တပ္ပုရိသ် သမာသ် ဟေတုကတ္တုသာခ် ကိတ်ပုဒ်သဒ္ဒါ အကျိုးတစ်ပါးကို လဲလိုသောကြောင့် (ဃ) ဝါကျ၌ ဝါ-သဒ္ဒါထား၏။

သုဏန္တပက္ခ၌ [အကြောင်းနေရာ အကျိုး, အကျိုးနေရာ အကြောင်း ပြောင်းလဲ၍ ဆိုရိုးသာထူး၏] နှစ်ဝိကပ်လုံး၌ အကုသိုလ် ဒွါဒသ လောကီကုသိုလ် သတ္တရသ၊ စိတ္တုပ္ပါဒ်ချည်း ရ၍ အရကောက် အဘိဓေယျတ္ထ (အဘိဓေယျအနက်) ကား မလဲပါ။

## နာမံ ထားရပုံ

အာစယသဒ္ဒါ၏ အထင်ရှား၊ ဇကဒေသျူပစာ အဖြစ်ကို ပြလိုသောကြောင့် (ခ) ဝါကျ၌ 'နာမံ' သဒ္ဒါထားသည်။

http://www.dhammadownload.com



## အမိဝစနံ ထားရပုံ

အာစယဂါမိသဒ္ဒါ၏ အထင်ရှင့်ကိုဓနဒေသမျှပစာ အဖြစ်ကို ပြလိုသော ကြောင့် (င) ဝါကျ၌ 'အမိဝစနံ' ထား၏။

## ပိ (အပိ) သဒ္ဒါထားရပုံ

သုဒ္ဓကတ္တုသာဓ် ဝစနတ္ထကြောင့်သာ လျှင် အာစယဂါမိမည်သည် မဟုတ်သေး၊ ဟေတုကတ္တုသာဓ် ဝစနတ္ထကြောင့်လည်း အာစယဂါမိ မည်သေး၏ ဟူသော သမုစ္စည်းအနက်, သမ္ဘာဝနာအနက်ကို ပြလိုသောကြောင့် (ဃ) ဝါကျ၌ ပိ (အပိ) သဒ္ဒါထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ကရီယတီတိ ကမ္မံ၊ ကိလေသေတီတိ ကိလေသော။ ကမ္မဉ္စ ကိလေသော စ ကမ္မကိလေသာ၊ (တေဟိ)

၂။ ကံ, ကိလေသာတို့၏ အချင်းချင်း ငွဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည်။

၄။ ကံ, ကိလေသာတို့၏ အချင်းချင်း ငွဲခြင်းဂုဏ်သည် ဝါ-ကံ, ကိလေသာ ဟူသော အမည်သည်။

(ခ) ဝါကျ၊ ပဋိသန္ဓဟတီတိ ပဋိသန္ဓိ။

[မှတ်ချက်။ ။ပဋိသန္ဓာနံ ပဋိသန္ဓိ (ဋီကာကျော်၊ ကိစ္စသင်္ဂဟ-၁၂၅။) ပဋိသန္ဓဟန (ဝသေန) (ဂုဏ်းဝိထိမုတ်ပိုင်း မရဏုပ္ပတ္တိအဖွင့်-၁၉၀) ပဋိသန္ဓဟနံ (မဏိသာရမဉ္ဇူသာ ကိစ္စသင်္ဂဟ-၃၈၄)

ပဋိသန္ဓဟတီတိ ပဋိသန္ဓိ (ဘာသာဋီကာ မရဏုပ္ပတ္တိအဖွင့်-၄၂၄) ဤသို့ ပါဌ်အမျိုးမျိုး ရှိကြ၏။]

ဝစနံ စုတိ၊ ဂန္တဗ္ဗာတိ ဂတိ၊ ပဝတ္တတီတိ၊ ပဝတ္တံ၊ ဂတိယံ ပဝတ္တံ ဂတိ ပဝတ္တံ။

http://www.dhammadownload.com



ပဋိသန္ဓိ စ စုတိ စ ပဋိသန္ဓိ စုတိ၊

ပဋိသန္ဓိ စုတိ ဧဝ ဂတိပဝတ္တံ ပဋိသန္ဓိ စုတိဂတိ ပဝတ္တံ။ (ယောဇနာ)

ပဋိသန္ဓိ စ စုတိ စ ဂတိ စ ပဋိသန္ဓိ စုတိဂတိ၊ ပဋိသန္ဓိ စုတိ ဂတိဧဝ ပဝတ္တံ ပဋိသန္ဓိ စုတိ ဂတိ ပဝတ္တံ၊ (ဂဏ္ဌိ)။

၂။ ပဋိသန္ဓေ စုတိ, ဂတိ တို့၏ ဝဋ္ဋတရားနှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏအေးစပ်။

၄။ ပဋိသန္ဓိ စုတိ ဂတိ ဟု ဆိုအပ်သော ဝဋ္ဋတရားတို့၏ (ဝဋ္ဋတရား အဖြစ်ဖြင့်) တစ်ခုသည် ။ပ။ ဇာတ်သည်။

(ဂ) ဝါကျ။ အတ္တနောဖလံ ကရောတီတိ ကာရကံ၊ (ပြုခြင်းကြိယာ)။ နိပ္ပါဒေတီတိ နိပ္ပါဒနံ၊ နိပ္ပါဒသာန+ဘာဝေါ နိပ္ပါဒနဘာဝေါ၊ (တေန)။ [ဘာဝဝိဂ္ဂဟ=ဥပါဒိန္န တိက်အဖွင့်၌ရှု]

၂။ ပြီးစေတတ်သည်၏ အဖြစ်နှင့် ဂုဏ်+ဂုဏအေး....စပ်....။

၄။ နိပ္ပါဒန ဘောဂုဏ်သည်....။

## ၅ - ရှိရင်း၊ စွဲ ဝိဂ္ဂဟဥ္စခွဲသော် -

၁။ အာစယံ ဂစ္ဆန္တီ ဟူသော ဝိဂ္ဂဟ ဝါကျသည်....။

၂။ အာစ ယ ဟူသော ရှေ့ပုဒ်အရ ဝဋ္ဋတရား၏ ဂါမိနော ဟူသော နောက်ပုဒ်အရ ရောက်တတ် ရောက်ကြောင်း ဖြစ်သော လောကီ ကုသိုလ် အကုသိုလ်တို့နှင့် အကျိ +အကြောင်းအဖြစ်ဖြင့် စပ် ခြင်းသမ္မန်သည် လည်းကောင်း၊ ဝဋ္ဋတရားသို့ ရောက်ခြင်း ကြိယာသည် လည်းကောင်း၊

၄။ [ဆိုလတ္တံ့ (ဂ) ဝါကျ ၄ နှင့်တူ၏။]

(ဂ) ဝါကျ။ သံဇ္ဈနာပါဌ်အရ (အာစိယတီတိ အာစယော) ဂစ္ဆန္တီ- တိ ဂါမိနော။ အာစယံ ဂါမိနော အာစယဂါမိနော ဟုပြု။

၂။ ပဋိလန္ဓေ, စုတိ, ဂတိ ဟု ဆိုအပ်သော ဝဋ္ဋတရားတို့၏ ရောက် တတ်သောလောကီကုသိုလ်အကုသိုလ်တို့နှင့်အကျိုး+အကြောင် စပ်။

http://www.dhammadownload.com



၄။ အာစယမည်သော ပဋိသန္ဓေ စုတိ, ဂတိ ဟူသော ဝဋ်တရားသို့ ရောက်ခြင်းကြိယာသည်။

(ဃ) ဝါကျ။ ပူရေတီတိ ပူတိ (အစိတ်)၊ ပူတိ သဉ်ါတံ အာဟာရံ ဒိလတိ (ဂလတိ) အဒတီတိ ပုဂ္ဂလော (တံပုဂ္ဂလံ) (အဘိဓာန်ဋီကာ။)

၂။ ပူတိ အရ အစာအာဟာရ၏ ဂလအရ မျိုးစားတတ်သူနှင့် ကမ္မ+ကမ္မီ=အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်းသမ္မန် (သမ္မန္ဓ တော, သမ္မန္ဓသကတ်) သည်လည်းကောင်း, ပူတိ ပုဒ်, ဂလပုဒ် (တနည်း) ပူတိ သဒ္ဒူပပဒ+ဂိလ (ဂလ) ဓာတ်+အပစ္စည်း၏ အစာအာဟာရ မျိုစားခြင်း ကြိယာသည် လည်းကောင်း....။

၄။ ပုဂ္ဂိုလ်တို့၏ တစ်ယောက်သည်....ပ....ဓာတ်သည်....။

(တနည်း) မဏိမဉ္ဇူ ပ-၁၆၅ လာ ဝိဂ္ဂဟကား-(ဒိဋ္ဌိ ဝိပန္နော) ပုံနိရယံ ဂလတိ ဂစ္ဆတိ ပုမ္ဗိဝါ နိရယမှိ ဂလတိ နိဗ္ဗတ္တတီတိ ပုဂ္ဂလော။ (သမ္မန္ဓဒိဋ္ဌိကော) ပုံ နိဗ္ဗာနံ ဂလတိ ဂစ္ဆတီတိ ပုဂ္ဂလော (ခွဲလေတော့)။

ဝစိတဗ္ဗောတိ ဝုတ္တော၊ ယထာဝုတ္တော (ဝုတ္တော ပကာရော) ယဿ (အာစယဿာတိ) ယထာ ဝုတ္တော၊ (တံယထာဝုတ္တံ) (ပဟုဗ္ဗီဟိ)၊

၂။ ဆိုအပ်ပြီးသော အပြား၏ အာစယနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ဆိုအပ်ပြီးသော အပြားရှိခြင်း ဟူသော ဂုဏ်သည်....။

(တနည်း) ဝစိတဗ္ဗောတိ ဝုတ္တော၊ ယောယောဝုတ္တော ယထာဝုတ္တံ၊ (တံယထာဝုတ္တံ။) (ဝိစ္ဆာဗျယီဘော)

၂။ ဆိုအပ်ပြီးသော ဂုဏ်၏ အာစယနှင့် ဂုဏ်+ဂုဏေး....စပ်....။

၄။ ယထာဝုတ္တ ဘောဂုဏ်သည်....။

ဤ (ဃ) ဝါကျ သံဝဏ္ဏနာပါဠိအရ (အာစိယတီတိ အာစယော) ဂမေန္တီတိ ဂါမိနော၊ အာစယံ ဂါမိနော အာစယဂါမိနော။

၂။ အာစယမည်သော ဝဋ်တရား၏ ရောက်စေတတ်သော လောကီ ကုသိုလ် အကုသိုလ်တို့နှင့် အကျိုး+အကြောင်း စပ်။

၄။ အာစယမည်သော ဝဋ်တရားသို့ ရောက်စေခြင်း ကြိယာသည်။

-ဓာတ်ပါအကြံ့မ်-

http://www.dhammadownload.com



( င) ဝါကျ။ အာသာန္တီတိအာသဝါ၊ သဟ အာသဝေဟိ ယေဝတ္တန္တိတိ သာသဝါ။

၂။ တက္ကဖြစ်သော အာသဝ၏ သာသဝ ကုသိုလ်, အကုသိုလ်တို့နှင့် အာရမ္မဏိက+အာရုံ....စပ်....။

၄။ သာသဝ (တရား) တို့၏ တစ်ခုသည်....ပ....ဇာတ်သည်....။

သလယန္တီတိသလာ၊ ကုစ္ဆိတေ+သလာ ကုသလာ။ သလယန္တီတိ သလာ၊ ကုစ္ဆိတေ+သလာ ကုသလာ၊ န+ကုသလာ အကုသလာ။ ကုသလံ စ အကုသလံ စ (ကုသလာ စ အကုသလာ စ) ကုသလာ ကုသလာ သာသဝါ စ တေ ကုသလာ ကုသလာ စာတိ သာသဝ ကုသလာ ကုသလာ (တေသံ)။

သာသဝ ဟူသော ရှေ့ပုဒ်အရ=

၂။ အာသဝေါတရားတို့ အာရုံ၏ (သာသဝ၏) ကုသလာ ကုသလာ ဟူသော နောက်ပုဒ်အရ-ကုသိုလ် အကုသိုလ်တို့နှင့် ဝိသေသန+ဝိသေသျ=ဂုဏ်+ဂုဏီ....စပ်....။

၄။ သာသဝ ကုသိုလ် အကုသိုလ် ဇာတ်သည်....။

## လိင် စသည်ခွဲပုံ

(က) ဝါကျ ကမ္မကိလေသေဟိ-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ၊ ထိုတွင် ကမ္မကို နပုလ္လိင် စိတ္တာဒိဂိုဏ်းခွဲပါ။

အာစိယတိ၌ အာကား အလိင်, ဂဏဝိမုတ်, အာကာရန္တ, ဥပသဂ္ဂပဒ။ စိယတိ-အလိင်, ဘူဝါဒိဂိုဏ်း, (ပကတိကာရန်-အတွင်းကာရန်) ဣကာရန္တ, အာချာတပဒ, (စိဓာတ်-ယပစ္စည်း-တေဝိဘတ်)။

(ဣတိ-အလိင်, နိပါတ်ပုဒ်ခွဲ။ အာစယော-ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ)။

(ခ) ဝါကျ။ ပဋိသန္ဓိ, စုတိ, ဂတိ, ပဝတ္တာနံ ပုဒ်သုံးကို နပုလ္လိင်, စိတ္တာဒိဂိုဏ်းခွဲ။ ပဋိသန္ဓိ စုတိ ဂတိ သုံးပုဒ်ကို ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်း, ချည်းခွဲ။

http://www.dhammadownload.com



(ဂ) ဝါကျ။ အာစယဂါမိနေ ၀ - ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဤကာရန္တ, သမာသနာမပဒ။

[မှတ်ချက် ။အဓိန် - ဝစနံ အဓိဝစနံ ဟု ဝစနတ္ထပြု၍ အဓိဝစနံကား ကမ္မဓာရည်းသမာသ် ဖြစ်သည်။]

## အာစယော်သံဝဏ္ဏနာ

(က) ဝါကျ။ ကမ္မကိလေသေဟိဖြင့် အာစိယတိဌ် ပွားစေခြင်းဟူသည် ကံ, ကိလေသာတို့သည် ပွားစေခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏။ (တနည်း) အာစိယတိကြိယာ၏ အဝုတ္တကတ္တား အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

အာစိယတိဖြင့် အာစယော၌ အာပုဗ္ဗစိဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဒု-ဓာတုပဒ) အာသဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက အဖြစ်ကိုလည်းကောင်း (ဥပသဂ္ဂလိင်္ဂတ္ထ) အပစ္စည်း၏ ဟေတုကမ္မသာဓ်အနက်။ ဝါ၊ သုဒ္ဓကမ္မသာဓ် အနက်ဟောသည်ကို လည်းကောင်း, အာစိယတိတိ အာစယောဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒု ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

('အာစိယတိ၊ ပွားစေအပ်၏။' ဟု အနက်ပေးလျှင် အပစ္စည်းဟေတုကမ္မသာဓနအနက်ဟော။ 'အာစိယတိ၊ စီထားအပ်၏' ဟု အနက်ပေးလျှင် အပစ္စည်း သုဒ္ဓကမ္မသာဓန အနက်ဟော)။

(ခ) ဝါကျဖြင့် အာစယအရ ပဋိသန္ဓေ, စုတိ, ဂတိ ဟု ဆိုအပ်သော မပြတ်လည်စာတ်သော လောကီဝိပါတ် နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့ကို ယူရမည်ဟုလည်းကောင်း (အဘိဓေယျတ္ထ)၊ အာစယသဒ္ဒါ၏ အထင်ရှုဋ္ဌိ, ကေဒေသျူပစာအဖြစ်ကို လည်းကောင်း (ပဒ, ဘာဝတ္ထ) သိစေ၏။

(ဂ) ဝါကျ။ တဿ ကာရဏံ ဟုတွာ နိပ္ဖါဒနဘာဝေနဖြင့် ဂစ္ဆန္တိ၌ ရောက်ခြင်းဟူသည် ကံ, ကိလေသာတို့သည် ပွားစေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိ ဟုဆိုအပ်သော ဝဋ္ဋတရား၏ အကြောင်းဖြစ်၍ ပြီးစေတတ်သည်၏အဖြစ်ဖြင့် ရောက်ခြင်းပင်တည်း ဟူသောအဓိပ္ပာယ်ကို သိစေ၏။ (ဘာဝတ္ထ) ဂစ္ဆန္တိဖြင့် ဂါမိနေ၌ ဂမုဓာတ်အဖြစ်ကို လည်းကောင်း

http://www.dhammadownload.com



(ဒု=ခာတုပဒ) ဏီပစ္စည်း၏ကတ္တုသာဓနအနက်ဟောသည်ကိုလည်းကောင်း, ဂစ္ဆန္တီတိဂါမိနော ဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒု ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

တံ ဖြင့် အာစယ်၌ အာစယအရ ရှေး၌ဆိုအပ်ပြီးသော ကံ, ကိလေသာတို့သည် ပွားစေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိ ဟူသော ဝဋ္ဋတရားကိုပင် ယူရမည်ဟု ညွှန်ပြသိစေ၏။ (အဘိဓေယျတ္ထ)။

အာစယံဂစ္ဆန္တိ ဟူသော အပေါင်းဖြင့် အာစယဂါမိနောပုဒ်ကို အာစယံဂါမိနော အာစယဂါမိနောဟု ဒုတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကို သိစေ၏၊ (သမာသလိင်္ဂတ္ထ၊ အဘိခာနတ္ထ)။ ဤကား အာစယံ-ဂစ္ဆန္တိ၌၊ အစိတ်အပေါင်းနှစ်မျိုးခွဲ၍ အာဘော်ဖော်ခြင်းတည်း။ (တနည်း) အစိတ်အပေါင်း နှစ်မျိုးမခွဲဘဲ အပေါင်း (၁) မျိုးတည်းဖြင့် အာဘော်ဖော်သော်-အာစယံဂစ္ဆန္တိဖြင့် အာစယဂါမိနော၌ အာစယ သဒ္ဒါ ပဒ ဂမုဓာတ်အဖြစ်ကိုလည်းကောင်း၊ (ဒု-ခာတုပဒ)၊ ဏီ-ပစ္စည်း၏ကတ္တုသာဓ်အနက်ဟောသည်ကို လည်းကောင်း။ (ဒု=ပစ္စယတ္ထ)၊ အာစယံ+ပစ္ဆန္တီတိ= အာစယဂါမိနော ဟု ကိတန္တ ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထ၊ ပြုရမည်ကို လည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိခာနတ္ထ) သိစေ၏။

[နောက် (ဃ) ဝါကျ၌လည်းကောင်း၊ အခြားအလားတူ အဖွင့်သံဝဏ္ဏနာတို့၌လည်းကောင်း ဤကဲ့သို့ အာဘော်နှစ်မျိုး ဖော်နိုင်သည်ကို သိပါ။]

(ဃ) ဝါကျ။ ဝါ-ဖြင့် ဝိကပ္ပနတ္ထ ဇောတက, နယန္တရဇောတက အဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)။

ယဿပဝတ္တန္တိဖြင့် ဆိုလတ္တံ့သော တံပုဂ္ဂလံ၌ တံနိယမ၏ အနိယမ အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ) ဝါ=တနိယမ၏ အစွဲ အနိယမကို သိစေ၏။ (သမ္ဗန္ဓာမလိင်္ဂတ္ထ)။

တံ ပုဂ္ဂလံဖြင့် ဂမေန္တီ၌ ကာရိတ်ဏေပစ္စည်း၏ ကံအဖြစ်ကိုလည်းကောင်း, ရှေးအနိယမ၏ နိယမအဖြစ်ကို လည်းကောင်း, သိစေ၏။ (နေယျတ္ထ၊ ဘာဝတ္ထ)။

http://www.dhammadownload.com



ယထာဝုတ္တမေဝဖြင့် အာစယအရ ရှေး၌ဆိုအပ်ပြီးသော ပဋိသန္ဓေ, စုတိ, ဂတိဟူသော ဝဋ္ဋတရားကိုပင် ယူရမည် ဟု ညွှန်ပြသိစေ၏။ (အဘိဓေယျတ္ထ)။

ဂမေန္တီဖြင့် ဂါမိနော၌ ဂမုဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ (ဒု-ဓာတုပဒ) ဏီပစ္စည်း၏ ဟေတုကတ္တုသာဓ် အနက်ဟောသည်ကို လည်းကောင်း, ဂမေန္တီတိ ဂါမိနော ဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ)။

အာစယံ ဂမေန္တိ ဟူသော အပေါင်းဖြင့် အာစယံဂါမိနော အာစယဂါမိနောဟု ဒုတိယာတပ္ပုရိသ် ဝစနတ္ထပြုရမည်ကို သိစေ၏။ (သမာသဒ္ဒလိင်္ဂတ္ထ)။

ဣတိဖြင့် ဟေတွတ္ထဇောတကအဖြစ်, နာမလာဘဟိတ်အဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)။ (တနည်း) ဣတိဖြင့် သကတ်အနက်ကို သိစေ၏။ (သကတ္ထ)။

ပိ (အပိ) ဖြင့် ဟေတုကတ္တုသာဓ် ဝစနတ္ထကြောင့်သာလျှင် အာစယဂါမိမည်သည် မဟုတ်သေး၊ သုဒ္ဓကတ္တုသာဓ် ဝစနတ္ထကြောင့်လည်း အာစယဂါမိ မည်သေး၏။ (သို့မဟုတ်) သုဒ္ဓကတ္တုသာဓ် ဝစနတ္ထကြောင့်လည်း အာစယဂါမိမည်သည် မဟုတ်သေး ဟေတုကတ္တုသာဓ် ဝစနတ္ထကြောင့်လည်း အာစယဂါမိမည်သေး၏ ဟု သိစေ၏။ (အတ္ထ၊ ဘာ ဝတ္ထ)။

(င) ဝါကျ။ ဖြင့် အာစယဂါမိနော အရ အာသဝေါ တရားတို့၏ အာရုံဖြစ်သော လောကီကုသိုလ်, အကုသိုလ်တို့ကို ယူရမည်ဟုလည်းကောင်း (အဘိဓေယျတ္ထ) အာစယဂါမီသဒ္ဒါ၏ အထင်ရှားဝိ, ကေဒေသျူပစာ အဖြစ်ကို လည်းကောင်း, (ပဒ၊ ဘာဝတ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ အာစိယတိ, အာစယောတို့၌ အာသဒ္ဒါဓာတွတ္ထာနုဝတ္တက (တနည်း) စိဓာတ်ကို ဝစုန အနက်ဟောအောင် အထူးပြုပေးရသော ကြောင့် ဓာတွတ္ထ ဝိသေသက။

http://www.dhammadownload.com



(ခ) ဝါကျ။ ပဋိသန္ဓိ၌ ပဋိသဒ္ဒါ ခေတ္တာ နုဝတ္တက၊ (တနည်း) ပုနပ္ပုန ကရဏအနက်ကို ဟော၏။ သံသဒ္ဒါ သမ္ဗန္ဓအနက်ကို ဟော၏။ ပဝတ္တာနံ၌ ပသဒ္ဒါ ပဗန္ဓအနက်ကို ဟော၏။

(ဂ) ဝါကျ။ နိပ္ပါဒနံ၌ နိသဒ္ဒါ ဓာတွတ္ထ ဝိသေသက။ (တနည်း) နိပ္ဖန္နအနက် (နိပ္ဖတ္တိ အနက်) ကို ဟော၏။

(ဃ) ဝါကျ။ ဝါသဒ္ဒါ ဝိကပ္ပနတ္ထဇောတက။ နယန္တရဇောတက။ ပဝတ္တန္တိ၌ ပသဒ္ဒါ ပဗန္ဓ အနက်ဟော။ ယထာ သဒ္ဒါ ပကာရ အနက်ဟော။ (တနည်း) ဝိစ္ဆာအနက်ဟော။ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

ထိုးသဒ္ဒါ၌ ဂဟဏဘာဗ္ဗတ္တ စသည်....

၁။ ဆိုအပ်ပြီးသောကံ ကိလေသာတို့သည် ပွားစေအပ်သော ပဋိ-သန္ဓေ စုတိ ဂတိ ဟု ဆိုအပ်သော ဝဋ်တရားသည် ဂဟေ-တဗ္ဗတ္တ၊

၂။ ဆိုအပ်ပြီး မဟုတ်သော ပွားစေအပ်သော အာစယဆာမည သည် နိဝတ္တေတဗ္ဗတ္တ၊

၃။ ပဋိသန္ဓေ စုတိ ဂတိမှ တစ်ပါး အာစယဂါမိ တရားတို့ရောက်

အပ်သော ဘဝင် စသောတရားတို့သည် အနုညာတတ္တ။

(ယထာ ဝုတ္တသဒ္ဒါဖြင့် ညွှန်ပြအပ်သော အနက်မှာ အာဘော်ဂ-အတိုင်း ပင်။) ပိ (အပိ) သဒ္ဒါ သမုစ္စ ယတ္ထ, သမ္ဘာဝနတ္ထ။

## သဗ္ဗနာမ်ပုဒ်တို့၏ ဝိသယနာမည်

(ခ) ဝါကျ။ တေ၌ တေသည် ဆိုအပ်ပြီးသော အာစယ ဟူသော အမည်ကို စွဲသောကြောင့် ပက္ကန္တဝိသယ၊ (တနည်း) အဓိဝစနံဟု အစွဲ တိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဂ) ဝါကျ။ တဿ၌ တသည် ဆိုအပ်ပြီးသော အာစယဒြပ်ကိုစွဲသော ကြောင့်ဝါ-ကံ ကိလေသာတို့သည် ပွားစေအပ်သော ပဋိသန္ဓေ စုတိ ဂတိဟု ဆိုအပ်သော ဝဋ်တရားဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

http://www.dhammadownload.com



တံ၌ တသည် အာစယ်ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ဃ) ဝါကျ။ ယဿ၌ ယသည် ပုဂ္ဂိုလ်ဒြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

တံ၌ တသည် ပုဂ္ဂလ်ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(င) ဝါကျ။ တေ၌ တေသည် ဆိုအပ်ပြီးသော အာစယဂါမိဟူသော အမည်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။ (တနည်း) အဓိဝစနံဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာ ငါးတန် ထုတ်ပုံ

(က) ဝါကျ။ အာစယောပုဒ်အရ ဒ

၁။ ပဋိသန္ဓေ စုတိ ဂတိ ဟုဆိုအပ်သော ဝဋ္ဋိတရားသည်....။

၂။ ကံ ကိလေသာတို့သည်....။

၃။ နာမ်ရုပ်သည်....။

၄။ အဝိဇ္ဇာ စသည်တို့သည်....။

၅။ သဠာယတန, ဖဿ ဇစသော အကျိုးဆက်တရားတို့သည်....။

အာစိယတိ အာစယော တို့၌၊ အန္တတ္တ အာပုဒ္ဓ စိခေတ်အရ-

၁။ ကံ ထင်ရှားသည်....။

၂။ အဝိဇ္ဇာသည်....။

၃။ ဝိဘတ်စီးဉာဏ်သည် ဝါ၊ ဖဋိသန္ဓေ စုတိ ဂတိ ဟူသော ဝဋ္ဋိတရားသည်....။

၄။ အာသဝေါတရားတို့သည်....။

၅။ နာမ်ရုပ် သဠာယတန စသည်တို့သည်....။

(ထိုစိခေတ်အရ ကိလေသာကို ယူထုတ်လျှင် အကုသိုလ်အတိုင်း ထုတ်ပါ။ နံပါတ် ၃၌ ပဋိသန္ဓေ စုတိ ဂတိ ဟူသော ဝဋ္ဋိတရားထုတ်လျှင် ပိုကောင်း၏။)

-တတိယအကြိမ်-

http://www.dhammadownload.com



(ဂ) ဝါကျ ၅ ရှိ အာစယံ ဂစ္ဆန္တိ (ဃ) ဝါကျရှိ အာစယံ ဂမေန္တိ အာစယ ဂါမိနော ပုဒ်တို့အရ အကုသိုလ်စိတ္တုပ္ပါဒ် လောကီကုသိုလ် စိတ္တုပ္ပါဒ် တို့ကိုယူ၍ တစ်ချက်စီထုတ်ပါ။

(ပဋ္ဌာန်းပစ္စည်းပြိုင်များ စည်းမျဉ်းအဖြေ၌ ပြခဲ့ပြီး)

ကျန်နေသော ပဋိသန္ဓိစုတိ၌ ပစ္စည်းပြိုင်ပုံကား —

စုတိ အရ စုတိစိတ္တုပ္ပါဒ်သည် ပဋိသန္ဓိအရ ပဋိသန္ဓေ စိတ္တုပ္ပါဒ်အား အနန္တရ ပြု၏။

ပြိုင်း=အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နတ္ထိ, ဝိဂတ (၅)။

http://www.dhammadownload.com

# အာစယ ဂါဓိတိက် အဖွင့် (ခ)

(က) ဇတော ဓေ အာစယသင်္ခါတာ စယာ အပေတတ္တာ နိဗ္ဗာနံ အငေ်တံ စယာ တိ အပစယော။

(ခ) တံ အာရမ္မဏံ ကတွာ ပဝတ္တနတော အပစယံ ဂစ္ဆန္တီတိ အပစယ ဂါမိနော။

(ဂ) အရိယမဂ္ဂါနမေတံ အဓိဝစနံ။

(ဃ) အပိစ ပါကာရံ ဟ္လဋ္ဌကဆုကိငိယ ပငတ္တံ အာစိနန္တာ ဂစ္ဆန္တီတိ အာဧယဂါမိနော။

(င) တေန စိတံစိတံ ဠဋ္ဌတံ ဝိဒ္ဓံသယမာနော ပုရိသော ဝိယ တဒေဝ ပငတ္တံ အပစိနန္တာ. ဂစ္ဆန္တီတိ ဆပစ ယဂါမိနော။ (ဋ္ဌ-ဂဇ)။

## အနက်ထူး

(ဃ) ဝါကျ။ အပိစ ရ-အနက်။

၁။ အပိစ အပရောနယော၊ တစ်ပါးသောနည်းကို။ ဝါ၊ နည်း တစ်ပါးကို။ မယ်ာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ဝါ၊ ဆိုအပ်၏။

၂။ အပိစ အပရော နယော-ကို၊ ပဏ္ဍိတေန-သည်၊ ဝေဒိတဗ္ဗော၊ ၏။

၃။ အပိစ အညံဝစနံ ဝတ္တဗ္ဗံအတ္ထိ ဆိုဖွယ်တစ်ပါး စကားရှိသေး၏။

၄။ အပိစ ကိံအညံ ဝတ္တဗ္ဗဝစနံ၊ ဆိုဖွယ်စကား တစ်ရပ်ကား အဘယ်နည်း။

၅။ အပိစ ဝတ္တဗ္ဗဝိသေသံ ဝက္ခာမိ-ဆိုဖွယ်အထူး ပြဆိုဦးအံ့။

၆။ အပိစ၊ သည်သာမကသေး။

၇။ အပိစ-တနည်းလည်း (တနည်းကား)။

-တတိယအကြိမ်-

http://www.dhammadownload.com



## (က) ဝါကျ၌ ဝါကျအပြန်အလှန် အနက်ယောဇနာ

ယေမ္မာ၊ တို့သည်။ ပဝတ္တာံ၊ ကံ ကိလေသာတို့သည် ပွားစေအပ်သော ဧဋ္ဌိသန္ဓေ,စုတိ ဂတိ, ဟု ဆိုအပ်သော ဝဋ်တရားကို။ အာစိနန္တာ၊ စီကုန်လျက်။ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့ သွားသနည်း။ ဣဋ္ဌကဝဍ္ဍကီ၊ အုတ်လက်သမားသည်။ ဝါ၊ ပန်းရံသမားသည်။ ဧါကာရံ၊ တံတိုင်းကို။ အာစိနန္တော၊ စီလျက်။ ဂစ္ဆတိဝိယ၊ သွားသကဲ့သို့တည်း။ (ဣတိတသ္မာ၊ ကြောင့်။ တေမ္မော၊ တို့သည်။ အာစယဂါမိနော၊ အာစယ-ဂါမီ မည်ကုန်၏)။ ( ) ဤအတွင်းရှိ ပါဠိအနက်များ၊ ဝါကျ အပြန်အလှန်၌ မပါ။

## ( င) ဝါကျ၌ ဝါကျ အပြန်အလှန် ဧယာဇနာ

တဒေဝ ပဝတ္တာံ၊ ထိုကံကိလေသာတို့သည် ပွားစေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိ ဟု ဆိုအပ်သော ဝဋ်တရားကိုပယ်လျှင်။ ယေမ္မော၊ တို့သည်။ အပစိနန္တာ၊ ဖျက်ဆီးကုန်လျက်။ ဂစ္ဆန္တိ၊ သွားတတ်ကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့ သွားသနည်း။ တေန ဣဋ္ဌက ဝဍ္ဍကိနာ၊ သည်။ စိတံစိတံ၊ စီတိုင်း စီတိုင်းသော။ ဣဋ္ဌကံ၊ အုတ်ကို။ ပုရိသော၊ တည်။ ဝိဒ္ဓံသယမာနော၊ ဖျက်ဆီးလျက်။ ဂစ္ဆတိဝိယ၊ သွားသကဲ့သို့တည်း။

(ဣတိတသ္မာ၊ ကြောင့်။ တေမ္မော၊ တို့သည်။ အပစယဂါမိနော၊ အပစယဂါမီ မည်ကုန်၏)။

## ကျမ်းတက် (ဌပနာပဋ္ဌက)

### ပုစ္ဆာတက်

(က) ဝါကျ။ ဤ (က) ဝါကျကို ကျမ်းတက်ရာ၌ အာစယဂါမိနော ပုဒ်၏ အတ္ထသံဗဏ္ဏနာမှတစ်ပါး အပစယ (အပစယော) ပုဒ်၏ အတ္ထသံဝဏ္ဏနာ ဖြစ်သည်ကိုရှု၍ ကျမ်းတက်ပါ။

(ခ) ဝါကျသို့ ကျမ်းတက်ရာ၌- အပစယ ဟူသော အစိတ်ပုဒ်၏ အတ္ထသံဝဏ္ဏနာ ဝစနတ္ထမှတစ်ပါး အပစယဂါမိနောဟူသော အပေါင်းပုဒ်၏ အတ္ထသံဝဏ္ဏနာ ဝစနတ္ထ ဖြစ်သည်ကို ရှု၍ တက်ပါ။

-သတိ ၁အကြိမ်-

http://www.dhammadownload.com



(ဂ) ဝါကျသို့ ကျမ်းတက်ရာ၌ - အပစယဂါမိနော ပုဒ်၏ ဝစနတ္ထမှ တစ်ပါး အဘိဓေယျတ္ထ ဖြစ်သည်ကို ရှု၍ ကျမ်းတက်ပါ။

(တနည်း) ဆရာ-ဆရာသည် (ခ) ဝါကျဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သဖြင့် နိဗ္ဗာန်သို့သွားတတ်သောကြောင့် အပစယဂါမီ မည်သောဟု ပြဆိုတော်မူ၏၊....သော် အပစယဂါမီအရ နိဗ္ဗာန်ကို အာရုံပြုနိုင်သော ဂေါတြဘူ, ဝေါဒါန် စသောတရားတို့ကို ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော (-သော)။ပ။ အပစယဂါမီအရ ယူသင့်သော အရိယမဂ်တရား တို့ကိုလည်း ပြဆိုသင့်၏ (နွ) (စသည်)။

(ဤနောက်နည်း၌ စောဒနာတက်လျှင် အတိဗျာပိတဒေါသတင်တက်)။

## (ဃ) (င) နှစ်ဝါကျကို ပေါင်း၍ ကျမ်းတက်

ဆရာ ဆရာသည် ရှေ့၌ ဝဋ္ဋတရားသို့ ရောက်တတ် ရောက်စေတတ်သော ကြောင့် အာစယဂါမီမည်၏၊ နိဗ္ဗာန်သို့ ရောက်တတ်သောကြောင့် အပစယ ဂါမီမည်၏ဟု ပြဆိုတော်မူ၏၊....သော် ဤဆိုအပ်ပြီးသော အကြောင်းတို့ ကြောင့်သာလျှင် အာစယဂါမီ၊ အပစယဂါမီမည်၏ဟု မှတ်အပ်သည် မဟုတ် ပါလော၊ (သော) ထိုသို့ မှတ်အပ်လေသောကြောင့် (သော=ဟော) ဝဋ္ဋ တရားသို့ ရောက်တတ် ရောက်စေတတ်သောကြောင့် အာစယဂါမီမည်၏၊ နိဗ္ဗာန်သို့ ရောက်တတ်သောကြောင့် အပစယဂါမီမည်၏ ဟု၍သာ မဆိုသင့် (၄-၁၀) အာစယဂါမီ၊ အပစယဂါမီ မည်ခြင်း၏ အကြောင်းတစ်ပါး ကိုလည်း ပြဆိုသင့်သေး၏၊ (နု) (စသည်)။

## (ဃ) ဝါကျသက်သက်ကျမ်းတက်ပုံ

ဆရာ-ဆရာသည် ရှေ့၌ ဝဋ္ဋတရားသို့ ရောက်တတ် ရောက်စေတတ်သော ကြောင့် အာစယဂါမီမည်သောဟု ဆိုတော်မူ၏၊....သော် ဤဆိုအပ်ပြီးသော အကြောင်းကြောင့်သာလျှင် အာစယဂါမီမည်၏ဟု မှတ်အပ်သည် မဟုတ်ပါ လော၊ (စသည်)။

## (င) ဝါကျသက်သက် ကျမ်းတက်ပုံ

ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် ဝဋ္ဋတရားကိုစီကုန်လျက် သွားတတ် ကုန်သည်၏အဖြစ်ကြောင့် အာစယဂါမီမည်သော ဟု ဆိုတော်မူ၏၊....သော်

.http://www.dhammadownload.com



အပစယဂါမိမည့်ခြင်း၏ အကြောင်းတစ်ပါးကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါလော။ ဝါ၊ အပစယဂါမိမည့်ခြင်း၏အကြောင်းတစ်ပါးကို မပြဆိုရသေးသည် မဟုတ်ပါလော၊ (စသည်)။

## ပါပနာဒိကျမ်းတက်

(က) (ခ) ဝါကျများ ကျမ်းတက်လွယ်ပြီ။

[အမှာ။ ။ရှေးဌပနာပဋ္ဌက ကျမ်းတက်၌ဖြစ်စေ, ဤပါပနာဒိကျမ်းတက်၌ ဖြစ်စေ, (က) (ခ) ၂-ဝါကျကို တစ်ဝါကျ အနေဖြင့် ကျမ်းတက်လျှင်, အာစယဂါမိနေသပုဒ်၏ အတ္ထသံဝဏ္ဏနာမှတစ်ပါး အာစယဂါမိနေသ ပုဒ်၏ အတ္ထသံဝဏ္ဏနာ ဖြစ်သည်ကို ရှု၍ တက်ပါ။]

## နောက်တနည်း ကျမ်းတက်

အပစယဂါမိအရနိဗ္ဗာန်ကို အဒရှုံပြုနိုင်သော ဂေါတြဘူ,ဝေါဒါန်စသော တရားတို့ကို ယူရမည် ဟူသောအနက်သည် ရောက်ခဲ့ရာ၏။ (စသည်)။

## (ဃ) (င) ဝါကျပေါင်း၍ ကျမ်းတက်

အာစယဂါမီ-အပစယဂါမိမည့်ခြင်း၏ တစ်ပါးသော အကြောင်းများ မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

## (ဃ) ဝါကျသက်သက် ကျမ်းတက်

အာစယဂါမိမည့်ခြင်း၏ တစ်ပါးသောအကြောင်း မရှိဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

## (င) ဝါကျသက်သက် ကျမ်းတက်

အပစယဂါမိ မည့်ခြင်း၏ အကြောင်းတစ်ပါး မရှိဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

-ထ.ဒိယအဖြစ်-

http://www.dhammadownload.com



## ဒေါသ သင့်ပုံ, ပယ်ပုံ

ရှေ့အဖွင့်စကားကို ထောက်လျှင် (က) ဝါကျဖြင့် အဗျာပါဒကို ပယ်၏။ နောက် (ခ) ဝါကျကို ထောက်လျှင် ရှေ့ (က) ဝါကျ၌ အဗျာပါဒ သင့်၏။

(ခ) ဝါကျဖြင့် အဗျာပါဒကို ပယ်၏။

(ဂ) ဝါကျဖြင့်အပစယဂါမိနေသပုဒ်၏ အဘိဓေယျတ္ထကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်စုံသွားသောကြောင့် အဗျာပါဒကို ပယ်၏။

(တနည်း) အပစယဂါမိနေသအရ ဂေါတြဘု, ဝေါဒါန် စသော တရားများကို မယူရ၊ အရိယမဂ်တို့ကိုသာယူရမည်ဟု ပြလိုက်သဖြင့် အနက်အဓိပ္ပာယ် အလွန်ပျံ့နှံ့သောကြောင့် ထို (ဂ) ဝ ကျဖြင့် အတိဗျာပါဒကို ပယ်၏။

(ဃ)(င) ၂-ဝါကျကိုထောက်၍ ရှေ့ကမ္မကိလေသေဟိ စသော အာစယ ပါမိတိက် အဖွင့်စကားရပ်တို့၌ အဗျာပါဒ သင့်၏။

(ဃ) (င) ၂-ဝါကျတို့ဖြင့် အဗျာပါဒကို ပယ်၏။

(င) ဝါကျကိုထောက်၍ (ဃ) ဝါကျ၌ အဗျာပါဒ သင့်၏။

(င) ဝါကျဖြင့် အဗျာပါဒကို ပယ်၏။

## အပိ စ, သဒ္ဒါထားရပုံ

ဝဋ္ဋတရားသို့ရောက်တတ်, ရောက်စေတတ်သည်၏ အဖြစ် ဟူသော သကတ်အနက်, နိဗ္ဗာန်သို့ ရောက်တတ်သည်၏ အဖြစ် ဟူသော သကတ်အနက် အကြောင်း ထိုမှတစ်ပါး၊ ဝဋ္ဋတရားကိုစီလျက် သွားတတ်သည်၏ အဖြစ်ဟူသော သကတ်အနက်, ဝဋ္ဋတရားကို ဖျက်ဆီးလျက် သွားတတ်သည်၏အဖြစ် ဟူသော သကတ်အနက် အကြောင်းတစ်ပါးတို့ကို လဲလိုသောကြောင့် (ဃ) ဝါကျ၌ အပိ စ, ထားပါသည်။

-တတိယအကြိမ်-

http://www.dhammadownload.com



## တနည်း အဝိ စ သဒ္ဒါထားရပုံ

ဝဒန္တပက္ခ၌ (အထက်ပါအနက်အကြောင်းနှင့်) အာစယ ဂါမိနော- အပစယဂါမိနောတို့၏ ကိတန္တ ဒုတိယာ တပ္ပုရိသ် သမာသ် ဝိဂ္ဂဟသဒ္ဒါ၊ ကိတန္တ ဒုတိယာ တပ္ပုရိသ် သမာသ်ပုဒ်သဒ္ဒါအကျိုးမှတစ်ပါး၊ ကမ္မဓာရည်း သမာသ် ဝိဂ္ဂဟသဒ္ဒါ၊ ကမ္မဓာရည်း သမာသ်ပုဒ်သဒ္ဒါ အကျိုးတစ်ပါးကို လဲလိုသောကြောင့် (ဃ) ဝါကျ၌ အဝိ စ သဒ္ဒါထား၏။

သုဏန္တပက္ခ၌ [အကြောင်းနေရာ အကျိုး, အကျိုးနေရာ အကြောင်း ပြောင်းလွဲ၍ ဆိုရိုးသာထူး၏။] ရှေ့နည်း နောက်နည်းတို့၌ ပထမပုဒ်တို့အရ လောကီကုသိုလ်၊ အကုသိုလ်စိတ္တုပ္ပါဒ်၊ ဒုတိယပုဒ်တို့အရ မဂ် ၄-ခု စိတ္တုပ္ပါဒ် တို့ ချည်းရ၍ အရကောက် အဘိဓေယျတ္ထ (အဘိဓေယျအနက်) ကား မလဲပါ။

## အဓိပ္ပါယ်ဝစနံ ထားပုံ

အပစယဂါမီအရ အထင်ရှား၊ ကေဒေသျူပစာအားဖြင့် အရိယမဂ်တို့ကို သာ ယူရမည်ဟု ပြလိုသောကြောင့် (င) ဝါကျ၌ အဓိပ္ပါယ်ဝစနံထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(ခ) ဝါကျရှိ ရှိရင်းစွဲ ဝိဂ္ဂဟ၌ ခွဲသော် –

၁။ အပစယံ ဂစ္ဆန္တီတိ ဟူသော ဝိဂ္ဂဟာ ါကျသည်....။

၂။ အပစယ ဟူသော ရှေ့ပုဒ်အရ နိဗ္ဗာန်၏ ဂါမိနော ဟူသော နောက်ပုဒ်အရ သွားရောက်တတ်သော အရိယမဂ်တရားတို့နှင့် အာရုံ+အာရမ္မဏိက အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် လည်း ကောင်း၊ နိဗ္ဗာန်သို့ သွားရောက်ခြင်း ကြိယာသည် လည်း ကောင်း....။

၄။ [ဆိုလတ္တံ့. (က) (ခ) ဝါကျက ၄ အတိုင်းခွဲ]။

(က) (ခ) ဝါကျ သံဝဏ္ဏနာအရ အပစယဂါမိနော၌ =

(အဖကာစ။ ဥပသာရပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုရပါ)။

http://www.dhammadownload.com



စိယတီတိစယော၊ စယာ အပေတံ အပစယော၊ (အပစယံ)။

ဂစ္ဆန္တီတိ ဂါမိနော၊ အပစယံ ဂါမိနော အပစယဂါမိနော။

၂။ နိဗ္ဗာန်၏ အရိယမဂ်တို့နှင့် အာရုံ+အာရုမ္မဏိက စပ်။

၄။ နိဗ္ဗာန်သို့ ရောက်ခြင်းကြိယာသည်, ဝါ-အရိယမဂ်တို့၏ (အာစယ ဂါမိအဖြစ်ဖြင့်) တစ်ခုသည် ။ပ။ ဇာတ်သည်....။

(ဂ) ဝါကျ။ အရေဘိ (အရယသ်ါတေဟ် ကိလေသေဟိ) အာရကာတိ အရိယာ (အာရကာတဒ္ဓိတ်)

၂။ အချဟူသော တဒ္ဓိတ်ပုဒ်အရ ကိလေသာတို့၏ ကိယ ပစ္စည်းအရ မဂ်တရားတို့နှင့် အပါဒါန + အပါဒါနီ....ဝိသေသန+ ဝိသေသျ စပ်။

၄။ ကိလေသာတို့မှ ကင်းဝေးသည်၏ အဖြစ်ဟူသော ဂုဏ်သည်....။

နိဗ္ဗာနံ မဂ္ဂန္တိ ဂစ္ဆန္တီတိ မဂ္ဂါ။ အရိယာစတေ မဂ္ဂါစာတိ အရိယမဂ္ဂါ (တေသံ အရိယ မဂ္ဂါနံ)

၂။ ကိလေသာတို့မှ ကင်းဝေးသောဂုဏ်၏ မဂ်တရားတို့နှင့် ဂုဏ်+ ဂုဏီ စပ်....။

၄။ အရိယာမဂ်တို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်....။

(ဃ) ဝါကျ သံဝဏ္ဏနာအရ အာစယဂါမိနော၌-

အာစိနန္တီတိ အစိနန္တာ (အာစယာ)၊ ဂစ္ဆန္တီတိ ဂါမိနော။

အာစိနန္တာ (အာစယာ) ဟုတ္တာဂါမိနော အာစိနန္တ (အာစယ) ဂါမိနော။

၂။ စိတတ်ကုန်သည်၏ သွားတတ်သောတရားတို့နှင့် ဝိသေသန+ ဝိသေသျဂုဏ်+ဂုဏီ စပ်။

၄။ အာစယဂါမိတရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်....။

(င) ဝါကျ သံဝဏ္ဏနာအရ အပစယဂါမိနော၌-

အပစိနန္တီတိ အပစိနန္တာ (အပစယာ)။ ဂစ္ဆန္တီတိ ဂါမိနော။

http://www.dhammadownload.com



အပစိနန္တာ (အပစယာ) ဟုတ္ဝာ ဂါမိနော အပစိနန္တ (အပစယ) ဂါမိနော။

၂။ ဖျက်ဆီးတတ်ကုန်သည်၏ သွားတတ်သော တရားတို့နှင့် ဝိသေ သန+ဝိသေသျှ, ဂုဏ်+ဂုဏေး စပ်။

၄။ အပစယဂါမိတရားတို့၏ တစ်ခုသည် ။၁။ ဇာတ်သည်....။

## လိင် စသည် ခွဲပုံ

(က) ဝါကျ။ တတော အလိင်, ဂဏဝိမုတ်, ဩကာရန္တ နိပါတပဒ။

(တနည်း) တတော၌ တ-သည် ပုလ္လိင် ပုရိသာဒိဂိုဏ်း, (သဗ္ဗနာမ် ဂိုဏ်း)။ အကာရန္တ, သဗ္ဗနာမပဒ။

(အာစယသင်္ခါတာ, စယာ ၂ ပုဒ်တို့ကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ)။ အပေတတ္တာ နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, တဒ္ဓိတနာမပဒ။

[မှတ်ချက်။ အပစယော-ဟုပုလ္လိင်, ပုရိသာဒိဂိုဏ်း ရှိသော်လည်း အပ-စယ အရ နိဗ္ဗာန်ကိုကောက်ရသောကြောင့် အဘိဓေယျကို ငဲ့၍ အပစယံဟု နပုလ္လိင်, စိတ္တာဒိဂိုဏ်း ရှိသင့်ပါသည်။]

(ခ) ဝါကျ။ ကတ္ဝာ အလိင်, ဂဏဝိမုတ်, အာကာရန္တ, နိပါတပဒ။ (တနည်း) ကိတပဒ။

အပစယဂါမိနော ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဤကာရန္တ, သမာသနာမပဒ။

(ဃ) ဝါကျ။ (ပါကာရံ-ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ)။

ဣဋ္ဌကစခုကီ-ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဤကာရန္တ, သမာသနာမဒ။

ထိုတွင် ဣဋ္ဌကာ ဣတ္ထိလိင် ကညာဒိဂိုဏ်း, အာကာရန္တ, ကိတနာမပဒ။ အာစိနန္တာ ပုလ္လိင်, ဂစ္ဆန္တာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။

## အာဘော်သံဝဏ္ဏနာ

(က) ဝါကျ။ တတော ဝေဒ္ဓာစယသင်္ခါတာဖြင့် စယာ၌ စယ အရ ရှေး၌ဆိုအပ်ပြီးသော ကံ, ကိလေသာဘို့သည် ပွားစေအပ်သော ဝဋ္ဋိသန္ဓေ့,

http://www.dhammadownload.com



စုတိ, ဂတိ ဟူသော ဝဋ်တရားကိုပင် ယူရမည်ဟု လည်းကောင်း (သရုပ်ကြား အဘိဓေယျတ္ထ) စယသဒ္ဒါသည် အာစယသဒ္ဒါနှင့် အနက်ဟောတူသည်ဟု လည်းကောင်း (သဒ္ဒါဟော အဘိဓေယျတ္ထ) သိစေ၏။ (တနည်း) စယ-သဒ္ဒါ အာစယသဒ္ဒါ၏ ဧဝုစ် ပရိယာယ် စကားလုံး အဖြစ်ကို သိစေ၏။ (ပရိယာယ် အဘိဓေယျတ္ထ။)

[မှတ်ချက်၊ ။ပရိယာယ်ပုဒ် အချင်းချင်း ဖွင့်ရာ၌ အာဘော်ဖော်ရာဝယ် ကတ္တားနှင့် သမ္ဘန်ထားမခြဲ-အယမေတ္ထ ဓမ္မတာတိ အယံ သဘာဝေါ၊ (ဒီ-မဟာဋ္ဌ-၄-၂၄။) ဓမ္မတာတိ ဧတ္ထ ဓမ္မ-သဒ္ဒေါ ပကတိ (သဘာဝ) ပရိယာယောတိ အာဟ အယံ သဘာဝေါတိ (ယင်း-ဋီ-၂၅။)]

အာဘော်ဖော်သော် .... အယမေတ္ထ ဓမ္မတာ ၌ ဓမ္မတာ ဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ဝယ် ဓမ္မသဒ္ဒါသည် ပကတိ (သဘာဝ) သဒ္ဒါ၏ ပရိယာယ် တည်းဟု သိစေပါသည်။ ဤဋီကာ၌ အဖွင့်ခံ သံဝဏ္ဏေတဗ္ဗပုဒ်ကို ကတ္တား ထားပြီး, အဖွင့်သံဝဏ္ဏနာပုဒ်ကို သမ္ဗန်အရာထားသည်။

(တနည်း) မုဟုတ္တေနာတိ ခဏေနာတိ ပဒဘာဇေဝစနံ။ (ဝိမတိ ဋီ-ပ-၁၀၂) အာဘော်....မုဟုတ္တေန သံဝဏ္ဏနာဖြင့် မုဟုတ္တပုဒ် (သဒ္ဒါ) သည် ခဏပုဒ် (သဒ္ဒါ) ၏ ပရိယာယ်တည်း ဟု သိစေပါသည်။

ဤ ဋီကာ ၌ ကား....အဖွင့်သံဝဏ္ဏနာပုဒ်ကို ကတ္တားထားပြီး, အဖွင့် သံဝဏ္ဏေတဗ္ဗပုဒ်ကို သမ္ဗန်ထားသည်။ ပုဒ်စဉ်ကျမ်း သံဝဏ္ဏနာစစ် ပရိယာယ် အဘိဓေယျတ္ထ သံဝဏ္ဏနာ့ပုံစံ=ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဘဂဝါတွင် ဗုဒ္ဓေါဘဂဝါ ၌ အဘိဓေယျတ္ထ သံဝဏ္ဏနာအမည် ပေးရခြင်းအကြောင်းပြ စကားအသွား အလာကို ကြည့်လျှင်လည်း အာဘော်ဖော်လျှင် သံဝဏ္ဏနာပုဒ်ကို ကတ္တား, သံဝဏ္ဏေတဗ္ဗပုဒ်ကို သမ္ဗန်ထားနိုင်ကြောင်း တွေ့မြင်ရ၏။ ထို့ကြောင့် ဤ ဋီကာများနှင့် ပုဒ်စဉ်ကျမ်းတို့ကို ထောက်ထား၍ ပရိယာယ်ပုဒ် အချင်းချင်း ဖွင့်ရာ၌ အာဘော်ဖော်ရာဝယ် သံဝဏ္ဏေတဗ္ဗနှင့်သံဝဏ္ဏနာပုဒ်များ ကတ္တားနှင့်, သမ္ဗန် ထားမခြဲဘဲ သင့်သလိုထား၍ ဖော်နိုင်ကြောင်း သိနိုင်သည်။

ထို့ပြင် သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာပုဒ်တို့ကို ကတ္တားမထားဘဲ သာမည ဆိုကာ အာဘော်ဖော်လျှင်လည်း ဖြစ်နိုင်သည်။

-ဘာတိယာအကြံ-

http://www.dhammadownload.com



ဥပမာ....ပဌမနည်း၌ ဓမ္မသဒ္ဒါ ပကတိသဒ္ဒါ၏ ပရိယာယ်တည်းဟု ဝါ-ပရိယာယ် အဖြစ်ကို သိစေ၏။ နောက်နည်း၌=မုဟုတ္တသဒ္ဒါ, ခဏသဒ္ဒါ၏ ပရိယာယ်တည်းဟု, ဝါ-ပရိယာယ်အဖြစ်ကို သိစေ၏။

အမှန်စင်စစ် ယောဂယျအားဖြင့် မူလအရင်းခံ ပဓာနကို ကတ္တားထား မြဲဖြစ်၍ အရင်းခံ ပဓာန သံဃေဏ္ဏတဗ္ဗပုဒ်ကို ကတ္တားထား အာဘော်ဖော် ခြင်းသာ ယထာဘူတ သဘာဝကျသည် ဟု ထင်မြင်မိပါသည်။

စယာဖြင့် အပေတတ္တာ၌ ကင်းခြင်းဟူသည် ပဋိသန္ဓေ, စုတိ, ဂတိ, ဟူသော ဝဋ္ဋတရားမှ ကင်းခြင်းပင်တည်း ဟု သိစေ၏၊ (ဘာဝတ္ထ)။

အပေတတ္တာဖြင့် အပေတံ၌ အပပုဗ္ဗ+ဣဓာတ်၏အဖြစ်ကို လည်းကောင်း, (ဒုဓာတုပဒ) တ ပစ္စည်း၏ ကတ္တုသာဓ်အနက်၌သက်သည်ကိုလည်းကောင်း, အပေတီတိ အပေတံ ဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒုပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

နိဗ္ဗာနံဖြင့် အပေတအရ (ဝါ) အပစယအရ နိဗ္ဗာန်ကို ယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ)။

အပေတံ စယာဖြင့် အပစယော၌ အပသဒ္ဒါ၏ အပေတအနက်ဟောသည်ကိုလည်းကောင်း (ဥပသဂ္ဂလိင်္ဂတ္ထ) စယာ+အပေတံ အပစယော ဟု ပဥ္စမီ အဗျယီဘော သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

(ဣတိ-ဖော်မြဲ)

(ခ) ဝါကျ။ တံ အာရမ္မဏံ ကတာ ပဝတ္တနတောဖြင့် နိဗ္ဗာန်သို့ရောက် ခြင်းဟူသည် ထိုနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်ခြင်းကြောင့် ရောက်ခြင်းပင်တည်း ဟူသော အဓိပ္ပာယ်ကို သိစေ၏၊ (ဘာဝတ္ထ)။

ဂစ္ဆန္တီဖြင့် ဂါမိနော၌ ဂမုဓာတ်၏အဖြစ်ကို လည်းကောင်း (ဒု-ဓာတုပဒ) ဏီပစ္စည်း၏ ကတ္တုသာဓ်အနက်ဟောသည်၏ အဖြစ်ကိုလည်းကောင်း, ဂစ္ဆန္တီတိ ဂါမိနော ဟ ဝိဂ္ဂဟ ပြုရမည်ကို လည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။ [ဣတိသဒ္ဒါ ဖော်မြဲ]

http://www.dhammadownload.com



အပစယံ ဂစ္ဆတီတိ ဟူသော အပေါင်းဖြင့် အပစယံ+ဂါမိနော အပစယဂါမိနော ဟု ဒုတိယာ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကို သိစေ၏၊ (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ)။

(ဂ) ဝါကျဖြင့် အဂစယဂါမီအရ ဂေါတြဘု, ဝေါဒါန် စသည်မယူရ၊ အရိယာမဂ်ကို ယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ)။

(ဃ) ဝါကျ။ အပိစဖြင့် တစ်ပါးသောနည်းကို ဆိုအံ့ဟူသော ပဋိညာဉ်, စကားပျိုးကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)။

ပါကာရံ ဣဋ္ဌက စဍုကိဝိယဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာနကိုသိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)။

ပငတ္တံဖြင့် အာစိနန္တော၌ စီခြင်းဟူသည် အဆက်မပြတ်ဖြစ်သော ဌေတရားကိုစီခြင်းပင်တည်း ဟူသောအဓိပ္ပာယ်ကို သိစေ၏၊ (ဘာဝတ္ထ)။

အာစိနန္တာဖြင့် အာစယဉ္စ အာပုဗ္ဗ စိဓာတ်၏ အဖြစ်ကို လည်းကောင်း (ဒု-ဓာတုပဒ),အန္တပစ္စည်း၏ကတ္တုသာဓိအနက်ဟောသည်ကိုလည်းကောင်း အာစိနန္တီတိ အာစိနန္တာ ဟု ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း (ဒု-ပစ္စယတ္ထ၊ အဘိဓာနတ္ထ) အာသဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက အဖြစ်ကို လည်းကောင်း (ဥပသဂ္ဂလိင်္ဂတ္ထ), အာစိနန္တ ဟ ဆိုလိုလျက် စိ ဥ် ဣတိကို အ ပြု၊ နာ ပစ္စည်းကို ယ ပြု၊ အန္တ ကို အံပြု၍ ထိုအံကိုချေပြီးလျှင် နိရုတ္တိနည်းဖြင့် အာစယ ဟု ပြီးသည်ကိုလည်းကောင်း (ဘာဝတ္ထ) သိစေ၏။

ဂစ္ဆန္တိဖြင့် ဂါမိနော၌ ဂမုဓာတ်၏အဖြစ်ကိုလည်းကောင်း (ဒု-ဓာတုပဒ), ဏီပစ္စည်းသည် ကတ္တုသာဓိ အနက်ကိုဟော၍ ဂစ္ဆန္တီတိ ဂါမိနော ဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒု-ပစ္စယတ္ထ) သိစေ၏။

အာစိနန္တာ ဂစ္ဆန္တိ ဟူသောအပေါင်းဖြင့် အာစိနန္တာ (အာစယာ) ဟုတ္ဂာဂါမိနော အာစိနန္တ (အာစယ) ဂါမိနောဟု ကမ္မဓာရည်း သမာသ် ဝစနတ္ထ ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ)။

(င) ဝါကျ။ ဧတန စိတံစိတံ ပေ။ ပုရိသောဂိယဖြင့် နှိုင်းယှဉ်ကြောင်း ဥပမာနကို သိစေ၏။ (ဘာဝတ္ထ)။

-တတိယအုပ်ပြီး-

http://www.dhammadownload.com



တဒေဝ ပစ္စတ္တံဖြင့် အစိနန္တာပုဒ်၏ ကံအဖြစ်ကိုသိစေ၏။ (ဘာဝတ္ထ)။

အပစိနန္တာဖြင့် အစစယ၌ အာပုဗ္ဗ စိခေါတ်၏အဖြစ်ကို လည်းကောင်း (ဒု-ခေါတုပဒ) အန္တပစ္စည်းသည် ကတ္တုသာခ်အနက်ကိုဟော၍ အပစိနန္တိတိ အပစိနန္တာ ဟု ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း (ဒု-ပစ္စယတ္ထ) အပ-စိနန္တာဟု ဆိုလိုလျက် စိ ၌ ဣကို အ ပြု၊ နာပစ္စည်းကို ယ ပြု၊ အန္တကို အံပြု၍ ထိုအံကို ချေပြီးလျှင် နိရုတ္တိနည်းဖြင့် အပစယဟု ပြီးသည်ကို လည်းကောင်း (ဘာဝတ္ထ) သိစေ၏။ (ဂန္ထန္တိကို ယခင် ဂန္ထန္တိအတိုင်း ဖော်ပါ)။

အပစိနန္တာ ဂန္ထန္တိ ဟူသော အပေါင်းဖြင့် အပစိနန္တာ (အပစယာ) ဟုတ္ဝာ ဂါမိနော အပစိနန္တာ (အပစယ) ဂါမိနော ဟု ကမ္မခါရည်း သမာသ် ဝစနတ္ထ ပြုရမည်ကို သိစေ၏။ (သမာသလိင်္ဂတ္ထ၊ အဘိခါနတ္ထ)။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ တဒတာနိပါတ် အပါဒါနတ္ထ၊ ဝေသဒ္ဒါအဝခါရ-ထတ္ထ။

ထိုဝေ၏ ဂဟောတဗ္ဗတ္ထသည်ကား —

၁။ ရှေ၌ ဆိုအပ်သော အာစယအရ ဖြစ်ခဲ့သော ကံ, ကိလေသာ တို့သည် ပွားစေအပ်သော ပဋိသန္ဓေ, စုတိ, ဂတိ ဟူသော ဝဋ်တရားသည် ဂဟေတဗ္ဗတ္ထ။

၂။ ရှေ၌ ဆိုအပ်ပြီး မဟုတ်သော ပွားစေအပ်သော အာစယ ဟူသော စယ, သာမညသည် နိဝတ္တေတဗ္ဗတ္ထ။

၃။ နိဗ္ဗာန်၏ ဆင်းရဲခပ်သိမ်းမှ ကင်းသည်၏အဖြစ်သည် အနုညာ တတ္ထ။

အပေတတ္တာ အပေတံ တို့၌ အဖသဒ္ဒါ အပဂတတ္ထ။

အပစယော၌ အပသည် (အပေတံကိုထောက်၍) အပေတတ္ထ။

(ခ) ဝါကျ။ ပဝတ္တနတော၌ ပ, သည် ဓာတွတ္ထာနုဝတ္တက။

(ဃ) ဝါကျ။ အပိ စ နိပါတ်သည် အတ္တန္တရဝိကပ္ပတ္ထ။

•တတိယအကြိမ်•

http://www.dhammadownload.com



အပိစာတိ အတ္ထန္တရဝိကပ္ပတ္ထေ နိပါတော၊ အပရောနယော တိ အတ္ထော။ (သီ-ဋီ-သစ်-ပ-၁၇၆)။

ဝိယနိပါတ် ပဋိဘာဂတ္ထ၊ ဝါ-ဥပမာနတ္ထ။ (ဥပမတ္ထ)။

ပဝတ္တံ၌ ပ သည် ပဗန္ဓတ္ထ။ အာစိန္နတ္တာ၌ အာသည် ခေါတ္တတ္ထနုဝတ္တက။

(င) ဝါကျ။ ဝိဒ္ဓံသယမာနော၌ ဝိသဒ္ဒါ ခေါတ္တတ္ထနုဝတ္တက၊ တဒေဝ၌ ဧဝသဒ္ဒါ အဝဓာရဏတ္ထ။

ထိုဧဝသဒ္ဒါ၏ ဂဟေတဗ္ဗတ္ထ စသည်ကား -

၁။ ရှေ့၌ဆိုအပ်ပြီးသော ကံ, ကိလေသာတို့သည် ပွားစေအပ်သော ပဋိသန္ဓေ, စုတိ ဂတိ ဟူသော ဝဋ်တရားသည် ဂဟေတဗ္ဗတ္ထ။

၂။ ရှေ့၌ ဆိုအပ်ပြီး မဟုတ်သော တစ်ပါးသော တရားတို့သည် နိဝတ္တေတဗ္ဗတ္ထ။

အပစိနန္တော, အပစယတို့၌ အပသဒ္ဒါ ခေါတ္တ ဝိသေသက။ (တနည်း) ဝိနနတ္ထ)။

## သမ္ဗန္ဓာခ်ပုဒ်တို့၏ ဝိသယနာမည်

(က) ဝါကျ။ တတော၌ တသည် စယာ ဟု အစွဲတိုက်ရိုက်ရှိသော ကြောင့် ပသိဒ္ဓဝိသယ။

(ခ) ဝါကျ။ တံ၌ တသည် ဆိုအပ်ပြီးသော အပစယ ဟူသော နိဗ္ဗာန်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

(ဂ) ဝါကျ။ တေ၌ တေသည် ဆိုအပ်ပြီးသော အာစယဂါမီဟူသော အမည်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။ (တနည်း) အဓိဝစန်ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(င) ဝါကျ။ တေန၌ တ သည် ဆိုအပ်ပြီးသော ဣဋ္ဌက ဝစုကီဟူသော ပန်းရံသမားဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

တဒေဝ၌ တသည် ပဝတ္တံဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

-တတိယအကြိမ်-

http://www.dhammadownload.com



## ကြိယာ ၅ တန် ထုတ်ပုံ (အမှာ)

(ခ) ဝါကျ။ ကတွာ ပဝတ္တနတော ဂစ္ဆန္တိ၊ အပစယဂါမိနော တို့အရ၊ နောက် (ဂ) ဝါကျရှိ အရိယမဂ္ဂါနံ အရ၊ နောက် (ငု) ဝါကျရှိအပဝိနန္တာ ဂစ္ဆန္တိ၊ အပစယဂါမိနောပုဒ်တို့အရ အရိယမဂ်တို့ကို ယူ၍ အသီးသီးထုတ်ပုံ စည်းမျဉ်းအဖြေ၌ ပြခဲ့ပြီ။

## နံပါတ် (၉) အတွက် အဓိပ္ပာယ်

(ခ) ဝါကျ။ တံ အာရမ္မဏံ ကတွာ၌ ယူရမည့်အာရမ္မဏကရဏကား အာရုံပြုကာမျှကို ယူရပါ။ ပရိညာ, ပဟာန, သစ္ဆိကိရိယာ, ဘာဝနာဟူသော ကိစ္စလေးပါးကို ပြီးစေသောအားဖြင့် အာရုံပြုသော 'ဝိသေသအာရမ္မဏ ကရဏ' ကို ယူရပါသည်။

## သန္တာယ ဓာတ်တ္တ

တံ-အာရမ္မဏံ ကတွာ ဟူသော ဤစကားကို (ပရိညာ, ပဟာန, သစ္ဆိ ကိရိယ, ဘာဝနာ ဟူသော) ကိစ္စလေးပါးကို ပြီးစေသည့် အစွမ်းအားဖြင့် အာရုံပြုခြင်းကို ရည်ရွယ်၍ ဆိုပါသည်။ (ဋီ-၄၃)

## နည်း ၂ ပါးအထူး

ရှေးနည်း၌ အာစယအရ (ကံ-ကိလေသာတို့သည် ပွားစေအပ်သော) ပဋိသန္ဓေ, စုတိ, ဂတိ ဟု ဆိုအပ်သော ဝဋ်ဘရား၍ ဂါမိအရ (အာသဝေါ တရားတို့၏ အာရုံဖြစ်သော) လောကီကုသိုလ်,အကုသိုလ် (စိတ္တုပ္ပါဒ်) ရသော ကြောင့် အာစယနှင့် ဂါမိအရ မတူပါ။ အပိစတက်သော နောက်နည်း၌ကား အာစယနှင့် ဂါမိအရ လောကီကုသိုလ်, အကုသိုလ် (စိတ္တုပ္ပါဒ်) ချည်းဖြစ်၍ ၂-ပုဒ်အရ တူပါသည်။

ရှေးနည်း၌ အပစယအရ နိဗ္ဗာန်ရ၍ ဂါမိအရ အရိယမဂ်တရား (မဂ် စိတ္တုပ္ပါဒ်) ရသောကြောင့် အပစယနှင့် ဂါမိအရမတူပါ။ အပိစတက်သော နောက်နည်း၌ကား အပစယနှင့် ဂါမိအရ အရိယမဂ်တရားချည်းဖြစ်၍ ၂-ပုဒ် အရ တူပါသည်။ ဤကားအထူး။

http://www.dhammadownload.com



## ပဋ္ဌာန်း ပစ္စည်းပြိုင်

(ခ) ဝါကျ။ တံ အာရမ္မဏံအရ နိဗ္ဗာန်သည် ကတွာ ပဝတ္တနတောအရ အရိယာ မဂ် (၄) ပါးအား ဝါ-မဂ် (၄) ပါး စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင်-အာ၊ ဓိ၊ ဥပ (၃)

(အပစယ ဂစ္ဆန္တိနှင့် အပစယ ဂါမိနောတို့၌ ပြိုင်ပုံကို စည်းမျဉ်း အဖြေ၌ရှု)။

(ဃ) ဝါကျ။ ပါကာရံဟူသော ကံပုဒ်အရ ရူပါရုံ အစရှိသော အဋ္ဌကလာပ် ရုပ်ပစ္စည်းတရားသည် ဝုဋ္ဌက ဇေစ္စုကိအရ အာစိနန္တောဟူသော ပါဠိ သေသပုဒ်တို့အရ ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ပစ္စယုပ္ပန်တရားအား အာရမ္မ-ဏပြု၏။ ပြိုင်-အာ၊ ပု၊ တ္ထိ၊ အဝိ (၄)၊ (တနည်း) ဓိ၊ ဥပ ထည့်၍ ယထာရဟ (၆)။

ပဝတ္တံအရ ဝဋ္ဋတရားသည် အာစိနန္တာ ဂစ္ဆန္တိအရ အကုသိုလ် ဒွါဒသ, လောကီကုသိုလ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။ ပြိုင်-ယထာရဟ၊ အာ၊ ဓိ၊ ဥပ (၃)။

(တနည်း) အာစိနန္တာ ဂစ္ဆန္တိအရ=

လောကီကုသိုလ်, အကုသိုလ် စေတနာသည် ပဝတ္တံအရ လောကီဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်အား နာနက္ခဏိက ကမ္မ ပြု၏။ ပြိုင်=နာနက္ခဏိက ကမ္မ, ပကတူပနိဿယ (၂)။

(င) ဝါကျ။ ဝုဋ္ဌကံ အရ ရူပါရုံ အစရှိသော အဋ္ဌကလာပ်ရုပ်ဆည် စိန္တသယမာနော, ပုရိသောတို့အရ ဝီရိယပြဋ္ဌာန်းသော ဒေါသမူစိတ္တုပ္ပါဒ် အား အာရမ္မဏ ပြု၏။ ပြိုင်-အာ၊ ပု၊ တ္ထိ၊ အဝိ (၄)။

တဒေဝ ပဝတ္တံအရ ဝဋ္ဋတရားသည် အပစိနန္တာ, ဂစ္ဆန္တိတို့အရ အရိယာမဂ် (၄) ပါးအား ဝါ-မဂ် (၄) ခု စိတ္တုပ္ပါဒ်အား ပကတူ ပြု၏။

❁

http://www.dhammadownload.com

# သောက္ခတိက် အဖွင့်

(က) တိသု သိက္ခာသု ဇာတာတိ သေက္ခာ။

(ခ) သတ္တန္နံ သေက္ခာနံ ဧတေတိပိ သေက္ခာ။

(ဂ) အပရိယောသိတ သိက္ခတ္တာ သယမေဝ သိက္ခန္တီတိ ပိ သေက္ခာ။

(ဃ) ဥပရိ သိက္ခိတဗ္ဗာ ဘာဝတော နသေက္ခာတိ အသေက္ခာ။

(င) ဝုဍ္ဎိပ္ပတ္တာဝါ သေက္ခာတိပိ အသေက္ခာ။

(စ) အရဟတ္တ ဖလ ဓမ္မာနံ ဧတံ အဓိဝစနံ။ (ဋ္ဌ=၈၇)။

## အနက်ထူး

(က) ဝါကျ၌ ဇာတာ၏ တုလျတ္ထ ဖြစ်သောပုဒ်တို့ကို ထည့်စွက်၍ အနက်ပေးသော် နိုသျ အတိုင်းပင် ဖြစ်သည်။ သို့သော် (ဇာတာဖြစ်တတ်ကုန်သည်တို့တည်း) ဟုပေးမှ ပိုကောင်းမည်။

ပကတိ, ဝိကတိပေးလျှင် (ဇာတာ ဖြစ်တတ်ကုန်သည်၊ ဟောန္တိဖြစ်ကုန်၏) ဟု ပေး၏။

(ခ) ဝါကျတုလျတ္ထ ဖြစ်သောပုဒ်တို့ကို ထည့်စွက်၍ အနက်ပေးသော် လုံးဝ နိသျအတိုင်းပင်၊ ပကတိ, ဝိကတိပေးလျှင် (ဧတေ၊ ဥစ္စာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏) ဟု ပေး။

(ဂ) ဝါကျ၌ အပရိယောသိတ သိက္ခတ္တာ အဆုံးသို့ မရောက်သေးသော ထင်ခြင်းရှိသောကြောင့် (သဒ္ဒတ္ထ)။

မဆုံးသေးသော အကျင့်ရှိခြင်းကြောင့် (သဒ္ဒတ္ထ)။

မပြီးသေးသော ကိစ္စရှိခြင်းကြောင့် (အဓိပ္ပါယတ္ထ) [ဂဏ္ဌိ]။

## ကျမ်းတက် (ဠပနာပဥ္စက)
## ပုစ္ဆာတက်

(က) ဝါကျ၊ ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ သေက္ခာ ဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော် သေက္ခာ၌ ဏ ပစ္စည်းကည့်

http://www.dhammadownload.com



အာဂတ စသောအနက်တို့ကို ဟော၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ (ဘော) ။ပ။ သေက္ခာ၌ ဏ ပစ္စည်း၏ ဤနေရာဝယ် ဖြစ်သင့်သော ဟောနက်ကိုလည်း ဝါ၊ ဇာတအနက်၌ သက်ပုံကိုလည်း ပြဆိုသင့်သေး၏၊ (နွ) (စသည်)။

(စောဒနာတက်လျှင် အတိဗျာပိတဒေါသတင်တက်)။

(ခ) ဝါကျ။ ဆရာ ဆရာသည် (က) ဝါကျဖြင့် သေက္ခာပုဒ်၏ ဇာတတဒ္ဓိတ် ဝစနတ္ထပြုရမည်ကို ပြဆိုတော်မူ၏၊....သော် သေက္ခာပုဒ်ကို ဇာတတဒ္ဓိတ် ဝစနတ္ထကိုသာလျှင် ပြုရမည်ဟုမှတ်ကောင်းသည် မဟုတ်ပါလော (ဘော) ။ပ။ သေက္ခာပုဒ်၏ ဣဒံတဒ္ဓိတ် ဝစနတ္ထဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏၊ (နွ) (စသည်)။

(စောဒနာတက်လျှင် အဗျာပိတဒေါသတင်တက်)။

(ဂ) ဝါကျ။ ဆရာ ဆရာသည် (က=ခ) ဝါကျတို့ဖြင့် သေက္ခာပုဒ်၏ ဇာတတဒ္ဓိတ်, ဣဒံတဒ္ဓိတ် ဝစနတ္ထတို့ကို ပြဆိုတော်မူ၏၊....သော် သေက္ခာပုဒ်သည် ဆိုအပ်ပြီးသော ဇာတတဒ္ဓိတ်, ဣဒံတဒ္ဓိတ် ဝစနတ္ထသာလျှင် ဖြစ်ကောင်း၏ဟု မှတ်အပ်သည် မဟုတ်ပါလော (ဘော) ။ပ။ သေက္ခာပုဒ်၏ တဿီလကတ္တုသာဓ်ဝစနတ္ထ (တနည်း) တဿီလတဒ္ဓိတ် ဝစနတ္ထ ဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏ (နွ) (စသည်)။

(စောဒနာတက်လျှင် အဗျာပိတဒေါသတင်တက်)။

(ဃ) ဝါကျ။ ဆရာ ဆရာသည် ရှေ့သုံးဝါကျတို့ဖြင့် သေက္ခာပုဒ်၏ ဝစနတ္ထ အတ္တသံဝဏ္ဏနာက မိန့်ဆိုတော်မူ၏၊ သော် အသေက္ခာပုဒ်၏ ဝစနတ္ထ အတ္တသံဝဏ္ဏနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော။ ဝါ၊ အသေက္ခာပုဒ်၏ ဝစနတ္ထကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော (စသည်)။

(တနည်း) ဆရာ မြတ်စွာဘုရားသည် အသေက္ခာ ဟု ဟောတော်မူ၏။ ဤမျှသာပြဆိုချေသော် အသေက္ခာပုဒ်ကို ဗဟုဗ္ဗီဟိ သမာသ်ဝစနတ္ထ စသည် ပြုရမည်ဟု မှတ်ကောင်းသည် မဟုတ်ပါလော၊ (စသည်)။

-တတိယအကြိမ်-

http://www.dhammadownload.com



အဓိပ္ပာယ်ကား = ကမ္မဇာရုပ် မိဿက တပ္ပုရိသ် သမာသ်ဝစနတ္ထ ဖြစ်ရသည်ဟုလို။

(င) ဝါကျ။ ဆရာ ဆရာသည် (ဃ) ဝါကျဖြင့် အသေက္ခာ၌ အ, သဒ္ဒါ၏ ပဋိသေဓအနက် (သဒိသအနက်) ဟောသည်၏ အဖြစ်ကို ပြဆိုတော်မူ၏၊....သော် အသေက္ခာ၌ အသဒ္ဒါသည် ဆိုအပ်ပြီးသော ပဋိသေဓအနက် (သဒိသအနက်) ကိုသာလျှင် ဟော၏ဟု မှတ်ကောင်းသည် မဟုတ်ပါလော (ဘော) ။ပ။ အသေက္ခာ၌ အသဒ္ဒါ၏ ဝုဒ္ဓိအနက်ဟောပုံကိုလည်း ပြဆိုသင့်သေး၏၊ (နွ) (စသည်)။

(စ) ဝါကျ။ ကျမ်းတက်ရာ၌–အသေက္ခပုဒ်၏ ဝစနတ္ထမှတစ်ပါး အဘိဓေယျတ္ထ ဖြစ်သည်ကို ရှု၍ ကျမ်းတက်ပါ။

(တနည်း) ဆရာ=ဆရာသည် (ဃ-င) ဝါကျတို့ဖြင့် အသေက္ခာပုဒ်၏ ဝစနတ္ထကို ပြဆိုတော်မူ၏။ ဤမျှသာပြဆိုချေသော် အသေက္ခာအရ လောကီကုသိုလ် အဗျာကတ, နိဗ္ဗာန်တရားတို့ကိုလည်း ယူရမည်ဟု မှတ်ကောင်းသည် မဟုတ်ပါလော၊ (လျဉ်းပါး၍တက်သည်) (စသည်)။

အဓိပ္ပာယ်ကား - အသေက္ခအရ အထင်ရှင်ဆဲ, ကေဒသျူပစာ အားဖြင့် အရဟတ္တဖိုလ်ကိုသာ ယူရမည် ဟုလို။

## ပါဝနာဒိ ကျမ်းတက်

(က) ဝါကျ။ သေက္ခာ၌ ဏပစ္စည်းသည် အာဂတစသော အနက်တို့ကို ဟော၏ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ခ) ဝါကျ။ သေက္ခာပုဒ်ကို ဇာတတဒ္ဓိတ် ဝစနတ္ထကိုသာလျှင် ပြုအပ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ဂ) ဝါကျ။ သေက္ခာပုဒ်သည် ဆိုအပ်ပြီးသော ဇာတတဒ္ဓိတ်, ကွဒ်တဒ္ဓိတ် ဝစနတ္ထသာလျှင် ဖြစ်ကောင်း၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ဃ) ဝါကျ။ အသေက္ခာပုဒ်၏ ဝစနတ္ထ အပ္ပသံဂဏ္ဏနာမရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

–သတိ ဗမာကြိုင်–

http://www.dhammadownload.com



နောက်တစ်နည်း၌ အသေက္ခာပုဒ်ကို ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ စသည် ပြုအပ်၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(င) ဝါကျ။ အသေက္ခာပုဒ်၌ အသဒ္ဒါသည် ဆိုအပ်ပြီးသော ပဋိသေဓ အနက် (သဒိသအနက်) ကိုသာလျှင် ဟော၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(စ) ဝါကျ။ (ပထမနည်းလွယ်ပြီ)။

ဒုတိယနည်း၌ အသေက္ခာအရ လောကီကုသိုလ်, အဗျာကတ, နိဗ္ဗာန် တရားတို့ကိုလည်း ယူရမည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

## ဒေါသ သင့်ပုံ, ပယ်ပုံ

(က) ဝါကျမှ (င) ဝါကျအထိ ရှေးရှေးဝါကျတို့၌ အဗျာပိတ ဒေါသသင့်ပုံ၊ နောက်နောက်ဝါကျတို့ဖြင့် အဗျာပိတ ဒေါသပယ်ပုံတို့ကို သိပါ။

(စ) ဝါကျဖြင့် အသေက္ခာပုဒ်၏ ဝစနတ္ထမှတစ်ပါး အဘိဓေယျတ္ထကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပာယ် နှံ့စပ်သွားသောကြောင့် အဗျာပိတဒေါသကို ပယ်၏။

(တနည်း) အသေက္ခအရ အရဟတ္တဖိုလ် တရားကိုသာ ယူရမည်ဟု ပြလိုက်သဖြင့် အနက်အဓိပ္ပာယ် အလွန်မပျံ့နှံ့သောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။

## ဝါ သဒ္ဒါထား ပုံ

အသေက္ခာ၌ အသဒ္ဒါ၏ ပဋိသေဓ (သဒိသ) ဟူသောအနက်အကြောင်းမှတစ်ပါး ဝုဍ္ဍိ ဟူသော အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် (င) ဝါကျ၌ 'ဝါ' သဒ္ဒါထား၏။

## အဓိဝစနထားရပုံ

အသေက္ခအရ အထင်ရှားဆုံး, ကေဒေသျူပစာ အားဖြင့် အရဟတ္တဖိုလ် ကိုသာ ယူရမည်ဟု ပြလိုသောကြောင့် (စ) ဝါကျ၌ 'အဓိဝစနံ' ထား၏။

http://www.dhammadownload.com



## ပိ (အပိ) ထားရပုံ

ဇာ တ တဒ္ဓိတ် ၀စနတ္တကြောင့်သာ သောက္ခမည်သည် မဟုတ်သေး။ ဣဒ တဒ္ဓိတ် ၀စနတ္တကြောင့်လည်း သောက္ခမည့်သေး၏ ဟူသော သမုစ္စည်းအနက်, သမ္ဘာဝနာ အနက်ကို ပြလိုသောကြောင့် (ခ) ဝါကျ၌ ပိ (အပိ) သဒ္ဒါထား၏။

ဇာတတဒ္ဓိတ် ဣဒံတဒ္ဓိတ် ၀စနတ္တကြောင့်သာ သောက္ခမည်သည် မဟုတ်သေး၊ တဿီလကတ္တုသာဓန ၀စနတ္တကြောင့်လည်း သောက္ခံ မည့်သေး၏ ဟူသော သမုစ္စည်းအနက်, သမ္ဘာဝနာအနက်ကို ပြလိုသောကြောင့် (ဂ) ဝါကျ၌ 'ပိ, အပိ' သဒ္ဒါကို ထား၏။

သင်ဆဲ, ကျင့်ဆဲ, ဖြည့်ဆဲ မဟုတ်သော အကြောင်းကြောင့်သာလျှင် အသေက္ခမည်သည် မဟုတ်သေး၊ ကြီးပွားခြင်းသို့ရောက်သော သေက္ခတရားတို့၏ အဖြစ်ကြောင့်လည်း အသေက္ခမည်သေး၏ ဟူသော သမုစ္စည်းအနက်, သမ္ဘာဝနာအနက်ကို ပြလိုသောကြောင့် (ဃ) ဝါကျ၌ 'ပိ, အပိ' သဒ္ဒါကို ထား၏။

### ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စကားရပ်

(က) ဝါကျ။ သိက္ခိတဗ္ဗာတိသိက္ခာ။ (တာသု) သင် ကျင့်ဖြည့်ခြင်းကြိယာခွဲ)။ ဌ ရှိရင်းစွဲ အပေါင်းဝိဂ္ဂဟကိုခွဲသော်=

၂။ သိက္ခာဟူသော တဒ္ဓိတ်ပုဒ်အရ သိက္ခာသုံးပါးတို့၏ ဏ ပစ္စည်းအရ ဖြစ်သော တရားတို့နှင့် အာဓေရ+အာဓာရီ, အစိတ်အပေါင်း....စပ်....။

၄။ သိက္ခာသုံးပါးတို့၌ ဖြစ်ခြင်းကြိယာသည့်, (တနည်း) သေက္ခတရားတို့၏ တစ်ခုသည်....ပ....ဇာတ်သည်, (တနည်း) သေက္ခမွေးဖြပ်သည်....။

ဇာယန္တီတိဇာတာ၊ (ဖြစ်ခြင်းကြိယာခွဲ)

-ထယ်ီယအပြေစ်-

http://www.dhammadownload.com



(ခ) ဝါကျ။ သိက္ခန္တီတိသေက္ခာ၊ သိက္ခန္တိ သီလေန္တာတိ သေက္ခာ။ (ဝိဂ္ဂဟ အကျဉ်း)။ (တေသံ သေက္ခာနံ) (သင်, ကျင့်, ဖြည့်ခြင်း ကြိယာနဲ့)

သတ္တန္နံ သေက္ခာနံ၌ သေက္ခာပုဒ် ဝိဂ္ဂဟအမျိုးမျိုး (အကျယ်)

သိက္ခနံသိက္ခာ၊ သိက္ခိတဗ္ဗာတိ သိက္ခာ၊ သိက္ခာသီလံ ဧတေသန္တိ သေက္ခာ၊ (တဿီလတဒ္ဓိတ်)၊ သိက္ခာ ဧတေသံ အတ္ထီတိသေက္ခာ (အဿတ္ထိတဒ္ဓိတ်။) (တနည်း) ဝုက္ခနံ ပဿနံ ဝုက္ခာ၊ သုသုန္ဒရာ ပသတ္ထာဝါ ဝုက္ခာ ဧတေသန္တိသေက္ခာ။

(တနည်း၌) ဝုက္ခတိ တောယာတိ ဝုက္ခာ၊ သဟာဝုက္ခာယတေဝတ္တန္တီတိ သေက္ခာ (ဗဟုဗ္ဗိဟိ)။

## ကိတ် တဿီလာဒိဝိဂ္ဂဟ ၉-ပါး
## တဿီလ (၃)

၁။ သိက္ခိတုံ သီလံ ယေသံ တေတိသေက္ခာ၊ (သိက္ခနံ သီလံ ဧတေသံတိသေက္ခာ)။

[သိက်-ခ်ိ-တုံ-သီ-လံ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သင်ကျင့်ဖြည့်ခြင်းသဘော ဟူသောကြိယာကို ဗျူ-နိုခဲ့။ (သိက္ခိတုံ၌ တုံ-ကား ဘာဝတ္ထဖြစ်၍ သီလံနှင့်အရတူ ရှေးနိဿယ-၃၂၃)]

၂။ သိက္ခန္တိ သီလေန္တာတိ သေက္ခာ။

၃။ သိက္ခန သီလာတိ သေက္ခာ။

## တဗ္ဗမ္မ (၃)

၁။ သိက္ခိတုံ ဓမ္မော ယေသံတေတိသေက္ခာ။

၂။ သိက္ခန္တိ ဓမ္မေန္တာတိ သေက္ခာ။

၃။ သိက္ခန ဓမ္မာတိ သေက္ခာ။

http://www.dhammadownload.com



## တဿာဓုကာရိ (၃)

၁။ သိက္ခိတုံ သာဓုကာရိတာ ယဿာတိသေက္ခော။

၂။ သိက္ခန္တိ သာဓုကာရိတာယာတိ သေက္ခာ။

၃။ သိက္ခနေ သာဓုကာရိတေတိ သေက္ခာ။

(တေသံ သေက္ခာနံ။) ပေါင်း တဿီလာဒိ ဝိဂ္ဂဟ (၉) ပါးဖြစ်သည်။

၄-ရှိရင်းစွဲ အပေါင်းဝိဂ္ဂဟ ခွဲသော်-

၂။ သေက္ခဟူသော တဒ္ဓိတ်ပုဒ်အရ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ဏ-ပစ္စည်းအရ ဥစ္စာတရားတို့နှင့် သာမိ+သံ, ဌာန+ဌာနီ.. စပ်....။

၄။ သေက္ခတရားတို့၏ တစ်ခုသည်....ပ....ဓာတ်သည်....။

(ဂ) ဝါကျ။ ဤ (ဂ) ဝါကျရှိ သေက္ခပုဒ်၏ ဝိဂ္ဂိုဟ်အစစ်ကား သိက္ခာတေသံ သီလန္တိသေက္ခာ။

သိစေ၏၊ (တနည်း) မဂ္ဂတိကြိယာ၏။ ဝါ၊ မဂ္ဂဓာတ်၏ ကံအဖြစ်ကိုသိစေ၏၊ (ဘာဝတ္ထ)။

မဂ္ဂတိဖြင့် မဂ္ဂေ၌ မဂ္ဂဓာတ် အဖြစ်ကိုလည်းကောင်း၊ (ဒု ဓာတုပဒ) အပစ္စည်း၏ ကတ္တုသာဓနအနက်၌ သက်သည်ကို လည်းကောင်း, မဂ္ဂတီတိ မဂ္ဂေါဟု ဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း၊ (ဒုပစ္စယတ္ထ၊ အဘိဓာနတ္ထ)၊ သိစေ၏။

ဂဝေသတိဖြင့် မဂ္ဂတိ၌ မဂ္ဂဓာတ်သည် ထင်ရှား, သပ္ပနစသော အနက်ကို မဟော၊ အန္ဝေသန (ဂဝေသန) အနက်ဟောသည်ကို သိစေ၏၊ (ဓာတွတ္ထ)။

(ခ) ဝါကျ။ ကိလေသေဖြင့် မာရေန္တော၌ သတ်ခြင်းဟူသည် ကုသိုလ်စသောတရားတို့ကို သတ်ခြင်းမဟုတ်၊ ကိလေသာတို့ကို သတ်ခြင်းပင်တည်းဟု သိစေ၏။ ဝါ၊ မရဓာတ်၏ ကံကို သိစေ၏၊ (ဘာဝတ္ထ)။ ဝါ ဖြင့် ဝိကပ္ပနတ္ထ ဇောတက အဖြစ်သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)။

မာရေန္တော ဖြင့် မဂ္ဂေ၌ မ-ငယ် မရဓာတ်၏ အဖြစ်ကို လည်းကောင်း၊ (ဒုဓာတုပဒ) ကိုပစ္စည်းသည် ကတ္တုသာဓ အနက်၌သက်သည်ဖြစ်၍ မာရေတီတိ မဂ္ဂေါ ဟု ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း (ဒုပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

ဂစ္ဆတိဖြင့် မဂ္ဂေ၌ ဂ ငယ် ဂမုဓာတ်၏ အဖြစ်ကို လည်းကောင်း (ဒု ဓာတုပဒ) ကိုပစ္စည်းသည် သတ္တုသာဓနအနက်၌ သက်သည်ဖြစ်၍ ဂစ္ဆတီတိ ဂေါဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း (ဒုပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

မာရေန္တော ဂစ္ဆတိ ဟူသော အပေါင်းဖြင့် မေ စသော ဂေါ စသောမဂ္ဂေ) ဟု ကမ္မဓာရည်း သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း, (သမာသလိင်္ဂတ္ထ) ဓာရပုဒ်ကို မပြု, ဂမုဓာတ်၏ ဓာတွန် မ ကိုချေ, ဂ ဖေဘော်လာ၍ မဂ္ဂေါ ဟုရုပ်ပြီးသည်ကိုလည်းကောင်း (နေယျတ္ထ၊ ဘာဝတ္ထ) သိစေ၏။

(ဂ) ဝါကျဖြင့်။ မဂ္ဂါရမ္မဏာပုဒ်ကို ဇတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထ ပြုရမည်ကိုသိစေ၏၊ (သမာသလိင်္ဂတ္ထ)။

ထောတီးယာအကြိမ်

http://www.dhammadownload.com



(ဃ) ဝါကျ။ အင္ဂိကောဖြင့် မဂ္ဂေါ်၌ မဂ္ဂအရ မဂ်စိတ် လေးပါး လမ်းခရီးစသည် မယူရ၊ အင်္ဂိက အရိယမဂ်ကို ယူရမည်ဟုသိစေ၏၊ (အဘိ ဓေယျတ္ထ)။

ပိ (အပိ) ဖြင့် အဲဒ္ဓယဝသမ္ပိဏ္ဍနတ္ထ၊ သမုစ္စယတ္ထ ဇောတက အဖြစ်ကိုသိ စေ၏၊ တနည်း မဂ္ဂအရ အင္ဂိက အရိယမဂ်ကိုသာ ယူရသည်မဟုတ်သေး၊ သတ္တင်္ဂိကအရိယမဂ်ကိုလည်း ယူရမည်ဟူသော အဓိပ္ပါယ်ကို သိစေ၏၊ (ဘာ ဝတ္ထ)။ ပစ္စယဋ္ဌေနဖြင့် ဟေတုအရ ဟေတု ဟေတု ဥတ္တမဟေတု သာဓာ ရဏဟေတုကိုမယူရ၊ ပစ္စယဟေတုကိုယူရမည် ဟု သိစေ၏၊ (အဘိဓေယျတ္ထ)။

မဂ္ဂေါ ဧတေသံဟေတုဖြင့် မဂ္ဂဟေတုကာပုဒ်၏ ဆဋ္ဌီ ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထ ပြုရမည်၏အဖြစ် (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ)၊ က အက္ခရာ၏ သမာသန္တ ကပစ္စည်း၏အဖြစ် (ပစ္စယပဒ) (ဝါ) အနက်ထူးမရှိ၊ သမာ သန္တကအဖြစ် (ဘာဝတ္ထ) သိစေ၏။

(င) ဝါကျ။ ဝါဖြင့်ဝိကပ္ပနတ္ထဇောတက၊ နယန္တရဇောတက အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ၊ မဂ္ဂသမ္ပယုတ္တာဟေတူဖြင့် မဂ္ဂဟေတု၌ ဟေတုအရမဂ်နှင့် ယှဉ်သော အလောဘ၊ အဒေါသတို့ကို ယူရမည်၏အဖြစ် (အဘိဓေယျတ္ထ) မဂ္ဂေန သမ္ပယုတ္တာ ဟေတူ မဂ္ဂဟေတူ ဟု မဇ္ဈေလောပီ တတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်၏အဖြစ် (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ၊ နေယျတ္ထ)။ သိစေ၏။ ဝါဖြင့် ဝိကပ္ပနတ္ထ ဇောတကအဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

မဂ္ဂေဟေတူဖြင့် ဟေတုအရ မဂ်၌ဖြစ်သော အမောဟဟိတ် ယူရမည် အဖြစ် (အဘိဓေယျတ္ထ) မဂ္ဂေ ဘဝါ ဟေတူတိ မဂ္ဂဟေတူဟု မဇ္ဈေလောပီ သတ္တမီ တပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်အဖြစ် (သမာသလိင်္ဂတ္ထ၊ အဘိဓာ နတ္ထ) သိစေ၏။ တေ ဧတေသံ ဟေတူတိဖြင့် ကဏ်ပစ္စည်း(ဝါ)ကပစ္စည်း အဿတ္ထိအနက်၌ သက်သည်၏အဖြစ် (ပစ္စယတ္ထ) မဂ္ဂဟေတူ ဧတေသံ အတ္ထီတိ မဂ္ဂဟေတုကာ ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထ ပြုရမည်အဖြစ် (အဘိဓာနတ္ထ) (တနည်း) မဂ္ဂေန သမ္ပယုတ္တာ ဟေတူ ဧတေသန္တိ မဂ္ဂဟေတုကာဟု စတုတ္ထီ ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထပြုရမည်၏အဖြစ် (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ) ကအက္ခရာ၏ သမာသန္တ ကပစ္စည်းအဖြစ် (ပစ္စယပဒ)သိစေ၏။ (တနည်း) မဂ္ဂဟေတူ+ဟေတူ ဧတေသန္တိ မဂ္ဂဟေတုကာ ဆဋ္ဌီ ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထ

http://www.dhammadownload.com



ပြုရမည်၏အဖြစ် (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ)။ မဂ္ဂဒေဟတု ဟေတုကာ ဟုဆိုကုန်လျက် ဟေတုတစ်ပုဒ်ချေ၍ မဂ္ဂဟေဟုကာဟု ရုပ်ပြီးသည်၏အဖြစ် (ဘာဝတ္ထ) သိစေ၏။

ပိ (အပိ) ဖြင့် သမုစ္စယတ္ထ ဇောတက သမ္ဘိဏ္ဍနတ္ထ ဇောတက အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ နိဗ္ဗာနံ နိသဒ္ဒါ နိက္ခန္တတ္ထ။

(ဃ) ဝါကျ။ ပိ ကား အဝယဝ သမ္ဘိဏ္ဍန။ (ဂဟ္ဏ္ဍ)။

ပိ (အပိ)ကား အဝယဝ သမုစ္စယတ္ထ (နိ သစ်)။

(င) ဝါကျ။ ပိ (အပိ) သဒ္ဒါ သမုစ္စယတ္ထ၊ သမ္ဘိဏ္ဍနတ္ထ။

ဝါ သဒ္ဒါ သုံးပုဒ်လုံး ဝိကပ္ပနတ္ထ ဇောတက။ နယန္တရဇောတက။

## သမ္ဗန္ဓာမ်ပုဒ်တို့၏ ဝိသယနာမည်

(င) ဝါကျ။ တေန္ တသည် ဟေတူ ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပက္ကန္တဝိသယ။

(တနည်း) ဆိုအပ်ပြီးသော မဂ္ဂဟေတု အမည်ရသော အလောဘ, အဒေါသ အမောဟ ဟိတ်ဒြပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

တေသံ္ဒ တေသည် တရားဒြပ်ကိုစွဲသောကြောင့် ပက္ကန္တဝိသယ။

## ကြိယာ ၅ တန်ထုတ်ပုံ (အမှာ)

မဂ္ဂတိအရ ဂဝေသတိအရ, မာရေန္တောအရ, ဂစ္ဆတိအရ, မဂ္ဂေါအရ အရိယ မဂ်လေးပါးကို ယူ၍ထုတ်ပုံ စည်းမျဉ်းအဖြေ၌ ရှု။

## ပဋ္ဌာန်းပစ္စည်းဖြိုင်

(င) ဝါကျ။ မဂ္ဂသမ္ပယုတ္တာ၌ မဂ္ဂအရ မဂ္ဂင်ရှစ်ပါးသည် သမ္ပယုတ္တာ အရ ဟေတူအရ အလောဘ, အဒေါသ, ဟိတ်တို့အား သဟပြု၏။

http://www.dhammadownload.com



ပြိုင်– ယထာရဟာ၊ ဟော၊ ဓိ၊ သဟာ၊ ညာ၊ နိ၊ ဣ၊ ဈာ၊ မဂ္ဂ၊ သံ၊ ဏ္ဍိ၊ အဝိ (၁၁)။

ထိုမဂ္ဂသမ္ပယုတ္တာ၌ မဂ္ဂသမ္ပယုတ္တာအရ အလောဘ, အဒေါသသည် မဂ္ဂအရ မဂ္ဂင်ရှစ်ပါးအား သယာပြု၏။

ပြိုင်– ဟော၊ သဟာ၊ ညာ၊ နိ၊ သံ၊ ဏ္ဍိ၊ အဝိ (၇)။

ဤမဂ္ဂါရမ္မဏတိက်၌ ကျန်သော ပစ္စည်းပြိုင်များ စည်းမျဉ်း အဖြေ၌ ပြခဲ့ပြီ။

http://www.dhammadownload.com

# ဥပ္ပန္နတိက် အတီတတိက်
# အတီတာရမ္မဏတိက် အဖွင့်

(က) ဥပ္ပန္နတ္တိကေ ဥပ္ပါဒတော ပဋ္ဌာယ ယာဝဘင်္ဂါ ဥဒ္ဓံပန္နာ ဂတာ ပဝတ္တာတိ ဥပ္ပန္နာ။

(ခ) န ဥပ္ပန္နာတိ အနုပ္ပန္နာ။

(ဂ) ပရိနိဋ္ဌိတ ကာရဏေ ကဒေသတ္တာ အဝဿံ ဥပ္ပဇ္ဇိဿန္တီတိ ဥပ္ပါဒိနော။

(ဃ) အတီတတ္တိကေ အတ္တနော သဘာဝံ ဥပ္ပါဒါဒိက္ခဏံ ဝါ ပတွာ အတိက္ကန္တာတိ အတီတာ။

(င) တဒုဘယမ္ပိ န အာဂတာတိ အနာဂတာ။

(စ) တံတံ ကာရဏံ ပဋိစ္စ ဥပ္ပန္နာတိ ပစ္စုပ္ပန္နာ။

(ဆ) အနန္တရတ္တိကေ အတီတံ အာရမ္မဏံ ဧတေသန္တိ အတီတာရမ္မဏာ။ (ဋ္ဌ-ဂဂ)။

### အနက်ထူး

အတီတာ-လွန်၍ဖြစ်ကုန်သော၊ (သဒ္ဒတ္ထ)။

အတီတာ-လွန်ပြီးဖြစ်ကုန်သော၊ (အဓိပ္ပါယတ္ထ)။

အတီတာ-အတိတ်ဖြစ်ကုန်သော၊ (ဝေါဟာရတ္ထ)။

သံဝဏ္ဏနာပါဌ်များ၌ ပါရှိသေသထည့်၍ အနက်ပေးပုံ ဥပ္ပန္နာ စသော သံဝဏ္ဏေတဗ္ဗ နိပ္ဖန္နပုဒ်များအဖွင့်နှင့် အညီ အနက်ပေးပုံတို့မှာ ရှေး နိဿယ အတိုင်းပင်။

(ဂ) ဝါကျ၌ တ္တသမ္ပန်, ဟိတ်သမ္ပန်ကို 'ဓမ္မာနံ-တရားတို့၏ ဝါ-ယေသ ဓမ္မာနံ-အကြောင်းတရားတို့၏' ဟု ထည့်ပါ။

http://www.dhammadownload.com



## ကျမ်းတက် (အမှာ)

ပုဒ်တစ်ပုဒ်အဖွင့်မှ ပုဒ်တစ်ပုဒ်အဖွင့် ကျမ်းတက်နည်းအရ (သို့မဟုတ်) အတ္ထသံဝဏ္ဏနာတစ်မျိုးမှ အတ္ထသံဝဏ္ဏနာတစ်မျိုး ကျမ်းတက်နည်းအရ ကျမ်းတက်ပါ။

ပါဠိတော် ဌပနာထား၍ အာဘော်ရှကာ (က) ဝါကျ ကျမ်းတက်ဆော်-

ဆရာ မြတ်စွာဘုရားသည် ဥပ္ပန္နာ ဟု ဟောတော်မူ၏။ ဤမျှသာ ပြဆိုချေသော် ဥပ္ပန္နာ၌ ဥ သဒ္ဒါသည် ဥဒ္ဓံ ကမ္မ စသောအနက်၌ ဖြစ်သည့်၊ ထို ဥပ္ပန္နာပုဒ်ကို အဗျာယိဘော သမာသ် ဝစနတ္ထ စသည် ပြုရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော၊ (ဌပနာပဥ္စက ကျမ်းတက်)။

ပြုရမည် ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ [ပါပနာဒိကျမ်းတက်]။

အဋ္ဌိပ္ပါယ်ကား (က) ဝါကျဖြင့် ဥပ္ပန္နာ၌ ဥ သဒ္ဒါသည် ဥပရိအနက်ကို ဟောသည့်၊ ဥပ္ပန္နာပုဒ်ကိုလည်း ဒုတိယာ တပ္ပုရိသ် သမာသ်၊ (တနည်း)သတ္တမီ တပ္ပုရိသ် သမာသ် ဝစနတ္ထပြုရသည် ဟု ပြဆိုသောကြောင့် ။ပ။ ဟူလို။

ကြွင်းမသော ဝါကျများကိုလည်း ပါဠိတော် ဌပနာထား၍ အာဘော် ရှုကာ ဤနည်းမှီ ကျမ်းတက်ပါ။

## ဒေါသ သင့်ပုံ မယ်ပုံ

(ဠ) ဝါကျ အချင်းချင်း ထောက်ဆလျှင် ရှေးရှေးဝါကျတို့၌ အဗျာပိတ ဒေါသ သင့်ပုံ၊ နောက်နောက်ဝါကျတို့ဖြင့် အဗျာပိတ ဒေါသပယ်ပုံ တို့ကို သိပါ။

ပါဠိတော် ထောက်ဆလျှင် အတိဗျာပိတ ဒေါသပယ်ပုံကိုလည်း သိပါ။

## ဝါသဒ္ဒါ ထားရပုံ

ကက္ခဠ, ဖုသန စသော သဘောတို့သာ ရောက်သည်မဟုတ်၊ ဥပါဒ်, ဌီ, ဘင် ဟူသော ခဏသို့လည်း ရောက်သေး၏၊ ဝါ–ဥပါဒ်, ဌီ, ဘင် ဟူသော ခဏသို့သာရောက်သည် မဟုတ်သေး၊ ယက္ခဠ ဖုသန စသော သဘောသို့လည်း ရောက်သေး၏ ဟူသော သမုစ္စည်းအနက်ကို ပြလိုသောကြောင့် (ဃ)ဝါကျ၌ ဝါ သဒ္ဒါထား၏။

http://www.dhammadownload.com



(တနည်း) ကက္ခဋ္ဌ, ဖုသန စသော သဘော, ဥပါဒ်, ဋ္ဌီ, ဘင် ဟူသော ခဏတ္တယ ဟု ဆိုအပ်သော နှစ်မျိုးတို့တွင် တစ်မျိုးမျိုးတို့သာ ရောက်ခြင်းကို တားမြစ်၍ ထိုနှစ်မျိုးလုံးသို့ ရောက်ခြင်းကို ယူရမည် ဟု ပြလိုသောကြောင့် ဝါ သဒ္ဒါထားပါသည်။

## ၆ (အဝိ) သဒ္ဒါထားရပုံ

ကက္ခဋ္ဌ, ဖုသန စသော သဘောသို့သာ မရောက်ကုန်သည် မဟုတ်၊ ဥပါဒ်, ဋ္ဌီ,ဘင် ဟူသောခဏသို့လည်းမရောက်ကုန်ဟူ၍လည်းကောင်း၊ဥပါဒ်,ဋ္ဌီ,ဘင်ဟု ဆိုအပ်သော ခဏသို့သာ မရောက်ကုန်သည် မဟုတ်၊ ကက္ခဋ္ဌ,ဖုသန စသော သဘောသို့လည်း မရောက်ကုန်ဟူ၍လည်းကောင်း၊ အစိတ်အစိတ်ပေါင်းစည်းသော အဝယဝသမ္ဗိဏ္ဍနအနက်အဝယဝ သမုစ္စည်းအနက်ကို ပြလိုသောကြောင့် (င) ဝါကျ၌ ပိ (အပိ) သဒ္ဒါကိုထား၏။

## ဝိဂ္ဂဟနှင့် ဈူပတ္တိ စသည်

(က) ဝါကျ။ ဥပ္ပန္နံ ဥပ္ပါဒေါ၊ (တတော ဥပ္ပါဒတော)။

၁။ ဥပ်,ပါ, ဒေါ ဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါသည်....။

၂။ ဥပ္ပဒ္ဒ+ပဒဓာတ်+ဏပစ္စည်း၊ ဖြစ်ခြင်းကြိယာသည်....။

၃။ ဥပ္ပါဒေါ ဟူသော အပေါင်းပညတ္တိ သဒ္ဒါသည်....။

၄။ ဖြစ်ခြင်းကြိယာသည်....။ (အဘိဓာန်ဋီကာနည်း)

ဘဥ္ဇနံ ဘင်္ဂေါ။ (တသ္မာဘင်္ဂါ)။

၂။ ဘဥ္ဇဓာတ် (တနည်း) ဘဉ္ဇဓာတ်+အပစ္စည်း၊ ပျက်စီးခြင်းကြိယာသည်....။ (ကျန်သုံးချက်လွယ်ပြီ)။

ပဇ္ဇန္တီတိ ပန္နာ၊ (ရောက်ခြင်းကြိယာနှင့်)၊ ဂစ္ဆန္တီတိ ဂတာ၊ (ရောက်ခြင်းကြိယာနှင့်)၊ ပဝတ္တတီတိ ပဝတ္တာ၊ (ဖြစ်ခြင်းကြိယာနှင့်)။

ဥပ္ပန္နာ၌(ဥကား ဥပသာရပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုရပါ)။ဂတာကို (ရှု၍) ပဇ္ဇန္တိ, ဂစ္ဆန္တိ, ပါပုဏန္တီတိပန္နာ။ ဥဒ္ဓံပန္နာ ဥပ္ပန္နာ။

၂။ အထက်ဖြစ်သော ဥပါဒ်စသောခဏ၏ ရောက်သောတရားတို့နှင့် ခဏ ကာလ+ခဏကာလ ဝတ္တိ, ကမ္မ+ကမ္မိ စပ်။

=ဓာတ်ကိုယ်အကြံ၊=

http://www.dhammadownload.com



၄။ ဥပါဒ်စသော ခဏသို့ရောက်ခြင်းကြိယာသည်, (တနည်း) ဥပ္ပန္န တရားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာ ဟု ဆိုအပ်သော ဓာတ်သည်....။

(ပဝတ္တာကို႐ှု၍) ပဇ္ဇန္တိ ဂစ္ဆန္တိ ပဝတ္တန္တီတိ ပန္နာ။ ဥဒ္ဓံ ပန္နာ ဥပ္ပန္နာ။

၂။ အထက်ဖြစ်သော ဥပါဒ် စသော ခဏ၏ ဖြစ်သောတရားတို့နှင့် ခဏကာလ+ခဏကာလဝန္တ, အာဓာရ+အာဓာရိ စပ်။

၄။ ဥပါဒ်စသော ခဏ၌ ဖြစ်ခြင်းကြိယာသည်, (တနည်း) ဥပ္ပန္န တရားတို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်။

(တနည်း) ဥပ္ပဇ္ဇန္တိ ဥဒ္ဓံ ပါပုဏန္တီတိ ဥပ္ပန္နာ၊ ဥပ္ပဇ္ဇိံသု ဥဒ္ဓံပါပုဏိံသူတိ ဥပ္ပန္နာ။

၂။ ဥပပုဗ္ဗ+ပဒဓာတ်+တပစ္စည်း အထက်သို့ရောက်ခြင်းကြိယာသည်။

(ကျန်သုံးချက်ခွဲမြဲ) (အတီတေန် ငြိကာနည်း)။

(ခ) ဝါကျ။ ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ၊ ဥပ္ပဇ္ဇိံသူတိ ဥပ္ပန္နာ။

ဥပ္ပန္နာစ ဥပ္ပန္နာစ ဥပ္ပန္နာ, (ဧကသေသတဒ္ဓိတ်)။

၂။ ဖြစ်ကုန်ဆဲ ပစ္စုပ္ပန်တရား, ဖြစ်ကုန်ပြီး အတိတ်တရားတို့၏ အချင်းချင်းငဲ့သကဲ့သို့ ဖြစ်သော အညမညာပေက္ခာသမ္ဗန်သည်....။

၄။ ပစ္စုပ္ပန်တရား, အတိတ်တရားတို့၏ အချင်းချင်းငဲ့ခြင်း ဂုဏ်သည်....။

(ဂ) ဝါကျ။ ကာရဏသ ဧကဒေသော ကာရဏေကဒေသော။

(တနည်း) ကာရဏံဝ ဧကဒေသော ကာရဏေကဒေသော။ ပရိနိဋ္ဌိတော ကာရဏေကဒေသော ဧတေ သန္တိ ပရိနိဋ္ဌိတကာရဏေကဒေသာ။ ပရိနိဋ္ဌိတကာရဏေကဒေသာနံ ဘာဝေါ ပရိနိဋ္ဌိတကာရဏေကဒေသတ္တံ၊ (တဿ)။

၂။ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသောတရားတို့၏ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်နှင့် ဂုဏေး+ဂုဏ် စပ်။

၄။ ပြီးပြီးသော အကြောင်းတစ်စိတ်ရှိသည်၏ အဖြစ်ဟူသော ဂုဏ်သည်။

http://www.dhammadownload.com



## ဥပ္ပါဒိနော၌ အစိတ်အပေါင်း ဝိဂ္ဂဟာကား-

ပစ္စယန္တီတိ ပါဒိနော။ ဥဒ္ဓံ ပါဒိနော ဥပ္ပါဒိနော။

၂။ အထက်ဖြစ်သော နောက်ကာလ၌ ဖြစ်လတ္တံ့သော တရားတို့နှင့် ကာ+ကာလဝန္တ စပ်။

၄။ ဥပ္ပဒီတရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။

(ဃ) ဝါကျ။ ဘာဝနံ ဘာဝေါ။ သဿ အတ္တနော ဘာဝေါ။ သဘာဝေါ။ (တံသဘာဝံ)။

၂။ မိမိ၏ သဘောနှင့် ဂုဏေး+ဂုဏ် စပ်။

၄။ သဘောတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။

ခဏီယန္တိ လက္ခိယန္တိ ဧတေနာတိ ခဏော။ ဥပ္ပဇ္ဇနံ ဥပ္ပါဒေါ။ပထမံ အာဒီ-ယတီတိ အာဒိ။ ဥပ္ပဒေါ အာဒိ ယဿာတိ ဥပ္ပါဒါဒိ။ ဥပ္ပါဒါဒိစ သော ခဏောစာတိ ဥပ္ပါဒါဒိက္ခဏော၊ (တံ)။

၂။ ဥပါဒ်အစရှိသည်၏ ခဏနှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏေး စပ်။

၄။ ဥပါဒ်အစရှိသော ခဏတို့၏တစ်ခုသည် ။ပ။ ဇာတ်သည်။

အတိက္ကမိံသူတိ အတိက္ကန္တာ၊ (လွန်ခြင်းကြိယာခွဲ)။

အယိံသု ဂမိံ သူတိ ဣတာ။ ဣတာ ဂတာ ပတ္တာ ဟုတ္ဗာ အတိက္ကန္တာ-တိအတီတာ (ဂဏ္ဍိ)။

၂။ ရောက်သည်၏ လွန်ပြီးတရားတို့နှင့် ဂုဏ်+ဂုဏေး စပ်....။

၄။ အတိက်တရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်....။

(တနည်း) အတိယိံသု အတိဂစ္ဆိံသု အတိက္ကမိံသူတိအတီတာ၊ (လွန်သွားခြင်းကြိယာခွဲ)။

(င) ဝါကျ။ ဥဘော အံသာ ကောဋ္ဌာသာ အဝယဝါ ဧတဿာတိ ဥဘယံ။ (ဥဘနောင်အံသတ္တဒ္ဓိ ယ (အယ) ပစ္စည်းသက်)။

တေသံ (သဘာဝ ဥပ္ပါဒါဒိက္ခဏာနံ) ဥဘယံ တဒုဘယံ။

http://www.dhammadownload.com



(ကြားကား ဂဏ္ဌိအလို။ နိဿယအလိုအားဖြင့် စသော သော ဥဘယော စာတိ တဒုဘယော ဟု ကမ္မဓာရည်း ပြုလိုရိပ်ထင်၏)။

၂။ သဘာဝဥပ္ပါဒါဒိက္ခဏတို့၏ ၂ပါးစုံနှင့် ဂုဏေး+ဂုဏ် စပ်....။

၄။ တဒုဘယတို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်....။

အာဂစ္ဆိံ သူတိ အာဂတာ။ အာဂစ္ဆန္တီတိ အာဂတာ။ အာဂတာ စ အာဂတာ စ အာဂတာ။

၂။ ရောက်ပြီး အတိတ်တရား, ရောက်ဆဲ ပစ္စုပ္ပန်တရားတို့၏ အချင်းချင်း ငွဲသကဲ့သို့ဖြစ်သော အညမညာ ပေက္ခသမ္ဗန်သည်....။

၄။ ထိုတရားတို့၏ အချင်းချင်း ငွဲခြင်းဂုဏ်သည်....။

(တနည်း။) အာဂစ္ဆိံသု ပစ္ဆိံ သူတိ အာဂတာ၊ (ဂဏ္ဌိ၊) (ရောက်ခြင်း ကြီယာခွဲ)။

(စ) ဝါကျ။ တတ္ထ တတ္ထ တံတံ။ ကရောတီတိ ကာရဏံ။ တံတံ စ ကာရဏံ တံတံကာရဏံ။

၂။ ထိုထိုသဘော၏ အကြောင်းနှင့် ဂုဏ်+ဂုဏေး စပ်....။

၄။ ထိုထိုအကြောင်းတို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်....။

ဥပ္ပဇ္ဇန္တီတိ ဥပ္ပန္နာ၊ (အစိတ်) ပဋိစ္စ ဥပ္ပန္နာ ပစ္စုပ္ပန္နာ၊ (အပေါင်း)။

၂။ ပဋိစ္စတော ဂုဏ်၏ ဥပ္ပန္နတရားတို့နှင့် ဂုဏ်+ဂုဏေး စပ်....။

၄။ ပစ္စုပ္ပန်တရားတို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်....။

## လိင် စသည် ခွဲပုံ

(က) ဝါကျ။ ဥပ္ပါဒတော ဝ (ဥပ္ပါဒကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ), ဥပ္ပါဒတောပုဒ်လုံးကား အလိုင်, ဂဏဝိမုတ်, သြကာရန္တ, နိပါတပဒ။

ပဋ္ဌာယ အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

ယာဝ (အလိင်, နိပါတ်ပုဒ်ခွဲ)။

ဘင်္ဂါ—ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။

ဥဒ္ဓံ (အလိင်, နိပါတ်ပုဒ်ခွဲ)။

http://www.dhammadownload.com



ပန္နာ, ဂတာ, ပဝတ္တာ, ဥပ္ပန္နာတို့ကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ။

(ဂ) ဝါကျ။ ပရိ-ပ-သတ္တာ နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, တဒ္ဓိတ နာမပဒ။

အဝယံ အလိင်, ဂဏဝိမုတ်, နိဂ္ဂဟိတန္တ, နိပါတပဒ။

ဥပ္ပဇ္ဇိဿန္တိ အလိင် ဒိဝါဒိဂိုဏ်း, (ပကတိကာရန် အတွင်းကာရန်)အကာရန္တ, အာချာတပဒ (ဥပုဗ္ဗ+ပဒဓာတ်+ယပစ္စည်း+ဿန္တိဝိဘတ်) ဥပ္ပါဒိနော ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဤကာရန္တ, ကိတနာမပဒ။

(ဃ) ဝါကျ။ အတ္တနော ပုလ္လိင်, ရာဇာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။

ပတွာ အလိင်, ဂဏဝိမုတ်, အာကာရန္တ, နိပါတပဒ, (တနည်း) ကိတပဒ။

(င) ဝါကျ။ တဒုဘယံ နပုလ္လိင်, စိတ္တာဒိဂိုဏ်း, (တနည်း) ပုလ္လိင်, ပုရိသာဒိဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, သမာသနာမပဒ။ ဝါ-သဗ္ဗနာမပဒ။

(စ) ဝါကျ။ တံတံ နပုလ္လိင်, စိတ္တာဒိဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, (တနည်း) နိဂ္ဂဟိတန္တ, နာမပဒ, သဗ္ဗနာမပဒ, ဝိစ္ဆာပဒ။ ပဋိစ္စ အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

## အာစေဒ် သံဝဏ္ဏနာ

(က) ဝါကျ။ ဥပ္ပါဒတော ပဋ္ဌာယ ယာဝဘင်္ဂါဖြင့် ဥဒ္ဓံအရ အထက် အရပ် စသည်ကို မယူရ၊ ဥပါဒ်မှစ၍ ဘင်တိုင်အောင်သောခဏကို ဝါ-ဥဝါဒ်၌, ဘင် ခဏကို ယူရမည်ဟု သိစေ၏၊ (အာဘိဓေယျတ္ထ)။

ဥဒ္ဓံ ပန္နာဖြင့် ဥပ္ပန္နာ၌ ဥသဒ္ဒါသည် ဥဒ္ဓံကမ္မ စသော အနက်ကို မဟော။ ဥပရိအနက်ဟောသည်ကိုလည်းကောင်း၊ (ဥပသဂ္ဂလိင်္ဂတ္ထ)။ ဥဒ္ဓံ ပန္နာ ဥန္နာဟု ဒုတိယာ တပ္ပုရိသ် သမာသ်၊ (တနည်း) သတ္တမီ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ (သမာသလိင်္ဂတ္ထ) သိစေ၏။

ဂတာဖြင့် ပန္နာ၌ ပဒဓာတ်သည် ထိရ စသော အနက်ကို မဟော၊ ဂတိ အနက် ဟောသည်ကို လည်းကောင်း၊ (ဒုဓာတွတ္ထ) နှင့် ဝါ-အနှင့် တပစ္စည်း၏ ကာရိယ ဖြစ်သည်ကိုလည်းကောင်း၊ (ဒုပစ္စယပဒ) သိစေ၏။

•ဆဋ္ဌီယအကြိမ်•

http://www.dhammadownload.com



ပဝတ္တာဖြင့် ဂတာ၌ ဂမုဓာတ်သည် ဉာဏစသော အနက်ကို မဟော၊ ပဝတ္တန အနက်ဟောသည်ကို သိစေ၏၊ (ဒု ဓာတွတ္ထ)။

(ခ) ဝါကျ။ န ဥပ္ပန္နာဖြင့် အနုပ္ပန္နာ၌ အန၏ ဝါ–အန်၏ န၏ ကာရိယအဖြစ်ကိုလည်းကောင်း၊ (နိပါတလိင်ပဒ)။ အနုပ္ပန္နာပုဒ်ကို ဗဟုဗ္ဗီဟိ သမာသ် ဝစနတ္ထ စသည်မပြုရ၊ ကမ္မဓာရက မိဿက တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း (သမာသလိင်တ္ထ) သိစေ၏။

(ဂ) ဝါကျ။ ပရိ ပ သတ္တာဖြင့် မချွတ်ဖြစ်လတ္တံ့ ဟူသည် ပြီးပြီ၊ သော အကြောင်းတစိတ် ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ ဟူသော အဓိပ္ပါယ်ကို သိစေ၏၊ (ဘာဝတ္ထ)။

အဝဿံ ဥပ္ပဇ္ဇိဿန္တိတိဖြင့် ဥပ္ပါဒိနော၌ ဥပပုဗ္ဗ+ပဒဓာတ်၏ အဖြစ်ကို လည်းကောင်း (ဒု ဓာတုပဒ) ဏီပစ္စည်း၏ အဝဿက အနာဂတ်ကာလ ကတ္တုသာဓ်အနက်၌ သက်သည်ကိုလည်းကောင်း အဝဿံ ဥပ္ပန္နိဿန္တိတိ ဥပ္ပါဒိ နော ဟု ဝိဂ္ဂဟ ပြုရမည်ကို လည်းကောင်း (ဒု ပစ္စယတ္ထ၊ အဘိဓာနတ္ထ) သိစေ၏။

(ဃ) ဝါကျ။ တံတံဟာရဏာဖြင့် ပဋိစ္စပုဒ်၏ ကံအဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

ပဋိစ္စ ဥပ္ပန္နာဖြင့် ပစ္စုပ္ပန္နာ၌ ပဋိ (ဧတိ)+ဥပ္ပန္နာ ဟု ပုဒ်ဖြတ်ရမည်ကို လည်းကောင်း (သန္ဓိလိင်ပဒ) ပဋိသဒ္ဒါသည် အဘိမုခ စသော အနက်ကို မဟော၊ ပဋိစ္စအနက်ဟောသည်ကိုလည်းကောင်း(ဥပသဂ္ဂလိင်တ္ထ)ပဋိစ္စဥပ္ပန္နာ ပစ္စုပ္ပန္နာ ဟု ကိတန္တနိစ္စ ကမ္မဓာရည်း သမာသ် ဝစနတ္ထပြုရမည်ကို လည်း ကောင်း (သမာသလိင်တ္ထ) သိစေ၏။

## ဥပသာရပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဥပ္ပါဒတော၌ဥ သည် (ပဒဓာတ်သက်သက် ပဝတ္တန အနက်ကို ဟောလျှင်) ဓာတွတ္ထာနုဝတ္တက။ (တနည်း) (ပဒဓာတ်ကို ပဝတ္တန အနက်ဟောအောင် အထူးပြုပေးလျှင်) ဓာတွတ္ထ ဝိသေသက။

ပဋ္ဌာယ၌ ပ သည်, အာဒိပရိစ္ဆေဒအနက်၊ (တနည်း) ပ သဒ္ဒါ အာဒိ အနက်၊ ထိုအာဒိသဒ္ဒါလည်း မရိယာဒအနက်ကို ဟော၏။

--တတိယအခြမ်း--

http://www.dhammadownload.com



ယာ ဝသဒ္ဒါ, အန္တပရိစ္ဆေဒ နတ္ထ အဝဓျတ္ထ။ ဥဒ္ဓံ သဒ္ဒါ, ဥပရိအနက်ကို ဟော၏။ ပဝတ္တာသ္၌ ပ သည် ပဗန္ဓတ္ထ။

(တနည်း) ခေတ္တတ္ထာ နုဝတ္တက။ ။ဥပ္ပန္နာသ္၌ ဥသည် ဥဒ္ဓံအနက်, ဥပရိအနက်ကို ဟော၏။

(ဝ) ဝါကျ။ ပရိနိဋ္ဌိတ၌ ပရိသဒ္ဒါ ခေတ္တတ္ထာ နုဝတ္တက။ နိသဒ္ဒါ အဝသာနတ္ထ။ အဝသာံ သဒ္ဒါ နိစ္စယတ္ထ။

(ဃ) ဝါကျ။ ဝါ သဒ္ဒါ (စ သဒ္ဒါ၏ အနက်ဖြစ်သော) သမုစ္စည်း အနက်။

ဂဏ္ဌိအဆိုကား ဝါ သဒ္ဒါ ရာဇတောဝါ စသည်၌ကဲ့သို့ စ ကာရတ္ထ၌ ဖြစ်သည်။

(တနည်း) ဝါ သဒ္ဒါ ဝိကပ္ပနတ္ထ။ အတီတာသ္၌ အတိသဒ္ဒါ အတိက္ကန္တတ္ထ။

(င) ဝါကျ။ ဝိ သဒ္ဒါ (အပေါင်းနှောင် ထိုင်သောကြောင့်) အဝယဝ သမ္ဗိန္တနတ္ထ။ (ဂဏ္ဌိ)၊

(စ) ဝါကျ။ ပဋိစ္စ၌ ပဋိ (ပတိ) သဒ္ဒါ ခေတ္တတ္ထာနုဝတ္တက၊ (တနည်း) အဘိမုခဘာဝတ္ထ (အာဘိမုချတ္ထ, အဘိမုခတ္ထ) (တနည်း) ခေတ္တတ္ထ ဝိသေသက။ (တနည်း) နိဿယတ္ထ။ ။[ပဋိစ္စာတိ ပဋိ+ဣစ္စ၊ ပဋိ တိစ ခေတ္တတ္ထာနုဝတ္တကော။ ပဋိစ္စာတိ (တေ) ကာရဏံ ကတွာ အဘိမုခဘာဝေနဝါ ဂန္တွာ ပတွာ။- (မဏိမဥ္ဇူ-ဒု-၃၃၈။ ၃၃၂)။ ပါရာဇိကဏ် ဌ-ပ-၁၈၉ ၌ ပဋိစ္စကို အာဂမ္မ ဟု ဖွင့်ခြင်းမှာလည်း ပဋိသဒ္ဒါ၏ အဘိမုခ ဘာဝတ္ထကို ရည်စူး၍ ဖွင့်ခြင်းပင်ဖြစ်သည်။

ပဋိစ္စ= ရောက်၍ ဟုပေးလျှင် ပဋိသဒ္ဒါ ခေတ္တတ္ထာနုဝတ္တက၊ ရှေးရှုရောက်၍ ဟုပေးလျှင် အဘိမုခဘာဝတ္ထ၊ အကြောင်းပြု၍, စွဲမှီ၍-ဟုပေးလျှင် ခေတ္တတ္ထ ဝိသေသက, နိဿယတ္ထ- ဟု မှတ်ပါ။] ပစ္စုပ္ပန္နာသ္၌ ပဋိ (ပတိ) သဒ္ဒါ ပဋိစ္စတ္ထ၊ ဝါ-ဥပါဒါယ အာဂမ္မအတ္ထ၊ (ဂဏ္ဌိ)။

## သမ္ဘနာခ်ပုဒ်တို့၏ ဝိဿယနာမည်

(င) ဝါကျ။ တဒုဘယ၌ (ဂဏ္ဌိအလို) တ သဒ္ဒါသည် ဆိုအပ်ပြီးသော သဘာဝ, ဥပ္ပါဒါဒိက္ခဏကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

(တနည်း) ဥဘယ ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

http://www.dhammadownload.com



ဥဘယကို သမ္ဗန္ဓာမ်ကြံလျှင် ထိုဥဘယသဒ္ဒါသည် ဆိုအပ်ပြီးသော ကက္ခဠ ဖုသန စသောသဘော, ဥပါဒ်, ဌီ, ဘင် ဟူသော ခဏာဖြပ်ကို စွဲသောကြောင့် ပဏ္ဏတ္တိဝိသယ။

(စ) ဝါကျ။ တံတံကာရဏာ၌ တံတံဝယ်တ သဒ္ဒါတို့သည် ကာရဏာဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

## ကြိယာ ၅ တန် ထုတ်ပုံ (အမှာ)

ပရိနိဋ္ဌိတ ကာရဏောက ဒေသအရ ကုသိုလ် အကုသိုလ်ယူ၍လည်းကောင်း, အဝသံ ဥပ္ပဋ္ဌိသန္တိအရ ဝိပါတ်စိတ္တုပ္ပါဒ်ကို ယူ၍လည်းကောင်း စည်းမျဉ်း အဖြေကအတိုင်း ထုတ်ပါ။

## သိဒ္ဓိရနိုင်ပုံ

ဥပ္ပါဒတော ပဌ္ဍာယ ယာဝဘင်္ဂါ၌ ဥပါဒ်နှင့် ဘင်ကိုဆိုသဖြင့် အလယ် ဌီကိုမဆိုသော်လည်း ဌီ-ဟူသော လိုအပ်သောအနက်ပြီးသောကြောင့် အဝုတ္တ သိဒ္ဓိဖြစ်ပါသည်။

## ပဌ္ဍာန်းပစ္စည်းပြိုင်

(၅က) ဝါကျ။ ယေမ္ဘော ဟူသော ပါဠိသေသ ကတ္တားအရ ဝေဒနာ ပစ္စည်းတရားသည် ဥဒ္ဓံ ပန္နာ ဂတာ ပဝတ္တာတို့အရ ကျန် နာမ်ခန္ဓာ(၃)ပါး စိတ္တဇရုပ်တို့အား သဟ ပြု၏။

ပြိုင်– ယထာရဟာ၊ သဟ၊ ညာ၊ နိ၊ ဏ္ဏ၊ ဈာ၊ သံ၊ ဝိပ္ပ၊ တ္ထိ၊ အဝိ(၉)။

(စ) ဝါကျ။ တံ တံကာရဏာအရ ပစ္စုပ္ပန် ပဌ္ဌာရုံသည် ပဋိစ္စ ဥပ္ပန္နာ အရ ကာမစိတ် စတု ပညာသ, အဘိညာဉ်ဒွေ, အပ္ပမညာကြဉ်သောစေတသိက် ပညာသအား အာရမ္မဏပြု၏။

ပြိုင်– ယထာရဟာ၊ အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ, အာရမ္မဏပုရေဇာတ, အာရမ္မဏပုရေဇာတတ္ထိ, အာရမ္မဏ- ပုရေဇာတ အဝိဂတ (၆)။

ကြိယာအပြီး

http://www.dhammadownload.com



(ဆ) ဝါကျ။ အတီတံ အာရမ္မဏံ အရ အတိတ်စိတ်, စေတသိက်, ရုပ် အာရုံပစ္စည်းတရားသည် ဧတေသံအရ ယထာရဟာဖြစ်ထိုက်သော စိတ်, စေတသိက် အာရမ္မဏိက ပစ္စယုပ္ပန်တရားအား အာရမ္မဏ ပြု၏။

ပြိုင်- ယထာရဟာ-အာ၊ ဓိ၊ နိ၊ ဥပ၊ ပု၊ ဝိပ္ပ၊ ဩဏ္ဌိ၊ အဝိ (၈)။

## အဇ္ဈတ္တတိက် အဖွင့်

(က) "ဧဝံ ပဝတ္တမာနာ မယံ အတ္တာတိ ဂဟဏံ ဂမိဿာမာ" တိဣမိနာ ဝိယ အဓိပ္ပါယေန အတ္တာနံ အဓိကာရံ ကတွာ ပဝတ္တာတိ အဇ္ဈတ္တာ။

(ခ) အဇ္ဈတ္တ သဒ္ဒေါ ပနာယံ ဝေါစရဇ္ဈတ္တေ နိယကဇ္ဈတ္တေ အဇ္ဈတ္တဇ္ဈတ္တေ ဝိသယဇ္ဈတ္တေတိ စတူသု အတ္ထေသု ဒိဿတိ ။ပ။

(ဂ) ဂေါစရဇ္ဈတ္တေ အတ္ထော။

(ဃ) ဖဿသမာပတ္တိ ဟိ ဗုဒ္ဓါနံ ဂေါစရဇ္ဈတ္တံ နာမ။

(င) ဣဓ ပန နိယ ကဇ္ဈတ္တေ အဓိပ္ပေတော။

(စ) တသ္မာ အတ္တနော သန္တာနေ ပဝတ္တာ ပါဋိ ပုဂ္ဂလိကာ ဓမ္မာ အဇ္ဈတ္တာတိ ဝေဒိတဗ္ဗာ။ (ဋ္ဌ-၈၈)

### ကျမ်းတက် (ဋ္ဌပနာပဋ္ဌာန)

### ပုစ္ဆာတက်

(က) ဝါကျ။ ဆရာ မြတ်စွာဘုရားသည် အဇ္ဈတ္တာ ဟု ဟောတော်မူ၏၊ ဤမျှသာပြဆိုချေသော် အဇ္ဈတ္တာ၌ အဓိသဒ္ဒါသည် အဓိကစသောအနက်ကို ဟောသည်၊ အဇ္ဈတ္တာပုဒ်ကိုလည်း ကမ္မဓာရည်း သမာသ်ဝစနတ္ထ စသည်ပြုရမည်ဟု မှတ်အပ်သည်မဟုတ်ပါလော၊ (ဘော) ။ပ။ ဤနေရာ၌ အဓိသဒ္ဒါ၏

http://www.dhammadownload.com



ဖြစ်သင့်သောအနက်နှင့် အဇ္ဈတ္တာပုဒ်၏ ဖြစ်သင့်သော သမာသ်ဝစနတ္ထကို လည်း ပြဆိုသင့်သေး၏။ ဝါ၊ အဓိသဒ္ဒါ၏ အဓိကာရအနက် ပဝတ္တအနက် ဟောပုံ၊ အဇ္ဈတ္တာပုဒ်၏ဒုတိယာအဗျာယီဘော သမာသ်ဝစနတ္ထဖြစ်ပုံကိုလည်း ပြဆိုသင့်သေး၏၊ (နွ) (စသည်)။

(စောဒနာတက်လျှင် အတိဗျာပိတဒေါသတင်တက်)။

(ခ) ဝါကျ။ ဆရာ-ဆရာသည် (က) ဝါကျဖြင့် အဇ္ဈတ္တ သဒ္ဒါ၏ ဝစနတ္ထကို ပြဆိုတော်မူ၏၊....သော် အဇ္ဈတ္တသဒ္ဒါ၏ အတ္ထုဒ္ဓါရကို မပြဆိုရသေးသည် မဟုတ်ပါလော။ ဝါ၊ အဇ္ဈတ္တသဒ္ဒါ၏ အတ္ထုဒ္ဓါရကို မပြဆို ဟူသော အဓိပ္ပါယ် ရောက်ရာသည် မဟုတ်ပါလော၊ (စသည်)။

(ဃ) ဝါကျ။ ဆရာ ဆရာသည် (ဂ) ဝါကျဖြင့် ဝိသယဇ္ဈတ္တ၏အနက်ကို ပြဆိုတော်မူ၏၊ ဝါ-ဝိသယဇ္ဈတ္တ၏ အဓိပ္ပါယတ္ထကို ပြဆိုတော်မူ၏၊....သော် ဆရာ့စကားသည် ဒဋ္ဌိယမျှသာဖြစ်၍ မယုံကြည်နိုင်ရာသည် မဟုတ်ပါလော၊ (သော) ။ပ။ ထိုစကားကို ခိုင်မြဲအောင်ပြသော ဒဠှီကရဏ အသင့်ယုတ္တိကိုလည်း ပြဆိုသင့်သေး၏ (နွ) (စသည်)။ (စောဒနာတက်လျှင် ဝိရောဓိဒေါသတင်တက်ပါ)။

(င) ဝါကျ။ ဆရာ ဆရာသည် ရှေ့၌ (ခ) ဝါကျဖြင့် အဇ္ဈတ္တသဒ္ဒါ၏ သာမညအားဖြင့် ဟောနိုင်သမျှသော ဂေါစရဇ္ဈတ္တ စသော အနက် ၄ ပါးကို ထုတ်ပြတော်မူ၏။....သော် ဤနေရာ၌လည်း အဇ္ဈတ္တသဒ္ဒါသည် ထိုအနက် အားလုံးကို ဟောနိုင်၏ဟု မှတ်အပ်သည် မဟုတ်ပါလော။ ဝါ-ဂေါစရဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ, ဝိသယဇ္ဈတ္တ ဟူသော အနက်ကိုလည်း ဟော၏ ဟု မှတ်အပ်သည် မဟုတ်ပါလော။ (နောက်နည်း လျှဉ်းပါး၍တက်သည်) ။ပ။ ဤနေရာ၌ ဟောသင့်သော အဇ္ဈတ္တသဒ္ဒါ၏ အနက်ကိုလည်း ပြဆိုသင့်သေး၏။ ဝါ- ဤနေရာ၌ နိယကဇ္ဈတ္တအနက် ဟောသည်၏အဖြစ် အလိုရှိအပ်သည်၏အဖြစ် ကိုလည်း ပြဆိုသင့်သေး၏၊ (စသည်)။

(စ) ဝါကျ။ ဆရာ ဆရာသည် (င) ဝါကျဖြင့် ဤအဇ္ဈတ္တတိက်၌ အဇ္ဈတ္တသဒ္ဒါကို နိယတ (နိယက) ဟူသော အဇ္ဈတ္တ၌ အလိုရှိအပ်သော ဟု ပြဆိုတော်မူ၏၊....သော် ဆရာအား ထစိုးထစ် အကျိုးမရှိသည် မဟုတ်ပါ လော။ ဝါ-ရရှိအပ်သော အကျိုးကိုလည်း ပြဆိုသင့်သေးသည် မဟုတ်ပါ

http://www.dhammadownload.com



လော။ (ဘော) ။ပ။ ရရှိအပ်သောအကျိုး လဒ္ဓဂုဏ်ကိုလည်း ပြဆိုသင့်သေး၏ (နှ)၊ (စသည်)။ (စောဒနာတက်လျှင် နိဂ္ဂဟ ဓဒါသတင်ထက်ပါ)။

## ပါပနာဒိ ကျမ်းတက်

(က) ဝါကျ။ ဗျဉ်အတ္တာ၌ အဓိသဒ္ဒါသည် အဓိက စသော အနက်ကို ဟောသည်။ အဇ္ဈတ္တပုဒ်ကိုလည်း ကမ္မဓာရည်း သမာသ် ဝစနတ္တ စသည် ပြုရမည့် ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ခ) ဝါကျ။ အဇ္ဈတ္တသဒ္ဒါ၏ ဝစနတ္တသာလျှင်ရှိ၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ–အဇ္ဈတ္တသဒ္ဒါ၏ အတ္ထုဒ္ဓါရ မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ အဇ္ဈတ္တသဒ္ဒါ၏ ဝစနတ္တသာရှိ၍ အတ္ထုဒ္ဓါရ မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ (ဤသို့ ရှေ့အချက်ကိုသာ ဖြစ်စေ, နောက်အချက်ကိုသာဖြစ်စေ, ရှေ့ နောက် နှစ်ချက်လုံးကိုဖြစ်စေ (နှု–ပါ) ထားကြသည်)။

(တနည်း) အဇ္ဈတ္တသဒ္ဒါ၏ အတ္ထုဒ္ဓါရကို မပြဆို ဟူသော အဓိပ္ပါယ်သည် ရောက်ခဲ့ရာ၏။ ဤသို့လည်း (နှု–ပါ) ထားနိုင်သေး၏။ (ကျန်အချက်များ လွယ်ပြီ)။

(ဃ) ဝါကျ။ ထိုစကားကို ယုံကြည်စေကြောင်း ဒဋ္ဌီကရဏ အသင့်ယုတ္တိမရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(င) ဝါကျ။ ဤနေရာ၌လည်း အဇ္ဈတ္တသဒ္ဒါသည် ထိုအနက်အားလုံးကို ဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏။ ဝါ ဂေါစရဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ, ဝိသယဇ္ဈတ္တ ဟူသော အနက်တို့ကိုလည်း ဟော၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(စ) ဝါကျ။ ဤသို့သာ ဆိုချေသော် ထိုစကားရပ်ကို ဆိုရခြင်းဖြင့် ဆရာအား အကျိုးတစ်စုံတစ်ရာ မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

http://www.dhammadownload.com



## စေါ်ဝါ သင့်ပုံ ပယ်ပုံ

(ခ) ဝါကျဖြင့် အဇ္ဈတ္တသန္တါန်၏ အတ္တုဒ္ဒေါရကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပါယ် နှံ့စပ်သွားသောကြောင့် အဗျာပိတဒေါသကိုပယ်၏။

ဤ (ခ) ဝါကျကိုထောက်လျှင် ရှေ့ (က) ဝါကျ၌ အဇ္ဈတ္တသန္တါန်၏ ဝစနတ္ထမျှကိုသာ ပြရသေး၍ အလိုရှိအပ်သော အနက်အဓိပ္ပါယ် မနှံ့စပ်သေးသောကြောင့် အဗျာပိတဒေါသ သင့်၏။

[ဂ] ဝါကျဖြင့် ဝိသယဇ္ဈတ္တ၏ အဓိပ္ပါယတ္ထကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပါယ် နှံ့စပ်သွားသောကြောင့် အဗျာပိတ ဒေါသကို ပယ်၏။

(တနည်း) (ဂ) ဝါကျဖြင့် ဝိသယဇ္ဈတ္တ၏ သာမညအနက်ကို ဂေါစရဇ္ဈတ္တ ဟု ဆိုလိုက်သဖြင့် အနက်အဓိပ္ပါယ် အလွန်မပျံ့နှံ့သောကြောင့် အတိဗျာပိတဒေါသကို ပယ်၏။

(ဃ) ဝါကျဖြင့် ဒဋ္ဌဗ္ဗ ဒဋ္ဌကရဏ မဆန့်ကျင်အောင် ပြဆိုသောကြောင့် ဝိရောဓိဒေါသကို ပယ်၏။

(တနည်း) အသင့်ယုတ္တိရှိအောင် ပြဆိုသောကြောင့် (ဃ) ဝါကျဖြင့် သြစိတျဟီနဒေါသကို ပယ်၏။

(င) ဝါကျဖြင့် အတ္တုဒ္ဒေါရမှတစ်ပါး အတ္တုဒ္ဒေသကို ပြလိုက်သဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပါယ် နှံ့စပ်သွားသောကြောင့် အဗျာပိတဒေါသကို ပယ်၏။ (နိဿယနက်ကိုမှီသည်)။

(တနည်း) ဤအဇ္ဈတ္တတိက်၌ ဤအဇ္ဈတ္တသန္တါကို နိယကဇ္ဈတ္တ၌သာ အလိုရှိအပ်၏ ဟု ဆိုသဖြင့် မလိုအပ်သော အနက်အဓိပ္ပါယ် အလွန်မပျံ့နှံ့သောကြောင့် (င) ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်၏။ (အတ္တုဒ္ဒေသ, ဘိဓေယျ, တင်ကြတီဗျာပင် ဟူသော နိယံကိုမှီသည်)။

(စ) ဝါကျဖြင့် ရရှိအပ်သော အကျိုးအာနိသင် လဒ္ဓဂုဏ်ကို ပြဆိုသောကြောင့် နိရတ္ထကဒေါသကိုပယ်၏။

-တတိယအကြိမ်-

http://www.dhammadownload.com



## တသ္မာ ထားရပုံ

ရရှိအပ်သော အကျိုးအာနိသင် လဒ္ဓဂုဏ်ကိုပြလိုသောကြောင့် (စ) ဝါကျ၌ တသ္မာထား၏။ (အကျဉ်းလိုရင်း)။

((တနည်း)) အကျယ်-

ဤအဇ္ဈတ္တတိက်၌ နိယကဇ္ဈတ္တ၌ အလိုရှိအပ်သည်၏ဟု ဆိုသဖြင့် မိမိသန္တာန်၌ဖြစ်ကုန်သော အသီးသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်ကုန်သော တရားတို့ကို အဇ္ဈတ္တမည်ကုန်၏ဟူ၍ သိအပ်ကုန်၏ဟု ရရှိအပ်သောအကျိုးအာနိသင် လဒ္ဓဂုဏ်ကိုပြလိုသောကြောင့် (စ)) ဝါကျ၌ 'တသ္မာ' ထား၏။

## ဝိယသဒ္ဒါထားပုံ (အဓိပ္ပါယ်)

ပရမတ္ထ တရားများ၌ စွဲလမ်းအောင် ပြုလုပ်နိုင်သည့် အစွမ်းသတ္တိ မရှိသော်လည်း ထိုကဲ့သို့ သတ္တိမရှိသော ပရမတ္ထတရားများကို ပြုလုပ်နိုင်သည့် အစွမ်းသတ္တိရှိသော ပုဂ္ဂိုလ်, ဒြပ်ပေါ်၌တင်စားကာ-စကားပြေပြစ် ချောမွေ့စေခြင်း (ဝါစာသိလိဋ္ဌ) အကျိုးငှာ တဒ္ဓမ္မူပစာအားဖြင့် ဆိုသောစကားဖြစ်သည်–ဟု ပြလိုသောကြောင့် [ဥပရိက္ချာဇောတက အဖြစ်ကိုပြလိုသောကြောင့်] ဝိယသဒ္ဒါထား၏။

(ဥပရိက္ချာ=ဥပရိ+ချာ၊ ဥပရိ-အထက်၌၊ ဝါ-အလွန်အကျွန်၊ ချာ-ပြောဆိုသောစကား။ ဥပရိက္ခာ=ဥပရိ+ခါ-နည်းတူ။)

[ဆောင်](က) နိသတ္တိကို၊ သတ္တိရှိလာ၊ ကျမ်း၌ပါ၊ ဝါစာသိလိဋ္ဌ၊
ဥပရိက်။ (တွင်းကြီး နိယံ-၂၂။)

(ခ) အစိတ်တူရှိ၊ နိသတ္တိတွင်၊ သတ္တိထင်ရာ၊ ဥပရိက္ခာ။
ယူရာ တဒ္ဓမ္မ။-(ရွှေရေးဆောင် နိယံ ၃၅၂။)

## ပန္နသဒ္ဒါထားရပုံ

အဇ္ဈတ္တသဒ္ဒါ၏ ဝစနတ္ထမှတစ်ပါး အတ္တူဒ္ဒါရကို ပြလိုသောကြောင့်ဝါ၊ ထိုသို့ပြရာ၌ ပက္ခန္တရ ဇောတကအဖြစ်ကို ပြလိုသောကြောင့် ((ခ)) ဝါကျ၌ 'ပန' သဒ္ဒါထား၏။

http://www.dhammadownload.com



အတ္ထုဒ္ဓါရမှတစ်ပါး အတ္ထုဒ္ဓေသကို ပြလိုသောကြောင့် ဝါ၊ ထိုသို့ပြရာ၌ ပက္ခန္တရဇောတက အဖြစ်ကိုပြလိုသောကြောင့် (ငါ) ဝါကျ၌ 'ပန' သဒ္ဒါ ထား၏။'

## ဟိသဒ္ဒါထားရပုံ

ရှေးဒဋ္ဌိယစကားကို ခိုင်မြဲစေလိုသောကြောင့် ဝါ၊ ဒဋ္ဌိကရဏ ဇောတက အဖြစ်ကို ပြလိုသောကြောင့် (ဃ) ဝါကျ၌ 'ဟိ' သဒ္ဒါကိုထား၏။

## အဓိပ္ပေတံထားရပုံ

အဇ္ဈတ္တ(၄) ပါးဟူသော သာမညအနက်မှ နိယကဇ္ဈတ္တ ဟူသောဝိသေသ အနက်ကိုယူစေလိုသောကြောင့် လည်းကောင်း, ဇောတကပုဂ္ဂိုလ်နှင့် သူနိုင်ငါနိုင် စကားလုယက်၍ အချက်ကျကျ ဆုံးဖြတ်ပြရာဖြစ်သောကြောင့်လည်းကောင်း (င) ဝါကျ၌ 'အဓိပ္ပေတော' ထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ အဇ္ဈတ္တာ၌ အစိတ်အပေါင်းဝိဂ္ဂဟကား-

(အဓိကား ဥပသာရပုဒ်ဖြစ်သောကြောင့် ဝိဂ္ဂဟ မပြုရပါ)။

သုခဒုက္ခံ အဒတိဘက္ခတီတိ အတ္တာ၊ ချာဒီဟိမန် မ စသောဝါသုတ်အဖွင့်။

(တနည်း)အာဟိတော အဟံမာနော ဧတ္ထာတိအတ္တာ၊(ပါထိကဝဂ္ဂဋီကာ ၁၆၀)။

အတ္တာနံ အဓိကိစ္စ ပဝတ္တာတိ အဇ္ဈတ္တာ၊ အသပဒဝိဂ္ဂဟ၊ ဝိဂ္ဂဟအကျယ်။

(တနည်း) အတ္တာနံ အဓိ အဇ္ဈတ္တာ၊ (သပဒဝိဂ္ဂဟ၊ ဝိဂ္ဂဟအကျဉ်း)။

၂။ အတ္တဘောဟူသော ခန္ဓာပဉ္စက၏ စွဲ၍ဖြစ်သော တရားတို့နှင့် ဠာန ဌာနီ စပ်။

၄။ အဇ္ဈာတ္တတရားတို့၏ (အဇ္ဈတ္တ အဖြစ်ဖြင့်) တစ်ခုသည် ။ဂ။ ဓာတ်သည် ဂယှတေ ဧတေနာတိ ဂဟဏံ။

(တနည်း) ဂယှတေတိ ဂဟဏံ၊ (ယူခြင်းကြိယာခွဲ)။

http://www.dhammadownload.com



(၁) ဝါကျ။ ဂါဝေါစရန္တိ ဧတ္ထာတိ ဂေါစရံ၊ ဂေါစရံ ဝိယာတိ ဂေါစရံ။

အတ္ထာနံ အဓိ အဇ္ဈတ္တံ၊ ဂေါစရံဝေ အဇ္ဈတ္တံ ဂေါစရဇ္ဈတ္တံ၊ (တသ္မိံ)။

၂။ အာရုံ၏ အဇ္ဈတ္တနှင့် ဝိသေသန+ဝိသေသျ, ဂုဏ်+ဂုဏီ စပ်။

၄။ ဂေါစရဇ္ဈတ္တတရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။

နိယသ္သ အတ္တနော ဧတံ နိယကံ။ အတ္တာနံ အဓိအဇ္ဈတ္တံ။

နိယကံဝေ အဇ္ဈတ္တံ နိယကဇ္ဈတ္တံ၊ (တသ္မိံ)။

၂။ နိယက၏။ ဝါ၊ မိမိဥစ္စာ၏ အဇ္ဈတ္တတရားနှင့် ဝိသေသန, ဝိသေသျ, ဂုဏ်+ဂုဏီ စပ်။

၄။ နိယတဇ္ဈတရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။

အတ္တာနံ အဓိ အဇ္ဈတ္တံ၊ (ရှေ့အဇ္ဈတ္တ) အတ္တာနံ အဓိ အဇ္ဈတ္တံ၊ (နောက်အဇ္ဈတ္တ) အဇ္ဈတ္တံဝေ အဇ္ဈတ္တအဇ္ဈတ္တံ၊ (တသ္မိံ)။

၂။ အဇ္ဈတ္တတရား၏ အဇ္ဈတ္တတရားနှင့် ဝိသေသန-ဝိသေသျ, ဂုဏ်-ဂုဏီ စပ်။

၄။ အဇ္ဈတ္တဇ္ဈတ္တတရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။

ဝိသိနာတိ အာရမ္မဏံ ဗန္ဓတီတိ ဝိသယော၊ (ယောဇနာ)။

(တနည်း) ဝိသေသတော သိနောတိ ဗန္ဓတီတိ ဝိသယော (နိ-သစ်)။

အတ္တာနံ အဓိ အဇ္ဈတ္တံ၊ ဝိသယောဝေ အဇ္ဈတ္တံ ဝိသယဇ္ဈတ္တံ။ (တသ္မိံ)။

၂။ အစိုးရသော အရာ၏ အဇ္ဈတ္တတရားနှင့် ဝိသေသန-ဝိသေသျ, ဂုဏ်-ဂုဏီ စပ်။

၄။ ဝိသယဇ္ဈတ္တတရားတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။

(၈) ဝါကျ။ ဤသတီတိ ဣဿရော၊ ဣဿရဿ ဘာဝေါ ဣဿရိယံ။ တိဋ္ဌတိ ဧတ္ထာတိ ဌာနံ၊ ဣဿရိယဿ ဌာနံ ဣဿရိယဋ္ဌာနံ။

(တနည်း) ဣဿရိယံဝေ ဌာနံ ဣဿရိယဋ္ဌာနံ၊ (တသ္မိံ)။

http://www.dhammadownload.com



၂။ အစိုးရသည် အဖြစ်၏ ဌာနနှင့် ဂုဏ်-ဂုဏေး, ဌာနီ-ဌာန စပ်။
၄။ ဣဿရိယဌာနတို့၏ တစ်ခုသည် ။ပ။ ဇာတ်သည်။

(စ) ဝါကျ။ ပူရေတီတိ ပူတိ။ ပူတိသင်္ခါတံ အာဓဟာရံ ဂိလတိ အာဒတီတိ ပုဂ္ဂလော။

ပဋိဝိဘုံ ပုဂ္ဂလာ ပဋိပုဂ္ဂလာ၊ ပဋိပုဂ္ဂလေ ပဝတ္တာ ပါဋိပုဂ္ဂလိကာ။
၂။ အသီးသောပုဂ္ဂိုလ်၏ ဖြစ်သောတရားတို့နှင့် ဌာန-ဌာနီ စပ်။
၄။ အသီးသော ပုဂ္ဂိုလ်၌ ဖြစ်ခြင်းကြီးယာသည်။

(တနည်း) နိဿယအလို ပဋိပုဂ္ဂလဿ သန္တကာ ပါဋိပုဂ္ဂလိကာ။
၂။ အသီးသော ပုဂ္ဂိုလ်၏ တရားတို့နှင့် သာမိ+သံ စပ်။
၄။ အသီးသော ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော တရားဖြပ်သည်။

[အမှာ။ ။သအဇ္ဈတ္တိကာနိ (ဋ္ဌ-၈၈) ၌ ဝိဂ္ဂဟကား အတ္တာနံ အဓိ အဇ္ဈတ္တံ။ အဇ္ဈတ္တေ ဘဝါနိ အဇ္ဈတ္တိကာနိ- (ဋ္ဌီ-၄၇)။
၂။ အဇ္ဈတ္တတရား၏ အပေါ်ဝ်းဖြစ်သော စက္ခု စသော တရားတို့နှင့် သမ္ဗန္ဓ သမ္ဗန္ဓီ စပ်။
၄။ အဇ္ဈတ္တိက တရားတို့၏ (အဇ္ဈတ္တိက အဖြစ်ဖြင့်) တစ်ခုသည် ။ပ။ ဇာတ်သည်။

## လိင် စသည် ခွဲပုံ

(က) ဝါကျ။ မယံ-အလိင်, (တနည်း) (ဓမ္မာကိုငဲ့၍) ပုလ္လိင်, သဗ္ဗနာမ်ဂိုဏ်း, အကာရန္တ, သဗ္ဗနာမပဒ။

အတ္တာ, အတ္တာနံ-ပုလ္လိင်, ရာဇာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။

ဂမိဿာမ- အလိင်, ဘူဝါဒိဂိုဏ်း, (ပကတိကာရန်-အတွင်းကာရန်) ဥကာရန္တ, အာချာတပဒ။ (ဂမုဓာတ်+အပစ္စည်း+ဿာမဝိဘတ်)။

ဣမိနာ-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, (တနည်း) သဗ္ဗနာမ်ဂိုဏ်း, အကာရန္တ, သဗ္ဗနာမပဒ။

ကတ္ထာ-အလိင်, ဂဏ္ဍာဝိမုတ်, အကာရန္တ, နိပါတပဒ, (တနည်း) ကိတပဒ။

http://www.dhammadownload.com



အဇ္ဈတ္တာ-(မိမိကိုင်၍)ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

(ဆ) ဝါကျ။ အယံ ပုလ္လိင်, ပုရိသာဒိဂိုဏ်း (တနည်း) သဗ္ဗနာမ်ဂိုဏ်း, အကာရန္တ, သဗ္ဗနာမပဒ။

ဧဂါဒိဝရရုဋ္ဌေသွေ စသော ၄-ပုဒ်ကား နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

ဧတာသု (အဋ္ဌေသုကိုင်၍) ပုလ္လိင်, သဗ္ဗနာမ်ဂိုဏ်း, ဥကာရန္တ, သင်္ချာသဗ္ဗနာမပဒ။

(ဃ) ဝါကျ။ ဗလသမာပတ္တိ- ဣတ္ထိလိင်, ရတ္တာဒိဂိုဏ်း, ဣကာရန္တ, သမာသနာမပဒ။

နာမ- အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

(င) ဝါကျ။ ဣဓ (နာမနှင့်တူ၏)။

(စ) ဝါကျ။ တသ္မာ-အလိင်, ဂဏဝိမုတ်, အာကာရန္တ။

(တနည်း) (တသ္မာအမိဝေပ္ပတတ္တာဟု စွဲ၍ အနက်ပေးလျှင်) နပုလ္လိင်, စိတ္တာဒိဂိုဏ်း (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, သဗ္ဗနာမပဒ။

(သန္တာနေ ပုလ္လိင်, ပုရိသာဒိဂိုဏ်းမှဲ့)။

## ဓာတုစက် သံဝဏ္ဏနာ

(က) ဝါကျ။ ဧဝံ ။ပ။ အဓိပ္ပါယေနဖြင့် တရားတို့သည် ဤသို့သော အဓိပ္ပါယ် သဘာဝသတ္တိမရှိသော်လည်း ရှိသကဲ့သို့ ဆိုထားသော ဥပရိက္ခာ, ဘာဝမူပစာအဖြစ်ကို သိစေ၏၊ (နေယျတ္ထ၊ ဘာဝတ္ထ)။

အတ္တာနံ အဓိကာရံ ကတွာ ဗဝတ္တာတိဖြင့် အဇ္ဈတ္တာ၌ အဓိ+အတ္တာ ဟု ပုဒ်ဖြတ်ရမည်ကိုလည်းကောင်း, (သန္ဓိလိင်ပဒ) အဓိဥပသာရပုဒ်သည် အဓိက စသောအနက်ကိုမဟော၍ အဗျယီဘောသမာသ်အရာ၌ အဓိကာရအနက်ပဝတ္တ (ပဝတ္တန ပဝတ္တိ) အနက် ၂-ချက်ဟောကိုလည်းကောင်း, (ဥပသဂ္ဂလိင်တ္ထ) အတ္တာနံ အဓိကိစ္စပဝတ္တာတိ အဇ္ဈတ္တာဟု ဒုတိယာ အဗျယီဘော သမာသ် ရေနတ္ထပြုရမည်ကိုလည်းကောင်း၊ (သမာသလိင်တ္ထ) သိစေ၏။

-တတိယအကြိမ်-

http://www.dhammadownload.com



(ခ) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို သိစေ၏။ (အတ္ထ၊ ဘာဝတ္ထ)။ ကြွင်းသော (ခ) ဝါကျဖြင့် အဇ္ဈတ္တ သဒ္ဒါသည် သာမညအားဖြင့် ဂေါစရဇ္ဈတ္တ စသောအနက် လေးပါးတို့၌ ဖြစ်သည်ဟု ဝါ၊ အနက်လေးပါး တို့ကိုဟောသည်ဟု သိစေ၏၊ (သာမညာဘိဓေယျတ္ထ)။

(ဂ) ဝါကျ။ ဣဓ ဝါကျဖြင့် ရှေ့၌ ဆိုအပ်သော ဝိသယဇ္ဈတ္တပုဒ်၏ အဓိပ္ပါယတ္ထကို သိစေ၏၊ (ဘာဝတ္ထ)။

(ဃ) ဝါကျ။ ဟိဖြင့် ဒဠှီကရဏ ဇောတက အဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ၊ နေယျ)။ ကြွင်းသော (ဃ) ဝါကျဖြင့် ရှေးဒဠှီယ ဖကားကို ခိုင်မြဲအောင်ပြုသော ဒဠှီကရဏအဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

(င) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထ ဇောတကအဖြစ်ကို သိစေ၏။(အတ္ထ၊ ဘာဝတ္ထ)။ ကြွင်းသော (င) ဝါကျဖြင့် အဇ္ဈတ္တတိက်၌ အဇ္ဈတ္တသဒ္ဒါသည် ဂေါစရဇ္ဈတ္တ စသော အနက်သုံးပါးက မဟော၊ နိယကဇ္ဈတ္တကိုသာ ဟော သည်ဟု သိစေ၏၊ (ဝိသေသာဘိဓေယျတ္ထ)။

(စ) ဝါကျ။ ဣဓဝါကျဖြင့် ရရှိအပ်သော အကျိုး၊ ဟူသော လဒ္ဓဂုဏ အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

## ဥပသာရပုဒ် နိပါတ်ပုဒ် အနက်များ

(က) ဝါကျ။ ဝေံသဒ္ဒါ အာကာရတ္ထ၊ (တနည်း) ဣမသဒ္ဒတ္ထ (ဂဏ္ဌိ) ပဝတ္တမာနာ၌ ပ သဒ္ဒါ ဓာတွတ္ထာ နုဝတ္တက၊ အတ္တာတိ၌ ဣတိ သဒ္ဒါ နိဒဿနတ္ထ၊ ဂမိဿာမာတိ၌ ဣတိသဒ္ဒါ ဣမသဒ္ဒတ္ထ, နိဒဿနတ္ထ, ဝိယသဒ္ဒါ ဥပရိက္ခာ ဇောတက၊ အဓိပ္ပါယေန၌ အဓိသဒ္ဒါ ဓာတွတ္ထာ နုဝတ္တက၊(တနည်း) ဓာတွတ္ထဝိသေသက ဖြစ်၍ ဗုစ္ဆာအနက်ကို ဟော၏

အဓိကာရ၌ အဓိသဒ္ဒါ အဓိကိစ္စအနက် (တနည်း) ဓာတွတ္ထ ဝိသေသက ဖြစ်၍ ပတိဋ္ဌာန အနက်ကိုဟော၏။ ပဝတ္တာတိ၌ ပသဒ္ဒါ ဓာတွတ္ထာနုဝတ္တက။ ဣတိသဒ္ဒါ ဟေတွတ္ထဇောတက ဝါ နာမလာဘ ဟိတ်အနက်ကို ဟော၏။ အဇ္ဈတ္တာ၌ အဓိသဒ္ဒါ အဓိကာရအနက် ပဝတ္တ (ပဝတ္တန ပဝတ္တိ) အနက် ၂ ချက်ကို ဟော၏။ [အတ္တာနံ+အဓိ အဇ္ဈတ္တာတိ အဓိ-သဒ္ဒေါ သမာသ

http://www.dhammadownload.com



ဝိသယေ အဓိကာရတ္တံ ပဝတ္တိအတ္ထဉ္စ ဂဟေတွာ ပဝတ္တတီတိ အတ္တာနံ အဓိကိစ္စ ဥဒ္ဒိဿပဝတ္တာ အဇ္ဈတ္တာ၊- ဋီကာ-၄၇။]

(ခ) ဝါကျ။ ပနသဒ္ဒါ ပက္ခန္တရတ္ထ ဇောတက၊ 'နိယကဇ္ဈ နိသဒ္ဒါ နိဿာယအနက် ဟော၏။ ဝိသယဇ္ဈ ဝိသဒ္ဒါ ဝိသေသတ္ထ၊ ဣတိသဒ္ဒါ နိဒဿနတ္ထ။

အဇ္ဈတ္တတို့၌ပါသော အဓိသဒ္ဒါများကား အဓိကာရအနက်,ပဝတ္တအနက်ကို ဟော၏။

(ဂ) ဝါကျ။ ဣတိသဒ္ဒါ ဣမသဒ္ဒတ္ထ၊ နိဒဿနတ္ထ။

(ဃ) ဝါကျ။ သမာပတ္တိဉ္စ သံသဒ္ဒါ သမ္မာအနက်ကို ဟော၏။ အာသဒ္ဒါ ဓာတွတ္ထ ဝိသေသက ဖြစ်၍ ပတ္တိ (ပါပုဏန) အနက်ကို ဟော၏၊ ဟိသဒ္ဒါ ဒဠှီကရဏတ္ထ ဇောတက၊ နာမသဒ္ဒါ သညာအနက်ကို ဟော၏။

(င) ဝါကျ။ ပနသဒ္ဒါ ပက္ခန္တရတ္ထဇောတက၊ (တနည်း) ဝိသေသတ္ထ ဇောတက၊အဓိပ္ပေတောဇ္ဈ အဓိသဒ္ဒါ ဓာတွတ္ထ ဝိသေသကဖြစ်၍ ဣစ္ဆာအနက်ကို ဟော၏။

(စ) ဝါကျ။ တသ္မာ နိပါတ်ကာရကဏ္ဍေဒနတ္ထ (ရှု)၊ သန္တာနေဇ္ဈ သံသဒ္ဒါ သမ္မာအနက်ကို ဟော၏။ ပဝတ္တံဇ္ဈ ပသဒ္ဒါ ဓာတွတ္ထာ နုဝတ္တက၊ ပါဋိပုဂ္ဂလိကာဇ္ဈ ပဋိ (ပတိ) သဒ္ဒါ ဝိသုံ အနက်၊ ဝါ-ဝိသုံကရဏ အနက်ကို ဟော၏။ အဇ္ဈတ္တာတိဇ္ဈ ဣတိ သဒ္ဒါ နိဒဿနတ္ထ။

## သဒ္ဒနာမ်ပုဒ်တို့၏ ဝိသယနာမည်

(က) ဝါကျ။ ဂဏ္ဌိအလို ဝေ သဒ္ဒါသည် ဣမသဒ္ဒါ၏ အနက်ကိုဟော၍ ထိုဣမသဒ္ဒါသည် ပသိဒ္ဓဝိသယ ဖြစ်ပါသည်။ ဣမိနာဇ္ဈ ဣမသဒ္ဒါ အဓိပ္ပါယေန ဟု အစွဲတိုက်ရိုက်ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(ခ) ဝါကျ။ အယံဇ္ဈ ဣမသည် အဇ္ဈတ္တသဒ္ဒေါ ဟု အစွဲ တိုက်ရိုက် ရှိသောကြောင့် ပသိဒ္ဓဝိသယ။

(င) ဝါကျ။ ဣမဇ္ဈ ဣမသည် အဇ္ဈတ္တတိကဒြုပ်ကို စွဲသောကြောင့် ပက္ကန္တဝိသယ။

http://www.dhammadownload.com



(စ) ဝါကျ။ တသဗ္ဗာ၃ တသည် အဓိပ္ပေတော ကြိယာကိုစွဲသောကြောင့် အနုဘူတ ဝိသယ။

ကြိယာ ၅ တန် ထုတ်ပုံ

(က) ဝါကျ။ ဂဟာဏ်၌ အန္တဋ္ဌ ပဟာတ်အရ အတ္တ ဟု စွဲလမ်းသော ဓိဋ္ဌိ ပြုခွဲ၃န်းသော ဓိဋ္ဌိဂတ သမ္ပယုတ် စိတ္တုပ္ပါဒ်ကိုယူ၍ အကုသိုလ်အတိုင်း ထုတ်ပါ။

(ခ) ဝါကျ။ ၁။ ဖလသမာပတ္တိအရ ဖလသမာပတ္တိ သုခသည်....။

၂။ မဂ္ဂါနန္တရ ဖိုလ်တို့သည်....။

၃။ ဖလသမာပတ်မှ ထသောအခါ ရှေးဦးစွာဖြစ်သော ပထမ ဘဝင် သည်....။

၄။ အရိယမဂ် စသည့်တို့သည်....။

၅။ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည်....။

ဗုဒ္ဓါနံ၌ အန္တဋ္ဌ ဗုဓဓာတ်အရ

၁။ သဗ္ဗညုတဉာဏ်တော်သည်....။

၂။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့သည်....။

၃။ ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်, အာသယာနုသယ ဉာဏ်တို့သည်....။

၄။ မဟာကရုဏာဉာဏ်, ပါရမီဉာဏ် ဝိပဿနာဉာဏ်တို့သည်....။

၅။ ဒေသနာဉာဏ်နှင့် သတ္တဝါတို့၏ တရားနာခြင်းမှစ၍ မဂ်ဖိုလ် နိဗ္ဗာန် တိုင်အောင်သော အကျိုးဆက်တို့သည်....။

(ဂ) ဝါကျ။ အဓိပ္ပေတော၏ ကတ္တားကို ဘာဝတော ထည့်လျှင် ထို အဓိပ္ပေတော၌ အဓိ+အပိပုဗ္ဗ+ဣဓာတ်အရ သန္နိပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ရ၏။

၁။ သန္နိပြဋ္ဌာန်းသော မဟာကြိယာဉာဏ သမ္ပယုတ် စိတ္တုပ္ပါဒ် သည်....။

၂။ မဂ်ဉာဏ်, ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်တို့သည်....။

-အဘိဓမ္မာပြီး-

http://www.dhammadownload.com



၃။ ဓေဃနာဥာဏ်နှင့် အဗျာကတ ဟူသော ဝစီဘေဗသဒ္ဒသည်....။

၄။ မဟာကရုဏာဥာဏ်, ပါရမီဥာဏ်, ဝိပဿနာဥာဏ်တို့သည်....။

၂။ ဓမ္မဿဝနကုသိုလ် ဖြစ်ခြင်းမှစ၍ မဂ်ဖိုလ်နိဗ္ဗာန် တိုင်အောင် သော အကျိုးဆက်တို့သည်....။

(ဗာဟုျတ္တ တပစ္စည်းအရ အဗျာကတဟူသော ဝစီဘေဒသဒ္ဒကိုယူ၍ ထုတ်လျှင် စည်းမျဉ်းအဖြေ၌ ပြခဲ့သော ဝုတ္တံ, ဝုတ္တောတို့၌ ထုတ်ပုံနည်းကိုယူ၍ ထုတ်ပါ)။

(တနည်း) အဓိပ္ပေါတော၏ ကတ္တာကို ပဏ္ဍိတေနထည့်လျှင် ထိုအဓိပ္ပေါ တော၌ ဣမာတိအရ

၁။ ဆန္ဒပြဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်သည်...။

၂, ယောနိသော မနသိကာရသည်....။

၃။ အနက်အဓိပ္ပါယ်သိရခြင်း, ကျေနပ်ကြည်ခြင်း စသည်တို့သည်....။

၄။ သဒ္ဓမ္မဿဝန စသည်တို့သည်....။

၅။ မဂ်ဖိုလ်ရခြင်း စသောအကျိုးဆက်တို့သည်....။

(ဝေဒိတဗ္ဗော၌ ဝိဒဓာတ်အရ ထုတ်ပုံကိုလည်း စည်းမျဉ်းအဖြေ၌ရှု)။

## ဝေဒိတဗ္ဗာ ထားရပုံ

(စ)ဝါကျ။ (မိမိသန္တာန်၌ ဖြစ်ကုန်သော အသီးသီးသော ပုဂ္ဂိုလ်တို့၏ဥစ္စာ ဖြစ်ကုန်သောတရားတို့သည် အဗျာကတမည်ကုန်၏ဟု ဥပစာရတ္တ, နေယျတ္တဝက်တ္တ, အနေကန္တအားဖြင့် ယူရမည်ဟုပြလိုသောကြောင့် 'ဝေဒိတဗ္ဗာ' ထား၏။

## သိဒ္ဓိရနိုင်ပုံ

တေနာ နန္ဒ ဘိက္ခုနာ ။ပ။ ဂေါစရဇ္ဈတ္တေ ဒိဿတိ (၃-၈၈) ၌-

အဇ္ဈတ္တသဒ္ဒါ၏ ဂေါစရဇ္ဈတ္တ အနက်ဟောသည်၏ အဖြစ်ကို ဤအာစမ ပါဠိဖြင့် ပြီးစေအပ်သောကြောင့် သိဒ္ဓေယျသိဒ္ဓိမည်၏။

(ကြွင်းသော ဤအဇ္ဈတ္တတိက်ရှိ ပါဠိအာဂမဿာစကပါဌ်ကို ကိုးကား၍ အဇ္ဈတ္တသဒ္ဒါ၏ အတ္တုဒ္ဓါရပြရာ၌လည်း ဤသိဒ္ဓေယျ သိဒ္ဓိရနိုင်ပုံကို သိပါ။)

အဓိပ္ပါယ်ပြီး

http://www.dhammadownload.com



## နံပါတ် (၉) အတွက် အဓိပ္ပါယ်

(က) ဝါကျ။ ဝေဲသဒ္ဒါ၏ အနက်အဓိပ္ပါယ်အရကား ဝေဲသဒ္ဒါကား အာကာရတ္ထ၊ အာကာရဟူသည် ပကာရ၊ ပကာရဟူသည်ဘေဒ၊ ဘေဒဟူသည် ဝိသေသ၊ ထိုဝိသေသ၏အရကား (ဝါ) ဝေဲအရကား စက္ခုအစရှိသောအဖြစ်, ဖုသနစသောအဖြစ်, တစ်ခုသောသန္တာန်၌ အကျုံးဝင်သော သန္တာန်, (ဝါ) အစွမ်းသတ္တိစပါသည်။ (ဋီ-၄၇)။

## အဇ္ဈတ္တ ဇ္ဈတ္တဟု ဆိုနိုင်ပုံနှင့် အဇ္ဈတ္တ ဇ္ဈတ္တ အရ

"ရူပရူပံ"ဟုလည်းကောင်း "ဒုက္ခ ဒုက္ခံ" ဟု လည်းကောင်း သဒ္ဒါတူနှစ်ချက်ဖြင့်ဆိုရာ၌ ရုပ်အစစ် ဒုက္ခအစစ်ကိုယူရသကဲ့သို့ အဇ္ဈတ္တဇ္ဈတ္တ (အဇ္ဈတ္တ+အဇ္ဈတ္တ)ဟု သဒ္ဒါတူနှစ်ချက်ဆိုသောကြောင့် အဇ္ဈတ္တတရားအပေါင်းတွင်ခန္ဓာကိုယ်အား သာ၍ ကျေးဇူးများသဖြင့် အဇ္ဈတ္တ အစစ်ဟုဆိုရသော စက္ခုစသော (၆) ပါး ဝါ၊ စက္ခု-သောတ-ဃာန-ဇိဝှာ-ကာယ-မန ဟူသော အာယတန-၆ ပါးကိုသာ ယူရပါသည်။ (ဋီ-၄၈)။

## ပဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ (ဝေံ ။ပ။ ဂမိဿာမဠ် ပြိုင်ပုံ, (ဃ) ဝါကျ ဖလသမာပတ္တိ ဗုဒ္ဓါနိ၌ ပြိုင်ပုံကို စည်းမျဉ်းအဖြေ၌ ရှု။)

(င) ဝါကျ။ အယံ အဇ္ဈတ္တ သဒ္ဒေါ ဟူသော ပါဠိသေသအရ အဓိပ္ပေ တော၌ တပစ္စည်းအရ အဇ္ဈတ္တ ဟူသောအတိတ် သဒ္ဒါအာရုံသည် အဓိပ္ပေတော ၌ အန္တတ္ထခေတ်အရ ဆန္ဒပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။

(စ) ဝါကျ။ မွေ့အရ ဝေဒိတဗ္ဗ၌ တဗ္ဗပစ္စည်းအရ အဇ္ဈတ္တ ရုပ်နာမ် ဟူသော အာရုံပစ္စည်းတရားသည် ဝေဒိတဗ္ဗော၌ ဝိဒခေတ်အရ ဉာဏ်ပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်အား အာရမ္မဏပြု၏။ ပြိုင်- အာ၊ မိ၊ ဥပ (၃)။

ဓမ္မဒါယာဒအဖွဲ့

http://www.dhammadownload.com

# သနိဒဿနတိက် အဖွင့်

(က) ဒွေမ္ဗဘာဝသင်္ခါတေန သဟ နိဒဿနေ နာတိ သနိဒဿနာ။

(ခ) ပဋိဟနနဘာဝ သင်္ခါတေန သဟ ပဋိဃေနာတိ သပ္ပဋိဃာ။

(ဂ) သနိဒဿနာ စ တေ သပ္ပဋိဃာ စာတိ သနိဒဿန သပ္ပဋိဃာ။

(ဃ) နတ္ထိ ဧတေသံ ဒွေမ္ဗဘာဝသင်္ခါတံ နိဒဿနန္တိ အနိဒဿနာ။

(င) အနိဒဿနာ စ တေ ဝုတ္တနယေနေဝ သပ္ပဋိဃာ စာ တိအနိဒဿန သပ္ပဋိဃာ။ (ဋ္ဌ-ဂ၉)။

(ကျမ်းတက်များမှာ သံဝဏ္ဏနာတစ်မျိုးမှ သံဝဏ္ဏနာတစ်မျိုး ကျမ်းတက်နည်း, အရ တက်လျှင် လွယ်ပြီ)။

## ပါဠိတော် ဋ္ဌကထာ၌ (က) ဝါကျ ကျမ်းတက်

ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ သနိဒဿန ဟု ဟောတော်မူ၏၊ (ဋ္ဌ) ဤမျှသာ ပြဆိုချေသော် (က) သနိဒဿန၌ သဟသဒ္ဒါသည် ဝိဇ္ဇမာန အနက်ကို ဟောသည်။ နိဒဿနပုဒ်ကိုလည်း ကတ္တုသာဓိ ဝစနတ္ထပြုရသည်။ နိဒဿနအရ စက္ခုဝိညာဉ်,ရူပါရုံစသည်ကို ယူရသည်ဟု မှတ်အပ်သည် မဟုတ်ပါလော (ဘော) ထိုသို့ မှတ်အပ်လေသောကြောင့် (ဘော ဟော) သနိဒဿန ဟူ၍သာ မဆိုသင့်။ (ဋ္ဌ ခဲ) သနိဒဿန၌ သ သဒ္ဒါ၏ သဟအနက် (ဝါ) သမကြိယာအနက် တုလျယောဂအနက်, နိဒဿနပုဒ်၏ ကမ္မသာဓန ဝစနတ္ထ, နိဒဿနအရ ရူပါရုံ၏ အာရမ္မဏ ပစ္စယသတ္တိဖြစ်ပုံ အလုံးစုံကိုလည်း ပြဆိုသင့်သေး၏ (နွ)၊ အသို့မှတ်ရပါအံ့နည်း (ပုစ္ဆာ)၊ ဤသို့မေးဖွယ်ရှိသောကြောင့် (က) ဝါကျကို မိန့်၊

အဓိပ္ပါယ်ကား (က) ဝါကျဖြင့် သနိဒဿန၌ သ သဒ္ဒါ၏ သဟအနက် ဝါ သမကြိယာအနက်, တုလျယောဂအနက်၊ နိဒဿနပုဒ်၏ ကမ္မသာဓန ဝစနတ္ထ နိဒဿနအရ ရူပါရုံ၏ အာရမ္မဏပစ္စယသတ္တိ ဖြစ်ပုံကိုလည်း ပြဆို၏ ဟူလို၊

(ဓာဒနာတက်လျှင် အတိဗျာပိတဒေါသတင်တက်ပါ)။

http://www.dhammadownload.com



## ပါပနာဒိ ကျမ်းတက်

သနိဒဿနဥ္စ သသတ္တပ္ပသည် ဝိဇ္ဇာမာနအနက်ကို ဟောသည်။ နိဒဿနပုဒ်ကိုလည်း ကတ္တုသာဓ် ဝစနတ္ထပြုရသည်။ နိဒဿနအရ စက္ခုဝိညာဉ်, ရူပါရုံ စသည်ကိုယူရသည် ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

## ဓဒါသ သင့်ပုံ ဖယ်ပုံ

(၅) ဝါကျအချင်းချင်း ရှေ့နောက်ထောက်ဆလျှင် ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသသင့်ပုံ, နောက်နောက် ဝါကျတို့ဖြင့် အဗျာပိတဒေါသ ဖယ်ပုံတို့ကို သိပါ။

ပါဠိတော်ကိုထောက်ဆလျှင်ကား (က)ဝါကျဖြင့် သနိဒဿနဥ္စ သသဒ္ဒါ၏ ဝိဇ္ဇမာနတ္ထ,နိဒဿနပုဒ်၏ ကတ္တုသာဓ် ဝစနတ္ထ နိဒဿနအရ ရူပါရုံ စသည်တို့၌ အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကိုလည်း ဖယ်ပါသည်။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စတုက္က

(က) ဝါကျ။ ပဿိတဗ္ဗန္တိ ဒဋ္ဌဗ္ဗံ၊ ဒဋ္ဌဗ္ဗဿ ဘာဝေါ ဒဋ္ဌဗ္ဗဘာဝေါ။ ဒဋ္ဌဗ္ဗဘာဝေါ ဣတိသင်္ခါတော ဒဋ္ဌဗ္ဗဘာဝ သင်္ခါတော၊ (တေန) (ယောဇနာ၌ ဝိဂ္ဂဟ ဤမျှသာ)။

၂။ မြင်အပ်သောအဖြစ်၏ ဆိုအပ်သည်နှင့် ဂုဏ် ဂုဏေး စပ်....။

၄။ မြင်အပ်သောအဖြစ် ဟု ဆိုခြင်းကြိယာသည် ဝါ-ဒဋ္ဌဗ္ဗဘာဝ-သင်္ခါတ ဝိသေသန ဘောဂုဏ်သည်....။

နိဒဿိတဗ္ဗန္တိ နိဒဿနံ၊ နိဒဿီယတေတိ နိဒဿနံ၊ (တေန) မြင်ခြင်း ကြိယာခွဲ။

ဤ(က)ဝါကျ သံဝဏ္ဏနာအရ သနိဒဿနာ၌အစိတ်အပေါင်းဝိဂ္ဂဟကား၊ နိဒဿိတဗ္ဗန္တိ နိဒဿနံ။

သဟ နိဒဿနေန ယေ ဝတ္တန္တီတိ သနိဒဿနာ။

၂။ မြင်အပ်သောအဖြစ်၏ ရူပါရုံနှင့် ဂုဏ် ဂုဏေး,(တနည်း)မြင်အပ်သည်၏ အဖြစ်နှင့်တကွဖြစ်ခြင်း သဟာပဝတ္တနဘောဂုဏ်၏ ရူပါရုံ

http://www.dhammadownload.com



နှင့် ဂုဏ်–ဂုဏေး, (တနည်း) တကွဖြစ်သော နိဒဿနဘာဝ
အာရမ္မဏ ပစ္စယသတ္တိ၏ ရူပါရုံနှင့် သတ္တိသတ္တိမန္တ စပ်….။

၄။ မြင်အပ်သည်၏အဖြစ် ဟူသော ဂုဏ်သည်, ဝါ သနိဒဿန ဟူသော ရူပါရုံတရားတို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်….။

(ခ) ဝါကျ။ သံဝဏ္ဏနာအရ သပ္ပဋိဃာဒ္ဓ….

ပဋိဟနတီတိ ပဋိဃော။ (ကတ္တုသာဓ်) ပဋိဟညတေတိ ပဋိဃော။ (ကမ္မသာဓ်) သဟပဋိဃေန ယေဝတ္တန္တီတိ သပ္ပဋိဃာ။

၂။ တကွဖြစ်သော ထိခိုက်ခြင်း ပဋိဃာနနသတ္တိ၏ ဩဠာရိကရုပ်,ဝါ ရူပါရုံနှင့် သတ္တိ သတ္တိမန္တ စပ်။

၄။ သပ္ပဋိဃ တရားတို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်။

## လိင် စသည် ခွဲပုံ

(က) ဝါကျ။ ဒဋ္ဌဗ္ဗဘာဝသင်္ခါတေန-ပုလ္လိင်,ပုရိသာဒိဂိုဏ်း,အကာရန္တ, သမာသနာမပဒ။ သဟကို အလိင်, နိပါတ်ပုဒ်ခွဲပါ။

နိဒဿနေန နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။ (သနိဒဿနကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲပါ)။

(ခ) ဝါကျ။ ပဋိဟနန ဘာဝ သင်္ခါတေန ပုဒ်လုံးကား- ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသနာမပဒ, (ထိုတွင် ပဋိဟနနကို နပုလ္လိင်, စိတ္တာဒိဂိုဏ်းခွဲပါ။ ပဋိဃေနကို ပုလ္လိင်, ပုရိသာဒိဂိုဏ်း ခွဲပါ)။

(ဃ) ဝါကျ။ (နတ္ထိန+အတ္ထိပုဒ်ဖြတ်၍ နကို အလိင် နိပါတ်ပုဒ်ခွဲပါ)။

အတ္ထိ-အလိင်,ဘူဝါဒိဂိုဏ်း,(ပကတိကာရန်·အတွင်းကာရန်)အကာရန္တ, အာချာတပဒ။ (အသဓာတ်+အပစ္စည်း+တိဝိဘတ်)။ ဒဋ္ဌဗ္ဗဘာဝ သင်္ခါတံ နပုလ္လိင်, စိတ္တာဒိဂိုဏ်းခွဲပါ။

## အာဓော် သံဝဏ္ဏနာ

(က) ဝါကျ။ ဒဋ္ဌဗ္ဗဘာဝ သင်္ခါတေနဖြင့် နိဒဿနာဒ္ဓ နိပုဗ္ဗ+ဒိသ ဓာတ်၏ အဖြစ်ကိုလည်းကောင်း, (ဒုဓာတုပဒ) နိသဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တက

http://www.dhammadownload.com



အဖြစ်ကိုလည်းကောင်း, (ဥပသဂ္ဂလိင်္ဂတ္ထ) ယုပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်သည်ကိုလည်းကောင်း,နိဒဿိတဗ္ဗန္တိ နိဒဿနံဟု ဝိဂ္ဂဟပြုရမည်ကိုလည်းကောင်း, (ဒုပစ္စယတ္ထ၊ အဘိဓာနတ္ထ) နိဒဿနပုဒ်၏ ဘာဝပ္ပဓာန အဖြစ်ကိုလည်းကောင်း, (နေယျတ္ထ) နိဒဿနအရ ရူပါရုံ၏ အာရမ္မဏ ပစ္စယသတ္တိ ယူရမည်ကိုလည်းကောင်း (အဘိဓေယျတ္ထ) သိစေ၏။

သဟနိဒဿနေနာတိဖြင့် သနိဒဿနံ၌ သ၏ သဟကာရိယ အဖြစ်ကိုလည်းကောင်း, (နိပါတလိင်္ဂပဒ) သသဒ္ဒါသည် ဝိဇ္ဇမာနအနက်ကိုမဟော၊သဟအနက်, ဝါ၊ သမကြိယာအနက် ဟောသည်ကိုလည်းကောင်း, (နိပါတလိင်္ဂတ္ထ) သဟ၊ နိဒဿနေန ယေဝတ္တန္တီတိ=သနိဒဿနာဟု ပထမာ ဗဟုဗ္ဗိဟိ သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း, (သမာသလိင်္ဂတ္ထ) သိစေ၏။

(ခ) ဝါကျ ။ ပဋိဟနနဘာဝ သဒ္ဒါတေနဖြင့် ပဋိဃယာ၌ ပဋိပုဗ္ဗ+ဟနဓာတ်၏အဖြစ်ကိုလည်းကောင်း, (ဒုဓာတုပဒ) ပဋိသဒ္ဒါ၏ ဓာတွတ္ထာနုဝတ္တကအဖြစ်ကိုလည်းကောင်း, (ဥပသဂ္ဂလိင်္ဂတ္ထ) ရ ပစ္စည်း၏ ကတ္တုသာဓ်၊ ကမ္မသာဓ် အနက်ဟောသည်ကိုလည်းကောင်း, (ဒု-ပစ္စယတ္ထ) (ပဋိဃယာ၌ ရပစ္စည်း၊ -ရူ-နှာ၃၆၇) ပဋိဟနတီတိ ပဋိဃော ပဋိဟညတီတိ ပဋိဃောဟု ကတ္တုသာဓ်ဝစနတ္ထ, ပဋိဟညတေတိ ပဋိဃောဟုကမ္မသာဓ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း (အဘိဓာနတ္ထ) ပဋိဃပုဒ်၏ ဘာဝပ္ပဓာန အဖြစ်ကိုလည်းကောင်း, (နေယျတ္ထ) ပဋိဃအရ ထိခိုက်ခြင်း ပဋိဟနနသတ္တိယူရမည်ကိုလည်းကောင်း (အဘိဓေယျတ္ထ) သိစေ၏။

သဟ ပဋိဃေနဖြင့် သပ္ပဋိဃယာ၌ သ၏ သဟ၏ ကာရိယအဖြစ်ကို လည်းကောင်း, (နိပါတလိင်္ဂပဒ) သသဒ္ဒါ၏ သဟအနက် ဝါ၊ သမကြိယာအနက်၌ ဖြစ်သည်ကိုလည်းကောင်း, (နိပါတလိင်္ဂတ္ထ) သဟ ပဋိဃေန ယေ ဝတ္တန္တီတိ သပ္ပဋိဃာဟု ပထမာဗဟုဗ္ဗိဟိ သမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း, (သမာသလိင်္ဂတ္ထ အဘိဓာနတ္ထ) သိစေ၏။

(ဃ) ဝါကျ ။ ဒဋ္ဌဗ္ဗဘာဝသဒ္ဒါတံဖြင့် (အထက်ပါ) (က) ဝါကျရှိ ဒဋ္ဌဗ္ဗဘာဝ သဒ္ဒါတေနနှင့် တူ၏။

နတ္ထိ ဧတေသံနိဒဿနန္တိဖြင့်အနိဒဿနာ၌ အ၏န၏ကာရိယအဖြစ်, ဝိရဟအနက်, ပဋိသေဓအနက်, ဟောသည်ကိုလည်းကောင်း, (နိပါတလိင်္ဂပဒတ္ထ)

http://www.dhammadownload.com



(ရှေ့အချက်၌ နိပါတလိင်္ဂပဒ, နောက်အချက်၌ နိပါတလိင်္ဂဟု ခွဲခြား၍လည်း သံဝဏ္ဏနာ အမည်ပေးကြသည်။)

နတ္ထိဓေတသံ နိဒဿနန္တိ အနိဒဿနာဟု တေတ္ထိ ဗဟုဗ္ဗီဟိသမာသ် ဝဓနတ္တ ပြုရမည်ကိုလည်းကောင်း, (သမာသလိင်္ဂတ္တ) သိစေ၏။

## ဥပသာရုပ္ပုဒ်, နိပါတ်ပုဒ် အနက်များ

(က) ဝါကျ သင်္ခါတေနဣ သံသဒ္ဒါ ခေတ္တတ္တာနုဝတ္တက။ (တနည်း) ခါခေတ်ကို ကထနအနက်ဟောအောင် အထူးပြုပေးသောကြောင့် ဓာတွတ္တဝိသေသက။ သဟာသဒ္ဒါ သမဂ္ဂြိယတ္တ တုလျယောဂတ္တ။ နိဒ္ဒသနေနဣ နိသဒ္ဒါ ဓာတွတ္တာနုဝတ္တက။

သနိဒဿနာ၌ သ သဒ္ဒါ သဟတ္တ။ ဝါ၊ သမဂ္ဂြိယတ္တ၊ တုလျယောဂတ္တ။

(ခ) ဝါကျ။ ပဋိဟနနဣ ပဋိသဒ္ဒါ ဓာတွတ္တာနုဝတ္တက။

(ဂ) ဝါကျ။ စသဒ္ဒါများ တုလျာဓိကရဏ ဘာဝ ပသိဒ္ဓဇောတက။ (တနည်း) သမုစ္စယတ္တ ဇောတက။

(ဃ) ဝါကျ အနိဒဿနာ၌အသဒ္ဒါ ဝိရဟတ္တ၊ ပဋိသေဓတ္တ။

(င) ဝါကျ။ ဝုတ္တနယေနဝ၌ ဝေသဒ္ဒါ အဝဓာရဏတ္တ။

ထိုဝေသဒ္ဒါ၏ ဂဟေတဗ္ဗတ္တ စသည်....။

၁။ ဆိုအပ်ပြီးသော နည်းသည် ဝါ၊ ရှေး၌ဆိုအပ်ပြီးသော် ပဋိဟနန ဘာဝသင်္ခါတေန စသော သပ္ပဋိဃပုဒ်၌ ဖွင့်ပြအပ်ပြီးသော နည်းသည် ဂဟေတဗ္ဗတ္တ။

၂။ အဝုတ္တနယသည် နိဝတ္တေတဗ္ဗတ္တ။

၃။ သဒိသနယ, အနုရူပနယတို့သည် အနုညာတတ္တ။

## ကြိယာ ၅ တန် ထုတ်ပုံ

(က) ဝါကျ။ ဒဋ္ဌဗ္ဗ၌ အန္တတ္တ ဒိသခေတ်အရ–

၁။ စက္ခုဝိညာဉ်သည်....။

၂။ ပဋ္ဌဒ္ဒါရ ဝဇ္ဇန်းစိတ်သည်....။

http://www.dhammadownload.com



၃။ သမ္မဂ္ဂိန္ဒြိုနိုန်းသည်....။

၄။ ဘဝင်္ဂုပစ္စေဒစသည်တို့သည်....။

၅။ သန္တီရဏစသည်တို့သည်....။

(စည်းမျဉ်းအဖြေ၌လည်း ထုတ်ပြခဲ့ပြီ)။

ထိုဒွေဖြဉ်၌ ဗာဟျတ္တ တဗ္ဗပစ္စည်းအရ ရူပါရုံ၏ လက္ခဏာဝိစတုက္ကကို မှီ၍ ထုတ်ပါ။

(င) ဝါကျ။ ဝုတ္တ၌ အန္တတ္တ ဝစဓာတ်အရ—

၁။ အဇ္ဈတ္တကထာဆရာ သန္တာန်၌ ဖြစ်သော သတိ, ဝီရိယ, ဉာဏ်, ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည်။

၂။ ယောနိသော မနသိကာရသည်။

၃။ ပဋိဟာနနဘာဝ သန်္ဓိတေန သဟာပဋိယေန စသော ဝစီဘေဒသဒ္ဒသည်။

၄။ သဒ္ဓမ္မဿဝန စသည်တို့သည်။

၅။ သောတုဇနတို့အား ထိုဝစီဘေဒသဒ္ဒကို နားကြားရခြင်း, အနက်အဓိပ္ပါယ်သင်ကြား, မှတ်သား, သိနားလည်ရခြင်းမှစ၍ မဂ်, ဖိုလ်, နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည်။

(ထိုဝုတ္တ၌ ဗာဟျတ္တ တပစ္စည်းအရ ပဋိဟာနနဘာဝ သန်္ဓိတေန သဟာပဋိယေန စသော ဝစီဘေဒကို ယူ၍ စည်းမျဉ်းအဖြေ၌ ပြခဲ့သော အာစရိယေန ကတ္တားထည့်ရသော ဝုတ္တံ စသည်ရှိရာ၌ ဗာဟျတ္တ ထုတ်ပုံကအတိုင်းထုတ်ပါ)။

## စဋ္ဌာန်းပစ္စည်းပြိုင်

(က) ဝါကျ။ ဒဋ္ဌဗ္ဗ၌ ဗာဟျတ္တတဗ္ဗပစ္စည်းအရ ရူပါရုံသည် အန္တတ္တဒိသဓာတ်အရ စက္ခုဝိညာဉ်အား ဝါ၊ စက္ခုဝိညာဉ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

ပြိုင်—အာ၊ ပု၊ တ္ထိ၊ အဝိ (၄)။

—တတိယအကြိမ်—

http://www.dhammadownload.com



(င) ဝါကျ။ ဝုတ္တဋ္ဌ ဝစခေါတ်အရ သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် တပစ္စည်းအရ ပဋိဟနန ဘာဝသင်္ခါတေန သဟာပဋိယေန စသော ဝစီဘေဒသဒ္ဒအား သဟ ပြု၏။

ပြိုင်- ယထာရှဟာ= ဟော၊ ဓိ၊ သဟာ၊ နို၊ ကာံ၊ ဟာ၊ ဣ၊ ဗျာ၊ မဂ္ဂ၊ ဝိပ္ပ၊ တ္ထိ၊ အဝိ (၁၂)။

ထိုဝုတ္တဋ္ဌ တပစ္စည်းအရ ပဋိဟနန စသော အတိတ် သဒ္ဒါရုံသည်ညွန်ပြစဉ် အခါ၌ဖြစ်သော သတိ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ ပြု၏။

(ကြွင်းသောပစ္စည်းပြိုင်များ စည်းမျဉ်းအဖြေ၌ ပြခဲ့ပြီ။)။

[ အမှာ။ ။ဤသန္နိဋ္ဌာနတိက်၌ လည်းကောင်း,အခြားတိက်များ၌ လည်းကောင်း ပါရှိသော တတိယပဒံဥဘယ ပဋိစ္စပေန ဝုတ္တဟူသော ဝါကျနှင့်စပ်၍ သိသင့်သိထိုက်သော ကျမ်းတက်,ဒေါသပယ်ပုံမှစ၍ အဓိပ္ပါယ်အလုံးစုံကို ဝိပါကတိက်အဖွင့် (င) ဝါကျအတွက် ပြထားသည့် အဓိပ္ပါယ်များအတိုင်း မှတ်ပါ။ ]

## ဟေတုဂေါစ္ဆက အဖွင့် (ဏ)

(က) ဒုကမာတိကာယံ ပန တိကေသု အနန္တရတာပဒ ဂဏ္ဍနံယေဝ ကရိဿာမ။

(ခ) ဟေတုဂေါစ္ဆကေ တာဝ ဟေတုဓမ္မာတိ မူလဋ္ဌေန ဟေတု- သင်္ခါတာ ဓမ္မာ။

(ဂ) ဟေတူ ဓမ္မာတိပိ ပါဌော။

(ဃ) နဟေတူတိ တေသံယေဝ ပဋိက္ခေပဝစနံ။

http://www.dhammadownload.com



(င) သမ္ပယောဂတော ပဝတ္တေနု သဟ ဟေတု နာတိ သဟေ-တုကာ။

(စ) တထေဝ ပဝတ္တော နတ္ထိ ဧတေသံ ဟေတူတိ အဟေတုကာ။ (ဋ္ဌ-၇၉)

## ကျမ်းတက် (ဋ္ဌပနာပဥ္စက)
## ပုစ္ဆာတက်

(က) ဝါကျ။ အရှင်အဋ္ဌကထာဆရာ (အာ) ဆရာသည် (ကတ်) ရှေးစကားရပ်တို့ဖြင့် တိကမာတိကာ၏ အတ္ထသံဝဏ္ဏနာကို ပြဆိုတော်မူ၏ (ဋ္ဌ) ဤသို့ပြဆိုချေသော် (ဏ) ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာသည်လည်း ရှိသင့်သည် မဟုတ်ပါလော၊ (ဘော) ထိုသို့ ရှိသင့်လေသောကြောင့် (ဘော ဟေ)၊ (ဝါ) ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆိုသင့်သည်မဟုတ်ပါလော (ဘော)၊ ထိုသို့ ပြဆိုသင့်လေသောကြောင့် (ဘော ဟေ)။

(တနည်း) ဒုကမာတိကာ၌လည်း တိကမာတိကာကဲ့သို့ပင် ပုဒ်အစဉ်အတိုင်း ဖွင့်ပြမည်ဟု မှတ်အပ်သည် မဟုတ်ပါလော (ဘော) ထိုသို့ မှတ်အပ်လေသောကြောင့် (ဘော ဟေ) (တနည်း) ဤမျှသာ ပြဆိုချေသော် (ဏ) ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဟူသော အဓိပ္ပါယ်ရောက်ရာသည် မဟုတ်ပါလော (ဘော) ထိုသို့ ရောက်ရာလေသောကြောင့် (ဘော ဟေ) (တနည်း) ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုရသေးသည် မဟုတ်ပါလော (ဘော)၊ ထိုသို့ မပြဆိုရသေးသောကြောင့် (ဘော ဟေ)၊ ရှေးစကားရပ်တို့ဖြင့် တိကမာတိကာ၏ အတ္ထသံဝဏ္ဏနာမျှကိုသာ မပြဆိုသင့် (ဋ္ဌ-ဧဝ)၊ ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆိုသင့်သေး၏ (နု)၊ ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကား အဘယ်ပါနည်း၊ (ဝါ) ဒုကမာတိ-ကာ၏ အတ္ထသံဝဏ္ဏနာကို အသို့မှတ်ရပါအံ့နည်း (ပုစ္ဆာ)၊ ဤသို့မေးဖွယ်ရှိသောကြောင့် (က) ဝါကျကို မိန့်၊ ဝါ-(က) စသော ဝါကျကို မိန့်၊ ဝါ- (က) ဝါကျမှစ၍ ဒုက မာတိကာ အဖွင့်ဆုံးသည်တိုင်အောင်သော ဝါကျတို့ကိုမိန့်။

အဓိပ္ပါယ်ကား (က) ဝါကျဖြင့် ဝါ-(က) စသော ဝါကျတို့ဖြင့် ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆို၏ ဟူလို။

-ဟေတုဂေါစ္ဆက-

http://www.dhammadownload.com



**စဝဒနာတက်လျှင်** ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသသင့်ရောက်ရာ၏ ဟု (ဒေါသာရောပနစောဒနာ) ထည့်၍တက်ပါ။

အဓိပ္ပါယ်ကား (က) ဝါကျဖြင့် ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကို လည်း ပြဆိုသောကြောင့် သင်စောဒကတင်သော အဗျာပိတဒေါသ ဆရာ အားမရောက် ဟူလို။

(ခ) ဝါကျ။ ဆရာ ဆရာသည် (က) ဝါကျဖြင့် ပဋ္ဌိညာဉ်စကားရပ်ကို ပြဆိုတော်မူ၏၊....သော် ပဋ္ဌိညာတပကရဏ ဟူသော ပါဠိတော်ပုဒ်တို့၏အဖွင့် စကားရပ်သည်လည်း ရှိသင့်သည် မဟုတ်ပါလော စသည်။

(စောဒနာတက်လျှင် အဗျာပိတ ဒေါသတင်တက်။ (ဝါ) ပဋ္ဌိညာ- ပဋ္ဌိညာတပကရဏ ဆန့်ကျင်သော ဝိရောဓိဒေါသတင်တက်။)

## တနည်း ပါဠိတော်ကို ဌပနာထား၍ ကျမ်းတက်ပုံ

ဆရာ မြတ်စွာဘုရားသည် ပါဠိတော်၌ ဟေတု ဓမ္မာဟု ဟောတော်မူ၏။ ဤမျှသာပြဆိုချေသော် ဟေတုအရ ဥတ္တမဟေတု, ပစ္စယဟေတု,သာဓာရဏ ဟေတုတို့ကိုလည်း ယူရမည်ဟု မှတ်အပ်သည် မဟုတ်ပါလော (ဒဘာ) ။ပ။ ဤဟေတုဓမ္မာ၌ ယူသင့်သော ဟိတ် ၆ ပါးဟူသော ဟေတု ဟေတုကိုလည်း ပြဆိုသင့်သေး၏ (န္တ) စသည်။ (စောဒနာတက်လျှင် အတိဗျာပိတဒေါသ တင်တက်)။

(ဂ) ဝါကျ။ ဆရာ ဆရာသည် (ခ) ဝါကျဖြင့် ဟေတုဓမ္မာဟု သမာသ် အဖြစ်ဖြင့် ပါဠိတော်ရှိသင့်ပုံကို ပြဆိုတော်မူ၏။....သော် သမာသ်ပါဠိသာ ရှိသင့်၏ဟု မှတ်အပ်သည် မဟုတ်ပါလော (ဘော) ။ပ။ ဟေတူဓမ္မာ ဟု ဝါကျပါဠိ ရှိသင့်ပုံကိုလည်း ပြဆိုသင့်သေး၏ (န္တ) စသည်။

## (ဃ) ဝါကျသို့ ကျမ်းတက်ရာ၌

(ဟေတုဓမ္မာပုဒ်၏ အတ္ထသံဝဏ္ဏနာမှတပါး နဟေတုပုဒ်၏ အတ္ထသံဝဏ္ဏနာ ဖြစ်သည်ကိုလည်းကောင်း, (င) ဝါကျသို့ ကျမ်းတက်ရာ၌ နဟေတုပုဒ်၏အတ္ထ သံဝဏ္ဏနာမှတပါးသဟေတုကာပုဒ်၏အတ္ထသံဝဏ္ဏနာဖြစ်သည်ကိုလည်းကောင်း,

http://www.dhammadownload.com



(စ) ဝါကျသို့ ကျမ်းတက်ရာ၌ သဟေတုကာပုဒ်၏ အတ္ထသံဝဏ္ဏနာမှတစ်ပါး အဟေတုကာပုဒ်၏ အတ္ထသံဝဏ္ဏနာ ဖြစ်သည်ကို လည်းကောင်း ရှု၍ ကျမ်းတက်ပါ)။

## ပါဠိနာဒိ ကျမ်းတက်

(က) ဝါကျ။ အလုပ်, ကတ္တား, ဌာပနာ, လက္ခဏာများ ရှေ့ဌပနာ ပဋ္ဌာ ကျမ်းတက်ကနှင့် တူ၏)။

တိကမာတိကာ၏ အတ္ထသံဝဏ္ဏနာသည်သာလျှင်ရှိ၏ ဟူသောအနက်သည် ရောက်ခဲ့ရာ၏၊ (နု-ပါ)စင်စစ်သော်ကား တိကမာတိကာ၏ အတ္ထသံဝဏ္ဏနာ သည်သာလျှင်ရှိ၏ ဟူသောအနက်သည်မရောက်သင့်၊ (ပဋိ-ပါ)ထိုသို့မရောက် သင့်လေသောကြောင့် ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကိုလည်း ပြဆိုသင့် သေး၏၊ (နု-ရော)၊ ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကို မပြဆိုဘဲ မနေသင့် (ပဋိ-ရော)၊ မနေသင့်ဘဲနေချေသော် ဆရာအား ဝါကျမပျံ့နှံ့ခြင်း အဗျာပိတ ဒေါသသင့်ရောက်ရာ၏၊(စော) ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကားအဘယ် ပါနည်း (ပုစ္ဆာ)၊ ဤသို့စောဒနာဖွယ်ရှိသောကြောင့် (က) ဝါကျကိုမိန့်၏။

အဓိပ္ပါယ်ကား-(က) ဝါကျဖြင့် ဒုကမာတိကာ၏ အတ္ထသံဝဏ္ဏနာကို လည်း ပြဆိုသောကြောင့် သင်စောဒကတင်သော အဗျာပိတဒေါသ ဆရာ အားမရောက်ဟူလို။

### (ခ) ဝါကျ ပါဠိတော်ကို ဌပနာထား၍ ကျမ်းတက်ရာ၌

ဟေတုအရ ဥတ္တမဟေတု, ပစ္စယဟေတု, သာဓာရဏဟေတုတို့ကိုလည်း ယူရမည်ဟူသော အနက်သည် ရောက်ခဲ့ရာ၏၊ (စသည်)။

(ဂ) ဝါကျ။ ဟေတုဓမ္မာ ဟူသော သမာသ်ပါဠိသာလျှင်ရှိ၏ ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (စသည်)။

(ဃ) (င) (စ) ဝါကျများ ကျမ်းတက်လွယ်ပြီ။

## ဒေါသ သင့်ပုံ, ပယ်ပုံ

(ဌ) ဝါကျအချင်းချင်း ရှေ့နောက်ထောက်ဆလျှင် ရှေးရှေးဝါကျတို့၌ အဗျာပိတဒေါသသင့်ပုံ, နောက်နောက်ဝါကျတို့ဖြင့် အဗျာပိတဒေါသပယ်ပုံ

http://www.dhammadownload.com



တို့ကို သိပါ။ ပါဠိတော်ကို ထောက်ဆလျှင်ကား (ခ) ဝါကျဖြင့် ဟောတုအရ ဥတ္တမဟောတု စသည်ကိုမယူရ။ ဟောတု ဟောတုကိုသာ ယူရမည်ဟု မလိုအပ်သော အနက်အဓိပ္ပါယ်ကို အလွန်မပျံ့နှံ့အောင် ပြဆိုသောကြောင့် အတိဗျာပိတ ဒေါသကို ပယ်၏။

## ပိ (အပိ) သဒ္ဒါ ထား ပုံ

ဟောတုဓမ္မာဟု သမာသ် ပါဠိတော်သာ ရှိသည်မဟုတ်၊ ဟေတူဓမ္မာဟု ဝါကျပါဠိတော်လည်း ရှိသေး၏ ဟူသော သမုစ္စည်း, သမ္ဘာဝနာအနက်ကိုပြလို သောကြောင့် (ဂ) ဝါကျ၌ ပိ(အပိ) သဒ္ဒါကိုထား၏။

## ဝိဂ္ဂဟနှင့် ဗျုပ္ပတ္တိ စသည်

(က) ဝါကျ။ ပရမတ္ထဓမ္မာ ဒွေ ကတ္ဝာ ကီယန္တိ ကထီယန္တိ ဧတ္ထ တေနာတိ ဝါ ဒုကော။

ဓမ္မေန ပုတ္တံ မာနေတီတိ မာတာ၊ မာတာဝိယာတိ မာတိကာ။

ဒုကော စ သော မာတိကာ စာတိ ဒုကမာတိကာ (တယံ)။

၂။ ဒုက်၏မာတိကာနှင့် ဝိသေသန+ဝိသေသျ စပ်။

၄။ ဒုကမာတိကာတို့၏ (နှစ်ပုဒ်အဖြစ်ဖြင့်) တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဓာတ်သည်။

အာဂစ္ဆန္တီတိ အာဂတာနိ၊ (တနည်း) အာဂစ္ဆိံသူတိ အာဂတာနိ၊ န အာဂတာနိ အနာဂတာနိ။

ပဇ္ဇတေဉာယတေ အတ္ထော ဧတေတီတိ ပဒါနိ။

အနာဂတာနိ စ တာနိ ပဒါနိ စာတိ အနာဂတပဒါနိ။

ဝဏ္ဏီယတိ သံဝဏ္ဏီယတိ သံဝဏ္ဏေတဗ္ဗော အတ္ထော ဧတာယတိ ဝဏ္ဏနာ။

အနာဂတပဒါနံ ဝဏ္ဏနာ အနာဂတပဒဝဏ္ဏနာ၊ (တံ)။

၂။ မလာသောပုဒ်၏အဖွင့် သံဝဏ္ဏနာနှင့် နိဿယ+နိဿိတ, သံဝဏ္ဏေ တဗ္ဗ+သံဝဏ္ဏနာ, အကြောင်း+အကျိုး စပ်။

၄။ မလာသော ပုဒ်အဖွင့်တို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်။

http://www.dhammadownload.com



(ခ) ဝါကျ။ ဟေတုကာနံ (ဟေတူနံ) ဂေါစ္ဆော သမ္ပယောဂ ဟေတု ဂေါစ္ဆော။

ဟေတုဂေါစ္ဆေန သမ္ဗန္ဓာဟုတွာ ဌိတာ ဟေတုဂေါစ္ဆကာ။ (ယောဇနာ ၃၉)။

[မှတ်ချက်။ ။ဟေတုဂေါစ္ဆကော (၄၈-၇၉) ဟေတုဂေါစ္ဆကေ (၄၉-၈၉) တို့၌ ကေဝစနန္တရှိသော်လည်း ယောဇနာ၌ ယခင်အထက်ပါအတိုင်း ဗဟုဝစနန္တတို့ဖြင့် ဝိဂ္ဂဟပြု၍ နိပ္ဖန္နချထားသည်။]

(တနည်း) ဧကဝစနန္တဖြင့် ဝိဂ္ဂဟပြုသော်-

ဟေတုဂေါစ္ဆေန သမ္ဗန္ဓော ဟုတွာ ဌိတော ဟေတုဂေါစ္ဆကော။

၂။ ဟိတ်အပေါင်း၏ စပ်သည်ဖြစ်၍ တည်သောတရားတို့နှင့် သမ္ဗန္ဓ-သမ္ဗန္ဓိ, အဝယဝီ-အဝယဝ စပ်....။

၄။ ဟေတုဂေါစ္ဆကတရားတို့၏ (ဟေတုဂေါစ္ဆက အဖြစ်ဖြင့်)တစ်ခုသည် ။ပ။ ဓာတ်သည်....။

[အမှာ။ ။ဤအလိုဂေါစ္ဆ ဂေါစ္ဆကသဒ္ဒါ သမူဟဝါစီ အနိပ္ဖန္နပါဋိပဒိကပုဒ်ဖြစ်၍ ဝိဂ္ဂဟမပြုရပါ။]

(တနည်း) ဝိဂ္ဂဟပြုသော် ဂုဧတိ ပရိဝေဌေတီတိ ဂေါစ္ဆကံ။

ဂေါစ္ဆကမိဝ ဂေါစ္ဆကံ (မာတိကာ အရကောက် 'ဂဏ္ဌိ ဆဋ္ဌမူ ၂၈၁)

၂။ ပန်းထွေ့, ပန်းပြွတ်, ပန်းချက် ပန်းလက်တို့၏ ဂေါစ္ဆကတရားတို့နှင့် ဥပမာန ဥပမေယျ, သဒိသ သဒိသီ စပ်....။

၄။ ဂေါစ္ဆကတရားတို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်....။

မူလတိ ပတိဋ္ဌာတိ ဧတ္ထာတိ မူလံ။

မူလဿ ဘာဝေါ မူလံ။ (ဘာဝလောပ, ဿာဝပ္ပစ္စယ်)။

အရိယတိ ဉာယတီတိ အတ္ထော။

မူလမေဝ အတ္ထော မူလတ္ထော။ (ဇေန)

•တတိယအကြိမ်•

http://www.dhammadownload.com



၂။ မူလအဖြစ်၏ သကာတ်အနက်နှင့် ဝိသေသန-ဝိသေသျ, ဂုဏ်-ဂုဏော စပ်...။

၄။ မူလအဖြစ် အနက်တို့၏ တစ်ခုသည် ။ပ။ ဓာတ်သည်, ဝါ-မူလအဖြစ်ဟူသော သကာတ်အနက် ဖြပ်သည်....။

## လိင်စသည်ခွဲပုံ

(က) ဝါကျ။ ဒုကမာတိကာယံ ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အာဓာရ ရန္တ, သမာသနာမပဒ။

ထိကေသု ပုလ္လိင်, နပုလ္လိင်၊ (ကုသလတ္တိက၊ ကုသလတ္တိကော ၅-၇၉) ပုရိသာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း, အကာရန္တ, နာမပဒ။

အနာဂတပဒဝဏ္ဏနံ ဣတ္ထိလိင်, ကညာဒိဂိုဏ်း, အာကာရန္တ, သမာသ-နာမပဒ။

ကရိဿာမ အလိင်, တနာဒိဂိုဏ်း, (တနည်း) ဘူဝါဒိဂိုဏ်း, (ပကတိကာရန် အတွင်းကာရန်) အကာရန္တ, အာချာတပဒ။ ကရဓာတ် ဩပစ္စည်း (တနည်း) အပစ္စည်း ဿာမဝိဘတ်။

(ခ) ဝါကျ။ တာဝ အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။ (ယေတုဓမ္မာတိကို ယေတုဓမ္မာ ဣတိပုဒ်ဖြတ်၍ ခွဲပါ)။

ထိုတွင် ဟေတု ပုလ္လိင် ရတ္တာဒိဂိုဏ်း, ဥကာရန္တ, ကိတနာမပဒ။

(ဂ) ငါကျ။ (ဟေတူကို ယခင်ဟေတုအတိုင်းခွဲ၊ ဓမ္မာကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ။)

ဣတိ, ဝိ (အပိ) တို့ကို အလိင်, နိပါတ်ပုဒ်ကို ခွဲပါ။

(တနည်း) ဟေတူဓမ္မာတိကား အလိင်, ဂဏဝိမုတ်, ဣကာရန္တ, သမာသပဒ။ ပါဒြောကို ပုလ္လိင်, ပုရိသာဒိဂိုဏ်းခွဲ ။

(ဃ) ဝါကျ။ နဟေတူတိကို န ဟေတု ဣတိ ပုဒ်ဖြတ်၍ နတစ်ချက်၊ ဟေတုတစ်ချက်၊ ဣတိတစ်ချက်ခွဲပါ။

(တနည်း) န ဟေတူတိကား အလိင်, ဂဏဝိမုတ်, ဣကာရန္တ, သမာသပဒ။

http://www.dhammadownload.com



(တေသံ ယောဂ ကို တေသံ ဇဝပုဒ်ဖြတ်၍) တေသံကား ပုလ္လိင်, ပုရိသာ ဒီဂိုဏ်း, (သဗ္ဗနာမ်ဂိုဏ်း) အကာရန္တ, သဗ္ဗနာမပဒ။

(င) ဝါကျ။ သမ္ပယောဂတော၌ သမ္ပယောဂကား ပုလ္လိင်, ပုရိသာဒီ ဂိုဏ်း, အကာရန္တ, သမာသနာမပဒ။

သမ္ပယောဂတောပုဒ်လုံးကား အလိင်, ဂဏဝိမုတ်, ဩကာရန္တ, နိပါတပဒ။

(စ) ဝါကျ။ (တတော တထာ ဇဝ) တထာကား၊ အလိင်, ဂဏဝိမုတ်, အာကာရန္တ, နိပါတပဒ။ (တနည်း) အဗျယတဒ္ဓိတ်ပုဒ်။

## အာဒေသ် သံဝဏ္ဏနာ

(က) ဝါကျ။ ပနဖြင့် ပက္ခန္တရတ္ထဇောတက, (တနည်း) ဝါကျာရမ္ဘ ဇောတကအဖြစ်ကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)။

ကြွင်းသော (က) ဝါကျဖြင့် ပဋိညာဉ်, စကားပျိုး, အမှာစကားရပ် အဖြစ်ကို သိစေ၏၊ (ဘာဝတ္ထ)။

(ခ) ဝါကျ။ ဟေတုဂေါစ္ဆကေ တာဝဖြင့် ဟေတုဂေါစ္ဆက၌ ရှေးဦးစွာ အနက် အဆုံးအဖြတ်ကို ဂုဏ်ဆိုလတ္တံ့သော နည်းဖြင့် သိရမည် ဟူသော ဥယျောဇဉ် စကားပျိုးကို သိစေ၏၊ (အတ္ထ၊ ဘာဝတ္ထ)။

ဟေတုဓမ္မာတိ၌ ဟေတုဓမ္မာဖြင့် သံဝဏ္ဏေတဗ္ဗ တည်ထားပါဠိအဖြစ်ကို လည်းကောင်း, ဣတိဖြင့် ပဒတ္ထဝိပ္ပလ္လာသဇောတက အဖြစ်ကိုလည်းကောင်း, သိစေ၏၊ (ဘာဝတ္ထ)။

မူလဋ္ဌေနဖြင့် ဟေတု၌ ဟိနော တိပတိဋ္ဌာတိ တွေ့ ဓေနာတိ ဝါ ဟေတု ဟု ဝိဂ္ဂဟပြု၍ ဟေတုအရ ဥတ္တမဟေတု, ပစ္စယဟေတု, သာဓာရဏဟေတု တို့ကိုမယူဘဲ ဟေတု ဟေတုကိုသာ ယူရမည်ဟု သိစေ၏၊ (အဘိဓေယျတ္ထ)။

ဟေတုသင်္ခါတာဖြင့် ဟေတုဓမ္မာပုဒ်ကို ဟေတုသင်္ခါတာဓမ္မာဟေတုဓမ္မာ ဟု သမ္ဗန္ဓနာ ကမ္မဓာရည်း သမာသ်ဝစနတ္ထ ပြုရမည်ကိုသိစေ၏၊ (သမာသ လိင်္ဂတ္ထ)။

ထို၏ အကြောင်းဖြစ်သော အဿဒ္ဓမ္မဿဝန, ဗာလူပနိဿယ စသည်တို့သည် ဒုတိယ ဖလူပစာရတ္တအားဖြင့် ပြအပ်သောကြောင့် ဝိဘာဝတ္ထ။

ထို၏ အကျိုးဖြစ်သော မှားသောအားဖြင့် နှလုံးသွင်းခြင်း, ဒုဂ္ဂတိဘဝ စသည်တို့သည် ဒုတိယ ကာရဏူပစာရတ္တအားဖြင့် ပြအပ်သောကြောင့် အနုဘာဝတ္ထ။

၉။ ဒိဋ္ဌိ အယောနိသောအတိ နိဝေသလက္ခာ၊ ပရာမာသရသာ။
မိစ္ဆာဘိနိဝေသပစ္စု ဋ္ဌာနာ၊ အရိယာနံ အဒဿနကာမတာဒိ
ပဒဋ္ဌာန။ (ဋ္ဌ ၂၉၀)။

၁၀။ (ခ) ဝါကျ၌ ဒိဋ္ဌိအရ ပစ္စယုပ္ပန် တရားကား ဒိဋ္ဌိစေတသိက်တည်း။
သုဂတိ အရ ပစ္စည်းကား နတ်ရွာ စသော သုဂတိအာရုံတည်း။

ယင်းတို့ကိုပြိုင်နိုင်သော ပစ္စယသတ္တိ များကား အာရမ္မဏ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ၃ ပစ္စယသတ္တိ ပြိုင်နိုင်ပါသည်။

## ၁၃၂၀-ခုနှစ် မေးခွန်း

(က) ကောဒသမံ ဆသုအာရမ္မဏေသု ဝေဒနာဝသေန မဇ္ဈတ္တဿ-
သင်္ခါ ပတ္တိကာလေ ဥပ္ပဇ္ဇတိ။

(ခ) တဿ သမယ ဝဝတ္ထာနေ ဝိစိကိစ္ဆာသမ္ပယုတ္တန္တိ ပဒံအပုဗ္ဗံ။

(ဂ) တဿတ္တော ဝိစိကိစ္ဆာယသမ္ပယုတ္တံ ဝိစိကိစ္ဆာသမ္ပယုတ္တံ။

(ဃ) ဓမ္မဒ္ဓေသေ ဝိစိကိစ္ဆာဟောတီတိ ပဒမေဝ ဝိသေသော။

(င) တတ္ထ ဝိဂတာ ဝိစိကိစ္ဆာတိ ဝိစိကိစ္ဆာ။

(စ) သဘာဝံဝါ ဝိစိနန္တော တောယကိစ္ဆတိ ကိလမတီတိ ဝိစိကိစ္ဆာ။
(ဋ္ဌ ၃၀၀)

၁။ အထက်ပါ ဝါကျတို့တွင် (က) (ခ) (ဂ) ဝါကျများ အနက်ယောဇနာပါ။

http://www.dhammadownload.com



၂။ (ဃ) ဝါကျမှ (င) ဝါကျသို့ ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, စောဒနာ ဟူသော ဌပနာပဉ္စက တစ်နည်းဖြင့် တက်ပြခဲ့ပါ။

၃။ (င) အမှတ်ဝါကျဖြင့် ပယ်အပ်သော ဒေါသနှင့် (စ) ဝါကျ၌ ဝါသဒ္ဒါဖြင့် လဲလှယ်အပ်သော အနက်ကို အကြောင်းနှင့်တကွ ပြခဲ့ပါ။

၄။ (က) ဝါကျရှိ ကန်ပါပုဒ်ကို ဝိဂ္ဂဟပြုပြီးလျှင် ဗျုပ္ပတ္တျာဒိ စတုက္က ထုတ်ခဲ့ပါ။

၅။ ပဝတ္တိကာလေ၌ ပဝတ္တိဟူသောပုဒ်၏ လိင်, ဂဏ, အန္တ, ပဒ တို့ကို ခွဲဝေ၍ ပြခဲ့ပါ။

၆။ (စ) ဝါကျ၌ အဋ္ဌကထာ ဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာကို ပြခဲ့ပါ။

၇။ (ခ) ဝါကျ၌ အပုဗ္ဗံဝယ် န၏အနက်, (က) ဝါကျ၌ ဥပ္ပဇ္ဇတိဝယ် ဥ၏ အနက်တို့ကိုပြ၍၊ ပဌမေဝ၌ ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗကိုလည်း ပြခဲ့ပါ။

၈။ ကိစ္စတိ၏ အရကိုကောက်၍၊ ကြိယာ ၅ တန် ထုတ်ခဲ့ပါ။

၉။ ဝိစိကိစ္ဆာ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို ထုတ်ပြခဲ့ပါ။

၁၀။ (စ) ဝါကျ၌ တောယ အရ ပစ္စည်းတရားနှင့် ကိစ္စတိ အရ ပစ္စယုပ္ပန်တရားတို့၏ ပြိုင်နိုင်သော ပစ္စယသတ္တိများကို ပြခဲ့ပါ။

အဖြေဝိဿဇ္ဇနာ

၂။ အရှင်အဋ္ဌကထာ ဆရာ (အာ) ဆရာသည် (ကတ်) (ဃ)ဝါကျဖြင့် ဝိစိကိစ္ဆာပုဒ်၏ အကျဉ်းသခ်ေပကို ပြဆိုတော်မူ၏(ဌ)၊ ဤမျှသာပြဆိုသည် ရှိသော် ထိုဝိစိကိစ္ဆာဟူသောအကျဉ်းသခ်ေပ၏ဝိဂ္ဂဟဟူသော အကျယ်ဝိတ္ထာရကို မပြဆိုဟူသော အဓိပ္ပာယ်ရောက်ရာသည် မဟုတ်ပါလော(ဘော)ထိုသို့ ရောက်ရာလေသောကြောင့်(ဘော-ဟေ) (ဃ)ဝါကျဖြင့် ဝိစိကိစ္ဆာဟူသော ပုဒ်၏အကျဉ်းသခ်ေပမျှကိုသာမဆိုသင့်(ဌ ခေ)ဝိဂ္ဂဟဟူသောအကျယ်ဝိတ္ထာရကိုလည်းပြဆိုသင့်သေး၏(နွ)၊ ပြဆိုသင့်လျက် မပြဆိုသည်ရှိသော် အကျဉ်းအကျယ်ဆန့်ကျင်သောဝိရောဓိဒေါသ,စကားမပြည့်စုံသောအပရိပုဏ္ဏဒေါသ

http://www.dhammadownload.com



ရောက်ရာ၏ (စော) ထိုဝိစိကိစ္ဆာဟူသော အကျဉ်းသခေ်ပ၏ ဝိဂ္ဂဟဟူသော အကျယ်ဝိတ္ထာရကား အဘယ်နည်း (ပုစ္ဆာ)၊ ဤသို့ စောဒနာဖွယ် ရှိ၍ (င) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား (င) ဝါကျဖြင့် ဝိစိကိစ္ဆာ ဟူသော အကျဉ်းသခေ်ပ၏ ဝိဂ္ဂဟ ဟူသော အကျယ်ဝိတ္ထာရကိုလည်း ပြဆိုအပ်သောကြောင့် သင်စောဒက တင်သော ဝိရောဓိဒေါသ, အပရိပုဏ္ဏဒေါသ ဆရာအား မရောက် ဟူလို။

၃။ (င) ဝါကျဖြင့် သခေ်ပ ဝိတ္ထာရ ဆန့်ကျင်သော ဝိရောဓိဒေါသ, မပျံ့နှံ့မပြည့်စုံခြင်း အဗျာပိတ ဒေါသ,အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

(တစ်နည်း)ဝိစိကိစ္ဆာပုဒ်၏ ဤဌ်မလိုအပ်သော ဗဟုဗ္ဗီဟိသမာသ်ဝစနတ္ထ စသည်ဝယ် အလွန်မပျံ့နှံ့အောင် မပြဆိုသောကြောင့် အတိဗျာပိတဒေါသ ကိုပယ်၏။

## ဝါသဒ္ဒါလဲပုံ

ဉာဏ်တည်းဟူသော ကစားခြင်းမှ ကင်းသည်၏အဖြစ် ဟူသော သကတ် အနက် အကြောင်းမှတစ်ပါး၊ သဘောကို စူးစမ်းဆင်ခြင်သော သူ၏ပင်ပန်း ကြောင်း၏ အဖြစ်ဟူသော သကတ်အနက် အကြောင်းတစ်ပါး လဲလိုသော ကြောင့် (စ) ဝါကျ၌ ဝါသဒ္ဒါထား၏။

၄။ ကင်္ခီ ယတေ ကင်္ခါ။

(က) ကင် ဟူသော ခါ-ဟူသော အစိတ်အစိတ် ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိ။
(ခ) ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော ကင်္ခာတ် အပစ္စည်း ယုံမှား ခြင်း ကြိယာသည် ဗျုပ္ပတ္တိနိမိတ်။
(ဂ) ကင်္ခါ ဟူသော အပေါင်းပညတ္တိ သဒ္ဒါသည် ပဝတ္တိ။
(ဃ) ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ယုံမှားခြင်း ကြိယာသည် ပဝတ္တိ နိမိတ် (အဘိဓာန်ဋီကာနည်း)။

၅။ ပဝတ္တိ-ဣတ္ထိလိင်,ရုဋ္ဌာဒိဂိုဏ်း, ဣကာရန္တ, ကိတနာမပဒ။

http://www.dhammadownload.com



၆။ ဝါ-ဖြင့် ဝိကပ္ပနတ္ထဇောတက, နယန္တရဇောတက အဖြစ်ကိုသိစေ၏၊ (အတ္တ၊ ဘာဝတ္ထသံဝဏ္ဏနာ)။ သဘာဝဖြင့် ဝိစိနန္တောပုဒ်၏ ကံအဖြစ်ကို သိစေ၏ (ဘာဝတ္ထ သံဝဏ္ဏနာ)။ တောယ ကိစ္စတိဖြင့် ဝိဝိကိစ္ဆာ၌ ဝိစိနန္တ သဒ္ဒူပပဒ-ကိတ်ဓာတ် အဖြစ်ကို လည်းကောင်း၊ (ဒုဓာတုပဒ သံဝဏ္ဏနာ)၊ ဆပစ္စည်း၏ ကရဏသာဓ်အနက်ဟောသည်ကို လည်းကောင်း၊ကိစ္ဆတိတော ယာတိ ကိစ္ဆာဟု ဝိဂ္ဂဟပြုရမည်ကို လည်းကောင်း၊ (ဒု ပစ္စယတ္ထ သံဝဏ္ဏနာ၊ အဘိဓာနတ္ထ သံဝဏ္ဏနာ) သိစေ၏။

ကိလမတိဖြင့် ကိတဓာတ်၏ ကိတမန အနက်ဟောသည်၏ အဖြစ်ကို သိစေ၏။ (ဓာတွတ္ထသံဝဏ္ဏနာ)။ ဝိစိနန္တောဖြင့် ဝိစိနာတိတိ ဝိစိနန္တောဟု ကတ္တုသာဓ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊(ဒုတိယ ပစ္စယတ္ထသံဝဏ္ဏနာ)၊ ဝိစိနန္တဿ ကိစ္ဆာ ဝိစိကိစ္ဆာဟု ဆဋ္ဌီ တပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကို လည်းကောင်း၊ (တစ်နည်း) ဝိစိနန္တော ကိစ္ဆာ ဝိစိကိစ္ဆာဟု ပထမာတပ္ပုရိသ် သမာသ် ဝစနတ္ထ ပြုရမည်ကို လည်းကောင်း၊ (ယောဇနာ)(သမာသလိင်္ဂတ္ထ သံဝဏ္ဏနာ)၊ ဝိစိနန္တကိစ္ဆာဟု ဆိုလိုလျက် နန္တပုဒ်ကြေနေသည်ကို လည်း ကောင်း၊ (ဘာဝတ္ထသံဝဏ္ဏနာ)၊ သိစေ၏။

၇။ အဗုဒ္ဓ ၌ နံ၏အနက်ကား ပဋိသေဓတ္ထ ဇောတက ဖြစ်ပါသည်။

ဥပ္ပဇ္ဇတိ ဥ၏အနက်ကား(ပဒဓာတ်သည် မိမိသက်သက် ပဝတ္တနအနက်ကို ဟောလျှင် ဓာတ်အနက်သို့ အစဉ်လိုက်သောကြောင့်) ဓာတွတ္ထာနုဝတ္တက၊ (တစ်နည်း)ပဒဓာတ်ကို ပဝတ္တန အနက်ဟောအောင် အထူးပြုပေးသော ကြောင့် ဓာတွတ္ထ ဝိသေသက အနက်ဖြစ်ပါသည်။

(တစ်နည်း) သမ္ဘဝအနက်, အတ္တလာဘအနက်ကို ဟော၏။

[(ရှ)ကို မှီသည်]

ပဒမေဝဋ္ဌဝေ၏နိဝတ္တေတဗ္ဗတ္ထကား ဖဿောဟောတိ၊ဝေဒနာဟောတိ၊ သညာဟောတိ၊စေတနာဟောတိ၊ စိတ္တံဟောတိစသောပုဒ်များဖြစ်ပါသည်။

၈။ ကိစ္ဆတိ၌ ကိတဓာတ်အရကား ဒုက္ခဝေဒနာ ဖြစ်ပါသည်။

ထို ဒုက္ခဝေဒနာသည် ဒဿနတ္ထ။

ဝိစိကိစ္ဆာ စေတသိက်သည် ဒီပကတ္ထ။

http://www.dhammadownload.com



မဆုံးဖြတ်နိုင်ခြင်းသည် ပကာသနတ္ထ။
အယောနိသော မနသိကာရသည် ဝိဘာဝတ္ထ။
ဝိပ္ပဋိသာရစသော အကျိုးတို့သည် အနုဘာဝတ္ထ။

၉။ ဝိစိကိစ္ဆာ သံသယလက္ခဏာ၊ ကမ္ပနရသာ၊ အနိစ္ဆယ ပစ္စုပဋ္ဌာနာ၊ အယောနိသော မနသိကာရ ပဒဋ္ဌာနာ။ (၅-၃၀၀)

၁၀။ တောယ အရ ဝိစိကိစ္ဆာ စေတသိက် တည်းဟူသော ပစ္စည်းတရားသည် ကိစ္စတိ အရ ဒုက္ခဝေဒနာအား။ (တစ်နည်း) ဒုက္ခဝေဒနာ သမ္ပယုတ်စိတ္တုပ္ပါဒ်အား။(တစ်နည်း) ပင်ပန်းသော ပုဂ္ဂိုလ်၏ ရုပ်, နာမ်တရားတို့အား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပြိုင်နိုင်သော ပစ္စယသတ္တိ မရှိပါ။

## ၁၃၂၁-ခုနှစ်၊ မေးခွန်း

၁။ အောက်ပါ အဋ္ဌကထာ ဝါကျတို့ကို မှန်ကန်စုံလင်စွာအနက်ပေးပါ။

(က) ဣဒါနိ ဒုဝိဓေသင်္ဂဟာ ဒီသု "အတ္ထိ ရူပံ ဥပါဒါ, အတ္ထိ ရူပံ နော ဥပါဒါ"တိ ဧဝံဘေဒ သင်္ဂဟဝတော ပုစ္ဆာ ပုဗ္ဗင်္ဂမံ ပဒ ဘာဇနံ ဒဿေန္တော "ကတမံ တံ ရူပံ ဥပါဒါ"တိ အာဒိမာဟ။

(ခ) တတ္ထ ဥပါဒိယတီတိ ဥပါဒါ၊ မဟာဘူတာနိ ဂဟေတွာ အမုဉ္စိတွာ တာနိ နိဿာယ ပဝတ္တတီတိ အတ္ထော။ (၅-၃၄၄)။

၂။ (ခ) အမှတ်ဝါကျကို ဌပနာ, အနုလောမပါပနာဒိကျမ်းရိုး ၅ ချက် တက်ပါ။

၃။ ဇရာယ အတိ ဘာဝိတဗ္ဗခမ္မကတ္တာ ဇရာ ဘီဘူတမေဝ။ ယသ္မာ ဝါ ရူပကာယေ ဇရာပါကဋာ ဟောတိ။တသ္မာပိ ဇရာ ဘီဘူတမေဝါတိ ဝုတ္တံ (၅-၃၄၃) ဟူသော ဝါကျ၌ ဝါသဒ္ဒါဖြင့် လဲလှယ်ပုံနှင့် (ခ) ဝါကျဖြင့် ပယ်အပ်သော ဒေါသကို ဖော်ပြပါ။

၄။ ဥပါဒိယတီတိ ဥပါဒါ၌ ဗျုပ္ပတ္တျာဒိ စတုက္ကခွဲဝေပါ။

၅။ ဆောဒသင်္ဂဟဝတောကို လိင်, ဂဏ, အန္တ, ပဒအားဖြင့် မကြွင်း မကျန်အောင် မှန်ကန်စွာ ပဒဝိဘာဂပြုပါ။

http://www.dhammadownload.com



၆။ (ခ) အမှတ် ဝါကျပါ သံဝဏ္ဏနာတို့၏ အမည်များကို အကြောင်းနှင့်တကွ ဖော်ပြ၍ အာဘော်ကိုလည်း တိတိကျကျ လင်းပြပါ။

၇။ ပုစ္ဆာ အမှတ် (၃)၌ ပါသော ဝိသဒ္ဓါ၏ အနက်နှင့် ဧဝ နိဝတ္တေတဗ္ဗ စသောအနက်တို့ကို ဖြစ်သင့်သလို ထုတ်ဖော်ပြပါ။

၈။ အာဟာပုဒ်၏ အရကို မုချတ္ထအားဖြင့် ကောက်၍ ဒဿနတ္ထ စသည် စုံလင်စွာ ထုတ်ပါ။

၉။ ဥပါဒါအရ စက္ခာယတနကိုယူ၍ လက္ခဏာဒိစတုက္က ထုတ်ပြပါ။

၁၀။ (ခ) ဝါကျပါ တာနိအရ တရားတို့က နိဿာယ ပဝတ္တတိတရားတို့အား အဘယ်မျှသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။ ပစ္စည်း ပစ္စယုပ္ပန် ပစ္စယသတ္တိတို့ကို စုံလင်စွာ ထုတ်ပြခဲ့ပါ။

**အဖြေ ဝိသဇ္ဇနာ**

၂။ အရှင် အဋ္ဌကထာဆရာ (အာ) ဆရာသည် (ကတ်) (က) ဝါကျဖြင့် ပဒဘာဇနီကို ပြလို၍ ကတမံ တံ ရူပံ ဥပါဒါ စသော စကားကို ဟောတော်မူ၏ ဟု ပြဆိုတော်မူ၏၊ (၄)၊ ဤမျှသာ ပြဆိုချေသော် ထိုဥပါဒါပုဒ်၏ အကျယ်ကို မပြဆိုဟူသော အဓိပ္ပာယ်သည် ရောက်ခဲ့ရာ၏။ (နူ-ပါ)၊ စင်စစ်သော်ကား ထိုဥပါဒါပုဒ်၏ အကျယ်ကို မပြဆိုဟူသော အဓိပ္ပာယ်သည် မရောက်သင့်၊ (ပဋိ-ပါ)၊ ထိုသို့မရောက်သင့်လေသောကြောင့် ဥပါဒါပုဒ်၏ အကျယ်ကိုလည်း ပြဆိုသင့်သေး၏၊ (နူ-ရော)၊အကျယ်ကိုမပြဆိုဘဲမနေသင့်၊ (ပဋိ-ရော)၊ မနေသင့်ဘဲ နေချေသော်- ဆရာအား အကျဉ်းအကျယ် ဆန့်ကျင်သော ဝိရောဓိဒေါသ မန္ဒ စပ်မပြည့်စုံခြင်း အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသ သင့်ရောက်ရာ၏၊ (စော)၊ ဥပါဒါပုဒ်၏ အကျယ်ကား အဘယ်ပါနည်း၊ (ပုစ္ဆာ)၊ ဤသို့ စောဒနာဖွယ်ရှိသောကြောင့် (ခ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား- (ခ) ဝါကျဖြင့် ဥပါဒါပုဒ်၏အကျယ်ကိုလည်း ပြဆိုသောကြောင့် သင်စောဒကဟင်သော ဒေါသများ ဆရာအားမရောက်ဟူလို။

၃။ ဇရာသည် နှိပ်စက်အပ်သောသဘောရှိသည်၏အဖြစ်ဟူသောသကတ် အနက်အကြောင်းမှ တစ်ပါး၊ ရူပကာယ၌ ဇရာ ထင်ရှားသည်၏ အဖြစ်

http://www.dhammadownload.com



ဟူသော သကတ် အနက်အကြောင်းတစ်ပါးကို လဲလိုသောကြောင့် ဝါသဒ္ဒါ ထားပါသည်။

နောက်ဝါကျဖြင့် စကားအနက်အဓိပ္ပာယ် မနှံ့စပ်မပြည့်စုံသော အဗျာပိတဒေါသ, အပရိပုဏ္ဏဒေါသတို့ကို ပယ်ပါသည်။

၄။ (က) ဥပါဒိယတီတိ ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။

(ခ) ဥ-ပါ-ဒိ-ယ-တိ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော စွဲလမ်းခြင်း, မှီခြင်း ကြိယာသည် ဗျုပ္ပတ္တိ နိမိတ်။

(ဂ) ဥပါဒါ ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။

(ဃ) ထိုပဝတ္တိ၏ အကြောင်းဖြစ်သော စွဲလမ်းခြင်း, မှီခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

၅။ ဘေဒပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။

သ(သန္တ)ပုလ္လိင်, ဂစ္ဆာန္တာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။ဘာဝပုလ္လိင် ပုရိသာဒိဂိုဏ်း, အကာရန္တ ကိတနာမပဒ။ ဘေဒသဒ္ဒာဝတော ပုဒ်လုံးကား, [(ရူ)၌ တွာဒိ ပစ္စယန္တပုဒ်များ နိပါတ်ပုဒ်ဟု ဆိုသောကြောင့်] အလိင်, ဂဏဝိမုတ်, အကာရန္တ, နိပါတပဒ။

၆။ တတ္ထဖြင့် အကျယ် ဝိတ္ထာရပြမည့် အချီစကားအဖြစ်ကို သိစေ၏၊ အဓိပ္ပာယ်ရ အနက်ဖွင့်ပြသောကြောင့် (ဘာဝတ္ထသံဝဏ္ဏနာ)။

ဥပါဒိယတိဖြင့် ဥပါဒါ၌ ဥပ+အာပုဗ္ဗ+ဒါဓာတ်၏ အဖြစ်ကို လည်းကောင်း, ကိတ်ဓာတ်ကို ဖွင့်ပြသောကြောင့် (ဒု ဓာတုပဒသံဝဏ္ဏနာ)၊ ကွိပစ္စည်း၏ ကတ္တုသာဓ် အနက်ဟောသည်ကိုလည်းကောင်း, ဥပါဒိယတိတိ ဥပါဒါ ဟု ကတ္တုသာဓ် ဝိဂ္ဂဟ ပြုရမည်ကိုလည်းကောင်း, ဏီတ်ပစ္စည်း အနက်ကို ဖွင့်သောကြောင့် (ဒု ပစ္စယတ္ထသံဝဏ္ဏနာ)၊ ဝိဂ္ဂြိဟ် အနက်ကို ဖွင့်သောကြောင့် (အဘိဓာနတ္ထ သံဝဏ္ဏနာ)၊ သိစေ၏။ မဟာဘူတာနိဖြင့် ဂဟေတွာ၏ ကံအဖြစ်ကို သိစေ၏။ အဓိပ္ပာယ်ရအနက်ကို ဖွင့်သောကြောင့် (ဘာဝတ္ထ)၊ ဂဟေတွာဖြင့် ဥပ+အာပုဗ္ဗ+ဒါဓာတ်၏ ဂဟဏ အနက်ဟောသည်ကို သိစေ၏။ အာချာတ်ဓာတ် အနက်ကိုဖွင့်သောကြောင့် (ဓာတွတ္ထ

http://www.dhammadownload.com



သံဝဏ္ဏနာ)။ အမုဋ္ဌိတ္တွာဖြင့်ယူ၏ ဟူသည် မလွှတ်မူ၍ ဟူ၏၊ ဝါ-မလွှတ်တမ်း စွဲလမ်းယူ၏ဟူသော အဓိပ္ပာယ်ကိုသိစေ၏၊ အဓိပ္ပာယ်ရအနက်ကို ဖွင့်သော ကြောင့် (ဘာဝတ္ထသံဝဏ္ဏနာ)။ တာနိ နိဿယ ပဝတ္တတိဖြင့် မလွှတ်တမ်း စွဲလမ်း၏ဟူသော မဟာဘုတ်တို့ကို မှီ၍ဖြစ်ခြင်းပင်တည်းဟူသော အဓိပ္ပာယ် သိစေ၏။ အဓိပ္ပာယ်ရ အနက်ကို ဖွင့်သောကြောင့် ဘာဝတ္ထသံဝဏ္ဏနာ။

၇။ ပိသဒ္ဒါ၏ အနက်ကား သမုစ္စယတ္ထဇောတက, သမ္ဘာဝနတ္ထဇောတက ဖြစ်ပါသည်။ ဝေသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထ စသည်ကား- ဇရာ မနှိပ်စက်အပ် သည်၏ အဖြစ်ဟူသော အနက်သည် နိဝတ္တေတဗ္ဗတ္ထ၊ ဇရာ နှိပ်စက်အပ် သည်၏ အဖြစ်ဟူသော အနက်သည် ဂဟေတဗ္ဗတ္ထ၊ ဇာတိ, မရဏ နှိပ်စက် အပ်သည်၏အဖြစ် စသည်တို့သည် အနုညာတတ္ထ။

၈။ အာဟဇ္ဇ ဖြူခေတ်အရ-ဒေသနာဉာဏ်, ထိုဒေသနာဉာဏ်၏ ပြဋ္ဌာန်း သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ကို မှချအားဖြင့် ရ၏။

ထိုဒေသနာဉာဏ်, ဒေသနာဉာဏ်ပြဋ္ဌာန်းသော မဟာကြိယာ ဉာဏသမ္ပ ယုတ် စိတ္တုပ္ပါဒ်သည် ဒဿနတ္ထ။

အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။

ကတမံ တံ ရူပံ စသော ဝစီဘေဒသဒ္ဒ ဒေသနာတော်သည် ပကာသနတ္ထ။

မဟာကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည် ဝိဘာဝတ္ထ။

ဓမ္မသဘာဝနကုသိုလ်ဖြစ်ခြင်း၏၊ဈာန်,မဂ်,ဖိုလ် ရခြင်းမှစ၍ အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင်သော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

၉။ စက္ခု-ရူပါဘိယာတာရဟ ဘူတပ္ပသာဒ လက္ခဏံ။
ရူပေသု အာဝိဉ္ဆန ရသံ။
စက္ခုဝိညာဏဿ အာဓာရဘာဝ ပစ္စုပဋ္ဌာနံ။
ဒဋ္ဌုကာမတာ နိဒါနကမ္မဇဘူတ ပဒဋ္ဌာနံ။

၁၀။ တာနိအရ-ပထဝီ, အာပေါ, တေဇော, ဝါယော ဟု ဆိုအပ်သော မဟာဘုတ် ၄-ပါး ပစ္စည်းတရားတို့က တာနိ နိဿာယ ပဝတ္တတိအရ ဥပါဒါ

http://www.dhammadownload.com



ရုပ် ၂၄ ပစ္စယုပ္ပန်တရားအား သဟဇာတ, နိဿယ, အတ္ထိ,အဝိဂတ ဟူသော ၄ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

### ၁၃၂၂-ခုနှစ်၊ ဒုတိယ မေးခွန်း

(က) ဥပ္ပန္နံ ဟောတီတိ ဧတ္ထ ဝတ္တမာနဘူတာ ပဂတော ကာသ ကတ ဘူမိ လဒ္ဓဝသေန ဥပ္ပန္နံ နာမ အနေကပ္ပ ဘေဒံ။

(ခ) တတ္ထ သဗ္ဗမ္ပိဥပ္ပါဒ ဇရာဘင် သမင်္ဂီ သင်္ခါတံ ဝတ္တမာနုပ္ပန္နံ နာမ။

(ဂ) အာရမ္မဏရသံ အနုဘဝိတွာ နိရုဒ္ဓံ အနုဘူတာပဂတ သင်္ခါတံ ကုသလာ ကုသလံ ဥပ္ပါဒါဒိတ္တယံ အနုပ္ပတွာ နိရုဒ္ဓံ ဘူတာပဂတ သင်္ခါတံ သေသသင်္ခတဉ္စ ဘူတာပဂတုပ္ပန္နံ နာမ။ (ဋ္ဌ-၁၀၈)

၁။ (ဂ) ဝါကျကို အနက်မှန်မှန် သမ္ဗန်ခဲ့ပါ။

၂။ (က) ဝါကျကိုရှု၍ (ခ)ဝါကျကိုဋ္ဌပနာ အာဘောဂ-အာဘောဂ ဟေတု, ဌပနာပဋိက္ခေပ ပုစ္ဆာတက်ခဲ့ပါ။

၃။ (ဂ) ဝါကျ၌ စသဒ္ဒါ ထားရခြင်းအကြောင်းနှင့်တကွ အနုဘုတွာ (အနုဘူတာ) ပဂတုပ္ပန္နနှင့် ဘုတွာ (ဘူတာ)ပဂတုပ္ပန္နတို့၏အထူး ရှိမရှိကိုလည်း အဋ္ဌကထာဆရာ၏အလိုနှင့်အညီ ဖြေဆိုခဲ့ပါ။

၄။ (ခ)ဝါကျရှိ ဥပ္ပန္နသဒ္ဒါကို ဝစနတ္ထပြု၍ ဗျုပ္ပတ္တိစတုက္ကထုတ်ခဲ့ပါ။

၅။ (ဂ) ဝါကျရှိ သင်္ခါတနှင့် သင်္ခတတို့၏ လိင်,ဂဏ,အန္တ, ပဒတို့ကို စိစစ်ခဲ့ပါ။

၆။ (ခ) ဝါကျ၌ အာဘောဂနှင့် သံဝဏ္ဏနာ ဖော်ခဲ့ပါ။

၇။ (ခ) ဝါကျ၌ရှိသော ပိသဒ္ဒါ, ဇရာ, သဒ္ဒါတို့၏ အလိုရှိအပ်သော အနက်ကို ဖော်ပြခဲ့ပါ။

၈။ အာရမ္မဏရသံ....လ....ကုသလာ ကုသလံ ဟူသော သံဝဏ္ဏနာ အားလျော်စွာ ဘုတွာ(ဘူတာ)ပဂတ၏အရကို ဒဿနတ္ထ စသော ကြိယာငါးတန် ထုတ်ခဲ့ပါ။

http://www.dhammadownload.com



၉။ စိတ္တန္တိ အာရမ္မဏောစိန္တေတီတိ စိတ္တံ ဤဝါကျရှိ စိတ္တ၏လက္ခဏာဒိ စတုက္က ထုတ်ခဲ့ပါ။

၁၀။ စိတ္တံအရ သောတာပတ္တိမဂ်စိတ်ကိုယူ၍ ယင်းမဂ်စိတ် ပစ္စယုပ္ပန် တရားနှင့် ပစ္စည်းတရားတို့၏ ပြိုင်နိုင်သော ပစ္စယသတ္တိများကို ဖြေဆိုခဲ့ပါ။

အဖြေ ဝိသဇ္ဇနာ

၂။ အရှင်အဋ္ဌကထာဆရာ (အာ)၊ ဆရာသည် (ကတ်) (က) ဝါကျဖြင့် ဥပ္ပန္နအပြားကို အကျဉ်းအားဖြင့် ပြဆိုတော်မူ၏။ (ဠ) ထိုတွင် ဥပ္ပါဒက္ခဏ သမင်္ဂီတရားသာ ဝတ္တမာနုပ္ပန္န မည်ပါသလော (ဘော)၊ ထို့ကြောင့် ဟိတ်၊ အကျဉ်းသင်္ခေပကိုသာ မဆိုသင့်၊ (ဠ-ခေ)၊ အကျယ်ဝိတ္ထာရကား အဘယ် ပါနည်း၊ (ပုစ္ဆာ)၊ ဤသို့မေးရန်ရှိ၍ (ခ) ဝါကျကိုမိန့်။

အဓိပ္ပာယ်ကား (ခ) ဝါကျဖြင့် ဥပါဒ်၊ ဇရာ, ဘင်နှင့် ပြည့်စုံသော အလုံးစုံသော သင်္ခတတရားသည် ဝတ္တမာနုပ္ပန္နမည်၏ဟု အကျယ်ဝိတ္ထာရကို လည်း ပြဆို၏ ဟူလို။

၃။ ကုသိုလ်, အကုသိုလ်ကို ဆွဲငင်ခြင်း အနုကမုန အနက်, ကုသိုလ်, အကုသိုလ်ကို ပေါင်းစည်းခြင်းသမုစ္စည်းအနက် သမ္ပိဏ္ဍနအနက်ကိုပြလိုသော ကြောင့် စ-သဒ္ဒါကို ထားပါသည်။

အာရုံ၏အရသာကို ခံစားပြီး၍ ချုပ်ပြီးသော ကုသိုလ် အကုသိုလ် တရား သည် အနုဘုတွာ ပဂတုပ္ပန္န မည်၏။

ဥပါဒ်စသော ခဏ ၃-ပါးအပေါင်းသို့ အစဉ်အားဖြင့် ရောက်၍ ချုပ် ပြီးသော ဆိုအပ်ပြီးသော ကုသိုလ် အကုသိုလ်သည် လည်းကောင်း, ထို ကုသိုလ် အကုသိုလ်မှ ကြွင်းသော သင်္ခတဟူသော ဝိပါက်ကြိယာ ရုပ်တရား သည်လည်းကောင်း, ဘုတွာ ပဂတုပ္ပန္နမည်၏၊ ဤသို့ အထူးရှိပါသည်။

၄။ ဥဒ္ဓံပန္နတ္တိဥပ္ပန္နံ။ (တစ်နည်း) ဥပ္ပဇ္ဇတီတိဥပ္ပန္နံ။

( က ) ဥပ်-ပန်-နံ ဟူသော အစိတ်အစိတ် ပရမတ္ထသဒ္ဒါသည် ဗျုပ္ပတ္တိ။

( ခ ) ထိုဗျုပ္ပတ္တိ အကြောင်း ဖြစ်သော ဥပုဗ္ဗ+ပဒဓာတ်+တပစ္စည်း သည် ဗျုပ္ပတ္တိနိမိတ်။

http://www.dhammadownload.com



(ဂ) ဥပ္ပန္န် ဟူသော အပေါင်းပညတ္တိသဒ္ဒါသည် ပဝတ္တိ။

(ဃ) ထိုဥပ္ပန္န် ဟူသောအပေါင်းပညတ္တိသဒ္ဒါဖြစ်ခြင်း၏ အကြောင်းဖြစ်သော ဖြစ်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။(အဘိဓာန်ဋီကာ နည်း)

၅။ သင်္ခါတ-နပုလ္လိင်,စိတ္တာဒိဂိုဏ်း, အကာရန္တ,နာမ်ပုဒ်။
သင်္ခတ - နပုလ္လိင်,စိတ္တာဒိဂိုဏ်း, အကာရန္တ,နာမ်ပုဒ်။

၆။ သဗ္ဗမ္ပိ ။ပ။ သင်္ခါတံဖြင့် ဝတ္တမာနုပ္ပန္န ဟူသည် ဥပ္ပါဒက္ခဏ ၌သာဖြစ်ဆဲဖြစ်သော ဥပ္ပါဒက္ခဏသမင်္ဂီမျှဖြစ်သော အချို့သော ရုပ်နာမ် အစုမဟုတ်။ ဥပါဒ်, ဋ္ဌီ, ဘင် ဟူသော ခဏတ္တယနှင့် ပြည့်စုံသော အလုံးစုံသော ရုပ် နာမ် ဓမ္မ တည်းဟု သိစေ၏။ [အဘိဓေယျတ္ထသံဝဏ္ဏနာ၊ (တစ်နည်း)ဘာဝတ္ထသံဝဏ္ဏနာ]။

၇။ ပိသဒ္ဒါ၏အနက်ကား - သကလဝါစက သဗ္ဗသဒ္ဒါ နောင်ထိုင်သော ပိသဒ္ဒါဖြစ်သောကြောင့် ဥပါဒ်, ဋ္ဌီ, ဘင် ဟု ဆိုအပ်သော ခဏတ္တယသို့ ရောက်ဆဲဖြစ်သော အလုံးစုံသော သင်္ခတတရားကိုသာ ဝတ္တမာနုပ္ပန္န မည်သည်ဟု ဆိုအပ်သည်မဟုတ်သေး၊ အစိတ်အစိတ် ဖြစ်သော သင်္ခတတရားသည်လည်း ဝတ္တမာနုပ္ပန္န မည်၏ဟု ပေါင်းသော အဝယဝသမ္ပိဏ္ဍနတ္ထ, သမုစ္စယတ္ထ၊ (တစ်နည်း)သမ္ဘာဝနတ္ထ ဖြစ်ပါသည်။

ဇရာသဒ္ဒါ၏ အလိုရှိအပ်သောအနက်ကား-ဇရာ ဟု ဆိုအပ်သော တည်နေမှု၊ ရင့်နေမှုသဘောဖြစ်သော ဌီ ဟူသော သဘောအနက်တို့ ဖြစ်ပါသည်။

၈။ အာရမ္မဏရသံ ။လ။ ကုသလာ ကုသလံ၌ ဘူတာပဂတ၏ အရ ကုသိုလ်, အကုသိုလ်သည် ဒဿနတ္ထ။ ယောနိသောမနသိကာရ အယောနိသော မနသိကာရသည် ဒီပကတ္ထ။

ကုသိုလ်၏ အနဝဇ္ဇသုခဝိပါက,အကုသိုလ်၏ သာဝဇ္ဇဒုက္ခဝိပါက အကျိုးတို့သည် ပကာသနတ္ထ။

သပ္ပုရိသူပနိဿယ, ဗာလူပသေဝန စသည်တို့သည် ဝိဘာဝတ္ထ။ နိဗ္ဗာန်ကိုင်အောင်သော အကျိုး, အပါယ်ဘုံ၌ ဖြစ်ရခြင်း စသော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

http://www.dhammadownload.com



၉။ စိတ္တံ ဝိဇာနနလက္ခဏံ၊ ပုဗ္ဗင်္ဂမရသံ၊ သန္ဓာန ပစ္စုပဋ္ဌာနံ၊ နာမ ရူပ ပဒဋ္ဌာနံ။

၁၀။ ပြိုင်နိုင်သော ပစ္စယသတ္တိများကား- အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ။

(သာမည မေးရကား အနန္တရမျိုး,ဝတ္ထုပုရေဇာတမျိုး,သဟဇာတမျိုး ပြောလျှင်လည်း ရနိုင်သည်။)

## ၁၃၂၃-ခုနှစ် မေးခွန်း

(က) ပစ္စယသဒ္ဒါတေန အာဟာရဋ္ဌေန တယောဝေတ္ထဓမ္မာ အာဟာရာ ဟောန္တိ။

(ခ) အဝသေသာ နော အာဟာရာ။

(ဂ) ကိံ ပနတေ အညမညံ ဝါ တံ သမုဋ္ဌာန ရူပဿဝါ ပစ္စယာ န ဟောန္တီတိ။

(ဃ) နော န ဟောန္တိ။

(င) ဣမေ ပန တထာစ ဟောန္တိ အညထာစာတိ သမာနေပိ ပစ္စယတ္တေ အတိရေကပစ္စယာ ဟောန္တိ။

(စ) တသ္မာ "အာဟာရာ" တိ ဝုတ္တာ။ (ဋ္ဌ-၁၉၆-၇)

၁။ (င) ဝါကျကိုသာ တထာစ အညထာစတို့၏ အနက်ထင်စေလျက် အတ္ထယောဇနာပါ။

၂။ (ခ) ဝါကျကို ဌပနာ, အာဘောဂ, ဟေတု, ပဋိက္ခေပ, စောဒနာ ဟူသော ဌပနာပဋ္ဌကဖြင့် တက်ပြပါ။

၃။ (င) (စ) ဝါကျတို့ဖြင့် အဘယ်ဒေါသကို ပယ်ပါသနည်း။

၄။ အာဟာရာပုဒ်ကို ဝိဂ္ဂဟပြု၍ ဗျုပ္ပတျာဒိစတုက္က ထုတ်ပြပါ။

၅။ အညထာစ၌ အညထာပုဒ်၏ လိင်, ဂဏ,ဂဏဝိမုတ္တ, အန္တ နှင့်တကွ မည်သည့်ပုဒ်မျိုးဟု ဆုံးဖြတ်ပြခဲ့ပါ။

၆။ (က)(ခ)ဝါကျတို့၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာကို ပြခဲ့ပါ။

http://www.dhammadownload.com



၇။ (က) ဝါကျ၌ ဝေဇ် ဝေတ္တ ဖလုတ္တယကိုလည်းကောင်း၊ (ဂ) ဝါကျ၌ ပန၏ အတ္ထုဒ္ဓါရနှင့် ဣစာဂိပ္ပေတတ္တကို လည်းကောင်း ပြခဲ့ပါ။

၈။ (စ) ဝါကျ၌ ဝုတ္တာ်ပုဒ်တို့အရကို ဒဿနတ္တ စသည် ကြိယာငါး တန် ယုတ္တိမှန်အောင် ထုတ်ပြပါ။

၉။ တဃောအရ် အာဟာရတရားကိုယ်များကိုပြ၍ ဒုတိယ အာဟာရ၏ ကျေးဇူးပြုပုံကိုလည်း ပြခဲ့ပါ။

၁၀။ (ဃ) ဝါကျ၌ ဖြစ်သင့်သော ကတ္တားအရ တရားများသည် ဖြစ်သင့် သော သမ္ပဒါန်အရ တရားများအား မည်မျှသော ပစ္စယသတ္တိတို့ ဖြင့် တစ်ပြိုင်နက် ကျေးဇူးပြုနိုင်သနည်း။

## အဖြေ ဝိဿဇ္ဇနာ

၁။ (နိဿယအတိုင်း)။

၂။ အရှင်အဋ္ဌကထာဆရာ ဆရာသည် အာဟာရအနက်ကြောင့် သုံးပါး သော တရားတို့သာ အာဟာရမည်ကုန်၏ဟု ဆိုတော်မူ၏၊ (ဌပနာ)။ ဤသို့ ဆိုသည်ရှိသော် သုံးပါးမှကြွင်းသော ငါးဆယ်ကျော်သော တရားတို့လည်း အာဟာရမည်သင့်ကုန်သည် မဟုတ်ပါလော၊ (အာဘောဂ)၊ ထိုသို့မည်သင့် သောကြောင့် (ဟိတ်)၊ အာဟာရအနက်ကြောင့် သုံးပါးသော တရားတို့ သာ အာဟာရမည်သင့်ကုန်၏ဟု မဆိုသင့် (ဌပနာ ပဋိက္ခေပ)၊ မဆိုသင့် ဘဲလျက် ဆိုသော် အနက်အဓိပ္ပာယ် မပြည့်စုံသော အပရိပုဏ္ဏဒေါသ, အဗျာပိတဒေါသ ရောက်သင့်ရကား အသို့မူ၍ ဆိုနိုင်သနည်းဟု စောဒနာ ရန်ရှိ၍ (စောဒနာ)၊ အဝသေသာ နော အာဟာရာ ဟူသောပါဌ်ကိုမိန့်။

အဓိပ္ပာယ်ကား.... အာဟာရဖြစ်၍ သုံးပါးသော တရားတို့သည်သာ အာဟာရ မည်ကုန်၏၊ ကြွင်းသော ငါးဆယ်ကျော်သော တရားတို့ကား အာဟာရ မမည်ကုန် ဟူလို။

(ဝါ) အာဟာရ မမည်ကုန်ဟု ပြဆိုသောကြောင့် သင်စောဒကတင် သော အပရိပုဏ္ဏဒေါသ, အဗျာပိတဒေါသ ဆရာအားမရောက် ဟူလို။

၃။ (င) ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။ (စ) ဝါကျ ဖြင့် နိရတ္ထကဒေါသကို ပယ်ပါသည်။

http://www.dhammadownload.com



၄။ အာဘုသော ဟုတ္ဝာ ဟရန္တီတိအာဟာရာ အာဟာရန္တီတိ အာ-ဟာရာ။

(က) အာ-ဟာ-ရာ ဟူသော အစိတ်အစိတ်သော ပရမတ္ထ သဒ္ဒါသည် ဗျုပ္ပတ္တိ။

(ခ) အရှေ့ရှိသော ဟရဓာတ် ဏ ပစ္စည်း၊ ဆောင်ခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။

(ဂ) အာဟာရာ ဟူသော အပေါင်းပညတ္တိသဒ္ဒါသည့် ပဝတ္တိ။

(ဃ) ဆောင်ခြင်းကြိယာသည် ပဝတ္တိနိမိတ်။

၅။ အညထာပုဒ်သည် အလိင်, ဂဏဝိမုတ်, အာကာရန္တ, ပကာရ တဒ္ဓိတ်, ဝါ အဗျယတဒ္ဓိတ်, နိပါတပဒ။

၆။ ပစ္စယသန်ိါတေနဖြင့် အာဟာရသဒ္ဒါ၏ ပစ္စယဋ္ဌကိုယူဟု သိစေသည်၊ (အဘိဓေယျတ္ထသံဝဏ္ဏနာ)။

အာဟာရဋ္ဌေနဖြင့် အာဟာရာ ဟူသောပုဒ်၌ အာဟရန္တီတိ အာဟာရာ ဟု ဝိဂ္ဂဟပြု၍အာပုဗ္ဗဟရဓာတ် ဏ-ပစ္စည်း၊ ထို ဏပစ္စည်းကတ္တားဟော၏ အဖြစ်ကို လည်းကောင်း, အာဥပသာရပုဒ်၏ ဓာတွတ္ထဝိသေသက အဖြစ်ကို လည်းကောင်း သိစေ၏၊ (ဒုတိယပစ္စယတ္ထသံဝဏ္ဏနာ၊ ဥပသဂ္ဂလိင်္ဂတ္ထ သံဝဏ္ဏနာ)။

တယောဝေတ္ထမ္မာဖြင့် ငါးဆယ်ကျော်သော တရားတို့တွင် အာဟာရ အရ ဖဿ, စေတနာ, ဝိညာဏ်ဘရားသုံးပါးတို့သာ အာဟာရမည်ကုန်၏ ဟု သိစေ၏၊ (အဘိဓေယျတ္ထသံဝဏ္ဏနာ)။

အဝသေသာ နော အာဟာရာ ဟူသော (ခ) ဝါကျဖြင့် ငါးဆယ်ကျော် သော တရားတို့သည် အာဟာရ မမည်ကုန်ဟု သိစေ၏။ (ဘာဝတ္ထ၊ နေယျတ္ထ)။

၇။ ဖဿ မနော သဉ္စေတနာ, ဝိညာဏ်ဟူသော သုံးပါးသည် ဂဟော တဗ္ဗတ္ထ။ တစ်ပါးသော တရားတို့ထက် အလွန်အကဲဆောင်တတ်သော ဂုဏ် သည် အနုညာတတ္ထ။

ဖဿ, စေတနာ, ဝိညာဏ်မှ ကြွင်းသော ငါးဆယ်ကျော်သော တရားတို့ သည် နိဝတ္တေတဗ္ဗတ္ထ။

ပနသဒ္ဒါ၏ အတ္ထုဒ္ဓါရကား ဝါကျာရမ္ဘ, ဝိသေသ, ဟေတု, ဖလ, အန္ဝယ, ဒဠှီကရဏ, တပ္ပါကဋီကရဏ, ဗျတိရေက, ပက္ခန္တရ, သမ္ဘာဝနာ, ဂရဟာတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



ဣလာခဓိပ္ပေတတ္တကာ—ပဏ္ဏတ္တိရတ္ထ၊ (တစ်နည်း) ဝါကျာရမ္မ၊ (တစ်နည်း) ပုစ္ဆာဇောတက။

၈။ ဝုတ္တာ၌ ဝစဓောတ်အရ ဒေသနာဉာဏ် ပြဋ္ဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်သည် ဒေသနတ္ထ။

မင်္ဂဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့သည် ဒီပကတ္ထ။

တယော အာဟာရာ စသော ဒေသေတဗ္ဗဓမ္မသည် ပကာသနတ္ထ။

မဟာ ကရုဏာဉာဏ်, ပါရမီဉာဏ်, ဝိပဿနာဉာဏ် စသည်တို့သည် ဝိဘာဝတ္ထ။

ဓမ္မသဝန ကုသိုလ်ဖြစ်ခြင်း, အာဟာရသုံးပါးကို သိရခြင်း, သိသဖြင့် ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်ခြင်း, ကျင့်သဖြင့် မင်္ဂဖိုလ်နိဗ္ဗာန်ရခြင်း စသော အကျိုးဆက်တို့သည် အနုဘာဝတ္ထ။

၉။ အာဟာရ တရားကိုယ်များကား ဖဿ, စေတနာ, ဝိညာဏ်တို့ ဖြစ်ပါသည်။

ဒုတိယ အာဟာရ၏ ကျေးဇူးပြုပုံကား မာနောသဉ္စေတနာဟာရသည် မိမိကြွင်းသော စေတသိက်တရားတို့အား ဇနကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ကာမရူပ အရူပဟု ဆိုအပ်သော ဘဝသုံးပါးတို့ကိုလည်း ဇနက်, ဥပထမ္ဘကသတ္တိဖြင့် ဆောင်ပါသည်။

၁၀။ ဖြစ်သင့်သော ဧတေ ဟူသော ကတ္တားအရ ငါးဆယ့်သုံးပါးသော တရားများသည် ဖြစ်သင့်သော အညမညံဟူသော သမ္ပဒါန်အရ ငါးဆယ့်သုံးပါးသော တရားအား သဟဇာတ, အညမညံ, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤ (၆) ပစ္စယသတ္တိတို့ဖြင့် တစ်ပြိုင်နက် ကျေးဇူးပြုပါသည်။

ဖြစ်သင့်သော ဧတေ ဟူသော ကတ္တားအရ ငါးဆယ့်သုံးပါးသော တရားများသည် ဖြစ်သင့်သော တံသမုဋ္ဌာန ရူပဿ ဟူသော သမ္ပဒါန်အရ တံသမုဋ္ဌာနရုပ်အား (ဝါ) စိတ္တဇရုပ်အား သဟဇာတ, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ဤငါးပစ္စယသတ္တိတို့ဖြင့် တစ်ပြိုင်နက် ကျေးဇူးပြုပါသည်။

F 97A

http://www.dhammadownload.com



၁၃၂၄-ခုနှစ်၊ မေးခွန်း

( က ) စိရပါရိ ဝါသိယဋ္ဌေန မဒိရာ ဒယော အာသဝါ၊ အာသဝါ-ဝိယာတိပိ အာသဝါ။

( ခ ) လောကသ္မိဉှိ စိရပါရိ ဝါသိကာ မဒိရာ ဒယော အာသဝါ တိ ဝုစ္စန္တိ။

( ဂ ) ယဒိ စ စိရပါရိ ဝါသိယဋ္ဌေန အာသဝါ၊ တေဝေဝ ဘဝိတု မရဟန္တိ။

( ဃ ) ဝုတ္တဉ္ဟေတံ "ပုရိမာ ဘိက္ခဝေ ကောဋိ န ပညာယတိ အဝိဇ္ဇာယ 'ဣတော ပုဗ္ဗေ အဝိဇ္ဇာ နဟောသိ'တိ" အာဒိ။ (၆၅-၆၀)

၁။ ထုတ်ပြအပ်သော ဝါကျတို့တွင် (ခ) ဝါကျကို ကတ္တားထည့်၍ အနက်ပေးပါ။

၂။ (ဃ) ဝါကျကို ဥပနာ, အာဘောဂ, အာဘောဂဟေတု, ဥပနာ ပဋိက္ခေပ, စောဒနာဟူသော ဥပနာပဋ္ဌကစောဒနာ နည်းအားဖြင့် စောဒနာတက်ခဲ့ပါ။

(အဓိပ္ပာယ်ပြန်ရန်မလို)

၃။ (ခ) အမှတ်ပြ ဝါကျဖြင့် (က) ဝါကျ၌ အဘယ်ဒေါသတို့ ပယ်ကြောင်း ရှင်းလင်းဖြေဆိုပါ။

၄။ မဒိရာပုဒ်ကို ဝိဂြိုဟ်ဆို၍ ဗျုပ္ပတ္တိ စသည့် လေးပါးကို ခွဲဝေပြပါ။

၅။ (ဂ) ဝါကျ၌ ပုဒ်တို့ကို လိင်, ဂဏ, ဂဏာဝိမုတ္တ, အန္တ, ပဒတို့ဖြင့် အသီးအသီးညွှန်ပါ။

၆။ (က) ဝါကျ၌ အဋ္ဌကထာဆရာ၏အာဘော်ကိုဖော်ပြ၍ သံဝဏ္ဏနာ အမည်ကိုလည်း ပေးခဲ့ပါ။

၇။ (ဂ)ဝါကျ၌ နိပါတ်ပုဒ်တို့၏အနက်ကိုလည်းကောင်း, တေသဒ္ဒါ၏ အစွဲကိုလည်းကောင်း, ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗကိုလည်းကောင်း ဖော်ပြပါ။

၈။ အာသဝါ ဟူသောပုဒ်၌ ဖြစ်သင့်သော ဒဿနတ္ထ စသည်ကိုပြပ့ါ။

http://www.dhammadownload.com



၉။ ဒိဋ္ဌာသဝတရား၏ တရားကိုယ်ကိုထုတ်၍ လက္ခဏာဒိ စတုက္က ထုတ်ပြပါ။

၁၀။ (ဃ) ဝါကျဝယ်တော်ကို ဝုတ္တံ၌ ပဋ္ဌာန်းနည်းစာစပ်၍ ပစ္စည်း ပစ္စယုပ္ပန် ဖြစ်ဟန်လည်း ပြပါ။

## အဖြေ ဝိသဇ္ဇနာ

[အဖြေများမှာ အာသဝဂေါစ္ဆက အဖွင့် (ခ)၌ အသီးအသီး ပါရှိပါပြီ]။

## ၁၃၂၅-ခုနှစ်၊ မေးခွန်း

(က) မာနသဒ္ဒိ မနောဝေ။ "အန္တလိက္ခစရော ပါသော၊ ယွာယံစရတိ မာနသော"တိ ဟိ ဗွေ ပန သမ္ပယုတ္တက ဓမ္မော"မာနသော"တိ ဝုတ္တော။

(ခ) "ကထံ ဟိ ဘဂဝါ တုယှံ၊ သာဝကော သာသနေရတော။ အပ္ပတ္တမာနသော သေက္ခော၊ ကာလံ ကယိရာ ဇနေသုတာ"တိ ဗွေ အရဟတ္တံ "မာနသ"န္တိ ဝုတ္တံ။

(ဂ) ဣဓ ပန မနော ဝ မာနသံ၊ ဗျဉ္ဇန ဝသေန ဟေတံ ပဒံ ဝဍ္ဎိတံ။ (ဋ္ဌ-၁၈၄)။

၁။ ထည့်သင့်သော ပါဠိကိုထည့်၍ (က) (ဂ) အမှတ်ပြ ဝါကျများကို အနက်ပေးခဲ့ပါ။

၂။ ဗျဉ္ဇန ဝသေန စသော ဝါကျသို့ ဥပနာဘောဂါဒိပဥ္စကတက် တက်ခဲ့ပါ။

(အဓိပ္ပာယ်ပြန်ရန်မလို၊ သဒ္ဒါ၊ ပညတ်၊ ပရမတ် ခွဲခြားရန်မလို)။

၃။ သမ္ဘဿတော ဇာတံ, သမ္ဘဿေဝါ ဇာတန္တိ သမ္ဘဿဇံ (ဋ္ဌ-၁၈၃) ၌ အဘယ်ကိုလဲလို၍ ဝါသဒ္ဒါထားသည် ဟူ၍လည်းကောင်း, (ဂ) အမှတ်ပြ ဣဓ ပန စသောဝါကျဖြင့် အဘယ်ဒေါသကို ပယ်သည် ဟူ၍လည်းကောင်း ညွှန်ပြပါ။

၄။ ပုဒ်၌ ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တိ စသော လေးပါးကို ခွဲခြား၍ပြပါ။

http://www.dhammadownload.com



၅။ အပက္ခ မာနသော, သေက္ခော, ကာလံ, ဇနေတိ့၌ လိင်္ဂ, ဂဏ, အန္တ နှင့်တကွ သမာသပဒ စသည်ကို ညွှန်ပြပါ။

၆။ တဇ္ဇာ မနောဝိညာဏဓာတု သမ္ဖဿဇာတိ တဿာကိုသလ သညာယ အနန္တရဝိကာယ မှနောဝိညာဏဓာတုယာ သမ္ဖဿမှိ ဇာတာ (၁၄၈)၌ အဋ္ဌကထာဆရာ၏ အာဘောဂနှင့် သံဝဏ္ဏနာ များကို ညွှန်ပြပါ။

၇။ သွာယံ၌ ယ၏ စွဲရာအနက်ကို လည်းကောင်း, မနောဝမာနသံ၌ ဧဝ၏ နိဝတ္တေတဗ္ဗတ္ထ ဂဟေတဗ္ဗတ္ထတို့ကိုလည်းကောင်း ညွှန်ပြပါ။

၈။ ဝုတ္တော၌ ခါတ်၏အရကိုယူ၍ ဒဿနတ္ထ စသည် ငါးတန်မှန်ကန် အောင် ထုတ်ခဲ့ပါ။

၉။ စိတ္တမုဒုတာ၏ သာ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်များကို ထုတ်ခဲ့ပါ။

၁၀။ မဇနသောတိ ဝုတ္တောတွင် မာနသော၌ ပစ္စည်း၏အရ တရားကို ပြပြီးလျှင် ထိုတရားက ပုဒ်၏အရ တရားအား ကျေးဇူးပြုပုံကို ညွှန်၍ ထိုသို့ကျေးဇူးပြုရာ၌ ပြိုင်နိုင်သောပစ္စည်းတို့ကိုထုတ်ခဲ့ပါ။

## အစဖြေ ဝိသဇ္ဇနာ

၁။ (နိဿယအတိုင်း)။

၂။ အရှင်အဋ္ဌကထာဆရာ(အာလုပ်)ဆရာသည် (ကတ္တား) မံနကိုပင် မာနသံဟူ၍ ဆိုအပ်၏ဟု ဆိုတော်မူ၏ (ဋ္ဌပနာ) အရဟတ္တံ မာနသံကဲ့သို့ သ သည် အနက်ရှိသည်မဟုတ်ပါလော (အာဘောဂ)၊ ထိုသို့ သ၏ အနက် ရှိရာသောကြောင့်(ဟိတ်) မနံကိုပင် မာနသံဟူ၍မဆိုသင့် (ဋ္ဌပနာပဋိက္ခေပ) ထိုသို့ မဆိုသင့်ပါဘဲလျက် အဘယ်အစွမ်းအားဖြင့် မနကို မာနသ ဟူ၍ ဆိုရ ပါသနည်း (ပုစ္ဆာ)၊ ဤသို့ စောဒနာဖွယ်ရှိ၍ ဗျဉ္ဇနဝသေန စသော ဝါကျ ကိုမိန့်၏။

[မှတ်ချက်။ ။ဒဋ္ဌိယ, ဒဋ္ဌိကရဏ ကျမ်းတက်နည်းအရ တက်လျှင်လည်း ရနိုင်သည်]။

၃။ ပဌမိဟိတ်အနက်မှတစ်ပါး သတ္တမီအနက်ကိုလဲလို၍ (ဝါ) အနက်ကို လဲလို၍ သမ္ပယောဝါဇာတံ စသည်၌ ဝါသဒ္ဒါထားပါသည်။

http://www.dhammadownload.com



(ဂ) အမှတ်ပြ ဣစ ပန စသော၀ါကျဖြင့် အတိဗျာပိတ ဒေါသကို ပယ်ပါသည်။

၄။ ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။

(က) ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ဟူသော၀ိဂ္ဂဟ၀ါကျသည် ဗျုပ္ပတ္တိ။

(ခ) အနက်ကို သိကြောင်း၏ အဖြစ်ဟူသော ကြိယာသည် လည်းကောင်း, ပဒဓာတ်+အပစ္စည်းသည် လည်းကောင်း ဗျုပ္ပတ္တိနိမိတ်။

(ဂ) ပဒံ ဟူသော နိပ္ဖန္နသဒ္ဒါသည် ပ၀တ္တိ။

(ဃ) ပုဒ်တို့၏ တစ်ခုသည် တစ်ခုနှင့် တူသော အခြင်းအရာ ဟူသော ဇာတ်သည် ပ၀တ္တိနိမိတ်။

၅။ အပ္ပတ္တမာနတော-ပုလ္လိင် ပုရိသာဒိဂိုဏ်း, အကာရန္တ, သမာသပဒ။
သေက္ခော-ပုလ္လိင်,ပုရိသာဒိဂိုဏ်း, အကာရန္တ, ကိတ်ပဒ, တစ်နည်း-သမာသပဒ။
ကာလံ ပုလ္လိင်, ပုရိသာဒိဂိုဏ်း,အကာရန္တ,ကိတပဒ။
ဇနေ ပုလ္လိင်, ပုရိသာဒိဂိုဏ်း, အကာရန္တ, ကိတပဒ။

၆။ တဿာ ကုသလသညာယ အနုစ္ဆဝိကာယဖြင့် တဇ္ဇာ၌ တသဒ္ဒါ၏ ကုသလာသညာ စွဲသည်ကိုလည်းကောင်း (သဗ္ဗနာမလိင်္ဂတ္တ) တဿာ အနုစ္ဆဝိကာ တဇ္ဇာဟု စတုတ္ထီ သပ္ပုရိသ်သမာသ် ၀စနတ္တပြုရမည်ကိုလည်းကောင်း (သမာသလိင်္ဂတ္တ)၊တစ်နည်း-တဿာကုသလသညာယဖြင့် သမ္ပဒါန်အဖြစ်ကို လည်းကောင်း (ဘာ၀တ္တ)။ အနုစ္ဆဝိကာယဖြင့် တဇ္ဇာသဒ္ဒါ၏ အနုစ္ဆဝိက အနက်ဟောသည်ကို လည်းကောင်း၊ (သဒ္ဒတ္တ)၊ မနော ။ပ။ ဇာတာဖြင့် တဇ္ဇာနှင့် မနောဝိညာဏဓာတုကို ကမ္မဓာရည်း, တဇ္ဇာ မနောဝိညာဏဓာတုနှင့် သမ္ဗန္ဓကို ဆဋ္ဌီတပ္ပုရိသ်, တဇ္ဇာမနော ဝိညာဏဓာတုသမ္ဖဿနှင့် ဇာတာကို သတ္တမီတပ္ပုရိသ် သမာသ်၀စနတ္တ အသီးသီးပြုရမည်ကို လည်းကောင်း (သမာသလိင်္ဂတ္တ) သိစေ၏။

၇။ ယွာယံ၌ ယသဒ္ဒါပါသဟူသော တဏှာရာဂ တည်းဟူသော ကျော့ကွင်းကို စွဲပါသည်။

http://www.dhammadownload.com



မာနသံဥ္စ သမ္ပယုတ်း (သဏ်ပစ္စည်း) အတွက် အနက်ထူးရှိသည်၏ အဖြစ်သည် နိဝတ္တေတဗ္ဗတ္တ။ မန-သဒ္ဒါ၏ စိတ် ဟူသောအနက်သည် ဂဟေတဗ္ဗတ္တ။

၈။ ဝုတ္တော ၌ ဝစနာတ်အရ မာနသော ဟူသော ဝစီဘေဒသဒ္ဒကို ပြတတ်သော ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဒဿနတ္တ။

ကရုဏာ ပြဋ္ဌာန်းသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဒီပကတ္တ။

မာနသော ဟူသော ဝစီဘေဒသဒ္ဒသည် ပကာသနတ္တ။

ဓမ္မ ပဋိဂ္ဂါဟက ပုဂ္ဂိုလ်တို့၏ သဒ္ဒါ,အနက်, အဝဗောဓနဉာဏ်စသည်တို့သည် ဝိဘာဝတ္တ။

> ပီတိစသည် တိုးပွားခြင်းစသော နိဗ္ဗာန်တိုင်အောင်သော အကျိုးတို့သည် အနုဘာဝတ္တ။

(အကြောင်းတစ်ချက်-အကျိုးသုံးချက်ထုတ်သောနည်း)။

၉။ စိတ္တာမုဒုတာ စိတ္တံတ္တဒ္ဓ ဘာဝဝူပသမလက္ခဏာ၊ စိတ္တတ္ထဒ္ဓဘာဝ နိမ္မဒ္ဒနရသာ။ အပ္ပဋိဃာတပစ္စုပဋ္ဌာနာ၊ စိတ္တပ္ပဒဋ္ဌာနာ။

(ဋ္ဌ-၁၇၄)

၁၀။ မာနသော၌ သမ္ပယုတ်းအရကား ရာဂ-ဟူသော လောဘ စေတသိက်တည်း။ ကျေးဇူးပြုပုံကား-ထိုလောဘ စေတသိက်က မနပုဒ်အရ ဖြစ်သော လောဘမူစိတ်အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပါသည်။

ပြိုင်နိုင်သော ပစ္စည်းများကား-ဟေတု သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ၊ ပေါင်း (၇) ပစ္စည်းဖြစ်ပါသည်။

### ၁၃၂၆-ခုနှစ်၊ မေးခွန်း

(က) ကမ္မကိလေသေဟိ အာစိယတီတိအာစယော။
( ခ ) ပဋိသန္ဓိစုတိ ဂတိ ပဝတ္တာနံ ဧတံ နာမံ။
( ဂ ) တဿကာရဏ်ဟုတွာ နိပ္ပါဒနဘာဝေနတံ အာစယံဂစ္ဆန္တိ၊ ယဿဝါပဝတ္တန္တိ၊ တံပုဂ္ဂလံယထာဝုတ္တမေဝ အာစယံ ဂမေန္တီတိပိ အာစယ ဂါမိနော။
(ဃ) ယာသဝကုသလာ ကုသလာနံ ဧတံ အဓိဝစနံ။ (ဋ္ဌ-ဂ၆)

http://www.dhammadownload.com



၁။ (ခ) အမှတ်ဝါကျ၌ ပြအပ်သော တရားကို ကံပုဒ်ပြု၍ (က) အမှတ်ဝါကျကို အနက်ယောဇနာပြပါ။

၂။ (ခ) အမှတ်ဝါကျကို ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဌပနာပဋိက္ခေပ, စောဒနာတို့ဖြင့်စောဒနာတက်ပြပါ။(အဓိပ္ပာယ် ပြရန်မလို။)

၃။ (ဂ) အမှတ်ဝါကျ၌ အကြောင်း, အကျိုး, သဒ္ဒါ, အနက်တို့တွင် အဘယ်ကို ပြောင်းလဲလို၍ ဝါသဒ္ဒါကို ဆိုရပါသနည်း။

၄။ ကမ္မကိလေသေဟိပုဒ်ကို အစိတ်, အပေါင်း ဝိဂ္ဂဟ ပြုပြီးလျှင် ကိလေသာပုဒ်၌ ဗျုပ္ပတျာဒိစတုက္က ခွဲပြပါ။

၅။ အာစယဂါမိနောပုဒ်၌ လိုင်နှင့်ဂိုဏ်းကို ဖော်ပြပြီးလျှင် အဓိဝစနံ သဒ္ဒါ၌ သမာသ် အမည်ကို ဖော်ပြပါ။

၆။ (ဃ) အမှတ်ဝါကျ၌ အာဘောဂနှင့်သံဝဏ္ဏနာတို့ကို ဖော်ပြပါ။

၇။ (ဂ) အမှတ်ဝါကျ၌ ယထာဝုတ္တသဒ္ဒါဖြင့် ညွှန်ပြသော အနက် ဝေသဒ္ဒါ, အပိသဒ္ဒါတို့၏ အနက်ကို ဖော်ပြပါ။

၈။ အာစယပုဒ်၌ ကြိယာ ၅ တန် ထုတ်ပြပါ။

၉။ ကုသလာ ကုသလာနံပုဒ်၌ အကုသိုလ်တရား၏ လက္ခဏာဒိစတုက္က ကို ဖော်ပြပါ။

၁၀။ သံကိလေသာတို့က အာစယပုဒ်၏ အရဖြစ်သော တရားတို့အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကို ဖော်ပြပါ။

## အဖြေ ဝိသဇ္ဇနာ

၁။ (အဖြေများမှာ အာစယဂါမိတိက်အဖွင့်(က)၌ အသီးသီးပါရှိနေ ပါပြီ။)

## ၁၃၂၇-ခုနှစ်၊ မေးခွန်း

(က) စိတ္တန္တိ အာရမဏံ စိန္တေတီတိ စိတ္တံ။

(ခ) ဝိဇာနာတီတိ အတ္ထော။

(ဂ) ယသ္မာ ဝါ စိတ္တန္တိ သဗ္ဗစိတ္တသာဓာရဏော သေသဒ္ဒေါ၊ တသ္မာယ ဒေတ္ထ လောကိယ ကုသလာကုသလကိရိယ စိတ္တံ၊ တံဇဝနဝီထိဝသေန အတ္တနော သန္တာနံ စိနောတီတိ စိတ္တံ။

http://www.dhammadownload.com



(ဃ) ဝိပါကံ ကမ္မကိုလေသေဟိ စိတန္တိစိတ္တံ။

(င) အပိစ သဗ္ဗမ္ပိ ယထာနုရူပတော စိတ္တတာယ စိတ္တံ၊ (ဋ္ဌ-၁၀၆)။

၁။ (ဃ) (င) အမှတ်ပြ ဝါကျများကို အနက်မှန်ကန်စွာ ယောဇနာ ခဲ့ပါ။

၂။ (ဃ) အမှတ်ပြ ဝါကျကို ဌပနာ ဘောဂါဒိ ပဋ္ဌကနည်းဖြင့် စောဒနာတက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန်မလို)။

၃။ (ခ) အမှတ် ဝါကျဖြင့် အဘယ်ဒေါသကို ပယ်ပါသနည်း၊ ရှင်းလင်းပြပါ။

၄။ (ဃ) အမှတ်ပါ ဝိပါကသဒ္ဒါကို အစိတ်အပေါင်း ဝိဂ္ဂဟ ပြု၍ အပေါင်း ဝိဂ္ဂဟ၌ ဗျုပ္ပတ္တိ စတုက္က ခွဲပြပါ။

၅။ ဇဝနဝီထိ ဝသေန၌ ဇဝနသဒ္ဒါ, ဝီထိသဒ္ဒါတို့၏ လိင်, ဂိုဏ်း, ကာရန်, ပဒ တို့ကို ဖော်ပြပါ။

၆။ (ဃ) အမှတ်ပြဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ဗျတိရေကအန္ဝယအားဖြင့်ဖော်၍ သံဝဏ္ဏနာအမည်ကိုလည်းအကြောင်းပြမှည့်ခဲ့ပါ။

၇။ ယဒေတ္ထ၌တေသဒ္ဒါ၏ အစွဲအနက်ကိုလည်းကောင်း, သဗ္ဗမ္ပိ၌ အပိသဒ္ဒါ၏အနက်ကိုလည်းကောင်းပေါ်လွင်အောင် ညွှန်ကြားခဲ့ပါ။

၈။ (ဂ) အမှတ်ပါ အက္ခသလ၏ ဒဿနတ္တ စသည် ကြိယာ ၅ တန် ထုတ်ခဲ့ပါ။

၉။ ကမ္မကိလေသေဟိ၌ကံတရား၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် တို့ကို ဖော်ပြပါ။

၁၀။ ကမ္မကိလေသေဟိ အရဖြစ်သော တရားက-စိတ်အရ ဖြစ်သော တရားအားကျေးဇူးပြုနိုင်သောပစ္စယသတ္တိများကို ညွှန်ကြားခဲ့ပါ။

### အဖြေ ဝိဿဇ္ဇနာ

၂။ အရှင် အဋ္ဌကထာဆရာ (အာ)ဆရာသည် (ကတ်)(ဂ)ဝါကျဖြင့် လောကီကုသိုလ်,အကုသိုလ်,ကြိယာစိတ်တို့သည် ဇောဝီထိ၏အစွမ်းအားဖြင့် မိမိ၏ အစဉ်ကို စီဘတ်, ပွားစေတတ်သောကြောင့် စိတ်မည်ကုန်သော ဟု

http://www.dhammadownload.com



မိန့်ဆိုတော်မူ၏၊ (ဌ)၊ ဤသို့ပင် မိန့်ဆိုအပ်သော်လည်း ထိုလောကီကုသိုလ်, အကုသိုလ် ကြိယာစိတ်တို့၏ စိတ်မည်ခြင်း အကြောင်းကိုသာ ပြရသေး၍ ဝိပါက်၏ စိတ်မည်ခြင်း အကြောင်းကိုကား မပြအပ်သေးသည် မဟုတ်ပါလော၊ (ဘော)၊ ထိုသို့ မပြအပ်သေးသောကြောင့် (ဟိတ်) (ဂ) ဝါကျဖြင့် လောကီကုသိုလ်, အကုသိုလ်, ကြိယာစိတ်တို့၏ စိတ်မည်ခြင်းအကြောင်းမျှကိုသာ မပြဆိုသင့်၊ (ဠ-ခေ)၊ ဝိပါက်၏ စိတ်မည်ခြင်းအကြောင်းကိုလည်း ပြဆိုသင့်သေး၏၊ (န္တ)၊ ပြဆိုသင့်လျက် မပြဆိုခဲ့သော် ဆရာအား အဗျာပိတဒေါသ သင့်ရာရောက်၏၊ (စော)၊ ဝိပါက်၏ စိတ်မည်ခြင်း အကြောင်းကား အဘယ်ပါနည်း၊ (ပုစ္ဆာ) ဤသို့ စောဒနာဖွယ်ရှိ၍ (ဃ) ဝါကျကိုမိန့်။

၃။ (က) ဝါကျ၌ ဦဟနစိန္တာ, ပဇာနနစိန္တာ, ဝိဇာနနစိန္တာ ဟု စိန္တာသုံးမျိုးလုံးအလွန် ပျံ့နှံ့နေရကား (ခ) ဝါကျဖြင့် ကြွင်းသော စိန္တာ (၂) မျိုး မဟုတ်၊ ဝိဇာနနစိန္တာ ဖြစ်သည်ဟု အလွန်မပျံ့နှံ့အောင်ပြဆိုလိုက်သောကြောင့် ထို (ခ) ဝါကျဖြင့် အတိဗျာပိတဒေါသကို ပယ်ပါသည်။

၄။ (ဝိသဒ္ဒါကား-ဥပသာရပုဒ် ဖြစ်သောကြောင့် ဝိဂ္ဂဟမပြုကောင်းပါ) ပစ္စတီတိ ပါကံ။ (အစိတ်)။

ဝိသိဋ္ဌာနံ ပါကံ ဝိပါကံ။ (အပေါင်း)။

(က) ဝိသိဋ္ဌာနံ ပါကံ ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။

(ခ) ထိုဗျုပ္ပတ္တိ၏ အကြောင်းဖြစ်သော အချင်းချင်း ထူးကုန်သော ကုသိုလ်, အကုသိုလ်တို့၏ ဝိပါက်နှင့် အကြောင်း-အကျိုး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။

(ဂ) ဝိပါကံ ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။

(ဃ) ထိုပဝတ္တိ၏ အကြောင်းဖြစ်သော ဝိပါက်တို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်သည်, ဝါ-ဝိပါက်ဇာတ်သည် ပဝတ္တိနိမိတ်။

၅။ ဇဝန-နပုလ္လိင်, စိတ္တာဒိဂိုဏ်း, အကာရန္တ, ကိတနာမပဒ။
ဝီထိ-ဣတ္ထိလ္လိင်, ရတ္တာဒိဂိုဏ်း, ဣကာရန္တ, နာမပဒ။

၆။ ဝိပါကံဖြင့် စိတ္တံအရ ကြံယာစိတ် စသည်မယူရ၊ (ဗျတိရေက)၊ ဝိပါက်ဝိညာဏ်ကို ယူရမည်။ (အန္ဝယ)၊ ဟူသော သရုပ်ကြားအနက်ကို သိစေပါသည်။

F 98A

http://www.dhammadownload.com



သရုပ်ကြားအနက်ကို ဖွင့်ပြသောကြောင့် (အဘိဓေယျတ္ထ သံဝဏ္ဏနာ)၊ ကမ္မကိလေသေဟိဖြင့် စိတ်၌ စီအပ်၏ဟူသည် ကြိယာ၇စသည်တို့က စီအပ်သည် မဟုတ်၊ (ဗျ)၊ ကံကိလေသာ၇တို့က စီအပ်၏၊ (နွ)၊ဟူသော အဓိပ္ပာယ်ကိုသိစေပါသည်။ အဓိပ္ပာယ်ရအနက်ကို ဖွင့်ပြသောကြောင့် (ဘာဝတ္ထသံဝဏ္ဏနာ)။

စိတ်ဖြင့် စိတ္တံ၌ စိန္တခေတ် စသည်မဟုတ်၊ (ဗျ)၊ စိခေတ်၏အဖြစ်ကိုလည်းကောင်း, (နွ) ကိတ်ခေတ်ကိုဖွင့်ပြသောကြောင့် (ဒုတိယ ဓာတုပဒ သံဝဏ္ဏနာ)။ တပစ္စည်းသည် ကတ္တုသာဓ် စသောအနက်ကို မဟော၊ (ဗျ)၊ ကမ္မသာဓ် အနက်ဟောသည်ကိုလည်းကောင်း, (နွ)၊ ကိတ်ပစ္စည်းအနက်ကို ဖွင့်သောကြောင့် (ဒုတိယ ပစ္စယတ္ထ သံဝဏ္ဏနာ) သိစေ၏။

၇။ တေသဒ္ဒါ၏ စွဲရာအနက်ကား- အလုံးစုံသော စိတ်ဖြစ်ပါသည်။

သဗ္ဗမ္ပိ၌ အပိသဒ္ဒါ၏ အနက်ကား သဗ္ဗဟူသော အလုံးစုံအပေါင်း နောင်ထိုင်သောကြောင့် အစိတ်အစိတ်သော စိတ်ကိုဆည်းသော အဝယဝသမုစ္စည်း အနက် အဝယဝသမ္ပိဏ္ဍန အနက်ဖြစ်ပါသည်။

၈။ အကုသိုလ်သည် ဒဿနတ္ထ။
အယောနိသော မနသိကာရသည် ဒီပကတ္ထ။
သာဝဇ္ဇ ဒုက္ခဝိပါကသည် ပကာသနတ္ထ။
ဗာလူပသေဝန, အသဒ္ဓမ္မဿဝန စသည်တို့သည် ဝိဘာဝတ္ထ။

အပါယ် ဒုဂ္ဂတိဘဝ၌ လားရခြင်း, အပါယ်ဒုဂ္ဂတိဘဝ၌ ဆင်းရဲအမျိုးမျိုး ခံစားရခြင်း စသည်တို့သည် အနုဘာဝတ္ထ။

၉။ ကံ၏တရားကိုယ် စေတနာ၏ လက္ခဏာဒိ စတုက္ကကား-
စေတနာ-စေတယိတလက္ခဏာ၊ အာယူဟနရသာ။
သံဝိဒဟန ပစ္စုပဋ္ဌာနာ၊ ထထာ ဥပဋ္ဌိတဝိသယ ပဒဋ္ဌာနာ၊ (ဋ္ဌ-၁၅၄)။

၁၀။ ကမ္မကိလေသေဟိ ကမ္မအရ အတိတ်ဖြစ်သော၇ ကံစေတနာပစ္စည်းတရားသည် စိတ်အရ ဝိပါက်စိတ္တုပ္ပါဒ်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားအားဗလဝဖြစ်အံ့။ နာနက္ခဏိကကမ္မပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ဒုဗ္ဗလဖြစ်အံ့၊ နာနက္ခဏိကကမ္မပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြု၏။

ကိလေသေဟိအရ- ကိလေသာ ဆယ်ပါးတရားက စိတ်အရ ဝိပါက်စိတ္တုပ္ပါဒ် နာမက္ခန္ဓာအား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

http://www.dhammadownload.com



## ၁၃၂၈-ခုနှစ်၊ မေးခွန်း

(က) ဣာဒါနိ အကုသလ ဓမ္မပဒ်ဘာဇေတွာ ဒဿေတုံကတမေ ဓမ္မာ အကုသလာတိအာဒိ အာရဒ္ဓံ။
(ခ) ဒိဋ္ဌိဂတသမ္ပယုတ္တန္တိ ဧတ္ထ ဒိဋ္ဌိဧဝ ဒိဋ္ဌိဂတံ "ဂူထဂတံမုတ္တဂတ" န္တိ အာဒီနိဝိယ။
(ဂ) ဂန္တဗ္ဗာ ဘာဝတောဝါ ဒိဋ္ဌိယာဂတမတ္တမေဝေတန္တိ ပိဒိဋ္ဌိဂတံ။
(ဃ) တေနသမ္ပယုတ္တံ ဒိဋ္ဌိဂတသမ္ပယုတ္တံ။ (ဠ-၂၇၉)
(င) သဘာဝံ ဝိစိနန္တော တောယကိစ္ဆတိ တိလမတိတိ ဝိစိကိစ္ဆာ။ (ဠ-၃၀၀)

၁။ (က)အမှတ်ဝါကျကို ပုဗ္ဗာနုသန္ဓေ,ဒဿေတုံ၏ကရိုဏ်း,အာရဒ္ဓံ၏ ကတ္တားထည့်စွက်လျက် အနက်ယောဇနာပါ။

၂။ (ဂ)အမှတ်ဝါကျကို(ဌ်ပနာ၊အာဘော်၊ဟိတ်ဖော်,ဌဖျက်၊ အမေး စွက် ငါးချက်စောဒနာ)၊အတိုင်း တက်ပြခဲ့ပါ။(အဓိပ္ပာယ်ပြန်ရန် မလို)။

၃။ (ဂ) အမှတ် သံဝဏ္ဏနာ ဝါကျဖြင့် အဘယ်ဒေါသကို ပယ်ပါ သနည်း၊ သဒ္ဒါ, အနက် နှစ်ချက်တို့တွင် . အဘယ်ကို လဲလှယ်လို၍ ယင်းသံဝဏ္ဏနာ ဝါကျ၌ ဝါသဒ္ဒါဆိုပါသနည်း၊ ရှင်းလင်းခဲ့ပါ။

၄။ (ခ) အမှတ်ဝါကျလာ ဒိဋ္ဌိ ဟူသောပုဒ်ကို ဌ်ာနာနုရူပတ္ထ အား လျော်စွာ ဝိဂ္ဂဟပြု၍ ဗျုပ္ပတ္တိစတုက္က ခွဲပြခဲ့ပါ။

၅။ (င) အမှတ် ဝါကျလာပုဒ်များအနက် ကြိုက်ရာငါးပုဒ်ကို လိင်, ဂဏ,ပဒ,အန္တ စိစစ်ခဲ့ပါ။

၆။ (င) မှတ် ဝါကျ၌ အဋ္ဌကထာဆရာ၏အာဘော်ကို ဖော်ပြပြီးလျှင် သံဝဏ္ဏနာ အမည်ကိုသာ အာဘော်နှင့် သံဝဏ္ဏနာ တွဲ၍ တွဲ၍ ပြခဲ့ပါ။

၇။ (ဂ) အမှတ် ဝါကျလာ ပိ (အပိ)သဒ္ဒါ၏အနက်ကိုလည်းကောင်း၊ (ဃ)မှတ် ဝါကျလာ တေနဒ္ဓ တ၏ဝိသယဘေဒနှင့် ဣာဓာဓိပ္ပေတ ဝိသယကိုလည်းကောင်း ညွှန်ကြားခဲ့ပါ။

http://www.dhammadownload.com



၈။ (ခ)မှတ်ဝါကျ၌ ရသင့်သော သိဋ္ဌိကို လည်းကောင်း၊ (ဂ) မှတ်ဝါကျသည် နီတတ္ထ, နေယျတ္ထတို့တွင် အဘယ်ဝါကျ ဖြစ်သည်ကို လည်းကောင်း၊ အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

၉။ (င)မှတ်ဝါကျပါ ဝိစိကိစ္ဆာတရား၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြခဲ့ပါ။

၁၀။ (ဃ)မှတ်ဝါကျလာ တေန၏အရနှင့် သမ္ပယုတ္တ၏အရကို ဌာနာနုရူပတ္ထအားလျော်စွာကောက်ပြ၍၊ တေန၏အရဖြစ်သောတရားက သမ္ပယုတ္တ၏အရဖြစ်သော တရားအား အဘယ်မျှလောက်ကုန်သော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုသနည်း။

## အဖြေ ဝိသဇ္ဇနာ

၁။ ဓဝံ၊ ဤသို့။ ယထာဝုတ္တနယေန၊ အကြင်အကြင် ဆိုအပ်ပြီးသော နည်းဖြင့်။ (ဝါ) ဆိုအပ်ပြီးသော အပြားရှိသောနည်းဖြင့်။ ကုသလံ ဓမ္မပဒံ၊ ကုသလဓမ္မ ဟူသောပုဒ်ကို။ ဘာဇေတွာ၊ အကျယ်ဝေဖန်တော်မူ၍။ (ဝါ) အကျယ်ဝေဖန်တော်မူလျက် (ပုဗ္ဗာနုသန္ဓေ)၊ ဣဒါနိ၊ ယခုအခါ၌။ ဝါ- ဤအခါ၌။ (အတ္ထဝါစကနံ့ာမသဒ္ဒဘူတေန အတ္ထဝါစကနာမ ပညတ္တိသဒ္ဒါ ဖြစ်၍ ဖြစ်သော)၊ ကတမေဓမ္မာ အကုသလာတိအာဒိနာ၊ ကတမေဓမ္မာ အကုသလာ ဤသို့ အစရှိသော စကားဖြင့် (ကရိုဏ်း) အကုသလဓမ္မပဒံ၊ အကုသလဓမ္မပုဒ်ကို။ ဘာဇေတွာ၊ အကျယ် ဝေဖန်တော်မူ၍။ ဒဿေတုံ၊ ပြတော်မူခြင်းငှာ (စိတ္တဇပဋမတ္တ သဒ္ဒသဒ်ါကံ-စိတ္တဇပဋမတ္တသဒ္ဒါ ဖြစ်၍ ဖြစ်သော)။ ကတမေဓမ္မာ အကုသလာအာဒိ-ကတမေဓမ္မာ အကုသလာ ဤသို့ အစရှိသော စကားတော်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ (ကတ္တား)။ အာရဒ္ဓံ၊ အားထုတ်တော်မူအပ်၏။ (ဝါ) အားထုတ်တော်မူအပ်ပြီ။

၂။ အရှင်အဋ္ဌကထာဆရာ, (ခ) မှတ် သံဝဏ္ဏနာ ဝါကျဖြင့် ဒိဋ္ဌိဂတံ ဟူသော ပုဒ်ကို ဒိဋ္ဌိဝေ ဒိဋ္ဌိဂတံဟု တဗ္ဗာဝဝုတ္တိကမ္မဓာရည်း သမာသ် တွဲစပ်ရမည်ဟု ပြဆိုတော်မူ၏။ (ဌပနာ)သို့ပင် ဖွင့်ပြစေကာမူလည်း ဂတသဒ္ဒါ ဖြစ်ခြင်း (ဝါ) ယူခြင်း အနက်ထိုလည်း ဟောနိုင်သေးသည် မဟုတ်တုံလော (အာဘော်) ထိုသို့ ဟောနိုင်သေးသောကြောင့် (ဟိတ်ဖော်) (ခ)

http://www.dhammadownload.com



မှတ် သံဝဏ္ဏနာ ဝါကျကိုသာ မဆိုသင့် (ဌဖျက်)၊ ထိုသို့ မဆိုသင့်သဖြင့် ၎င်း ပုဒ်ကို အဘယ်သို့သော သမာသ်လည်း တွဲစပ်နိုင်ပါသေးသနည်း (အမေးစွက်)၊ဤသို့ စောဒနာရန်ရှိ၍ ထိုစောဒနာကို သော့ဝံနာ့တော်မူလိုသော အဋ္ဌကထာဆရာသည်(ဂ)မှတ် သံဝဏ္ဏနာ ဝါကျကိုမိန့်။

(အဗျာပိတ- အပရိပုဏ္ဏ- ဒေါသာရောပန နည်းဖြင့် တက်လျှောင်လည်း ရနိုင်ပါသည်)။

၃။ (ဂ) မှတ် သံဝဏ္ဏနာဝါကျဖြင့် အဗျာပိတ- အပရိပုဏ္ဏဒေါသကို ပယ်ပါသည်။

အဘယ်ကြောင့်ဆိုသော် (ခ) ဝါကျကိုသာ ဆိုသည်ရှိသော် ဂတသဒ္ဒါသည် မိမိအနက် သီးခြားမရှိ၊ဒိဋ္ဌိသဒ္ဒါ၏ မိစ္ဆာအယူ ဟူသော အနက်၌သာ ဖြစ်သည်ဟု မှတ်ယူရာသောကြောင့် ဒိဋ္ဌိသဒ္ဒါ၏ မိစ္ဆာအယူ ဟူသော အနက်၌သာ ဖြစ်သည်မဟုတ်၊ ဖြစ်ခြင်း, (ဝါ)ယူခြင်းအနက်၌လည်း ဖြစ်သည်ဟု ဖွင့်ပြသဖြင့် (ခ) မှတ် ဝါကျ၌ ထိုဒေါသများ ကင်းစင်သွားသောကြောင့် ဖြစ်ပါသည်။

ဝါသဒ္ဒါ လဲလှယ်ပုံကား (ခ)ဝါကျအလို ဒိဋ္ဌိသဒ္ဒါ၏ မှားသောအယူ ဟူသော အနက်ကိုသာ ဂတသဒ္ဒါက ကပ်မြှောင်၍ ဟောသည်။ မိမိအနက်ကား သီးခြားမရှိ။ (ဂ)ဝါကျအလို ဂတသဒ္ဒါသည် မိမိ၏ သီးခြားအနက် ဖြစ်ခြင်း ဝါ-ယူခြင်းအနက်ကိုဟောသည်။ ဤသို့ အနက်ကို လဲလှယ်လို၍ (ဂ) ဝါကျ၌ ဝါသဒ္ဒါထားပါသည်။

၄။ မိစ္ဆာပဿတီတိ ဒိဋ္ဌိ။
(က) မိစ္ဆာပဿတီတိ ဟူသော ဝိဂ္ဂဟဝါကျသည် ဗျူပ္ပတ္တိ။
(ခ) ထို၏ အကြောင်းဖြစ်သော မှားသောအားဖြင့် မြင်ခြင်း ကြိယာသည် ဗျူပ္ပတ္တိနိမိတ်။
(ဂ) ဒိဋ္ဌိ ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။
(ဃ) ထို၏ အကြောင်းဖြစ်သော ကတ္တုရှု မှားသောအားဖြင့် မြင်ခြင်း ကြိယာသည် ပဝတ္တိနိမိတ်။

၅။ သဘာဝ-ပုလ္လိင်, ပုရိသာဒိဂိုဏ်း, သမာသနာမပဒ, အကာရန္တ။
ဝိစိနန္တော-ပုလ္လိင်, ဂစ္ဆန္တာဒိဂိုဏ်း, ကိတနာမပဒ, အကာရန္တ။
တောယ-ဣတ္ထိလိင်, ကညာဒိဂိုဏ်း, သဒ္ဒနာမပဒ, အကာရန္တ။

http://www.dhammadownload.com



ကိစ္စတိ-အလိင်, နောဝိကရဏဂိုဏ်း, အာချာတပဒ, အကာရန္တ။
(အတွင်းကာရန်ကို ယူသည်။)
ကိလမတိ-အလိင်, ဘူဝါဒိဂိုဏ်း, အာချာတပဒ, ဥကာရန္တ။
ကပ္ပတိ-အလိင်,ဂဏဝိမုတ်, နိပါတပဒ, ကပ္ပကာရန္တ။
ဝိစိကိစ္ဆာ-ဣတ္ထိလိင်, ကညာဒိဂိုဏ်း, သမာသပဒ, အာကာရန္တ။
(ပုဒ်အားလုံး ခွဲပြထားပါသည်။)

၆။ (အဖြေကို ၁၃၂၀-ခုနှစ် အဖြေ၌ပြခဲ့ပြီ။)

၇။ အပိ(ပိ)သဒ္ဒါ၏ အနက်ကား- ဒုတိယ သမ္ပိဏ္ဍနတ္ထ, ဝါ၊ ဝုတ္တသမုစ္စယတ္ထ ဖြစ်ပါသည်။

တေနဋ္ဌ တ၏ ဝိသယဘေဒကား- ၁၊ ပက္ကန္တဝိသယ။ ၂၊ အနုဘူတဝိသယ။ ၃၊ ပသိဒ္ဓဝိသယ ဟု သုံးပါးဖြစ်ပါသည်။

ဤ၌ ဓိပ္ပေတ ဝိသယကား- ပက္ကန္တဝိသယ ဖြစ်ပါသည်။

၈။ (ခ) ဝါကျ၌ ရနိုင်သော သိဒ္ဓိကား- သိဒ္ဓေယျသိဒ္ဓိ ဖြစ်ပါသည်။

အကြောင်းကား-ဝုထဂတံ မုတ္တဂတံတို့၌ ဂတသဒ္ဒ တဒ္ဓောဖြစ်သည်ကို မြင်ရသဖြင့် ဒိဋ္ဌိဂတံ၌ ဂတံလည်း တဒ္ဓော၌ ဖြစ်သည်ကို သိရသောကြောင့် ဖြစ်ပါသည်။

(ဂ) ဝါကျသည် နေယျတ္ထဝါကျဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော်သမ္ဗန-သမ္ဗန္ဓီမပြားဘဲလျက်ပြားသကဲ့သို့အဘေဒဘေဒူပစာအားဖြင့် ဒိဋ္ဌိယာ-ဂုတံ ဒိဋ္ဌိဂတံဟု ဝိဂြိုဟ်ပြုရမည်ကို ဖွင့်ပြသောကြောင့် ဖြစ်ပါသည်။

၉။ ဝိစိကိစ္ဆာ- သံသယလက္ခဏာ၊ သမ္ပနရသာ။ အနိစ္ဆယပစ္စုပဋ္ဌာနာ၊ အယောနိသော မနသိကာရ ပဒဋ္ဌာနာ။

၁၀။ တေနအရ ဒိဋ္ဌိစေတသိက် ရ၏။ သမ္ပယုတ္တအရ ပထမ လောဘမူစိတ်ရ၏။

ကျေးဇူး ပြုသောပစ္စယသတ္တိတို့ကား သဟဇာတ-နိဿယ-အတ္ထိ-အဝိဂတ ဟူသော သဟကြီး(၄)။

အညမည-သမ္ပယုတ္တ ဟူသော သဟလတ်(၂)။

မဂ္ဂ ဟူသော သဟငယ်(၁) အားဖြင့် (၇)ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူး ပြုပါသည်။

http://www.dhammadownload.com



## ၁၃၂၉-ခုနှစ် မေးခွန်း

(က) သရန္တိတော ယ, သယံ ဝါသရတိ, သရဏမတ္တမေဝဝါသောတိ သတိ။

(ခ) သာ၀မုဋ္ဌသစ္စသ အဘိဘဝနတော အဓိပတိယဋ္ဌေန ဣန္ဒြိယံ။

(ဂ) ဥပဋ္ဌာနလက္ခဏေဝါ ဣန္ဒဋ္ဌံ ကာရေတီတိ ဣန္ဒြိယံ။

(ဃ) သတိစေဝ ဣန္ဒြိယံ သတိန္ဒြိယံ။ (ဋ္ဌ-၁၆၄)။

၁။ (က) အမှတ်ဝါကျကို သရန္တိ ဟူသော ကြိယာပုဒ်၏ ကံ, ကတ္တား တို့ကို ထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၂။ (ခ) အမှတ်ဝါကျ၌ ပဓာနပုဒ်ကိုကောက်ပြီးလျှင် ယင်းမှ ယင်း၏ ဟိတ်ကို ဥပနာ, အာဘော်, အာဘောဂဟိတ်, ဥပနာပဋိက္ခေပ, စောဒနာဟူသော ဥပနာပဥ္စကနည်းဖြင့် ထွက်ခဲ့ပါ။

၃။ (ဂ) အမှတ်ဝါကျ၌ အဘယ်ကိုလဲလှယ်လို၍ ဝါသဒ္ဒါကိုထားရ သည်ကို ပြပြီးလျှင် ယင်းဝါကျဖြင့် ပယ်အပ်သော ဒေါသကိုလည်း ပြဆိုခဲ့ပါ။

၄။ ဣန္ဒဋ္ဌံဝယ် ဣန္ဒပုဒ်ကို ဝစနတ္ထပြုပြီးလျှင် ယင်း၏ ဗျုပ္ပတျာဒိ စတုက္ကကိုလည်း ထုတ်ပြခဲ့ပါ။

၅။ မုဋ္ဌသစ္စ, အဓိပတိဟူသောပုဒ်တို့၏ လိင်, ဂဏ, အန္တ, ပဒ များကို စိစစ်ပြဆိုခဲ့ပါ။

၆။ (ဃ) အမှတ်ဝါကျ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာ များကို ထုတ်ဖော်ခဲ့ပါ။

၇။ မတ္တမေဝ၌ မတ္တသဒ္ဒါ ဧဝသဒ္ဒါ အနက်များနှင့် ဂဟေတဗ္ဗတ္ထ, နိဝတ္တေတဗ္ဗတ္ထများကို ပြဆိုခဲ့ပါ။

၈။ သယံဝါသရတိကို ကိုယ်ပြု၍ ဒဿနတ္ထ စသော ကြိယာ ၅ တန် ထုတ်ခဲ့ပါ။

၉။ သတိစေတသိက်၏ လက္ခဏာဒိစတုက္ကကို ထုတ်ပြခဲ့ပါ။

၁၀။ သရန္တိတောယဝယ် တောယပုဒ်၏ အရဖြစ်သော တရားက သရန္တိ ပုဒ်၏ အရဖြစ်သော တရားအား မည်မျှသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုနိုင်သည်ကို အသီးသီး ထုတ်၍ပြဆိုခဲ့ပါ။

http://www.dhammadownload.com



အဇ္ဈတ္တ ဝိဿဇ္ဇနာ

၂။ (ခ) အမှတ်ဝါကျ၌ ပဓာနပုဒ်ကား ကုန္တြိယံ ဟူသည်တည်း။

အရှင် အဋ္ဌကထာဆရာ ဆရာသည် ကုန္တြိယံ ဟူသော အကျိုးနာမဖလကို ဆိုတော်မူအပ်ခဲ့ပါ၏။ (ဥပနာ)၊ အကျိုးနာမ ဖလ ဟူသည် အကြောင်း နာမ ဟေတုနှင့် မကင်းသင့်ပါသည် မဟုတ်တုံလော၊ (အာဘောဂ)၊ ထိုသို့ မကင်းသည့်၏အဖြစ်ကြောင့်(အာဘောဂဟိတ်)၊အကျိုးနာမဖလ သက်သက် ကိုသာ မဆိုသင့်ပါ၊ (ဥပနာပဋိက္ခေပ)၊ အဘယ်သို့လျှင် အကြောင်းနာမ ဟေတုကိုလည်း ဆိုအပ်ပါသနည်း၊ (စောဒနာ)၊ ဤသို့လျှင် ဥပနာပဋ္ဌက နည်းအားဖြင့် သူမေးဖွယ်ရှိ၍ ထိုအမေးကို ဖြေကြားတော်မူလိုသော အဋ္ဌ- ကထာ ဆရာမြတ်သည် အဓိပတိ ယဋ္ဌေန ဟူသောပါဌ်ကို ထွက်။

အဓိပ္ပာယ်ကား- ကုန္တြိယံ ဟူသော အကျိုးနာမဖလ၏ အကြောင်းနာမ ဟိတ်ကား အဓိပတိယဋ္ဌေန ဖြစ်၏ဟူလို။

၃။ (ဂ) အမှတ်ပြ ဝါကျဖြင့် အကြောင်းကို လဲလှယ်လို၍ ဝါ သဒ္ဒါ ထားရပါသည်။ မှန်၏။ ပထမ ဝါကျဖြင့် အဓိပတိ ယဋ္ဌေန ဟူသော အကြောင်းကိုပြ၍ ဒုတိယဝါကျဖြင့် ကုန္တဋ္ဌကာရ ပကဋ္ဌ ဟူသောအကြောင်း ကို ပြပါသည်။

(ဂ) ဝါကျဖြင့် အဗျာပိတဒေါသကို ပယ်ပါသည်။

၄။ ကုန္တတိပုရ မိဿရိယံ ကရောတီတိ ကုန္တ္ဓော။

(က) ကုန္တတိ ပရ မိဿရိယံ ကရောတိကား ဗျုပ္ပတ္တိ။

(ခ) ယင်းဗျုပ္ပတ္တိကိုင်ခဲ့သော လွှန်စွာအစိုးရခြင်းကို ပြုခြင်းကြိယာသည် ဗျုပ္ပတ္တိနိမိတ်။

(ဂ) ကုန္တ္ဓောကား-ပဝတ္တိ။

(ဃ) ယင်းပဝတ္တိကိုင်ခဲ့သော လွှန်စွာအစိုးရခြင်းကို ပြုခြင်းကြိယာသည် ပဝတ္တိနိမိတ်။

၅။ မုဋ္ဌဿစ္စ-နပုလ္လိင်,စိတ္တာဒိဂိုဏ်း, အကာရန္တ, ပကတိရှိသော နိဂ္ဂဟိ- တန္တ, ဘာဝတဒ္ဓိတ်ပုဒ်။

အဓိပတိ- ပုလ္လိင်, ရတ္တာဒိဂိုဏ်း, ဣကာရန္တ ပကတိရှိသော ဣကာရန္တ, သမာသပဒ။

[မှတ်ချက်။ ။အန္တဝါ-ကာရန်ကိုပုဒ်စစ်နှင့်အညီအတိအကျခွဲထားသည်။]

http://www.dhammadownload.com



၆။ သတိ သဒ္ဒါနှင့် ဣန္ဒြိယ သဒ္ဒါတို့၏ တုလျာဓိကရဏ အဖြစ်ကို ဝါ၊ ကမ္မဓာရည်းသမာသ် ဝစနတ္ထပြုရမည်ကို သိစေ၏၊ (သမာသ လိင်္ဂတ္ထ သံဝဏ္ဏနာ)။

၇။ မတ္တသဒ္ဒါသည် အဝဓာရဏတ္ထ၌ဖြစ်၍ ဝေသဒ္ဒါသည် သန္နိဋ္ဌာနတ္ထ၌ ဖြစ်သည်။ဝါ၊မတ္တ-နိဝတ္တာပနအဝဓာရဏတ္ထ၊ဝေ-သန္နိဋ္ဌာန အဝဓာရဏတ္ထ။

(ဆောင်) မတ္တ-ဝေ၊ ပါးပြက၊ မ္ဟတ္တမြစ်ကန် ဝေ သန္နိဋ္ဌာန်။

အောက်မေ့ခြင်း ကြိယာမျှသည် ဂဟေတဗ္ဗတ္ထ။

ကရဲဏဗျာပါရ- ကရဲတ္ထ၊ ကတ္တုဗျာပါရ-ကတ္တုတ္ထများသည် နိဝတ္တေတဗ္ဗတ္ထ။

၈။ သရဏလက္ခဏာ သရဏသဘောသည် မုချတ္ထ ဒဿနတ္ထ။

ထိရသညာသည် ဖလူပစာရတ္ထ-ဒီပကတ္ထ။

ရကတ စသော အာရုံ၏ပျောက်ပျက်ခြင်းသည် ပထမ ကာရဏူပစာရတ္ထ ပကာသနတ္ထ။

ဌါရ၆-ပါးမှစောင့်ရှောက်ခြင်းသည် ဒုတိယကာရဏူပစာရတ္ထဝိဘာဝတ္ထ။

သီလသမ္ပတ္တိ, အဝိပ္ပဋိသာရ စသည်သည် တတိယ ကာရဏူပစာရတ္ထ အနုဘာဝတ္ထ။

၉။ သတိ-အပိလာပန လက္ခဏာ အသမ္မောသန ရသာ၊

အာရက္ခပစ္စုပဋ္ဌာနာ။ ထိရသညာ ပဒဋ္ဌာနာ။ (ဋ္ဌ-၁၆၅)

၁၀။ တောယ၏ အရဖြစ်သော သတိတရားက သရဏ္ဍိပုဒ်၏အရဖြစ်သော သမ္ပယုတ်တရားအား သဟဇာတ၊အညမည၊နိဿယ၊ ဣန္ဒြိယ၊မဂ္ဂ၊သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပေါင်း ၈-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

## ၁၃၃၀-ခုနှစ်၊ မေးခွန်း

(က) အတ္တနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ။

(ခ) ဓာရီယန္တိဝါ ပစ္စယေဟိ,ဓာရီယန္တိဝါ ယထာသဘာဝတောတိဓမ္မာ။

(ဂ) န-ကုသလာ အကုသလာ။

(ဃ) မိတ္တ ပဋိပက္ခာ-အမိတ္တာဝိယ, လောဘာဒိ ပဋိပက္ခာ အလောဘာ ဒယောဝိယစ ကုသလ ပဋိပက္ခာတိ အတ္ထော။

(င) န ဗျာကတာ အဗျာကတာ။ (ဋ္ဌ-၈၁)

http://www.dhammadownload.com



၁။ (ခ) အမှတ်ဝါကျကို နိယမ နိယမ,ကံ,ကတ္တား အသီးသီး ထည့်စွက်၍ အနက်ယောဇနာခဲ့ပါ။

၂။ (ခ) အမှတ် ဝါကျကို ဋ္ဌပနာ, အာဘောဂ, အာဘောဂဟေတု, ဋ္ဌပန ပဋိက္ခေပ, စောဒနာဟူသော ဌပနာပဉ္စကနည်းဖြင့် တက်ပြပါ။ (အဓိပ္ပာယ်ပြန်ရန်မလို)။

၃။ (ခ) အမှတ်ဝါကျ၌ အဘယ်ကိုလဲလှယ်လို၍ ဝါသဒ္ဒါများကိုထား ရပါသနည်း။ ရှင်းလင်းပြီးလျှင် ယင်းဝါကျဖြင့် ပယ်အပ်သော ဒေါသကိုလည်း ညွှန်ပြခဲ့ပါ။

၄။ (ဃ) ဝါကျ၌ အမိတ္တာပုဒ်ကို အပေါင်း၀စနတ္ထပြု၍ ဗျုပ္ပတ်စတုက္က ခွဲပြပါ။

၅။ (ဃ) ဝါကျ၌ လောဘာဒိ ပဋိပက္ခာ, အလောဘာ ဒယောဝိယ ပုဒ်တို့၏ လိင်, ဂဏ, အန္တ, ပဒတို့ကို စိစစ်ပြပါ။

၆။ ဓာရိယန္တိဝါ ပစ္စယေဟိ၌ အဋ္ဌကထာဆရာ၏ အာဘော်နှင့် သံဝဏ္ဏနာများကို ထုတ်ဖော်ခဲ့ပါ။

၇။ (င) ဝါကျ၌ နနိပါတ်ပုဒ်၏ ဖြစ်သင့်သော အနက်ကို ပြပြီးလျှင် ကူပနာယံ သုခဝေဒနာယမေဝ ဒဋ္ဌဗ္ဗော (ဋ္ဌ-၈၃)၌ ဧဝ ၏ နိ၀တ္တေတဗ္ဗတ္ထတို့ကို နှစ်ခုမျှ ဖော်ပြပါ။

၈။ (ဃ) ဝါကျ၌ ကုသလ ပဋိပက္ခဝယ် ကုသလ၌ ဒဿနတ္ထ စသည် ကြိယာ ၅ တန် ထုတ်ပြခဲ့ပါ။

၉။ ဓာရိယန္တိဝါ ပစ္စယေဟီတိ ဓမ္မာ၌ ဓမ္မာအရဖြစ်ထိုက်သောတရား များက အထောက်ပြု၍ ဖော်ပြပြီးလျှင် လောဘာဒိ ပဋိပက္ခာ၌ လောဘ၏ လက္ခဏာဒိ စတုက္ကကိုလည်း ထုတ်ပြခဲ့ပါ။

၁၀။ သမ္ပယောဂဝသေန ပဝတ္တမာနေန သဟဝိတက္ကေန သဝိတက္ကာ (ဋ္ဌ-၈၅)၌ ပတ္တန္တိ-ဟူသော ပါဠိသေသအရ ဖြစ်ထိုက်သောတရား များကိုဖော်ပြ၍ ဝိတက်က ထိုတရားတို့အား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကိုလည်း ညွှန်ကြားခဲ့ပါ။

## အဖြေ ဝိဿဇ္ဇနာ

အဖြေများမှာ ဓမ္မာ, အကုသလာ, အဗျာကတာပုဒ်တို့၏ အဖွင့် စသည်၌ ပါရှိပါပြီ။ နံပါတ် ၇ ဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထနှစ်ခု ဆိုသည်မှာ-သုခမူလ, သုခါရမ္မဏာ အနက်များ ဖြစ်ပါသည်။

http://www.dhammadownload.com



## ၁၃၃၁-ခုနှစ် မေးခွန်း

(က) တတ္ထယော စိတ္တသမုဋ္ဌာနိက ကာယော၊ န သော ဝိညတ္တိ။

(ခ) စိတ္တသမုဋ္ဌာနာယ ပန ဝါယောဓာတုယာ သဟဇာတံ ရူပကာယံ သန္ထမ္ဘနတ္ထံ သန္ဓာရေတုံ စာလေတုံ ပစ္စယောဘာဝိတုံ သမတ္ထော ဧကော အာကာရ ဝိကာရော အတ္ထိ။ အယံဝိညတ္တိ နာမ။

(ဂ) သာ အဋ္ဌ ရူပါနိဝိယနစိတ္တသမုဋ္ဌာနာ။

(ဃ) ယထာပန အနိစ္စာဒိ ဘေဒါနံဓမ္မာနံ ဇရာမရဏတ္တာ "ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ"န္တိ အာဒိဝုတ္တံ၊ ဧဝံ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိညတ္တိတာယ သ ပိ စိတ္တသမုဋ္ဌာနာ နာမဟောတိ။

(င) ဝိညာ ပနတ္တာ ပဇနသာ ဝိညတ္တီတိ ဝုစ္စတိ။ (ဋ္ဌ-၁၂၅)

၁။ (ခ) အမှတ်ဝါကျကို အနက်မှန်ကန်စွာ ယောဇနာခဲ့ပါ။

၂။ (ဃ)ဝါကျ၌ ဥပမေယျဝါကျဝယ် သမ္ဗန္ဓာဝတ္တနည်းအားဖြင့်လိုရင်း ကောက်၍ ယင်း၏ဟိတ်ကို ဌပနာပဓ္ဓကပညတ်နည်း ထွက်ခဲ့ပါ။

၃။ (ခ) ဝါကျဖြင့် ပယ်အပ်သော ဒေါသနှင့် (င) ဝါကျ၌ ဝုစ္စတိ ထားရပုံကို ရှင်းလင်းဖြေဆိုပါ။

၄။ ဝါယောဓာတုယာဝယ် ဝါယော-ပုဒ်ကို ဝစနတ္ထပြုပြီးလျှင် ယင်း၏ ဗျုပ္ပတ္တျာဒိ စတုက္ကကိုလည်း ထုတ်ပြခဲ့ပါ။

၅။ အနိစ္စာဒိပုဒ်, ဝါယောပုဒ်တို့၏ လိင်, ဂဏ, ပဒ, အန္တ တို့ကို စိစစ် ဖြေဆိုခဲ့ပါ။

၆။ (ခ)(ဂ) ဝါကျတို့၌ အဋ္ဌကထာ ဘောဂနှင့် သံဝဏ္ဏနာများကို သိသာရှံ ပြဆိုခဲ့ပါ။

၇။ အထက်ပါ ဝါကျတို့လာ ပန, ပိ, နပုဒ်တို့၏ အနက်တို့ကို ပြဆိုခဲ့ပါ။

၈။ သောဝုစ္စတိကို ကိုယ်ပြု၍ ဝိဿနတ္တ စသော ကြိယာ ၅ တန် ဝေဖန် ပိုင်းခြားခဲ့ပါ။

၉။ ရူပသဒ္ဒေရတာ၏ လက္ခဏာဒိ စတုက္ကကို ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com



၁၀။ အထက်ပါ စိတ္တသမုဋ္ဌာနာယပုဒ်၌စိတ္တအရ၊ စိတ္တသမုဋ္ဌာနာယ အရတို့ကိုကောက်ပြ၍ စိတ္တအရ တရားက စိတ္တသမုဋ္ဌာနာယအရ တရားအား ကျေးဇူး ပြုနိုင်သော ပစ္စယသတ္တိတို့ကိုလည်း အသီးသီး ပြဆိုခဲ့ပါ။

## အဖြေ ဝိသဇ္ဇနာ

၂။ လိုဝါကျတွင် လိုရင်းကား- သာဝိစိတ္တသမုဋ္ဌာနာ နာမ ဟောတိ ဟူသည်တည်း။

အဓိပ္ပာယ်ကား....ဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန်ပင် မည်၏ ဟူလို။

အရှင်အဋ္ဌကထာဆရာ ဆရာသည် ဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန်ပင် မည်၏ဟုပြဆိုတော်မူ၏။ ထိုသို့ပင်ဆိုသော်လည်း ဝိညတ်သည် စိတ္တသမုဋ္ဌာန် အစစ်မဟုတ်သည်သာ မဟုတ်တုံလော၊ ထိုသို့ ဝိညတ်သည် စိတ္တသမုဋ္ဌာန် အစစ် မဟုတ်သောကြောင့် ဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန် မည်၏ ဟူ၍ မျှလောက်ကိုသာ မဆိုသင့်၊ စိတ္တသမုဋ္ဌာန် ဖြစ်နိုင်ခြင်း အကြောင်းကိုလည်း ပြဆိုသင့်သေး၏။ ယင်းအကြောင်းကား အဘယ်ပါနည်း၊ ဤသို့ စောဒနာဖွယ် ရှိ၍ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိညတ္တိတာယ ဟူသောပါဌ်ကို မိန့်။

အဓိပ္ပာယ်ကား....စိတ္တသမုဋ္ဌာန် ရုပ်တို့၏ ဝိကာရ ဟူသော ဝိညတ်၏ အဖြစ်ကြောင့် ဝိညတ်သည်လည်း စိတ္တသမုဋ္ဌာန်ပင် မည်၏ ဟူလို။

၃။ (က) ဝါကျကိုသာ ပြဆိုခဲ့သော် ဝစီဝိညတ်၏ သရုပ်ကို မသိနိုင်ရာ သောကြောင့် အဗျာပိတဒေါသ,အပရိပုဏ္ဏဒေါသ သင့်ရာ၏။ ထို့ကြောင့် ယင်းဒေါသတို့ကို(ခ)ဝါကျဖြင့် ပယ်သည်။

ဝုစ္စတိ ထားရပုံကား....ဌာနဖြစ်သော စိတ္တသမုဋ္ဌာန် အစစ်တို့၏ စိတ္တသမုဋ္ဌာန်အမည်ကို ဌာနီဖြစ်သော အာကာရ ဝိကာရ၌ တင်စား၍ ဝိညတ်ကိုလည်း ဌာနူပစာအားဖြင့် စိတ္တသမုဋ္ဌာန် ဝစီဝိညတ်ရုပ်ဟု ခေါ်ဆိုရခြင်း ဖြစ်သည်။ ဤသို့ ဌာနူပစာကိုပြလို၍(င)ဝါကျ၌ ဝုစ္စတိကို ထားရပါသည်။

၄။ ဝါယတိ ဒေသန္တ ရူပဝတ္တိဟေတု ဘာဝေန ဘူတသင်္ဃာတံ ပါပေတီတိ ဝါယော။

(က) ဝါယတိ ပါပေတိ ဟူသော ဝိဂ္ဂဟဝါကျသည် ဗျုပ္ပတ္တိ။

(ခ) ထို၏ အကြောင်းဖြစ်သော ဝါဓာတ် အာယပစ္စည်း၊ (တစ်နည်း) ယပစ္စည်း၊ ရောက်စေခြင်း ကြိယာသည် ဗျုပ္ပနိမိတ်။

http://www.dhammadownload.com



(ဂ) ဝါယောဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။
(ဃ) ထို၏အကြောင်းဖြစ်သော ရောက်စေခြင်း ကြိယာသည် ပဝတ္တိ နိမိတ်။

၅။ အနိစ္စာဒိ-ပုလ္လိင်, ရတ္တာဒိဂိုဏ်း, သမာသပဒ, ဣကာရန္တ။
ဝါယော-ပုလ္လိင်, မနောဂဏာဒိဂိုဏ်း, ကိတနာမပဒ, အကာရန္တ။

၆။ (ခ) ဝါကျ၌ ဧကော အာကာရဝိကာရေဖြင့် ဝိညတ်၏ သရုပ်တရားကိုယ် အရကောက်ကို ပြသည် (အဘိဓေယျတ္ထသံဝဏ္ဏနာ)
ကျန်သော စကားရပ်တို့ဖြင့် အာကာရဝိကာရ ဖြစ်ကြောင်းကို ပြသည်။ (ဘာဝတ္ထ သံဝဏ္ဏနာ)
(ဂ) ဝါကျဖြင့် ဝိညတ်ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ရုပ်မဟုတ်ကြောင်းကို ပြသည်။ (ဘာဝတ္ထ သံဝဏ္ဏနာ)

၇။ (ခ) ဝါကျ၌ ပနကား အန္ဝယ။ (ဂ) ဝါကျ၌ ပနကား အရှစိ။ (တစ်နည်း) တပ္ပါကဋီကရဏ (င) ဝါကျ၌ ပနကား ပက္ခန္တရ။ နိဿယအလို ဝါကျာရမ္ဘဥပန္ယာသ။

ပိကား အဝုတ္တသမုစ္စည်း၊ (တစ်နည်း) ဒုတိယ သမ္ပိဏ္ဍန။
နကား ပဋိသေဓ။

၈။ ပကတိမှ ဖောက်ပြန်သော အမူအရာထူးဟုဆိုအပ်သော အာကာရ

ဝိကာရသည် ဒဿနတ္ထ။
စိတ္တဇရုပ်တို့သည် ဒီပကတ္ထ။
အလိုကိုသိခြင်းသည် ပကာသနတ္ထ။
ဥတ်သည် ဝိဘာဝတ္ထ။
မိမိအလိုရှိအပ်သော အကျိုး၏ပြည့်စုံခြင်းသည် အနုဘာဝတ္ထ။

၉။ ရူပဿဇရတာ-ရူပပရိပါကလက္ခဏာ၊ ဥပနယနရသာ။
သဘာဝါနပဂမေပိနဝဘာဝါပဂမပစ္စုပဋ္ဌာနာ၊ပရိပစ္စမာနရူပပဒဋ္ဌာနာ။
(ဋ္ဌ-၃၆၅)

၁၀။ စိတ္တာသမုဋ္ဌာနာယပုဒ်၌ စိတ္တအရကား- ဝုဋ္ဌော, ကာမဇော ၂၉, အဘိညာဉ်ဒွေ ပေါင်း ၃၂-ပါးသော စိတ်ရ၏။

http://www.dhammadownload.com



စိတ္တသမုဋ္ဌာနာယ အရကား ဝါယောဓာတ်ရ၏။

ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိများကား- သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ (ကြီး ၄) ဝိပ္ပယုတ္တ (လတ် ၁) အဓိပတိ အာဟာရ ဣန္ဒြိယ(ငယ် ၃) ပေါင်း (၈) ပစ္စည်း။

## ၁၃၄၂-ခုနှစ်၊ မေးခွန်း

(က) ဘူရိတိ ပထဝိယာနာမံ။

(ခ) အယမ္ပိသဏှဋ္ဌေန ဝိတ္ထဋ္ဌေန စဘူရိဝိယာတိ ဘူရိ။

(ဂ) တေနဝုတ္တံ, ဘူရိဝုစ္စတိ ပထဝီ၊ တာယပထဝိသမာယ၊ ဝိတ္ထဋ္ဌာယ ဝိပုလာယ ပညာယ သမန္နာဂတောတိ ဘူရိပညောတိ။

(ဃ) အပိစ ပညာယ ဧတံ အဓိဝစနံဘူရိတိ။

(င) ဘူတေ အတ္ထေရမတီတိ ဗိဘူရီ။ (ဋ္ဌ-၁၉၁-၂)

၁။ (ဂ) ဝါကျကို အနက်အားဖြင့် အာကာရ အပြင် ထုတ် လျက် ယောဇနာပါ။

၂။ (ခ) ဝါကျကို ပါပနာဒိကျမ်းရိုး ၅-ချက် တက်ခဲ့ပါ။

၃။ (ဂ) ဝါကျ၌ အဘယ်ကိုပြလို၍ တေန ဝုတ္တံသဒ္ဒါကို ထားသည်ကို ပြ၍ (ဃ) ဝါကျ၌ အကြောင်း, အကျိုး, သဒ္ဒါ, အနက်တို့တွင် အဘယ်ကိုပြောင်းလဲလို၍ အဝိစသဒ္ဒါကို ဆိုသနည်း။

၄။ ဘူရိပညောကို အစိတ်အပေါင်း ဝိဂ္ဂဟပြု၍ အပေါင်း ဝစနတ္ထကို သာ ဗျုပ္ပတ္တိစတုက္က ထုတ်ပြပါ။

(၅) (က) ဝါကျရှိ ပုဒ်တို့၏ လိင်, ဂဏ, ပဒ, အန္တတို့ကို စိစစ်ပြပါ။

(၆) (င) ဝါကျ၌ အဋ္ဌကထာဘောဂနှင့် သံဝဏ္ဏနာ အမည်တို့ကို ဖော် ပြပါ။

၇။ (ဂ) ဝါကျ၌ တသဒ္ဒါ၏ အစွဲကိုဖော်ပြ၍ (ခ) ဝါကျရှိ ဝိယသဒ္ဒါ၏ အနက်ကိုလည်း ဖော်ပြပါ။

၈။ (ခ) ဝါကျ၌ ဘူရိအရကို ကြိယာ ၅ တန် ထုတ်ပြပါ။

၉။ (က) ဝါကျ၌ ဘူရိအရကို လက္ခဏာဒိစတုက္က ထုတ်ပြပါ။

http://www.dhammadownload.com



၁၀။ ပထဝီအရ ပစ္စည်းတရားသည် ဝုစ္စတိအရ ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုနိုင်သော ပစ္စယသတ္တိတို့ကို ဖော်ပြပါ။

အဖြေ ဝိသဇ္ဇနာ

၁။ တေန၊ ထို့ကြောင့်။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ကိံ ဝုတ္တံ၊ အဘယ်သို့ မိန့်ဆိုအပ်သနည်း။ ပထဝီ၊ မြေကြီးကို။ ပ ဘူရိပညော၊ ဘူရိပညမည်၏။ က္ကတိ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

၂။ အရှင်အဋ္ဌကထာ ဆရာ, ဆရာသည် (က) ဝါကျဖြင့် ဘူရိအရ မုချတ္ထအားဖြင့် မြေကြီးကို ယူရသောဟု ဆိုတော်မူ၏။ ထိုသို့ ပြဆိုတော်မူသည်ရှိသော် ဘူရိ၏ ဥပစာအားဖြင့် ယူသင့်သော အနက်မရှိ ဟူသော အနက်သည် ရောက်ခဲ့ရာ၏ (နူ-ပါ) စင်စစ်တမူကား ဘူရိအရ ဥပစာအား ဖြင့် ယူသင့်သော အဘိဓေယျတ္ထ မရှိဟူသော အနက်သည် မရောက်သင့် (ပဋိ-ပါ) ထိုသို့ မရောက်သင့်သောကြောင့် ဘူရိသဒ္ဒါ၏ ဥပစာအားဖြင့် ယူသင့်သော အဘိဓေယျတ္ထကိုလည်း ပြဆိုသင့်သေး၏ (နူ-ရော) ဘူရိသဒ္ဒါ ၏ မုချတ္ထအားဖြင့် ရသင့်သောအနက်ကိုသာ မပြဆိုသင့် (ပဋိ-ရော) ထိုသို့ ပြဆိုသင့်လျက် မပြဆိုချေသော် ဆရာ၌ အပရိပုဏ္ဏအဗျာပိတဒေါသ သင့် ရောက်ရာ၏။ အဘယ်သို့လျှင် ထိုဒေါသမရောက်ကြေဇွင်း ပျောက်ရန် ဘူရိ ၏ အတ္ထကို ပြဆိုပါသနည်း။ ဤသို့အပြစ်တင်လျက် မေးဖွယ်ရှိသောကြောင့် ထိုအပြစ်ကို ပယ်ရခြင်းငှာ ဖြေကြားတော်မူလိုသော အဋ္ဌကထာ ဆရာသည် (ခ) ဝါကျကို မိန့်။

အဓိပ္ပာယ်ကား.... (ခ) ဝါကျဖြင့် ဘူရိသဒ္ဒါ၏ ဥပစာအားဖြင့် ယူသင့် သော အဘိဓေယျတ္ထကိုလည်း ပြဆိုသောကြောင့် သင်ထင်သော ဒေါသ ငါ၌မရောက် ကင်းပျောက်ပါ၏ ဟူလိုသော်။

၃။ ဥပက- သာဓကကို ပြလိုသောကြောင့် (ဂ) ဝါကျ၌ တေနဝုတ္တံကို ထားပါသည်။

ဥပစာရတ္ထမှ တစ်ပါး မုချတ္ထဂုဏ်ဟူသော အနက်တစ်ပါးကို လဲလှယ်လို သောကြောင့် (ဃ) ဝါကျ၌ အပိစသဒ္ဒါကို ထားပါသည်။

(တစ်နည်း) တဒ္ဓိတ်ပုဒ်မှ တစ်ပါး ကိတ်ပုဒ်ဟု ဆိုအပ်သောသဒ္ဒါကို လဲလှယ်လိုသောကြောင့် အပိစသဒ္ဒါကို ထားပါသည်။

(အနက်, သဒ္ဒါ နှစ်ပါးစုံ လဲလိုသောကြောင့် အပိစသဒ္ဒါ ထားပါသည် ဟု ဖြေဆိုကလည်း ရနိုင်ပါသည်။)

http://www.dhammadownload.com



၄။ ဘဝတိဣတော ဘူရိ။
ဘူရိဝိယာတိ ဘူရိ။
ပကာရေနဇာနတီတိ ပညာ။
ဘူရိဝေ ပညာ ဘူရိပညာ။
ဘူရိပညာ ဖဿတိတိ ဘူရိပဉော။

(က) ဘူရိပညာအဿအတ္ထီတိ ဟူသော ဝစနတ္ထသည် ဗျုပ္ပတ္တိ။
(ခ) ထို၏ အကြောင်းဖြစ်သော ပညာ၏ ပညာရှိပုဂ္ဂိုလ်နှင့် ဂုဏ်-ဂုဏော အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန်သည် ဗျုပ္ပတ္တိနိမိတ်။
(ဂ) ဘူရိပဉော ဟူသော နိပ္ဖန္နသဒ္ဒါသည် ပဝတ္တိ။
(ဃ) ထို၏ အကြောင်းဖြစ်သော ပညာဟူသောဂုဏ်သည် ပဝတ္တိနိမိတ်။

၅။ ဘူရိ-ဣတ္ထိလိင်, (အဘိဓာန်ဋီကာအလို) နဒါဒိဂိုဏ်း, ကိတ်နာမ်ပုဒ်, ဤကာရန္တ။
ဣတိ- အလိင်, ဂဏာဝိမုတ်, နိပါတ်ပုဒ်, ဣကာရန္တ။
ပထဝီယာ- ဣတ္ထိလိင်, (အဘိဓာန်ဋီကာအလို) နဒါဒိဂိုဏ်း, ကိတ်နာမ်ပုဒ်, ဤကာရန္တ။
နာမံ - နပုလ္လိင်, စိတ္တာဒိဂိုဏ်း, ကိတ်နာမ်ပုဒ်, အကာရန္တ။

၆။ ဘူတေအတ္ထေ ရမတီဖြင့် ဘူရိဟူသော သံဝဏ္ဏေတဗ္ဗ၌ ဘူတသဒ္ဒါူပ ပဒ+ရမုဓာတ်၏ အဖြစ်ကိုလည်းကောင်း (ဒုတိယ ဓာတုပဒ သံဝဏ္ဏနာ) ဘူအရ ထင်ရှားရှိသော အနက်ကိုယူရမည်ကိုလည်းကောင်း (အဘိဓေယျတ္ထ သံဝဏ္ဏနာ)။ ကွိပစ္စည်းသည် ကတ္တားအနက်၌ သက်သည်ဖြစ်၍ ဘူတေ ရမတီတိ ဘူရိဟု ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း (ဒုတိယပစ္စယတ္ထ သံဝဏ္ဏနာ)။

အပိဖြင့် ဘဝိတ် ဝစနတ္ထကြောင့်သာ ဘူရိမည်သည် မဟုတ်၊ ကိတ် ဝစနတ္ထကြောင့်လည်း ဘူရိမည်သည်၏ အဖြစ်ကိုလည်းကောင်း, (အတ္ထ သံဝဏ္ဏနာ၊ ဘာဝတ္ထ သံဝဏ္ဏနာ) သိစေ၏။

(တစ်နည်း) ဘူတေဖြင့် ဘူရိ၌ ဘူဝယ် ဘူတပုဒ်ရင်းဖြစ်၍ ထို ဘူတ၌ ဘူဓာတ်၊ (ဒု-ဓာတုပဒ)၊ တ ပစ္စည်း ကတ္တုသာဓ်အနက်ဟော၊ (ဒု-ပစ္စယတ္ထ)၊ ဘဝတီတိဘူတောဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊(အဘိဓာနတ္ထ)၊ အတ္ထေ ဖြင့် ဘူတ (ဘူ) အရ ထင်ရှားဟုတ်မှန်သော (ပရမတ္ထတရား ၄-ပါး) အနက်ကိုယူ၊(အဘိဓေယျတ္ထ) မရတီဖြင့် ဘူရိ၌ ရိဝယ် ရမုဓာတ်၊ (ဒုဓာတု-

http://www.dhammadownload.com



ဓူဒ)၊ ကွိ ပစ္စည်း ကတ္တုသာဓ် အနက်ဟော၊ (ဒု ပစ္စယတ္ထ)၊ ရမတီတိ ရိဟု ကတ္တုသာဓ် ဝိဂ္ဂဟပြု၊ အဘိဓာနတ္ထ)။ ဘူတေရမတိ ဟူသောအပေါင်းဖြင့် ဘူတေ+ရိ ဘူရိဟု သတ္တမီ တပ္ပုရိသ် သမာသ် ဝိဂ္ဂဟပြု၊ (သမာသလိင်္ဂတ္ထ၊ အဘိဓာနတ္ထ)၊ ဘူတရိဟု ဆိုလိုလျက် တ ကို ချေ၍ ဘူရိဟု ပြီးသည်။ (တစ်နည်း) ဘူတရမိဟု ဆိုလိုလျက် တနှင့် မကို ချေ၍ ဘူရိဟုပြီးသည် (ဘာဝတ္ထနေယျတ္ထ)။ အပိဖြင့် ရှေးဆိုအပ်ပြီးသော တဒ္ဓိတ်ဝိဂ္ဂဟကို ပေါင်းစည်းသော သမ္ပိဏ္ဍတ္ထ-သမုစ္စယတ္ထ ဇောတကအဖြစ်၊ ဘာဝတ္ထ) သိစေ၏။

၇။ (ဂ) ဝါကျ၌ တသဒ္ဒါအစွဲကား ပညာဖြစ်ပါသည်။
